www.burmeseclassic.com

# ဝင်းဝင်းလတ်

# အချစ်၏ နောက်ဆက်တွဲစာမျက်နှာ

ဒုတိယအကြိမ်



www.burmeseclassic.com

www.burmeseclassic.com

မျက်နှာဖုံးခွင့်ပြုချက် - ၅၀၁၅၂၆၀၆၁၂
စာမူခွင့်ပြုချက်အမှတ် - ၅၀၀၉၁၉၀၅၀၇

■

ထုတ်ဝေသည့်ကာလ - ၂၀၀၇ ခုနှစ်၊ မတ်လ၊
ထုတ်ဝေသည့်အကြိမ် - တတိယအကြိမ်

■

မျက်နှာဖုံးပန်းချီ - တင်မောင်မျှင့်
အတွင်းဖလင် - ထွန်းထွန်း

■

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်
ဘိုးရာဇာပုံနှိပ်တိုက်(၀၃၃၀၉)
၁၆၂၊ ၄၅လမ်း(အထက်)၊ ဗိုလ်တထောင်မြို့နယ်

■

ထုတ်ဝေသူ
ဦးကျော်ဟင်း (ယုံကြည်ချက်စာပေ ၀၁၉၁၀)
၁၁၁၊ ၃၃လမ်း၊ ကျောက်တံတားမြို့နယ်

■

ဖြန့်ချိရေး
ဦးကျော်ဟင်း (ယုံကြည်ချက်စာပေ ၀၁၉၁၀)
၁၁၁၊ ၃၃လမ်း၊ ကျောက်တံတားမြို့နယ်

■

စောင်ရေ - ၁၀၀၀
တန်ဖိုး - (၂၅၀၀) ကျပ်

ဝင်းဝင်းလတ်

# အချစ်၏ နောက်ဆက်တွဲစာမျက်နှာ

(တတိယအကြိမ်)

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ဆရာမ ဝင်းဝင်းလတ်၏ ကိုယ်ရေးအကျဉ်း

ဆရာမ ဝင်းဝင်းလတ်၏ အမည်ရင်းမှာ ဝင်းဝင်းရှိန်ဖြစ်ပြီး ဖခင် ဒုတိယဗိုလ်မှူးကြီးထွန်းရှိန်(အငြိမ်းစား)၊ မိခင်ဒေါ်မြအုန်းတို့မှ လက်ပံတန်းမြို့တွင် ၁၉၅၁-ခုနှစ်၊ ဇူလိုင်လ ၁၁-ရက်နေ့က မွေးဖွားသည်။ မွေးချင်းငါးယောက်အနက် ဒုတိယသမီးဖြစ်သည်။

တက္ကသိုလ်ဝင်တန်းကို ၁၉၆၈-ခုနှစ် ရန်ကုန်မြို့ အ-ထ-က(၁) ကမာရွတ်(မရမ်းခြံအမျိုးသမီးကျောင်း)မှ အောင်မြင်သည်။ ၁၉၆၉-၁၉၇၆ ခုနှစ်တွင် ဆေးတက္ကသိုလ်(၁) ရန်ကုန်သို့ တက်ရောက်ပညာသင်ကြားသည်။ ၁၉၇၇-၇၈ ခုနှစ်တွင် အလုပ်သင်ဆရာဝန်ဖြစ်သည်။

၁၉၈၁-၁၉၉၅ ခုနှစ်အတွင်း ရခိုင်ပြည်နယ်၊ စစ်တွေပြည်သူ့ဆေးရုံ ရန်ကုန်ပြည်သူ့ဆေးရုံ၊ ကချင်ပြည်နယ်၊ မိုးကောင်းပြည်သူ့ဆေးရုံနှင့် မကွေးတိုင်း ဆင်ပေါင်ဝဲမြို့နယ် ပြည်သူ့ဆေးရုံတို့တွင် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၉၅-ခုနှစ် ဧပြီလတွင် ဝန်ထမ်းဘဝမှ အငြိမ်းစားယူပြီး ၁၉၉၅-၉၆ ခုနှစ်အထိ ကချင်ပြည်နယ် ကာမိုင်းမြို့နယ် ဖားကန့်၌ ကိုယ်ပိုင်ဆေးခန်း ဖွင့်လှစ်ခဲ့သည်။ ယင်းကာလတွင် ''အချစ်၏ နောက်ဆက်တွဲစာမျက်နှာ''အပြင် မဂ္ဂဇင်း ဝတ္ထုတိုများ ရေးသားခဲ့သည်။

# ဝတ္ထုရှည် အဖွဲ့ငယ်၏ မှတ်ချက်

ဝတ္ထုရှည် စိစစ်ရေးအဖွဲ့သည် ယခုနှစ်အတွက် ဝတ္ထုရှည် စာအုပ်ပေါင်း အုပ် ရရှိခဲ့ပါသည်။ အစည်းအဝေးပေါင်း ၄ ကြိမ်ခေါ်ယူ၍ စာအုပ်များကို စိစစ်ခဲ့ရာ ဝင်းဝင်းလတ်၏ **''အချစ်၏ နောက်ဆက်တွဲစာမျက်နှာ''** စာအုပ်ကို ရွေးချယ် ရရှိခဲ့ကြပါသည်။

မြန်မာနိုင်ငံ မြေလတ်ပိုင်း မြို့ငယ်လေးတစ်မြို့၏ ဆေးရုံလေးတစ်ခုကို ခံထား၍ တစ်ခုလပ် ခွဲစိတ်ကုဆရာဝန်မကလေးတစ်ယောက်နှင့် လက်ဆရာဝန်လေးတစ်ယောက်တို့သည် အဓိကဇာတ်ဆောင်များအဖြစ် ပါဝင်ပြီး ရာဝန်မကလေးနှင့် လက်ထောက်ဆရာဝန်ကလေးတို့၏ အချစ်ဇာတ်လမ်းကို ထားခြင်းဖြစ်သည်။ ဝတ္ထု၏ နောက်ခံကာလ၊ ဒေသ၊ ပါဝင်ကြသည့် ဇာတ် ဆရာဝန်များ၊ သူနာပြုများ၊ လူနာများ၏ သရုပ်မှာ ပီပြင် အသက်ဝင်လှ ထို့ထက်သော် အလွန်စေတနာကြီးသည့် ဆရာဝန်မလေး၏ စောင့်စည်း ကာ ကုန်း မိခင်ဝတ္တရား သမားကောင်းတို့၏ စေတနာနှင့် ဂုဏ်သိက္ခာ ပြန်လည်နိုးကြားလာသည့် အချစ်စိတ်တို့ကို ဇာတ်လမ်းဖြင့် သရုပ်ဖော် စာရေးသူ၏ ကလောင်သည် အလွန်ထက်မြက်၍ စာဖတ်သူအား ဝတ္ထု သို့ ဆွဲခေါ်သွားနိုင်သည်။

ရှားရှားပါးပါး ဝတ္ထုကောင်းတစ်ပုဒ်ဖြစ်၍ အမျိုးသားစာပေဆုနှင့် ထိုက် ကြောင်း ထောက်ခံပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## ားခင်မင်ပါသော စာဖတ်သူသို့

ကျွန်မ ဒီအမှာစာကို ကျေးရွာတစ်ရွာအသွား မော်တော်လေးတစ် ပေါ်မှာ ရေးနေပါတယ်။ ရခိုင်ပြည်နယ်ရဲ့ မြို့နယ်တစ်ခုမှာ ကျွန်မရောက်ရှိ ပြီး ကုလသမဂ္ဂ ဖွံ့ဖြိုးရေး အစီအစဉ်အရ ဝေးလံခေါင်းပါးမြို့နယ်ရဲ့ ကျေးရွာ ဆုတာဝန်တွေကို ထမ်းဆောင်နေတဲ့ကာလပါ။ ကျွန်မ ဒီမြို့နယ်ကို ရောက်တာ မေလ ၉၇ ရက်မှာ တစ်လပြည့်ခဲ့ပါတယ်။ ဒီတစ်လအတွင်းမှာ စီမံကိန်းရဲ့ ည့်ရွယ်ချက်၊ လျာထားချက်တွေကို ကျေးရွာစုတွေက သိရှိအောင် ဆောင်ရွက်ရ မို့ ကျွန်မမျှော်လင့်ထားတာထက်ပိုပြီး အလုပ်များခဲ့ရပါတယ်။ ကျွန်မရဲ့ "အချစ်ခေါ်နောက်ဆက်တွဲ စာမျက်နှာ"အတွက် အမှာစာကိုတောင် မရေးဖြစ်နိုင် ဲ့အထိပါပဲ။

ရေးဖြစ်အောင်ရေးရတဲ့အချိန်မှာတော့ စာအုပ်ထွက်မှာနဲ့ မီမှမီပါ့တော့ လို့ ကျွန်မ အဝေးကနေ လှမ်းပြီး စိတ်ထင့်ရပြန်ပါတယ်။

'အချစ်ခေါ်နောက်ဆက်တွဲ စာမျက်နှာ'ကို ကျွန်မ ဝန်ထမ်းဘဝက အငြိမ်း ယူချိန် ၁၉၉၅မှာ ရေးခဲ့ပါတယ်။ ဝန်ထမ်းဘဝ လုပ်ငန်းခွင်ကို ပြန်လည် ဆွတ်တသစွာ ရေးမိခဲ့တဲ့ ဝတ္ထုပါ။ ဇာတ်လမ်းကျောရိုးကတော့ လွန်ခဲ့တဲ့ နှစ်ကတည်းက အတွေးထဲမှာရှိနေခဲ့ပါတယ်။ အလုပ်က အငြိမ်းစားယူလိုက် တော့ အချိန်အားတွေ ရှိလာခဲ့ပါတယ်။ ဒီအချိန်တွေမှာ လုပ်ငန်းခွင်ကိုလွမ်းလို့ ကောင်းတဲ့အပြင် စာရေးလို့လည်း သိပ်ကောင်းခဲ့ပါတယ်။ သည့်ပြင်က ကျွန်မ

www.burmeseclassic.com



ကာဒင်ညည်နယ်မှာပါ၊ ကချင်ပြည်နယ်ကနေ မဟေသီမှာ ပါလာတဲ့ ကိုယ့်ရဲ့စာကို ဆောင်ခေါ်ခဲ့ရပါတယ်။ အလုပ်ခွင်ကို တမ်းတစွာ ရေးခဲ့တာမို့ ကျွန်မရဲ့ လုပ်ဖော်ကိုင်ဖက်တွေရဲ့ ဇရိုက်က ဇာတ်ကောင်တွေမှာ ထင်ဟပ်နေတယ်ဆိုရင် ကျွန်မ ခွင့်လွှတ်နိုင်ပါတယ်။ ဒါပေမယ့် လောကကြီးထဲမှာ အကောင်းအမှန်တရားတွေ ပြည့်ဝစေချင်တဲ့ ဆန္ဒကို လိုက်လျှောပေးမိစွာ လူကောင်းသူကောင်းတွေရဲ့ စရိုက်ကိုပဲ စုစည်း သရုပ်ဖော်လိုက်မိတာ ဝန်ခံရပါမယ်။ ဒါပေမယ့် လူတိုင်းမှာ (မတော်တဆ ဖုံးကွယ်ခံနေတာမျိုး မရှိဘူးဆိုရင်) အကောင်းနဲ့အမှန်ကို မြတ်နိုးစိတ်ကတော့ အခြေခံလို့ ကျွန်မ ယုံကြည်ပါတယ်လေ။ ကျွန်မဆီ ရောက်လာတဲ့စာတွေက တစ်ဆင့် ကျွန်မ ယုံကြည်ချက် မမှားဘူးလို့ သိရပြန်ပါတယ်။

ကျွန်မဟာ စာရေးသူတစ်ယောက်ပီပီ ကိုယ့်စာအပေါ် ပုံတင်သံများကို မျှော်လင့် အားထားမိတတ်ပါတယ်။ "အချစ်၏ နောက်ဆက်တွဲ" နဲ့ ပတ်သက်ပြီးလည်း မျှော်လင့်ခဲ့ပါတယ်။ ဒါပေမယ့် အသံကြားမလာရတဲ့အခါ တစ်စတစ်စ စိတ်ဓာတ် ကျလာမိခဲ့တယ်။ ကျွန်မကိုယ်တိုင်က အခန်းဆက်ဝတ္ထုရှည်တွေကို စွဲလမ်းခဲ့ဖူးတဲ့အတွက် မဟေသီမှာ 'အခန်းဆက်' အဖြစ်ကို အနူးအညွတ် တောင်းခံခဲ့တာ ဖြစ်ပါတယ်။ ကျွန်မဝတ္ထုအတွက် နောင်တမရစေရပါဘူးလို့ မဟေသီ အယ်ဒီတာအဖွဲ့ကို ရယ်မောစရာပြောခဲ့တာဖြစ်ပေမယ့် တကယ်တမ်း နောင်တရမိမယ့်သူက ကျွန်မ ဖြစ်လာရပါတယ်။ အခန်းဆက်ဝတ္ထုရှည်ကို စောင့်ဆိုင်းဖတ်ရှုသူမှာလည်း စိတ်မရှည်စွာ ဆက်မဖတ်တော့ဘဲ နေလိုက်နိုင်တဲ့ အခွင့်အရေးလည်း ရှိတာယ်လေ။

ကျွန်မ ရန်ကုန်ရောက်တော့မှ မဟေသီမဂ္ဂဇင်းတိုက် ခေတ္တပြောင်းရွှေ့ ပစ္စည်းတွေသိမ်းရင်းကျွန်မဆီလာတဲ့စာတွေ အသိမ်းလွှန်နေတယ်ဆိုတာ သိရတော့ စာတွေ မဖတ်ရသေးဘဲနဲ့တောင် စိတ်ချမ်းမြေ့သွားရပါတယ်။ အဲဒီ နောက်တော့ အခန်းဆက်သက် ကြာရှည်လာတာနဲ့အမျှ အသံတွေကြားလာရပါ ပြီ။ ကျွန်မက လူကိုယ်တိုင်၊ စာ၊ တယ်လီဖုန်းနဲ့ အားပေးဝေဖန် အကြံပေးကြတဲ့ စာဖတ်သူများ အားလုံးကို အထူးကျေးဇူးတင်တဲ့အကြောင်းလည်း ဒီအမှာစာမှာ ဖော်ပြလိုပါ

တချို့ရေးတဲ့စာတွေဟာ သိမ်ကို အရေးအသား ကောင်းလွန်းလို့ သူ ကိုယ်တိုင် စာရေးရင်တောင် ကျွန်မတို့က စောင့်ဖတ်ရမယ့် စိတ်ကူးကောင်း စာရေးကောင်းသူတွေပဲလို့ ကျွန်မ ဆိုချင်မိပါတယ်။ စာရေးပါလို့လည်း ကျွ



ရင်းလည်းဘဲ ဖိုက်ထွန်းလိုပါတယ်။ ကျွန်မ ပြန်စာ ရေးဖြစ်အောင်ရှိသလို မရေးဖြစ်တာလည်း ရှိပါတယ်။ မရေးဖြစ်တာကတော့ အလုပ်မလုပ်ဘဲ နေရတာကြာလာပြီတော့ အလုပ်လုပ်ချင်လာပြန်တဲ့ကျွန်မ အလုပ်ဝင်လိုက်တာကစပြီး အလုပ်တွေ အပ်ချိပြီးတစ်ရစ် ရစ်ပတ်နှောင်ဖွဲ့ခံရပြန်လို့ပါပဲ။ ရန်ကုန်နဲ့ ဝေးကွာတဲ့အရပ်ကို ရောက်နေရလို့လည်း ဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မရဲ့ စာဖတ်သူများကို လေးစားခင်မင်နေမယ့်အကြောင်း ကျွန်မ စာအုပ်ထွက်တဲ့အချိန်မှာ ရန်ကုန်မှာ မရှိဘဲ ဝေးလံခေါင်ပါး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေ ဆောင်ရွက်ရင်း ကျေးရွာတွေ လှည့်လည်ရောက်ရှိနေမယ့် ကျွန်မလေးနက်လှိုက်လှဲစွာ ပြောကြားပါရစေ။

ကျန်းမာချမ်းမြေ့ပြီး လိုရာဆန္ဒ ပြည့်ဝကြပါစေ။

လေးစားခင်မင်စွာဖြင့်

**ဝင်းဝင်းလတ်**

(၅-၆-၉၇)

www.burmeseclassic.com

www.burmeseclassic.com

# ကျေးရွာတင်ခြင်းများနှင့်အတူ

၁၉၉၈ ခုနှစ်အတွင်းမှာ ကျွန်မနဲ့စာဖတ်သူတို့ တွေ့ဆုံမှု မရှိခဲ့ရပါဘူး။ ညီအတွက် စာဖတ်သူများကဲ့သို့ပဲ ကျွန်မကိုယ်တိုင်လည်း အားမလိုအားမရ ဆိုတာ အမှန်ပါ။ ကျွန်မ အဝေးမှာရောက်နေခဲ့ပါတယ်။ ဘဝကဏ္ဍသစ်တစ်ခုထဲ မှာ အသားတကျဖြစ်အောင် နေနေရတဲ့ ကာလတစ်ခု။ ဝန်းကျင်သစ်နဲ့ သဟဇာတ ဖြစ်ပြီဆိုရင်ပဲ ကျွန်မရဲ့ အချိန်မှန်သမျှ အဲဒီကျေးလက်လူမှုဖွံ့ဖြိုးရေးဆိုတဲ့ စီမံကိန်း ထဲ စီးဝင်လို့ မလောက်ငနိုင်အောင်ကို ဖြစ်လာပါတော့တယ်။ ရေတိုစီမံကိန်း ဝန်ထမ်းတွေ ရင်ဆိုင်ရလေ့ရှိတဲ့ အချိန်မလုံလောက်မှု အခက်အခဲထဲမှာ အေးအေး လွတ်လပ်စွာတွေးပြီး ရေးမှဖြစ်တဲ့ စာရေးဆရာ (အနည်းဆုံး ကျွန်မလို လို့ပြောမှ မှန်မယ်ထင်ပါတယ်။ ကျွန်မက ပင်ကိုကကို အရေးမသွက်လှတဲ့ စာရေးဆရာ မ) တစ်ယောက်ရောက်နေတာ၊ သဘာဝမကျလှတဲ့အဖြစ်ပါနော်။ ကျွန်မ စာ မရေးဖြစ်ခဲ့ဘူး။ စာအုပ်တွေကိုတောင် အလွန်နောက်ကျစွာမှ ဖတ်ဖြစ်ရတဲ့ ကျေးလက်တောရွာတွေမှာ လှည့်လည်ရောက်ရှိနေခဲ့ပါတယ်။

၁၉၉၇ ခု၊ စက်တင်ဘာလထုတ် ရနံ့သစ်မဂ္ဂဇင်းကိုတော့ ကံအားလျော်စွာ အဲဒီလမှာပဲ ကျွန်မဖတ်ရတယ်။ အစ်မဖြစ်သူ 'နှင်းနုအေး'က ပို့ပေးခဲ့တယ်။ ကျွန်မတစ္ဆေ့ဝေဖန်ရေးသားချက်ဖြစ်တဲ့ **ဆရာဆူဒိုနင်ရဲ့ 'နောက်ဆက်တွဲ အမျက်နှာ'** ဆောင်းပါးပါတယ်လေ။ မမ မပို့ပေးခဲ့ရင် ကျွန်မ ဒီလောက်စောစော ဖတ်ဖို့ရာ မမျှော်မှန်းနိုင်ပါဘူး။ ရနံ့သစ်က ကျွန်မထံ အလိုအပ်ဆုံးအချိန်မှာ

www.burmeseclassic.com

ရောက်လာတော့ ဆိုနိုင်ပါတယ်။ ရခိုင်ငှက်များနဲ့ ပထမဆုံးမိတ်ဆက်မိနေတဲ့ အ ဒိုနဲ ဆေးဆေးအကြိမ်များစွာ သောက်ဖြစ်ခဲ့သလို ဆရာ့ဆောင်းပါးကိုလည်း အကြိ များစွာ ဖတ်ဖြစ်ခဲ့ပါတယ်။ ဖတ်ရင်း မျက်ရည်လည်မိတာ ဝန်ခံချင်ပါတယ် ကျွန်မတွေအပေါ် ဒီလောက်ခံစားပေးနိုင်လိမ့်မယ်လို့ ဘယ်သူ့အပေါ်မှာမှ မမျှော် သင့်ခဲ့ဘူး။ ရခိုင်ငှက်များကနေ ဆရာဆုနိုင်ရဲ့ ဆောင်းပါးနဲ့ နေကောင်း တယ်လို့ပင် ဆိုနိုင်ပါတယ်။

တစ်လတည်း မဂ္ဂဇင်းမှာ ပါခဲ့တာ ဖြစ်ပေမယ့် ကျွန်မ လအနည်းငယ် နောက်ကျပြီး ဖတ်ဖြစ်ခဲ့တာကတော့ ကြည်လင်အေးရဲ့ ကျွန်တော်ဗဟိုဝန်းကျ ထဲမှာပါဝင်တဲ့ ကျွန်မစာအုပ် ဝေဖန်ချက်ပါ။ ကျွန်မဇာတ်ကောင်တွေကို "ဆရာ ဘဝမှာ ဇာတ်ဆောင်တိုင်းရဲ့ ခံယူချက်နဲ့ဘဝအမြင်ကို ဒဿနသမားတွေရဲ့ စိ သဘာဝမျိုးနဲ့ မဟုတ်ဘဲ ယေဘုယျ လူသားတွေ ပြုမူပြောဆို တွေးခေါ်ပုံတွေ ရေးသွားတာဟာလည်း အင်မတန် သဘောကျဖို့ကောင်းပါတယ်" လို့ ဝေဖန်ထာ ပါတယ်။

စာရေးဆရာတွေ ရသစာပေတစ်ပုဒ် ဖန်တီးတယ်ဆိုတာ တက အဖြစ်မှန်လို့ ထင်ရအောင်၊ သဘာဝနဲ့တူအောင် သဘာဝအတုတစ်ခု ဖန်တီး ဖို့ တာဝန်ရှိတာမို့ ဆရာ့ရဲ့ ဝေဖန်စာဟာ ကျွန်မကို စိတ်သက်သာရာ ရသွား ပါတယ်။ ဝမ်းလည်းသာမိတယ်။

အောက်တိုဘာ ၁၉၉၇ မှာတော့ မြားနတ်မောင်မဂ္ဂဇင်းမှာ ဆ 'မောင်နိုင်လတ်'၊ ရနံ့သစ်မဂ္ဂဇင်းမှာ 'ဆရာမိုးရဲ'၊ 'ဆရာဖေမြိုင်' တို့ ကျွန်မစာအုပ်အပေါ် ဝေဖန်ချက် ဆောင်းပါးများကို ဖတ်လိုက်ရတယ်။

ဆရာမောင်နိုင်လတ်က ကျွန်မစာအုပ်တင်မက စာရေးသူ ကျွန်မအ ကျွန်မစာတွေကတစ်ဆင့် သူမြင်မိတဲ့ အမြင်ကို ပွင့်လင်းစွာ ရေးသွားခဲ့ပါတယ်

'ဆရာမ ဝင်းဝင်းလတ်သည် ဆေးပညာအကြောင်းသာမက လူတွေ အကြောင်းကိုပါ ရေးတတ်သူ ဖြစ်သည်။ စင်စစ် ဆရာမဝင်းဝင်းလတ်သ ဆရာဝန် စာရေးဆရာမျှသာ ဖြစ်သည်။ ဆရာဝန်အဖြစ် အသက်မွေးဝမ်းကျော ပြု၍ ရံဖန်ရံခါ ဝတ္ထုရေးသူဖြစ်သည်။ ဆရာမ ဝင်းဝင်းလတ်သည် ဆရာဝန် ရေးဆရာဖြစ်သော်လည်း အပျော်တမ်းမဆန်ပေ။ စာရေးဆရာ ဆရာဝန်ကြီး သူ့လုပ်ငန်းအပေါ် လေးနက်စူးရဲလှသည်။ အရှေ့ကနိုင်ငံ၏ အကောင်းဆုံး လက်



ာစ်ပုဒ်ဖြစ်သော The Citadel ဝတ္ထုရှည်ကြီးထဲက ဒေါက်တာအင်ထရူးမေဆန် ကဲ့သို့ ဒေါက်တာခင်ဦးနွယ်သည်လည်း ဆေးပညာကို လူထုလက်သို့ ပို့ပေးချင်သူ၊ ဆေးကုသဖို့ အမြဲတွေးတော ကြံဆပြီး တက်ကြွနေတတ်သူ ဖြစ်သည်" လို့ ဆရာက ရေးခဲ့ပါတယ်။ ဆရာ မောင်နိုင်လတ်ရဲ့ "ဝင်းဝင်းလတ်၏ စာပေကောင်းမှုအပေါ် အစဉ်အမြဲ ကျေးဇူးတင် သတိရနေမည်သာ ဖြစ်ပါသည်" ဆိုတဲ့ စာပိုဒ်လေးက တော့ ကျွန်မကို ခံစားမိစေပါတယ်။ စာပေကောင်းမှု အစဉ်ပြုနိုင်သူဖြစ်ရပါစေ၏ လို့ ကျွန်မ အမြဲဆုတောင်းရင်း ကြိုးစားနေပါ့မယ်။

'ဆရာမိုးရဲ'ရဲ့ ဆိုရေးရှိက ဆိုအပ်လှ၏ ဆောင်းပါးမှာ "ဆရာဝန်ပီသ သော၊ ဆရာဝန်ကျင့်ဝတ်ထိန်းသိမ်းသော၊ စေတနာဆရာဝန် ဖြစ်သော၊ စိတ်ထား မြင့်မြတ်သည့် ဆေးဝန်ထမ်းများဖြစ်သော ပုဂ္ဂိုလ်များအတွက် ပြောင်မြောက်စွာ ရေးဖွဲ့ထားသော ဝတ္ထုတစ်ပုဒ်လည်း ဖြစ်သည်" လို့ ဆရာက ဆိုခဲ့ပါတယ်။

ကျွန်မစာထဲမှာ ဆရာဝန်တွေများစွာ ပါဝင်ပါတယ်။ အတွေ့အကြုံရင့် ကျက်ပြီး ဆရာဝန်၊ နုနယ်သေးတဲ့ ဆရာဝန်၊ လက်ထောက်ဆရာဝန်၊ မြို့နယ် ဆရာဝန်၊ အထူးကုဆရာဝန်၊ ညွှန်ကြားရေးမှူး ဆရာဝန်၊ အမှုစစ်ဆေးရတဲ့ ဆရာဝန်၊ အစစ်ဆေးခံရတဲ့ ဆရာဝန်။ သူတို့ကို သတိမူမိသည်ဖြစ်စေ၊ မမူမိသည် ဖြစ်စေ ကျရာကဏ္ဍမှာ လှုပ်ရှားရှင်သန်နေသူတွေ၊ ဆေးဝန်ထမ်းကောင်းတွေ အဖြစ် ဖန်တီးထားခဲ့ပါတယ်။ လူကောင်းရှိရင် လူဆိုးလည်း ရှိနိုင်သလို ဆရာဝန် လူဆိုးလည်း ရှိမှာ မွေတာပါပဲ။ ဒါပေမယ့် လူတွေရဲ့ အသက်နဲ့ ရင်းနှီးလုပ်ကိုင် ရတဲ့ အသက်မွေးဝမ်းကျောင်းမျိုး ရွေးချယ် အသက်မွေးပြီဆိုရင်တော့ လူကောင်းဖြစ် ဖို့ နောင်သံသရာအတွက်ပါ ကောင်းမွန်နိုင်မှာပါ၊ လူဆိုးပင် ဖြစ်လင့်ကစား လူသားချင်း အလွန်နီးစပ်စွာ ကူညီပေးရတဲ့ အလုပ်တစ်ခုမှာ အကြင်နာ၊ စေတနာနဲ့ ဓနာတရားတွေရဲ့ ရိုက်ခတ်မှုကို ဘယ်သူမှ ကြာရှည်ကြံ့ကြံ့မခံနိုင်ပါဘူးလို့ ကျွန်မယုံကြည်ပါတယ်။ ဆရာမိုးရဲ ဆိုခဲ့သလို ဆေးဝန်ထမ်းကောင်းများအတွက် ကျွန်မ ရည်စူးခဲ့ပါတယ်။

ဆရာဖေမြိုင်ရဲ့ "တစ်ကျော့ပြန်နှင်းဆီ၊ ရွှေသားအနုပညာနှင့် မွေးမြူ သော လင်းအရုဏ်" ဆောင်းပါးကိုတော့ ကျွန်မ လွမ်းမောဖွယ်ဝတ္ထုတစ်ပုဒ်လို ခံစားမိရတယ်။ "သူ့ရဲ့ ဘဝမှာ သိမ်းဆည်းထားတာတွေ အကုန် ထုတ်ချလိုက် တာပဲ ဖြစ်မယ်။ ဒါ လက်ကုန်ပဲ ဖြစ်မယ်ထင်တယ်ဗျ"

www.burmeseclassic.com

www.burmeseclassic.com



ဒီအသင်းလင်းကျောက်ရိုက လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်ကာလကတည်းက အတွေးသဲမှာ ရှိနေခဲ့တယ်။ ဝန်ထမ်းဘဝက အငြိမ်းစားယူလိုက်ပြီးမှ အချိန်အားချိန်း စာရေးဖြစ်ခဲ့တာလို့ ကျွန်မ ဝန်ခံခဲ့ဖူးပါတယ်။ ဒါပေမယ့် အဲဒီ ဆယ်နှစ်ကသာ စာရေးဖြစ်ခဲ့ရင် ပီပြင်တဲ့စာတစ်ပုဒ်ဖြစ်ဖို့ မလွယ်လှဘူး ထင်မိတယ်။ ကျွန်မကိုယ်တိုင် တာဝန်ခံပြီး လူနာတစ်ယောက်ကို မခွဲမစိတ်ခဲ့ဖူးသေးဘူး။ ရဲမှုခင်းတွေ အဆုံးအလင် မလိုက်ဖူးသေးဘူး။ ဆေးရုံဇာတ်ခုံကဲ့ အမှုအခင်းတွေ အစစ်ဆေး မခံရဖူးသေးဘူး။ မစစ်ဆေးဖူးသေးဘူး။ ဆယ်နှစ်တာအတွေ့အကြုံတွေက ကျွန်မကို ပိုပြီး ခံစားမိစေခဲ့ ပိုပြီး ပီပြင်တဲ့စာတွေ ရေးစေချင်ခဲ့ရပါတယ်။ ဘဝမှာ သိမ်းဆည်းထားတာတွေဆိုတာ အမှန်ပါပဲ။

ဆရာဖေမြိုင် စိတ်ထိနိုက်စွာ ငြိမ်သက်သွားစေခဲ့တဲ့ "ဒါလက်ကုန်ပဲ ဖြစ်မယ်ထင်တယ်ဗျ" ဆိုတဲ့ စာရေးဆရာလေးရဲ့ စကားကိုတော့ ဆရာဖေမြိုင်ကပဲ "လူ့ဘဝ၏ မြင့်မြတ်ခမ်းနားမှုကို လှပစွာဖွဲ့နွဲ့သော ရွှေသားစစ်စစ် အနုပညာလက်ရာမှန်တို့ကို ဆရာမဝင်းဝင်းလတ်ထံမှ ရရှိလိမ့်ဦးမည်ဟု ငါမှာစွာ ယုံကြည်မျှော်လင့်နေမိပေသည်"လို့ အကဲဖြတ်ပြီးပြီပဲနော်။

၁၉၉၅ နိုဝင်ဘာ မဟေသီ၊ ဆရာမောင်ရိုးရဲ့ စင်တင်တဲ့စာကဏ္ဍမှာ အောက်တိုဘာလထုတ် မဂ္ဂဇင်းထဲက စာအချို့ကို ပြန်လည်စင်တင်ခဲ့ပါတယ်။ မြားနတ်မောင် မဂ္ဂဇင်းထဲက "ကျန်းမာသန့်စွမ်းသော စာမျက်နှာများ–မောင်နိုင်လတ်"၊ ရနံ့သစ်မဂ္ဂဇင်းထဲက "ဆိုရေးရှိက ဆိုအပ်လှ၏–မိုးရဲ"နှင့် "တစ်ကျော့ပြန်နှင်းဆီ၊ ရွှေသား အနုပညာနှင့် မွှေးမြသော လင်းအရုဏ် –ဖေမြိုင်"တို့ရဲ့ ဆောင်းပါးကောက်နုတ်ချက်များကို ဖော်ပြရင်း ဆရာမောင်ရိုးက ဆရာမဝင်းဝင်းလတ်အနေနဲ့ နောင် ဒီထက်မက ဆံတက်ထမ်းပိုးတိုးပြီး ရေးနိုင်ပါစေလို့ ဆုတောင်းပေးတာ ဖတ်လိုက်ရပါတယ်။

၁၉၉၅ ဒီဇင်ဘာ၊ မဟေသီမှာ **ဆရာမောင်တင်ဆင့်**ရဲ့ ဆရာမဝင်းဝင်းလတ်သို့ အိတ်ဖွင့်ပေးစာကို ဖတ်ရပါမယ်။

"အထူးသဖြင့် ကျွန်တော် နှစ်သက်မဆုံးဖြစ်ရတာက မြန်မာဝတ္ထုရေးဆရာမတစ်ဦး ဖန်တီးတဲ့ ဝတ္ထု၊ မြန်မာဆန်ဆန်၊ မြန်မာရနံ့တွေ ရနေတာပါပဲ။ ပတ်ဝန်းကျင်အရေးအဖွဲ့၊ ဇာတ်ကောင်တွေရဲ့ အမူအရာ၊ အပြောအဆို၊ အတွေးအကြံတွေဟာ မြန်မာတွေဆိုတာ ဘယ်သူဖတ်ဖတ် အလွယ်သိနိုင်ပါတယ်။ အဲဒီ



ဒေသရဲ့ ရနံ့ဟာ ဘယ်လူမျိုးအနုပညာ၊ ဘယ်နိုင်ငံအနုပညာမှာဖြစ်ဖြစ်၊ အရေးကြီးတယ်လို့ ကျွန်တော်ယူဆပါတယ်"

မြန်မာဆန်တာ၊ မြန်မာရနံ့ကိုရတာ ကျွန်မကြိုးပမ်းထားချက်တစ်ခုကိုမြင်တာပါပဲ။ ဆရာက အလွန်မြန်မာဆန်စွာ ဆရာမ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာပါစေလို့ မေတ္တာပို့လိုက်ပါသေးတယ်။

တစ်လတည်း ရွှေပါးစပ်၊ ငွေပါးစပ်ကဏ္ဍမှာ ဆရာဇနိမြင့်က "အချစ်ရဲ့ နောက်ဆက်တွဲစာမျက်နှာရဲ့ နောက်ဆက်တွဲစာမျက်နှာများကို ပေါင်းချုပ် ထုတ်လိုက်လျှင်ပင် စာတစ်အုပ် ဖြစ်လာနိုင်သည်"လို့ အစပြုထားပြီး –

"၁၉၉၈ ခုနှစ် ပြက္ခဒိန် နောက်ဆုံးရက်များ။ သဇင်မွှေးမြ နတ်တော်သဆန်း၊ ရှေ့နှစ်ခါ နတ်တော်လဆန်း။ ဆရာမဝင်းဝင်းလတ်နှင့် ထပ်တူထပ်မျှ ထူးခြားက်ဝမ်းသာ ဖြစ်ကြရဦးမည်ဟုလည်း ယုံကြည်နေမိပါသေးသည်"

ဆရာဇနိမြင့်ရဲ့ စာက ကျွန်မစာအုပ် လူတွေကြားထဲ ပျံ့နှံ့ရောက်ရှိသွားချိန်တာ၊ ခင်ဦးနွယ်၊ သက်ဇော်နိုင်၊ ဆရာယစ်၊ ဦးအောင်မြင့်၊ နော်အေမိတို့ လူတွေကြား ဖြည်းဖြည်းဝင်ရောက်ပြီး ရင်းနှီးနွေးထွေးစွာ ရောနှောပျောက်ကွယ်သွားကြတာကို စိတ်ချလက်ချ ကြည့်နေချင်တဲ့ ကျွန်မကို တုန်လှုပ်သွားစေခဲ့ပါတယ်။

သည့်နောက် စာဖတ်သူတွေရဲ့ စာတွေထဲမှာလည်း ဆုရစေချင်တယ်ဆိုတဲ့ ဆန္ဒတွေ၊ ဆုတောင်းတွေ တဖွဲဖွဲပါဝင်လာပါတော့တယ်။

ဆုရွေးချယ်တာ ကြေညာလိုက်တဲ့ရက်မှာ ကျွန်မဟာ ရန်ကုန်နဲ့အလွန်ဝေးကွာတဲ့ တောင်ပိုင်းချင်းပြည်နယ်ထဲမှာ ရောက်နေခဲ့တယ်။ ဆုမရလိုက်ရင် ကျွန်မအတွက်ထက် ကျွန်မစာအုပ်ကို ဆုရစေချင်သူတွေအတွက် အားနာစရာကောင်းနည်း မျက်နှာပျက်စရာအဖြစ်တွေကနေ တိမ်းရှောင်နေလို့ သိပ်ကောင်းတဲ့နေရာ။ အဲဒီနေ့ ဆုကြေညာတဲ့အချိန်မှာ ကံအားလျော်စွာ ကျွန်မ တီးဒွဲရွာမှာ ရောက်နေခဲ့ပါတယ်။

ဝေးလံခေါင်းပါးမြို့နယ်များ ဖွံ့ဖြိုးရေးစီမံကိန်းရဲ့ အစီအစဉ်နဲ့ "ကျေးလက် ပြန်လည်တည်ဆောက်ရေး သင်တန်းတစ်ခု"ကို ဖိလစ်ပိုင်ကျေးလက် ပြန်လည်တည်ဆောက်ရေးတက္ကသိုလ် IIRR, Institute Of International Rural Reconstruction က သင်တန်းဆရာများ သင်တန်းပို့ချပေးနေတဲ့အချိန်။ ကျွန်မက စီမံကိန်းဝန်ထမ်းတွေကို စကားပြန်လုပ်ရင်း သင်တန်းပါ ကူပေးရတဲ့ အကူသင်တန်း ဆရာအဖြစ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ခါတိုင်း ညဆိုရင် တစ်နေကုန်အောင် မောင်းရတာမို့ ကျွန်မ ပင်ပန်းလို့ နားပြီပြီး အဲဒီနေ့က မနားဖြစ်သေးဘူး။ ဒေသစီမံကိန်းအရာရှိဖြစ်ပြီး မင်းပြား ချောက်ဦး ကျောက်တော်၊ ပလက်ဝ လေးမြို့နယ်တာဝန်ရှိတဲ့ မစ္စတာအက်(စ်) ဆူဇူကီး (Mr. S. Suzuki) က နေ့လယ်က "လောင်းကာဒူး" ဆိုတဲ့ ကျေးရွာလေးမှာ ကွင်းဆင်းတဲ့ လက်တွေ့သင်တန်း ဗီဒီယိုခွေပြလို့ ကြည့်နေဖြစ်တာ။ ဗီဒီယိုပြီးလို့ တီဗွီအပြောင်းမှာ တိုက်ဆိုင်မှုပါပဲနော်။ ကျွန်မ စာပေဆုသတင်း ကြေညာချက်ကို ကြားလိုက်ရတာပါပဲ။

ထူးဆန်းတိုက်ဆိုင်မှု နောက်တစ်ခုက အဲဒါ ပလက်ဝမြို့လေးမှာလေ။ စာရေးစဉ်က အမည်ကြားဖူးရုံ၊ အနေအထား ဘယ်လိုရှိတယ်ဆိုတာ သိရုံ ဒေါက်တာ သက်ဇော်နိုင်ကို ပထမဆုံး တာဝန်ချထားပေးခဲ့တဲ့ ပလက်ဝမြို့လေး ပေါ့။ သက်ဇော်နိုင်ရဲ့ ဆေးရုံလေးက UNDP ရုံးလို့ လွယ်လွယ်ခေါ်ကြတဲ့ ဝေးလံ ခေါင်းပါးမြို့နယ်များ ဖွံ့ဖြိုးရေးစီမံကိန်းရုံးရှိရာတောင်ကုန်းထက်ကနေ စီးမျှော် ကြည့်ရင် လှမ်းမြင်နိုင်တဲ့ တောင်ခြေဆီမှာပါ။

ရယ်စရာကောင်းတာက ကျွန်မကို ခင်မင်တဲ့ စာဖတ်သူတွေနဲ့ အလွှ ဝေးကွာတဲ့နေရာ။ ကျွန်မရဲ့ မိသားစုနဲ့အတူ ခင်ဦးနွယ်၊ သက်ဇော်နိုင်၊ ဆရာယဉ် ကို ခင်မင်တဲ့ စာဖတ်သူတွေနဲ့အတူ ဝမ်းသာပျော်ရွှင် ရှိနေချင်တဲ့အချိန်မှာ ပထမဆုံး ဝမ်းသာလိုက်လို့ လာနှုတ်ဆက်တဲ့ ဆရာ ဦးခင်ဝင်းက ကျွန်မတို့ မဟောသီအ ခန်းဆက်အဖြစ် ပါစဉ်က နှစ်လဖတ်ဖြစ်လိုက်တဲ့သူ၊ သူငယ်ချင်း ဒေါက်တာမိုးမိုး က ဖတ်ပါ ဖတ်ပါ အတန်တန် တိုက်တွန်းပြီး စာအုပ်ပေးထားပေမယ့် [သူလည်း စီမံကိန်းဝန်ထမ်းပီပီ အလုပ်က ခပ်များများမို့] ခုထိ မဖတ်ရသေးတဲ့သူ။ ကျန်တဲ့ သူတွေက ကျွန်မကို ခုမှ စာရေးမှန်းသိတဲ့ ဖိလစ်ပိုင်အမျိုးသား Mr. Felix, Mr.L Arizala နဲ့ ဖိလစ်ပိုင်အမျိုးသမီး Dr. E. Gonzaga၊ စာရေးမှန်းသိပေမယ့် စီမံကိန်း လုပ်ငန်းထဲက အချိန်တွေ ပွန်းပဲ့မှာစိုးရိမ်တတ်တဲ့ ကျွန်မတို့က ကွယ်ရာမှာ Mr. Workoholic လို့လည်း ခေါ်တဲ့ Mr. S. SUZUKI ပြီးတော့ ပလက်ဝ ဖွံ့ဖြိုးရေး စီမံကိန်းဝန်ထမ်းလေးတွေ။ အားလုံးက ဝမ်းသာအားရ ဂိုင်းအုံနှုတ်ဆက် ကြ

ကျွန်မရဲ့ ပျော်ရွှင်မှုတွေဟာ ကျွန်မစာကို မသိကြသူတွေကိုပါ ကူးစက် ပျော်ရွှင်သွားစေခဲ့ပါတယ်။ နောက်တစ်ည မစ္စတာဆူဇူကီး ဦးဆောင်ပြုလုပ်ပေးခဲ့



ဘာဘီကျူး မီးပုံပွဲမှာ ကျွန်မတို့ထဲကအဓိကဇာတ်ဆောင် တာဝန်ကျခဲ့ဖူးတဲ့ မြို့လေးမှာ ဆုရရှိကြောင်းကြေညာတာ ကြားသိတဲ့ တိုက်ဆိုင်မှုကို ကျွန်မပြောပြ ဖြစ်ခဲ့တာ။

ရင်းနှီးခင်မင်နေတဲ့ ကျေးလက်လူထု ကျန်းမာရေးဆရာဝန်အဖြစ် ဖွံ့ဖြိုး ရေးတွေ နှစ်ပေါင်း ဆယ့်ငါးနှစ်ကျော်၊ နိုင်ငံများစွာမှာ လှည့်လည်လုပ်ကိုင်နေတဲ့ Ms. E.Gonzaga နဲ့တော့ တိုက်ဆိုင်မှု နောက်တစ်ခုကို ကျွန်မ ပြောဖြစ်ခဲ့ပါ သေးတယ်။ IIRR တက္ကသိုလ်ဝင်းကြီးထဲမှာ စိန်ပန်းပင်တွေ များစွာစိုက်ထားတယ် တဲ့၊ စိန်ပန်းပင်ဟာ ဒီတက္ကသိုလ်ရဲ့ သင်္ကေတတစ်ခုပါတဲ့။ ကျွန်မတို့ သင်တန်း မှာ ကျေးလက်ဖွံ့ဖြိုးရေးသမိုင်း၊ IIRR ရဲ့ သမိုင်းရယ်လို့ ကဏ္ဍတစ်ခုပါဝင်ပြီး အဲဒီကဏ္ဍအဆုံးမှာ စိန်ပန်းပင်ကြီးတစ်ပင်ရုပ်ပုံလွှာနဲ့အဆုံးသတ်လေ့ရှိပါတယ်။ ပင်ပန်းခက်ခဲ ကြမ်းတမ်းတဲ့ ကျေးလက်လူထုရဲ့ ဘဝရယ်၊ ဖွံ့ဖြိုးရေးဝန်ထမ်းတွေ ရဲ့ ဘဝရယ် ရောနှောတော့မယ်ဆိုရင် စိန်ပန်းပင်ကြီးကို အတုယူပါဆိုတဲ့ သဘောပါ။ နွေလယ်ခေါင်ခေါင်မှာ နွေနေကို အန်တုပြီးပွင့်တဲ့ စိန်ပန်းပင်ကို IIRR က၊ အလွန် မြတ်နိုးစွာ ဖွံ့ဖြိုးရေးလုပ်ငန်းသင်္ကေတ တစ်ခုအဖြစ် သတ်မှတ်ထားခဲ့တယ်တဲ့။

မှတ်မိမလား မသိဘူးနော်။ ကျွန်မစာထဲမှာ ဆေးရုံဝင်း၊ အဝင်ဂိတ်ဝရဲ့ တစ်ဖက်တစ်ချက်မှာ ရဲရဲနီအောင် ပွင့်နေတဲ့ စိန်ပန်းပင်အောက်က ဒေါက်တာ ခင်ဦးနွယ် ဖြတ်သွားဖြတ်လာရင်း အားတွေယူခဲ့တာ။ စာဖတ်သူ ထင်တဲ့အတိုင်း ပါပဲ၊ အဲဒီ ဖွံ့ဖြိုးရေးဘာသာရပ်သမိုင်းကို ကျွန်မသင်တန်းပေးပြီဆိုရင် အကောင်း ဆုံး ပေးနိုင်ခဲ့တာချည်းပဲပေါ့။ နိဂုံးချုပ် စိန်ပန်းပင်ရုပ်ပုံလွှာကြီးကို လှမ်းပြလိုက်တဲ့ အဆင့်မှာ ကျွန်မ ခင်ဦးနွယ်ကို အမြဲ အမှတ်ရခဲ့တယ်။ ဒီအကြောင်းကို Ms. Thrill လို့ ကျွန်မတို့ခေါ်ကြတဲ့ သင်တန်းဆရာ အမျိုးသမီးဆရာဝန်ကို ပြောပြဖြစ် ခဲ့ပါတယ်။ သူက စာရေးဆရာတွေစိတ်ကူးနဲ့ ပြင်ပက တကယ့်အဖြစ် တိုက်ဆိုင် မှုလေးတွေကို ရေးထားတဲ့ ဒိုင်ဂျက်(စ်)ထဲက စာလေးတစ်ပုဒ်အကြောင်းကို ပြန်လည် ပြောပြခဲ့ပါတယ်။ အံ့သြစရာကောင်းတဲ့ တိုက်ဆိုင်မှုတွေပေါ့။

ကျွန်မရဲ့ ဆုရစာအုပ်နဲ့ပတ်သက်ပြီး ကျေးဇူးတင်မိသူတွေ များစွာ ရှိနေပါသေးတယ်။ ကျွန်မရဲ့ စာမူကို ၁၂ လတိုင် မဂ္ဂဇင်း အခန်းဆက်အဖြစ် ဖော်ပြပေးခဲ့ပြီး စာအုပ်ထုတ်ဝေဖြစ်အောင် ကြိုးပမ်းပေးခဲ့တဲ့ မဟောသီအယ်ဒီတာ ပန်းချီပညာရှင်များ၊ ကျွန်မရဲ့ စာဖတ်သူတွေ၊ ကျွန်မ စာအုပ် နှစ်ကြိမ်ထိုင်

www.burmeseclassic.com

www.burmeseclassic.com



ပို့ပေးပေမယ့် မရှုရာတဲ့ မတ္တရာမြို့နယ် တောင်တံငါ အ-မ-က က ဆရာမ ဒေါ်ဝင်းဝင်းမြင့်၊ တစ်နေ့နေ့ သူနဲ့ကျွန်မ ဆုံနိုင်ခွင့် ကြုံခဲ့ရင် အခန်းဆက်ဝတ္ထုရှည်ကို လဝှဲ့ ကူးယူထားပါတယ်ဆိုတဲ့ သူရဲ့ လယ်ဂျာစာအုပ်ရှည်ကြီးကို ကြည့်စမ်းချင် လှပါတယ်။

ကျွန်မ ရန်ကုန်မှာ မရှိမှန်း သိပေမယ့် ကျွန်မဖတ်ရတဲ့အချိန်မှာ ဖတ်ရ ပါစေလို့ အမြဲစာရေးတဲ့ သတ္တုတွင်းဝန်ကြီးဌာန၊ ဝန်ကြီးများရုံးက ဒေါ်အေးအေးမြင့်၊ ကျွန်မစာကို ကောက်ကိုင်ပြီး ရောက်တဲ့နေရာက ဖတ်လိုက်ရင် လုပ်ငန်းခွင်ထဲ အမော၊ ဘဝထဲက အမောတွေ ပြေပျောက်ပြီး ခွန်အားတွေ ပြည့်ဝလာတယ်တဲ့။ တကယ်ကတော့ သူ့စာတွေကိုဖတ်ရင်း ကျွန်မ ခွန်အားတွေ ပြန်လည်သွင်းယူနေ မိတာ။

မြန်မာ့စီးပွားရေးဘဏ် ရုံးချုပ်က မြမြထွေးရဲ့ စာတွေကလည်း ကျွန်မ အပေါ် အဖော်မွန်ကောင်းလို အားရှိစေတာ။ ကျွန်မထံ စာရေးအားပေးကြတဲ့ ပြည်တွင်း ပြည်ပ စာဖတ်သူများအားလုံးရဲ့ကျေးဇူး ရှိပါတယ်။ ကျွန်မအတွက် ခွန်အားတွေ ဖြစ်စေခဲ့တာ။

ကျွန်မ စိမ်ကိန်းလုပ်ငန်းထဲ နစ်မြုပ်နေတာကြည့်ပြီး စာရေးဖို့ အမြဲ သတိပေး တိုက်တွန်းခဲ့တဲ့ ဦးစောအောင် (စာရေးဆရာ စောအောင်၊ ယခင် ကျောက်တော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ယခု ပျဉ်းမနားမြို့နယ်)၊ ဒေါ်မေသိန်း -ယခင်ကျောက်တော်မြို့နယ် ပညာရေးမှူး၊ ယခု ရခိုင်ပြည်နယ် ပညာရေးမှူးရုံး၊ ကျွန်မကို စာပေဆုလည်း ရစေချင်၊ ရလိမ့် မယ်လို့လည်း တစ်ပေးခဲ့တာ သူတို့လည်း ပါတယ်လေ။ ကျွန်မမှာ "ဟုတ်များ ဟုတ်ပါ့မလား" ပြောရင်း ရယ်မောနေခဲ့ရတာ။

၁၉-၁၁-၉၈ ကြေးမုံသတင်းစာ အင်တာဗျူးမှာ ပြောခဲ့တဲ့ စကားတွေ ကိုပဲ ကျေးဇူးတင်ခြင်းများစွာနဲ့အတူ ကျွန်မ ထပ်လို့ ပြောပါရစေ။

ကျွန်မ မမျှော်မှန်းရခဲ့တဲ့ အမျိုးသားစာပေဆု ရရှိချိန်မှာ ၁၉၉၇ ခုနှစ် စာအုပ်ထွက်စဉ်ကပင် မျှော်မှန်း တွက်ဆပေးရင်း ဆုတောင်းပေးခဲ့ကြတဲ့ စာပေ ဝေဖန်ရေးဆရာများ၊ စာရေးဆရာများနဲ့ စာဖတ်သူများအားလုံးတို့အား အထူးကျေးဇူးတင်ရှိပါကြောင်း။

ဝင်းဝင်းလတ်

# မြသန်းတင့်၏ အမှာ

(၁)

"ကိုယ်ရေယ်၊ ဆရာမရေယ်၊ ခုတင်ကြီးရေယ် . . ."

ဝင်းဝင်းလတ်က သူ့ဝတ္ထုကို အမှာရေးပေးဖို့ ပြောသည့်အခါ ကျွန်တော်သည် ထိုစကားလုံးကလေးများကို ချက်ချင်း အမှတ်ရလိုက်သည်။

လွန်ခဲ့သော ဆယ့်ငါးနှစ်လောက်က ရှုမဝမဂ္ဂဇင်းတွင် မဂ္ဂဇင်းဝတ္ထုရှည် တစ်ပုဒ်ကို ဖတ်လိုက်ရသည်။ ဝတ္ထုအမည်မှာ 'စလူရွက်ဖြူလက်ကယ်ကိုင်မိလို့' ဟု ထင်သည်။ ရေးသူမှာ ဝင်းဝင်းလတ်။

ဝင်းဝင်းလတ်ဆိုသည့် ကလောင်အမည်ကို ကျွန်တော် မကြားဖူးသေး။ သူ့ဝတ္ထုကို ဖတ်ဖူးသို့ဆိုသည်မှာ အခေကြီး။ သူ့ဝတ္ထုမှာ ရန်ကုန်မြို့ထဲတွင်နေသည့် ဆရာမ လက်မှတ်ရခါစ ဆရာဝန်မလေး မြို့စွန် (ဥက္ကလာပလား၊ သာကေတလား မသိ)သို့ သွား၍ ဆေးခန်းထိုင်ရသည့်အကြောင်း ဖြစ်သည်။ ဆေးခန်းထိုင်ချိန် ကလည်း မနက်ခင်းတို့ နေ့လယ်တို့ စသည့် အသွားအလာ လွယ်ကူသည့်အချိန် [illegible]ဟုတ်။ အသွားအလာ ခက်သည့် အချိန်ဖြစ်သည်။ သူမ နေထိုင်ရာ ရန်ကုန် [illegible]ယ်ကောင်း လမ်းတစ်လျှောက်မှ ဘယ်ဒ်ကားအတန်တန်စီး၍ သွားရသည်။ ဆေးခန်းရောက်တော့ ဆရာဝန်မပေါက်စကလေးမို့ အားမကိုးကြ။ အားကိုးတကြီး

www.burmeseclassic.com

www.burmeseclassic.com

နှင့် လာသူများမှာလည်း ပဲပြုတ်သည်၊ ဆိုက်ကားသမား၊ ပန်းရန်နောက်လိုက်၊ မောလာသယ် စသည့် လက်လုပ်လက်စား ဆင်းရဲသားများသာ ဖြစ်သည်။ သူတို့ ကတော့ ပိုက်ဆံ မတတ်နိုင်ကြ။ တစ်ခါတလေ အခမဲ့ကုပေးလိုက်ရသည်။ မြို့ ထယ်နှင့် မြို့ဖွန်ဆိုတော့ ဘတ်စ်ကား အတန်တန်ဖြင့် အသွားရ အလာရ ခက်သည်။ ည ၉ နာရီလောက်ပြန်လျှင် လမ်းတွင် အမူးသမားတွေ၊ လူရှုပ်လူပွေ၏ အန္တရာယ် ကိုလည်း ကြောက်ရသေးသည်။ အထူးသဖြင့် မိုးတွင်းမှာ အခက်ခဲဆုံးဖြစ်သည်။ မိုးတွေလေတွေထဲမှာ ညကြီးအချိန်မတော် ပြန်ရသည်။ အိမ်မှာ အိမ်ဖော်မကလေး ရှိတုန်းကတော့ သူ့ကို ခေါ်သွားရသည်။ အိမ်ဖော်မလေး မရှိသည့်အခါတွင် ပင်စင် စား အဖေကြီးက လိုက်ပို့ရသည်။

'စလူရှက်'ထဲမှ ဆရာဝန်မလေးသည် နေ့လယ်တွင်လည်း ရွှေဘုံသာ လမ်းက ဆေးခန်းတစ်ခန်းမှာ သွားထိုင်ပါသည်။ သူများဖွင့်ထားသည့် ဆေးတိုက် တွင် ကော်မရှင်စားဖြင့် ဝင်လုပ်ခြင်းဖြစ်သည်။ အထူးကုဆိုင်းဘုတ်တွေကြား ထဲတွင် သူ့ဆိုင်းဘုတ်ကလေးသည် မျက်နှာငယ်နေသည်။ ညနေ အထူးကုဆရာ ဝန်ကြီးတွေ လာသည့်အခါ ဆေးခန်းတွင် လူတွေ တန်းစီနေသည်။ တိုကင်နံပါတ် ပြားတွေ အစောကြီးယူကြရသည်။ သို့ရာတွင် နေ့လယ်ပိုင်း သူ့အချိန်တွင် သူမ ဆေးခန်း၌ လူတစ်ယောက်မျှမရှိ။ ကိုယ်ရယ်၊ ဆရာမရယ်၊ ခုတင်ကြီးရယ် ဒါပဲ ရှိသည်။

ကျွန်တော်သည် ဝင်းဝင်းလတ်၏ 'စလူရှက်'ထဲမှ ဆေးကျောင်းဆင်း ခါစ ဆရာဝန်မကလေး၏ ဘဝကိုဖတ်ပြီး မောဟိုက်သွားသည်။

ကျွန်တော့်ဆွေမျိုးသားချင်းများထဲတွင်၊ ကျွန်တော့်အသိမိတ်ဆွေများထဲ တွင် 'စလူရှက်'ထဲက ဆရာဝန်မလေးလို ဆေးကျောင်းဆင်းခါစ ဆေးခန်းဖွင့် နေသူတွေ အများကြီးရှိသည်။ သူတို့က သူတို့အခက်အခဲ၊ သူတို့ပြဿနာကို ရင်ဖွင့်ကြသည်။ သို့ရာတွင် ဝင်းဝင်းလတ်၏ 'စလူရှက်'ကို မဖတ်မီအထိ သူတို့ ပြဿနာများကို အလေးအနက် မထားခဲ့မိပါ။

ဝင်းဝင်းလတ်၏ **'စလူရှက်'** ကို ဖတ်ပြီးသည့်အခါတွင်မှ ကျွန်တော် သည် သူမတို့ဘဝကို ပို၍ စာနာတတ်သွားပါသည်။



(၂)

ထို့နောက်မှ ကျွန်တော်သည် ဝင်းဝင်းလတ်၏ ဝတ္ထုတိုကလေးများကို ဖတ်ဖြစ်သွားသည်။ သို့ရာတွင် ဝင်းဝင်းလတ်သည် စာသိပ်ရေးဖြစ်ဟန် မတူ။ တစ်ခါတစ်ရံမှသာ ဖတ်ရသည်။ လူချင်းမသိသဖြင့် ဘယ်ရောက်နေသည်ကိုလည်း သတိမထားမိ။ ရခိုင်ပြည်နယ်၊ စစ်တွေမှာလိုလို သူ့သတင်းကို ဝိုးတိုးဝါးတားသာ ကျွန်တော် ကြားရသည်။ သူ့စာတွေကို မတွေ့သဖြင့် မိတ်ဆွေ အယ်ဒီတာများကို မေးရာမှ ဝိုးတိုးဝါးတား သိခြင်းဖြစ်သည်။ သူတို့ကိုယ်တိုင်ကလည်း သိပ်မသေ ချာ။

လွန်ခဲ့သည့် သုံးလေးနှစ်ကတော့ ကချင်ပြည်နယ်ကို စာဆိုတော် ဟော ပြောပွဲတာဝန်ဖြင့် ရောက်သွားသည်။ ဟိုပင်သို့ အရောက်တွင် ဟိုပင်ဆေးရုံအုပ် အဖြစ် ခေတ္တအမှုထမ်းနေသည့် ဝင်းဝင်းလတ်က ဟောပြောပွဲသို့လာပြီး ထမင်းစား ဖိတ်သည်။ ဤညက မိုးညှင်းတွင်ရှိနေသည့် ဒေါက်တာစိုးထွန်းက ဖိတ်ထားသဖြင့် ဟိုပင်တွင် ထမင်းစားချိန်မရ။ ထမင်းစားချိန်မရလျှင် လက်ဖက်ရည်သောက် သွားပါဟု ဖိတ်ပြန်သည်။ ကျွန်တော်တို့က အင်းတော်ကြီးမှအပြန် ညနေ ၆ နာရီလောက်တွင် ဝင်မည်ဟု ချိန်းခဲ့သည်။

သို့ရာတွင် ထုံးစံအတိုင်း ကျွန်တော်တို့သည် အချိန်မှန်ရောက်မသွားကြ ပါ။ ည ၈ နာရီလောက်မှ ဟိုပင်သို့ ပြန်ရောက်ခဲ့ကြသည်။ ဆေးရုံဝင်းထဲကို ဝင် တော့ ဝင်းဝင်းလတ် မရှိတော့။ လက်ဖက်ရည်ပွဲပြင်ပြီး ကျွန်တော်တို့ကို ၂ နာရီ ခန့် စောင့်နေကြောင်း၊ ဧည့်သည်တစ်ယောက်ကို လိုက်ပို့စရာရှိသဖြင့် ပြန်သွား ကြောင်း၊ ကျွန်တော်တို့အတွက် လက်ဆောင်ပစ္စည်းထားခဲ့ကြောင်းဖြင့် ဆေးရုံတွင် ကျန်ရစ်ခဲ့သည့် ဆရာမများက ပြောပြသည်။

ကျွန်တော်က ထိုစဉ်အကြောင်းကိုရေးသည့် ဆောင်းပါးတစ်ပုဒ်ထဲတွင် ကျွန်တော်တို့ နောက်ကျရသည်ကို ခွင့်လွှတ်ပါရန် ဝင်းဝင်းလတ်အား တောင်းပန် ခဲ့သည်။ သူ့ကိုလည်း မတွေ့ခဲ့ရ။ သူ့စာများကိုလည်း သိပ်မဖတ်ရ။

မနှစ်ကတော့ 'မဟေသီ'တွင် ဝင်းဝင်းလတ်၏ အခန်းဆက်ဝတ္ထုရှည်

www.burmeseclassic.com

www.burmeseclassic.com



ကို တွေ့လိုက်ရသဖြင့် ကျွန်တော်ဝမ်းသာသွားသည်။ သို့ရာတွင် ကောင်းကောင်း မဖတ်ဖြစ်ပါ။ ခန်းဆက်ဆိုတော့ ဖတ်ဖြစ်သည့်အခါရှိသလို မဖတ်ဖြစ်သည့်အခါတွေလည်း ရှိသည်။ စာအုပ်ထွက်မှ ဖတ်ဖြစ်တော့မယ်လေ။

သို့ရာတွင် ကျွန်တော်သည် စာအုပ်မထွက်မီ မဂ္ဂဇင်းတွင် အခန်းဆက်ဝတ္ထုရှည်အဖြစ် မပြီးခင်မီ ဝင်းဝင်းလတ်၏ 'အချစ်၏ နောက်ဆက်တွဲစာမျက်နှာ'ကို ဖတ်ခွင့်ကြုံသည်။

(၃)

ဝင်းဝင်းလတ်၏ 'အချစ်၏နောက်ဆက်တွဲစာမျက်နှာ'သည် စစချင်း စာဖတ်သူကို ဆွဲခေါ်သွားသည်။ သူ ဇာတ်လမ်းကိုဖွင့်ပုံက စိတ်ဝင်စားစရာ။ မြေလတ်မြို့ကလေးတစ်မြို့မှ ဆရာဝန်မ ချောချောကလေး ခင်ဦးနွယ်(ခွဲစိတ်မှုဆရာဝန်မကလေး)၏ ရုပ်ပုံလွှာ။ အသက်ငယ်ငယ်ကလေးဖြင့် တစ်ခုလပ် ဖြစ်ခဲ့ရသည်။ သူ့ခင်ပွန်းဟောင်းက ဒေါက်တာအောင်သူရ။ သူတို့နှစ်ဦး ဘာကြောင့် ကွဲကွာသွားရသလဲ။ နှစ်ယောက်စလုံး ဆရာဝန်တွေ။ လူငယ်တွေ။ အသက် ၃၀ ကျော်တစ်ပိုက်မှာသာ ရှိကြသေးသည်။ ဘယ်လောက် လွမ်းစရာကောင်းသနည်း။ လူ့ဘဝတွင် နှင်းဆီပန်းနုရောင်တွေ အတောက်ပဆုံးကာလ။ သူတို့နှစ်ယောက်မှာ ချစ်စရာကောင်းသည့် စည်သူနှင့်ညီသူဆိုသည့် သားကလေးနှစ်ယောက်ရှိသည်။ ဘယ်လောက် အဆင်ပြေတဲ့ဘဝလဲ။

သို့ရာတွင် ဝင်းဝင်းလတ်သည် သူ့ဝတ္ထုကို ပြဿနာနှင့် စဖွင့်လေသည်။ သူတို့နှစ်ယောက် ဘာကြောင့်ကွဲကွာသွားခဲ့ကြရသလဲ။ ဘယ်သူ့အပြစ်လဲ။ ခင်ဦးနွယ် အပြစ်လား။ အောင်သူရ အပြစ်လား။ အမေနှင့်အတူ လိုက်နေသည့် ကလေးတွေကကော သူတို့ကို စွန့်ပစ်သွားသည့်အဖေကို ဘာကြောင့် တွယ်တာနေရသေးသလဲ။

ဝင်းဝင်းလတ်သည် ခင်ဦးနွယ်၏ ပုဂ္ဂိုလ်ရေးရာဘဝ တစ်စိတ်တစ်ပိုင်းကို ခပ်မြန်မြန် ပြည့်စုံအောင် ချပစ်လိုက်ပြီး သူ၏ လူမှုဆက်ဆံရေးဘဝ၊ သူ၏ လုပ်ငန်းခွင်ထဲသို့ စာဖတ်သူကို ခေါ်သွားသည်။ စာဖတ်ပရိသတ်မှာ ခင်ဦးနွယ်အကြောင်းကို သိချင်နေဆဲ။ ဘာမှု ရေရေရာရာ မသိလိုက်ရတဲ့ ခင်ဦးနွယ်၏ ဆေးရုံခန်းထဲသို့ ရောက်သွားသဖြင့် စိတ်ပျက်သွားရသည်။ မချင့်မရဲဖြင့် လိုက်သွားခဲ့ရသည်။

သို့ရာတွင် ဝင်းဝင်းလတ်သည် စာဖတ်ပရိသတ်အာရုံကို နောက်ရှခင်းများဖြင့် ဖမ်းစားထားလိုက်ဖြစ်ပါသည်။ သီရေဇာထဲက လူနာဦးမြမောင်၊ လူကြီးလုကောင်း ပီသသည့် ဆေးရုံအုပ်ကြီး ဦးအောင်မြင်၊ မနာလို၍ မထိတထိ ပြောတတ်သည့် လုပ်ဖော်ကိုင်ဖက် ဒေါက်တာ မှုယာတင်၊ သဘောကောင်းသည့် သူနာပြုဆရာမများ။ ပြီးတော့ ယမကာလေး တမြမြနှင့် ဒေါက်တာယဉ်မျိုး။ ပြီးတော့ လက်ထောက်ဆရာဝန် သက်ဖော်နိုင်။

ဝင်းဝင်းလတ်သည် လူ့စရိုက်ဖွဲ့ရာတွင် ပိုပြင်သည်။ ဥပမာ ဒေါက်တာယဉ်မျိုး၏စရိုက် ဆိုပါတော့။ ဒေါက်တာယဉ်မျိုးက လူပျိုကြီး။ အရက်ကြိုက်သည်။ အစ်ကိုသားကို အထင်သေးတတ်သည်။ အထူးသဖြင့် မိန်းမဆို ပို၍ အထင်သေးသည်။

"မိန်းမဟာ မိန်းမပီသရမယ်။ မိန်းမပီသရမယ်ဆိုတာ အတွေးတိမ်ရမယ်။ သဘောထား သေးသိမ်ရမယ်။ မာယာများရမယ်။ ကောက်ကျစ်ရမယ်။ မိုက်ရမယ်။ အတင်းအဖျင်းပြောရမယ်။ မိန်းမဖြစ်ပြီး သိပ်မြင့်မြတ်နေချင်လို့ မရဘူး။ သိပ်ထူးချွန်ပြောင်မြောက်ချင်နေတာမျိုးက အမြင်မတော်ဘူး။ သူ (ခင်ဦးနွယ်)မှာ မိန်းမပီသတာဆိုလို့ လှတာရယ်၊ သားတွေရဲ့ အမေဖြစ်တာရယ် ဒါပဲရှိတယ်" (ဒေါက်တာယဉ်မျိုး)

သူ့အမြင်သည် နည်းနည်းတော့ ရုပ်ကြမ်းဆန်သည်။ သို့ရာတွင် ထိုအမြင်မျိုးသည် လက်တွေ့ကျ၍ နှလုံးသားအေးစက်သည့် ယောကျ်ားများတွင် တွေ့ရတတ်သည့် အမြင်မျိုးဖြစ်သည်။

"ဝမ်းဗိုက်ထဲမှာ အူအတက်ဟာ အပိုပဲ။ လူကို ဒုက္ခပေးဖို့ စောင့်နေတဲ့ ယောကျ်ားတွေနဲ့ အတူတူပဲ" (ခင်ဦးနွယ်)

ခင်ဦးနွယ်ကတော့ ယောကျ်ားတွေကို စိတ်နာနာနှင့် ဆိုခဲ့သည်။ ဆေး

www.burmeseclassic.com



တော့စင်းတောင် မပြီးသေး။ ပထမနှစ်မှာ အောင်သူရနှင့် အိမ်ထောင်ကျခဲ့ပြီး ကွဲသွားခဲ့ကြသည်။ အောင်သူရက မေသန္တာဆိုသည့် မိန်းကလေးတစ်ယောက်နှင့် လက်ထပ်သွားခဲ့သည်။ သူကလည်း ကွာရှင်းပေးခဲ့သည်။

သက်ဇော်နိုင်ကတော့ ခင်ဦးနွယ်ထက် ငယ်သည်။ ဒေါက်တာယဉ်မျိုးထက်လည်း ငယ်သည်။ စိတ်ကူးယဉ်သည်။ ခင်ဦးနွယ်၏ မေတ္တာကို လိုချင်သည်။ ခင်ဦးနွယ်ကလည်း ရိုင်စားမိသည်။ သို့ရာတွင် ပြဿနာက မလွယ်ပါ။

သားနှစ်ယောက်ဖြစ်သည့် စည်သူတို့ ညီသူတို့က အမေ့ကို စိတ်မချနိုင်အောင် ဖြစ်ကြသည်။ သက်ဇော်နိုင်ကိုလည်း သံသယရှိကြသည်။ ဤတွင် ကလေးတွေနှင့်အမေ ပဋိပက္ခ၊ သားအကြီးနှင့် သက်ဇော်နိုင် ပဋိပက္ခ၊ သူတို့နှစ်ယောက်နှင့် ပတ်ဝန်းကျင်၏ ပဋိပက္ခတို့ တစ်ရစ်ပြီးတစ်ရစ် ပေါ်လာကြသည်။

စည်သူ ဆယ်တန်းဖြေအပြီးတွင်လား မသိ၊ လူရမ်းကားများနှင့် ရန်ဖြစ်သည်။ သက်ဇော်နိုင်က ကလေးတွေကို ဝင်ကာယ်သဖြင့် သက်ဇော်နိုင် ဓားထိုးခံရပြီး ခွဲစိတ်ကုသမှု လုပ်ရသည်။

ပြဿနာတွေ ယှက်လိမ်နေစဉ် သူတို့နှစ်ယောက် (သက်ဇော်နိုင်နှင့် ခင်ဦးနွယ်)တို့ လူနာရှင်တစ်ဦး၏ တိုင်ကြားချက်အရ ပေါ့လျော့မှုဖြင့် အထက်မှ စုံစမ်းစစ်ဆေးခြင်း ခံရသည်။

ခင်ပွန်းဟောင်း ဦးအောင်သူရအရောက်၊ သက်ဇော်နိုင် ဓားထိုးခံရပြီး ခွဲစိတ်ပြီးခါစအချိန်၊ သားနှစ်ယောက်က အမေကို ဆန့်ကျင်ခဲ့မိသည့်အမှားအတွက် နောင်တ စသည်တို့သည် ဇာတ်လမ်း၏ အထွတ်အထိပ်ပိုင်းဟု ခေါ်နိုင်သည်။

ဤအချိန်တွင် ခင်ဦးနွယ် မြစ်ကြီးနားသို့ ပြောင်းရတော့သည်။ သက်ဇော်နိုင်က သူ့နှလုံးသားကို တောင်းခံနေပြီ။ သူ ဘာလုပ်မလဲ။ ငြင်းမလား။ သက်ဇော်နိုင်ကို မြေလတ်မြို့ကလေးက ဆေးရုံတွင် ထားပစ်ခဲ့ရမလား။

အချစ်ရဲ့ နောက်ဆက်တွဲ စာမျက်နှာဟာ အချစ်ပဲလား။ မေတ္တာတို့ သစ္စာတို့ သံယောဇဉ်တို့ မဖြစ်နိုင်ဘူးလား။

ယင်းမှာ ဝင်းဝင်းလတ်၏ ဒဿန ဖြစ်သည်။ သူ့ဝတ္ထု၏ ဒဿန ဖြစ်သည်။



(၄)

ဝတ္ထုဟာ ဘာလဲ။ ဝတ္ထုတစ်ပုဒ် (ဝတ္ထုရေးဆရာ)က ဖြေရှင်းရသည့် ပြဿနာတွေဟာ ဘာလဲ။ ဇာတ်လမ်းကို ဘယ်လိုပြောမလဲ။ ဝတ္ထုထဲက ဇာတ်ဆောင်တွေရဲ့ ဒဿနရှုထောင့်နဲ့ ဝတ္ထုရေးဆရာရဲ့ ဒဿနရှုထောင့်ဆိုတာ ဘယ်အရာတွေလဲ။ ဝတ္ထု (သို့မဟုတ် ဝတ္ထုရေးဆရာ)ဟာ အချိန်ကာလကို ဘယ်လို ကိုင်တွယ် ဖြေရှင်းမလဲ။ နေရာဒေသကိုကော ဘယ်လိုကိုင်တွယ် ဖြေရှင်းမလဲ။ ဝတ္ထုထဲက ဇာတ်ဆောင်တွေကို စရိုက်ပီပြင်အောင်၊ သရုပ်ပေါ်အောင် ဘယ်လို ရေးမလဲ။ ဒိုင်ယာလော့ (အချီအချ စကားပြောခန်း)ရဲ့ လုပ်ငန်းဟာ ဘာလဲ။ ဇာတ်လမ်း ဇာတ်ကွက် ပြန်ပြောတဲ့နေရာမှာ ဒိုင်ယာလော့ကို ခွင်ကျနေအောင် ဘယ်လို သွင်းထည့်မလဲ။

ယင်းမှာဝတ္ထု (ဝတ္ထုရေးဆရာ)က ရင်ဆိုင်နေရသော ပြဿနာများ ဖြစ်သည်။ ဝင်းဝင်းလတ် သည်လိုပြဿနာများကို အတတ်နိုင်ဆုံး ဖြေရှင်းသွားခဲ့သည်။

ကျွန်တော်သည် ဝင်းဝင်းလတ် ခေါ်သွားသော မြေလတ်မြို့ကလေးက ဆေးရုံသို့ ရောက်သွားကာ အချစ်ကြောင့် နူးညံ့ရွှမ်းမြနေသော သက်ဇော်နိုင်နှင့် ခင်ဦးနွယ်တို့၏ မျက်နှာနုနုများကို မြင်ခဲ့ရသည်။

မြသန်းတင့်

www.burmeseclassic.com

www.burmeseclassic.com

ဆေးရုံခြံစည်းရိုး အပြင်ဘက်မှ မန်ကျည်းပင်အိုတန်းကို ခွဲစိတ်ခန်းမှ လှမ်းမြင်နေရသည်။ မန်ကျည်းတန်းမည်သော ထိုလမ်းကလေးတွင် မန်ကျည်းရွက်နုသစ်တွေဖြင့် စိမ်းနုနု အရိပ်ဝေလာစ။ ရွာတွေဆီမှ လှည်းတစ်စီးက တအိအိ မောင်းနှင်နိုက် ဖြစ်သည်။ မန်ကျည်းရွက်ဝါတွေက ထိုလှည်းပေါ်သို့ တဖွဲ့ဖွဲ့ ကြွေမဆုံး။ ဖုန်လုံးတွေက လှည်းနောက်မှ ပြေးလိုက်နေကြသည်။ မွန်းတည့်နေက ကျဲကျဲ ပူပြင်းနေ၏။ ကြည့်လေရာရာ သွေ့ခြောက်တိတ်ဆိတ်နေခဲ့သည်။

လက်ဆေးကန်တွင် လက်ဆေးကြောရင်း ပြတင်းမှတစ်ဆင့် ငေးမောမိနေသည်။ ရှုစိုက်ခဲ့ရသော အမြင်အာရုံကြောတွေကို အညောင်းလျှော့ ဖြေလျှော့ရင်း ပြင်ပအဝေးသို့ အကြည့်လွှင့်ထားမိသည်။ နွေနေ့လယ်က သည်နေ့တွင်မှ ပိုလို့ ပြင်းငွေ့ဖွယ်၊ အဲဒီကျန်ဆန် ခြောက်သွေ့လှချည့်ကွယ်။

ခွဲစိတ်ခန်းထဲမှာတော့ တိတ်တိတ်ဆိတ်ဆိတ်မဟုတ်ခဲ့။ စောစော လေးကမှ ခွဲစိတ်မှုတစ်ခု ပြီးစီးထားခဲ့သည်။ ခွဲခန်းသုံး သံမဏိထည်ပစ္စည်း သိမ်းဆည်းသံတွေက ဆူညံစွာ ထွက်ပေါ်နေခဲ့သည်။ ခွဲစိတ်ခန်းတာဝန်ခံ 'နော်အေမီ'ရဲ့ မျက်နှာပြည့်ပြည့်ကြီး အဖုံးမကျနိုင်ထင်နေခဲ့မှာ မြင်ယောင် ကြည့်မိသည်။ ခွဲစိတ်ကုသမှုတစ်ခုကတော့ အောင်မြင် ပြီးဆုံးခဲ့ပြန်တာပဲ။ ပင့်သက်တစ်ချက်နှင့်အတူ 'ခင်ဦးနွယ်' တွေးညည်းမိသည်။ မျက်နှာသုတ် ပဝါပိုင်းကို ဖမ်းဆွဲယူ လက်သုတ်ကာ အလျင်စလို ပြန်လှည့်သွားတင်မိသည်။ ခွဲစိတ်ခန်းထဲမှ ထွက်လာမည့်သူ တစ်ဦးဦးနှင့် ရင်မဆိုင်ချင်ဘဲ ခွဲခန်းကို ကျောခိုင်းလို့ ခြေလှမ်းသွက်သွက် ထွက်ခဲ့မိ၏။



သံမဏိထည်ပစ္စည်း သိမ်းဆည်းဆူညံသံတွေက ခင်ဦးနွယ်ရဲ့နောက်ဘက်မှာ တဖြည်းဖြည်း ဝေးနေရစ်ခဲ့ပြီ။

□

"ပြီးစီးသွားခဲ့တဲ့ ခွဲစိတ်ကုသမှုရဲ့ အခြေအနေကို ခွဲခန်းထဲကအသံနားထောင်ကြည့်ရုံနဲ့ သိနိုင်တယ်"

လွန်ခဲ့သော ၄နှစ်က ပြောင်းရွှေ့သွားသော ခွဲစိတ်အထူးကုဆရာဝန်ကြီး 'ဦးဟန်တင်' ပြောလေ့ရှိသည်။

"မဟုတ်ဘူးလား နော်အေမီ"

နောက်ဆက်တွဲအနေဖြင့် နော်အေမီကို ကျီစယ်တတ်သေးသည်။

ဆရာကြီးပြောလည်း ပြောစရာ။ ဆရာပြောမှပင် ကိုယ့်ကိုယ်ကိုယ် သတိထ ားမိရသည်။ ခွဲခန်းထဲမှ တွန်းထုတ်သွားသော လူနာအခြေအနေကောင်းမွန်လျှင် နော်အေမီ ခွဲစိတ်ခန်း ဝန်းသိမ်းပုံက စိတ်ပါလက်ပါ ရှိလှတော့၏။ ခွဲစိတ်ပစ္စည်းကိရိယာတွေကို ဆေးကြောသန့်စင် သိမ်းဆည်းသည်။ အဝတ်အထည်များကို လျှော်ဖွပ်စေရသည်။ ပစ္စည်းအားလုံးကို ပြန်လည်ပေါင်းတင်ဖို့ စီစဉ်ရ၊ ခွဲစိတ်ခန်းတစ်ခုလုံးကို ဆေးကြောစေရ၊ လုပ်နေကျအလုပ်များကို လုပ်နေရသည်ပင်မထင်မိ။ စကားတပြောပြောနှင့်စီစဉ်ကာ ကိုယ်နှင့်အလုပ်သမားလေးတွေနှင့် အဆင်ပြေ အပေးအယူတွေ မှကြလို့၊

"နော်အေမီရဲ့ ဆိုင်းဝိုင်းကြီးက အသံသိပ်မြည်ရင် ပေးရှင့် အိုကေ သိုပဲ"

နော်အေမီနှင့် ခွဲစိတ်ခန်းသုံးပစ္စည်းကိရိယာများကို နော်အေမီရဲ့ ဆိုင်းဝိုင်းကြီးဟု ဆရာကြီး ရည်ညွှန်းလေ့ရှိသည်။

နေ့လယ်က ဝမ်းဗိုက်မှာ ဓားဒဏ်ရာ သုံးချက်ရလာခဲ့သော လူနာအတွက် ခွဲစိတ်ခန်းဖွင့်ခဲ့ရ၏။ ခွဲစိတ်ကုသမှုပြီးတော့ ခွဲစိတ်ခန်းသုံးပစ္စည်းကိရိယာများကို တကျောင်းကျောင်းမြည်အောင် သိမ်းဆည်းမိလေသည်။ ခွဲစိတ်ကုသမှုက အောင်မြင်ချောမောခဲ့လို့လည်း မှန်ပါရဲ့။ ထို့ထက်တော့ နော်အေမီ စိတ်တိုနေမိသည်လေ။

"သူများ အနေရခက်မှ သူရင်ချောင်သလားမသိ"

စိတ်ထဲက ရေရွတ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ပါးစပ်ပေါက် မလုံနေတာကိုယ်အရင်ဆုံးကုဖို့ ကောင်းတာပေါ့"

မှုညာမတာအတွေးဖြင့် လက်ထဲက သံမဏိထည့်တစ်ခုကို သံဇလုံထဲ လှမ်းထည့်သည်။ နော်အေမီရဲ့ စိတ်တိုတောင်းမှုက ဒေါ်ခင်ဦးနွယ် ဘက်သို့ လှည့်သွားခဲ့ပြန်ချေ။

မမတစ်ယောက်လည်း မမပဲ။ ဆရာဦးဟန်တင်နေ၏ ဆက်ခံရောက်ရှိလာသော ခွဲစိတ်အထူးကုဆရာဝန် ဒေါ်ခင်ဦးနွယ်က နော်အေမီထက် ၁၀ နှစ်ခန့်မျှ ငယ်လိမ့်မည်။ လုပ်ငန်းသဘောအရ 'မမ'ဟု နော်အေမီက ခေါ်ကာ ဒေါ်ခင်ဦးနွယ်ကလည်း 'မမအေမီ'ဟု တစ်ပြန်ခေါ်ခဲ့သည်။ နော်အေမီနှင့် ဒေါ်ခင်ဦးနွယ်က ဒေါ်ခင်ဦးနွယ်အလုပ်သင် ဆရာဝန်ဘဝ တွင် ရန်ကုန်ဆေးရုံကြီးမှာ တစ်ကြိမ်ဆုံကာ ခင်မင်ဖူးခဲ့ကြသည်။

ပြောင်းရွှေ့သွားသော ဆရာကြီး ဦးဟန်တင်မှာ လုပ်သက်လည်း ရင့်၊ အရွယ်လည်းရသော ဆရာဝန်ကြီးတစ်ဦးဖြစ်သည်။ သဘောကောင်း သူပင် ဖြစ်ပေမင့် အလုပ်ခွင်အတွင်းမှာတော့ စည်းကမ်းကြီးသည်၊ စည်းကမ်းတင်းကျပ်သည်ဟုပင် ဆိုနိုင်၏။ သူ့စည်းဘောင်အတွင်း ရောက်လာထိပါးရင်တော့လား ခွဲစိတ်ခန်းတစ်ခုလုံး တုန်သွားမတတ် တုံ့ပြန်တတ်ပေ သည်။

မမကတော့ လူနာ၊ ဆရာဝန် ဆက်ဆံရေးတွင်သာ စည်းထားတတ်ပေမယ့် လုပ်ဖော်ကိုင်ဖက်ချင်းအပေါ်မှာတော့ လိုက်လိုက်လျောလျောရှိ လွန်းသည်။ ပြောသာပြောရ၊ နယ်တွင် အထူးကုဆရာဝန်အဖြစ်က ရန်ကုန်လိုမြို့ကြီးမှ အထူးကုများလို လက်ထောက်ဆရာဝန်များနှင့် သီးခြားကင်းရှင်းစွာနေလို့မရ။ နယ်ဆေးရုံတစ်ရုံရဲ့ လုပ်ငန်းလည်ပတ်မှုက အချင်းချင်း စည်းလုံးရိုင်းပင်းမှု နားလည်ခွင့်လွှတ်မှု၊ လုပ်ငန်းတာဝန် မခွဲခြားမှုတို့အပေါ် များစွာတည်နေသေးသည်။

မမက သည်းခံ တိတ်ဆိတ်နေလေ ထိုအမျိုးသမီးငယ်က ပိုမိုရဲတင်းလာခဲ့လေ။ စင်စစ် ဆေးရုံတစ်ရုံလုံးက သိပေမယ့် မသိယောင်ပြုကာ မပြောသမျှကိုသာ လက်ခံနားထောင်နေကြခိုက် လူထူပြီဆိုလျှင် 'ဒေါ်မူယာတင်'က မမရဲ့အတိတ်ကို တူးဆွတတ်မြဲပေ။

သည်နေ့လယ် ခွဲစိတ်နေစဥ်ကိုပဲကြည့်။ အသည်း၊ ဘေလုံးတွေများ ထိခိုက်ပေါက်ပြဲသွားသလား ရှာဖွေနေသည့်အချိန်တွင်မှ မေ့ဆေးတာဝန်ယူထားသော ဒေါက်တာမူယာတင်က အမှတ်မထင်လို



"မမကြားပြီးပြီလား။ ဆရာက သူ့ဝါဒ်ထဲက စတပ်(ဖ်)တစ်ယောက် ချိုင်းနေကြပြန်သတဲ့။ ဆရာ့ဆေးရုံက မူယာ့သူငယ်ချင်း လက်ထောက်ဆရာဝန်ဆီက ရတဲ့သတင်းဆိုတော့ ယုံကြည်လောက်တဲ့ သတင်းဌာနကလို့ ဆိုရမှာပေါ့နော် မမ။ ဆရာက စွံကိုစွံတာ ထင်ပါရဲ့။ အဟင်း ဟင်း"

လူနာခေါင်းရင်းမှာ ခုံနိမ့်လေးတစ်ခုပေါ် တက်ရပ်ကာ ခွဲစိတ်ကုသမှုကို စီးမိုးကြည့်ရင်းက ပြောလိုက်သည်။ အလုပ်လုပ်နေသော မမရဲ့လက်များက ခထူးခြားပေမယ့် မမကို ကူနေသော နော်အေမီမှာတော့ စိတ်အနှောင့်အယှက် ဖြစ်သွားရသည်။ မမ လက်အမူအရာ လုပ်ပြကာ တောင်းလိုက်တာ ဇာဂနာလား၊ ဇာတ်ကြေးလား၊ ဘာပေးရမလဲ၊ ယောင်မှားချင်သွားရသည်။ မမကတော့ အာရုံနှိုးစိုက်မပျက်၊ စကားတုံ့ပြန်ခြင်းလည်း မပြု။

"မမ အကြောင်းကျတော့လည်း ဝါဒ်ထဲမှာ အမြဲပြောနေတတ်ပြန်ဘာတဲ့။ ဒါတစ်ခုတော့ မမနဲ့တူတယ်။ မမကလည်း ဆရာ့အကြောင်း၊ သားတွေအကြောင်းကို အမြဲပဲ ပြောတတ်တယ်လို့ မူယာတောင် ပြန်စာထဲမှာ ထည့်ရေးလိုက်သေးတယ်"

အတော်ကြီးကျယ်တဲ့ အလုပ်လေ။ ဒီဆေးရုံကအကြောင်း ဟိုဆေးရုံမှာပြောစေတဲ့အလုပ်လောက် ဒေါ်မူယာက အခြားအလုပ်တွေကို စိတ်ဝင်စားပုံမပေါ်။ ခွဲခန်းထဲမှာ သည်အသံတစ်ခုသာပဲ ရူးရူးရှရှ၊ လုပ်ရကိုင်ရ စိတ်အနှောင့်အယှက် ဖြစ်ရသော သည်အခြေအနေမျိုးကို နော်အေမီစိတ်ထဲက ကျိန်ဆဲလိုက်မိသည်။

" Mesentery (အူများကို ဆိုင်းထားသောအမြှေး)မှာတော့ တစ်ချက်ထိထားတယ်။ တခြားနေရာတွေတော့ မထိဘူး ထင်ရတာပဲ။ အပေါ်ယံလေးတွေပဲမှာ။ သေချာ ရှာကြည့်ကြဦးစို့ မမအေမီ"

ဒဏ်ရာအလွယ်တကူ ရှာတွေ့လိုက်ပေမယ့် အခါတိုင်းလို စိတ်ပေါ့ပါးမသွားခဲ့။ နော်အေမီ စိတ်မသက်မသာ ရှိနေခဲ့သည်။

"မမတို့များ ဆရာ့ကို သတိရလိုက်တာနဲ့ Stab Wound တောင် တွေ့ခဲ့ရသည်တွေ့တော့တာပဲ။ အဟင်း ဟင်း"

ဒေါ်မူယာတင်ရဲ့ အလွတ်မပေးတမ်း ရူရှရှအသံ။ နော်အေမီက ဆတ်ခနဲ ကြည့်မိလျှင် ခွဲစိတ်ခန်းအကူ မောင်တင်လှရဲ့ ပခုံးနှစ်ဖက်တွန့်ကာ မျက်လုံးပြူးပြ

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်နှင့် ဆုံနေသည်။ မောင်တင်လှက နော်အေမီရဲ့ မျက်စောင်းအဖ်ကြောင့် ခွဲခန်းတံခါးကို အလျင်စလို တွန်းဖွင့်ထွက်သွားခဲ့သည်။ မမကတော့ အပ်ချုပ် မပျက်ပေ။

"ဒီကစာ ရရင် ဆရာ့မှာ ပျော်နေတာပဲတဲ့"

မတ်ရပ် ပန်ကာကြီးက တအီအီလည်နေကာ ဒေါ်မူယာတင်ကတော့ တကျိုကျိုပေ။

"မူယာကတော့ မယုဆီ စာပြန်ရေးလိုက်ပါတယ်။ မမနဲ့ဆရာကတော့ အဆက်အသွယ်ရှိဟန် မတူပါဘူး။ သားတွေနဲ့သာ စာအပြန်အလှန် အဆက် အသွယ်ရှိကြတာပါလို့၊ မေသန္တာက သိပ်သဝန်တိုတတ်တာလေ။ သူ အိမ်ထောင်ရေး ကံခေတယ်လို့ ဆရာက ဆေးရုံမှာ ခဏခဏ ညည်းတယ်တဲ့"

သူက ဘာဆိုင်လို့ ဝင်ရှင်းနေရပြန်ပါလိမ့်။ သူ့ပဲ ကျေးဇူးတင်ရဦး တော့မလိုလို၊ နော်အေမီလည်း မဆီမဆိုင် ကြားဝင် စိတ်တိုနေမိပြီ။ မမကမူ အေးဆေးစွာ။

"မမအေမီရေ ဗိုက်ပိတ်တော့မယ်နော်။ Instrument တွေ၊ gauze တွေ စစ်ပါဦး"

မမလှမ်းပြောမှ နော်အေမီ အကွက်တွေ့ကာ တွယ်ထည့်မိသည်။

"ဗိုက်ထဲမှာ ကတ်ကြေး တစ်ချောင်းကျန်ခဲ့ရင်တော့ အဲဒါ ဒေါက်တာ မူယာပဲတော့။ ကျုပ်က အလုပ်လုပ်နေတုန်း စကားလာများရင် လက်ယောင် တတ်တယ်"

ရယ်ရွှန်းဖတ်ရွှန်းဖြင့် တွယ်တာတောင်မှ မူယာတင်ကတော့ မျက်နှာ မပျက်။ တဟားဟား ရယ်မောလျက်။

"မမအေမီကလည်း မမ ယောင်ဖို့ပဲ ထားပါဦး" ဆိုသေးလေသည်။

"ကိုယ်တော့ ဘာမှ မကြားဘူးမူယာ။ နားလည်းစွင့်မနေဘူးလေ။ သူ့လမ်းသူလျှောက်၊ ကိုယ့်လမ်း ကိုယ်လျှောက်နေခဲ့တာ ကြာပြီပဲ။ သူ့ လမ်းပေါ်မှာ သူ့သဘောနဲ့သူ နေနေတာ ဘာမှ ဝေဖန်စရာ မရှိပါဘူး"

နှာခေါင်းစည်းအထက်က ဒေါ်မူယာသို့ လှမ်းကြည့်လိုက်သော မမ မျက်လုံးများက သန့်စင်ကြည်လင်သမျှ လေးနက် စူးရှနေခဲ့သည်။ နော်အေမီ အနည်းငယ်ဘဝင်ကျမိ၏။ ခွဲစိတ်ခန်းထဲက လေထုကလည်း ခုမှပင် သန့်ရှင်း



ဝင်ကြယ်သွားတော့သလို ထင်မိသည်။ နော်အေမီ အသက်ရှူကောင်းတော့သည်၊

"မမကတော့ ဟုတ်တာပေါ့နော်။ မေသန္တာတစ်ယောက်တော့ သနားပါတယ်။ ဝဋ်လည်တယ်ဆိုရမှာပေါ့လေ။ တကယ်ဆိုရင် မေသန္တာက ဆရာ့ထက် အများကြီးငယ်တာပဲ။ မူယာ့ထက်တောင် ဂျူနီယာကျသေးတယ်၊ သိပ်လည်းလှတာပဲဟာ။ သူက ဆရာ့ကို ဒီလောက်ချုပ်ချယ်ထားစရာ မလိုပါဘူး၊ လူဆိုတာ ကျဉ်းကျပ်တော့လည်း ထွက်ပေါက်ရှာချင်မှာပေါ့လေ"

ဒေါ်မူယာတင် ပါးစပ်ထဲ ရောက်ရင်တော့ ဘယ်သူ့နာမည်ပဲဖြစ်ဖြစ် ဆုတ်နုပ်မျောတော့တာပဲ။ နော်အေမီ တွေးလိုက်မိသည်။ မမက တစ်ခုခု ပြောတော့မလို ဒေါ်မူယာသို့ လှမ်းကြည့်လိုက်သေးသည်၊ ပြောတော့ မပြောခဲ့။ သူ့မအလုပ်ကိုသာ ဆက်လုပ်နေခဲ့လေ၏။ ဝမ်းဗိုက်အရေပြား ပြန်ချုပ်ခြင်းက တစ်ခဏချင်း ပြီးစီးသွားခဲ့သည်။

"မူယာရေ ပေးရှင့် ကွန်ဒီးရှင်း ကောင်းတယ်နော်"

"အိုကေပဲ မမ"

"မမအေမီရေ ပွဲသိမ်းရင်တော့ အသံမြည်ပစေနော်"

နော်အေမီသို့ လှမ်းစ, နောက်ခဲ့ရင်း ဒေါ်ခင်ဦးနွယ် ခွဲစိတ်ခုံ အပေါ်မှ ဆွက်ခွာသွားတော့သည်။

"စိတ်ချ မမရေ၊ မမြည်မှာတော့ မပူနဲ့"

ဒေါ်မူယာတင်တစ်ယောက် မေ့ဆေး မပြယ့်တပြယ် လူနာနှင့်ကျန် ခဲ့သဲမှာပင် နော်အေမီရဲ့ အသံမြည်သော ခွဲစိတ်ပစ္စည်းကိရိယာ သိမ်းဆည်းပွဲက ဆောင်ချေခဲ့ပြီပင်။

□

နွေလေပြည်သည် မအေးမြ၊ လေတိုးငွေ့သွား၍ ဖုန်မှုန့်တွေ လူးထ, ဘာရုံ့ သစ်ရွက်တွေ ပိုကြွေလာရုံသာ ရှိခဲ့သည်။ မအေးသည့်အပြင် ပူစပ်ရှားရှား ဖြစ်ခဲ့တာ မခံချိမခံသာ နိုင်နေခဲ့သည်။ ရွက်ကြွေတစ်အုပ်မှာ ရပ်တည်ရာမရနိုင်ဘဲ လေအဝှေ့တိုင်း လိုက်ပါလွင့်မျောနေကြသည်။ ဆင်နှာရွက်တံခါး တွန်းဖွင့်ထွက် လိုက်လျှင် ဆေးရုံကြီးစင်္ကြံပေါ်တွင်ပါ နားခိုရောက်ရှိနေသော ရွက်ခြောက်ကြွေတချို့ကို တွေ့လိုက်ရလေသည်။

သူ့ဆေးရုံကို အလွန်သန့်ရှင်းစွာ မြင်လိုလှသော ကြိုနယ်ဆရာဝန် ကြီးမှာ

www.burmeseclassic.com

www.burmeseclassic.com



ဖုန်ထူ ရှက်ကြေသော နွေကိုဖြင့် စည်းကမ်း ကန့်သတ်ရမည် မဟုတ်တော့ပါပေ။ ဆေးရုံကို တစ်ပတ်လှည့်ပြီးလျှင်ပင် သူ့ဖူတီကုတ်ဖြူ တစ်ထည်လုံး ဖုန်ရောင်ထ လာတတ်သည့်နွေ။

ဒေါက်တာ 'ဦးအောင်မြင့်'သည် ညာဘက်လက်မှ တုတ်ကောက်ကို အားပြုလျက် ကြေံတစ်လျှောက် လျှောက်လာခဲ့သည်။ သူ့ရဲ့ အရပ်မားမား မြင့်မြင့် ကိုယ်လုံးကိုယ်ထည်ထွားထွားတွင် တုတ်ကောက်သံ တခေါက်ခေါက်ပေ။ ဖြည်းဖြည်း ထမ်းလျှောက်လာဟန်သည် သည်မြို့ဆေးရုံလေးရဲ့ အမှတ်သင်္ကေတတစ်ခုသဖွယ် ဖြစ်နေခဲ့ပြီ။

သည် 'မြေလတ်' မြို့က ဦးအောင်မြင့် မွေးဖွားကြီးပြင်းရာ ဇာတိ မြို့လေးဖြစ်သည်။ စဉ်ဆက်ပြည့်စုံကြွယ်ဝခဲ့သော ဦးအောင်မြင့်၏မျိုးရိုးက မြေလတ်မြို့၏ အစဉ်အလာရှိသော မြို့မိမြို့ဖထဲတွင် ပါဝင်ခဲ့သည်။ သူကတော့ တစ်ဘာသာ။ စက်ပိုင်၊ လယ်ပိုင်၊ ကုန်သည်ပွဲစားကြားမှ ဆရာဝန်တစ်ဦး ဖြစ်လာခဲ့သည်။ သူဝါသနာကြီးသော ခွဲစိတ်ကုပညာဘက်တွင် ပို၍ လိုက်စား လေ့လာခဲ့သည်။ ခွဲစိတ်ကုပါရဂူဘွဲ့ရတစ်ဦး ဖြစ်လာဖို့ ကြိုးစားလေ့လာမှု အားကောင်းလှ၍ သူ့ရှေ့အလားအလာမှာလည်း ကောင်းမွန်ခဲ့သည်။ သူ ထိခိုက် ဒဏ်ရာ မရခင်အထိ ဆိုပါတော့လေ။

လွန်ခဲ့သော ၁၂နှစ်ကျော်ကာလက ရှမ်းကုန်းပြင်မြင့်တစ်နေရာတွင် သူလိုက်ပါခဲ့သောကား တိမ်းမှောက်သည့် ထိခိုက်မှုတစ်ခုနှင့် ကြုံခဲ့ရသည်။ ကားပေါ်အတူပါသည့် ကွင်းဆင်းဆေးကုသအဖွဲ့က ဝန်ထမ်းများမှာ ဒဏ်ရာ ကိုယ်စီရကြ။ 'မနှင်းအေး' မည်သော နပ်စ်မလေးတစ်ဦးသည်မူ ပြင်းထန်လှသော ဒဏ်ရာနှင့်ပင် လမ်းတစ်နေရာမှာ ဆုံးပါးခဲ့ရ၊ အောင်မြင့်က အထိခိုက်ဆုံးသူ ဖြစ်ခဲ့သည်လေ။

ချစ်သူ အနှင်း ဒဏ်ရာခံစားနေရသည်ကို မြင်နေရလျက် မလှုပ် မယှက်နိုင် ကြည့်နေခဲ့ရသည်အဖြစ်။ ချစ်သူကို ဆုံးရှုံးလိုက်ရကာ နာတာရှည် ဝေဒနာတစ်ခုကိုလည်း ရရှိခဲ့ပါလေ၏။ ကျောရိုးဆစ် တစ်နေရာတွင် ထိခိုက်မိသော ဒဏ်ရာကြောင့် ကိုယ်အောက်ပိုင်း လှုပ်ရှားနိုင်စွမ်း နည်းပါးသွားမှုကို လနှင့်ချီ၍ ကုသကာ နှစ်နှင့်ချီ၍ ပြန်လည်လေ့ကျင့်ခဲ့ရသည်။ သူ့ရဲ့ဆရာဝန်တစ်ဦးအဖြစ် ရပ်တည်လိုသေးသော စိတ်ဆန္ဒနှင့် လေ့ကျင့်ကြိုးစားမှုများကြောင့်သာ ပြန်လည်



ကျန်းမာလာနိုင်ခဲ့ခြင်းပင်။

ဆရာဝန်တစ်ဦး၏ သာမန်လုပ်ငန်းဆောင်တာမျှကို ပြန်လည်လုပ် ဆောင်လာနိုင်ခဲ့သည်။ သူ ဝါသနာအရှိဆုံးသော အလုပ်တစ်ခုကိုတော့ လက်လွှတ် ခဲ့ရခဲ့ရတော့သည်။ ခွဲစိတ်ကုသမှုများကို သူ မစွမ်းဆောင်နိုင်တော့ပါပေ။ ဇာတိမြို့မှ ဆေးရုံတွင်ပင် သူ့ကိုတာဝန်ချထားပေးခဲ့သည်။ ၁၀ နှစ်ကျော်ခဲ့ပြီ၊ ခွဲစိတ်ကုသမှု များအတွက် မြို့နယ်ဆရာဝန်က မစွမ်းဆောင်နိုင်သဖြင့် မြေလတ်မြို့မှာ ခွဲစိတ် အထူးကု ဆရာဝန်များကို အချိန်အခါ မသင့်သေးဘဲ ရရှိလာခဲ့ပါလေ၏။

ခွဲစိတ်ကုသ လူနာဆောင်နှင့် ခွဲစိတ်ကုသခန်းများကိုလည်း သစ် လွင်သပ်ရပ်သော အဆောက်အအုံသစ်များအဖြစ် မြေလတ်ဆေးရုံက ပိုင်ဆိုင်ခွင့် ရလာခဲ့သည်။ ထိုအဆောက်အအုံသစ်များကတော့ ဦးအောင်မြင့်၏ မိဘများ လှူဒါန်းထားသော ဒါနပေ။

'မြေလတ်မြို့ စက်သူဌေး ဦးပြည့်နှင့်ဒေါ်သေးသွယ် စေတနာ' ဟူသော စာလုံး စာတန်းရေးထိုးထားသည့် ခွဲစိတ်ဆောင်သို့ နေ့စဉ် မရောက်ဘဲမနေနိုင် သည်က သူ့ရဲ့စိတ္တဇတစ်မျိုးလား ထင်သည်လေ။

သူငယ်ချင်း 'ဟန်တင်' ပြောင်းရွှေ့ရမည်ဆိုတော့ အောင်မြင့် စိတ်ပျက် သလိုသည်။ သူ့ရဲ့ ခွဲစိတ်ကုသပညာရပ်အပေါ် အတူတလည် စိတ်ဝင်စားမှုကို ဟန်တင်ကတော့ နားလည်တာသူဖြစ်ပေ၏။ အခြားခွဲစိတ်ဆရာဝန် တစ်ဦးဦး ရောက်လာသဖြင့် မိန်းမတစ်ယောက်အနေနှင့် သည်လို နားလည်တတ်မှု ရှိနိုင်ပါမည်လား၊ ဆိုသခြင်းဆိုင်ရာမှာ ဝင် ရောက်စွက်ဖက်သည် အထင်ရောက်ဖို့က များလေ၏။ သူ လုပ်နိုင်တဲ့အလုပ်တစ်ခုကို မိန်းမတစ်ယောက်က လာရောက် လုပ်ကိုင်ပေးမှာ ဆိုတော့လည်း အောင်မြင့် စိတ်ထဲက မကောင်းချင်။

မြန်မာပြည်မှာ အရေအတွက် အလွန်နည်းပါးသေးသော အမျိုးသမီး ခွဲစိတ်အထူးကုအဖြစ် ဒေါက်တာခင်ဦးနွယ်က ရန်ကုန်မြို့ ဆေးရုံကြီးတစ်ရုံမှ သူ၏ မြေလတ်ဆေးရုံသို့ ပြောင်းရွှေ့ဝင်ရောက်လာမည်ဆိုပဲ။ နောက်တော့ ကြာရှည်စွာ မစောင့်လိုက်ရ၊ ဆေးလောကမှာ ကျယ်ဝန်းသလောက် ဆေးလောက သားတို့ အချင်းချင်း သိနေတတ်ပေရာ ဒေါက်တာခင်ဦးနွယ်ရဲ့ ကိုယ်ရေးရာဇဝင်က 'မြေလတ်'သို့ ကြိုတင်ရောက်နှင့်လာခဲ့တော့သည်။

သူမတွင် မြို့နယ်လေးတစ်ခုမှာ လာရောက်စိုးနေချင်စရာ အကြောင်း

www.burmeseclassic.com

www.burmeseclassic.com



အချက် နိုင်လုံနေခဲ့သည်ပဲ။ ဦးဟန်တင် လက်ထက်က ခွဲစိတ်ကုသ စွမ်းဆော နိုင်မှုဖြင့် သတင်းကြီးခဲ့သော သူ့ဆေးရုံကို အိမ်မထောင်ပျက်ခဲ့သလို စိတ်ဓာတ်လည် ပျက်ပြားချင် ပျက်ပြားနေမည့် အမျိုးသမီးတစ်ယောက်လက်ထဲသို့ ထိုးအပ်ရတော မည့်အဖြစ်က ဦးအောင်မြင်ကို ရင်လေးနေစေခဲ့တာလည်း အမှန်ပင်။

သူမ မြေလတ်သို့ရောက်ရှိလာပုံကမူ တိတ်တိတ်ဆိတ်ဆိတ်ဖြစ် သည် ဆေးရုံအဖွဲ့က ဘူတာရုံမှာ ကြိုကြိုဖို့ စီစဉ်ထားပေမယ့် သူမ ရောက်လာတော ဘယ်သူမှ မသိလိုက်ကြရပေ။ ဦးအောင်မြင်၏ ရုံးခန်းကို သူမတာသာ ရှာဖွေတွေ့ ဝင်ရောက်လာခဲ့သည်။

"ကျွန်မ ဒီဆေးရုံကို ထရန်စဖာကျတဲ့ ခင်ဦးနွယ်ပါ ဆရာ"

သူ့ရဲ့ ကြီးမားသော ကျွန်းစားပွဲရှေ့တွင် ရပ်လာသော အမျိုးသမီး ယ်ကိုကြည့်ကာ ဦးအောင်မြင် ခေတ္တမှင်သက်မိနေပေ၏။ ရှပေ ရှလက် ခန့်ရှိမည်ဖြစ်သော သူမအရပ်နှင့် မငိုက်မဖက်စွာ ပါးလျသော၊ ကျွန်းမာရေးကော ပုံလည်း မရသော အမျိုးသမီးတစ်ဦးက ပင်ပန်းခက်ခဲသော ခွဲစိတ်ဆရာဝန်အ ပိုင်ဆိုင်ထားသည်ဆိုတာ ဘယ်လိုများဖြစ်နိုင်မှာပါလိမ့်။ ပြီးတော့ သူမက ငယ်ရွ လွန်းသည်။ ဖျော့တော့သော အသွေးအရောင်ကြောင့် သူမမှာ ပိုငယ်နေသယော ထင်ရသည်။ သွယ်လျလျ အလှနှင့် အမျိုးသမီးမှာ သိပ်မအောင်မြင်သေ ရှေးဟောင်း ယဉ်ကျေးမှုပစ္စည်းအရောင်းဆိုင် ပိုင်ရှင်တစ်ဦးသာ ဖြစ်သင့်သည် ထင်၏။

"ဪ ထိုင်ပါ ဒေါက်တာ။ ဦးဟန်တင် နေရာရောက်လာတဲ့ ဆ ထင်ပါတယ်နော်"

မလိုအပ်ပါဘဲ မေးခွန်းက ထုတ်မိသေးသည်။ သည်အခါ စော က မှိန်ဖျော့သည် ထင်မိသော မျက်လုံးများက စူးရှလင်းလက်လာခဲ့ပြီး

"ဟုတ်ကဲ့၊ ထရန်စဖာ အော်ဒါ ပါ ပါတယ်"

ကြည်လင် အေးဆေးသော အသံဖြင့် တုံ့ပြန်ခဲ့သည်။

"ဒီလောက်မြန်မြန် ရောက်လာလိမ့်မယ်လို့ ကျွန်တော်တို့က မေ လင့်ခဲ့ဘူး။ ဘူတာမှာ ကြိုကြိုဖို့တောင် သီရေတာ စတပ်(ဖ်) နော်အေမိ စီစဉ်နေကြပါတယ်။ တွေ့ရတာ ဝမ်းသာပါတယ် ဒေါက်တာ"

ဆေးရုံ ပြောင်းရွှေ့ ရောက်လာသော ဆရာဝန်။ ဆရာမဝန်ထမ်းမျ



ကြိုဆိုနှုတ်ဆက်နေကျ စကားများသာ ပြောနေရသည်။ မျက်လုံး၊ နှုတ်ခမ်း ဘင်လျော့လျော့၊ ပါးပြင်နှစ်ဖက် သွယ်ကျကာ သောကမကင်းသေးဟန် လျှမျက်နှာဖြင့် အမျိုးသမီးငယ်ကို သူ့ဆေးရုံရဲ့ ခွဲစိတ်ကုသခန်းထဲမှာ ခွဲစိတ် ဝတ်စုံ အစိမ်းရောင်ဝတ်ဆင်လျက် ရှိနေမည့်အဖြစ်ကို စိတ်ကူးကြည့်လို့ပင် ခဲ့ပေ။

"ကဲ ကျွန်တော့်ဆေးရုံကိုလည်း ဒေါက်တာနဲ့ မိတ်ဆက်ပေးရင်း ကျွန်တော့် စတပ်(ဖ်)တွေနဲ့ ဒေါက်တာ့ကို တစ်ခါတည်း ဆုံပေးလိုက်တာပေါ့"

သူက လက်စွဲတော် တုတ်ကောက်ကို လှမ်းယူကာ အားယူထ, ရပ်ဖို့ ကြိုးစားတော့ သူမ အံ့ဩနိုင်မပြဘဲ စိတ်ဝင်စားစွာ လှမ်းကြည့်နေခဲ့လေ၏။

'အောင်မြင်'က ဒေါ်ခင်ဦးနွယ်အကြောင်း သိရှိထားသလို 'အောင်မြင်' ဝင်ကိုလည်း သူမ သိရှိထားလေဟန်ပေ။ ခွဲစိတ်အထူးကု ဆရာဝန်တစ်ယောက် သည်မြို့အဆင့်မှာ ဘာကြောင့်ထားရှိရတာ သူမ သိရှိထားခဲ့၍ပင် မြို့ကြီးများကို ခွာကာ သည်မြို့လေးသို့ လျှောက်ယူထားခဲ့ပြီပဲ။

"ကျွန်မ ရောက်လာတဲ့အကြောင်း သတင်းပို့ရုံပဲ ဝင်ခဲ့တာပါဆရာ။ အတွက် စီစဉ်စရာလေးတွေလည်းရှိသေးလို့ ဆေးရုံကို ဂျူတီဝင်မှပဲ ပေ။ ဆေးရုံမှာ အိမ်ရ မရလည်း မသိသေးတော့ မြို့ထဲက တည်းခိုခန်းမှာပဲ တည်းနေပါတယ်ဆရာ"

အမျိုးသမီးရဲ့ တည်တည်နှင့် ခပ်ကင်းကင်းနေလိုဟန် အစီအစဉ်များကို အောင်မြင် အနည်းငယ် စိတ်ပျက်မိကာ

"ဆေးရုံပေါင်းဝင်းထဲမှာ ဒေါက်တာ့အတွက်အိမ်ရှိပါတယ်။ ဦးဟန်တင် အိမ်ပါပဲ။ ဒေါက်တာ ဆေးရုံကို တစ်ချက်ကလေးပဲ ဖုန်းဆက်ခဲ့ရင် တို့ အားလုံးစီစဉ်နိုင်ခဲ့မှာပါ။ အိမ်ရှင်းထားဖို့ ရေဖြည့်ထားပေးဖို့တွေ အလုပ်သမားလေးတွေကို ကျွန်တော် ခိုင်းလိုက်ပါမယ်။ ညနေလောက် ကျွန်တော် ဒေါက်တာ့ကို ကားလွှတ်ကြိုခိုင်းလိုက်ပါမယ်။ ဒေါက်တာ 'နေလ'မှာ သိမ့်မယ် ထင်တယ်"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်"

ဒေါ်ခင်ဦးနွယ် နှုတ်ဆက် ထွက်ခွာချိန်တွင် မိုးဖွဲဖွဲလေး ကျနေခဲ့သည်။ မှာ ဆေးရုံကားက ကိစ္စတစ်ခုဖြင့် မြို့ထဲရောက်နေခဲ့ သည်။ သူ့ကိုကြိုမည့်

www.burmeseclassic.com

www.burmeseclassic.com



အိမ်ကကားလာဖို့က နည်းနည်းစောနေသည်။

"ဒေါက်တာ ခဏလေး စောင့်လိုက်ပါလား။ ခဏနေရင် ကျွန်တော့် ကားလည်း လာတော့မှာပါ။ ကျွန်တော် လိုက်ပို့နိုင်းလိုက်ပါ့မယ်"

"ရပါတယ် ဆရာ။ ကလေးတွေ မျှော်နေမှာစိုးလို့"

ပြောရင်း ဒေါ်ခင်ဦးနွယ်က သူမ လက်ဆွဲအိတ်ထဲမှာ ခေါက်ထီးလေး ထုတ်ယူလိုက်သည်။ သို့နှင့် သူမ လက်ဆွဲအိတ်ထဲမှ လှို့ဝှက်ချက်များ ဦးအောင်မြင် စောစီးစွာ သိလိုက်ရလေသည်။ ထီးကိုင်းလေးတွေနှင့်ငြိကာ က စရာ သံပြားတံချွန်ချွန်လေးများက အရင်ထွက်ကျ လာခဲ့သည်။ ပြီးတော့ ရှ စာအုပ်လေးကနှစ်အုပ်။ ဦးအောင်မြင်က တစ်ချီးတစ်ခု ကျလာသော ပစ္စည်းတွေ မျက်ခုံးများမြင့်၍ ကြည့်လိုက်မိသည် ထင်၏။ ဒေါ်ခင်ဦးနွယ်က ပထမဆုံးအ အဖြစ် နူးညံ့စွာပြုံးရယ်သည်။

"သားတွေဆီမှာ တွေ့လို့ သိမ်းထားလိုက်ရတာ။ ဒီပြားတံလေး က မျက်လုံးတွေတာတွေ ထိခိုက်နိုင်တာပေါ့။ ဒါလည်း သူတို့ မတွေ့မိကြဘူး အပြောင်းအရွှေ့နဲ့ဆိုတော့ စာမကျက်ရတဲ့ အရေးသာကို သူတို့က သိသွားကြပြီ

သားတွေအကြောင်းပြောရင်း နူးညံ့သက်ဝင်လာသောမျက်နှာကို မြ တော့ သူ တွေးပူပင်မိသလောက်လည်း ဆေးရုံအတွက် ရင်လေးစရာ မရှိတာ ဦးအောင်မြင် တွေးထင်မိပြန်လေ၏။ ဒေါ်ခင်ဦးနွယ်ကတော့ ပြားချွန်ချွန်လေးများ ရုပ်ပြကို ပြန်ကောက်ယူထည့်လျက် မိုးဖွဲဖွဲအောက်မှာပင် ထွက်ခွာသွားခဲ့တော့သည်

□

ဒေါက်တာ ဦးအောင်မြင်သည် ဆေးရုံစကြံတွင် ရပ်တန့်လျက် သ သော ဆေးရုံဝင်းကို ငေးမောကြည့်ရင်း ဒေါ်ခင်ဦးနွယ် ရောက်ရှိလာခဲ့ ပြန်လည်အမှတ်ရနေမိ၏။ မနက်က ခွဲစိတ်ခန်းတံခါးကို အသာအယာတွန်းဖွင့် မှုယာတင်ရဲ့ စကားသံများကို သူကြားခဲ့ရသည်။ ခွဲစိတ်ခန်းထဲ မဝင်တော့ တိတ်ဆိတ်စွာ သူ ပြန်ထွက်ခဲ့သည်။ နော်အေမီကတစ်ဆင့် မှုယာတင် ပြဿ ဖွေနေသည်ကို သူ ကြားသိနေခဲ့သည်။

"မမအပေါ် ဘာမကျေလည်နေတာလဲ။ ကျွန်မလည်း မစဉ်းစားတ တော့ဘူးဆရာ။ မမကလည်း ငြိမ်နေတော့ ကြားထဲက ကျွန်မဖြင့် အုယ တစ်ဆိတ်ရှိ မကိုယ်ချော့ကိုယ်တာကိုပဲ တိုက်ခိုက်နေတော့တာ။ တစ်ခုတော့ ရှိ



သူက လမ်းမတော်မှာ မမဆေးခန်းနဲ့ သုံးလေးအိမ်ကျော်မှာ ဖွင့်ထားတော့ အဲဒီမှာ ဘာများ ပြဿနာရှိလို့လား မသိဘူး။ မမက A.S ဆိုပေမယ့် စယ်ရှယ်လစ်ပဲ။ သူ နေရာထားတတ်ရမယ်လေ။ သူ ကျွန်မတို့ ဝါဒ်ကို ရောက်လာမှာတောင် ကြောက် တယ်။ ဒေါ်မှုယာတင်ကလည်း သက်သာလို့ OPD မှာနေရတာ ကြိုက်မှာပါ။ သူ့ကို ဝါဒ်ထဲမပို့တဲ့ OPD မှာပဲထားရင် မမနဲ့လည်း သိပ်တွေ့စရာ မရှိတော့ဘူး။ ပြဿနာလည်း မဖွေနိုင်တော့ဘူး။ အဲဒီလိုဆိုရင် မကောင်းဘူးလား"

"မကောင်းဘူး"

ဦးအောင်မြင် စိတ်ထဲက ပြောလိုက်ပေမယ့် နှုတ်ခပ်မဆိတ်ပင် နေမိ သည်။ နော်အေမီနှင့် သူက ဆေးရုံသက်နီးပါး တွဲလုပ်လာခဲ့သူများ ဖြစ်သည် ဆေးရုံတွင် လူညီညီဖြင့် လုပ်ငန်းလည်ပတ်ကြရလျှင် ပင်ပန်းတယ်မဟုတ်တဲ့ အလုပ်လုပ်ကိုင်နိုင်ခဲ့သည့် အခါများစွာကို သတိရနေမိကြလေသည်။

မှုယာတင်လို အလုပ်ဝင်စ ဆရာဝန်တစ်ဦးကို ပညာမတိုးသော OPD (ပြင်ပလူနာဌာန)မှာချည်း ချထားဖို့က မဖြစ်နိုင်ပေ။ သူ့ကိုချောင်ထိုးထားသည် ဟု မမေးဝံ့တဲ့နေမည့်သူမျိုးလည်း မဟုတ်။ ပိုလို့ပင် ပြဿနာ ကြီးမားလာနိုင် သေးသည်။ မှုယာတင့်ကို OPD မှာချည်းထားပြီး ခွဲစိတ်ကုသဘက်မှာ သူကဲ့သို့ပင် ပြဿနာကြီးလှသည့် ဦးသက်ဇော်နိုင်ကို ဒေါ်ခင်နွယ်ဦး၏ ခွဲစိတ်ကုသဆောင်တွင် အစဉ်အမြဲ တာဝန်ချထားပေးလိုက်လို့က အခြေအနေတွေ ပိုရှုပ်ထွေးမလာနိုင်ပေ ဘူးလား။ မှုယာတင်က သူ့အလိုအလျောက် OPD မှာ အစဉ်နေပါရစေ တောင်းယူ မယ့်အချိန်ကို စောင့်တာက ပိုအန္တရာယ်ကင်းမည်။

ဦးအောင်မြင်၏ စိတ်တစ်နေရာက နော်အေမီပြောသလို ဆေးခန်းချင်း နီးပြိုင်တာ၊ အထူးကုနှင့် ပခုံးချင်းယှဉ်ချင်တာတွေထက် ပိုမိုသိမ်မွေ့သော ခြင်းရာတစ်ခု ရှိနေမည်ဟု သိနေမိသည်။ ဆေးရုံအုပ်သက် ကြာရှည်လာတော့ ဆေးရုံကပြဿနာတစ်ခုခုရဲ့ အနံ့အသက်ကို အလိုလိုသိလာသလိုမျိုး ခံစားမိ နေခဲ့သည်။

သူ လမ်းလျှောက်လာသည့် စကြံသို့ တစ်စုံတစ်ဦးက ရုတ်တရက်မျှ တွေ့ ဝင်လာခဲ့စဉ် ဦးအောင်မြင်မှာ တုတ်ကောက် လှမ်း ဆ,ထောက်လိုက်သည့်အခြေပင် မျက်သွင်းချင်သွားရပေ၏။ သူက သူမအကြောင်း အခုပင်တွေးနေမိခဲ့သည်လေ။

မျက်နှာချင်းဆိုင်မှာ လျှောက်လာနေသူမှာ လွန်ခဲ့သော ၄ နှစ်ကလို

www.burmeseclassic.com

www.burmeseclassic.com



ဈေးတော့နွမ်းနယ်နေသော အမျိုးသမီးတစ်ဦး မဟုတ်တော့ပေ။ သူ့ ရှေ့တွင်ပင် တစ်စတစ်စ ရင့်ကျက်တည်ငြိမ်ခဲ့ကာ ပိုမိုလှပတင့်တယ်လာသော အမျိုးသမီး သူမထံတွင် တစ်ခါကတွေ့ခဲ့ရဖူးသော သောကအရိပ်အယောင် မလုံခြုံ မယုံမရဲရှိမှု အားငယ်မှုများ မတွေ့နိုင်ခဲ့တော့တာ ကြာပြီ။ သူမခြေလှမ်းများက သိမ်မွေ့ဖြစ်သော်လည်း ဖုံ့ဖုံ့စားစား ရှိလှသည်။ ခွဲစိတ်ခန်းထဲမှာ အချိန်အတန်ကြာ ဖြန့်ခဲ့ရဟန်ဖြင့် နဖူးပြေပြေတွင် ဆံနွယ်များကို ချွေးစများဖြင့် ကပ်ငြိလျက် အာရုံစူးစိုက်စွာ အလုပ်လုပ်ခဲ့သည်မှို သူမနှုတ်ခမ်း ပါးပြင်တို့တွင် သွေးရောင်လွှမ်းကာ နီပြေပြေ။ သူမဝတ်ဆင်ထားသည့် ကြက်သွေးရောင် ပါတိတ်ဆင်ဝတ်စုံနှင့်အပြိုင် လိုက်ဖက်နေခဲ့သေးတော့။

တွေးတောလာဟန်ဖြင့် မျက်မှောင်ကြုတ်ထားသော မျက်ခုံးနက်နက်များကို ဦးအောင်မြင်အား လှမ်းမြင်လိုက်စဉ်ခဏ ဖြေလျော့သည်။ သူမမျက်လုံးနှင့် နှုတ်ခမ်းများတွင် အပြုံးရိပ်တစ်ခု ဖျတ်ခနဲထင်လာခဲ့သည်။

သူက အနည်းငယ် မျက်နှာထားရခက်စွာ ဒေါ်ခင်ဦးနွယ်သို့ လှမ်းပြုံး နှုတ်ဆက်လိုက်ရလေသည်။

□

စကြံမျိုးအကွေ့မှာ ဦးအောင်မြင်ကို မားမားကြီး မြင်လိုက်ရတော့ ခင်ဦးနွယ် ရှောင်တိမ်းဖို့နောက်ကျသွားခဲ့ပြီပင်။ ခံစားထိခိုက်မှုကို သိုသိပ်သော ကျင့်သားရ အပြုံးဖြင့် နှုတ်ဆက်ရတော့သည်။

''ပေးရှင့်က ရှော့(ခ်) ရနေပေမယ့် အထဲကအခြေအနေကတော့ ထင်သလောက် မဆိုးပါဘူး ဆရာ''

သူမက အလုပ်အကြောင်း ပြောပေမယ့် ဦးအောင်မြင်က အကြောင်း အရာနောက်သို့ လိုက်ပါလာခြင်း မရှိခဲ့။ သူမကိုသာ စူးစမ်းစွာ ကြည့်နေခဲ့ပေတော့။ ခဏအကြာမှ အသိဝင်လာသလို အကြည့်တို့ကို လွှဲဖယ်ရင်း

''ကျွန်တော်က ဦးသက်ဇော်နိုင် ဖွင့်လိမ့်မယ် ထင်နေတာ။ ဒေါ်ခင်ဦးနွယ် သူတို့ကိုလည်း လွှဲပေးဖို့ကောင်းပြီ။ တစ်ယောက်တည်း ဒိုင်ခံ လုပ်နေရင်တော့ သီရေတာထဲက ထွက်ရမှာ မဟုတ်ဘူး''

''ဦးသက်ဇော်နိုင်က ညက နိုက်ဂျူတီမို့ အိမ်တောပြန်သွားလိုက်တယ်။ ကော့(စ်)က သူ သွားပြီးမှ ရောက်လာတာပါဆရာ။ ဒေါက်တာ သီရေတာထဲက



ထွက်ရတာလည်း သိပ်တော့မဆန်းပါဘူး ဆရာရယ်''

ဒေါ်ခင်ဦးနွယ် ရယ်မောဆိုလိုက်ပေမယ့် ဦးအောင်မြင်ကတော့ အတွေး နက်နေဟန်ဖြင့် ပြုံးရုံသာ။ သည်အခြေအနေကို ခင်ဦးနွယ် စိတ်ကျဉ်းကျပ် မိတော့သည်။ သည်စဉ် ဦးအောင်မြင်ရဲ့ ဆန်နီပစ်ကပ်အပြာလေးက ဆေးရုံဝင်းထဲသို့ မောင်းဝင်လာခဲ့သည်။

''ဒေါ်ခင်ဦးနွယ် တစ်ခါတည်း လိုက်ခဲ့လေ။ ကျွန်တော် ဝင်ပို့ပေးခဲ့ပါ့မယ်''

''နေပါစေ ဆရာ။ လမ်းလျှောက်ရင်း ပြန်လိုက်ရင် ခဏလေးရောက် သွားမှာပါ။ ညနေတော့ ကျွန်မ အိမ်မှာနားပါရစေ။ ခုတလော သီရေတာဖွင့်ရတာ ဆက်တိုက်ဖြစ်နေလို့ လုံလည်း အံမဝင်တော့ဘူး ဖြစ်နေတယ် ဆရာရေ''

''ရပါတယ်။ ဒါကြောင့် ကျွန်တော်ပြောတာ။ ဦးသက်ဇော်နိုင်တို့ ဒေါ်မှူးယာတင်တို့ကို လွှဲဦးလို့''

ဒေါ်ခင်ဦးနွယ် ပြုံးလျက် ခေါင်းညိတ်ရင်း လှမ်းထွက်ခဲ့စဉ် စကြံလေးသို့ ချိုးကွေ့လာသော မှူးယာတင်ကို လှမ်းမြင်ရသည်။ တစ်ဆက်တည်း လှမ်းပြုံး နှုတ်ဆက်ရလေသည်။

သူမ ဆေးရုံဝင်းကျယ်ထဲမှ မထွက်နိုင်သေးမီ ကားလေးက ဦးအောင်မြင် ကိုကြိုလျက် သူမအပါးမှ ဖြတ်ကျော်မောင်းနှင်သွားခဲ့သည်။ ကားရှေ့ခန်းတွင် ဦးအောင်မြင်နှင့်အတူထိုင်၍ လိုက်ပါသွားသော မှူးယာတင်က ခင်ဦးနွယ်ကို လက်ပြ နှုတ်ဆက်သွားခဲ့သည်။

ခင်ဦးနွယ်က ခေါင်းဆတ် ပြန်နှုတ်ဆက်ရင်း နှုတ်ခမ်းဖျားလေး ကော့ရုံ ပြုံးမိလေသည်။ ဆေးရုံအဝင် ဂိတ်ဝရှိ ရဲရဲနီအောင် အပွင့်ဆင်ထားသော စိန်ပန်းပင်ညိုနောင်အောက်က ဖြတ်သန်းကာ ကားပြာလေးက မန်ကျည်းတန်း လမ်းလေးပေါ်သို့ တက်သွားခဲ့လေသည်။

ရုတ်တရက် အားအင်တွေ ကုန်ခန်းသွားတော့သလို ခံစားမိကာ လမ်း လျှောက်ဖို့အတွေးကို စွန့်လွှတ်ပြီး ဆိုက်ကား တစ်စီးတလေ ဖြတ်အလာကို စောင့်ဆိုင်းနေမိသည်။ သည်နေ့မှ ဆိုက်ကယ်ကို ယူမလာဖြစ်ခဲ့။ ပင်ခြေအောက်မှ အမွှင့်ဖတ်လွှာတွေ ခင်းကျင်းပေးထားပေးသော စိန်ပန်းပင်ညိုနောင်သို့ ခင်ဦးနွယ် မော့ကြည့်မိလေသည်။ စိန်ပန်းပင် တစ်ပင်လုံး စိမ်းရွက်မမြင်ရ။ ပင်လုံးညွတ်မျှ ဝေနေသော စိန်ပန်းပွင့်ဆွေ့ဖြင့် ရဲတွေးဆင်နေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမ ရောက်စမှာ သည်စိန်ပန်းပင်ညီနောင်မှာ ပုပုလေးတွေ ရှိသေးသည်။ ခုတော့ ဝင်လုံးညွှတ် စိန်ပန်းပွင့်နီရဲရဲတွေဆင်လျက် လောကကြီးကို စိန်ခေါ်နေတော့သည့် အလားပေ။

သည် စိန်ပန်းပင်လေးတွေလိုပင် နှစ်ကာလအချို့ကို ခင်ဦးနွယ်လည်း ဖြတ်သန်းခဲ့ရသည်။ မြေလတ်ပြည်သူ့ဆေးရုံလေးသို့ အလုပ်ဆင်း အလုပ်ပြန်ရင်း သည်စိန်ပန်းပင်လေးများကို အမှတ်မထင် ဖြတ်သန်းလာခဲ့သည်မှာ ၄ နှစ်ပင် ပြည့်လွန်ခဲ့ပါပြီကော။ လောကဓံကို ကြံ့ကြံ့ခံ ရင်ဆိုင်ရင်း၊ သောကများကို အလုပ်တွေဖြင့် အနိုင်ယူရင်း၊ အောင်မြင်မှု နှစ်အပိုင်းအခြားသို့ အချိန်စောစီးစွာကပင် ရောက်နိုင်ခဲ့ပါလျက် ခင်ဦးနွယ်ရဲ့ တစ်ဘဝသဖွယ်ဖြစ်သော အလုပ်ခွင်တွင်း အဆင်မပြေလာသည့် သည်အနိုက်အတန့်တွင်မှု ခင်ဦးနွယ် အားလျော့ချင်လာခဲ့သည်။

မြေလတ်မြို့မှာ အခြေကျကာ အစစ အဆင်ပြေနေခဲ့ပေမယ့် ၄ နှစ်ဆိုတာ မနည်းတော့ပါဘူးလေ။ ပြောင်းရွှေ့ခွင့်အတွက် လျှောက်လွှာတင်မည်ဆိုရင် စဉ်းစားပေးကြတော့မယ် ထင်ပါရဲ့ဟု တွေးမိစ ပြုလာခဲ့ပြီပင်။

□

သည်စိန်ပန်းပင်လေးတွေ အငယ်ဆုံးအရွယ်မှာတော့ နွယ်က မြေလတ်သို့ မရောက်ခဲ့သေးပေ။ ရန်ကုန် ပြည်သူ့ဆေးရုံကြီးတွင် လက်ထောက်ဆရာဝန်အဖြစ်သာ ရှိသေးသည်။ ၉ နှစ်သားအရွယ် သားကြီး 'စည်သူ'က ခင်ဦးနွယ်ရဲ့ တိုင်ပင်ဖော်ပေ။ အရွယ်နှင့် မမျှအောင် သိခဲ့ရသော အသိတွေကြောင့် စည်သူ့ရဲ့ မျက်လုံးလေးများက ဝန်းစက်ကာ ညှိုးရှုလျှ နေသည်လား မပြောတတ်ပေ။

"မေမေနဲ့ သားတို့ဟာ သားဖေဖေနဲ့ အတူနေလို့ မဖြစ်နိုင်တော့ဘူး။ တခြားစီ နေရတော့မယ်ဆိုတာ သားနားလည်သလားဟင်"

စည်သူ့ရဲ့ မျက်လုံးဝိုင်းဝိုင်းလေးများက ခင်ဦးနွယ်သို့ မော်ကြည့်နေရှာသည်။ တစ်ခါက သူ့ရှေ့မှာ ကြင်နာပျော်ရွှင်ခဲ့သော ဖေဖေနှင့် မေမေကို သူမြင်ယောင်ရှာလို့နေသလား။ သူချစ်သော မေမေက သူချစ်သော ဖေဖေ့အကြောင်း သူစိမ်းတစ်ယောက်အကြောင်းလို ပြောပြနေတော့ သူ့နှလုံးသား ငယ်ငယ်လေးထဲမှာ ကြေကွဲဆို့နစ်နေရှာလေမလား။ သည် တစ်ကြိမ် ဘာစကားမှ ပြောမထွက်တော့တဲ့ သားကိုဖက်၍ မျက်ရည်ကျခြင်းနှင့် ပြီးခဲ့စေလို့ မဖြစ်တော့ဘူးတု ခင်ဦးနွယ် ဆုံးဖြတ်ထားခဲ့သည်။

"ဖေဖေ ဘယ်မှာပဲနေနေ သူက သားတို့ရဲ့ဖေဖေပဲ။ သားတို့ကို သူ ဘယ်လောက်ချစ်တယ်ဆိုတာလည်း သားတို့အသိပါပဲ။ အကြောင်း တစ်ခုကြောင့် သားတို့နဲ့ဖေဖေ အတူမနေနိုင်ပေမယ့် သားတို့ကိုတော့ သူက ချစ်ပါတယ်"

ဖေဖေ့ရဲ့ အကြောင်းတစ်ခုဆိုတာကို ပွင့်လင်းစွာပြောပြဖို့ သားက ငယ်လွန်းနေခဲ့သည်။ သို့သော်

"ဖေဖေနဲ့ မေမေ ပြတ်စဲကြတော့မှာကို ပြောတာလား မေမေ"

ခင်ဦးနွယ် ထင်ထားသည်ထက် ၉ နှစ်ရွယ်သားက ရင့်ကျက်နေခဲ့ပါ ကော။ စည်သူ့ပခုံးလေးကို လှမ်းပွေ့ဖက်မယူမိလေအောင် ခင်ဦးနွယ် စိတ်ချုပ်တည်းရင်း ခေါင်းညိတ်ပြလိုက်မိလေသည်။

"ညီသူကရော သားတို့နဲ့ နေမှာလား မေမေ"

စည်သူက သေလုံးလေးကို လွှတ်ထွက်သွားမှာစိုးသလို တင်းကျပ်စွာဆုပ်ကိုင်ထားရင်း မေးလာခဲ့သည်။ သူ့မျက်လုံးဝိုင်းဝိုင်းလေးများက မလှမ်းမကမ်းမှာ အဝတ်နှင့် ကစားနေသော ၂ နှစ်အရွယ်ညီလေး "ညီသူ" ကို လှမ်းကြည့်နေသည်။ ခင်ဦးနွယ်က ခေါင်းညိတ်ပြလိုက်တော့

"ဒါဆိုလည်း ပြီးတာပဲ"

ရှုပ်ထွေး ဝေခွဲမရသော မျက်နှာလေးနှင့်ပင် ညီလေး ညီသူ့ဆီ ပြေးသွားခဲ့တော့သည်။

သား ကြီးပြင်း အရွယ်ရောက်လာသောအခါ ခင်ဦးနွယ်ကိုနားလည်နိုင်ပါစေ။ အဝေးကြည့်ဖြင့် မြင်ကောင်းမြင်နေကြမည့် ပညာတတ်မိန်းမတစ်ယောက်ဖြစ်လို့ အိမ်ထောင်ရေးမှာ သည်းခံခွင့်လွှတ်စိတ်မရှိ၊ အတ္တ မာနချင်းပြိုင်ခဲ့ကြတာမျိုး မဟုတ်ဘူးဆိုတာ သိတတ်စအရွယ်ဖြစ်တဲ့ သားက မှတ်မိနားလည်နိုင်ပါစေဟု သား နောက်ကျောလေးကို ငေးကြည့်ရင်း ခင်ဦးနွယ် ဆုတောင်းခဲ့မိ၏။

□

ညီသူကတော့ ဘာမှ မသိတတ်သေး။ သူ့ဘဝအစမှာ သူ့ဖေဖေက ပြောက်စပ်ပြောက်ကျားသော ပေါ်လာတတ်ခဲ့သည်။ ညီသူ့လေးကို ခင်ဦးနွယ်ပိုက်ထားစဉ်ကာလ သူ့ရဲ့ဇာတ်လမ်းအချို့ကို ကြားသိလာခဲ့သည်။ သောကမီးရှို့ တခြိမ့်ခြိမ့်ဖြင့် ရင်ထဲပူပြင်းလောင်ကျွမ်းလျက်က နှစ်ဖက်မိဘ သဘောမတူနိုင်သေးတဲ့ ဆေးကျောင်းသားအရွယ်ကတည်းက တည်ဆောက်ခဲ့တဲ့

www.burmeseclassic.com



အိမ်ထောင်တစ်ခု အချစ်တစ်ခုပဲလေ။ ပျက်ယွင်းလွယ်ဖို့ မဖြစ်နိုင် ပါဘူး။ စိတ်ထဲမှာ ထင်မှတ်ယုံကြည်မိခဲ့သည်။ ညီသူလေးကို မွေးဖွားဖို့ ၂ ပတ်အလိုမှာ သူ အိမ်က ထွက်ခွာသွားခဲ့သည်။ ညီသူကိုမွေးတော့ ညီသူ့ဖေဖေ မရှိခဲ့။ ညီသူ့မေမေက ခံစားနာကျင်တာရော ရင်ထဲနာကျင်တာရော ရောကာ မျက်ရည်သာ ကျနေခဲ့မိ၏။ သူငယ်ချင်းများက ကလေးကို ချွဲတုတ်ကျဖို့ ညှပ်တွေ၊ လေစုပ်ကိရိယာတွေ ပြင်ဆင်ထားဆဲမှာပင် ညီသူလေးက ခင်ဦးနွယ် စိတ်ပျက်နေမိသော လောကကြီးထဲသို့ အလွန်လွယ်ကူစွာ တိုးထွက်ဝင်ရောက်လာခဲ့တော့သည်။

ညီသူ တစ်လသား အရွယ်တွင်မှ သူ့ကို ခင်ဦးနွယ် ပြန်လည်မြင်တွေ့ရသည်။ ခင်ဦးနွယ်က သားငယ်လေးကို ခေါင်းတစ်ဖက်စောင်းအောင် ငုံ့ကြည့်ပြီးမျက်ရည်ဝဲနေမိခိုက် သူနှင့်သူငယ်ချင်းများ အခန်းဝတွင် ရပ်လာကြလေသည်။ သူ့ကိုမြင်လိုက်ရတော့ သားငယ်ကို ပွေ့လျက်သား ခင်ဦးနွယ် ထ,ရပ်မိခဲ့သည်။ သူ့ရဲ့အချစ်၊ အကြင်နာ၊ အယုအယတို့ကို သတိရစွာရင်ထဲ နွေးထွေးလျက်၊ သူသည် ခင်ဦးနွယ်အတွက် မျှော်လင့်တမ်းမက်ဖို့ ကောင်းဆဲဟု သိလိုက်မိရသည်။ သူမကိုယ်တိုင် သူ့ကို ပြန်လည်ဖျောင်းဖျခေါ်ယူပေးဖို့ သူငယ်ချင်းတွေထံမှာ တောင်းပန် ပြောဆိုခဲ့သည်များကိုမေ့လျက် ဇနီးနှင့်သားတွေထံ ပြန်လာသည့် စွန့်ငံ့သူ သူ့ရဲ့ကောင်းကြီးတစ်ပါးလို နှစ်သိမ့်အားရ ကြိုဆိုမိခဲ့ရသည်။ မလွတ်လပ်သူတစ်ဦးအဖြစ်နှင့် ငြင်းပယ်ခံရှေ့သော သူ ဝမ်းနည်းစွာထွက်ခွာလာခဲ့တာ မကြာမီ ခင်ဦးနွယ် သိခဲ့ရလေသည်။ ခင်ဦးနွယ်ရင်မှာ နာကျင်စွာ ထိခိုက်ခံစားခဲ့ရပါသည်လေ။

□

တစ်နှစ်ကျော်ကာလမှာ ပြုံးမိရှင်ဖွယ်ကာလတာပေ။ စကားစစ်ထိုး ရန်ပွဲမိသော၊ စကားမပြောဘဲ တိတ်ဆိတ် ဖယ်ခွာနေမိခဲ့သော၊ နှစ်ယောက်ပြိုင် ပေါက်ကွဲခဲ့ကြသော၊ တစ်ယောက်တည်းလည်း ပေါက်ကွဲနေမိခဲ့သော အကြိမ်တွေများစွာရှိခဲ့သည်။

အခါများစွာ ဘုရားသွား၊ ကျောင်းတက်ပြုမိခဲ့ကြသည်။ အခါများစွာ အလှူ မင်္ဂလာပွဲများသို့ အတူတက်ရောက်ဖြစ်ဖို့ ကြိုးစားခဲ့ကြသည်။ သူတို့နှစ်ဦးရဲ့ ၁၀ နှစ်မြောက် မင်္ဂလာနေ့မှာ သူငယ်ချင်းများက မင်္ဂလာဆုတောင်းလွှာတွေ သတင်းစာနှစ်စောင်မှာ ထည့်ပေးခဲ့ကြ၏။ နှစ်ဖက်မိဘ ဆွေမျိုးများရဲ့ ရင်ကြားစေ့မှု



အောက်မှာ "သည်လင်သည်မယား အိုအောင်မင်းအောင်" ဆုပေးသံများ ကြိမ်ဖန်များစွာ နားခံယူရင်း မျှော်လင့်ခဲ့ရသည်။

နောက်တော့ သည်ဆုပေးသံ မရောက်မီ သူက ထ,ရပ်နှုတ်ဆက် လိုက်တတ်လျက် ထိုင်နေခဲ့ဖြစ်သော ခင်ဦးနွယ်ကိုလည်း နှုတ်ခမ်းများ လေးကော့ရုံ ပြုံးရှင်မိလာစေခဲ့သည်။ အိုအောင်မင်းအောင် ပေါင်းရဖို့ဆိုတာ ရှိပါစေတော့။

ထိုတစ်နှစ်ကျော်ကာလမှာ ခင်ဦးနွယ်ကို များစွာ ရင့်ကျက်လာစေခဲ့လေသည်။ ဇနီးတစ်ယောက်ရဲ့သိက္ခာ၊ ဂုဏ်ရှိ မာနအားလုံး ကျဆုံးစေခဲ့သည်။ သူ့ထံမှာ အသနားခံစာ တင်သွင်းနေမိခဲ့သော ကာလများ ပါပဲလေ။

နောက်ဆုံးတွင် စားသူမရှိတဲ့ ညစာ ထမင်းပွဲများ၊ အပြစ်မြင်သော အကြည့်များ၊ ခင်ဦးနွယ် ပါဝင်နေသော သူ့ဘဝတစ်ခုလုံးကိုပါ ငြီးငွေ့ စက်ဆုပ် နေလေဟန် သူ့ အမူအရာများက ခင်ဦးနွယ်ကို စဉ်းစားဆုံးဖြတ်လာစေခဲ့သည်။

ကိုယ်စီ ထိခိုက်ခံစားမှုတွေမှာသာ နစ်မျောနေကြသော ဖေနှင့်မေရဲ့ ဥပေက္ခာအောက်မှာ မျက်စိသူငယ် နားသူငယ် သားတွေရဲ့အဖြစ်။ အားလုံးတို့ထက် ခင်ဦးနွယ်ရင်မှာ နာကျင်ခံခက်စေသည်က ဆေးကျောင်းသား အရွယ်ကတည်းက ရှန်းကန်တည်ဆောက်ခဲ့သော ဘဝတစ်ခုကို တည်ဆောက်မှားမိယောင်၊ အချစ်စစ်ကိုတွေ့ပါမှ လွတ်လပ်သူမဟုတ်လို့ မဖြစ်နိုင်တော့တဲ့ဘဝမှာလေဟု လွမ်းဆွေးတမ်းတသော သက်ပြင်းနှမ်းတွေဖြင့် အစဉ် ပူဆွေးရိုသမ်းနေသော သူ့အဖြစ်ကို ခင်ဦးနွယ် နေ့စဉ်မြင်တွေ့နေခြင်းပင်။

သူ့ဘဝထဲမှာ ခင်ဦးနွယ်တို့ သားအမိတွေတွက် နေရာမရှိပြီဟု သိမြင်လာခဲ့ပြီးသောအခါတွင်တော့ ခင်ဦးနွယ်က သူ့ကို အနူးအညွှတ်ပင် စွန့်လွှတ်ခဲ့ပါသည်။ နိုးစားနေရစဉ် သိပ်ချိုမြိန်လှတယ်ဆိုသော သစ်သီးကို ပွင့်လင်းစွာ စားသုံးကြည့်ဖို့ ခင်ဦးနွယ်က အသာတကြည် ခွင့်ပေးခဲ့သည်ပဲ ဆိုပါတော့လေ။

□

မြေလတ်သည် နွမ်းနယ်နေသော ခင်ဦးနွယ် နှလုံးအိမ်ကို တနာ ယုယစွာ ထွေးပွေ့ယူခဲ့သည်။ ဘူတာသို့ ရထားဆိုက်သည်နှင့် လူနေအိမ်ခြေ စည်ကားလှသေး မြို့လေးကို ကြည့်ရေးရင်း ရုတ်ခြည်းလို ခင်ဦးနွယ် ရင်မှာလှုပ်ခြားသည့် စိတ်စေါမှုလေး ထွေတက်လာခဲ့သည်။

ဘူတာရုံ အုတ်တိုက်နီနီကြီး၊ ဘူတာရုံအနောက်ဘက်ရှိ ကန်တော်

www.burmeseclassic.com

www.burmeseclassic.com



မဂ်လာပန်းပြီးအတွင်းက လွတ်လပ်ရေးကျောက်တိုင်။ စိမ်းလန်းစိုပြည် ပန်းတွေ ဝေဝေဆာဆာရှိသော ရေကန်။ ဥယျာဉ်နှင့် ပေါင်းကူးတံတား ဖြူဖြူကလေး။ ထို့ရှုခင်းလေးတော ခင်ဦးနွယ်နှင့် ရင်းနှီးနေခဲ့သည်။ တစ်ကြိမ်မျှ မရောက်ခဲ့ဖူးပါပဲ ကျွမ်းဝင်နှင့်သလို ရှိနေသော မြို့လေးကိုကြည့်ရင်း ခင်ဦးနွယ် ဇဝေဇဝါ ဖြစ်မိသည်။ အနည်းဆုံး သည်မြို့လေးကို ခင်ဦးနွယ် အိပ်မက်ဖူးခဲ့သလား။ တွေးလိုက်မိပြီးမှ သူမ ရုတ်ခြည်းလို သတိဝင်သည်။

DÉJAVU မည်သော စိတ်ခံစားမှုလေး သက်သက်ပါပဲလား။ တစ်နေရာရာ အဖြစ်တစ်ခုခုကို အရင်က မရောက်ဖူး၊ မကြုံဖူးဘဲလျက် ရောက်ဖူး ကြုံဖူးသလို စိတ်ခံစားမှုလေးမျိုး လူတိုင်းမှာပင် တစ်ခါတစ်ရံ ဖြစ်ပေါ်လာနိုင်လေသည်။ ဆေးပညာမှာတော့ DÉJAVU PHENOMENON ဟုခေါ်သည်။

ခင်ဦးနွယ်နှင့် ရင်းနှီးကျွမ်းဝင်နှင့်သလို ဆီးကြိုနှုတ်ဆက်လေသော မြေလတ်မြို့လေးကို မြင်တွေ့ရမှာပင် ခင်ဦးနွယ် နှစ်သက်သဘောကျမိခဲ့ရလေသည်။

☐

မြေလတ်ဆေးရုံကို မြင်ရတော့ ခင်ဦးနွယ် ပိုလို နှစ်မြို့က်မိခဲ့သည်။ ဆေးရုံလေးက စည်ကားသော မြို့လယ်နှင့်အလှမ်းဝေးရာ မြို့စွန်ကျကျမှာရှိသည်။ အင်္ဂလိပ်အက္ခရာ E ပုံစံ တစ်ထပ်အဆောက်အအုံလေး ဖြစ်သည်။ ပြူပြင်ထိန်းသိမ်းမှုဖြင့် ဆေးရောင်သစ်လွင်စွာရှိသည့် သံဃာဆောင်၊ ခွဲစိတ်ကုသဆောင်၊ သားဖွားဆောင်တို့ သီးသန့်ရှိလျက် အုပ်ချုပ်သူ ဆရာဝန်ကြီးရဲ့ စည်းရုံးနိုင်မှု အရှိန်အဝါကို ခန့်မှန်းနိုင်လေသည်။ အဆောက်အအုံများက ငယ်သော်လည်း သပ်ရပ်သစ်လွင်သည်။ အမိုးပါသော စင်္ကြံများဖြင့် အဆောက်အအုံ တစ်ခုနှင့်တစ်ခု ဆက်သွယ်ထားသည်။ ဆေးရုံပိုင် အဝိုင်းစိတ္တင်း၊ ရေစက်နှင့် မီးစက်ကလေးရှိသည်။

သူမနှင့် လုံးဝသက်ဆိုင်သော ခွဲစိတ်ကုသဆောင်နှင့် ခွဲစိတ်ခန်းတို့က အသစ်လွင်ဆုံး၊ အသပ်ရပ်ဆုံး ရှိနေခဲ့ကြခြင်းပင်။ ထိုခွဲစိတ်ကုသမှုဆိုင်ရာ အဆောက်အအုံများက မြို့နယ်ဆရာဝန်ကြီး မိတ်များရဲ့ စေတနာဟု ကမ္ပည်းထိုးထားခဲ့လေ၏။

ဆေးရုံသစ်နေရာမှာ ရဲစခန်းဝင်းနှင့် ကပ်လျက်ဖြစ်လေ၏။ ဆေးရုံသစ်ဝင်းထဲမှာ ဆေးရုံစောင့် အဘချက်နှင့် အလုပ်သမား မောင်တင်လှ၊ မစိမ်းညိုတို့ တန်းလျားလေးတစ်ခုသာ ရှိသည်။ ဆရာဝန်နှင့် အခြားဝန်ထမ်းများအိမ်ရာက



ဆေးရုံဟောင်းနေရာမှာ ကျန်ရစ်သည်။ အရင်ဆေးရုံဟောင်း အုတ်မြစ်ခံ နှစ်ထပ် ပျဉ်ထောင်၊ ပျဉ်ခင်း၊ သွပ်မိုး အဆောက်အအုံ ရှည်ကြီးမှာ အထက်တန်းကျောင်း အမှတ် (၂) ဖြစ်သွားခဲ့သည်ဟု ဆို၏။

ဆေးရုံဟောင်းနေရာမှာ လက်ရှိ ဆေးရုံသစ်နေရာနှင့် အနည်းငယ် လှမ်းနေခဲ့သည် မန်ကျည်းပင်တန်းလမ်းလေးမှ ၁၅ မိနစ်မျှ လျှောက်သွား ရလေ၏။ ဆေးရုံဟောင်းဝင်းရှိ ဝန်ထမ်းအိမ်ရာများနှင့် အထက်တန်းကျောင်းကို ခြံစည်းရိုးလေးဖြင့် ခြားထားခဲ့သည်။

ကျောင်းနှင့်အနီးဆုံးအိမ်က မြို့နယ်ဆရာဝန်အိမ် ဖြစ်လေ၏။ ဒေါက်တာ ဦးအောင်မြင်က မြို့မရပ်ထဲက သူ့တိုက်မှာသာနေခဲ့သည်။ မြို့နယ်ဆရာဝန် အတွက်အိမ်မှာ ဆာဂျင်အိမ် ဖြစ်လာခဲ့တော့သည်။ အရင်က ဦးဟန်တင်၊ အခု တော့ ဒေါ်ခင်ဦးနွယ်။

ကျန်ဆရာဝန်အိမ်သုံးလုံးက ဒေါ်ခင်ဦးနွယ်အိမ်နှင့် အလယ်တွင် ကွက်လပ်ကလေးခြားပြီး တစ်ဖက်စည်းရိုးကို နောက်ခိုင်းထား၍ ရှိလေ၏။ ခင်ဦးနွယ် အိမ်ရှေ့က မြေနီလမ်းလေးမှာ ဆေးရုံဟောင်းဝင်းသို့ ဝင်ဂိတ်မှ ဝင်လာခဲ့ပြီး ကောက်ပုံကွေ့ကာ ဝန်ထမ်းအိမ်ရာတို့၏ရှေ့က ဖြတ်သွားခဲ့လေ၏။ ထိုလမ်းကလေးက ကွက်လပ်ကလေးကို မျက်နှာပြုထားသည့် သူနာပြုဆရာမများ စခန်းတွဲ အိမ်ရာများရှေ့မှဖြတ်ကာ တစ်ဖက် ဆရာဝန်များအိမ်ရှေ့သို့ ရောက်လေ၏။ ကိုတက်တွင်ရှိသော ဆေးရုံဟောင်းဝင်း ထွက်ဂိတ်မှတစ်ဆင့် မန်ကျည်းတန်းလမ်းဆီ ပြန်တက်သွားခဲ့လေ၏။ ဆရာများအိမ်ရာနှင့် နောက်ဖေး ချင်းဆိုင်၍ အလုပ်သမားတန်းလျားများ ရှိလေ၏။ ဆေးရုံဟောင်းဝင်းလေးမှာ ဆေးရုံဝန်ထမ်းတွေ စုစည်းစွာ နေထိုင်ကြကာ ရွာလေးတစ်ရွာနှင့်ပင် တူနေခဲ့တော့ သည်။

ဆရာဝန်ကြီး ဦးအောင်မြင်သည်မှု အသားညိုညို၊ တောင့်တောင် မောင်းမောင်းဖြစ်သည်။ ယောကျ်ားပီသ ပေါ်လွင်သော ရုပ်ရည်ရှိသည်။ သူ့သဘာဝ က ခက်ထန်ခြင်း မရှိသလို ချိုသာခြင်းလည်းမရှိ။ ခင်ဦးနွယ်ကို မြင်တွေ့လိုက်ရ သောမှာ စိတ်ပျက်သွားခဲ့ဟန်ကတော့ ရှိုးသားသော သူ့ မျက်နှာပြင်တွင် အထင်းသား ပေါ်လွင်လာခဲ့သည်။

သူမထက် လုပ်သက်လည်းရှိ၊ အရွယ်လည်းရသော ပြောင်းရွှေ့

www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့သည့် ခွဲစိတ်အလုပ်ကို ဒေါက်တာဦးဟန်တင်နှင့် ယှဉ်၍မြင်လျက် အမှတ်တွေ ပေးနေမှာကတော့ သေချာလေသည်။ ခင်ဦးနွယ်တစ်ဝမှာ သောကဖိစီးခဲ့တာ မှန်သည်။ ထိုအဖေအမေတဲ့မှာ ခင်ဦးနွယ် တရိရိ ဆွေးမြည့်ဖို့ မြေလတ်ဆေးရုံလေးသို့ နိုင်ငံ့လာသည်မှ မဟုတ်တဲ့။ ခင်ဦးနွယ်ရဲ့ ကစဉ့်ကလျားစိတ်များကို အလုပ်ထဲမှာ နှစ်မြှုပ်ပစ်ဖို့ အတိတ်ဟောင်းနှင့် ဝေးရာအရပ်ကို ရွေးချယ်ခဲ့ခြင်းသာ။

ပြီးတော့ ဖခင်ရဲ့စွန့်ပစ်ခြင်းကို ခံခဲ့ရသော လူမမည်သားတွေအတွက် ရှုန်းကန်လှုပ်ရှားဖို့ ခင်ဦးနွယ်တွင် တာဝန်ရှိသေးသည်လေ။ ခင်ဦးနွယ်တွင် စိတ်ဓာတ်ပျက်ပြားနေဖို့ အချိန်မရှိ။ ရှိခဲ့ရင်လည်း ကုန်လွန်ခဲ့ပြီဆိုတာ၊ ခင်ဦးနွယ်က ကိုယ်ရေးကိုယ်တာနှင့် အလုပ်ကို ရောထွေးပစ်မည့်သူ မဟုတ်ဘူးဆိုတာ မကြာမြင့်မီမှာ ဒေါက်တာဦးအောင်မြင့် သိရှိလာတော့မည်ပါ။

□

မေမေကတော့ ခင်ဦးနွယ်ရဲ့ ကိုယ်ရေးကိုယ်တာနှင့် အလုပ်ကို အစဉ့် ရောထွေးလို့ စဉ်းစားတတ်ခဲ့သည်။ အငြိမ်းစားယူပြီးဖြစ်သော ဖေဖေနှင့် ကျောင်းမပြီးသေးသည့် ညီမထွေးကိုထားကာ ခင်ဦးနွယ်နောက်သို့ လိုက်ပါခဲ့ခြင်းကပင် မေမေ့စိုးရိမ်သောကကို ထင်သာမြင်သာစေသည်။

ခင်ဦးနွယ် မြေလတ်ရောက်ခဲ့ပြီး နှစ်ရက်မြောက်နေ့၊ နံနက်စော စော ဝေလီဝေလင်းတွင် လူတစ်ယောက် အိမ်တံခါးလာဖွင့်နိုးခဲ့သည်။ ခန်းဆီးကြားမှ ကြည့်လျှင် စောင်ပုခက်နှင့် ထမ်းပိုးလာသော လူနာကိုပါ တွေ့မြင်ရတော့

"ဆေးရုံကိုပဲ သွားဖို့ပြောလိုက်ပါမေမေ။ နွယ် နောက်က လိုက်သွားပြီး ကြည့်ပေးလိုက်မယ်"

မေမေ့ကို တီးတိုးမှာရသည်။ မေမေ အိမ်ရှေ့ထွက်သွားခဲ့သည်။ ခဏကြာ မေမေနှင့်ပြောဆိုနေခဲ့ပြီး တံခါးဖွင့်ပေးလိုက်သံ ကြားရသည်။

"မေမေက ခက်တာပဲ"

နွယ့်စိတ်တွင် ညည်းတွားမိရင်း လူနာကို ထွက်ကြည့်ပေးရတော့သည်။

"တကယ်အရေးကြီးရင် အိမ်မှာကုလို့ ပြီးနိုင်တာမှ မဟုတ်တဲ့ မေမေ ဆေးရုံပဲ လွှတ်ရမှာ။ ဆေးရုံက ဂျူတီကျဆရာဝန်က လိုအပ်ရင် နွယ့်ကို ခေါ်မှာပေါ့ ဒီလိုသာဆိုရင် နွယ်တို့ရဲ့ ကိုယ်ပိုင်အချိန်ရယ်လို့ ရှိမှာမဟုတ်တော့ဘူး"

"အခု လူနာကတော့ အိမ်မှာတင် ကုပေးလိုက်လို့ ပြီးသွားတယ်



မဟုတ်လား"

မေမေက လေပျော့လေးနှင့် ဆိုခဲ့သည်။

"သူတို့က ရွာအဝေးကြီးက လာခဲ့ရတာ။ ဒီရောက်နေမှ ဆေးရုံပဲ သွားလိုက်ပါ၊ ဆီးပြောလို့ ကောင်းပါ့မလားကွယ်။ အရင်ဆရာဝန်ကြီးတုန်း ကလည်း ကြည့်ပေးပါတယ် ပြောနေမှတော့ သမီးလည်း ငြင်းဖို့ မကောင်း တော့ဘူးလေ"

"အချိန်မရွေး တံခါးလာဖွင့်နိုးနေကြလို့ လူဆိုးမှန်းမသိ၊ လူကောင်း မှန်းမသိနဲ့ မေမေပဲ စိတ်ပူနေဦးမှာ"

သည်တွင် မေမေက ခင်ဦးနွယ်အတွက် ဘဝပေးသင်ခန်းစာ အမှတ်တစ် ကို ပို့ချခဲ့ပါလေ၏။

"စိတ်ပူလို့ပဲ မေမေပြောနေတာပေါ့နွယ်။ နွယ်က သူများရပ်ရွာမှာ ဆောက်တည်ရာ မှားမှားမတ်မတ် မရှိဘဲနေရတာ။ သူ့နယ်စရိုက်နဲ့ အလိုက်အ ထိုက်ဖြစ်အောင် နေတတ်ပါမှ။ ဘယ်သူ့အပြုံအပြစ်မှ ခံလို့မဖြစ်ဘူးလေ။ နွယ်က မြို့ပြင်က ဆေးရုံနဲ့ မြို့ထဲက ဆေးခန်းကို အချိန်မရှိ အချိန်ရှိ သွားနေရတာ။ ဒီ့ကြောင့်ကလည်း လိုက်လိုက်လျောလျော နေတတ်မှအရပ်က ကိုယ့်ကို ချစ်ခင်စောင့်ရှောက် ကြတော့မှာပေါ့"

အသက်သုံးဆယ်အရွယ်တွင် တစ်ရပ်တစ်နယ်မှာ သားနှစ်ယောက် အမေအဖြစ် ဘဝကို တစ်ကိုယ်တည်း ရင်ဆိုင်ရရှုံနဲ့ သူတကာ မျက်နှာကို ကြည့်လို့ အများသဘောကျ နေပြရတော့မှာလားမေမေဟု ခင်ဦးနွယ်က မေးလိုက် ချင်သလို မေမေ့ကို ကြည့်မိတော့

"ဒါ အစပဲရှိသေးတယ် နွယ်"

ဟု မေမေ့မျက်လုံးများက ပြောလိုက်သည် ထင်မိလေ၏။

□

မြေလတ်ရောက်ပြီး တစ်လခန့်အကြာ မလိုအပ်တဲ့ ဆေးရုံမှာ အချိန် ကုန်ရသော ညနေ့ကိုသန်းခေါင်ကိုလည်း ခင်ဦးနွယ် မှတ်မိနေခဲ့သည်၊ နေ့လယ်က ခေါ် ခွဲစိတ်လူနာနှစ်ဦး ဆက်ခဲ့သည်မို့ ခင်ဦးနွယ် ပင်ပန်းသောရက်ဖြစ်လေ၏။ ဆေးခန်းကအပြန်မှာ ဆေးရုံက ခွဲစိတ်ပြီးစ လူနာနှစ်ဦး အခြေအနေကို ကြည့် ခဲ့သည်။ ကျေနပ်စိတ်ချရလောက်သည့် အခြေအနေပေ။

www.burmeseclassic.com

www.burmeseclassic.com



သန်းခေါင်ကျော်တွင် အိမ်တံခါးကို တကြော်ကြော်အော်ခေါ်လာ၍ ဖွင့်ခိုင်းတော့ ခင်ဦးနွယ်ရော မေမေပါပြိုင်တူနိုးလာခဲ့ကြသည်။ တံခါးဖွင့်ပေးလိုက်တော့ ဝင်လာသူတွေက တစ်ဒါဇင်နီးပါး။ နေ့လယ်က အူအတက်ရောင်၍ ခွဲစိတ်ခဲ့ရသော လူနာအဘွား၏ လူနာစောင့် သားသမီးများပေ။ လူနာအဘွားက ခွဲစိတ်တဲ့ ဆရာဝန်ကိုခေါ်ပေးပါဟု ခေါ်ခိုင်းနေခဲ့သည်တဲ့။ ဘာကြောင့်လဲ။ လူနာ အခြေအနေ မေးတော့လည်း ရေရေရာရာမရှိ၊ နေရခက်သည်ဟုသာ ပြောသည်တဲ့။

ခင်ဦးနွယ်ကတော့ အဘွားနှင့် အိမ်သားများရဲ့ စိတ်ရောဂါကို ခန့်မှန်းမိလိုက်ပြီ။ လူနာကိုယ်တိုင်က ခပ်သဲသဲ၊ ကိုကျကျ၊ ငွေရှင်ကြေးရှင် အဘွားကြီး ဖြစ်တော့ လူနာစောင့်များမှာလည်း ပျာယာခပ်လျက်။ နွယ် ညဦးက ဆေးရုံဝင်တော့ အဘွားထက် ပိုလို့အခြေအနေဆိုးသော ပထမ ခွဲစိတ်ထားသည့် မိန်းကလေးကို အရင်ဝင်ကြည့်ခဲ့သည်။ ကလေး ဖျက်ချရာက သားအိမ်ကွဲသွားခဲ့ပြီး သွေးအဆက်မပြတ် ဆင်းနေသော အခြေအနေမှာ သားအိမ်ပါ ထုတ်လိုက်ရသော မိန်းကလေးဖြစ်လေ၏။ သူမ အခြေအနေမှာ စိတ်မချရသေး။ လိုအပ်သော ဆေးကုသမှုတွေ ထပ်ပေးရကာ သူမအခန်းမှာ ကြာနေဆဲ အဘွားအခန်းက လူနာစောင့်တွေက ခင်ဦးနွယ်ကို မကြာခဏ လာခေါ်ကြသည်။

နွယ်အလုပ်ပြီးမှ အဘွားအခန်းကို ဝင်သည်။ အဘွားအခြေအနေက အလွန်ကောင်းလေ၏။ နွယ် အဘွားအခန်းမှာ မကြာခဲ့၊ 'ခဏ' သာ နေလျက် ဆေးရုံရောက်ခိုက် နွယ့် လူနာဆောင်ဆီ တစ်ပတ်လှည့်ကြည့်ပြီး ပြန်ခဲ့သည်။ ထိုခဏအတွက် ထိုညက နွယ် အိပ်ရေးပျက်ခြင်းပါပဲ။

"ဆေးရုံမှာ တာဝန်ကျ ဆရာမရှိပါတယ်။ အရေးပေါ် တာဝန်ကျတဲ့ ဆရာဝန်ကို အရေးကြီးရင် သူက အကြောင်းကြားပေးမှာပါ။ အခုဖြစ်တာ ဆရာမကို ရော ပြောပြခဲ့ပြီလား"

လူနာရှင်များ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြသည်။

"သူ မသိရဘဲ၊ ဂျူတီဆရာဝန်လည်း မသိဘဲ ကျွန်မကိုကျော်ပြီး လာခေါ်တာတော့ မသင့်ဘူးလေ။ အခုအချိန်မှာ ဂျူတီဆရာဝန်က တာဝန် အရှိဆုံးမို့ သူအရင်ဆုံး သိသင့်ပါတယ်။ စောစောကလည်း ကျွန်မလာ ကြည့်ခဲ့သေး တာပဲ။ အခြေအနေ ကောင်းပါတယ်"

ခင်ဦးနွယ် ရှင်းပြပေမယ့် လူနာရှင်များကတော့ နားမဝင်ခဲ့။ လုပ်ငန်း



သဘောကိုလည်း နားမလည်။

"ခေါက်တာကို ခေါ်ချင်ရင် ခေါက်တာ့လက်ထောက်တွေကနေ တစ်ဆင့် တစ်ဆင့်ပြောရမယ့် သဘောလား"

လေသံတင်းတင်းမာမာကြောင့် ခင်ဦးနွယ် တစ်စုံတစ်ရာ ပြောတော့မို့ ဖြစ်စဉ် မေမေက ပါဝင်လာခဲ့ခြင်းပင်။

"လိုက်ကြည့်ပေးလိုက်ပါနွယ်။ တော်တော် စိတ်ပူနေကြရှာတာ။ သမီး လိုက်သွားပြီးတော့ အားလုံးကောင်းပါတယ်ဆိုတာ ပြောပြမှ သူတို့ ခမျာများ စိတ်ချနိုင်မှာပေါ့။ လိုက်သွားလိုက်ပါ။ မိန်းမဖော်တွေလည်း ပါတာပဲ"

ခင်ဦးနွယ်ရဲ့ အလုပ်နှင့် ခင်ဦးနွယ်ရဲ့ ကိုယ်ရေးကိုယ်တာကို ရောထွေးခြင်းစားလိုက်ပြန်သော မေမေ့မျက်လုံးများမှ တောင်းပန်စကားကို ခင်ဦးနွယ် နားလည်လိုက်ရပါလေ၏။

ဆေးရုံသို့ ခင်ဦးနွယ် လိုက်သွားခဲ့သည်။ နွယ်ထင်သည့်အတိုင်း လူနာ အခြေအနေက အပြောင်းအလဲမရှိပါ။ နွယ် အားပေးနှစ်သိမ့်သော ကုသထုံးကို နားရိုက်ကြာအောင် ပေးပြီး ပြန်ခဲ့သည်။

"ဘာမှ မဖြစ်ရင် ကောင်းတယ်သမီးရေ၊ တစ်ခုခု မတော်တာဆ ဖြစ်ရင် သွားခေါ်သေးတယ်။ ဆရာဝန် လိုက်မကြည့်ဘူး ပြောစရာဖြစ်မယ်၊ မကျေနပ်လို့ တိုင်ခဲ့ရင် ဖြေရှင်းရမယ်၊ ကြားတဲ့သူတိုင်းက အထင်အမြင်တစ်မျိုး ဖြစ်ဦးမယ်။ လိုက်ကြည့်ပေးလိုက်ရင် နွယ်လည်း စိတ်အေးရတာပေါ့"

"ဒါဆိုရင်တော့ နွယ် နှစ်ကိုယ် သုံးကိုယ် ခွဲမှပဲ ဖြစ်တော့မှာ မေမေ"

မေမေပြောတာ မှန်သည်။ နွယ်ရယ်မှပင် စိတ်ပေါ့ပါးစွာ ရယ်မောနိုင်ခဲ့တာ သတိထားမိသည်။

စင်စင် နွယ်ကိုယ်တိုင်က စိုးရိမ် ပူပင်တတ်သူ။ မေမေကလည်း နွယ့် အလုပ်နှင့် ကိုယ်ရေးကိုယ်တာကို ရောထွေးပူပင်တတ်သည်။ နွယ်က ဆေးရုံက လူနာတစ်ယောက်ယောက်အကြောင်း စိတ်မချစွာ ပြောမိလျှင်

"အချိန်ရှိသေးတယ် သမီး၊ တစ်ခေါက်လောက် သွားကြည့်လိုက်ပါ လား"

နွယ်က လူနာအတွက် စိတ်ပူပင်တတ်စွာ ဆေးရုံသွားကြည့်လိုက်၊ မေမေက နွယ့်အတွက် ပူပင်တတ်စွာ ဆေးရုံသွားကြည့် စေလိုက်နှင့်ပင် နွယ်၏

www.burmeseclassic.com



တစ်နေ့ အိပ်ချိန် ကိုယ်ပိုင်အချိန်တို့ ပါလျော့ခဲ့ရသည်။ ကျွန်မလိုချင်သည့် စိတ်ရောလူပါ အနားအမျှင်အောင် အလုပ်တွေ လုပ်နေရသော ပုံစံသို့ ဝင်လာခဲ့သည်။

ဒေါက်တာဦးဟန်တင် ပြောင်းရွှေ့သွားစဉ်က နှိမ့်ချသွားသော မြေ လတ်သေးရုံ၏ ခွဲစိတ်ကုသမှု လူနာအခြေပြမျဉ်းမှာ တရိပ်ရိပ်နှင့် လျှပ်မြန်စွာ မြင့်တက်လာခဲ့လေတော့သည်။

□

ကျွန်မနှင့် သားတို့၏ ဆက်ဆံရေးတွင် အသစ်အသစ်သော သိနား လည်မှုများက ပေါက်ဖွားမလုံးနိုင်ခဲ့ပေ။ သားတို့တွင် ကျွန်မသိနားမလည် နိုင်သော အကြွားတစ်ခက် အမြဲရှိနေသည်ဟု ကျွန်မသိနေမိသည်။ သို့ပေမယ့် မေမေ့သားတွေ အကြောင်း မေမေသိတာပေါ့ဟု ကျွန်မပြောတတ်မြဲ။ ထိုအပြောဖြင့် သားတို့ကို စည်းရုံးဖို့ ကြိုးစားတတ်မြဲ။ ခင်ဦးကျွန်မတုန်းကတော့ ခင်ဦးကျွန်မက ညီအစ်မ သုံးယောက်အနက် အလယ်လူဖြစ်၏။ အစ်ကိုတွေ၊ မောင်တွေ အရင်းအချာမရှိခဲ့။ ကျွန်မ ကြီးပြင်းလာသည့် ပုံစံအတိုင်း စည်သူ၊ ညီသူတို့ကို ကြီးပြင်းစေဖို့ မကာနွ သတ်မိအောင် အစဉ် သတိထားနေရသည်။ သဘာဝချင်းက မတူဘူးလေ။

သားကြီး စည်သူကို ကိုင်တွယ်ရသည်က ပိုခက်ခဲသည်ထင်မိ၏။ စည်သူက သူ့ဖေဖေရဲ့ မေတ္တာကို သိမြင်ဖူး၊ ခံစားဖူးခဲ့သည်။ မျက်နှာ ချိုချိုဖြင့် လိုက်လျောလွန်းသော သူ့ဖေဖေသည် သူ့အတွက်တော့ အတုမရှိသော သူရဲကောင်း ကြီးတစ်ပါး ဖြစ်နေခဲ့မည်ပါပဲ။ စည်သူက အေးဆေး တိတ်ဆိတ်သည်။ ကျွန်မ ငယ်စဉ်ကလေးဘဝအရွယ်နှင့်လည်းမတူ။ ဉာဏ်ရည် ထက်မြက်ပေမယ့် သွက်လက်မှုမရှိ။

စည်သူ လှုပ်ရှားတက်ကြွသော စာသင်သားတစ်ယောက်ပုံစံ ဝင်မလာ နိုင်ခြင်းကို ကျွန်မကလည်း အတင်းအကျပ် ပုံသွင်းမယူခဲ့ပေ။ စည်သူ မှတ်သိပ်နေ ရည်ထင်ရသောအရာကို ကျွန်မဖြည့်ဆည်းပေးဖို့ မဖြစ်နိုင်သည့်အတူတူ သူနေတတ် သလိုပဲ ရှိပါစေ။

နဖူးပေါ် ကပိုကရိုခဲ့သော ဆံပင်နုနုလေးများဖြင့် ဖြူဝင်းသော အသား အရေ မျက်ခုံး မျက်လုံးများ ထင်ရှားစိမ်းမှောင်လျက်၊ နှုတ်ခမ်းက ပန်းနုသွေး နှာတံပေါ်ကာ မေးရိုးကျ လှပသည်။ နှုတ်ခမ်းမွေး စိမ်းနုနုလေးများဖြင့် အရပ်က ကျွန်မကို မီးတော့မည်။ စည်သူ လွယ်အိတ်လေး လွယ်လျက် ကျောင်းဝတ်စုံ



အဖြူအစိမ်း ဝတ်ဆင်ကာ အိမ်ပေါ်သို့ တက်လာသည်ကို မြင်ရလျှင် သူ သည်အရွယ် ထိရောက်အောင် အချိန်တွေ ဘယ်လိုများ ကုန်ဆုံးသွားစေမိပါလိမ့်။ သည်မျှ အချိန်ကာလထိအောင် ကျွန်မရုန်းကန်နိုင်ခဲ့သည်လား။ ကျွန်မ့်ကိုယ်ကျွန်မ မယုံကြည်နိုင် အောင် အံ့သြမိသည့် အကြိမ်လည်း မနည်းတော့။

ကျွန်မလျှောက်ခဲ့ရသော လမ်းမှာ ပန်းတိုင်မဲ့ အခက်အခဲပြေးပွဲ တစ်ခုကဲ့သို့ အရပ်အနားမရှိ ပင်ပန်းကြမ်းတမ်းသော ဘဝခရီးပင်။ သားတို့က ထိုခရီးကြမ်းထဲမှာ ခရီးဆက်ဖို့ အင်အားအသစ်ဖြစ်စေသော အမောပြေ သံပရာခြမ်းလေးများ ပမာ ပါပေ။

□

ညီသူသည်မူ သံပရာချဉ်စူးစူးလေးများ ဖြစ်လေမလား။ ကျွန်မစိုးရွံ့ ရပြန်သည်။

ညီသူ ကျောင်းဝင်စမှာ အစ်ကို စည်သူ့နှယ် ရိုးသားတော့မည် ပုံကလေး။ ညီသူ လူဖြစ်လာတော့ စည်သူ့လို အဖေကိုကောင်းစွာ မမှတ်မိလိုက်ရ။ စည်သူကဲ့သို့ မိသားစု ပျော်ရွှင်သိုက်ဝန်းစွာ နေခဲ့ရသောဘဝ နှင့် မကြုံဖူးခဲ့ရရှာလေတော့ သိမ်ငယ်စိတ် ရှိနေရှာလိမ့်မည် ကျွန်မတွေး ထင်မှတ်ခဲ့သည်။ ညီသူသည် စည်သူ့ထက် ပို၍တိတ်ဆိတ်ကာ လူသူမဝင်ဆံ့လေး ဖြစ်လာတော့မှာပဲ ကျွန်မစိတ်လျှော့ထားမိသည်။ ညီသူ ပထမတန်း ရောက်သည့်နှစ်မှာပင် ကျွန်မ အထင်မြင် မှားခဲ့တာ သိရလေ၏။ မှားရုံမက ကျွန်မ့်အမြင်နှင့် လုံးဝဆန့်ကျင်နေခဲ့သေး၏။ ညီသူသည် စိတ်ဆတ်လျက် ထိနိုက်လွယ်၊ စိတ်လှုပ်ရှားမှု ပြလွယ်သူလေး ဖြစ်နေပါရောလား။ အချိန် များများမှာ ပြုံးပျော်ရွှင်ပျနေတတ်ပေမယ့် စိတ်ထိခိုက်ခဲ့လျှင် ညီသူ တဖိအိ ငိုလို့မဆုံးနိုင်။

အိမ်ရှေ့က ကွက်လပ်ကလေးတွင် ညီသူနှင့် ခေးရုံရပ်ထဲမှ ကလေးတွေ ဗျောက်ရုံထဲက ဗျောက်ကလေးတွေလို ဆော့နေလိုက်တာများ။ စည်သူတုန်းက သည်လို အဆော့ကစားသန်တာမျိုး ကျွန်မဖြင့် မကြုံခဲ့ရ။ ပထမတန်းနှစ်မှာ ညီသူ စာရေးခုံတွေပေါ် ခုန်တက်ကစားရင်း လိမ့်ကျလို့ မေးတစ်ခါကွဲကာ ဒုတိယတန်းနှစ်မှာ ဆောလုံးကစားရင်း လက်ဖျံရိုး ကျိုးခဲ့သည်။ မေးကွဲကို ထုံဆေးမပေးဘဲ လေးချက်ချုပ်တော့ အံကြိတ်ကာ ငြိမ်ငြိမ်လေးခံသည်။

"နာသလားကွ"

သူ့ကိုသာ အားပေးသည်။ အစ်ကို စည်သူကသာ မျက်စိမျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



မျက်မျက်ဖြင့်

"မေမေ ဖြည်းဖြည်းချုပ်ပါ။ ညီလေး နာလိမ့်မယ်"

ဟု ဆိုခဲ့သည်။ ညီသူကမူ သူအပြစ်နှင့်သူ ငိုညည်းသံ မထွက်ပေ။ စည်သူနှင့် ညီသူရဲ့ ခြားနားသော စရိုက်ပင်။

□

စည်သူ၊ ညီသူတို့ ကျောင်းအုပ်ဆရာမကြီးမှာ အလွန်သဘောပြည့်ဝလျက် ကြင်နာတတ်သော အမျိုးသမီးကြီးတစ်ဦးဖြစ်လေ၏။ ခင်ဦးနွယ်နှင့်မြလတ်၏ လူမှုရေး အစည်းအဝေးများတွင် မကြာခဏ တွေ့ကြသည်။ ဆရာမကြီးတွင်လည်း ညီသူနှင့် ပတ်သက်လို့ ပြောစရာတွေ ရှိနေတတ်သည်။

"ညီသူလေးက ရဲတဲ့ကလေးပဲဒေါက်တာရေ။ ဒီနေ့ ကျွန်မ ရုံးခန်းထဲကို သူတစ်ယောက်တည်း ဝင်လာပြီးတော့ ပြောတယ်။ သားကျောင်းအပ်တဲ့စာရင်းမှာ ဖေဖေ့နာမည်ကို ဒေါက်တာခင်ဦးနွယ်လို့ ရေးပေးပါတဲ့၊ ကျွန်မက အဲဒီဖြင့် သားမေမေနေရာရော ဘယ်သူလို့ ရေးရမလဲဆိုတော့ ဒေါက်တာ ခင်ဦးနွယ်ပဲ ရေးပါတဲ့လေ။ တတ်လိုက်တဲ့ကလေးပဲနော်။ ကျောင်းစာမှာလည်း သူ့ကို လိုက်မမီကြဘူး။ အတန်းထဲမှာ သူ့အငယ် ဆုံးပေမယ့် အကြီးဆုံးတစ်ယောက်လို ဦးဆောင်ဦးရွက်လည်း ရတယ်တဲ့၊ သူ့ အတန်းပိုင်ဆရာမက ပြောတယ်။ ဒေါက်တာ့ ခြေရာနင်းမယ့် ကလေးပဲ"

ညီသူမှာ နွယ်စိုးရွံ့တွေးထင်နေသလို သိမ်ငယ်၊ ကြောက်ရွံ့သော လူကလေးတစ်ဦး ဖြစ်မလာတော့ပြီ။

"သားမှာ ဖေဖေမရှိဘူးလို့ သူတို့တစ်တွေက ပြောတာ မဟုတ်ဘူးနော် တီချာကြီး။ သားဖေဖေကလည်း ဒေါက်တာခင်ဦးနွယ်ပဲ"

မျက်ရည်တွေဝိုင်းလျက် လက်သီးလေး ကျစ်ကျစ်ဆုပ်ကာ ပြောခဲ့သော ညီသူရဲ့ ထိုစကားများကိုတော့ ဆရာမကြီးက ဒေါက်တာသို့ ပြန်မ ပြောခဲ့တော့ပါပေ။

"ကျွန်မတို့ တသီးတခြားစီဖြစ်တော့ ဒီကလေးက သိပ်ငယ်ပါသေးတယ်။ နှစ်နှစ်မပြည့်တတ်သေးဘူး။ သူ့ သိတတ်လာတော့ သူ့ဘဝမှာ အနီးစပ်ဆုံးက အမေနဲ့ အစ်ကိုပဲရှိတယ်။ အဘိုး၊ အဘွားနဲ့ အဒေါ်တွေ ရှိတယ်။ ကျွန်မလေ သူ့စိတ်မှာ ဒဏ်ရာအနာတရနဲ့ သိမ်ငယ်ပြီး အငုံစိတ် ရှိနေမှာ စိုးရိမ်မိခဲ့တယ်။



ကျွန်မ ဘယ်လောက်ပဲ သူတို့ကို ပြည့်စုံအောင် ကြိုးစားထားပေမယ့် သူတို့ စိတ်အားငယ်နေမှာစိုးလို့ သူတို့ကို သူတို့အဖေနဲ့ အဆက်အသွယ်ရှိအောင် ကျွန်မကပဲ အမှန်မှန်ရေးခိုင်းခဲ့တာပါ။ နေ့ ကျောင်းပိတ်ရက်တွေမှာလည်း တွေ့ခိုင်းခဲ့ပါတယ်။ အဖေ့ကို စိတ်နာမုန်းတီးရင်းနဲ့ ရိုင်းပျကြမ်းတမ်းတဲ့ စိတ်ထားမျိုး ရသွားမှာလည်း ကျွန်မမလိုလားဘူးလေ။ ကျွန်မ စိုးရိမ်ခဲ့သလို ဖြစ်မလာဘူး ဆိုတော့လည်း ဘဝ်မျိုးဝမ်းသာရပါတယ်။ သူတို့ လိမ္မာမယ်ဆိုရင် ကြိုက်သလိုသာ ဆုံးမပေးပါ။ ဆရာမကြီးရယ်"

ပီတိမျက်ဝန်း စိုလက်စွာဖြင့် ဆိုနေလေသော ဒေါက်တာခင်ဦးနွယ်ကို ကျောင်းအုပ်ဆရာမကြီး ဒေါသိန်းရွှေက ကတိပြုမိလေသည်။

ညီသူမှာ ဒေါက်တာပြောသလို စိတ်ဒဏ်ရာ အနာတရတော့ ရှိနေခဲ့သည်။ ထိုဒဏ်ရာက သူ့ကို သိမ်ငယ်ညှိုးချုံး မသွားစေဘဲ ရဲဝံ့ထက်မြက်လာစေသည်ဟု ဆရာမကြီးက ယူဆမိလေသည်။ သို့ပေမယ့် ထိုရဲဝံ့ထက်မြက်လာမှုက သဘာဝတော့ မကျလှသေးပါ။

ညီသူလေးမှာ အဖြစ်မှန်ကို အမှန်အတိုင်း လက်ခံနိုင်ဖို့ သတ္တိရှမ်းသေးတော့ လိုနေပေသေးသည်။ ထိုသတ္တိက ညီသူ ကြီးပြင်းရင့်ကျက်လာမှုနှင့်အတူ လိုက်ပါလိမ့်မည်ဟု ဆရာမကြီး ယုံကြည်စိတ်ချထားမိပါလေသည်။

စိတ်ဒဏ်ရာ အနာတရမှာ ညီသူ့မေမေတွင်လည်း ရှိနေနိုင်လေသည်။ ထိုဒဏ်ရာအနာတရကြောင့်ပင် ဒေါက်တာသည် အလွန်အလုပ် ကြိုးစားသော၊ အလွန်အပင်ပန်းခံနိုင်သော၊ အလွန်အောင်မြင်သော မြေလတ်က အားကိုးအားထားရသည့် ဆရာဝန်တစ်ဦးဘဝကို လွယ်ကူလျင်မြန်စွာ ရရှိနိုင်လာခဲ့သည်ဟု ဆရာမကြီးက ထင်မိပါလေ၏။

□

နွယ်သည် ကလေးအတွေ့ကြုံ သို့မဟုတ် သားဖွားနှင့်မီးယပ်ပညာဘက်ကို အထူးပြု လိုက်စားမိခဲ့လျှင် ကောင်းလေသားဟု မကြာခဏ နောင်တရချင်မိလေ၏။ နွယ်ရဲ့ ကျန်နေသော ဘဝတစ်လျှောက်မှာ အမျိုးသမီးတွေနှင့် ကလေးတွေကိုပဲ သိတွေ့ဆက်ဆံသွားရတော့မယ်လေ။ နွယ့် အတွက် အကောင်းဆုံး အဆုံးအဖြတ်။ နွယ်က ခွဲစိတ်ကုသ ပညာရပ်ကိုမှ ဝါသနာပါမိသည်။ သိရှေ့ထဲက အသုံး

www.burmeseclassic.com

www.burmeseclassic.com

အနံ့အသက်နှင့် အထိအတွေ့လောက် နှယ်ကိုယ်ထဲက လှည့်ပတ်နေသော သွေးတို့ကို ပွက်နေ့စေတာ၊ နှိုးကြား တက်ကြွစေတာ မရှိတော့ဘူးလား ထင်လေသည်။

နှယ် ခွဲစိတ်အထူးကု ဆရာဝန်တစ်ဦး ဖြစ်လာခဲ့သည်။ နှယ့်လူနာများကို ကလေးနှင့် အမျိုးသမီးများချည်းသာ မျှော်လင့်၍မရတော့။ နည်းပါးပေမယ့် ကြုံတတ်သော အဖြစ်တချို့က ခွဲစိတ်အထူးကု ဆရာဝန် ခင်ဦးနှယ့်စိတ်ကို တင်းကျပ်စေခဲ့သည်ပင်။

နှယ် ခွဲစိတ်ကုသပေးခဲ့သော လူရွယ်တစ်ဦးဦး သို့မဟုတ် အရွယ်လတ် အမျိုးသားလူနာတစ်ဦးဦးက ဝေဒနာ သက်သာပျောက်ကင်းခဲ့၍ ကျေးဇူးတင်သောအခါ နှယ်က ကုသအောင်မြင်ခဲ့သည့်အတွက် ဝမ်းသာရသည်။ နှယ့်ခံစားမှုကို ဝမ်းသာမိခြင်းတွင်သာ နှယ်က ရပ်တန့်စေခဲ့မြဲပေ။ သူ့ရဲ့ တစိမ့်စိမ့် ကျေးဇူးတင် မဆုံးခြင်းများကိုတော့ ရပ်တန့်စေဖို့ နှယ်တတ်နိုင်သည်မှ မဟုတ်တဲ့။

သူ့အခန်းကဏ္ဍမှာ နှယ့်အလုပ်တစ်ခုသာဖြစ်လျက် ထိုအလုပ်ပြီးငြိမ်းသွားသောအခါ သူနှင့်နှယ် ပတ်သက်ဆက်စပ်ဖို့ မရှိတော့သည့် အဖြစ်ကို နှယ် ဣန္ဒြေတင်းတင်းဖြင့် သိစေလိုက်တာမျိုးကို ပြုမူမိလေသည်။ ဖြည်းဖြည်းချင်း သူ နားလည် လက်ခံနိုင်လာခဲ့သည်။ နောင်တွင် သူက နှယ်တို့ ဆေးရုံရဲ့ မိတ်ဆွေကောင်းတစ်ဦး ဖြစ်လာခဲ့တော့သည်။ အလှည့်ကြုံလျှင် ဆေးရုံက ဝန်ထမ်းတစ်ဦးဦးကို သူ အထူးတလည် အကူအညီပေးတတ်ခဲ့သည်။

"ဒေါ်ခင်ဦးနှယ် နေကောင်းရဲ့လား။ နှုတ်ဆက်လိုက်တယ်လို့ ပြောပေး"

သူ မှန်ရည်စွာ မှာကြားတတ်လေသည်။

□

နှယ် ထိတွေ့ ဆက်ဆံနေရသူများမှာ မှန်ရည် အလိုက်သိသော လူကြီးလူကောင်းများချည်းလားဆိုတော့ မဟုတ်နိုင်ပေ။ သည့်အတွက် ဖြစ်နိုင်မည်ဆိုလျှင် နှယ်ဆေးခန်းရှေ့က

ဒေါက်တာခင်ဦးနှယ်

(M.B.,B.S, M.Med.Sc ( Surgery)

ခွဲစိတ်အထူးကု ဆရာဝန်

ပြည်သူ့ဆေးရုံ မြေလတ်မြို့



ဆိုသည့် ဆိုင်းဘုတ်လေးအောက်မှာ ဆိုင်းဘုတ်ကြီးကြီးတစ်ခု ထပ်နေ ချိတ်ထားလိုသည်။

- မူးယစ်သေစာ သောက်စားပြီး ဆေးခန်းထဲ မဝင်ရ။ ဆေးခန်းထဲဝင်ရင် မမူးရ။
- အကျႌ ရင်ဟင်းလင်းဖြင့် ကိုယ့်အိမ် ကိုယ်ပြန်လာသလိုပုံမျိုးဖြင့် ဆေးခန်းတွင်း မဝင်ရ။
- ဆေးပညာ အကြောင်းပြလျက် မလိုအပ်တဲ့ နှိုက်နှိုက်ချွတ်ချွတ် မမေးမြန်း မတိုင်ပင်ရ။
- .............
- .............

လက်ထပ်ခဲ့ဖူးသော မိန်းမတစ်ယောက်အတွက် အသက်သုံးဆယ် အရွယ်သည် တစ်ကိုယ်တည်းဘဝမှာ ဆက်လျှောက်ဖို့ ဘာကြောင့်များ စောနေပြန်သည်မသိ။ ခင်ဦးနှယ်၏ ခင်ပွန်းဟောင်းက သက်ရှိထင်ရှား ဖြစ်နေသေးသည်ကို ထည့်တွက်ချင်ကြသည် ထင်၏။

မုဆိုးမ တစ်ယောက်ရဲ့ ဘဝလို မတော့တယ်နိုင်သော တစ်ခုလပ်ဘဝနှင့် ခင်ဦးနှယ် သက်ဆိုင်လာလိမ့်မည်ဟု မေမေ ဖေဖေတို့ရဲ့ သမီးပျိုဘဝကတော့ နှယ်လည်း အခြားမိန်းမပျိုလေးများလိုပဲ ဘယ်လို တွေးထင်မိခဲ့မှာလဲ။

နှယ့်ကို မောင်စိတ်မချနိုင်တော့ဘူး ဆိုသော စကားပန်းပွင့်အဆိပ် သင့်ကာ အိမ်ထောင်ကျ စောမိခဲ့သည့် အဖြစ်ကလေး တစ်ခုမျှသာပါပဲ၊

ခွတ်ပျံ့မွှေးထွေးသော 'အချစ်'နှင့်ပင် နှယ့်ဘဝကို ပုဒ်မလေး နှစ်ချောင်း ချလိုက်နိုင်သည် မဟုတ်ခဲ့။ 'အချစ်၏ နောက်ဆက်တွဲ စာမျက်နှာ'များက အချစ်မွှာ ခါးသီးထူထဲလှခဲ့သည်။ ယုံစားအားထားဖွယ် အချစ်ဆိုတာ သူ့ထံမှာ မရှိတည်နိုင်ဟု နားလည်သိရှိလာခဲ့တော့ စိမ်းကား ရက်စက်ခဲ့ဟု ဝမ်းနည်းကြေကွဲဖွယ် အချိန်တွေလည်း လွန်ခဲ့ပြီ။ အလွမ်းလာလျှင် အနာနှင့်တားကာ အနာကို အလုပ်တွေနှင့် ကုစားတတ်ခဲ့ပြီ။ နှယ့်မှာ ဆည်းပူးစရာ လုပ်စရာ ဆေးရုံအလုပ်တွေ များလှသည်။ ရန်ကုန် ဆေးရုံကြီးမှာ လက်ထောက်ဆရာဝန်အဖြစ်ရှိစဉ် ရန်ကုန်ရှိ ဆေးရုံတိုင်းကို နှယ်ရောက်ဖြစ်သည်။ မြေလတ်ရောက်တော့ နှယ်ရဲ့ ပို့(စ်)မှာ လက်ထောက် ဆရာဝန် သာဖြစ်၍ နှယ် အရေးပေါ် ဂျူတီလှည့်ကိုလည်း ယူခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာဦးအောင်မြင့်က

"ဒေါ်ခင်ဦးနွယ်ကတော့ On Call မယူလည်း ရပါတယ်ဗျာ၊ ကျုပ်တို့ A S တွေ ယူပါလိမ့်မယ်။ ကိုဟန်တင်ဝဲ့နှုန်းကလည်း မယူပါဘူး"

ဆိုပေမယ့်

"ရပါတယ် ဆရာ၊ ကျွန်မ ယူပါရစေ"

နွယ်တောင်းယူခဲ့လေသည်။ နွယ့်ကိုယ်နွယ် အလုပ်တွေဖြင့် ဖြည့်ဆည်းထားချင်သည်။ စားကိုင်ရသော နွယ့်အလုပ်ကို အလွန်သတိထားခဲ့သလို နွယ့်ဘဝကိုလည်း အစဉ်သတိရှိစွာ နေခဲ့သည်။ ဘဝပေးအသိကြောင့် နွယ့်မှာ အစဉ် အရန်သင့် ခံစစ်ပြင်ဆင်ထားရတော့သည့်နွယ်။ နွယ်ကတော့ ထိုးစစ်စဖို့ စိတ်မကူးခဲ့ပါပေ။

"တို့စိတ်က သိပ်ရိုးသားတယ်"

သူငယ်ချင်း ဆရာဝန်မတစ်ဦးက ပြောဖူးသည်။ သူမကတော့ ပွင့်လင်းရဲတင်းသူပေ။

"တို့မှာ ဆန့်ကျင်ဘက် လိင်ဆိုတဲ့ အမှတ်အသားမျိုး မရှိဘူး။ မိန်းမနဲ့ယောကျ်ား တကျောပေမ မပါဘဲ တစ်သက်လုံး အဖော်သဟဲလို တွဲသွားလို့လည်း ရနိုင်တာပဲ၊ မောင်ရင်းနှမတွေလို ပွင့်ပွင့်လင်းလင်းပေါ့၊ လိုက်လျောစရာရှိရင် လိုက်လျောရမှာပေါ့။ စိတ်က ရိုးသားရင် ပြီးတာပဲ၊ ဟန်ဆောင်ရတာ ပင်ပန်းပါတယ်"

သူ့အယူအဆနှင့် သူပဲလေ။ သူ့စိမ်းပြင်ပြင် လူယောကျ်ားနဲ့ လူမိန်းမကို ခွဲခြားမြင်တတ်ရင်ကော မရိုးသားတဲ့စိတ်ပဲလား။ ဆန့်ကျင်ဘက်လိင်ဟု အမှတ်မထားပေမယ့် ထိုသို့ အမှတ်မထားခြင်းက တူညီသွားစေတတ်သည်မှ မဟုတ်တဲ့။ မောင်ရင်းနှမလို သဘောထားလည်း မောင်ရင်းနှမ ဖြစ်လာနိုင်သည်မှ မဟုတ်တာ။

နွယ်ကတော့ အရဲမကိုးချင်။ အမျိုးသားလူနာရဲ့နောက်က လိုက်ပါလာသော အမျိုးသမီးရဲ့မျက်လုံးအကြည့်ကို မြင်ရဖြင့် နွယ့်ခေါင်းထဲတွင် အချက်ပေးခေါင်းလောင်းသံလေးများ မြည်လာခဲ့ပြီ၊ ထိုအခါမျိုးမှာ ထိုအမျိုးသမီး အမျိုးသားအတွက် ဆယ်မိနစ်၊ ဆယ့်ငါးမိနစ်မျှ ခင်ဦးနွယ် အချိန်ပိုပေးရတတ်သည်။ နွယ်ရဲ့အလုပ်ဖြစ်ကာ သူ့ရဲ့ ကျန်းမာရေး ပြဿနာဖြစ်နေသော အကြောင်းအရာကို အမျိုးသမီးသို့ အလေးပြုလို့ ရှင်းပြခဲ့သည်၊ သူမနှင့် စကားရင်းနှီးစွာ ပြောသည်။



"ဒီနေ့ သူ့ကို ကြည့်ရတာ ဘယ်လိုနေလဲ၊ ဝေဒနာ သက်သာပုံ ရရဲ့လား"

အမျိုးသားလူနာကို စမ်းသပ်ရင်းက သူမကိုသာ ရောဂါအခြေအနေ မေးမြန်းဖြစ်သည်။ ဆောင်ရန်၊ ရှောင်ရန် ကျန်းမာရေး ပညာပေးများကို အမျိုးသမီးသို့ ပြောပြဖြစ်သည်။ သူတို့နှစ်ဦး ကျေကျေနပ်နပ် ထွက်သွားကြသောအခါတွင်မှ နွယ်သည် နားလည်သောအပြုံးဖြင့် ပခုံးကို တွန့်ချင်မိလေ၏။

☐

တစ်ခါတစ်ရံ မိန်းမချင်း နားလည်မှုရဖို့က ပိုခက်ခဲနေတတ်ပြန်၏။ မိန်းမချင်းမို့ ပိုလို့ မစာနာနိုင်သော အဖြစ်မျိုးလည်း ရှိတတ်သေးသည်။ နွယ်က ဘယ်လို ရိုးသားစွာ အလုပ်လုပ်နေသည်ပင် ဖြစ်ပေမယ့် အမျိုးသမီးရဲ့ မျက်လုံးအမြင်က ကျဉ်းမြောင်းလာခဲ့သောအခါ

"နေ ဒေါက်တာ၊ ကျွန်မလုပ်ပေးမယ်"

နွယ့်ရဲ့ အကျင့်ပါနေသော လက်များက အလွန်မြန်ဆန်စွာ လူနာရဲ့ ရှပ်အင်္ကျီကို ဖယ်ရှားတော့မည်အပြု အမျိုးသမီးက အလုအယက် ကြယ်သီးဖြုတ်ပေးခဲ့သည်။ လူနာရဲ့ ဝမ်းဗိုက်ပြင်သို့ လက်တင်တော့မည့် ဆဲဆဲ

"ဗိုက်က ဘာမှမဖြစ်ပါဘူး ဒေါက်တာ"

ဟူသော အသံစူးစူးရှရှကို ကြားရပြန်လေ၏။ နွယ့်မျက်လုံးအကြည့်များကို သူမ မလိုလားသော အရပ်သို့ ရောက်ရှိမသွားအောင် သူမရဲ့ မျက်လုံးအကြည့်များဖြင့် ဖမ်းချုပ်ထားတတ်လေသေးသည်။ ထိုအမျိုးသမီးနှင့်တော့ နွယ် လူနာကို ဘယ်လိုကုစားပေးရတော့ပါမည်လဲ။

"သူ့မျက်လုံးတွေ ဝါနေသလား၊ မျက်ခမ်းအတွင်းသား ဖြူနေသလား သိချင်တယ်၊ ရှင့်လက်ကလေးနဲ့ မျက်ခွံကို ပင့်ပေးပါ"

"သူ့အသည်းကြီးနေသလား သိရအောင် ဗိုက်ရဲ့ ညာအပေါ်ဘက်ကို စမ်းပေးပါလား။ သရက်ရွက်အခြေအနေ သိရအောင် ဘယ်အပေါ်ဘက်ကို စမ်းလိုက်ပါဦး။ ရှင်စမ်းလိုက်တော့ လူနာမျက်နှာအခြေအနေ ဘယ်လို ပြောင်းသွားသလဲ၊ နာကျင်ရှုံ့မဲ့သွားသလား၊ အသက်ရှုံ့ရှုံ့လိုက်သလား။ ကျွန်မ စဉ်းစားနိုင်ရအောင် ပြောပြပေးပါလား"

ဟု စားပွဲတစ်လုံးမှာ ငြိမ်ငြိမ်လေးထိုင်၊ မျက်စိစုံမှိတ်ထားသော စမ်းသပ်နည်းဖြင့် ကုသရတော့မည်လား မသိ။

www.burmeseclassic.com

www.burmeseclassic.com



ခင်ဦးနွယ် စည်သူ၊ ညီသူတို့ ဖေဖေကို သည်လိုမျိုး တွန့်တိုစွာ မအုပ်ထိန်းခဲ့မိဘူးကွယ်။ သည်လို စေ့စပ်လုံခြုံစွာ မသိမ်းဆည်းခဲ့မိလို့များ သူက ပျောက်ရှခဲ့ရသည်လားဟု သူမလို အမျိုးသမီးလေးမျိုးနှင့် တွေ့သောအခါ နွယ် တွေးမိရတတ်သည်။ သို့ပေမယ် နွယ်က ချစ်သောဇနီးသည် တစ်ဦးသာ ဖြစ်လိုခဲ့သည်ပါ။ ယောကျ်ားတစ်ယောက်ကို အိမ်ထောင်ထဲမှာ ချထားကာ တစောင့်စောင့် ရှိနေရမယ့် အိမ်ထောင်မှူးလို ဇနီးသည် ဘဝမျိုးကိုတော့ မမက်မောချင်ပေ။

ထိုသူတို့ကို ဆေးရုံသို့သာ လာစေခဲ့တော့သည်။ ဆေးခန်းတွင် တွေ့ဆုံခြင်းက သီးသန့်ကိုယ်ရေးကိုယ်တာ ဆန်လှပြီး ဆေးရုံတွင် တွေ့ဆုံခြင်းကတော့ အလုပ်သဘော ဆန်လာလေသည်။ ဆေးရုံမဟုတ်ဘဲ ဆေးခန်းတွင်သာ ပြချင်ခဲ့လျှင်တော့ နွယ်ရဲ့ ခွဲစိတ်မှုတွင် အားကိုးရသော လက်ထောက်ဆရာဝန် တစ်ဦးဦးထံ လွှဲလိုက်လေမည်။ ခွဲစိတ်ကုသချိန်မှာ နွယ်ကိုယ်တိုင် ခွဲစိတ်ကုသပေးဖို့ ဝန်မလေးပေမယ့် သူ့ကို ဆေးခန်းမှာ နေ့စဉ်ကြည့်ပေးရဖို့ ဝန်လေးမိခဲ့သည်။

“မဖြစ်ဘူး မမအေမိ သူ့အမျိုးသားရောဂါကတော့ နွယ်ကြည့်ပေးရင် ပျောက်သွားမှာပါပဲ။ အမျိုးသမီးမှာသာ ရောဂါတစ်မျိုး ရလာနေဦးမယ်”

မြေလတ်ရောက်လို့ နှစ်နှစ်လောက်ကြာတော့ အတွေ့အကြုံတွေလည်း ရိုးလာကာ မမအေမိနှင့် ရယ်မောစရာလို ပြောမိခဲ့လေသည်။

“အရွယ်ငယ်နေသေးတာ သိပ်ဆိုးတာပဲနော်။ အလုပ်ကိုလည်း နွယ် စိတ်တိုင်းကျ မလုပ်နိုင်အောင် အဟန့်အတားလေးတွေက ရှိနေတတ်သေးတယ်။ နွယ်က အရွယ်ရှိတုန်း နွယ်လုပ်နိုင်တုန်းမှာ အလုပ်တွေအများကြီး လုပ်ချင်တာ။ သားတွေအတွက် စီးပွားကိုလည်း ရှာထားချင်တယ်။ သူတို့ လူလားမြောက်ဖို့နဲ့ ပညာရေးကလည်း ရှိသေးတယ်လေ။ ကသိလင်တ ဖြစ်တုန်းက ဖြစ်ခဲ့ပူးတော့ အဲဒီလိုမျိုး နောက်တစ်ခါကြုံရမှာ ကြောက်မိတယ် မမအေမိရယ်”

နွယ်သည် မမအေမိနှင့်တော့ ဟန်ဆောင်သော မျက်နှာတည်တည် တင်းတင်း၊ စကားနည်းနည်းနှင့် မနေလိုပေ။ နွယ့်ဘဝကို အစမှအဆုံးတိုင် သိထားခဲ့ပြီး နွယ့်ကိုနားလည်ဆုံးသောသူ။ နွယ် အလုပ်သင်ဆရာဝန် ဘဝမှာ မမအေမိနှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ခွဲစိတ်ကုသဆောင် တစ်ခုတွင်ဆုံပူးသည်။ မြေလတ်တွင် မမအေမိလို နွယ်ခင်ခင်ကိုးစားနိုင်သူ တစ်ဦးရှိနေခြင်းက နွယ့်အတွက်



အင်အားတစ်ရပ်ပါပဲ။

အဲ့ထူးကု ဆရာဝန်တစ်ယောက်ရဲ့ ဟန်၊ မာန်များ မရှိတော့ဘဲ စိတ်ပျက်လက်ပျက် ညည်းရှာသော ဒေါ်ခင်ဦးနွယ်ကို နော်အေမိက သတိလည်း ပေးရင်းလို

“မမက အရွယ်ငယ်ရုံတင် မဟုတ်ဘဲ လှလည်းလှနေသေးတယ်လေ”

ကြင်နာစွာ ဆိုသောအခါ ခင်ဦးနွယ် မချိတရိ ပြုံးမိရလေ၏။

နွယ့်ကိုနားလည်မည့်သူကို မမအေမိ တစ်ယောက်ထက်ပိုလို့ မျှော်သင့်မထားမိခဲ့ပေ။ အခွန်ဦးစီးဌာနမှ ဝန်ထမ်းဖြစ်သော ခင်ပွန်းသည်၊ သမီးလေး တစ်ယောက်နှင့် အေးချမ်းသည့်မိသားစုကို မမအေမိ ပိုင်ဆိုင်ထားခဲ့သည်။ နွယ့်လို အိမ်ထောင်ရေး အဆင်မပြေသူ အမျိုးသမီးတစ်ယောက်ဘဝကို မမအေမိ နားလည်သည်ကိုပဲ နွယ်က ကျေးဇူးတင်လှပြီ။

ဆရာ ဦးအောင်မြင့်နှင့် ဒေါက်တာ မောင်မောင်အေး ကြူကြူတို့ရဲ့ နွယ့်အပေါ်နားလည်မှုကိုမူ များစွာမျှော်လင့်မထားမိခဲ့ပေ။ မျှော်လင့်သည်ထက်စော၍ မြေလတ်ဆေးရုံတွင် နွယ် အောင်မြင်ခဲ့ခြင်းမှာ အလုပ်ခွင်အတွင်း အဆင်ပြေချောမွေ့သော ပံ့ပိုးမှုများကြောင့်ပါပဲ။ နွယ်အလုပ်တွေ မရပ်မနားလုပ်နိုင်ခဲ့လေသည်။ နွယ့်ဘဝသည် ဒေါက်တာခင်ဦးနွယ်ရဲ့ အလုပ်ကို မထိခိုက်စေရ။ နွယ်က ခံယူထားခဲ့သည်။ သာမန်ဖြစ်တတ်သော အမှားအယွင်းမှုကိုပင် နွယ့်ကိုယ်နွယ် ခွင့်မပြုနိုင်။ ခင်ဦးနွယ်သည် ပျက်ပြားခဲ့သော အိမ်ထောင်တစ်ခုရဲ့ အိမ်ရှင်မ၊ သားတို့၏မေမေ အဖြစ် ခွဲစိတ်ခုတင်ထက်က လူနာများကို ခွဲစိတ်ကုသနေခြင်း မဟုတ်ခဲ့။ အလွန် အလုပ်ကြိုးစားသော၊ အလွန်ကျွမ်းကျင်သော၊ ပေါ့လျော့မှု လုံးဝမရှိသော ခွဲစိတ် အထူးကု ဆရာဝန်တစ်ဦးအဖြစ် လူနာများကို ခွဲစိတ်ကုသ ပေးနေသူသာ ဖြစ်စေရမည်ပေ။

ခွဲစိတ်ခန်းဝင် ဝတ်စုံအထပ်များအောက်က နွယ့်ရဲ့တစ်ခါကနုလုံးသား ဒဏ်ရာကို ကြားသိခဲ့လျှင် ခင်ဦးနွယ်ကို မယုံနိုင်သလိုအကြည့်များက မျက်နှာပေါ်မှာ အထင်းသားပေါ်လွင်လာခဲ့၏။ ထိုအရိပ်အယောင်ကို နွယ် ခွဲစိတ်ကုသ ပျောက်ကင်းစေခဲ့လို့ လူနာနှင့် သက်ဆိုင်သူတွေမျက်နှာမှာ ထင်ဟပ်လာသော ပီတိရိပ်များကဲ့သို့ပင် တန်ဖိုး တန်းတူထားချင်သည်။

www.burmeseclassic.com

www.burmeseclassic.com



နွယ့်တာဝကို အလုပ်ထဲမှာပဲမြှုပ်နှံထားခဲ့သည်။ ဆေးရုံ ဆေးခန်းကလွဲလို့ နွယ် ပြင်ပသို့ထွက်ခဲသည်။ လူမှုရေး ပွဲလမ်းများမှရှောင်ရှားဖို့ အလုပ်နှင့် ပတ်သက်သော အကြောင်းပြချက်တွေက နွယ့်မှာ အမြဲတစေ အဆင်သင့်ပေါ့။

'ဆရာဝန်ကြီးဒေါ်ခင်ဦးနွယ်'ဟု လိပ်မူထားသော စိတ်စာများမှာ အစုအဆောင်း ဝါသနာကြီးလှသော ညီသူလေး စုဆောင်းသိမ်းဆည်းဖို့သာ ဖြစ်ခဲ့သည်။

ညီသူက အစုအဆောင်းကောင်းလေသည်။ သူ့ဖေဖေအမည် ဒေါက်တာ ခင်ဦးနွယ်ဟု ပြောတတ်ပေမယ့် အဖေဖြစ်သူဆီကို စာမှန်မှန် ရေးတတ်သူမှာလည်း ညီသူပင်။ ပြန်စာများကို နံပါတ်စဉ်တပ်လို့ သိမ်းဆည်းသည်။ သူ့ဖေဖေထံမှ စာများတွင် နွယ့်ကို သူ ဆေးကျောင်းသား ပထမနှစ်မှာ ချစ်ရေးကြုံခဲ့သလို ယုံကြည်ညွှတ်နူး စေမည့် ချစ်ခြင်းမေတ္တာစကားတွေဖြင့် နူးမြေ့နေမည်ပါပဲ။ ညီသူရဲ့ ဗီရိုကို ဖွင့်မိလို့ စာအိတ်ထိပ်က ထိုလက်ရေးကို နွယ်မြင်မိလေတိုင်း ဝေဒနာတစ်မျိုးက ဝေ့တက်ရိုက်ခတ် လာနေသေးမြဲပင်။ စည်သူက ကလေးသေနဂ်ဗျူဟာလေးဖြင့် သူ့ဖေဖေ စာအား သူ့မေမေကို လာပြတတ်သေးသည်။

"သားတို့မေမေက အိမ်ထောင်တစ်ခုကို ဦးဆောင်ပြီး သားတို့ အတွက် ရှုန်းကန်နေရတာ ဖေဖေစဉ်းစားမိတိုင်း စိတ်မကောင်းဘူး။ သားတို့ မေမေဟာ မာနကြီးသလောက် ကိုယ့်ခြေထောက်ပေါ်ကိုယ် ရပ်တည်နိုင်တဲ့ တကယ့်မိန်းမတစ်ယောက်ပါပဲ။ သူတစ်ယောက်တည်းနဲ့ သားတို့ရဲ့ စားဝတ်နေရေး ပြည့်စုံအောင် ကြိုးစားဖြည့်ဆည်းနေခဲ့တာ ဖေဖေ ကျေးဇူး သက်မိပါတယ်။ သားတို့ဖေဖေ့ကို ခွင့်လွှတ်နိုင်ပါစေ"

သားတို့ ဖေဖေရဲ့ ရက်ရောတဲ့ အကြင်နာ၊ ကရုဏာများကလည်း အံ့ဩစရာပါပဲ။ သူ ပစ်ခွာ ထွက်သွားစဉ်ကတော့ နွယ့်တာဝက ကရုဏာ သက်မိစရာ ပေ။ (အကယ်၍ ကရုဏာသက်ချင်ခဲ့ရင်ပေါ့လေ။) အချိန်တိုအတွင်းမှာ နွယ်ရပ်ရော စိတ်ဓာတ်ပါ ကျဆင်းသွားခဲ့သည်။ ခင်ဦးနွယ်ကို မငဲ့ရင်တောင် သားတွေမျက်နှာ ငဲ့ညှာဖို့ တောင်းပန်းတိုးလျှိုးခဲ့စဉ်ကတော့ သနားကြင်နာခြင်း မြူတစ်မှုန်စာပင် လှုပ်ခဲကျမလာခဲ့။ ကျပ်တည်းသွားသော စီးပွားရေးကြောင့် ကလေးထိန်းပင် မထားတော့နိုင်။

နွယ် ဆေးရုံအသွားမှာ စည်သူကို ကျောင်းပို့ဖို့ ညီသူကို နေ့ကလေးထိန်း



ပို့ ကလေးနှစ်ယောက်နှင့် ဘတ်စ်ကား တိုးဝေ့စီးခဲ့ရသော ကာလများကတော့ သူ့ဖေဖေအတွက် နွယ်သည် သနားစရာ မဖြစ်ခဲ့ဘူး ထင်ပါရဲ့။ နွယ့်ထက် ကိုရှိသာ ကိုယ်တိုင်မောင်း၍ အလုပ်သင် ဆရာဝန်သင်တန်း လာဆင်းသော မေသန္တာကိုသာ စည်သူတို့ဖေဖေက သနားမေတ္တာပိုခဲ့သည်။

နွယ်တို့ တသီးတခြား ဖြစ်ကြသောနှစ်တွင်ပင် နွယ် ခွဲစိတ်ကုဘွဲ့လွန် စာမေးပွဲဝင်ခွင့်ကို ဝင်ရောက်ဖြေဆိုသည်။ နွယ်အောင်မြင်ခဲ့လေ၏။ ဘွဲ့လွန် ၂ နှစ်ကို မေမေတို့အိမ်မှာပြန်နေရင်း တက်ခဲ့သည်။ နွယ်နှင့် သားတွေရဲ့ဘဝက အမှောင်မကျခဲ့တော့တဲ့ ရောင်နီလင်းလာသည့်အခါမှ သားတို့ဖေဖေသည် နွယ်တို့ကို ဘာကြောင့်များ သနားစိတ်တွေ ဝင်လာပြန်သည်မသိ။

အကယ်၍ ခင်ဦးနွယ်က သူ့စိတ်ဖြင့် ဘဝတွေပြိုပျက်ယိုယွင်း။ ခွဲစိတ်ကု ဘွဲ့လွန်တက်ဖြစ်ဖို့ထားပါ။ ပြီးသား ဆရာဝန်ဘွဲ့ကိုပင် အသုံးမချနိုင်တော့လောက် အောင် စိတ်ဓာတ်တွေ ချို့ယွင်းပျက်ပြားမည်။ စည်သူ၊ ညီသူကလည်း အမေရဲ့ ကြပ်မတ်မှုအောက်မှာ ပညာရည်ထူးချွန်ကာ နှစ်စဉ်ထူးချွန်ဆုယူနိုင်သည့် အခြေ အနေမျိုး မရှိခဲ့လျှင် ခင်ဦးနွယ်တို့ သားအမိတွေကို သူ သည်လိုမျိုး သနားရဲ့ပါ့မလား။ နွယ် တွေးကြည့်ချင်မိလေသည်။

သူတို့ယောကျ်ားတွေရဲ့ သနားကြင်နာစိတ်ဆိုတာကလည်း တစ်မျိုး ပါလား။ ဒါသည်သာ သူ့ဖေဖေစာတွေနှင့် ပတ်သက်သော နွယ့် ရဲ့ မှတ်ချက်လေး။ စည်သူ၊ ညီသူအဖို့တော့ သူတို့ဖေဖေက အဝေးတစ် နေရာတွင်ရှိသည်။ သူတို့ကို ချစ်နေသည်ဆိုသော အသိလေးဖြင့် သူတို့တာဝလေးများ နွေးထွေး လုံခြုံနေ ပါစေတော့။

သို့ကြောင့်ပင် သားတို့ကို သန္နိဋ္ဌာန်အမြဲသော မေတ္တာရင်ငွေ့လည်းမပေး သိမှာယဉ်ကျေးအောင် ကြပ်မတ်ပဲ့ပြင်ရာမှာလည်း မပါဝင်၊ စားဝတ်နေရေး အတွက်လည်း မပူပင်ရသော သူတို့ဖေဖေနှင့် စည်သူ၊ ညီသူတို့ အချစ်သည်း နေကြသည်များကို ခင်ဦးနွယ် မနာလိုစန်းတို့ မဖြစ်တဲ့ နေလို့ရလေသည်။ သူတို့ ဖေဖေရဲ့ မောင်းပွနေသော အချစ်များကိုလည်း ဝေဖန်မပြတဲ့ နေနိုင်ခဲ့လေသည်။

□

နွယ်ရောက်ခဲ့သည့်နှစ်၊ နွေဦးတွင်ဖြစ်သည်။ မြေလတ်ပိုင်းတစ်မြို့လုံးက စိတ်ဝင်စားကြသော အလှူအခမ်းအနားတစ်ခု ရှိခဲ့လေသည်။ ဆေးရုံအုပ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်မြင့်၏ ဖေကြီး ဦးပြည့်၏ အသက် ၈၀ ပြည့် မွေးနေ့အထိမ်းအမှတ်ပွဲ ဖြစ်လေရာ ဦးပြည့်ပိုင် နှစ်ထပ်တိုက်တစ် လုံးတွင် သံဃာအပါး ၈၀ ပင့် ဆွမ်းကပ်လှူဒါန်း ထိုတိုက်ကို မြေလတ် စာကြည့်တိုက်အဖြစ် မြို့နယ် လှူဒါန်းခြင်းမှာဖြစ်သည်။ ဆေးရုံတစ်ရုံလုံးက ဝန်ထမ်းများ နှယ်တစ်ယောက်မကျန် ထိုပွဲသို့ ဖိတ်ကြားခံရသည့် ဖိတ်စာလေးများ ရရှိခဲ့ကြသည်။ ကိုယ့်ဆေးရုံအသိုင်းအဝိုင်း ပွဲသို့ တက်ရောက်ဖို့ အားခဲ နေကြသောပွဲနှင့် ပတ်သက်၍ ဆရာက နှုတ်ပိတ်ရှောင်နေ သောအခါ နှယ် အနေရခက်ရပါလေသည်။ အခြား ဆရာဝန်၊ ဆရာမများလည်း သည့်ပွဲအကြောင်း နှယ့်ရှေ့တွင် မဆွေးနွေးဝံ့ကြရှာ။ ခက်လိုက်သည့် ဆရာ ဦးအောင်မြင့် ပဲ။

အလှူရက် နေ့ခွင်းကပ်လှူအပြီးတွင်တော့ နှယ့်အိမ်သို့ အလှူ ထမင်း ဟင်းလျာတွေ ကားမောင်းသူနှင့် အပို့လွှတ်လေသည်။ လက်ဆောင်ဝေသော ဓမ္မစာအုပ်လေးများနှင့်အတူ။

"သံဃာတွေ ဆွမ်းဘုဉ်းပေးပြီးပြီးချင်း ပို့ရမယ်လို့ ဆရာက မှာထားတာ ညီသူ၊ ညီသူကိုတော့ ဆရာကြီးတူ ရန်အောင်၊ ရန်နောင်တို့က ကားနဲ့လိုက်ပို့ မှာလိုက်တယ်"

နှယ့် အရိုးအခြည်ကို ကြည့်နေသော သားနှစ်ယောက်က သည်တော့မှ အဝတ်အစား ပြေးလဲကြရှာသည်။ သူများမိသားစု စုံညီတက် ရောက်ကြသော ပွဲတွေကို တက်ရောက်ဖို့ နှယ့်စိတ်ကို နှယ် မနိုင်နိုင်သေးသည်က သားတို့ကိုပါ လှူမှုရေး ပြင်ပရောက်အောင် ပို့ထားသည်နှင့် တူတော့၏။ နှယ် ပထမဆုံးအကြိမ် တွေ့မိရလေသည်။ နှယ်ပါ သားတွေ နှင့်အတူ ထိုအလှူသို့ လိုက်သွားခဲ့တော့ ဆရာဦးအောင်မြင့် အပါအဝင် ဆေးရုံတစ်ရုံလုံးက ဝမ်းပန်းတသာ ကြိုဆိုခဲ့ကြသည်။

"နှယ် ဒီလောက်အထိတော့ သစ္စာဆိုထားတာမှ မဟုတ်တဲ့ မမအေးမိ ရယ်။ ကိုယ့်ဆရာနဲ့သက်ဆိုင်တဲ့ပွဲပဲ။ တက်မှာပေါ့။ ခုတော့ တခြားလူတွေက နှယ့်ကို အားနာပြီး အနေရခက်နေကြတာကိုပဲ နှယ်ကလည်း ပြန် အားနာနေမိတာပါ။ ဆရာကလည်း တစ်ခါတစ်ခါ အတော်ခွကျတယ်"

မမအေးမိက ခွဲစိတ်ခန်းထဲမှာတင် တဟားဟားရယ်သည်။

"တစ်မျိုး တွေးကြည့်ပြန်တော့လည်း နှယ် လူမှုရေးပွဲလမ်းတွေ ရှောင်တာ ကို ဆရာက နားလည်မှုရှိတာ သိရတယ်။ နှယ့်ဘဝအနေအထားကိုပါ နားလည်တဲ့



...ဘာပေါ့။ အဲဒီလိုဆိုတော့လည်း နှယ် အလုပ်လုပ်ရတာ ပိုအားရှိလာရသလိုပဲ"

"မမရယ်၊ မမကို တို့ ဆေးရုံတစ်ခုလုံးက နားလည်ကြပါတယ်။ ...မောင်မောင်အေးနဲ့ ဒေါ်ကြူကြူတို့ ဆိုရင်လည်း မမကျေးဇူးဘယ်လောက် ...တယ်ဆိုတာ ပြောလို့မဆုံးဘူး။ သူတို့ ဘယ်ဆေးရုံပဲရောက်ရောက် မမရဲ့ Training ကောင်းကောင်းရထားတာမို့ ကြောက်စရာ မရှိတော့ဘူး လို့အမြဲပြောနေ ...ပါတယ်။ တို့အားလုံးက မမစေတနာနဲ့ မမပညာသာ မမရဲ့ ကိုယ်ပိုင် ...ညီအချင်း။ အကြောင်းမကောင်းတဲ့ ကံကတော့ မမ တတ်နိုင်တဲ့ ကိစ္စမဟုတ်ဘူး ...တာ နားလည်ထားကြတာပါပဲ"

"ဟုတ်ပါတယ်လေ။ ဒါကြောင့်လည်း နှယ် မြေလတ်မှာ အလုပ်လုပ် ...ကို သိပ်ကို အဆင်ပြေပါတယ်။ မောင်မောင်အေးနဲ့ ကြူကြူကိုလည်း နှယ်က ...တင်တာပါပဲ။ နှယ်သင်ကြားပေးပေမယ့် သူတို့က ခံယူချင်ဦးမှလေ။ နှယ်က Training ပေးရတာလည်း ဝါသနာပါတော့ အဲဒါတစ်ခုလုပ်နေရတာကိုကပဲ ...ကိုယ်နှယ် အလုပ်ရှုပ်ပေးထားနိုင်တာ တစ်မျိုးပေါ့။ သူတို့ကလည်း ကူကြလို့သာ ...ယ် လူနာတွေ ဒီလောက်အများကြီး ခွဲစိတ်ကုသပေးနိုင်ခဲ့တာပါ။ အားလုံးက ...လည်ကြလို့ နှယ် ဒီလောက်အထိ အဆင်ပြေပြေ ရပ်တည်နိုင်တာပါပဲ"

နှယ် အောင်မြင်သည်ဆိုလည်းက ဆေးရုံဝန်ထမ်းအားလုံးရဲ့ အထောက် ...ကြောင့်ပါပဲ။ မမအေးမိတစ်ယောက်သာ နှယ့်ကိုနားလည်ဖို့ မျှော်လင့်ခဲ့ပေမယ့် ...အားလုံးက အထိုက်အလျောက် နားလည်ပေးကြသောအခါ နှယ် ဆေးရုံရဲ့ ...စေတနာကို တန်ဖိုးထားမိရသည်။ စေတနာတွေ အပြန်အလှန် ယှက်လုယ်ကာ ...လုပ်လုပ်ကြရသည်က ကြည်နူးဖွယ်။ ဆေးရုံသို့ ခင်ဦးနှယ် ဂျူတီဝင်လာတိုင်း ...တန်းသစ်တက်စ နေ့ကျောင်းသားတစ်ဦးလို ရင်မှာသစ်လွင်ကာ တက်ကြွနေ ...တစ်မြဲ။ ဆေးရုံမှာ အဆင်မပြေသောနေ့ဆို၍ နှယ်မှတ်မိလောက်အောင် ...ရက်မှ မရှိခဲ့။ မနှစ် မိုးဦးကျကာလအထိ။ မောင်မောင်အေးနှင့် ကြူကြူတို့ ...ဆရာဝန် ဖန်းမောင်နဲ့ ပြောင်းရွှေ့မသွားမီအထိ။ နှယ့်ဘဝက အမြဲတကျ ...ဖြင့်သက်နေသော ကန်ရေပြင်ပမာ ဆိုကြပါစို့လေ။

□

ကြူကြူနှင့် မောင်မောင်အေးတို့ ပြောင်းရွှေ့သွားပြီးနောက် ပထမဆုံး ပြောင်းရွှေ့ရောက်ရှိလာသော လက်ထောက်ဆရာဝန်မှာ 'ဒေါက်တာသည်ဦးနိုး' ...

www.burmeseclassic.com

www.burmeseclassic.com



ဘွဲ့လွန်တက်ရောက်ခဲ့၍ မြေလတ်ဆေးရုံတွင် အမည်သာရှိပြီး လူမရှိသော 'ဒေါက်တာမြင့်ဦး'က သင်တန်းဌာနစုထဲ ပြောင်းရွှေ့ခွင့်ရသွားခဲ့သည်။ ဒေါက်တာမြင့်ဦးနေရာ ပြောင်းရွှေ့ရောက်လာသူက ဒေါက်တာယဉ်မျိုး ဖြစ်လေ၏။ သူရောက်ပြီး ၆ လခန့်သာ မြေလတ် ဆေးရုံမှာ ဆုံလိုက်ရသည်။ သည့်ထက်သာကြာကြာဆုံဖြစ်ခဲ့ရင်လည်း ခက်တော့မယ် ၊ နွယ် ညည်းချင်မိခဲ့ရလေသည်။

နွယ်နှင့် ဒေါက်တာယဉ်မျိုးကို ဆရာဦးအောင်မြင်က သူ့ရုံးခန်းထဲမှာ ဆုံတွေ့မိတ်ဆက်ပေးခဲ့သည်။ မောင်မောင်အေး၊ ကြူကြူ လက်ထောက်ဆရာဝန်စုတွဲ ပြောင်းရွှေ့သွားခဲ့၍ ခွဲစိတ်ကုသဆောင်မှာ ကူမည့် A.S မရှိ။ နွယ် တစ်ယောက်တည်း အလုပ်တွေ ပိနေခဲ့သည်။ ထိုအလုပ်များကို ခေတ္တထားရစ်ကာ ဆရာဦးအောင်မြင် ရုံးခန်းသို့ နွယ် လာခဲ့ရပေ၏။

"ဒါကတော့ ဆာဂျင် ဒေါက်တာခင်ဦးနွယ်ပါ။ ဒေါ်ခင်ဦးနွယ် ဒါ ကျွန်တော်တို့ဆေးရုံကို ဒေါက်တာမြင့်ဦးနေရာ ရောက်လာတဲ့ A.S ပဲ။ ဒေါက်တာယဉ်မျိုးပါ"

နွယ်က

"ဟုတ်ကဲ့" ဟု ပြုံးနှုတ်ဆက်သောအခါ ဒေါက်တာယဉ်မျိုး ဆိုသည့် ဆရာဝန်က နွယ့်ကို ပြုံးယောင်ဖြင့် အကဲခတ်နေခဲ့သည်။ သူက အရပ် ၅ပေ၊ ၆ လက်မရှိမှာဖြစ်လျက် ရုပ်ရည်က ယောက်ျားပီသချင်ပေမယ့် မျက်နှာပွယောင်းယောင်းနေသလိုပဲ။ မျက်လုံးမှိုအစ်နီနေသော သူ့ကို ခင်ဦးနွယ်ကလည်း အကဲခတ်နေမိခဲ့လေသည်။ ကိုယ်ခန္ဓာ ကြီးမိုင်သည်။ သူ နွယ့်ကိုကြည့်ရင်း ရုတ်တရက် ရယ်မောလိုက်သောအခါ နွယ့်မှာ လန့်ပင် လန့်သွားခဲ့မိရချေ၏။

"ဆာဂျင် ဟုတ်လား။ အလွန် ရှားပါးတဲ့ မိန်းမဆာဂျင်တစ်ယောက်နဲ့ ဆေးရုံတစ်ခုတည်း အတူလုပ်ရမှာ အထူးပဲ ဝမ်းသာပါတယ်ခင်ဗျာ"

ဒေါက်တာယဉ်မျိုးက 'အမျိုးသမီးဆာဂျင်'ဟု မခေါ်ဘဲ 'မိန်းမ ဆာဂျင်' ဟု တမင် ပျစ်ပျစ်နှစ်နှစ် ခေါ်လိုက်သောလေသံကို နွယ် သတိ ထားမိလိုက်မိခဲ့သည်။ ဆရာဦးအောင်မြင်ပင် အနေရခက်သွားဟန်ရှိလေ၏။ ဆရာ ဦးအောင်မြင်က စကားလွှဲပြောင်းရန်

"ဆရာ မိသားစုရော တစ်ခါတည်း ပါခဲ့သလား။ နောက်မှ ခေါ်မှာလား" ဟု မေးသောအခါ သူက ရယ်မောပြန်လေသည်။



"ကျွန်တော် အိမ်ထောင်မရှိပါဘူး ဆရာကြီး"

အယ်(လ်)ကိုဟောနှင့် ရာသက်ပန် လက်ထပ်ထားဟန်တူသည်ဟု နွယ်က တွေးမိသည်။ ဒေါက်တာယဉ်မျိုးက နွယ့်ကို တွေ့လျှင်တွေ့ချင်းမှာပင် ကလိုလားသလို နွယ့်စိတ်မှာ ခံစားမိနေခဲ့သည်။ နွယ်ကလည်း သူ့ကို မလိုလားပါ။ နွယ် ဆိုလိုသည်က ခွဲစိတ်ကုသဆောင်ရဲ့ လက်ထောက် ဆရာဝန်အဖြစ်လေ။ သူ့ကိုကြည့်ရတာ သူ အရှုံးပေးထားရသော အရာတစ်ခုအတွက် အခြားတစ်နေရာမှာ အနိုင်လိုချင်ဟန်ရှိနေသည်။ သူအရှုံးပေး ထားရသည်က အရက်ကိုဖြစ်ပြီး သူအနိုင်လိုချင်နေသည့်နေရာမှာ အလုပ်ခွင်တွင် ဖြစ်ပုံရလေ၏။

"ဆရာယဉ်မျိုးကတော့ စီနီယာ A.S ပါ။ နယ်တော့ တော်တော် နေပြီ ဒေါ်ခင်ဦးနွယ်။ သူက ကျွန်တော်တို့ ဆေးရုံအတွက် အကူအညီ အများကြီး ပေးနိုင်ပါလိမ့်မယ်။ လောလောဆယ်တော့ ဒေါ်ခင်ဦးနွယ်ရဲ့ ဝဒ်(ဒ်)က အရေးကြီးသယ်။ A.S လည်း တစ်ယောက်မှမရှိတော့ ဦးယဉ်မျိုးနဲ့ လက်တွဲလုပ်ကြတာပေါ့"

နွယ်က တစ်ခဏပင် မစဉ်းစားဘဲ ယဉ်ကျေးစွာငြင်းပယ်ခဲ့သည်။

"ကျွန်မဝဒ်(ဒ်)ထက် ဆရာကြီးအတွက် ပိုအရေးကြီးပါတယ်။ အခု ဆရာမှာ အပြင်လူနာရော၊ ဖျားနာရော ကိုင်နေရပြီး ရုံးကကာစ်ဖက်နဲ့ ပိုပြီး အလုပ်များပါတယ်။ ဆရာယဉ်မျိုး ရောက်လာတော့ဆရာ အကူအညီရတာပေါ့"

နွယ်က ငြင်းလိုက်သောအခါ နွယ့်ထက် လုပ်သင်ရင့်ကာ အရွယ်လည်း ကြီးသော ဦးယဉ်မျိုးမှာ ခံပြင်းသွားပုံပေါ်လေ၏။ သူ့မျက်နှာပွပွမှာ နီရဲလာခဲ့သည်။ ဆရာ ဦးအောင်မြင်ကလည်း အခြေအနေကို နားလည်ရိပ်စားမိပုံရလေသည်။

"ဟုတ်တော့ဟုတ်ပါတယ်။ မြေလတ်ရဲ့ OPD ပေးရှင့်ကလည်း များသား၊ ဆရာရေ၊ ဆရာလည်း ရောက်စ နားနားနေနေဖြစ်အောင် OPD ထဲ ထိုင်ကူပေးပါတော့။ ထရန်စဖာသွားတဲ့ မောင်မောင်အေးနဲ့ ကြူကြူတို့အစား A.S တွေလည်း ရောက်လာတော့မှာပါ။ အဲဒီကျတော့ ကျွန်တော်တို့ ညှိနှိုင်းပြီး ဂျူတီတွေ ခွဲကြတာပေါ့"

ဒေါက်တာယဉ်မျိုးက နွယ့်ကို နှုတ်ခမ်းစွန်း တစ်ဖက်တည်း မြင့်တက်သော အပြုံးဖြင့် ကြည့်လျက်

"ဒေါ်ခင်ဦးနွယ်ကလည်း ရှိရှိ A.S ပို(စ်)နဲ့ပဲ ထင်တယ်။ ကျွန်တော်ထက် အများကြီး ကျွမ်းကျင်ပုံရပါတယ်။ နောက်တစ်ခါ ဂျူတီ အပြောင်းအလဲ လုပ်

www.burmeseclassic.com

www.burmeseclassic.com



ရင်တော့ ဒေါ်ခင်ဦးနွယ်နဲ့ကျွန်တော် နေရာချင်းလဲကြတာပေါ့လေ။ ဒေါ်ခင်ဦးနွယ်က OPD မှာ လာထိုင်ပေါ့။ ဟဲ ဟဲ''

လက်ထောက်ဆရာဝန်ရာထူးနှင့်ပေမယ့် ခွဲစိတ်အထူးကုတွဲလွန် ရထားခဲ့သောနွယ့်ကို အခြားလက်ထောက်ဆရာဝန်များနည်းတူ ဂျူတီပြောင်းလဲရမည် ပြောသည်က မဖြစ်နိုင်ပေ။ သူ တမင်ပြောခဲ့တာ ဖြစ်လေ၏။

''ဘာဖြစ်လို့ ပြောင်းရမှာလဲ။ ကျွန်မက ဆာဂျင်တစ်ယောက်လေ''

ဟု ခင်ဦးနွယ်က ဆတ်ဆတ်ထိမခံဘဲ ပြန်ပြောဖို့ သူမျှော်လင့် ထားဟန်ပေ။ ထိုသို့နွယ်က ပြန်ပြောခဲ့လျှင် သူ ရယ်သွမ်းသွေးပေဦးတော့မည်။ နွယ်က သူမျှော်လင့်ထားသည်နှင့် ဆန့်ကျင်ဘက်ကိုသာ ပြောခဲ့လိုက်လေ၏။

''ရတယ်လေ ဆရာ။ ကျွန်မလည်း OPD မှာထိုင်ပြီး OPD စာအုပ်လေးတွေ ရေးမပေးရတာ ကြာပြီဆိုတော့. . . .''

နွယ်ကသာ သူ့စကားကို ရယ်မောလိုက်ခဲ့သည်။ ဒေါက်တာ ယဉ်မျိုးနှင့် ခင်ဦးနွယ်တို့ တွေ့ဆုံခြင်းအစမှာ သည်ကဲ့သို့ ဖြစ်နေခဲ့သည်လေ။

□

မြေလတ်ဆေးရုံ၏ ခွဲစိတ်ရက်မှာ ဗုဒ္ဓဟူးနေ့ ဖြစ်သည်။ အရေးပေါ်မဟုတ်သော ခွဲစိတ်မှုများကို တစ်ပတ်လျှင် တစ်ရက်၊ ဗုဒ္ဓဟူးနေ့တိုင်း ပြုလုပ်ခဲ့တာ ဆာဂျင်ဦးဟန်တင့်လက်ထက်ကတည်းကပင်။ ခင်ဦးနွယ် ပြောင်းရွှေ့ ရောက်ရှိလာတော့ သည်ရက်ကို ပြင်ချင်သလားဟု ဦးအောင်မြင့် မေးခဲ့၏။ ခင်ဦးနွယ် မပြင်ခဲ့။ ဗုဒ္ဓဟူးနေ့ပင် အဆင်ပြေ၏။

လူနာကို မခွဲစိတ်မီ အခြေအနေကောင်းမွန်အောင် အဆင်သင့်ပြင်ဆင်ပေးဖို့ တနင်္လာ၊ အင်္ဂါ နှစ်ရက်ရကာ ခွဲစိတ်ပြီးစ အရေးကြီးချိန် ကြာသပတေး၊ သောကြာတွင် လူနာက ဆေးရုံမှဆင်းရက်၊ ဆရာဝန်၊ ဆရာမ စုံစုံညီညီရဲ့ မျက်စိအောက်မှာ ရှိနေမည်လေ။ ထိုဗုဒ္ဓဟူး ခွဲစိတ်ရက်မှာ မြို့နယ်ဆရာဝန် ဦးအောင်မြင့်ပါ ခွဲစိတ်ခန်းသို့လာလေ့ရှိသည်။ မေ့ဆေးပေးသည်။ ဆေးရုံရှိ ဆရာဝန်တိုင်းကိုလည်း ခွဲစိတ်ကုသရာတွင် ကဏ္ဍတစ်ခုစီမှာ ပါဝင်စေချင်သလေ၏။

ထိုဗုဒ္ဓဟူးနေ့များတွင်တော့ ခင်ဦးနွယ်နှင့် ဒေါက်တာယဉ်မျိုးမှာ မဆုံမဖြစ်ဆုံတတ်လေသည်။ ဒေါက်တာယဉ်မျိုးရဲ့ ခွဲစိတ်ကုသမှု အတွေ့အကြုံလည်း မနည်း။ သူ ခွဲစိတ်ကုသနေသည်ကို အကဲခတ်ရုံဖြင့် သူ့ကျွမ်းကျင်မှုကို မှန်းဆနိုင်သည်။



ထိုအရည်အချင်းတွေကို အချို့သော ယောကျ်ားဆရာဝန်များနည်းတူ သူ့ အရည်ဖျော်ပစ်နေသည်ကမူ အလွန်နှမြောစရာ ကောင်းလှသည်ဟု ခင်ဦးနွယ် ထင်မိပေ၏။ ဘယ်တတ်နိုင်မလဲ။ ဒါ သူတို့ ယောကျ်ားတွေရဲ့ အားနည်းချက်လေ။

နွယ်နှင့် သိပ်အဆင်မပြေပေမယ့် သီရေတာအဖွဲ့၊ ဆေးရုံအဖွဲ့တွေနှင့် သူအဆင်ပြေနေခဲ့သည်။ နပ်(စ်) လုလုစောတို့ မြို့တို့က အရေးပေါ် လူနာရောက်လို့ အခေါ်လွှတ်ခဲ့လျှင် ဦးယဉ်မျိုး ချက်ချင်းပြေးလာ ပေးတတ်သည်ဆို၏။ အရေးကြီးလျှင် လူနာစိတ်ချရသည်အထိ နေပေးသည်။ ဆေးခန်းပင် မသွားတော့ဟု ဆိုလေ၏။ သီရေတာက မမအေးမိတို့ အဖွဲ့မှာမူ သူ့ဟာသတွေနှင့် ပွဲကျနေတတ်သည်။

''မမအေးမိ အရက်ပြန်နဲ့အရက်က အတူတူပါပဲဗျာ။ အရက်ပြန် အစားအရက်ကို သီရေတာမှာ သုံးစမ်းပါ။ ဒါမှ ကျွန်တော်ကလည်း ရှိဝေရှိဝေနဲ့ခွဲ။ မမအေးမိကလည်း ရှိဝေ ရှိဝေနဲ့ကူ''

ဆရာဦးအောင်မြင့် သီရေတာက ထွက်သည်နှင့် ဆရာယဉ်မျိုး သည်ကြောင်းအရာမျိုးကို ရွှေးတော့သည်။ နွယ် အရက်ကို အနံ့ခံလို့ပင် မရတာ သူသိဟန်မတူဘဲ ပြောနေပေမယ့် နွယ်ကမူ နွယ့်ကိုများ တမင် အရွဲ့တိုက်နေရော့သလား ထင်ချင်လာခဲ့မိပေ၏။ သို့သော် နွယ် သူ့ကို ဘာမှတ်ချက်မှမပေး။ ခေးငေးမှ မကြားချင်ယောင်ပြု၍သာ နေမိခဲ့သည်။

သူ ခပ်ယစ်ဝေဝေဖြင့် လာတတ်သော ညဂျူတီများတွင် နွယ်နှင့် ဆုံမိသွားလျှင်မူ နွယ်က ဟန်မဆောင်ဘဲ သူ့ကို သိသာစွာ ရှောင်ရှား၏။ သူ သီရေတာထဲမှာ ပြောသမျှ နွယ်က ခပ်မဆိတ်နေနိုင်ပါလျက် သူက နွယ်မို့ ခွဲစိတ်ရင်း သားတွေအကြောင်း။ သားတို့ဖေဖေအကြောင်း ပြောမိလျှင် 'အဟမ်း'ဟု ချောင်းဟန့်လိုက်တတ်သည်။ တစ်ခါတစ်ရံ ကြို့ထိုးသလို 'ကရို'ဟူသော အသံမျိုးထွက်အောင် လုပ်တတ်ပြန်သေး၏။ သူ့အသံ ကြားရလျှင် နွယ့်မှာ စကားပဲဆက်ရမလို၊ အကြောင်းအရာပဲ ပြောင်းရတော့မလို။ ဘယ်လိုရှုလည်း မသိ။

စင်စစ် ဆေးရုံဆိုတာမျိုးက အခြားဌာနတွေမှာလို အသစ်ပြောင်းရွှေ့ရောက်ရှိလာသူနှင့် ရင်းနှီးခင်မင်ဖို့ အချိန်စောင့်ရသော နေရာမဟုတ်ပေ။ အသက် တစ်ချောင်းကိုကယ်ဖို့ ရည်ရွယ်ချက်တူ အလုပ်လုပ်ကြရင်း ကိုယ့်ကို သူ ကူကာ သူ့ကို ကိုယ်ကူရင်း ရင်းနှီးခင်မင်လွယ်သွားကြမြဲ ဖြစ်လေ၏။ ခင်ဦးနွယ်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ဦးယဉ်မိုးကမူ ခင်မင်ရင်းနှီးဖို့ မရှိ၊ အလုပ် သဘောအရသာ ဆက်ဆံမိကြသည်။ သူရောက်စမှာ ခွဲစိတ်ကုသမှုနှင့် ပတ်သက်၍ နွယ်က ဖြစ်သင့်သည်ကို ပြောပြမိခဲ့သည်။ ထိုစဉ်ကစလို့ပါပဲ၊ ခင်ဦးနွယ်နှင့် ဦးယဉ်မိုးတို့ ဘယ်လိုမှ အဆင်မပြေမလာခဲ့တော့ပါပေ။

☐

ခင်ဦးနွယ် တွေ့စကပင် ဦးယဉ်မိုးကို အကဲခတ်မိသည်။ သူ အရှုံးပေးထားရသောအရာတစ်ခုအတွက် အခြား တစ်နေရာမှာ အနိုင်လိုချင်နေသည်က အလုပ်ခွင်တွင် 'ဆရာကြီး' ဖြစ်ချင်လိမ့်မည် ထင်ခဲ့မိ၏။ နွယ့်အထင်က တစ်ဝက်သာ မှန်ခဲ့သည်။ သူအနိုင်လိုချင်နေသည်က အလုပ် ခွင်တွင်မဟုတ်၊ အလုပ်ခွင်အတွင်းက သူ ဘယ်လိုမှအထင်မကြီးနိုင်သော မိန်းမတွေအပေါ်မှာသာ သူအာဃာတရှိနေခဲ့တာ နွယ် သိလာရတော့လေ၏။

တစ်ပတ်မှာ အနည်းဆုံး တစ်ရက်တော့ ဆေးရုံအုပ်ကြီး ဦးအောင်မြင့်က ဆေးရုံရှိ အတွင်းလူနာများကို လှည့်လည်ကြည့်လေ့ရှိသည်။ ဒေါ်ခင်ဦးနွယ် ဆရာယဉ်မိုးတို့နှင့်အတူ ဆေးရုံကို Round တတ်သည်။ ထိုအခါမျိုးတွင် သူက အမျိုးသမီးလူနာအကြောင်း ပြောရင်းက

"ဆရာကြီး သိတဲ့အတိုင်းပေါ့ဗျာ။ မိန်းကလေးဆိုတော့လည်း နည်းနည်းတော့ ပူတာပေါ့။ Hysteria ကို ဆိုရင်သူတို့က အပိုင်ယူ မွေးထားတော့တာ။ အပူလွန်တော့ အဲဒီလိုပေါက်ကွဲမွေးထွက်ကုန်ရော"

ဆိုတာမျိုး။ ယောကျ်ား ဟစ်တီးရီးယား သူ မကြုံဖူးဘူးလား မသိ၊ မိန်းမတွေ တက်ချက်၊ မေ့မျောလာလို့ကတော့ ဦးယဉ်မိုး ပြောစရာ ရလို့မဆုံးတော့

"မိန်းမတွေပဲ တော်ကြာ ကလေးပျက်လိုက်၊ ကလေးဖျက်လိုက်၊ ကလေးလိုချင်လိုက်၊ သားအိမ်ခြစ်လိုက်၊ ကလေးမွေးလိုက်၊ သားအိမ်ယောင်လိုက်၊ သားအိမ်ထုတ်လိုက်၊ သွေးဆုံးကိုင်လိုက်နဲ့ သူတို့ပဲ ရှုပ်နေတာပဲ။ ဆေးရုံမှာ မိန်းမရောဂါတွေသာ နှုတ်လိုက်ရင် တော်တော်အလုပ်သက်သာ သွားမှာပဲနော် ဆရာ"

ဆိုတာမျိုး။

"မိန်းမဆိုတော့လည်း အဟဲ ဟဲ" ဆိုတဲ့ ရယ်မောသံ တစ်ဝက် တစ်ပျက် အဓိပ္ပာယ်တွေ တစ်ဝက်တစ်ပျက်နှင့် စကားမျိုး။



နွယ့်ကို မိန်းမတစ်ယောက်ဆိုတာ မေ့နေလို့ ပြောတာမျိုး ဟုတ်ပုံမရ။ သူ ပြောချင်တာတွေ ပြောပြီးမှ

"ဟာ ဒေါ်ခင်ဦးနွယ်။ ဆောရီးဗျာ၊ ဆောရီး"

မေ့ချင်ယောင်ဆောင် ဟန်ဆောင်တောင်းပန်ခြင်းမျိုးကို နွယ်ကလည်း မယုံကြည်ပါ။

"ရှင်ကိုယ်တိုင်က လူပိုကြီးဖြစ်နေပြီ မိန်းမအကြောင်း ဘယ်လောက်များ သိလို့ ပြောနေရတာလဲ" ဟု မမအေးမိပင် မခံချင်ဘဲ ပြောလာခဲ့သည်။ သူက ဟားဟားဟားရယ်မောလျက်။

"ဒီသီရေတာထဲက အမျိုးသမီးတွေအားလုံးကိုတော့ ကျွန်တော် လေးစားပါတယ်နော်။ ဟဲဟဲ မိန်းမတွေအကြောင်းသိလို့ မိန်းမ မယူတာပေါ့ဗျာ။ မိန်းမယူတဲ့ မောင်တွေက မိန်းမတွေအကြောင်း မသိလို့ ယူတာဗျာ" ဟု ဆိုတတ်သည်။

သူနှင့် စကားအချေအတင်ပြောဖို့ကလည်း အခက်။ ကိုယ့်ကို တိုက်ရိုက်ပြောသော စကားလည်းမဟုတ်။ မိန်းမထုကြီးနှင့်ချီ၍ ပြောနေတာဖြစ်သည်။ ပြီးတော့ ဦးယဉ်မိုးနှင့် စကားအချေအတင်ဖြစ်ဖို့က သူ့ကိုယ်သူတောင် မပိုင်ဘဲ အရက်ကပိုင်နေသည့် လူစား။

သို့နှင့် သူ တစ်ည ညဂျူတီ Round ကို ခပ်ယစ်ယစ်ဖြင့် လာခဲ့စဉ် ဆရာဦးအောင်မြင့်ကလည်း မြို့နယ်က အရေးကြီးပုဂ္ဂိုလ်တစ်ယောက် ဆေးရုံတက်၍ တာဝန်အရ လာကြည့်ရင်း ဆရာယဉ်မိုးနှင့် ဆုံမိလေ၏။

နောက်တစ်ရက်မှာ ဆရာဦးအောင်မြင့်၏ ရုံးခန်းသို့ ဆရာယဉ်မိုးကို ခေါ်ယူခဲ့သည်။ ဆရာဝန်ချင်းမို့ ကြမ်းကြမ်း ပြောဆိုအရေးယူခြင်း မရှိပေမယ့် ခပ်ပြင်းပြင်းလေးတော့ သတိပေးခဲ့သည်ဟု နွယ်တို့ သိရလေသည်။ မမအေးမိတို့ သီရေတာအဖွဲ့က ဦးယဉ်မိုးကို ကရုဏာသက်ဝင်နေကြဆဲ။ နွယ်က အနည်းငယ်တလေးဆန်ချင်လည်း ဆန်ပါစေ။

"အဲဒါမှ ကောင်းတယ် မမအေးမိ"ဟု သီရေတာထဲမှာ ရယ်မောပြောမိခဲ့လေ၏။

ဒေါက်တာယဉ်မိုး ရောက်လာခဲ့ပေမယ့် ဆေးရုံအလုပ်များကို မျှဝေနိုင်ခဲ့ခြင်း မရှိပေ။ သူ အရက်ဖြတ်တော့မည်ဟု ဆရာကြီးဦးအောင်မြင့်ထံမှ

www.burmeseclassic.com

www.burmeseclassic.com



ကတိခံကာ သူတာသာသူ အိမ်မှာပဲနေကာ အရက်ဖြတ်နေခဲ့သည်။ ဗုဒ္ဓဟူးနေ့ တစ်ရက်တော့ သူ့ကို သီရေတာထဲမှာ တွေ့လိုက်ရသည်။ နွယ်လည်း ကူမည့် A.S မရှိသည့်မို့ အရေးပေါ်နှင့် စောင့်ဆိုင်းဖို့မသင့်သည့် ခွဲစိတ်မှုများကိုသာ ပြုလုပ်နိုင်တော့သည်။ သီရေတာထဲဝင်ပေမယ့် ဒေါက်တာယဉ်မျိုးကလည်း မကူညီနိုင်ပေ။ သူ အရက်ကြိုးစားပြီး ဖြတ်နေပုံတော့ရ၏။ သူကြည့်ရတာ အားလည်းနည်းနေပုံသည်။ အသံဝါကြီးနှင့်မှ ရယ်မောနိုင်နေခဲ။

"အခုတော့ အရက်မကောင်းတာ သိပြီး အရက်ဖြတ်နေပြီလား။ အစကတော့ အရက်က မိန်းမတွေထက် ပိုပြီးသစ္စာရှိတယ်ဆို"

မမအေးမီက စကားနာထိုးသည်။

"အခုလည်း မိန်းမထက် သစ္စာရှိလို့ အခွဲခေါ်နေတာပေါ့ဗျာ။ အရက်က ကောင်းပါတယ်။ ကိုယ့်ကျန်းမာရေးက မကောင်းလို့သာ ဖြတ်ရတာ မမအေးမီ"

ဟု ဆရာယဉ်မျိုးက စွဲလမ်းတမ်းတသံနှင့် ပြောသည်။ သည်လို လူစား အရက်အပြင် နောက်ထပ်မိန်းမတစ်ယောက်နှင့် လက်မှထပ်ဖြစ်တော့တာ မဆန်းပါဘူး။ ကံဆိုးမယ့် အမျိုးသမီးတစ်ယောက် လျော့သွားတာပေါ့။ နွယ်အတွေး ထဲမှာ ပြုံးမိသည်။ သူစကားနှင့်သူပင်။ အရက် ပြတ်လာခဲ့ဆဲမှာ ပြန်သောက်ဖြစ်ကာ ဆေးရုံပြန် အလုပ်ဆင်းနေတာ တွေ့ပြန်လေသည်။ သည်အချိန်မှာပဲ ဒေါက်တာ မှုယာတင်က လက်ထောက်ဆရာဝန်အဖြစ် မြေလတ် ဆေးရုံလေးသို့ တာဝန်ကျ လာခဲ့သည်။

ခင်ဦးနွယ်နှင့် အခေါ်မပြေခဲ့သော ဆရာယဉ်မျိုးက ဒေါက်တာ မှုယာတင် နှင့် ထူးဆန်းအံ့ဩဖွယ်ကောင်းအောင် ရင်းနှီးခင်မင်လွယ်သွားခဲ့ကြကာ ဆရာယဉ်မျိုး အသည်းရောင်ရောဂါဖြင့် ဆေးခွင့်မယူခင်ကာလအတွင်းမှာ ဖြစ်လေ၏။

နွယ်လည်း မြေလတ်ဆေးရုံလေးမှ ပြောင်းရွှေ့လိုသောစိတ် ပထမဆုံး အကြိမ် ဖြစ်ပေါ်မိခဲ့တော့သည်လေ။

□

သူ့ကို သိမြင်မှုစမှာပင် နွယ့်စိတ်တွင် အနှောင့်အယှက်လို ဖြစ်ရသည်။ ထိုရက်က တနင်္ဂနွေ အားရက်ဖြစ်သည်။ နွယ်သည် နေ့အားတွင်လည်း နံနက်ခင်း တစ်ကြိမ် လူနာလှည့်လည်ကြည့်မိဖြင့် ဆေးရုံသို့ ရောက်လာခဲ့၏။



ခွဲစိတ်ကုသဆောင်နှင့် ခွဲစိတ်ခန်း ဆက်သွယ်သော စင်္ကြံကွေ့တွင် ထိုလူစိမ်းကို နွယ် လှမ်းမြင်မိလေ၏။ နွယ် လှမ်းမြင်နိုက် သော့ပိတ်ထားသော ခွဲစိတ်ခန်းကို သူ ကဲကြည့်နေပုံက နွယ့်စိတ်မှာ အနှောင့်အယှက်ဖြစ်စေခဲ့သည်။ အိမ်မှာ နေရသည့်အချိန်ထက် ပိုလွန်အချိန်ကုန်ရလေ့ရှိသော နွယ်၏ ခွဲစိတ်ခန်းကို ထိုလူစိမ်းက သည်မျှ စိမ်းစိမ်းကြည့်နေတာ မြင်ရတော့ နွယ်မနှစ်မြို့ချင်။

နွယ့်ကိုယ်ပိုင်အခန်းကို နွယ်မရှိခိုက် ချောင်းမြှောင်းခံရသလိုမျိုး ခံစားမိရသည်။ သူ့ကို ဘေးတိုက်အနေအထားဖြင့် နွယ် မြင်နေရသည်။ သူက လူရွယ် တစ်ဦးပေ။ အရပ်မြင့်သည်။ ၆ပေ ၁၂ လက်မခန့် ရှိမည်လား။ ကိုယ်နေဟန် ထွားသည်။ အသားညိုညိုနှင့် လူချည်သန့်အသွင် ရှိလေ၏။ ရှပ်အင်္ကျီလက်တို အကွက်ဖျော့ဖျော့ နှင့် ကချင်ရိုးရာဆင် ပုဆိုးမှိုင်းမှိုင်းကို ဝတ်ဆင်ထားခဲ့သည်။ နွယ့်ကိုတော့ သူက မမြင်သေး။ ၃၀ ဝန်းကျင်သာ ရှိမည့် သူ့အသက်ကို ခန့်မှန်းကာ

"ဟော့ ဒီမှာ ဘာကိစ္စများလဲ"

ဟု နွယ်က တာဝန်ရှိသူလေသံဖြင့် ခပ်တင်းတင်းမေးခဲ့သည်။

အသံကြားရာဆီ သူ ချာခနဲ လှည့်ကြည့်ခဲ့သည်။ သူ့မျက်နှာသွင် ပြင်ကတော့ ရိုးသားကြည်စင်လေ၏။ မျက်ခုံးများမှာ ပုံကျပေမယ့် များစွာ ထူထဲခြင်းမရှိ။ မျက်လုံးများကသာ စူးရှညို့မှောင်သည်။ နှာတံပေါ်က မေးရိုးများ နိုင်နိုင်ခံ့ခံ့သည်။ နှုတ်ခမ်းများက ပိရိသေသပ်လျက် အနည်းငယ် ထူလေသည်။ ထိုနှုတ်ခမ်းတွင် မိတ်ဆွေဖွဲ့လိုဟန် ပျော့ပျောင်းသော အပြုံးရိပ်ရှိနေသည်။ ရိုးသားသော သူ့မျက်နှာပြင်တွင်တော့ အံ့သြသွားသော အရိပ်အယောင်တို့ အတန်ကြာ ယှက်သန်းသွားခဲ့သည်။ သည့်နောက်တွင်မှ နွယ့်လက်ထဲက နားကျပ်ခွေကို သတိပြုမိသွားခဲ့သည့် ထင်၏။ အံ့သြရိပ်တို့ ပြေလျော့ကာ

"ဒီလိုပဲ လျှောက်ကြည့်နေတာပါ မမ"

သည်ကတည်းက၊ မသိဖူးသည့် နားကျပ်ကိုင်ထားသော အမျိုးသမီး တစ်ဦးကို 'မမ'ဟု အလွယ်တကူ ခေါ်လိုက်ကတည်းက သူလည်း ဆရာဝန် တစ်ယောက်ဟု နွယ် ရိပ်စားမိဖို့ကောင်းလေ၏။ နွယ်က မရိပ်စားမိလေသေး။ သူ့ရဲ့ တရင်းတနှီး ပြောဆိုဟန်ကြောင့် ပိုလို့ စိတ်အနှောင့်အယှက်ဖြစ်ခဲ့ကာ

"အဲဒါ ခွဲစိတ်ခန်းလေ။ သော့ခတ်ထားတာပဲ။ လူနာထားတဲ့ အဆောင် မဟုတ်ဘူး။ တွေ့ချင်တဲ့လူနာရှိရင် ဆရာမများအခန်းမှာ ဝင်မေးပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ပြောမိရလေ၏။

ထိုသူစိမ်းက ရုတ်တရက်ပင် ရယ်ချလိုက်လေသည်။ နွယ် အံ့အားတသင့် ရှိနေဆဲ

''ကျွန်တော် ဒီဆေးရုံကို ပြောင်းလာတဲ့ A.S ပါ။ ကျွန်တော့် နာမည် သက်ဇော်နိုင်ပါ မမ''

သူကိုယ်သူ မိတ်ဆက်လိုက်လေသည်။ နွယ် အလွန်အားနာသွားရပြီ။

''ဆောရီးပဲ ဆရာရေ၊ ကျွန်မ ဆရာရောက်ပြီဆိုတာ မကြားလိုက်လို့ပါ''

''မနေ့ညနေက ရောက်ပါတယ်မမ။ ဆရာကြီးက တနင်္လာနေ့မှ အလုပ်စ,ဝင်ခိုင်းပါတယ်။ ကျွန်တော့်ပစ္စည်းတွေလည်း မပါသေးတော့ အခု ဆရာကြီး အိမ်မှာပဲ ခဏတည်းနေပါတယ်။ ဆေးရုံကို မရောက်ဖူးသေးတာနဲ့ . . .''

''ဟုတ်တာပေါ့။ ဆရာ့ကို အသစ်ရောက်လာတဲ့ A.S မှန်းလည်း မသိကြသေးလို့ပါ။ သိရင် ကျွန်မတို့ ဆေးရုံက စတပ်(ဖ်)တွေကလည်း လိုက်ပြကြမှာပါ''

နွယ်နှင့် ယှဉ်တွဲလိုက်ပါလာသော သူ့ကို ဆေးရုံအနှံ့လိုက်ပြပေးဖို့ နွယ့်တွင် စိတ်ကူးမရှိသည့်အကြောင်း သွယ်ဝိုက်ပြောပမယ့် သူက ရိပ်စားမိပုံမပေါ်ပေ။ စကြံခေါင်းမိုးတစ်ကွက်စီက သစ်သားထုပ်တန်းမှာ ရေးထိုးထားသော အလျှုရှင်အမည်များကို မော့၍ဖတ်လာသည်။ သန့်ရှင်းသပ်ရပ်သော ခွဲစိတ်ကုသ လူနာဆောင်ကို ကြည့်လာသည်။ ဆေးရုံကို အကဲခတ်ရင်းက သိလိုသည်များကို နွယ်သို့ ညွှန်မှန်စွာ မေးလာသည်။

''ဆေးရုံက စပယ်ရှယ်လစ်ဆေးရုံမဟုတ်တဲ့ Surgical Ward ကို သတ်သတ်ထားတယ်နော်။ အဲဒါ ထူးဆန်းလို့ ကျွန်တော်ကြည့်နေမိတာ''

'' Surgical Ward သတ်သတ်တော့ မဟုတ်ဘူး။ O.G ကေ့(စ်) တွေလည်း ပါပါတယ်။ ခွဲလူနာက ဒီမှာများတော့ ခွဲလူနာဆောင် သတ်သတ်ထားပေးခဲ့တာလို့ ဆရာကြီးက ပြောတယ်''

''သိပ်ဟန်ကျတာပဲ။ ကျွန်တော်ကလည်း ဆာဂျရီကို အသေအလဲ ဝါသနာပါတာ''

နွယ်ကိုယ်တိုင် ခွဲစိတ်ကုသကို ဝါသနာထက်သန်သည်ဆိုတော့ နွယ်



ကို ခင်မင်လာမိသလို ရှိခဲ့သည်။ သည်အနိုက် ခုတင်ထက်က လူနာများရဲ့ သံတိတ်ဆိတ်နေမှုကို သတိထားမိသည်။ ရက်အားတွင် နွယ့်မှာ ဆေးခန်း အလုပ်က ပိုများတတ်သည်။ ထိုရက်အားများတွင် ပေါ့ပါးလွတ်လပ်စွာ ဝတ်ဆင်လို့ သော စပို့ရှပ်၊ လုံချည်တစ်ပတ်နွမ်းနှင့် ရေမှာ အလုပ်တွေ တန်းစီစောင့်နေသေး လို မြန်ဆန်သော ခြေလှမ်းတွေဖြင့် ရုတ်ခနဲ ဆေးရုံသို့ ရောက်လာ၊ ကြည့်သွား တတ်သော နွယ့်ကို သူစိမ်းတစ်ဦးနှင့် ယှဉ်တွဲအေးလူ စကားပြောလို့ သူတို့ ငြိမ်နေခဲ့ကြပေ။ အံ့သြထူးဆန်းသော မျက်နှာရိပ်တွေဖြင့် လှမ်းကြည့် နေခဲ့ကြပေ၏။

''ကျွန်တော်တော့ ဒီဆေးရုံလေးကို လုံးဝသဘောကျသွားပြီဗျာ''

နွယ်က စိတ်အိုက်နေမိဆဲ။ သူက ဆေးရုံကို ချီးမွမ်းခန်းဖွင့်နေခဲ့သေးလေ ခွဲစိတ်ကုသ ယောကျ်ားလူနာဆောင် အဝင်ပေါက်ကိုရောက်တော့ နွယ် ကွေ့ဝင်လိုက်ကာ

''ဒီကော်ရစ်ဒါအတိုင်း ဆက်သွားလိုက်ရင် ကော်ရစ်ဒါအဆုံးမှာ ဂျူတီခန်း ပါတယ်။ မနက်ပိုင်း ဆေးထိုး၊ ဆေးတိုက် လာလုပ်ပေးတဲ့ နပ်(စ်)တွေလည်း ပါတယ်။ ဆရာ့ကို စတပ်(ဖ်)တစ်ယောက်ယောက်က ကူညီပါလိမ့်မယ်နော်''

ဟု ဆိုလိုက်စဉ် သူ ပထမတော့ ကြောင်နေခဲ့သေးသည်။ နောက်မှ

''ဟုတ်သားပဲ။ မမက ဂျူတီနဲ့ထင်တယ်''

သူတာသာ နားလည်ယူလိုက်သည်မို့ နွယ်က လှမ်းပြုံးရုံပဲ ပြုံးလိုက်တော့ နွယ် အဆောင်ထဲ မရောက်မီ

''ဒါနဲ့ မမက''

''ခင်ဦးနွယ်ပါ''

တိုတိုပြေလိုက်ပြီးမှ သူ့မျက်နှာပြင်ပေါ်က ပြောင်းလဲလာမည့် အရိပ် ယောင်ကို နွယ် သိချင်လာမိကာ သူ့ကို ပြန်လှည့်ကြည့်မိရလေ၏။ ခင်ဦးနွယ် ကို ဆေးလောက အများစုက သိထားခဲ့ကြသည်။ သူ ခင်ဦးနွယ်အမည်ကို တ်ရက်ာ သူလို ဆေးရုံကာစိမ်းနေသေးသော လူရွယ်တစ်ဦးနှင့် လှည့်လည်ပြီးပင် တွဲမရှိချင်သည့်အကြောင်း ရိပ်စားမိဖို့ သင့်လေသည်ဟု နွယ်က ထင်မှတ်

''ဩော် ဟုတ်ကဲ့။ မမက အခု ခွဲစိတ်ဆောင်မှာ တာဝန်ကျနေတာလား''

ခွဲစိတ်အထူးကု ဆရာဝန်တစ်ယောက်ကို ခွဲစိတ်ဆောင်မှာ တာဝန်

www.burmeseclassic.com

www.burmeseclassic.com



ကျနေ သလားဟု မေးလိုက်တော့ နွယ် ပြုံးရယ်ချင်သွားမိရသည်။ နာမည်ကျော် ခင်ဦးနွယ်နှင့် ခင်ဦးနွယ်၏ ဘဝကို မကြားဖူးရုံမက လူကဲခတ်မှာလည်း ညံ့လှချည်လား ဦးသက်ဇော်နိုင်ရယ်။ မင်းတော်တော်လည်း အူကြောင်ပါလား။ နွယ် အဖြေမပေးဘဲ ပြုံးလျက် လှည့်ထွက်မိခဲ့တော့ပေ၏။

□

"မမရေ ဦးသက်ဇော်နိုင်က မမကို ဆာကျင်မှန်းမသိလို့ ပြောလိုက်မိတာ သိပ်အားနာတာပဲလို့ ပြောနေတယ်"

နောင်မှ မမအေမီက ရယ်ရွှင်သောသောဖြင့် ပြောပြခဲ့သည်။

ဦးသက်ဇော်နိုင်က 'မြေလတ်'သို့ ဒုတိယ ပို့(စ်)တင်အဖြစ် ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်ကာ သူ့ပထမပို့(စ်)တင်က ချင်းပြည်နယ်၊ ပလက်ဝမြို့တွင် ဖြစ်ခဲ့သည်။ ဝေးလံသော ပြည်နယ်က ဆရာဝန်တစ်ဦးပီပီ ဘာမှ မသိမကြားခဲ့ပါဟု မမအေမီကို ပြောပြခဲ့သည်ဟု ဆို၏။

ခင်ဦးနွယ်ကမူ မျက်နှာလွှဲရသော မောင်မောင်အေး ကြူကြူတို့ ပြောင်းရွှေ့သွားပြီး သူတို့နေရာ ရောက်ရှိလာသော ဒေါ်မှုယာတင်နှင့် ဦးသက်ဇော်နိုင်တို့နှစ်ဦးကို သပ်ပြပေးရဦးမှာပါလားဟူသော အတွေးနှင့် နည်းနည်းတော့ မောချင်သွားရပေ၏။

စင်စစ် နွယ်က သင်ကြားပြသပေးရှိုးလည်း ဝါသနာရှိခဲ့သည်။ ဆရာဝန်ဆိုလျှင် အရည်အသွေးချင်းက အတူတူ။ သစ်လည်းရွှေ ဟောင်းလည်းရွှေ ရွှေသည် ရွှေသာပဲဟု နွယ် ခံယူထားလေသည်။ အရောင်လွင်ဖို့ အရောင်တင်ပေးဖို့သာ လိုချင်လိုမည်။ ရွှေကတော့ရွှေပါပဲ။

နွယ်၏ ရွှေခံယူချက်တွေ ဒေါ်မှုယာတင်နှင့်တွေ့မှ ပြောင်းလဲ လိုက်ရတော့မလိုပင်။ မှုယာတင် အလုပ် စတင်ဝင်သည့်နေ့မှာ နွယ်က ခွဲစိတ်ခန်းထဲ ရောက်နေခဲ့သည်။ အထက်တန်း သူနာပြု ဒေါ်မြင့်ကြည်က ဆေးရုံတွင်း လှည့်လည်မိတ်ဆက်ပေးစဉ်မှာ နွယ်နှင့်မတွေ့လိုက်ရ။ လုပ်ဖော်ကိုင်ဖက် A.S အမျိုးသမီးချင်း ခင်ခင်မင်မင်နေဖြစ်ခဲ့သည် ကြူကြူကို သတိရစွာဖြင့် ခွဲစိတ်ခန်းက ထွက်တော့ အပြင်လူနာဌာနရှိ ဒေါ်မှုယာတင်ကို နွယ်လှည့်ဝင် နှုတ်ဆက်မိလေသည်။ မြေလတ်ဆေးရုံက အပြင်လူနာဌာနမှာ လူနာများပြားသည်။ ထိုလူနာများ အကြားမှာ ဆရာဝန်မလေးကို မြင်မတတ်တွေ့ရတော့ နွယ်ကရုဏာသက်မိရသည်။



"ညီမရေ မောနေပြီလားဟေ့"

နွယ်က ခင်မင်ရင်းနှီးလိုစွာ လှမ်းနှုတ်ဆက်တော့ သူမက လူနာစမ်းသပ်နေရာက မော်ကြည့်ခဲ့သည်။ နွယ့် မျက်လုံးထဲတွင် ဆေးရောင်စုံတွေ လင်းလက်သွားခဲ့သည်။ ကြူကြူကဲ့သို့ မျက်နှာမှာ သနပ်ခါးရေးရေး ဆံပင်ကို သပ်ရပ်စွာ နောက်ဘက်မှ ဆံညှပ်တစ်ခုဖြင့် တင်းတင်းညှပ်ထားတတ်သူ အမျိုးသမီးဆရာဝန်တစ်ဦးကိုသာ နွယ့်စိတ်က ဘာကြောင့်များ စွဲလမ်းနေမိသည်လဲ။

ပြီးတော့ ဒေါ်မှုယာတင်က လွတ်လပ်သူ အပျိုရွယ်တစ်ဦးဖြစ်ကာ ဒေါ်ကြူကြူက အိမ်ထောင်ရှင်မတစ်ဦးလေ။ ဒေါ်မှုယာတင်က ခြယ်သ ပြင်ဆင်ထားသမယ့် သူမမှာ ပင်ကိုအလှအပလည်းရှိသည်။ မျက်နှာပါးလေး ဖြစ်သည်။ ပန်းရောင်နှင့်ရင့်ဆိုးဆေးတင်ထားသော နှုတ်ခမ်းလေးများကလည်း ပါးလှပ်ပုံကျ လှပလေသည်။ သူမ ဝတ်ထားသော အဝတ်အစားများက တန်ဖိုးကြီးမှန်း သိသာ၏။ ကိုယ်လုံးပေါ်သော ကိုယ်ကျပ်ဘလောက်(စ်) အင်္ကျီနှင့် ကီမိုနိုကို ချယ်ရီရောင်ရွှေလို့ လိုက်ဖက်စွာ ဝတ်ဆင်ထားခဲ့သည်။

နွယ့်ကို သူမကလည်း ရူးစမ်းစွာ ကြည့်နေခဲ့သည်။ တစ်စုံတစ်ရာ သိထား သွားသလို ပြုံးရယ်လျက်

"သြော် မမက ဆာကျင် ဒေါ်ခင်ဦးနွယ် ထင်တယ်"

ဟု နှုတ်ဆက်လိုက်သည်။ နွယ်က ပြုံးလျက် ခေါင်းညိတ်ပြခဲ့

"မမကို မှုယာ သိပါတယ်။ မမကသာ စီနီယာမို့ မှုယာ့ကို မသိတာ။ ဆရာနဲ့ လက်ထပ်သွားတဲ့ မေသန္တာက မှုယာတို့ထက် တစ်နှစ် ဂျူနီယာကျတယ်လေ"

နွယ်ရဲ့ကြည်လင် ရှင်းသန့်စင်သော စိတ်တွေ နောက်ကျိသွားခဲ့သည်။ နွယ်တို့ရဲ့ မိတ်ဆက်တွေ့ဆုံခြင်းအစတွင် ထိုကိစ္စကို ထည့်သွင်းလာသင့်ပါသလား။

"သွားဦးမယ်ကွာ။ ဒေါ်မှုယာလည်း အလုပ်တွေ များနေတယ်။ လိုတဲ့ အကူအညီပြောနော်"

နွယ်က ပြင်ပလူနာဌာနရှိ လူနာများအကြားက မြန်ဆန်စွာ ထွက်လာခဲ့ နောက်တစ်ရက် ဆေးကုသဆောင်ရှိ ဆရာဝန်၊ ဆရာမတို့ ဆုံတွေ့သော ရုံးခန်းထဲတွင် ဒေါ်မှုယာတင်နှင့် ခုံမိကြစဉ် ဆရာဦးအောင်မြင့်လည်း ရှိနေခိုက်

"မှုယာ့ G.P က သာကေတမှာ သိပ်နာမည်ရတာလေ။ မှုယာက

www.burmeseclassic.com



ဟောက်(စ်)ပြီးကတည်းက ထိုင်ခဲ့တာ။ ၅ နှစ်တောင် ရှိနေပြီဆိုတော့ အရှိန်ရနေပြီ။ မှုယာက ဆော်ရုံနဲ့ ဆေးရုံကို Refer မလုပ်ဘဲ ကလင်းနစ်မှာပဲ ပြီးအောင် ကြိုးစားကုပေးတာ ဆိုတော့လေ မှုယာ့ကို သာကေတက သိပ်အားကိုးကြတာ။ ပြို(စ်)တင် ရတော့လည်း ရန်ကုန်မှာ မဟုတ်တော့ မှုယာ့ G.P ကို လက်လွှတ်ခဲ့ရတာ သိပ်နှမြောစရာကောင်းတာပဲ။ ဟောက်(စ်)ပြီးခါစ ချာတိတ်တစ်ယောက်ကို လက်လွှဲ ရောင်းခဲ့မှာယ်။ သူနဲ့တော့ မှုယာ့ကလင်းနစ်က ဆက်ကောင်းမယ့်ပုံ မဟုတ်ပါဘူး။ လူကလည်း မလှုပ်တလှုပ်၊ ကျွမ်းလည်း မကျွမ်းကျင်ဆိုတော့လေ''

ပြောခဲ့ပေ၏။ နွယ်က မည်သို့မှ မှတ်ချက် မပေးတတ်ဆဲ ဆရာ ဦးအောင်မြင့်ကမူ လူကြီးဆန်စွာ

''ဒေါ်မှုယာတင် နောက်တော့လည်း ကျွန်တော်တို့မြို့မှာ အနေကျ သွားမှာပါ။ ဒေါ်ခင်ဦးနွယ်ဆို ၄ နှစ်ကျော်ပြီလေ။ မြို့နဲ့ တစ်သားတည်းလိုဖြစ်နေပြီ''

ဝင်ပြောခဲ့သည်။ ဒေါ်မှုယာတင်က လှပစွာပြုံးကာ

''ဆရာကြီးရော၊ မမရော မှုယာ့ကို မှုယာလို့ပဲ ခေါ်ပြောနိုင်ပါတယ်''

ဆိုခဲ့ပေ၏။

ခွဲစိတ်ခန်းမှာ နွယ်နှင့် မမအေးမီ ဆုံကြတော့

''မမတော့ ကြူကြူ့လို တပည့်တစ်ယောက်တော့ ရမှာမသေချာဘူး။ ဆရာတင်ချင်ရင်တော့ ရမှာ သေချာသလောက်ပဲ''.

ဟု မမအေးမီ ရယ်မောပြောခဲ့လေ၏။

ရောက်ပြီး တစ်ပတ်မရှိခင် မှုယာတင်က ဆေးခန်းဖွင့်ပွဲလေး ပြုလုပ်ခဲ့ သည်။ လမ်းမတော်တွင် ဖွင့်ထားသော ခင်ဦးနွယ်၏ 'မေတ္တာ' ဆေးခန်းနှင့် ၄ အိမ်ကျော်တွင် 'သုခ'ဟူသော ဆေးခန်းကို ဖွင့်ခဲ့သည်။

ဆေးခန်းဆိုတော့လည်း လူစည်ကားရာ၊ အသွားအလာလွယ်ကူရာ အရပ်ကို ရွေးရမြဲမို့ ခင်ဦးနွယ်စိတ်ထဲမှာ ဘယ်လိုမှမနေခဲ့။ သို့သော် ဖွင့်စဉ် လူနာ ပါးဆဲဖြစ်သော 'သုခ' ဆေးခန်းလေး၏ ရှေ့စားပွဲတွင် ထိုင်နေသော မှုယာတင်ရဲ့အနီးကတော့ အတင်းလို့ ပြောရမလား။ သတင်းလို့ ဆိုရမလား။ စကားသံတွေ ဖြန့်ကြက်ကာ အာဝဇ္ဇန်းကောင်းလွန်းသူဖြစ်လေ၏။

''ဆေးရုံက အကြောင်းဆိုတာ အပြင်မှာ ပြောလို့ကောင်းတာ ရှိတယ်။ ပြောလို့မကောင်းတာလည်းရှိတာပဲ မမရယ်။ ကိုယ်က စေတနာမှန်မှန်နဲ့ လုပ်ပေးမယ့်



လူနာဘက်က လက်မခံချင်တဲ့အပိုင်းတွေ၊ နားလည် မှုလွဲတာမျိုးတွေက အများကြီး။ လုပ်ငန်းသဘော နားမလည်တဲ့သူက အထင်အမြင်မှားစရာ ဖြစ်လာမယ့် ဆေးရုံက အကြောင်းတွေကို အပြင်မှာ ပြောတာတော့ မကောင်းပါဘူး''

အထက်တန်းသူနာပြု မမအေးမီကအစ ဆေးရုံက နှပ်(စ်)တစ်ယောက်စ နှစ်ယောက်စကပါ မှုယာတင့်အကြောင်းကို အထူးကုဆရာဝန်လည်းဖြစ်၊ ဆေးရုံတွင် လုပ်သက်ကြာသူလည်း ဖြစ်သည့် ခင်ဦးနွယ်သို့ ပြောလာခဲ့ကြသည်။

ခင်ဦးနွယ်အနေနှင့်မူ ပြောင်းရွှေ့သွားသည့် ကြူကြူနှင့် ရင်းနှီး ခင်မင်စွာ ဆက်ဆံခဲ့သလို မှုယာတင့်ကို ဆက်ဆံလို့ ရမည်မဟုတ်တာ ခင်ဦးနွယ် စိတ်တစ်နေရာက သိထားနှင့်ပြီးပြီ။

ခင်ဦးနွယ်ကို 'မမ'တစ်ခွန်းသာ သူမထက် အသက်အရွယ်ကြီးသူအဖြစ် ပေါ်လွင်လေအောင် ရှိန်းရှိန်းဝေဝေ ခေါ်ခဲ့ပြီး အလုပ်ခွင်တွင် တန်းတူရည်တူ ဆက်ဆံတတ်သော မှုယာတင့်ကို ခင်ဦးနွယ်ကရော ဘယ်လိုများ ကိုင်တွယ်နိုင် ပါမည်မို့လဲ။ မှုယာတင်နှင့် ခပ်ဝေးဝေးနေခဲ့ပါလျက် ကိုယ့်စတပ်(ဖ်)များထဲမှာပင် ကျောမလည် ဖြစ်လာခဲ့ပြီဆိုတော့

''ဒေါ်မှုယာတင်က သူတစ်ကိုယ်ကောင်း ထင်ပေါ်အောင်လုပ်နေတာက ကျွန်မတို့ကို လာမထိနိုက်ရင် ကိစ္စမရှိပါဘူး မမရယ်၊ အခုတော့ သူ ဝင်လာလိုက်ရင် ရှုကလုပ်ထားတာတွေအားလုံး အသုံးမကျဖြစ်၊ သူ တစ်ယောက်တည်း တော်တတ် ဘဲ့ပုံစံမျိုးဆိုတော့ ပေးရှင့်တွေက ကျွန်မ တို့ကို ဘယ်အယုံအကြည် ရှိပါတော့မလဲ''

အထက်တန်း သူနာပြု ဒေါ်မြင့်ကြည်က ပြောခဲ့သည်။

အလွန်အေးသော သူနာပြု လှလှစောကပင်

''ကျွန်မကျူတီမှာ ကလေးတောင် မွေးထွက်တော့မယ့် မွေးလူနာ မမရယ်။ သူ ရောက်လာတော့ သူ့ကို ဘာဖြစ်လို့ အကြောင်းမကြားသလဲ၊ ဒါ Synto Drip သွင်းရမယ့် ကေ့(စ်)။ ဒီလိုပဲ ထားလို့ ကလေးရော လူကြီးပါ ဒုက္ခရောက်သွား မယ်ဆိုပြီး ဒရစ်သွင်းခိုင်းတယ်။ မွေးလူနာရဲ့ အစောင့်တွေက ကျွန်မကို အမြင်မကြည်ကြတော့တူးပေါ့။ တကယ်ဆို စင်တိုသွင်းလိုက်လို့ ရိုရိုပဲမွေးရင်တော့ ရတာပါပဲ မမရယ်။ ကျွန်မက A.S ပြောတဲ့အတိုင်း လိုက်နာမှာပါ''

နပ်(စ်) မြင့်က ဝင်ပြောခဲ့ပြန်သည်။

''မွေးလူနာနဲ့ ပတ်သက်လို့တော့ ကျွန်မတို့ကိုင်ရင်လို့ သူ မကြိုက်တာ

www.burmeseclassic.com

www.burmeseclassic.com



မမ။ ကျွန်မတို့ကလည်း ခါတိုင်းလုပ်နေကျအတိုင်း ကျွန်မတို့ အရင် စမ်းကြည့် လိုအပ်ရင် မမတို့ကိုခေါ်တဲ့ ထုံးစံအတိုင်းပဲ လုပ်တာပါ။ ကျွန်မတို့လည်း သားဖွား သင်္ချာတ် ရထားတာပဲ မမရဲ့။ အရပ်ထဲမှာ အရပ်လက်သည်တွေကိုတောင် အရှုံ့သားဖွားသင်တန်း တက်နိုင်းပြီး ကလေးပေးမွေးသေးတာ။ ဆေးရုံကျမှ သူနာပြု ကလေးမမွေးရဘူးဆိုတော့။ လိုအပ်လို့ သူ့ကို အကြောင်းကြားပြီ ဆိုရင် သည်း အကြောင်းကြားတာ နောက်ကျတယ်လို့ အပြုပြောခံရတယ်။ ထဘီပိုတောင် ပေါ်တဲ့ မွေးလူနာဆိုရင်တော့ ကျွန်မတို့ကို မွေးခိုင်းပါပြီ"

မမအေမီကတော့ ရှင်းပြတ်သည်။

"လူနာ ရချင်ရင်လည်း တခြားနည်းနဲ့ ရိုရိုသားသားကြီးစားပေါ့တော်"

မူယာတင့်ကို အရိပ်အမြွက် သတိပေးဖို့ လိုလာခဲ့တော့ လှုံ့ဆော်ကြသည့် အချိန် မဟုတ်တဲ ခင်ဦးနွယ်နှင့် မူယာတင်နှစ်ဦးတည်း ဆုံဖြစ်သည့်အချိန်ကို ရွေးလို့

"မူယာရေ ကိုယ်တို့ စတပ်(ဖ်)တွေကလည်း သူတို့အတွေ့အကြုံ လေးတွေနဲ့ ဆရာဝန်ကိုကူညီဖို့ လူနာကို ကူညီဖို့သာ သူတို့စိတ်ထဲမှာ ရှိတာပါ။ မူယာ့စိတ်ထဲမှာ နည်းပျက်တာတွေ့ရင် ခေါ်ပြီးသေသေချာချာ ပြောပြပေးရင် နားလည် လက်ခံကြမှာပါ။ ဝါ့(ဒ်)ထဲမှာတို့ ပေးရှင့်တို့ ရှေ့မှာမဟုတ်တဲ နားနေခန်း ထဲမှာ အေးအေးဆေးဆေး ပြောပြရင်တော့ ပိုပြီး နားဝင်တာပေါ့"

"တကယ့် အင်မာဂျင်စီကျတော့ လိုအပ်တာ၊ သူတို့လုပ်တာ မဟုတ်တာ ကို ချက်ချင်းပြောရတာပေါ့ မမရဲ့။ နားခန်းအထိ ဘယ်စောင့်လို့ ဖြစ်ပါ့မလဲ။ ပွင့်ပွင့်လင်းလင်းပေါ့ မမရယ်။ မူယာတို့က ဆရာဝန်ချင်းပဲ။ မမကို ဘယ်သူက မူယာ့အကြောင်း ဘာပြောလို့လဲ"

"မမက ပြောတဲ့အကြောင်း သူတို့ကိုတော့ သွားမပြောပါနဲ့ကွယ်"

ဟု စကားတင်းလှည့်ဆိုနေတတ်သူ့ရဲ့လေသံနှင့် နွယ်ကသင် တောင်းပန်ရ တော့မလို အဖြစ်ပါလား။ အတော်မလွယ်တဲ့ အမျိုးသမီးလေးပဲ။ နောက်ဆုံးတော့ ခေါ်ခင်ဦးနွယ် ရိုးရိုးရှင်းရှင်းပင် ပြောဖြစ်ခဲ့သည်။

"မမတို့ လုပ်နေကြတာတွေက လူနာကောင်းဖို့ အဓိကပါပဲ မူယာ။ ကိုယ်တို့အားလုံး တက်ညီလက်ညီကောင်းကြတယ်ဆိုရင် ဆေးရုံက နာမည်ကောင်း လာမယ်။ လူတိုင်းက အားကိုးလာကြမယ်။ အဲဒီလို ဖြစ်လာဖို့ကလည်း ဆေးရုံ



အလုပ်ဆိုတာ တစ်ဦးကောင်း တစ်ယောက်ကောင်းနဲ့ လုပ်လို့ရတဲ့အလုပ်မျိုး မဟုတ်ဘူး။ ဆေးခန်းနဲ့ ခြားနားတာ အဲဒါပဲပေါ့။ ဆေးရုံအလုပ်က စုပေါင်းလုပ်ရ တဲ့အလုပ်ပဲ။ ဒါကြောင့်မို့ ကိုယ်ကောင်းဖို့ နာမည်ရဖို့ထက် လူနာကောင်းဖို့ကို ပိုအဓိကထားသင့်တယ်။ ပြီးတော့ ဆေးရုံတစ်ရုံဆိုတာ အပြင်လူထုနဲ့ဆေးရုံ၊ ဆေးရုံထဲက လုပ်ဖော်ကိုင်ဖက် အချင်းချင်း အဝထမ်း အပြင်မှားမဖြစ်အောင်၊ ပြဿနာ မရှိအောင် စောင့်စည်းကြဖို့လည်း အရေးကြီးသေးတယ်လေ။ တို့ ဆိုလိုချင်တာက အဲဒါပါ"

မူယာတင်က

"ဟုတ်တယ်နော် မမ"

ဟု ထောက်ခံတာလား။ ကတိပေးတာလား မသဲကွဲပေမယ့် မဆန့် ကျင်ဘဲ ပြောခဲ့သည့်တိုင် ခင်ဦးနွယ် စိတ်ထဲတွင် မူယာတင်နှင့် အရေးအတင် ဖြစ်မည့်ကိစ္စ မှန်သမျှ ရှောင်ရှားဖို့တော့ ဆုံးဖြတ်လိုက်မိခဲ့သည်။

သည်အချိန်တွင် လက်ထောက် ဆရာဝန်အသစ်တစ်ဦးဖြစ်သော ဒေါက်တာသက်ဇော်နိုင်က မြေလတ်သို့ ပြောင်းရွှေ့ရောက်ရှိလာခဲ့လေသည်။

□

"ဦးသက်ဇော်နိုင် ဆရာသမားရယ်။ ဘယ်များရောက်နေရတာလဲ"

ခွဲစိတ်ခန်းတာဝန်ခံ ဆရာမကြီး နော်အေမီ၏ အသံကြားလိုက်ရ၍ သက်ဇော်နိုင် ခါးမတ်ကာ လှည့်ကြည့်မိလေသည်။

"ဘယ်မှ မရောက်ရပါဘူးဗျာ။ ညက တစ်ညလုံးရှုပ်နေလို့ အိပ်ပြန် နေရို။ ခုတလေး နားရုံရှိသေးတယ်။ မမအေမီတို့ကလည်း သိရေတာ ဖွင့်ရော လားဗျ"

"မဖွင့်လို့ ဘယ်နှယ့်လုပ်မလဲ။ ကေ့(စ်)က ရောက်လာတာကိုး"

ခွဲစိတ်ခန်းက ထုတ်လာသော လူနာကိုသွေးပေါင်ချိန်၊ နှလုံးခုန်နှုန်း အသက်ရှူနှုန်း စစ်ဆေးကြည့်နေခြင်းပင်။ လူနာက သတိရခဲ့ပြီးပြီ။ အိပ်မောတစ်ဖန် ပြန်ကျနေခဲ့သည်။ ခွဲစိတ်ပြီးစ လူနာထားသော အခန်းလေးမှ ဂျူတီခန်းသို့ သက်ဇော်နိုင် ပြန်လျှောက်လာခဲ့သည်။ နော်အေမီကတော့ ကြာရှည်မျိုးသိပ်ထားရသို့ တောက်နိုင်စွာ လမ်းကပင် တိုးတိုးပြောလာ၏။

"မနေ့က သိရေတာထဲမှာ ကျွန်မတို့ မမသော့ချိတ်တော့ ဒေါ်မူယာတူတော

www.burmeseclassic.com

www.burmeseclassic.com



သွတာ ဗြို့ကိုဒိုက် ခံသွားရုံပဲတော့။ ကျွန်မတောင် ကြားထဲက အရူးလားလားတယ်။ မမကတော့ ဒေါ်ကြာတူတော်။ နေနိုင်တယ်''

''ဘာ ပြောစရာလိုလည်း မမအေမီ၊ သူ့အကြောင်းသိနေရင် ပြီးတာပဲ''

အဆောက်တန်းသူနာပြု နော်အေမီက သူ့လက်ဖဝါးဝကစ်ကာစ်ဖြင့် သက်ဇော်နိုင် လက်မောင်းကို ဖြန်းခနဲ ရိုက်သည်။

''တော်ကတော့ ပြီးတာပဲ ပြောမှာပေါ့၊ တော်နဲ့ ပြေလည်နေတာကိုး''

''ဟောဗျား ကျွန်တော်တော့ ခွဲမထည့်နဲ့နော်''

ဆာကျင်နှင့် ခွဲစိတ်ခန်းတာဝန်ခံ ခင်မင်ရွှေးဝေတွေးမြဲပေမယ့် မမအေမီနှင့် ဆာကျင်မတို့ရဲ့ ချစ်ခင်တွယ်တာမှုကဖြင့် နက်ရှိုင်းလှလေ၏။ ဆရာမကြီးကခွဲစိတ်ကု ဖိသနာပါသော သက်ဇော်နိုင်နှင့်လည်း ခဏချင်း ရင်းနှီးခင်မင်လာခဲ့သည်။ ဒေါ်မှုယာတင်ကိုမူ မမအေမီကအလုပ်သဘော ထက်ပိုလို့ ရင်းနှီးခင်မင်လိုပုံမပြ။

''ဆရာနဲ့ဒေါ်မှုယာက A.S အချင်းချင်းဆိုတော့ ပြေလည်ချင် ပြေလည် နေကြမှာပဲ။ မေ့ဆေးလေးဘာလေး လာကူပေးပေးပါလားတော်။ ခုတော့ ကျွန်မတို့မှာ သူများကို အောက်ကျခံပြီး သွားခေါ်ရသေးတယ်။ အဲဒါ ရှင့်ကြောင့် မဟုတ်ဘူးလား''

''ကျွန်တော့်ကို အခေါ်လွှတ်လိုက်ပါလားဗျာ။ ကျွန်တော်သိရင် လာမှာပေါ့''

သက်ဇော်နိုင်အတည်ပြောမှ မမအေမီ စိတ်ပြေပုံရသည်။ ရယ် မောလာ နိုင်လျက်

''ဒါဆိုလည်းပြီးရော။ ဒါပေမယ့် တော်တို့ ပြေလည်ပြီဆိုရင်တော့ ကျွန်မတို့ကို ပြောဦးနော်။ သူ့အကြောင်း တော့်ရှေ့မှာ ပြောမိမှာစိုးလို့''

''ဟာဗျာ ဒုက္ခပါပဲ''

သူက ဆံပင်တွေကို လက်နှစ်ဖက်ဖြင့် ထိုးဖွ နောက်ပြန်သပ်တင်ရင်း စိတ်ရှုပ်ဟန်ပြလိုက်မှ မမအေမီ တသောသောရယ်ကာ ထွက်သွားခဲ့သည်။

သက်ဇော်နိုင် ကျောင်းပြီးခါစ အလုပ်စ,ဝင်ဝင်ချင်းမှာ နယ်ဆေး ရုံလေး ရောက်သွားခဲ့သည်။ သူ့ ဆေးကုသ အတွေ့အကြုံတော့ နည်းခဲ့သည်။ ချင်းပြည်နယ် ပလက်ဝမြို့လေးတွင် ရောင့်ရဲ ပျော်ရွှင်စွာတော့ နေလို့ ရခဲ့သည်။ ဖူးနီးခြင်းကို အရသာတစ်ရပ်လို ခံစားနိုင်လာမိခဲ့သည်အထိ သူ နေခဲ့လေသည်။ အလုပ်နည်း သောကြောင့် ခွဲစိတ်ကုသ ဘွဲ့လွန်အတွက် တလည်းမတော်ဖြစ်ခဲ့သည်။ သူနှင့်



ဒို့နယ်ဆရာဝန် မိသားစုမှာ ရင်းနှီးခင်မင်လုံးထွေးနေခဲ့ကြကာ အချိန် ၂ နှစ်က ကြောလိုက်တဲ ကုန်လွန်သွားခဲ့သည်။

မြေလတ်ဆေးရုံသို့ ပြောင်းရွှေ့ရောက်ရှိလာတော့ ဆရာဝန် အပြောင်း အရွှေ့တွေ ရှိနေခဲ့သည်။ ဆေးခွင့်ခံစားနေသော ဒေါက်တာယဉ်မှိုးကို သူမမြင်ဖူးရ သေး။ ဒေါ်မှုယာတင်က သူ့ထက် ၂ နှစ်စော၍ ကျောင်းပြီးပေမယ့် အခုမှ အလုပ်ဝင်လာသူ။

''မမက အခုမှ ပို(စ်)တင်ဝင်တယ် ဆိုပေမယ့် ကျွန်တော်လည်း မထူးပါ ဘူး။ အခုမှ ထရိန်နင်က ရမှာပါ''

''အချင်းချင်းတွေပဲကွာ။ တို့ကို မမ မခေါ်နေပါနဲ့။ ယူ့ဆာကျင် မကိုပဲ ခေါ်ပါ။ သူတို့က အဲဒီလိုခေါ်မှ ကြိုက်တာ''

မှုယာတင်က ရင်းရင်းနှီးနှီး ပြောလိုက်တော့ သက်ဇော်နိုင် 'ဟာဗျာ' ပြန်သည်။

သူ ခွဲစိတ်ကုသပညာရပ်ကို အထူးလိုက်စားဖို့ စိတ်အားထက် သန်လှတာ ဆေးရုံတစ်ရုံလုံးက သိထားကြသည်။ ဆေးရုံသို့ သူ့ထက် ဥလစော၍ ရောက်ခဲ့သော မှုယာတင်ကလည်း သူ့ကို 'ဆာကျင်ကြီး'ဟု မကြာခဏ စ,နောက်တတ်ပေသေး၏။

ဆာကျင်ဖြစ်ချင်သော သူ့မှာ မြေလတ် ဆေးရုံရဲ့ ဆာကျင်ကို အသဲအမဲ ချွင်းကပ် အတွေ့အကြုံရယူဖို့ စိတ်ကူးပါမှ ဆာကျင်က မမျှော်လင့်ဘဲ အမျိုးသမီး တစ်ဦး ဖြစ်နေခဲ့ပါလေ၏။

အမျိုးသမီးမှာ အလွန်ခွဲခဲ့ဆောင်မှုရှိသောအလှနှင့် မျက်နှာထား တည် တည်၊ သိက္ခာတင်းတင်းနှင့် နေတတ်သူဖြစ်ကာ မယုံကြည်ချင်စရာ အိမ်ထောင်ကွဲ သားနှစ်ယောက်၏ အမေလည်း ဖြစ်နေခဲ့လေ၏။

□

တွေ့စက ဒေါ်ခင်ဦးနွယ်ကို သူလို့ လက်ထောက်ဆရာဝန် တစ်ဦးသာ ထင်မိခဲ့သည်။ 'မမ'ဟု ဆေးရုံအခေါ်ဖြင့်သာ ခေါ်လိုက်ရသည်။ သူမကို သူ့ထက် ၂နှစ်ပို မကြီးနိုင်ဟု ခန့်မှန်းထားမိသည်။ ကော်လာပါသော စပို့ရှပ်ပွပွကို ထည် ပင်းအစ္စေ့ ကြယ်သီးတစ် ဝတ်ထားသည်။ ရွှေအိုရောင်မှိုင်းမှိုင်း ပါးတိတ်ဆင် လုံချည်က ခြေမျက်စိမဖုံးတတ်။ ခွဲစိတ်ကုသ ဆောင်ကွေ့သို့ ဘယ်နှုပေါ်လာမှန်း မသိလိုက်ဘဲ သူ့ကို 'ဟော့'ဟု ရှုတင်းတင်း လှမ်းခေါ်ခဲ့ပေ၏

www.burmeseclassic.com

www.burmeseclassic.com



သူမက ကိုယ်နေဟန် အချိုးကျလှပကာ ကျစ်လျစ်သွယ်မြင့်သည်။ ဝါနုရောင်ရှိသော အသားအရေက သူမဝတ်ထားသော စပို့ရှပ် အဝါရောင်နှင့် လိုက်ဖက်နေခဲ့၏။ အင်္ကျီအား ဘယ်ဘက်ရင်ဖုံးမို့မို့တွင် မိကျောင်း နက်နက်လေး တစ်ကောင်တံဆိပ်လျက်။ လက်တစ်ဖက်က အင်္ကျီစကို ဆွဲတင်ထော့မလို၊ ခါးကျည်းကျည်းလေးတွင် ထောက်တော့မလိုဟန်ဖြင့် မျက်နှာထားတည်တည်။ သူစိမ်းတစ်ယောက်သို့ လှမ်းကြည့်သောအကြည့်က စူးစူးရဲရဲ ရှိနေသည့်တိုင် အချိုးသမီးက ချောမောနေခဲ့သည်။

သူမ မျက်ခုံးနှင့် မျက်လုံးများတွင် ဆေးကျူထားဟန်မရှိ။ မိမ်းမှောင် ရှန်းလဲ့ ကြည်စင်လျက်။ နှာတံက တစ်ကြောင်းဆွဲ ပုံတူထဲကလို စင်းစင်းလေး ပေါ်လွင်၏။ အစင်းအကြောင်းမထင်သော နှုတ်ခမ်းလေးမှာ ပန်းသွေးရောင် ရှိဒီကာ အောက်နှုတ်ခမ်းအလယ်တွင် ထူထူလေးဖြစ်၏။ သူ့ကို ပြောင်းရွှေ့ရောက်ရှိလာသည့် ဆရာဝန်အသစ်မှန်းသိတော့ ထိုနှုတ်ခမ်းလေးက အလွန်အားနာဟန် ပြုံးခဲ့လေသည်။

ထိုသို့ ပြုံးလိုက်သောအခါ ပြီးပြည့်စုံသော အလှပန်းချီကား တစ်ချပ် ဖြစ်သွားပြီ။ မထိကိုင်ရက်စရာ နုနယ်စွာလှသော အလှပန်းချီ ကားချပ် မဟုတ်တဲ့ နိုင်ခံ့လေးနက် ခွဲမြဲသော အလှပန်းချီ ဖြစ်လေ၏။ ထိုအလှပန်းချီကို သူကဲ့သို့ပင် လက်ထောက်ဆရာဝန်တစ်ဦးဟုထင်မြင်မိခဲ့ ကာ ဘယ်ထဲ(၃)မှာ ဂျူတီကျသလည်း စုံစမ်းမိတ်ဆက်မိတော့ မြေလတ် ဆေးရုံအတွက် ဟာသတစ်ပုဒ်ဖြစ်သွားခဲ့ရတော့ သည်ပင် မဟုတ်လား။

□

သူဂျူတီဝင်တော့ ဆရာဦးအောင်မြင့်၏ ဆေးကုသဆောင်မှာ ပထမဆုံး တာဝန်ကျခဲ့သည်။ ဆရာကြီးက နှစ်ပတ်လည် ကျန်းမာရေး ညီနိုင်းဆွေးနွေးပွဲများ ရှိနေခဲ့သည်။ သူ့ကို ဆေးကုသဆောင်မှာ တာဝန်ယူစေခဲ့သည်။ သက်ဇော်နိုင် ဝါသနာ ထက်သန်သည်က ခွဲစိတ်ကုသဘက်။

တစ်ရက် ခွဲစိတ်ခန်းသို့ ချက်ချင်းသွားပေးဖို့ ဆရာဦးအောင်မြင့်က ညွှန်ကြားတော့ သူ့ အရေးတကြီးထွက်လာခဲ့ရသည်။ နောက်ဆုံးတော့ ခွဲစိတ်ခွင့်ရ တော့မည်ပေါ့။ သီရေတာ တံခါးတွန်းဖွင့် ဝင်ခဲ့တော့ ခွဲစိတ်ခုတင်ပေါ်မှာ ကိုယ်ဝန် ဆောင် အမျိုးသမီးတစ်ဦးကို ခေါင်းဦးနွယ်က စတင်ခွဲစိတ်နေခဲ့သည်။ သူနာပြု



ဆရာမကြီး နော်အေမီက မမကို ကူညီနေ၏။

"ကျွန်တော် လက်ဆေးရမလား မမ"

ဟု ဆိုလိုက်တော့ ဆာဂျင့်မျက်လုံးတွင် အရိပ်အယောင်တစ်မျိုး ယှက်သမ်းသွားခဲ့သည်။ သူနာပြုဆရာမကြီးသို့သာ လှမ်းကြည့်လိုက်ခဲ့သည်။ မမအေမီက နှာခေါင်းနှင့် ပါးစပ်ကို စည်းထားသော အဝတ်အောက်မှ နှုတ်ခမ်းတွေ လှုပ်ရှားကာ

"မဟုတ်ဘူး ဆရာရေ။ ဆရာက မေ့ဆေးစောင့်ပေးရမှာ။ ပေးရှင့် Spinal Shock ရမှာစိုးလို့ ဆရာကိုစောင့်ပေးဖို့ ခေါ်ရတာ။ ခုန ပရက်ရှာ ကျသွား လို့လေ"

သက်ဇော်နိုင် စိတ်ပျက်သွားမိသည်။ ဒေါ်မူယာက ထိုနေ့က ခွင့်ယူထားခဲ့ သည်။ ဒေါ်ခင်ဦးနွယ်က ထုံဆေးတစ်မျိုးကို လူနာရဲ့ ခါးရိုးဆစ်ကြားထဲသို့ ထိုးထည့်ကာ အောက်ပိုင်းတစ်ခုလုံး နာကျင်မှုမသိစေဘဲ ထုံနေစဉ် ကိုယ်ဝန်ကို ခွဲစိတ်မွေးဖွားပေးနေခဲ့သည်။

"နောက်တော့ ဦးသက်ဇော်နိုင်အတွက် အခွင့်အရေးတွေ ရလာမှာပါ"

ခေါင်းစည်းနှင့် နှာခေါင်း၊ ပါးစပ် စည်းကြားမှာ မျက်ခုံးထူထူနှင့် မျက်လုံးကြည်ကြည်လေးများ ပေါ်နေခဲ့ကာ ထိုမျက်လုံးတို့ ပြုံးလျက်ဖြင့် သူ့ကို လှမ်းပြောခဲ့သည်။

"ရပါတယ် မမ"

ဟု ပြောကာ သူမ ခွဲစိတ်နေသည်ကိုသာ လူနာအခြေအနေ စောင့်ပေး ရင်း ထိုင်ကြည့်နေခဲ့ရသည်။ ဆာဂျင် တစ်ယောက်ရဲ့ ကျွမ်းကျင်မှုသာမက သူ့ရဲ့ မိတ်နေစိတ်ထားပါ ခွဲစိတ်ရာမှာ ပေါ်လွင်သည်ထင်၏။

ဆေးရုံကြီးများမှာ အလွန်တော်သော အမျိုးခွဲစိတ်ဆရာဝန်ကြီးများနှင့် ကြုံဖူး၏။ တော်တာက တခြားပဲ။ ကူသော နှပ်(စ်)ကို တက်ခေါက်လိုက်၊ A.S ကိုရော၊ အလုပ်သမားကို ငေါက်ဖြင့် ထိုစိတ်တိုသော ဆာဂျင်ကြီးဝင်လာလျှင် အမှာကြောက်ကြောက်နှင့် ပိုမှားမိသောအဖြစ်တွေ ကြုံဖူးသည်။ မမနွယ်ကတော့ ငြိမ်ရှည်၊ ကျွမ်းကျင်လှသည့် ဆာဂျင်ပဲ။ ခွဲစိတ်မှုပြီးစီးသည်နှင့် လက်အိတ်ချွတ်ပြီး လူနာကို လာကြည့်သည်။ သက်ဇော်နိုင်က လူနာအခြေအနေ၊ သွေးပေါင်ချိန်၊ သွေးခုန်နှုန်း ပြောပြခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပဲ ဦးသက်ဇော်နိုင်"

ဆာဂျင်တာ သူ့ကို လှမ်းပြောရင်း သူမရဲ့ လက်တစ်ဖက်က ခွဲစိတ်ဝတ်ရုံ နောက်ကွဲရဲ့ ကြိုးများကို လက်နောက်ပြန် ဖြုတ်နေသည်။ သက်ဇော်နိုင်က အကျွမ်းတဝင်ပင် သူမနောက်မှာ သွားရပ်လိုက်ပြီး အင်္ကျီ ကြိုးများကို ခွဲဖြုတ်ပေးခဲ့သည်။ သူမထည့်တိုင်နှင့် ခံစမျှားတွင် ချွေးစို လက်နေခဲ့သည်။ အင်္ကျီတူစိမ်းစိမ်းကို ချွတ်လိုက်သောအခါ ဒေါ်ခင်ဦး နွယ်ကို ခွဲစိတ်ခန်းဝင် အင်္ကျီအစိမ်းရင့် လက်ပြတ် ထည်ပင်း V Shape ကျယ်ကျယ်နှင့် ခြေသလုံးလယ်ထိ တိုတိုဝတ်ထားသော အစိမ်းရောင် ပြောင်လုံးချည်နှင့် ချွေးတွေ စိုစွတ်လို့ နေသည် သက်ဝင်စွာ တွေ့ရသည်။

ခွဲစိတ်ဝတ်ရုံရှည် မရှိတော့သည့်ဆာဂျင်ကို သူ ငေးကြည့်မိလိုက်သည်။ သူမမျက်လုံးများကိုမြင်တော့ သူမ မျက်နှာတွင်လည်း အရိပ်အယောင်တစ်မျိုး ဖျော့ခနဲ ထင်ရှားထင်လိုက်ပြီး လွင့်ပြယ်သွားခဲ့သည်။ လက်ဆေးကန်သို့ လက်သွား ဆေးလေ၏။ မမအေမိနှင့် ဒေါ်ခင်ဦးနွယ် စကားပြောနေတာ လူနာကို ဒရစ်ပြန် ထိုးပေးရင်း သက်ဇော်နိုင် ကြားနေရသည်။

"တကယ်တော့ မမအေမိတို့ဆရာက ဆာဂျင်ဖြစ်ဖို့ကောင်းတာ။ ဆာဂျရီ မှာ သူက ကျွန်မထက်လည်း ပိုတော်တယ်။ ကျွန်မက ဆာဂျင်ပဲ လုပ်မယ်ဆိုလို့သာ သူက Phys'cian လိုင်းကို ရောက်သွားရတာ။ နှစ်ယောက်လုံး ဆာဂျင်ဖြစ်နေရင် တစ်ဆေးရုံတည်းနေရဖို့ မလွယ်ဘူးဆိုပြီး အစတုန်းကတော့ပေါ့လေ"

"အမလေး ဟုတ်ပါပြီတော်၊ ဟုတ်ပါပြီ။ ကဲ လွှမ်းခန်းလေး ရပ်ထားပါဦး မနွယ်ရေ။ တစ်ကိုယ်လုံးလည်း ချွေးတွေနဲ့။ ချွေးသွားသုတ်ပြီး အဝတ်အစား လဲတော့"

"မမအေမိကလည်း တစ်ခါတလေလေး သတိရမိတာ"

ဆာဂျင်က ပြောရင်း သက်ဇော်နိုင်ကိုပါ လှည့်ပြုံးကာ

"ပေးရှင့်နောက် ခဏလေး လိုက်သွားပေးပါဦး ဆရာ"

ဟုပြောပြီး အဝတ်လဲခန်းထဲ ဝင်သွားခဲ့တော့သည်။

ထိုနေ့ကစလို့ပါပဲ။ သက်ဇော်နိုင် ဆာဂျင်၏ ခွဲစိတ်ဝတ်ရုံကြိုးတွေကို အလိုက်တသိ ဖြုတ်ပေးဖို့ မကြိုးကြိုက်တော့။ မကြိုးကြိုက်အောင် အထူးတလည် ကြိုးစားနေရုံလည်းမပေါ့။ သူမရဲ့ မသိစိတ်ကပင် အလိုအလျောက် ဆောင်ရွက် နေခဲ့သလိုရှိလေသည်။ ဆောင်ရွက်ခဲ့တာ လုပ်ရက်မနည်းတော့ဟန် ပီရိယမှာ



ကျွမ်းကျင်လှတော့ သူမကိုယ်တိုင်ပင် ထိုအဖြစ်ကို သိရှိလိုက်ဟန်မတူဘူးထင်ရဲ့။

□

ဒေါ်ခင်ဦးနွယ်ရဲ့ဘဝကို ကြားသိရတော့ သက်ဇော်နိုင် အံ့အားသင့်မိ သည်။ လောကစံလှိုင်းလေ သင့်ခဲ့ပါလျက် ကံကြမ္မာဆိုးတို့မှ ထာဝရ ကင်းပ,နေသူ တစ်ယောက်လို ထင်မြင်မိအောင် ဘယ်လိုစိတ်ဓာတ်အင်အားများဖြင့် သူမ ကြံ့ခိုင် ခံ့မတ်နိုင်ခဲ့သည်လဲ။ သူမကို ဆေးရုံလုပ်ငန်း၏ဂ်သာ ပိုင်ဆိုင်သည် ထင်ရအောင် ဘယ်လိုစွမ်းအားများနှင့် အလုပ်တွေ လုပ်ခဲ့လေသည်လဲ။

"အတွေ့အကြုံမရှမာတော့ မပူနဲ့ ကိုသက်ဇော်နိုင်။ ခွဲလိုက် စိတ်လိုက်တာ ချည်း မြေလတ်တစ်မြို့လုံးကလူတွေရဲ့ Appendex (အူအတက်)တွေ ကျွန်မ ကျန်သေးရဲ့လား အောက်မေ့ရတယ်။ ဒီလောက် လျှောက်ခွဲနေမှတော့ ကြီးမွားတော့ တာပေါ့ကွာ"

ဒေါ်မူယာကတော့ ဒေါ်ခင်ဦးနွယ်ကို သည်လိုမြင်လေသည်။ သူကမူ မနွယ်၏ လုပ်ရပ်များတွင် ကျော်ကြားဖို့ ကြီးမွားဖို့ မလိုအပ်တဲ့ ခွဲစိတ်ခဲ့သည်များ ရှိနိုင်သည်ဟု ယောင်၍ပင် မတွေးမိခဲ့ပူပေ။ မူယာ့အမြင်ကြားရမှ ဆေးရုံမှာ သည်မျှအလုပ်လုပ်သူ တစ်ယောက်ကိုပေမင့် တစ်ထောင့်က တစ်မျိုးမြင်လို့ရသေး ပါလားဟု သက်ဇော်နိုင် စိတ်မသက်မသာ ဖြစ်မိရလေသည်။

ဆေးကုသဆောင်တွင် ၄လ ကြာခဲ့ပြီး သက်ဇော်နိုင် ခွဲစိတ်ကုသ ဆောင်ကို ရောက်လာခဲ့သည်။ ဆရာဦးအောင်မြင်က သက်ဇော်နိုင် ခွဲစိတ်ကုသဘက် စိတ်သန်မှန်းသိ၍ ပြောင်းပေးခဲ့ခြင်းပေ။

"အရင်က ခွဲတာတွေ မပြောတတ်ပေမယ့် ကျွန်တော်ရောက်ပြီးမှ ခွဲတာတွေကတော့ တကယ်လိုအပ်လို့ ခွဲစိတ်တာတွေပါ"

မမနွယ်အတွက် စိတ်မကောင်းဖြစ်မိစွာ ပြန်ပြောခဲ့ရသည်။

မမနွယ် အလုပ်လုပ်ပုံက ခွဲစိတ်ကု ဝါသနာကြီးသော သက်ဇော်နိုင် စိတ်အမာယူရသည်။ လူပြောချင်စရာ အဖြစ်ပေါင်းတစ်ခုတွက် ကိုယ့်ကိုယ်ကိုယ် သတ်ပေးသလို အလုပ်တွေများ ဖိလုပ်နေရှာသလားလို့ တွေးထင်ချင်လာမိသည်။ ကိုယ့်ကိုယ်ကိုယ် အပြစ်ပေးနေသလို အဖြစ်ကို သူမ သိမှသိပါလေစ။

မမနွယ်သည် ခွဲစိတ်ရက်တွင် ခွဲစိတ်ခန်းသို့ အစောဆုံးရောက် လာ တတ်သူ ဖြစ်၏။ နားနေခန်းထဲက ဝါး ပက်လက်ကုလားထိုင်ကလေးတွင် ကိုယ်ကို

www.burmeseclassic.com

www.burmeseclassic.com



လျှော့မှီချောက် ငြိမ်းသက်စွာ ထိုင်စောင့်နေတတ်လေသည်။ ဒေါ်အေးမိနှင့်အဖွဲ့ ဦးတင်ဦး ကြင်ဆင်သံ လူနာ တွန်းရွှေ့ခေါ်ယူလာသံ တွေဖြင့် အသက်ဝင်လာသော ဆွဲခြင်းခန်းကို ငေးကြည့်ရင်လည်း ကြည့်နေတတ်၏။ မှန်တိုင်းမစမီ လေငြိမ်ကာလ လေသော။

လူနာ ခွဲစိတ်ကုသပြီးဆိုသည်နှင့် မမနွယ်၏ လက်များကအလွန် သွက်လက်စွာ လှုပ်ရှားသွားတော့ပေ၏။ သူနှင့် အတူ ခွဲစိတ်သူ A.S ကိုဖြစ်စေ၊ နပ်(စ်)ကိုဖြစ်စေ သင်ကြားပြသပေးရင်း ခွဲစိတ်သွား တတ်သေး၏။ သူမအာရုံက သွေးကြောတွေ၊ ကြွက်သားမျှင်တွေ၊ အမြှေးတွေ အစာအိမ်၊ အူမ၊ အူသိမ်၊ ကလီစာတွေဆီမှာ ရှုနစ်ပျော်ဝင် သွားတတ်ပြီ စိတ်မှတ်မဲ့

"ဟိုက် ကိုယ့်အလုံးကြီးက ကိုယ်ထင်တာထက် ကြီးနေပါပကော"

ဟု အသံတွေ လွတ်ထွက်လာတတ်သည်။

"လုံမှ လုံပါ့မလား၊ မလုံလို့ မဖြစ်ဘူး"

ဟု အပ်ချုပ်ရင်းက စိတ်ကူးတွေ အသံထွက်တတ်၏။ ကြောင့်ကြမှု လည်း ရှိတတ်သည်။

"သွေးမထွက်တော့တာ သေချာပါတယ်နော်"

သည်အခါမျိုးမှာ နဖူးဆံစမှာ စိုးရိမ်သောက ချွေးဥလေးတွေ စီနေ သည့် မမနွယ်ကို ဖျတ်ခနဲ ငေးမိသည်။ ဆာဂျင်လည်း သူမကို အားကိုးစွာ ခွဲစိတ်ကုသမှု ခံယူနေသည့် လူနာကဲ့သို့ပင်။ ပိုမထူးခြားတဲ့ လူသားတစ်ယောက် ရဲ့ 'အာရုံခံစားမှုတွေနှင့် ပါလားဟု အတွေးဝင်ရသည်။

တစ်ယောက်ခွဲစိတ်ပြီးခဲ့လျှင် ဖါးပက်လက် ကုလားထိုင်လေးမှာ သူမ ပြန်ထိုင်၏။ နောက်မှီတွင် ကိုယ်ကို လျှော့မှီကာ ခေါင်းတင်ထားတတ်၏။ မျက်စိ မှိတ် အနားယူ၏။ တစ်ခါတစ်ရံ အနားမှာ လာချပေးသော ကော်ဖီတစ်ခွက်ကို ယူသောက်လေသည်။ ကော်ဖီတော့ ဒေါ်ခင်ဦးနွယ်က ကြိုက်လေသည်။ ခွဲစိတ်ရုံ ပေါ်တွင် လူနာအသင့်ရောက်ပြီဆိုသည်နှင့် လက်တွေကို ဆပ်ပြာမြှုပ်မွှေးမွှေး ဘရပ်(ရှ်)ဖြင့် ကြမ်းကြမ်းပွတ်တိုက်ပြီး ရေတွင်းမွှန်းအောက်မှာ လက်ဆေးပြီ သေ၏။ ခွဲစိတ်ရက်မှာ ပုံမှန် ၆ ယောက်, ၇ ယောက်ခန့် မမနွယ် ဆက်တိုက်ခွဲ လေသည်။ လူနာခွဲစိတ်ကုသနေစဉ် သူမအလွန်ချစ်သော သားတွေအကြောင်း



ပြီးသော်မှ ပြောခဲ့သည်။ ခွဲစိတ်မှု ပြီးခံ့ခါနီးမှ စကားပြောတတ်သည်။ မမအေးမိရဲ့ ထွက်တလွှတ်ဟာသများကို မမနွယ် ရယ်မောလိုက်သံလေးကိုက ရွှင်ပျလန်းဆန်း နေခဲ့၏။ ပင်ပန်းနွမ်းနယ်သည့်အသွင် မမြင်ရပေ။

မမနွယ်ရဲ့ ဘဝမှာ ဆေးရုံအလုပ်ရယ်၊ သားတွေရယ်က တစ်လှည့်စီ ထွက်ပြူ လင်းလက်နေသော မီးပွင့်များပမာ။ မမနွယ်က သည်မီးပွင့်များ လင်း လက် အချက်ပြနေသမျှ သက်ဝင်လှုပ်ရှားနေသော 'ရိုဘော့'တစ်ခုလို နေ နေသူ ဆက်ဖော်နိုင်ကတော့ သည်လိုပဲ မြင်မိသည်။ သည်နှစ်ခုကလွဲလို့ သူမဘဝမှာ အခြား အရာမဝင်နိုင်အောင် မမနွယ် ကြိုးပမ်းထားပုံရသည်။ ကိုယ့်ကိုယ်ကိုယ် ရိုဘော့' တစ် ရုပ်လို ဗဟိုထိန်းချုပ်ကွပ်ကဲမှုအောက်မှာ ထည့်သွင်း ထိန်းချုပ်ထား သော ဒေါ်ခင်ဦးနွယ်။

သို့သော် ဆာဂျင်ရဲ့ အပြောတစ်လှာကို ရင်ခိုးမှုပဲခွာခွာ၊ ကျောခိုးမှ ခွာခွာ အတွင်းမှာ ဆားကစ်တွေ၊ ဝါယာကြိုးတွေ သွယ်တန်းရှုပ်ထွေးစွာ မြင်ရမည်မှ မဟုတ်တဲ့။ ခံစားတတ်သော နှလုံးသားနှင့် လူသားဘဝကို ဒေါ်ခင်ဦးနွယ် စွန့်ပစ်ထားချင်လို့ ရနိုင်ပါ့မလား။

သူမမှာ အစစ်အမှန် နှလုံးသား လှုပ်ရှားမှုတွေ ရှိနိုင်သည်။ ခွဲစိတ်ခန်း ထဲက လူနာအတွက် သူမရဲ့ လူသားဆန်လှသော စိုးရိမ်မှုပင်စကားသံလေးတစ် ချက်မှာ ဖြစ်ဖြစ် ဖော်ပြနေခဲ့သည်။ ဒေါ်မူယာကလည်း ဆာဂျင့်ထံတွင် ခံစားချက် တွေ ရှိသည်ဟု ယုံကြည်လေ၏။

"ဆရာကလည်း သူ့အိမ်ထောင်နဲ့သူ အခြေကျနေပြီပဲကွာ။ ကိုယ်တိုင် လည်း ဆာဂျင်တစ်ယောက်ဖြစ်နေတာပဲ။ အရင်က ဆရာနဲ့သူ့အကြောင်း၊ ဆရာနဲ့ သူ့သားတွေအကြောင်း ပြောပြနေတတ်တာ မူယာဖြင့် ကြားရခက်လိုက်တာ"

စက္ကူပါးပါးလေးတစ်ချပ်မှာ ဆေးရောင်စုံ ခြယ်သထားသလို ခြယ်သထား သည့်ရှိသော မူယာတင်က ဆိုသည်။ အမျိုးသမီးက မျက်နှာပါးပါးလှလှလေး ရှင်ခမ်းက ပုံပန်းကျနစွာ ပါးလှပ်နေခဲ့၏။ သူမသည်လည်း လှပသည်။ သက်ဖော် နှင့်မမြင်တော့ သည့်ထက် ထူထဲလိုက်လျှင် ပိုလှသွားမလိုပင်။ မူယာတင့် စကား ကို မတုံ့ပြန်ဘဲ သက်ဖော်နိုင် ပရုံနှစ်ဖက်သော တွန့်မိတော့ . . ."

"ဟော သူ့ဆာဂျင်ကိုမှ တို့ကလည်း ပြောမိပြန်ပြီ။ ဘွာ့ဘွာ ဘွာ"

ဟု ဆိုကာ မူယာတင်က သူ့ပခုံးကို လက်ကိုင်ပဝါလေးဖြင့် လှမ်းရိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ သက်ဇော်နိုင်က ''ဟာ ဗျာ''ရေရွတ်ပြန်သည်။

မမနွယ်ထံမှ တစ်ယောက်ယောက်ကို တစ်ကြောင်းကြောင်းနှင့် တိုက်ခိုင်လို့ ဆရာ့အကြောင်း သားတွေအကြောင်း ပြောပြသံ၊ မူယာတင်ရဲ့ မမနွယ်ပြောသရှုကို ပြန်လည်ဝေဖန်ပြသံတွေဖြင့် သက်ဇော်နိုင်ရဲ့ ပတ်ဝန်းကျင်လေထုက သည်လို အခြေအနေမျိုးမှာ ရှိနေခဲ့သည်လေ။

□

မြေလတ်ရဲ့ မိုးရာသီမှာ မိုးမများလှတဲ့ အုံ့မှုံ့သာရှိခဲ့တတ်သည်။ ရာသီက အုံ့ဆိုင်းနေခဲ့၍ ဆေးရုံမှာလည်း စိတ်မကြည်လင် မှိုင်းမှုရက်တွေ ပိုများနေတာလားမသိ။ အခုတလော ဆေးရုံရဲ့ ရာသီဥတု မကြည်လင်သော နေ့ရက်များမှာ အိမ်မှာလည်း ပြဿနာတွေးလေးတွေ ရှိနေတတ်သည်။ အထစ်အငေါ့လေး တစ်ခုမဟုတ်တစ်ခုက နွယ် အိမ်အပြန်ကို စောင့်ကြိုနေတတ်သည်လေ။

နွယ် မသိ၊ နားမလည်နိုင်ခဲ့သော သားတို့ရဲ့ အခြားတစ်ဖက်သည် နွယ်နှင့်သားတို့ အတူသဖြင့်တော့ သားကြီးစည်သူရဲ့ကြားမှာ ပိုမိုထူထဲဝေးကွာခဲ့ပြီလား။ ၁၆ နှစ်အတွင်း ဝင်လာခဲ့ပြီဖြစ်သော သားကြီးစည်သူက နွယ့်အပေါ် အလိုမကျမှုလေးများကို သိသာ ထင်ရှားစွာပဲ ပြသတတ်လာခဲ့သည်။ နွယ့်မှာ လူနာတွေအပေါ်၊ အမျိုးမျိုး ပညာပြတတ်သော ရောဂါတွေအပေါ်၊ လုပ်ဖော်ကိုင်ဖက် ဝန်ထမ်းချင်းအပေါ်၊ စိတ်ရှည်စွာ အချိန်တွေ ပေးသုံးနေခဲ့ရသည်။ နွယ်ကိုယ်တိုင်လည်း အိမ်ရောက်ရင် စိတ်တိုတောင်းချင် ရှိခဲ့မိတော့တာ ဝန်ခံရပေမည်။

မန်ကျည်းတန်း လမ်းလေးမှ ဆေးရုံပေါင်းဝင်းထဲ ချိုးကွေ့ ဝင်လာခဲ့သည်။ အိမ်ရှေ့မှာ စက်တီး သုံး, လေးစီးကို တွေ့ရသည်။ စည်သူ စက်ဘီးမှုနေတာ သွားသတိရလိုက်မိသည်။ ညီသူက စည်သူ့ရဲ့နောက်လိုက်ပေ။ သူ့အတွက်လည်း ''B.M.X နော် မေမေ''တဲ့။

မြေလတ်မြို့ရဲ့ မြို့လယ် လမ်းကျဉ်းကျဉ်းတွေပေါ်မှာ စက်ဘီးတွေ၊ ဆိုင်ကားတွေ၊ ကားတွေက ရှုပ်ထွေးသွားလာနေတတ်တော့ ခင်ဦးနွယ်က စက်ဘီးမစီးစေချင်။ ကျောင်းက ခြံစည်းရိုးသာ ခြားသည်မို့လည်း စက်ဘီးမလို။ သို့ပေမယ့် မြို့ထဲသွားရင် ဟိုအရင် နှစ်နှစ်သုံးနှစ်ကလို ရှုပါကပ်လေးပေါ်မှာ သားအမိသုံးယောက်စီးကြတာမျိုးလည်း မဖြစ်နိုင်တော့။ စည်သူက အမေလစ်သည်နှင့် ရှုပါကပ်ကို



ယူစီး ချင်သည်။ ခင်ဦးနွယ်က မြို့ထဲဆေးခန်းသွားရသည်မို့ သူ့ကို စိတ်လည်းမချသည်မို့ သူယူစီးလျှင် ဆူမိ၏။ သည်တော့ ''စက်ဘီးဝယ်ပေးလေ''တဲ့။ ကျောင်းပိတ်ရက်မှာ ဘီးတစ်စီးနှင့် မိုင်တိုင်တွေ့ ချုံပစ်မှာ နွယ်က စိုးရိမ်မိနေ၏။ နွယ်နှင့်စည်သူကြား ပြဿနာတွေးများထဲက တစ်ခု။

စည်သူနှင့် သူငယ်ချင်းတွေအသံ အိမ်အောက်မှာပင် ကြားရသည်။ စည်သူ၊ ညီသူရဲ့ သူငယ်ချင်းလေးများနှင့် နွယ့်အိမ်က အမြဲလို စိုပြည်စည်ပင်နေတတ်သည်။ နွယ်ကလည်း ဒါကိုပင် သဘောကျမိသည်။ တစ်ယောက်ကိုတစ်ယောက် စိတ်အလိုမကျ ဖြစ်နေကြတဲ့ သားအမိနှစ်ယောက်ချင်း မျက်နှာချင်းဆိုင်ရမယ့် အချိန်တွေ နည်းသွားတာပေါ့လေ။

အိမ်ရှေ့ ဝရန်တာကျယ်လေးမှ ဧည့်ခန်းထဲသို့ လှမ်းတက်လိုက်သည်နှင့် ကြမ်းခင်းပြောင်ပြောင်မှာ တုံးလုံး ပက်လက်တွေ၊ ခြေဆင်းလဲလျှတွေ ထိုင်နေကြသော ကောင်ကလေးတွေက လှည့်ကြည့်ကြ၏။ ဆက်တီပေါ်မှာ ဘယ်သူမှ မရှိ။ အားလုံး ကြမ်းပြင်ပေါ်မှာ။ လွယ်အိတ်တွေ၊ စာအုပ်တွေ၊ ကက်ဆက်ခွေတွေနှင့် အတူ ပြန့်ကျဲလို့။ ဇော်ဝင်းထွဋ်ရဲ့ သီချင်းတစ်ပုဒ်ကို အကျယ်ကြီး ဖွင့်ထားကြသည်။ ကက်ဆက်နားမှာ ထိုင်နေသော စည်သူကတော့ တည်တည်လေး လှမ်းကြည့်လိုက်တာပါပဲ။

''ညီသူရေ မေမေ လာပြီကွ''

ဟု အတွင်းခန်းသို့ လှမ်းအော်ဖော်တော့ ရသေးသည်။ နနယ် ငယ်ရွယ်ပြီ ကလေးဆန်ဆန်မျက်နှာလေးများက နွယ့်ကို လှမ်း၍ နှုတ်ဆက်ကြည့်ဖြင့်ကြည့်ကြကာ လူးလဲထ, ထိုင်ကြသည်။ အချို့က

''အန်တီ ပြန်လာပြီလား''

နှုတ်ဆက်ကြသည်။

''သားတို့ ဘာစားပြီးပြီလဲ''

နွယ်က မေးရင်း ဧည့်ခန်းနှင့် တစ်ဆက်တည်းဖြစ်သော ထမင်းစားခန်းရှိ ထမင်းစားပွဲပေါ် လှမ်းကြည့်သည်။ နွယ် ဝတ်ကျေတမ်းကျေ မဟုတ်တဲ့ ...ခဲ့သည်။ စားပွဲပေါ်တွင် စားသောက်ပြီးစ စားပွဲသုတ်၊ ဆေးကြောထားယာန်မြင်ရသည်။

''သားတို့ကို အန်တီတို့က ကျွေးလို့ ထမင်းပါ ဝင်စားလိုက်ပြီ အန်တီ''

www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးအောင်မြင်၏ တူလေး ရန်နောင်က ဖြေသည်။

ယေန့ရှယ် ကြည့်ဝင်ပြီး ပြုံးရွှင်ပျနေသော မျက်နှာလေးတွေမြင်ရတော့ နှယ်စိတ်ကို ဒိုသို့ ငြိမ်းချမ်းပျော်ရွှင်ခြင်းတွေ ကူးစက်လာစေခဲ့သည်။ ဟော အိမ်ခန်းထဲက ခုန်ပေါက်ပြေးထွက်လာသော သားလေးညီသူ။

"မေမေ ပြန်လာပြီ။ အော်ပရေးရှင်း အိုကေလား မေမေ"

ဟု လူကြီးလေးကို နှုတ်ဆက်သည်။ ၉ နှစ်သား ညီသူက ပါးစုံလေးတွေ မို့ဖောင်းကာ ပြုံးလိုက်လျှင် ပါးချိုင့်ပေါ်ပေါ်လေးနှင့် လှတ္တားလေးဖြစ်၏။ ဒယ်(လ်)ကို စပိုရှပ် ခရမ်းရင့်ရောင် လက်တိုနှင့် ဂျင်းဘောင်းဘီတို အဖြူလေးက သူ့ကိုယ်လုံးဖြိုးဖြိုးလေးနှင့် ပြည့်တစ်နေခဲ့သည်။ သားတွေကို အဖေကိုချစ်မယ့် အချစ်တွေပါ ပုံအောပေး ရောထွေးမချစ်မိဖို့ သတိနှင့် ထိန်းချုပ်ဖို့ ကြိုးစားသော နှယ့်မှာ ညီသူနှင့်ကျတော့ လက်လျှော့ရ၏။ တွယ်တာတတ်သော ညီသူလေးရဲ့ အချစ်တွေ ငြိတွယ်မလွန်အောင် နှယ် ရှောင်တိမ်းဖို့ပဲ မတတ်နိုင်။

ညအိပ်ရာဝင်စဉ်သာ အချိန်ကြာကြာ တွေ့ရသော မေမေ နှယ့်ကို ညီသူငယ်ငယ်က ညစဉ်စောင့်တတ်ရှာသည်။ အိပ်ရာမဝင်မီ အချိန်လေးသာ အားသောနှယ်ကလည်း သည်အချိန်မှာ စာဖတ်ချင်သည်။ ညီသူက နှယ့်အနီးမှာ သူ့ဆောက်လုပ်ရေး ပစ္စည်းလေးတွေနှင့် ကစားရင်း ထိုင်စောင့်နေတတ်သည်။ တစ်ခါတစ်ရံ မေ့ကို အိပ်ကြဖို့ ပူဆာရင်း နေရာမှာပဲ ညီသူ အိပ်ပျော်သွားတတ်သည်။ နှယ် သတိရ၍ စာကြည့်စားပွဲမှ ဖွံ့ကြည့်မိလျှင် သူ့မအနီး ကြမ်းပြင်မှာ ညီသူ ကွေးကွေးလေး အိပ်မောကျလျက်၊ ကြာတော့ ညီသူ့ဖေဖေပေးသော သင်ခန်းစာကြောင့် သံယောဇဉ်ဟူသမျှ ကင်းကင်းနေဖို့ ဆုံးဖြတ်ထားမိသော နှယ် အရည်ပျော်ရလေ၏။ ညီသူနှင့်အတူ အိပ်ရာစောစောဝင်ဖြစ်လာရသည်။ အိပ်လျှင် နှယ့်မျက်နှာကို သူ့ဘက်လှည့်စေ၍ နှယ့်လည်တိုင်ကို သူ့လက်ကလေးနှစ်ဖက်နှင့် သိုင်းဖက်၍ အိပ်တတ်သည်။ နှယ် ညဘက် ဆေးရုံသွားရလျှင် မအိပ်ဘဲ ထိုင်စောင့်တတ်သေးသည်။ တစ်ခါတစ်ရံ ဆေးရုံလိုက်လာတတ်သေးသည်။ ခွဲခန်းထဲ စည်သူနော ညီသူပါ ဝင်ပူကြသည်။

"မေမေ ဒီည ခွဲခန်းဝင်ရမယ်။ နောက်ကျမယ်။ အိမ်တံခါးကို အပြင်က သော့ခတ်သွားမှာနော်။ မေမေ ပြန်လာရင် ဘယ်သူ့မှ မနိုးတော့ဘူး။ မေမေ့ဘာသာ သော့ဖွင့်ဝင်လာမှာ။ သားတို့အိပ်နှင့်ကြတော့"



နှယ် အကြိုးပြော နှုတ်ဆက်ခဲ့တော့မှ ညီသူ အိပ်ရာဝင်နှင့်သည်။ သည်အခါ သားကြီးစည်သူကလည်း မဆိုးပါ။ သူ့အမေကို အိမ်ရှေ့ထိ လိုက်ပို့ကာ

"မေမေ သော့မခတ်နဲ့ဦး။ အပိုသော့တစ်ချောင်း သူ့နေရာမှာရှိရဲ့လား သား သွားကြည့်လိုက်ဦးမယ်"

ဟု သတိတရ ပြောတတ်မြဲ။ အိမ်ရှေ့က ဝရန်တာကျယ်လေးကို ဆရာကြီး ဦးဟန်တင်လက်ထက်က သံဆန်ခါအပြည့် ကာရံထားခဲ့သည်။ သံတိုင်စိပ်စိပ်တံခါးမ တပ်ထားခဲ့လေ၏။ ထိုတံခါးကို နှယ်က အပြင်ဘက်မှ သော့ခတ်ထွက်တတ်သည်။ အိမ်တွင်းမှ လက်လျှို၍ သော့ဖွင့်လျှင်လည်း ရ၏။ အိမ်ထဲဝင်သော တံခါးမကတော့ သစ်သားတံခါး ဖြစ်လေ၏။

"အိမ်ထဲတံခါးကို စေ့ရုံစေ့ထားနော်။ အထဲက ဂျက် ထိုးမထားနဲ့ဦး။ ဟိုတစ်ခါလို မေမေ ဝင်လို့မရဘဲ ဖြစ်နေဦးမယ်။ စည်သူက ညီလေးကို ဂရုစိုက်"

နှယ်မှာခဲ့သည်။ ညီလေး ညီသူကိုတော့ စည်သူချစ်သည်။ ညီသူကလည်း တစ်နေ့ကို 'ကိုကို'တွေ အလုံးပေါင်း မရေမတွက်နိုင်အောင်ခေါ်ကာ အစ်ကိုဖြစ်သူကို (အဖေလိုပါရော၍လားမသိ) ချစ်အားကိုး၏။ စည်သူနှင့် ညီသူ အသက်ရှစ် ကွာခြားနေခဲ့တာ တစ်မျိုးကံကောင်းတာပဲ။ နှယ် မကြာခဏ တွေးမိရလေသည်။ သည်အချိန်မှာ ဆယ်ကျော်သက်ရွယ်သို့ နှစ်ဦးလုံးသာ အပြိုင်အရိုင်း ရောက်လာကြမယ် ဆိုရင်တော့ နှယ့်အတွေးထဲမှာ ပန်းများ တွန့်မိရလေသည်။

ပြေးလာသော ညီသူကို နှယ်ခါးကြိုး၍ ပွေ့ဖက်ထားလိုက်သည်။

"အိုကေပါတယ် သားရဲ့။ မေမေ ကိုယ်တိုင်ခွဲတာပဲ။ ဘယ် မအိုကေနိုင်မလဲ"

ခင်ဦးနှယ်က ညီသူ့အကြိုက် ခပ်မိုက်မိုက်ကလေး ဖြေပြလိုက်တော့ ညီသူက "ဟေး"ခနဲ လက်ခုပ်လက်ဝါး တီးကာ စည်သူ သူ့ငယ်ချင်းလေးတွေကပါ သဘောတကျ ရယ်မောလိုက်ကြ၏။

မေမေက ဒီလိုသာ သားတို့တစ်တွေနဲ့ စိတ်တွေကြည်လင် ပေါ့ပါးရွှင်မြူးစွာ နေချင်တာပါ။

သည်စဉ် စည်သူက ခပ်တည်တည် မရယ်မပြုံးလေးနှင့်

"ဖေဖေလည်း အိုကေ နေတယ်မေမေ"

ဝင်ပြောလိုက်ခဲ့သည်။ လက်ထဲက စာအိတ်ကလေးကို ထောင်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



တအိတ်ပေါ်မှာက မပြိုင်ရှုးသူဟု ဘယ်တော့မှ ငြင်းလို့ရမည်မဟုတ်သော လက်ရေးတွေ။

"တထဲမှာ လွမ်းခဲ့တဲ့ တနလ်ာနေ့က သားတို့ ညီမလေးတစ်ယောက် ထပ်ရတဲ့အကြောင်း ရေးထားတယ်။ ဖေကောလည်း အိုကေပြီးရင်း အိုကေပဲ မေမေ"

နှယ့်ရင်ထဲမှာ တစ်မျိုးတစ်မည် ခံစားလှုပ်ရှားသွားခဲ့ရသည်။ သူ့စိမ်းကလေးတွေရှေ့မှာ မိသားစုအရေးကို ပြောချခဲ့၍ နှယ် စည်သူကို စိတ်ဆိုးချင်မိသည်။ ထိုစဉ် သူ့သူငယ်ချင်းလေးများက ရယ်မောလိုက်ကြလေ၏။ ကလေးတွေရဲ့ ရယ်မောသံများတွင် လှောင်ပြောင်သံများ မပါဝင်ပေ။ သဘောတကျ ရယ်မောသံများနှင့်အတူ နှယ်လည်း ရယ်ချင်လာခဲ့မိကာ လိုက်ရယ်မောမိခဲ့တော့သည်။ လောကကြီးထဲက အဖြစ်တွေက ရယ်စရာ ကောင်းမနေဘူးလားနော်။

"မင်းဖေဖေ အိုကေပုံကြီးကတော့ နှုတ်ခမ်းမွေးမှာ ရှုးပေမယ့် အိုကေပုံကြီးပါကွာ"

"ဒါမှ ဖေဖေက ပိုပြီး နှပ်ပို့လာမှာပေါ့ မေမေရ။ ညီမလေးကို ချော့ရင်း ဒါတွေ ဘာတွေနဲ့"

စည်သူက ဂီတာတီးသည့်သဏ္ဍာန် ဟန် လက်များ လှုပ်ရှားပြခဲ့သည်။ 'ညီမလေး' ဟူသော အခေါ်အဝေါ်ကို အလေးအနက်ထား ပြောလိုက်သလိုပေ။ ခင်ဦးနှယ် ရင်ထဲမှာ လှုပ်ရှားသွားရသည်။ စည်သူလည်း စိတ်လှုပ်ရှားနေခဲ့သည်။ အသားဖြူဖြူလေးမှာ နားရွက်များလေးတွေ ရဲတက်နေခဲ့၏။ အသက်ရှူသံက သိသာရုံလေး ပြင်းနေခဲ့သည်။ စည်သူတစ်ယောက် သူ့ဖေဖေထံမှ မလောက်မငရနေရှာသည့် အချစ်ကလေးတွေ မရတော့မှာ နိုးရွံ့စိတ်ဝင်နေရှာလို့လေလား။

"မေမေရှိတယ်လေ စည်သူ"ဟု အသံတိတ် အားပေးနှစ်သိမ့်လိုက်မိသည်။ စည်သူက ဘာမှမဖြစ်သလို။

"ဖေဖေ့ကို ဝမ်းသာတဲ့အထိမ်းအမှတ်နဲ့ သားအတွက် စက်ဘီးဝယ်ပေးဖို့ စာရေးလိုက်မယ်"

နှယ့်ကို မကြည့်ဘဲ ပြောသည်။ မေမေဝယ်မပေးရင်လည်း ဝယ်ပေးမယ့် ဖေဖေရှိတယ်ပေါ့။ နှယ့်ရင်ထဲမှာ ကျင်ခနဲ ခံစားလိုက်ရသည်။ ခွဲစိတ်ခန်းထဲက ထွက်လာကတည်းက ခပ်ဝေဝေ ရှိလာသော ခေါင်းက ပိုအုံခဲချင်လာကာ နားထင်



နှစ်ဖက်ကို လက်ညှိုး၊ လက်မဖြင့် အုပ်ကိုင် ထောက်ထားလိုက်မိ၏။ ကလေးတွေရှေ့မှာ အပြုံးမပျက်

"အဲဒါ နောက်မှ မေမေတို့ ဆွေးနွေးကြသေးတာပေါ့။ ကဲ သားလေး ညီသူက အန်တီတိုးတိုးကို သွားပြော။ မေမေ့ကို ထမင်းကျွေးပါဦးလို့။ မေမေ ဗိုက်အရမ်းဆာနေပြီလို့။ သားတို့လည်း ကျောင်းပြန်တက်ချိန် နီးနေပြီ။ ကျောင်းသွားဖို့ ပြင်ကြတော့"

ဟု ကလေးတွေကို တွန်းလွှတ်မိသည်။ စည်သူ၊ ညီသူက သူငယ်ချင်းများရဲ့ စက်ဘီးကယ်ရီယာတွင် ထိုင်ကာ စက်ဘီးဘဲ(လ်)သံ တချွင်ချွင်ပေးလျက် ထွက်သွားကြတော့မှ ခင်ဦးနှယ် အံဝတ်အစား လဲဖြစ်သည်။

ထမင်းစားပွဲတွင် ထိုင်ပြီး ထမင်းကို မတို့ဖြစ်။ ဟင်းချိုရည် လာချပေးသော တိုးတိုးက

"မမ ခုနက ဘာပြောလိုက်တာလဲ"

မေးမှ သူမအတွေးတွေ အသံထွက်သွားတာ သတိထားမိလိုက်သည်။

"မေမေ ဒီတစ်ခေါက် ရန်ကုန်ဆင်းသွားတာ ကြာသလိုပဲ ပြောတာပါ"

"၁၀ ရက်ပဲ ရှိပါသေးတယ် မမရဲ့"

"ဪ"

ရင်ဖွင့်စရာ မေမေတစ်ယောက် အနားမှာရှိနေရင် ခံစားရသက်သာမှာ မေအေမိဆိုရင်ကော။ ဘာအတွက် ရင်ဖွင့်ချင်နေတာလဲ။ နှယ်ကိုယ်တိုင်လည်း မသိချာ။ သိရေတာထဲက ထိပါးနေကျ စကားလုံးများကြောင့်လား။ စည်သူ စက်ဘီး ပူဆာရင်း ဂိုဟိုက်နေသည်ကိုစွလား။ သားတို့နှင့်နှယ် ကြားက ထူထဲလာသည့် နံရံအကြောင်းလား။ ဒါမှမဟုတ် သူ့ သမီးလေးတစ်ယောက် ထပ်ရသည့်သတင်းလား။ ဒါတွေအားလုံးဟာ မနက်ဖြန် မိုးသောက်ရင်တော့ စိတ်အာရုံထဲမှာ မှိန်ဖျော့တော့သွားမယ့် အဖြစ်တွေသာပါ။ အလွန်ဆုံးရှိရင် မနက်ဖြန် မိုးသောက် ညည အိပ်ပျော်ရန် ခင်ဦးနှယ် ကြိုးစားရုံရှိမှာပါလေ။

□

ထိုညက နှယ် အိပ်ပျော်ဖို့ မကြိုးစားလိုက်ရပေ။ နှယ် ဆေးခန်းမှ ပြန်လာတော့ ည ၈ နာရီ။ သားတို့ ကျူရှင်ဆရာမက မပြန်သေး။ ညီအစ်ကို နှစ်ယောက် စာကြည့်စားပွဲမှာ ထိုင်လို့တွေ့ရလျှင် ခင်ဦးနှယ် အမောပြေရသည်။

www.burmeseclassic.com



ညောင်လုနှင့်ညီသူတာ ညာဘက်ရည်ကောင်းကြပေမယ့် ဝီရိယတော့ နည်းပါးချင်သည်။ ထောကြ ဒုံးအမာတော့ သူတို့ရဲ့ ပထမကျူရှင်ဆရာလေးကို ခင်ဦးနွယ်က အားကျစေ ချင်ခဲ့သည်။

ဆိုလိုနွယ်က စီးပွားရေး ဘွဲ့ရ ဘဏ်ဝန်ထမ်းလေး တစ်ဦးပေ။ ရောက် နေသည့်အဆင့်မှာ ရောင့်ရဲမနေဘဲ ရှေ့အလားအလာ ကောင်းသော ပညာရပ် တစ်ခုခု ဌာနတစ်ခုခုသို့ ပြောင်းလဲဖို့ အစဉ် စိတ်အားသန် ကြိုးပမ်းနေတတ်သူ။ နွေရာသီမှာ ခွင့်တစ်လ ယူလေ့ရှိသည်။ ရန်ကုန်ခင်းကာ သင်တန်းတစ်ခုခု ဆည်းပူးဖြစ်သည်တဲ့။ တစ်နှစ်တာ စုဆောင်းရရှိသည့် ကျူရှင်လခလေးတွေနှင့် ပေါ့လေ။ သူရဲ့ ရည်မှန်းချက် ထားရှိ ကြိုးစားပုံကို သားတို့ကို အားကျ အတုယူစေချင် လှ၏။ သို့ပေမယ့် ခင်ဦးနွယ်က ဆရာကိုထင်မြတ်ရဲ့ ကြိုးစားမှုကို ပြောပြလေ၊ အထူးသဖြင့် သားကြီးစည်သူက ဆရာလေးအပေါ် ပိုလို့သန့်မှုန် လာခဲ့လေ။ ဆရာလေး မပြန်တတ်သေးသည့် ညဘက် နွယ်လည်း စောစောပြန် ရောက်ကာ ရှိနေခိုက် စည်သူ့အခန်းထဲက ဝုန်းခနဲ ဒိုင်းခနဲ အသံထွက်လာတတ် သည်။

"ရှေ့ညီ တိုးလို့ ကဲ့တာ လဲကျတာပါ မေမေ"

ညီလူ ကန်လိုက်သော ဘောလုံးက ဆရာလေးခြေထောက်ကို ထိမိသွား တတ်သည်။

"ကန်တော့ဆရာ။ မတော်တဆပါ"

ညီသူက ပြုံးကျဲကျဲ တောင်းပန်သည်။ သားတို့ကို ကျူရှင်ပြပေးခဲ့သော ဆယ်လတာတွင် ရက်မပျက်ခဲ့သော ဆရာလေးက ငြင်းပယ်ခဲ့သောရက်ကို ကျည် မှတ်မိသေးသည်။

"ကလေးတွေက တော်ကြပါတယ်။ အခုနေမှာ ကျွန်တော် မသင်ရှင့် ပိုများ ထူးချွန်လာမလားတောင် ထင်မိတယ်။ ကျွန်တော့်ကို သူတို့အမြင်မကြည် လင် ရှိနေကြတယ်ခင်ဗျ။ မိုးပြီမှာ ကြောက်နေကြတဲ့ နှံပြည်စုတ် ငှက်ကလေး နှစ်ကောင်လိုပေါ့"

ခပ်ရဲရဲပြောလိုက်သော ကျူရှင်ဆရာ လူရွယ်ကို စိတ်ဆိုးသင့်သလား မျက်နှာပူရမလား မဝေခွဲတတ်ဘဲ သူကဲ့သို့ပင် ပြုံးရယ်ဖြစ်လိုက်သည်။

"ဒီအတွက်ပဲ ကျွန်မလည်း ကိုထင်မြတ်ကို အားနာနေမိတာ။ ကျွန်မ



လည်း ကျွန်မပဲ။ သူတို့ ကိုထင်မြတ်ကို အတုယူ အားကျသင့်တာ မကြာခဏ ပြောခဲ့မိတယ်။ စည်သူက အရွယ်ပြောင်းစဆိုတော့ သူ့အမေ အတုယူစေချင်တဲ့ သူကို အားကျဖို့ထက် ဆန့်ကျင်စိတ်ထားဖို့က ပိုလွယ်သွားတယ် ထင်ပါရဲ့"

"ကျွန်တော့်နေရာမှာ အမျိုးသမီးတစ်ယောက်ဆိုရင်လည်း စည်သူ မကျေ မလည် ဖြစ်လိမ့်မယ် မဟုတ်ဘူးလေ။ ထားပါ မမ။ သူတို့ နည်းနည်း တည်ငြိမ် ပြီး နားလည်မှု ရှိလာတဲ့အခါကျ ပြန်ကြိုးစားကြည့်ကြသေးတာပေါ့ဗျာ"

သည်လိုနှင့် ထူးချွန် စိတ်ရှည်သော ကျူရှင်ဆရာလေးကို လက်လွှတ်ခဲ့ ရသည်။

ကျန်းမာရေးကြောင့် အနားယူထားသော အထက်တန်းပြ ဆရာမတစ်ဦး နှင့် သားတို့ ကျူရှင်ကို ဆက်စေရသည်။ သင်ခန်းစာတွေကို ကျွမ်းကျင်နိုင်နင်းစွာ သင်ပြကောင်းသော ဆရာတစ်ဦးပါပဲ။ ကိုထင်မြတ်လို ပညာရပ်တွေ နှံ့စပ်ကာ အားကျဖွယ်၊ ထ ကြွ လုံ့လမျိုးတော့ သူမထံမှ မရရှိနိုင်ပေ။ (ကိုထင်မြတ်က ခင်ဦးနွယ်၏ ဆေးပညာအဘိဓာန်စာအုပ်ကိုပင် ငှားရမ်းဖတ်ခဲ့သေးသည်။ နိုင်ငံခြား ဝတ္ထုတွေထဲမှာ ဆေးပညာ အသုံးအနှုန်းတွေ ထည့်သွင်း သုံးနှုန်းထားတာ နားလည် ချင်လို့ ဆိုခဲ့၏။ ခင်ဦးနွယ်ဖြင့် သူ့ရဲ့ဘဏ်လုပ်ငန်းသဘောကို စိတ်ဝင်စားကြည့်လို့ ရေ ကိန်းဂဏန်းတွေမြင်ရုံနှင့် ခေါင်းကိုက် လာမှာပဲ။)

သားတို့ ရွှေ့ချယ်ခဲ့သည်ပဲ။ ခင်ဦးနွယ် စိတ်ပြေလျှော့သည်။ ဆရာမနှင့် တော့ သားတို့ရဲ့ ပင်ကို မှန်ရည်ယဉ်ကျေးဟန်လေးတွေ ပြန်မြင်ရသည်။ ရင်ကျပ် အောင်နေတတ်သော သူတို့ရဲ့ ဆရာမကိုလည်း ညဘက်ကာ ကောင်းမွန်စွာယူကြ သည် ထင်၏။ စာကြည့်စားပွဲနားသွားကာ ဆရာမနှင့် ကျန်းမာရေး အခြေအနေ တပည့်ကျော်နှစ်ဦးရဲ့ အခြေအနေမေးပြီးမှ နွယ် အခန်းတွင်းသို့ ဝင်ခဲ့သည်။ အနေရ ချောင်ချိစေသော တီရှပ်နှင့် တရုတ်လုံချည် ပါးပါးချောချောကို လဲခဲ့သည်။ ကျဉ်းမြောင်းရှိ ပါးပက်လက်ကုလားထိုင်လေးတွင် ကိုယ်လျှော့မှီထိုင်ကာ သားတို့ကို စောင့်နေခဲ့မိသည်။

သားတို့နှင့်တူ ညစာစားမည်။ ခေါ်ပြန်ချိန်၊ ဆေးခန်းပြန်ချိန် နောက်ကျ ၍ ထမင်းပွဲကို တစ်ယောက်တည်း စားရဖန် များခဲ့သည်။ စောစောပြန်ရောက် သည့် ညမှာတော့ သားတို့နှင့် ဝိုင်းဖွဲ့စားချင်သည်ကွယ်။ အနည်းဆုံး စည်သူရဲ့ ထေ့သုန်သုန် စကားသံလေးတွေကို နားထောင်ရင်းဖြစ်ဖြစ်ပေါ့။ နောက်ပိုမှာ

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းတင်ခုံကော မျက်လုံးများစုံမှိတ်ထားတော့ တစ်ကိုယ်လုံးက ကြွက်သားဆိုင်တွေလည်း လျော့ပြေတော့မယောင်။ နေသာထိုင်သာ ရှိလှသည်။ တစ်နေ့တာ ဆေးရုံရဲ့ ခွဲစိတ်ခန်းထဲမှာ၊ လူနာတွေရဲ့ ခုတင်တွေဘေးမှာ၊ ဆေးခန်းက စမ်းသပ်ခုတင် အနီးမှာ ရပ်နေခဲ့သမျှ စန့်စန့်လျော့ပြေ လဲလျောင်း၍သာ နေချင်တော့သည်။ မှန်းသိပ်ကျုံ့ခဲ့နေသောစိတ်နှင့် ပင်ပန်းညောင်းညာနေသော ကိုယ်ကို လျော့ချဖြို့ ကြိုးစားမိရလေသည်။

"မေမေ ဆေးရုံက On Call လာတယ်"

ညီသူရဲ့ အသံပြည့်ပြည့်လေး ပေါ်လာခဲ့သည်။ ခင်ဦးနွယ် မျက်လုံးများ ဖွင့်ကြည့်မိလျှင် ညီသူ့လက်ထဲမှာ ဆရာဝန်သို့ လှမ်းအကြောင်းကြားသော Despatch စာအုပ်ကလေး။ သားတို့ ဆရာမက လှမ်းကြည့်နေမှန်းသိလျက် နွယ် အနည်းငယ် စိတ်ဓာတ်ကျသွားမိသည့်ဟန်ကို မဖုံးကွယ်လိုက်မိ။ စာအုပ်ကို ယူ၍ ခပ်မြန်မြန်ဖတ်သည်။ ဆေးရုံထုံးစံအတိုင်း The surgeon ခွဲစိတ်အရာရှိကို ဆရာဝန်သို့ လိပ်မူကာ Dear Ma Ma နှင့် စ,ထားပြီး ခပ်သော့သော့ ရေးထားသော စာကြောင်းတချို့။ ဦးသက်ဇော်နိုင်၏ လက်ရေး။ ညကမှ ဦးသက်ဇော်နိုင် ဂျူတီနှင့်သည်ညှ ဒေါ်မူယာ့ဂျူတီ ဖြစ်ရမှာပေါ့။ သို့ပေမယ့် သည်နှစ်ယောက်က ဂျူတီရက်တွေ အလဲအလှယ်ပြုတတ်သည်။ လက်တွေ့ကုသပိုင်းကို စိတ်ဝင်စားသော သက်ဇော်နိုင်က ဂျူတီတွေ ပိုယူတတ်သည်လည်း ရှိသည်။

အစာအိမ်ပေါက်သော လူနာအမျိုးသား။ အသက် ၆၅ နှစ်။ ၈ ,နာသည်မှာ ၄ ရက်ရှိ။ ဓာတ်မှန်ရိုက်ကာ အစာအိမ်ပေါက်ကြောင်း သေချာစေပြီး။ အဖျား ၁၀၀ ဒီဂရီ ဖာရင်ဟိုက်၊ သွေးခုန်နှုန်း ၁၂၀။ သွေးပေါင်ချိန် ၉၀/၆၀။ ဗိုက်တစ်ပြင်လုံး တင်းမာ၊ ဖောင်းကား။ နာကျင်နေ။

ဦးသက်ဇော်နိုင် လူနာအကြောင်း ဖော်ပြထားသည်က လူနာကို ကိုယ်တိုင် စမ်းသပ်ရသည့်နှယ် ပြည့်စုံသည်။ သိရသမျှ အခြေအနေက မကောင်းလှသည်အတွက် ဦးသက်ဇော်နိုင် ခင်ဦးနွယ်ထံမှ အကြံဉာဏ်ယူခြင်း ဖြစ်ပေမည်။ သူ ဆုံးဖြတ်ရ ခက်ခဲနေခဲ့ဟန်ပင်။

လူနာရဲ့ ခွဲစိတ်ပြီးလည်း စိတ်မချရသည့် အခြေအနေ လူနာရှင်များနှင့် ရှင်းပြ၊ သဘောတူညီချက် ရယူပြီးမှ ခွဲပါ။

ခင်ဦးနွယ် စာအုပ်ကလေးထဲမှာ သော့သော့ ပြန်ရေးပေးလိုက်သည်။



ထိုင်စောင့်နေသော အလုပ်သမားလေး မောင်စိုးလက်ထဲ ပြန်ပေးလိုက်ခဲ့သည်။ ခင်ဦးနွယ် အတွေးထဲသို့ ထိုလူနာ ရောက်လာနေရာယူတော့သည်။

"နောက်ကျပြီးမှ ရောက်လာတော့လည်း ခက်တယ်။ ခွဲစိတ်လိုက်ရင် ကောင်းသွားမှာပါလို့ ရဲရဲ အာမ မခံနိုင်တဲ့ အခြေအနေမျိုးနဲ့ ခွဲရတော့မှာ"

သားတို့ ဆရာမသို့ တိုးတိုးသည်သလို နွယ် လှမ်းပြောမိ၏။ ဒေါ်ကြည်ကြည်မြကာ

"ဟုတ်တာပေါ့"

အတွေးတွေပြားနေသော ခင်ဦးနွယ်သို့ နားလည်မှုရှိစွာ နားထောင်ပေးခဲ့သည်။ ထိုအခိုက် ဧည့်ခန်းဝမှာ မောင်စိုး ပေါ်လာခဲ့ပြန်သည်။ ခင်ဦးနွယ် "ဘာလဲ မောင်စိုး" စိတ်စောစွာ လှမ်းမေးခဲ့သည်။

"ဩော်"

မောင်စိုးနောက်မှ ဦးသက်ဇော်နိုင် လိုက်ဝင်လာခဲ့သည်။ သူတို့နှစ်ယောက် အခန်းတွင် တွေ့လာကြသည့် ထင်လေ၏။ ဦးသက်ဇော်နိုင်က အားတုံ့အားနာဟန်ဖြင့်

"ပေးရှင့် အခြေအနေ ပြောပြချင်တာနဲ့ ကျွန်တော် လိုက်လာခဲ့တာ။ ကောင်းဘူး မမ။ ဖွင့်ဖို့ မဖွင့်ဖို့ ကျွန်တော်တစ်ယောက်တည်း မဆုံးဖြတ်ချင်တာနဲ့ ခွဲဖို့တော့ သဘောတူကြပါတယ်"

"လူနာရှင် သဘောတူတယ် ဆိုရင် ခွဲဖို့ပဲ ရှိတာပဲ။ ခွဲလိုက်ပါ။ ခွဲလိုက်မှ အသက်ရှင်ဖို့က မျှော်လင့်နိုင်သေးတာပဲ"

"ဟုတ်ကဲ့"

"ဦးသက်ဇော်နိုင် တစ်ယောက်တည်း ဖြစ်နေရင် ဒေါ်မူယာကိုလည်း ခေါ်လိုက်ပေါ့"

"ဒေါ်မူယာ နေမကောင်းဘူးဆိုလို့ ကျွန်တော် သူ့ဂျူတီဝင်ပေးလိုက်ရမှ ဒီကိစ္စ(စ)နဲ့ တိုးတော့တာ"

ဦးသက်ဇော်နိုင် ရယ်ရယ်မောမော ပြောပေမယ့် သူ့အသွင်က ပေါ့ပေါ့ပါးပါး ပြန်ဖို့ ထ,မရပ်သေးဘဲ ဆက်ထိုင်နေခဲ့သည်။ ခင်ဦးနွယ် အနည်းငယ် အံ့အားသင့်စွာ သူ့ကိုကြည့်မိ၏။ အစာအိမ်ပေါက် လူနာဆိုတာက ဆရာဝန် တစ်ယောက်တည်းရှိတဲ့ ဆေးရုံလေးမှာတောင် မခွဲမဖြစ် ခွဲကြရတဲ့ အရေးပေါ်ပဲလေ

www.burmeseclassic.com

www.burmeseclassic.com



ဦးသက်ဇော်နိုင်။ သူ ခေါင်းငုံ့ရှိုက်ရာက ခင်ဦးနွယ်သို့ မော့ကြည့်လျက် ထ,ရပ်လိုက်သည်။

"ကျွန်တော် ည ၉ နာရီထ,ဖို့ မယ်ဒေါ်ဓိတို့ကိုတော့ အကြောင်းကြားထား ပါတယ်။ မနွယ် လိုက်ကြည့်ပေးနိုင်ပါ့မလား"

ခင်ဦးနွယ် ငြိမ်သက်မိ၏။ လူနာနှင့် ပတ်သက်လာလျှင် ဘယ်တော့မှ ဘယ်သူ့ကိုမှ အားမနာတတ်တာ ခင်ဦးနွယ် ယခုအတိုင်းပါပဲလား။

"ဦးသက်ဇော်နိုင် ရေးလိုက်တာ ကျွန်မပေးရှင်းကို စမ်းရတဲ့အတိုင်း အတိအကျပါပဲ။ ကျွန်မလိုက်ဖို့ မလိုဘူး ထင်ပါတယ်။ ဖြစ်မယ် မဟုတ်လား"

သူက သက်ပြင်းမြင့် ဖြည်းလေးစွာ တုံ့ပြန်သည်။

"ဖြစ်ပါတယ်။ ကျွန်တော် သွားလိုက်ဦးမယ် မမနွယ်"

နှုတ်ဆက် လှည့်ထွက်သွားခဲ့သော ဦးသက်ဇော်နိုင်ကို ကြည့်ရင် ခင်ဦးနွယ်ရဲ့ စိတ်တစ်နေရာမှာ ထင့်လိုက်မိလေ၏။

သူက နွယ်သို့ ကိုယ်တိုင်ကိုယ်ကျ တစ်ကြိမ်မျှ လာအကြောင်းမကြားရေး။ စာအုပ်နှင့်သာ အကြောင်းကြားစာ ရေးလွှတ်တတ်ခဲ့သည်။ တာဝန်ကျဆရာဝန်ကိုယ်တိုင် လာအကြောင်းကြားခြင်းကြောင့် အတွေ့အကြုံများမှုတစ်ဆင့် စိတ် ထင့်ခနဲ ရှိလာခြင်းကို ခင်ဦးနွယ် ဥပေက္ခာမထားတုံပြီ။

"ခဏ ဦးသက်ဇော်နိုင် ကျွန်မ လိုက်ခဲ့ပါမယ်"

သူမျက်နှာ လင်းလက်သွားခဲ့သည်။

"ကျွန်တော်လည်း မမ ပင်ပန်းထားတာသိလို့ Inform လုပ်ရုံပဲ လုပ်လေ့ပါ။ နောက်မှ အခြေအနေမကောင်းတာနဲ့ ပြောပြရအောင်လို့ လိုက်လာခဲ့တာ။ အားတော့ နာပါတယ် မမ"

"ရပါတယ်လေ။ ဒါပေမယ့် သူများကို လာနှောင့်ယှက်ရင် ကိုယ်လည်း တစ်ညလုံး မအိပ်ရအောင် အသေးအဖွဲလေးတွေနဲ့ နှိုးနေတတ်တာနော်"

ခင်ဦးနွယ်လည်း ကိုယ့်အတွက် မဟုတ်တဲ့ လူနာအတွက် ဆရာဝန် အချင်းချင်းအပေါ်၊ နပ်(စ်)တွေအပေါ်၊ ဓာတ်ခွဲမှုတွေအပေါ် လေပြည်လွှ ကျိုးခဲ့ရတဲ့အခါတွေ ရှိခဲ့ ရှိခဲ့ပေါ့။ ခင်ဦးနွယ်ကို စိတ်ဝင်လာသည်အထိ လုပ်ဆော တော့ပေးသော ဦးသက်ဇော်နိုင်ကိုတော့ စကားဖြင့် ပြုတွေ့ချစ်စိတ်က တားဆီးလို့မရ

"အသေးအဖွဲနဲ့ နှိုးလိုက်တော့ နှိုးပါစေ။ သိရတာ မဖွင့်ရရင်၊ ဆာလျှ



ပြောမပေါ်ရရင် ပြီးတာပါပဲရှာ"

ဦးသက်ဇော်နိုင် ရယ်မော ပြန်ပြောခဲ့သည်။

"ခဏ စောင့်နော်။ ဒါမှမဟုတ် ဦးသက်ဇော်နိုင် ဆေးရုံ ပြန်လိုက်လေ။ ကျွန်မ မောင်းနိုးနဲ့လာခဲ့မယ်"

"ရတယ် မမ။ ကျွန်တော် စောင့်ပါ့မယ်"

နွယ် အခန်းထဲ မဝင်ခင် သတိတရ

"မြော် ဆရာမနဲ့ တစ်ခါမှ မဆုံသေးဘူးနော်။ ဒါ ကျွန်မတို့ ဆေးရုံကို နောက်ဆုံး ရောက်လာတဲ့ လက်ထောက်ဆရာဝန် ဦးသက်ဇော်နိုင်ပါ။ သားတို့ရဲ့ ကျူရှင်ဆရာမ ဒေါ်ကြည်ကြည်မြပါ"

ဆရာမနှင့် လှမ်းမိတ်ဆက်ပေးခဲ့သည်။ ဦးသက်ဇော်နိုင်က စာကြည့် စားပွဲဆီ ထ,သွားခဲ့လေ၏။

"ကျွန်မ သားတွေလေ။ အကြီးစည်သူက ဒီနှစ် ဆယ်တန်း။ အငယ် ညီသူက လေးတန်းပါ"

ခုမှပင် သားတို့နှင့် ဆရာဝန်အသစ်ကို မိတ်ဆက်ပေးရသည်။ တစ်ဝန်း ထဲနေကြပေမင့် ဦးသက်ဇော်နိုင်အိမ်က တစ်ဖက်ထိပ်ဆုံးအိမ် ဖြစ်သည်။ မျက်နှာ ချင်းဆိုင်ပေမယ့် လှမ်းသည်။

ခင်ဦးနွယ် အိပ်ခန်းထဲ ဝင်ကာ အဝတ်အစားလဲဖြစ်သည်။ တီရှပ်လက်ရှည် အသားရောင်ဖျော့ဖျော့နှင့် အညိုဖျော့ ပါတိတ်ဆင်တစ်ထည် လဲလှယ်ဝတ် ဖြစ်သည်။ အိမ်ရှေ့ခန်းမှ စကားသံများ ကြားနေရသည်။

"လိုက်ခဲ့မလားကွ ညီသူ။ မမကတော့ ညီသူတို့အကြောင်း အမြဲ ပြော နေတာ။ ဦးတို့နဲ့ လိုက်ခဲ့ပြီး ခွဲစိတ်တာ ကြည့်မလား"

"ရှိနေပါပြီ ဦးရ။ L.S.C.S ကမှ ကြည့်ကောင်းတာ။ ကလေးလေးကို ဗိုက်ထဲက ခွဲထုတ် ယူလိုက်တာလေ။ အပြင်ရောက်တော့ အန်တီနပ်(စ်)တွေက တဲ မငိုနဲ့ဦး။ မငိုနဲ့ဦးဆိုပြီး ရိုက်ရော။ အဲဒီတော့မှ အဲဒါလေးက ငိုရော"

"တကယ် ကြည့်ဖူးတာလား ညီသူရ။ ဟုတ်လား မမနွယ်"

အိမ်ခန်းထဲမှ ထွက်လာသော ခင်ဦးနွယ်သို့ ဦးသက်ဇော်နိုင် ထရပ်ကြ လှမ်းမေးနေခဲ့သည်။

"တကယ်ပေါ့ ဦးရ။ ကလေးထုတ်လိုက်တာ ၅ မိနစ်တောင် မကြာဘူး။

www.burmeseclassic.com

www.burmeseclassic.com



ပြန်ချုပ်ရတာက ကြာတာ။ သားဆိုရင် စောင့်ရင်းနဲ့ အိပ်ပျော်သွားရော''

ညီသူက သွက်သွက်လေး ဝင်ပြော၏။

''ညီသူ ၄ နှစ်သား ကတည်းက သီရေတာ ဝင်ပူးခဲ့တာ။ ကျွန်မ သွားချင်း အတောက်တောက် လိုက်လွှမ်းလို့လေ''

L.S.C.S ကိုတော့ ညီသူ သဘောအကျဆုံးပါပဲ။ ဗိုက်ခွဲ ကလေးမွေးမွေးပေးသည့် ခွဲစိတ်မှုကို ကြည့်ရရင် ညီသူ ကျေနပ်ပျော်ရွှင်လှသည်။ တစ်ခါတုန်းက ခွဲလို့ပေါ့လေ။ ထိုတစ်ကြိမ်က ခွဲစိတ်ခန်းဝမှာ သူစိမ်းယောကျ်ားသံတစ်ခု ပေါ်လာတော့ ခင်ဦးနွယ်တို့ ခွဲစိတ်ရင်းက မော်ကြည့်ဖြစ်သည်။

''ကလေး ကျွန်တော် ခေါ်သွားလို့ ရပြီလား''

ဝမ်းသာအယ်လဲ မျက်နှာနှင့် ကလေးကို ခွဲစိတ်ခန်းဝအထိ လာတောင်းယူတဲ့ ကလေးအဖေတဲ့။ မမအေမီ ရေဆေးပြီးပြန်ပင် ကလေးကို ကိုယောကျ်ားကြီး လက်ထဲ ထည့်ပေးခဲ့ရသည်။ ခင်ဦးနွယ်က သားအိမ်ပြန်ချုပ်နေရင်း ညီသူ့ကို သတိတရ လှမ်းကြည့်မိခဲ့သည်။ ညီသူက ကလေးပွေ့ယူသွားသော အမျိုးသားကြီးကို အငေးသားကြည့်နေခဲ့သည်။ သည်အဖြစ်ကို ခင်ဦးနွယ် ဘယ်တော့မှ ထုတ်ဖော်ပြောပြလိမ့်မှာ မဟုတ်ပေ။ ညီသူလေးရဲ့သတ္တိကိုပဲ ပြောပြတတ်ခဲ့သည်။

''အခုရော လိုက်ခဲ့ပါလား ညီသူ''

ခွဲစိတ်ကုသမှုက သိပ် ကြည့်ကောင်းမယ့်ပုံမပေါ်။ ခင်ဦးနွယ် မဟန့်တားနိုင်မီ

''ညီသူ ဒီမှာ တီချာ စာသင်နေတယ်။ မင်း သိပ်စကားများတာပဲ''

စည်သူက မျက်နှာ သုန်သုန်မှုန်မှုန် လေသံမာမာဖြင့် ဝင်ပြောခဲ့သည်။ ပြီးတော့ ဆရာဝန်လူရွှယ်သို့ လှမ်းကြည့်လိုက်သောအကြည့်က သူ့အိပ်ခန်းထဲမှာ ဂစ်တာထောင်ထားခဲ့ရင် လဲကျစေပြန်ဦးတော့မယ့် အကြည့်မျိုးနှင့်။ ဦးသက်ဇော်နိုင် အမ်းသွားခဲ့သည်ကို ခင်ဦးနွယ် မသိကျိုးကျွန် နေလိုက်ရသည်။ စည်သူ့ရဲ့ အရိုင်းဆန်သော စိတ်ကိုတော့ ခင်ဦးနွယ် မသိကျိုးကျွန် နေလို့ရမည် မဟုတ်တော့ပေ။ ကျူရှင်ဆရာ ကိုထင်မြတ်လို မခံချင် နေလို့မရ။ အစဉ်ဆက်ခံ နေရမယ့် လူတစ်ယောက်အပေါ် စည်သူ မရိုင်းပျအောင် ခင်ဦးနွယ်မှာ တာဝန်ရှိလာပြီ။ နောက်မှပေါ့လေ။ နောင် တစ်ညညမှာတော့ စည်သူနှင့် အကျေအလည် ခင်ဦးနွယ် ဆွေးနွေးဦးမှ ဖြစ်မှာပါ။ သည်တစ်ညတော့ . . .။



''ဆရာမ ကျွန်မကို ခွင့်ပြုပါဦး။ သားတို့မေမေ သော့ယူသွားမယ်။ စည်သူ အပိုသော့ သူနေရာရှိရဲ့လား ကြည့်ပါဦး''

''ရှိပါတယ် မေမေ''

ခင်ဦးနွယ်၊ ဦးသက်ဇော်နိုင်နှင့် မောင်စိုးတို့ မန်ကျည်းပင်တန်းလမ်းလေးမှ သွက်သွက် လှမ်းလျှောက်လာခဲ့ကြသည်။ လမ်းတွင် ဦးသက်ဇော်နိုင်က

''မမနွယ် ထမင်းတောင် မစားရသေးဘူး ထင်တယ်''

ဆိုခဲ့စဉ် နွယ်က

''ဆရာရော စားပြီးခဲ့လို့လား''

မေးမိ၏။

''ဟုတ်သားပဲ။ ကျွန်တော်လည်း မစားရသေးဘူး''

ဦးသက်ဇော်နိုင် ပြောလေ၏။

□

မီးစက်မောင်းထား၍ သီရေတာက လင်းကျင်းနေခဲ့ပြီ။

ကျောက်ပြားဖြူဖြူများ ခင်းကာ နံရံတစ်ဝက်ကို ကျောက်ပြားဖြူဖြူများ ကပ်ထားသော ခွဲစိတ်ခန်းရဲ့ အရောင်က ဖြူလင်း တောက်ပလျက်။ ခင်ဦးနွယ် ကိုယ်ထဲ လှည့်လည်နေသော သွေးတို့လည်း တဖြည်းဖြည်း နွေးထွေးလာခဲ့သည်။ ဘယ်လိုစိတ်အခြေအနေပင် ရှိခဲ့စေ မီးရောင်လင်းကျင်းနေသော သီရေတာကို လှမ်းမြင်ရရုံ၊ သီရေတာ ပိုးသတ်ဆေးနံ့ မွှေးလိုက်ရရုံနှင့် ခင်ဦးနွယ် လန်းဆန်း တက်ကြွကာ အဆင်တသင့်ရှိလာတတ်မြဲပေ။ မမအေမီက အလုပ်ရှုပ်နေရင်းက လှမ်းကြို၏။

''ဦးသက်ဇော်နိုင် မမကို နားမှုနားဆော လာလုပ်နေတယ် မဟုတ်လား။ ထင်တယ်။ မမကိုတော့ မလိုက်မနေရ ခေါ်လာတော့မယ်လို့''

''တော်ပါ မမအေမီရယ်။ သူ့တို့တွေ တစ်ကျိတ်တည်း တစ်ဉာဏ်တည်း ကိုများ''

လှလှစောနှင့် စတပ်(ဖ) နပ်(စ်) ခေါ်မြင့်ကြည်တို့က သူတို့အချင်း သီရေတာ စတပ်(ဖ)အတွဲကို ကြည့်ကာ ရယ်မောကြ၏။ လက်ကတော့ အလုပ်မပျက်ကြ။ လူနာကို နှာခေါင်းပိုက်ထည့်၊ ခရစ်သွင်း၊ သန့်ရှင်းရေး လုပ်ပေးနေခဲ့သည်။ လူနာက အိုစာသော အဘိုးအိုတစ်ယောက်ပါလား။ မျက်နှာဖြူ ဖျော

www.burmeseclassic.com



တော့မှာဖြင့် ဝင်လာသူများကို လှမ်းကြည့်လိုက်ရသည်။

"ဦးသက်ဇော်နိုင် ပေးရှင့်က ဖြုလုချည်လား"

လူနာမကြားအောင် ခင်ဦးနွယ် တိုးတိုးဆိုဖြစ်သည်။

သွေး ဆုံးရှုံးမှုမရှိတဲ့ ဘာကြောင့်သည်မှူ သွေးဆုတ်ဖြူရော်နေရသည်လဲ။ သွေးပေါင်ကျ၍လား၊ သွေးဆိပ်တက် Septicaemia ကြောင့်လား။

Antibiotics တော့ ပေးထားပြီးသားနော်။ C/Pen တို့ Genta တို့ Metro drip တို့ နိုင်နိုင် အုပ်ထားနိုင်မှ ဖြစ်မှာနော် ဦးသက်ဇော်နိုင်"

"ပေးထားပြီ မမ။ Condition က အဲဒီလိုကို toxic ဖြစ်နေတာ"

"အင်း ဟုတ်ပါရဲ့"

ခင်ဦးနွယ် အဘိုးအိုလက်ကို ကိုင်လိုက်သည်။ လက်တွေက အေးစက်တုန်ယင်လို့။

"ဘာမှမကြောက်ပါနဲ့နော်အဘိုး။ အဘိုးအတွက် ကျွန်မတို့ အကောင်းဆုံးလုပ်ပေးမှာပါ။ နည်းနည်း စမ်းကြည့်ရအောင်နော်"

ခင်ဦးနွယ် လူနာကို ပြန်လည် စမ်းသပ်သည်။ ဦးသက်ဇော်နိုင် တွေ့ရှိသားချက်များမှာ သေချာလှပေ၏။ ဗိုက်ထဲမှ အစာအိမ်အပေါက်ကြီးနှင့် အခြေအနေ မကောင်းရှာဘဲ အသက်ရှင်နေခဲ့ရှာသူ အဘိုးပေ။ သည်အခြေအနေကို ခင်ဦးနွယ် လူနာရှင်ဦးမြမောင်၏ညီ ဦးလှဖေသို့ခေါ်၍ နားခန်းထဲမှာ ရှင်းပြခဲ့သည်။

"ခုန ကျွန်တော့်ကို ဒီဆရာလေးကလည်း ပြောပြပါတယ်။ ဘယ်တတ်နိုင်မလဲ။ ခွဲရမယ့်ကိစ္စ ခွဲရမှာပေါ့ဗျာ"

ဦးလှဖေက ခွဲစိတ်ရန် သဘောတူကြောင်း လူနာရှင်အဖြစ် လက်မှတ်ထိုးပေးခဲ့သည်။ ဦးမြမောင်ကို ခွဲစိတ်ကြရုံရှိတော့သည်။ နွယ့်တာဝန်ကျပြီပင်။ နွယ်ပြန်လိုက်လို့ရပေမယ့် အခြေအနေမကောင်းသော လူနာနှင့် ခွဲစိတ်အဖွဲ့ကို ထားခဲ့ပြီးထွက်သွားဖို့ကို ခင်ဦးနွယ် စဉ်းစားရလေသည်။

မမအေးမီ အဝတ်လဲခန်းထဲ ဝင်တော့ နွယ် လိုက်ဝင်ခဲ့သည်။ အတူအဝတ်လဲကြရင်း မမအေးမီစကားကို နားထောင်မိခဲ့လျှင် ကောင်းလေသလားဟု ခင်ဦးနွယ် နောက်တော့ တွေးမိရလေသည်။

"မမရေ ကျွန်မဒီရှင်ကတော့ very poor နော်။ very poor ကနေ very sorry ဖြစ်သွားမှာ စိုးရတယ်။ ကျွန်မတို့ မဖွင့်ဘဲထားရင် ကောင်းမလားဟဲ"



"မမအေးမီကလည်း ပြောရှာမယ်။ မဖွင့်ရင် ဘယ်လိုလာ ကောင်းနိုင်ပါ့မလဲ။ ဖွင့်မှ မျှော်လင့်ချက်က ရှိသေးတယ်"

"အဲဒီလို အကောင်းပကာတိ ပြန်ဖြစ်တာကို ပြောတာ မဟုတ်ဘူးတော့။ ကြွေလုလုထန်းသီးကြီးကို ကျွပ်တို့ ကျီးတစ်အုပ်က နင်းမိလျက်သား ဖြစ်သွားမှာကို စိုးရတာ။ မနင်းဘဲ ရှောင်နေရင် ကောင်းမလားလို့"

နွယ့်မှာ လူနာအတွက် ပူပင်ရသည့်ကြားထဲ မမအေးမီ အပြောကို ပြုံးမိရသေး၏။

"သေချာ ရှင်းပြပြီးပြီပဲ မမအေးမီရယ်။ ဒီတစ်နည်းပဲ ရှိတော့တာ"

"အေးလေ ဟုတ်ပါတယ်"

နော်အေးမီက ခွဲစိတ်ခန်းဝင် ဝတ်စုံကို ဖင့်လေးစွာ လဲနေခဲ့သည်။ စိတ်မြန်သော ခင်ဦးနွယ်က လဲလိုက်ပြီးပြီ။ လည်ပင်း မှိုပုံ အင်္ကျီလက်ပြတ် အစိမ်းရင့်ကို ခေါင်းကစွပ်၍ အထက်ဆင် မပါသော လုံချည် အစိမ်းနုကြောင်ကို လဲလှယ်ဝတ်ရုံပင်။ လျှော့ရဲ့ရင် နောက်တစ်ကြိမ် ပြန်ဝတ်ဖို့ မဖြစ်နိုင်လို့ ပတ်တီးဖြူအစ်စကို ဆွဲယူ၊ ခါးတွင် စည်းနှောင်ရင်း လက်ဆေးကန်သို့ ထွက်ခဲ့သည်။

ဦးသက်ဇော်နိုင်က လက်ဆေးနှင့်နေခဲ့ပြီ။ ဆရာ ဦးဟန်တင် ဝတ်ဆင်ခဲ့သော ခွဲစိတ်ခန်းဝင် ဘောင်းဘီရှည်က ဦးသက်ဇော်နိုင်နှင့် အနည်းငယ် တိုချင်သည်။ အရပ်ရှည်သော ဦးသက်ဇော်နိုင်အတွက်၊ ပြီး ခွဲစိတ်ဝတ်စုံတွေက ဟောင်းသည်။ ဟောင်းလွန်းလှပြီမို့ စတော်(ဖ်)ကို အသစ်ချုပ်ပေးဖို့ အရေးဆိုရတော့မည်။ ခင်ဦးနွယ်က ဦးသက်ဇော်နိုင် ဝတ်ထားသော အင်္ကျီနောက်ကျောမှ ပိုးပေါက်လေးများကိုကြည့်ရင်း တွေးနေမိသည်။ ဦးသက်ဇော်နိုင်ကလည်း သူ့အတွေးနှင့်သူ ဖြစ်ဟန်ရှိလေ၏။ မျက်ခနဲ လှည့်ကြည့်တော့မှ ခင်ဦးနွယ်ကို မြင်သည်။ သူ့နောက်မှာ အံ့အားတသင့် လင်းလက်သွားခဲ့သည်။

"မမနွယ် ဝင်ပေးမလို့လား။ ကျေးဇူးပါပဲဗျာ"

"အဖော်ရအောင်ပါ။ ကျွန်မ Assistant (လက်ထောက်ခွဲစိတ်သူ) လုပ်ပေးမယ်"

နွယ့်စိတ်ထဲမှာ

"ဒီလို ပေးရှင့်မျိုးက on the table (ခွဲစိတ်ခုတင်ပေါ်တွင် သေဆုံးခြင်း) ဖြစ်သွားနိုင်တာမျိုးပဲ။ ဖြစ်ခဲ့ရင် လူနာရှင်တွေကို ထွက်ပြီး အကြောင်းကြားပေးရ

www.burmeseclassic.com

www.burmeseclassic.com



မယ်။ ရှင်းပြဖို့ ဖျောင်းဖျပေးဖို့တွေ လိုမယ်။ ဖျောင်းဖျမရဘဲ ခွဲတာခံရမယ် ဆိုရင်လည်း အတူအခွဲခံဖို့ အဖော်ရှိတော့ သက်သာတာပေါ့လေ”

သည်စကားများကိုတော့ ခွဲစိတ်ခါနီး စိတ်လှုပ်ရှားနေဟန်ရှိသော ဆရာဝန် လူငယ်ထို့ မပြောပြလိုက်တော့ပါပေ။ သူမျက်နှာက စိုးရွံ့ရိပ်ကဲ့စွာ

“အဘိုးကြီးကတော့ လုံးဝမခွဲချင်ဘူး။ သူတူတွေ တူမတွေက ခွဲစိတ်ဖို့ တိုက်တွန်းလွန်းလို့သာ။ ကျွန်တော့်လက်ကို ကိုင်ပြီး ‘မခွဲရင်ကော မရဘူးလား ဆရာရယ်’ လို့ ပြောခဲ့တာ”

ဒုက္ခပင်။ ဦးသက်ဇော်နိုင်လည်း ခင်ဦးနွယ်လိုပဲ ပူတောင့်ပူပင် ရှိလှတဲ့ ခွဲစိတ်ဆရာဝန်တစ်ယောက်သာ ဖြစ်လာတော့မှာလား။ ခင်ဦးနွယ်က အားပေးပြုံး ဖြင့်

“ဦးသက်ဇော်နိုင်ကို အေးအေးနေတတ်တာတွေ့လို့ ဆာဂျင်လုပ်ဖို့ အတော်ကောင်းတဲ့လူ ထင်နေမိတာ။ ကိုယ်နဲ့တူပြီး မပူပင်တတ်နဲ့လေ”

ခပ်ရွှန်းရွှန်းပြောတော့ သူမျက်နှာ အနည်းငယ် ကြည်လင်လာခဲ့လေ၏။

“ကိုယ့်ရဲ့ ဆုံးဖြတ်ချက် မှန်ဖို့ပဲ လိုပါတယ်။ လိုအပ်လို့ ခွဲစိတ်တာပဲ။ သာမန်အားဖြင့် ဘာမှအန္တရာယ်မကြီးတဲ့ ခွဲစိတ်မှုတစ်ခုလည်း ဖြစ်တယ်။ ခွဲစိတ် ပြီးဆိုရင် ကိုယ့်အပိုင်းက အတတ်နိုင်ဆုံး အကောင်းဆုံးဖြစ်အောင် လုပ်မယ်။ ကျန်တာကတော့ ကံတရားအတိုင်းပဲလို့ စိတ်အေးအေး ငြိမ်ငြိမ်သာ ထားလိုက်မယ် လေ။ ဦးသက်ဇော်နိုင်လည်း ဆာဂျင်လုပ်မယ့်လူပဲ။ ကျွန်မတို့အလုပ်က ဒီတစ် ယောက် ခွဲစိတ်ပြီးလို့ ဒီညမှာပဲ အရေးပေါ် ခွဲစိတ်ရမယ့် နောက်ပေးရှင့်တစ်ယောက် ထပ်ရောက်မလာဘူး ဘယ်ပြောနိုင်ပါ့မလဲ။ စိတ်အေးအေးထားမှ နောက်တစ်ပွဲကို ဆက်ခွဲနိုင်တော့မှာပေါ့”

ဦးသက်ဇော်နိုင် ခေါင်းညိတ်လေ၏။

“ကျေးဇူးပဲ မမ”

လက်ဆေးပြီးသော ဦးသက်ဇော်နိုင်က လက်နှစ်ဖက်ကို တံတောင်ဆစ် မှ စုံထောင်လို့ ထွက်သွားခဲ့သည်။ ခင်ဦးနွယ် ရေပိုက်ခေါင်းရဲ့ ရေတွင်မှုန်းမှုန်းအောက် သို့ လက်နှစ်ဖက် ထိုးခံရင်း စတင်လက်ဆေးလေတော့၏။



“ဆေးလေးတစ်လုံး ထိုးပေးမယ်နော် အဘိုး။ ဆေးထိုးလိုက်ရင် အဘိုး အိပ်ပျော်သွားလိမ့်မယ်။ ဘာမှ မကြောက်ပါနဲ့။ ကဲ ဂဏန်းလေးတွေ ဆိုကြည့်ရ အောင်။ တစ်၊ နှစ်၊ သုံး ”

လှလှစောက လူနာကို အကြောထဲမှ မေ့ဆေး စ,ထိုးခဲ့သည်။ အဘိုးက ဆန်းရေတွက်နိုင်းစဉ် ‘ငါး’မှစ၍ လျှာလေးလာခဲ့ပြီး အသက်မှန်မှန်ရှူ မေ့မျော သွားသည်အထိ စောင့်ကြည့်ပေးပြီး ဒေါ်ခင်ဦးနွယ်က EMO အိုးသာ မေ့ဆေး ရှူကက်ကို စ,လို့ တစ်ရစ်စီ တင်စေခဲ့သည်။ လူနာကို ပိုးသန့်စင်ဖို့ စောင့်နေသော သက်ဇော်နိုင်အား မျက်လုံးများဖြင့် အချက်ပြကာ စတင်စေသည်။ မေ့ဆေး ကြည့်ပေးရန် ခင်ဦးနွယ် ခွဲစိတ်ဝတ်ရုံ ထပ်မဝတ်သေးဘဲ စောင့်နေခဲ့ခြင်းပင်။ စိတ်ချရသော မေ့ဆေးအောက်မှာ လူနာငြိမ်သက်သွားမှ ခင်ဦးနွယ် ဝတ်ရုံဖြူကို ထပ်ဝတ်ဆင် ခဲ့သည်။ ဦးသက်ဇော်နိုင်က ဦးဆောင်ခွဲစိတ်မည့်သူမို့ သူက ဝတ်ရုံစိမ်း ဝတ်ထားခဲ့ သည်။ ခင်ဦးနွယ် အပါအဝင် နော်အေမီနှင့် မောင်တင်လှတို့က အဖြူရောင် ဝတ်ရုံများ ဝတ်ဆင်ကြသည်။

ခွဲစိတ်ခုတင်အထက်မှ မီးလောင်းပွင့်များက အချိန်ကိုက် လင်းလာခဲ့ သည်။ ခွဲစိတ်ရမည့် ပိုးသန့်စင်ပြီးသော အဝတ်မဲ့ခန္ဓာက မီးရောင်တွင် ထင်းထင်း ပေါ်လာခဲ့သည်။ ဝမ်းဗိုက်ပြင်တစ်နေရာလေးသာ ချန်လှပ်လျက် ကျန် ကိုယ်ခန္ဓာ အစိတ်အပိုင်းများကို ပိုးသန့်ထားသော အဝတ်ဖြူစများဖြင့် ဖုံးလွှမ်းပေးလိုက်သည်။ ထိုနေရာလေးသို့သာ အာရုံစိုက်နေသော ဦးသက်ဇော်နိုင်လက်ထဲသို့ လက်ကိုင် တပ်ထားသော ခွဲစိတ်ဓားငယ်ကို နော်အေမီက ထည့်ပေးလိုက်သည်မှစ၍ ခွဲစိတ်မှု အစ စတင်ခဲ့ပြီ ဖြစ်သည်။

စည်ကျက်ထားသလို တင်းပြောင်နေတော့ပေသော ဝမ်းဗိုက်ပြင်ပေါ် တင် ခွဲရသည်က အခြေအနေမကောင်းတာကို တွေ့မိစေလျက် ခွဲစိတ်ခန်း အဖွဲ့လုံးကို တိတ်ဆိတ်နေစေခဲ့သည်။ ခဏချင်း ဝမ်းဗိုက်အမြှေးပေါ်လာခဲ့သည်။ ဝမ်းဗိုက်မြှေးအောက်မှ အရည်တလှုပ်လှုပ် ကသွင်သွင် မြင်နေရလောက်အောင် ဝမ်းဗိုက်မြှေးက ပါးလွှာ တင်းပြောင်နေခဲ့သည်။ ရေအပြည့် ပူဖောင်းတစ်ခုရဲ့ အရေကို ခွဲယူရ မလွယ်သလို ဝမ်းဗိုက်မြှေးကို ခက်ခဲစွာ ကိုင်ညှပ်ယူရ၏။ သေး ငယ်သော ဓားရာလေးတစ်ခု ဦးသက်ဇော်နိုင် စ,ပေးလိုက်စဉ်မှာပဲ ခင်ဦးနွယ် က

www.burmeseclassic.com



"တော့ သက်ဇော်နိုင် ပန်းထွက်လာမှာနော်"

ဟု သတိလည်းပေး၊ ပတ်တီးစ အထပ်ထူထူနှင့် ဓားရာအပေါ်ကို အုပ်လိုက်သည့်တိုင် ဝါညစ်ညစ်အရည်တွက ရေပန်းတစ်ခုလို ပန်းထွက်လာတော့သည်။

"ဟာ သောင်းမျှာ"

"သွားပါပြီတော်"

နော်အေးမိနှင့် သက်ဇော်နိုင် မျက်နှာတည့်တည့်သို့ အများဆုံး စဉ်လေး၏ ခင်ဦးနွယ် နဖူးဆံစပ်တွင်လည်း ရွှံ့ရိုခဲ့ကာ မျက်လုံးထဲသို့ ပါဝင်လေ၏။ ဆိုးရွားလှသော အနံ့အသက်က သီရေတာတစ်ခုလုံး ဖုံးလွှမ်းသွားခဲ့သည်။ အခြေအနေမကောင်းသည်ကိုပြသော နောက်ထပ် တွေ့ရှိချက်အသစ်တစ်ခု။

ဝမ်းဗိုက်မြှေးအောက်တွင် အရည်တလှုပ်လှုပ်ကို မြင်နေရ၍ အမြှေးနှင့် အတူတူ တစ်ခုခုကို ညှပ်မိ ဖြတ်မိမှာ မိုးရ၏။

"မြန်မြန် ဖွင့်ချလိုက်တော့ အရည်တွေ ထွက်ပါစေ"

ခင်ဦးနွယ်က ပြောမိသလို သက်ဇော်နိုင်ကလည်း မြန်သည်။ ဓားရာလေးမှတစ်ဆင့် ကတ်ကြေးဖြင့် ဝမ်းဗိုက်မြှေးကို အထက်အောက် ညှပ်ချလိုက်သည်။ အရည်ညစ်တွေ လျှံကျလာခဲ့သည်။ သူတို့ခြေထောက်တွေအားလုံး စိုကုန်၏။ သုံးအလတ်စား တစ်ပုံးစာ အညစ်အကြေးတွေ ဗိုက်ထဲမှာလွှယ်ပြီး လေး ငါးရက်ဆက် အသက်ရှည်နေနိုင်ခဲ့သည်က အံ့သြစရာပေ။

ထိုအရည်များအောက်မှာ ဝမ်းဗိုက်အလုပ်ရုံကြီးရဲ့ အစောင့်ရဲတပ်သားများဟု တင်စားသော Omentum အမြှေးများကို အနာပေးဖတ်တစ်ခုလို တွေ့ရသည်။ အစာအိမ်ထဲမှာသာရှိရမည့် ထမင်းစေ့များက ဝမ်းဗိုက်ခေါင်းထဲ နေရာအနှံ့အပြား ရောက်နေခဲ့သည်။ ပြီးတော့ မစင် အညစ်အကြေးတွေ။ အစာအိမ်ကို ကိုင်တွယ်နေသော ဦးသက်ဇော်နိုင်ရဲ့ လက်များက ညင်သာ ကျွမ်းကျင်သည်။ မိနစ် အနည်းငယ်သာ ကြာလိုက်သည်။ အစာအိမ်ပေါက်ကို ရှာတွေ့ခဲ့သည်။

"သေးသေးလေးများ၊ ဒါကြောင့်မို့ တစိမ့်စိမ့် ယိုထွက်တဲ့ဒဏ်ကို ခံနိုင်ပြီး ဒီလောက်အပြင်မှာ ကြာသွားရတာ ဖြစ်မှာပဲ"

"သန့်ရှင်းရေး အရင်လုပ်ပြီးမှ ချုပ်တာပေါ့နော် မမနွယ်"

ဦးသက်ဇော်နိုင်က အကြံဉာဏ်ယူသလို ပြော၏။ ခင်ဦးနွယ် စိတ်ကူးမှာ



လည်း သည်အတိုင်းပဲဖြစ်၏။ အစာအိမ်ပေါက် ဖာပြီးမှ သန့်ရှင်းရေးလုပ်လျှင် ထိခိုက်မိနိုင်သည်။ ချုပ်ရိုးပြေနိုင်သည်။

"ဆရာက သည်ပွဲမှာ ဆာဂျင်လေ။ ဆရာသဘောပဲလေ ဦးသက်ဇော်နိုင်"

သက်ဇော်နိုင် ရယ်မောသည်။ သူပြောတာ သဘောမတူလျှင် ဒေါ်ခင်ဦးနွယ်ကချက်ချင်း ဖြစ်သင့်တာပြောမည်မှန်း သိသည်။ လောလောဆယ် ဦးဆောင်ခွဲစိတ်နေသူ၏ ခုံဖြတ်ချက် မှန်နေသရွေ့ 'ဆာဂျင့်သဘော'ဟူသော ခွဲစိတ်အလုပ်က ဆရာဝန်များက ပြောလေ့ရှိသည်လေ။ ဒေါ်ခင်ဦးနွယ်က 'ဆရာသဘော'ဟု ပြောတော့ သူ ဝမ်းသာမိလေသည်။ ခွဲစိတ်ခန်းမှာ အခုမှ စကားသံများ ထွက်လာခဲ့သည်။ ပြုပြင်ရမည့် နေရာကိုလည်း အလွယ်တကူ တွေ့ရှိခဲ့ပြီ။ သက်ဇော်နိုင်ရဲ့ လက်များ လှုပ်ရှားနေပုံက သွက်လက်သေသပ်သည်။ ဖြူညစ်ရော်သောအဆင်းရှိနေသည့် အူများကို တတ်နိုင်သမျှ မတွေ့ထိ။ ဒရစ်ပုလင်းထဲမှ ဆားရေသန့်ကို ဝမ်းဗိုက်ခေါင်းထဲ ထည့်၍ လျှပ်ဆေးသည်။ အညစ်အကြေးများ အနံ့အသက် စင်သည်အထိ။ အခန်းထဲမှာ ပျံ့နှံ့ပြီး အနံ့အသက်များကတော့ စွဲနေဆဲ။ အစာအိမ်ပေါက်ကို ညင်သာ သေချာစွာ ဖာထေးချုပ်လိုက်သည်။ ဝမ်းဗိုက်အတွင်းသို့ နောက်ဆုံး စစ်ဆေးလျက် ဝမ်းဗိုက်ပြန်ပိတ်ဖို့သာ ရှိတော့သည်။

"ရလောက်ပါပြီနော် မမနွယ်။ ပိတ်တော့မယ်"

သည်စဉ် ခွဲစိတ်ခန်းတံခါး ပွင့်သွားခဲ့သည်။

"ဆာဂျင့်သဘောပဲ"

သက်ဇော်နိုင် တိုးတိုး ရယ်မောလိုက်သံနှင့်အတူ ရယ်မောသံလေးတစ်ခုပါ ပါလာခဲ့သည်။

"အမယ် ဘာတွေများ ဆာဂျင့်သဘောပါလိမ့်"

ခွဲစိတ်ကုသမှု ပြီးစီးခါနီး ခွဲစိတ်ခန်းထဲ ရောက်လာခဲ့သူက မူယာဘတင်။ ခင်ဦးနွယ်က

"မူယာပါလား။ နေမကောင်းဘူးဆိုလို့ ကိုယ်တို့ ယူ့ကို မခေါ်တော့တာ"

အနည်းငယ် အံ့အားသင့်စွာ ဆိုမိသည်။

"ဟုတ်တယ် မမ။ နေမကောင်းလို့ အိမ်မှာပဲ နေ နေတာ။ ပေးရှင့်က မူယာ့သိမှာ လွှန်ခဲ့တဲ့ သုံး,လေးရက်က တစ်ခါလာပြဖူးတယ်။ မူယာနဲ့လည်း

www.burmeseclassic.com

www.burmeseclassic.com



ခင်နေကြတော့ အခု မှုယာ့ကို လာခေါ်ကြတာနဲ့ လိုက်ခဲ့ပေးတာ"

"ဟုတ်လား။ ဒီ History ကျွန်တော် မရဘူး။ သူတို့ကလည်း မပြော ဘူး။ ဆေးခန်း တစ်ခါမှမပြဘဲ ဆေးရုံလာခဲ့တယ်ပဲ ထင်နေတာ"

"နောက်ရက်တွေ လာမပြတော့ မှုယာလည်း သူ့ Condition ကို သေသိတော့တာ"

ခင်ဦးနွယ် မျက်မှောင်များ တွန့်သွားမိခဲ့သည်။ စိတ်ထဲမှာ မကျေမလည် ခံစားရသည်။ လူနာဘက်က စဉ်းစားလိုက်မိ၍ပေ။ ဆိုင်းငံ့ထားလို့ရသည့် ရောဂါ တစ်ခုမှ မဟုတ်ဘဲ၊ လွန်ခဲ့သော လေးရက်ကသာ ဖွင့်ဖြစ်ခဲ့ရင်၊ စဉ်းစားရင်း တွေဝေသွားမိသည်။ ချုပ်ကြိုးဖြတ်ပေးဖို့ စောင့်နေသော ဦးသက်ဇော်နိုင်က မော်ကြည့်လာမှ သတိရသည်။

"ဆောရီးကွာ"

ခင်ဦးနွယ်လက်ထဲက ကတ်ကြေးငယ်နှင့် အပ်ချည်စဖြတ်ပေးခဲ့သည်။

"တွေ့တော့ Acute Abdomen (ဝမ်းဗိုက်တွင်းအရေးပေါ်ပြဿနာ)ဖြစ် နိုင်တယ်လို့တော့ ပြောလိုက်မိပါသေးတယ်။ ခွဲစိတ်ဖို့လိုရင်လည်း လိုနိုင်တယ်လို့လည်း မှာထားတာ။ သူတို့က မလာတော့တာပါ"

မှုယာတင် ဆက်လက်ပြောခဲ့သော စကားများကြောင့် ခင်ဦးနွယ် စိတ် ကျေနပ်မှုရသွားခဲ့သည်။ ခင်ဦးနွယ်က လူနာနှင့်ပတ်သက်သော ဆုံးဖြတ်ချက်များကို ဆရာဝန် မည်သူ့ကိုမှ မမှားယွင်းစေချင်။ အထူးသဖြင့် ဆေးရုံက တာဝန်ရှိ ဆရာဝန်များရဲ့ ဆုံးဖြတ်ချက်က မမှားသင့်။ တစ်ယောက်ယောက်က မှားယွင်း ခဲ့လျှင် ခင်ဦးနွယ်မှာလည်း တာဝန်ရှိသည်ဟု အလိုလိုခံစားလာမိရသည်။ ခင်ဦးနွယ် ရဲ့ လေ့ကျင့်သင်ကြားပေးမှုက ညံ့ဖျင်းလို့လား။

"ဟုတ်တာပေါ့။ ပထမဆုံးတစ်ကြိမ်တွေ့ရုံနဲ့ တချို့ Acute Abdomen က မသိသာဘူး။ ဒါကြောင့်မို့ ဗိုက်ထဲက ပြဿနာတွေကို မျက်လှည့်သေတ္တာလို့ တောင် တင်စားကြတာပဲ။ အမြင်ကို အမျိုးမျိုးလှည့်စားတတ်လို့လေ။ ဘာပဲဖြစ်ဖြစ် Acute Abdomen လို့ ထင်ရင်တော့ ဆေးရုံတက်ခိုင်းထားလိုက်တာ အကောင်းဆုံး ပဲ။ ကိုယ်တို့ သူ့ကို မျက်စိအောက်မှာထားပြီး စောင့်ကြည့်နိုင်မယ်။ သေချာတဲ့အချိန် ကောက်ခွဲလိုက်နိုင်တယ်လေ။ လူနာကို အချိန်မှန်မှန် လာပြဖို့မှာပေမယ့် လူနာက သူ့သဘောနဲ့သူ လာချင်မှပဲ လာမှာ"



မမနွယ်၏စကားများက မှတ်သားစရာပဲ။ သက်ဇော်နိုင် လက်ခံမိလေ၏။ တစ်ခါတစ်ရံ လူနာကဆေးရုံမတက်ချင်၊ အကြောင်းအမျိုးမျိုးပြ ငြင်းဆန်တတ်သည်။ သူ့အန္တရာယ်ကို သိထားသော ကိုယ်ကအားနာလိုက်လျှော့၍ မဖြစ်။ အတင်းအကျပ် ဆေးရုံတက်ခိုင်းရပေမှာပဲ။ အတွေ့အကြုံများသော ခင်ဦးနွယ်ရဲ့ စကားများမှာ သူတို့အတွက် တန်ဖိုးရှိသည်။ သက်ဇော်နိုင်က ထင်မိသည်။ မှုယာတင်နှင့်မှု သဘောထားကွဲလွဲပြန်ကာ နောက်တစ်နေ့တွင် သက်ဇော်နိုင် သိရပြန်လေ၏။

စုစုပေါင်း ခွဲစိတ်ချိန် မိနစ် ၄၀။ လူနာ မေ့ဆေးရှူနေရချိန် ကြာသည်ဟု ဆိုနိုင်ပါ။ သန့်ရှင်းရေးအတွက်သာ အချိန်မကုန်ခဲ့ရင် သည့်ထက်စောပြီးသည်။ ခွဲစိတ်မှုက အောင်မြင်စွာ ပြီးစီးခဲ့သည်။ သက်ဇော်နိုင် ပြုံးနိုင်ခဲ့သည်။ ခင်ဦးနွယ်လည်း ပြုံးသာမိသည်။ ညဦးပိုင်း ခင်ဦးနွယ်ကို လိုက်ခေါ်ခဲ့စဉ်က သေမင်းနှင့် စစ်ခင်းဖို့ ဟန်လှုပ် ချောက်ချားနေခဲ့သော ဆရာဝန်လူရွယ်ကို ပြန်လည်မြင်ယောင်မိသည်။ ခွဲစိတ်ခန်းပြင်တွင်မူ သူ တည်တည် ငြိမ်ငြိမ်ပင် ခွဲစိတ်သွားနိုင်ခဲ့လေသည်။ သူ ခွဲစိတ်သွားပုံက ခင်ဦးနွယ်လို အထူးကုတစ်ဦးနှင့် လက်ရည် ဘာမှမခြားတော့ပေ။ သက်ဇော်နိုင် တော်ပါသည်။ ကြိုးစားနာယူလွယ်သူ ဖြစ်လေ၏။

"ကွန်ဂရက်ကျူးလေးရှင်း ကိုသက်ဇော်နိုင်"

မှုယာတင်က လက်အိတ်ချွတ်ပြီးစ သက်ဇော်နိုင်ရဲ့လက်ကို လက်ဆွဲ နှုတ်ဆက်ခဲ့သည်။

"သင့်(ခ်)ယူ မှုယာ။ မမနွယ်ရဲ့ ထရိန်နင်တွေပါ"

သက်ဇော်နိုင်က ခင်ဦးနွယ်သို့ လှမ်းကြည့်ပြုံးရင်း ခပ်ရိုးရိုး ဝန်ခံ၏။ မှုယာက သက်ဇော်နိုင်၏ ခွဲစိတ်ဝတ်ရုံ နောက်ကျောမှ ကြိုးများကို ဖြေပေးခဲ့သည်။

"မှုယာ လူနာရှင်တွေကို အကျိုးအကြောင်း သွားပြောလိုက်ဦးမယ်"

ဒေါ်မှုယာ ခွဲခန်းထဲမှ ပြန်ထွက်သွားခဲ့သည်။ ခင်ဦးနွယ်က မေ့ဆေးမပြယ် သေးသောလူနာကို ပြန်လည် စမ်းသပ်ကြည့်နေသည်။ ခင်ဦးနွယ်စမ်းသပ်ပြီး၍ လှည့်လိုက်တော့ သက်ဇော်နိုင် မျက်လုံးများဖြင့် အသံတိတ်အခြေအနေ မေးမိသည်။

"ကွန်ဒီရှင် ကောင်းပါတယ်။ Heart rate လေးတော့ နည်းနည်းမြန် နေတယ်။ ခွဲစိတ် တဲ့အထိကြောင့် ဆိုရင်တော့ ခဏပဲ။ သွေးဝင်ဆက်ထားရအောင်။ Antibiotics ကတော့ Heavy တင်ပါ။ ကိုယ်တို့ သူ့ဗိုက်ထဲမှာ မီးလျှံပြီး ပေါက်သလို ဖြစ်ခဲ့ရတာ။ အဲဒါတွေကနေ Septicaemia (သွေးဆိပ်ပျံ့ခြင်း) ဆီမသွားဖို့တော့

www.burmeseclassic.com

www.burmeseclassic.com



အရေးကြီးတယ်။ ဆရာ Post Operative Care (ခွဲစိတ်ပြီး ဆက်လက်ကုသမှု) မှာတော့ သေချာ သတိထားဖို့ လိုမယ်"

"စိတ်ချပါ မမနွယ်။ ကျွန်တော် ဂရုစိုက်ပါ့မယ်"

လှလှစောက သီရေတာထဲမှာ သိမ်းဆည်းကူရင်း ခင်ဦးနွယ်အနီး ဖြတ်လျှောက်သွားနိုက် ခွဲစိတ်ဝတ်ရုံနောက်ကွဲရဲ့ ကြိုးများကို ဖြေပေးသွားခဲ့သည်။ ခင်ဦးနွယ် ခွဲစိတ်ဝတ်ရုံကို ချွတ်လျက် ပလတ်စတစ်ခြင်းထဲ ထည့်ခဲ့သည်။ အဝတ်လဲခန်းထဲ ဝင်ခဲ့သည်။

ဆေးရုံကြီးမဟုတ်၍ အဝတ်လဲခန်းက တစ်ခန်းတည်းသာရှိသည်။ ချွေး နေသော ခွဲစိတ်အင်္ကျီကို ချွတ်သည်။ ခင်ဦးနွယ်ဝတ်ခဲ့သော တီရှပ်ကို အင်္ကျီချိတ် ယူ၍ ခေါင်းမှ စွပ်ချလိုက်သည်။ တန်းမှာ ချိတ်တင်ထားခဲ့သော ထဘီကို ဖြ လဲဝတ်သည်။ ကိုယ်လုံးပေါ်မှ တစ်ချပ်ရှိနေခြင်းက ကျေနပ်စရာ။ ထိုမှ တွင်ထင်လာသော သူမအရိပ်ကို ကြည့်မိသည်။ နွယ် မျက်မှောင်ကြုတ်လိုက် လေသည်။ သူမရဲ့ အတွင်းခံအင်္ကျီမှာ ချွေးစိုနေခဲ့သည်။ တီရှပ်ဖြောင် အသား ရောင်နုနုလေးတွင် ချက်ချင်းလို ချွေးစိုကွက် စွန်းထင်းလာပုံက အတွင်းခံအင်္ကျီ အရာအတိုင်းပဲ။ အခါတိုင်းက အဝတ်လဲခန်းမှာ ဂျူတီကုတ် အပိုတစ်ထည် ထားသေးသည်။ ယခု မတွေ့ရ။ မမအေးမီ ယူသွားတာလား မသိ။ အင်္ကျီချိတ် ဂျာကင်တစ်ထည် ချိတ်ဆွဲထားတာ တွေ့ရသည်။ ဦးသက်ဇော်နိုင် အင်္ကျီ ညဦး လာစဉ်က သည်အင်္ကျီ ဝတ်ထားခဲ့တာ ခင်ဦးနွယ် မှတ်မိသည်။

ခင်ဦးနွယ် ထိုအင်္ကျီကို ဖြုတ်ယူ ထပ်ဝတ်သည်။ အဝတ်လဲခန်းမှ ထွက် ခဲ့သည်။ စင်္ကြံမှာ ဦးသက်ဇော်နိုင်နှင့် ဆုံနေခဲ့သည်။ သူလည်း အဝတ်လဲဖို့ နွယ် ကို စောင့်နေခဲ့ဟန်ပင်။ သူ့အင်္ကျီ ယူဝတ်လာသောနွယ့်ကို သူ အနည်းငယ် အံ့သြ စွာကြည့်နေလေ၏။

"အတော်ပဲ။ ဆရာနဲ့တွေ့ရင် ခွင့်တောင်းတော့မလို့။ ကျွန်မ နည်းနည်း ချမ်းစိမ့်စိမ့်ဖြစ်တာနဲ့ အင်္ကျီယူဝတ်လိုက်တယ်နော်။ အခုပဲ ပြန်ပို့ခိုင်းလိုက်ပါ့မယ် လျှို့ဝှက်ချက်တွေရှိရင် ယူထားလိုက်ချင်သေးလား။ ဘယ်အိတ်ထဲကိုမှ မနိုက်ရသေး ပါဘူး"

နွယ်က ရယ်မော၍ ပြောသောအခါ -

"ရပါတယ် မမ။ ပြန်မပို့ခိုင်းပါနဲ့။ အေးအေးဆေးဆေးမှပဲပေးပါ။ လျှို့ဝှ



ချက်တွေလည်း ထည့်မထားမိဘူးလို့တော့ ထင်တာပဲ"

သူက ရယ်မော ပြန်ပြောလေ၏။

"ဝပ်(ဒ်)ထဲ ပေးရှင့်နောက် လိုက်သွားနှင့်မယ်"

ခင်ဦးနွယ် ထွက်ခွာသွားခဲ့သည်။ သီရေတာထဲလှမ်းလို့ -

"မမအေးမီရေ - ပြန်တော့မယ်နော်။ နောက်တစ်ခါ မခေါ်ကြေး"

ဟု နှုတ်ဆက်ခဲ့သေး၏။

"ပြန်တော့မလား မမ။ မောင်တင်လှ လိုက်ပို့ခိုင်းလိုက်မယ်လေ"

"ရပါတယ်။ အခုမှ ည ၁၀နာရီခွဲ ရှိသေးတာ"

ဒေါ်ခင်ဦးနွယ်အသံက ဝေးသွားခဲ့ပေ၏။

သက်ဇော်နိုင် အဝတ်အစား သွက်သွက်လဲ၍ ထွက်ခဲ့သည်။ သီရေတာ ထဲ ခေါင်းပြူကာ မမအေးမီကို နှုတ်ဆက်သည်။

"မမအေးမီ ရေချိုးမို့ မမေ့နဲ့ဦးနော်။ ကျွန်တော်တော့ အားလုံးပြီးရင် ချိုးတော့မယ်။ မမကိုတောင် မပြောလိုက်ရဘူး။ မမအေးမီပြန်ရင် ဝင်ပြောပေး ပါလား။ ချန်စော်နီးနေဦးမယ်လို့"

နော်အေးမီ နှာခေါင်းရှုံ့ရင်း ရယ်မောသည်။

"မေ့နေတာက ကျွန်မ တော်ရေ့။ ဆရာ မပြောရင် လက်ကလေး ကြာလေးပဲ ဆေးမိမလား မသိဘူး။ မမဆောကျင်အတွက်တော့ မပူနဲ့။ သူက ရင် ရေနွေးနဲ့ ရေချိုးဦးမှာ။ သူမှာ ဆေးရုံက ပြန်လည်း ချိုး။ ဆေးခန်းက လည်း ချိုး။ သီရေတာ အဝင်အထွက်လည်း ရေချိုး။ ဘာ ရေကြိုက်သလည်း ပြောနဲ့။ ကျွန်မတို့ကတောင် ပြောနေရသေးတယ်။ ယောက်ျားမရှိတဲ့နဲ့တောင် ရေဒီလောက်ချိုးရင် ယောက်ျားရှိတုန်းကဆိုရင် တစ်နေ့ကို ဘယ်နှစ်ခါများ ပါ -"

"ဟာဗျာ - တော်တော့။ မမအေးမီ လုပ်ပြီ"

နော်အေးမီ တဟားဟား အော်ရယ်ခဲ့သည်။ ခွဲစိတ်ကိရိယာ သိမ်းဆည်း များ။ မြိုင်မြိုင်ဆိုင်ဆိုင်နှင့် ကျန်ခဲ့လေ၏။

□

ခွဲစိတ်ကုသဆောင်၏ ဆရာဝန်၊ ဆရာမ အလုပ်ခန်းထဲသို့ သက်ဇော်နိုင် ဝင်ခဲ့သည်။ ဒေါ်ခင်ဦးနွယ်ကို ထင်သည့်အတိုင်း လူနာဦးမြမောင်၏ ချတ်(တ်)

www.burmeseclassic.com

www.burmeseclassic.com

ထဲမှာ ခွဲစိတ်ကုသမှတ်တမ်းများ ထိုင်ရေးလို့ တွေ့ရသည်။ မမနွယ်က ကော့(စ်) တစ်ခုကိုကိုင်လျှင် အစမှအဆုံး သည်လိုပင် ဝင်တတ်ပြီး အလုပ်လုပ်လို့ လွယ်အောင် အမြဲ အဆင်တသင့်လုပ်ပေးသွားတတ်သည်။ ဂျူတီကျ သက်ဇော်နိုင်နှင့် လှလှစောက မမနွယ် ရေးပေးခဲ့သည့် ကုသချက်များအတိုင်း လူနာကို ဆက်လက်ကုသပေးရုံပင်။ သက်ဇော်နိုင်ကို ဒေါ်ခင်ဦးနွယ် လှမ်းမော့ကြည့်ခဲ့သည်။

"ဦးသက်ဇော်နိုင် ပေးရှင့်ကို ဝင်ကြည့်ခဲ့သေးလား"

"အခု သွားကြည့်မလို့ပါ။ မမ ဘာမှာဦးမလဲလို့"

"ပေးဖို့ Treatment တွေ အားလုံးချတ်(တ်)ထဲမှာ ရေးထားခဲ့တယ်။ ခုန ပေးရှင့်ကိုဝင်ကြည့်ခဲ့သေးတယ်။ ကွန်ဒီရှင် မဆိုးပါဘူး။ Fever တော့နည်းနည်း တက်လာတယ်။ သွေးသွင်းတဲ့ အရှိန်ကြောင့်လည်း ဖြစ်မှာပါ။ ဒါမှမဟုတ် Surgical stress (ခွဲစိတ်သည့်ဒဏ်)ကြောင့်လည်း ဖြစ်နိုင်တယ်။ ကိုယ်တို့ဘက်က လုပ်နိုင်သလောက် အကောင်းဆုံး လုပ်ပေးကြတာပေါ့"

သက်ဇော်နိုင် ပျော်ရွှင်နေခဲ့သော စိတ်ကလေး လွင့်စင်သွားရသည်။ စိုးရိမ်ပူပန်ရိပ် ထင်ဟပ်လာခဲ့ပြန်သော သက်ဇော်နိုင်သို့ ခင်ဦးနွယ်က ပြုံးကာ

"ဒီလောက်လည်း မစိုးရိမ်ပါနဲ့။ ဒီနေ့ ဦးသက်ဇော်နိုင် အကောင်းဆုံးလုပ်သွားနိုင်ခဲ့တာပဲ။ ဒီထက်ပိုကောင်းအောင် ဘယ်သူမှ လုပ်နိုင်မှာမဟုတ်တော့ဘူး"

"တကယ်ပြောတာ ထင်ပါရဲ့ဗျာ"

သက်ဇော်နိုင် ခံ့ပင်များကို လက်ဖြင့် ထိုးဖွ သပ်တင်ကာ ပြောလိုက်တော့ ဆာကျင်က ရယ်မောလေသည်။

"တကယ်ပါ"

"ဒါဆိုရင် ကျွန်တော် တစ်ခုတောင်းဆိုချင်ပါတယ်။ ပြောင်းသွားတဲ့ ဦး မောင်မောင်အေး၊ ဒေါ်ကြူကြူ အတွဲက မမနွယ်နဲ့ သိပ်ခင်ကြတယ်။ မမနွယ်က သူတို့ကို 'မောင်မောင်အေး'၊ 'ကြူကြူ'လို့ပဲ ခေါ်တယ်။ 'မင်း'နဲ့ 'ငါ'နဲ့လည်း ပြောတယ်လို့ မမအေမိက ပြောပြတယ်။ ကျေးဇူးပြုပြီး ကျွန်တော့်ကို 'ဦး' ထည့် မခေါ်ပါနဲ့လား။ သီရေတာထဲတုန်းက လှမ်းအော်လိုက်သလို 'သက်ဇော်နိုင်' လို့ ခေါ်ပါဗျာ"

သက်ဇော်နိုင်ရဲ့ မထင်မှတ်သော တောင်းဆိုချက်ကို ခင်ဦးနွယ် အံ့ဩနားထောင်နေမိသည်။ ဒါပေမယ့် မောင်မောင်အေး၊ ကြူကြူက ခင်ဦးနွယ်နဲ့



အလွန် ရင်းနှီးခင်မင်ခဲ့ကြတာ အပြန်အလှန် အားကိုးခဲ့ရတာ။ ခင်ဦးနွယ်၊ မောင်မောင်အေး၊ ကြူကြူ ကြားမှာ မြူတစ်မှုန်စာပင် မကြည်မလင်မဖြစ်ခဲ့ဖူး။

"အဲဒါက အားလုံးကို စိုက်နှိမ်မှာစိုးလို့ ယောင်ပြီး အော်လိုက်မိတာပါ"

"အဲဒီလိုခေါ်တာ ကျွန်တော် ပိုကျေနပ်လို့ ပြောတာပါ မမ"

"ကြူကြူတို့ကိုလည်း အများရှေ့မှာတော့ 'ကို'တွေ 'ဒေါ်'တွေ 'ဦး'တွေတပ်ခေါ်ပါတယ်။ အမြဲ မင်းနဲ့ ငါနဲ့ ပြောနေတာတော့လည်း မဟုတ်ပါဘူး"

"သူတို့လိုပဲ ကျွန်တော့်ကိုလည်း သဘောထားပေးပါ"

"ကောင်းပြီလေ။ ကိုယ်သွားတော့မယ် သက်ဇော်နိုင်။ အကယ်၍ လိုအပ်ချင် ကိုယ့်ကို အချိန်မရွေးခေါ်ပါ။ အားမနာပါနဲ့"

"ဟုတ်ကဲ့"

သက်ဇော်နိုင် ကျေနပ်စွာ ကျန်ရစ်သည်။ မမနွယ် ထွက်သွားခဲ့တော့ သူမရေးသားထားသော ခွဲစိတ်မှတ်တမ်းကို ဖတ်ဖြစ်သည်။ ခွဲစိတ်ခဲ့သော အဖြစ်အပျက်ကို အတိုချုံး မှတ်တမ်းရေးသား ထားခဲ့သည်။ ထိပ်ဆုံးတွင် ဦးဆောင်ခွဲစိတ်သူ ဆာဂျင်နေရာမှာ 'Dr. သက်ဇော်နိုင်' ဟု မမနွယ် ရေးထားခဲ့သည်ကို သက်ဇော်နိုင် ကြည်နူးစွာ ဖတ်သည်။ လက်ထောက် ခွဲစိတ်သူနေရာမှာ 'Dr. ခင်ဦးနွယ်'၊ အကူသူနာပြုနေရာမှာ 'နော်အေမီ' ဟုရေးထားခဲ့သည်။

ခွဲစိတ်မှု၏ အစဉ်မှစ၍ ခွဲစိတ်မှတ်တမ်းရေးသည်။ မှတ်တမ်းမှာ လိုအပ်ချက်များ အားလုံးပြည့်စုံ၏။ မှတ်တမ်း၏ အခုံးမှာတော့ လူနာကို ခွဲစိတ်ပြီးချိန်မှ စ၍ ပေးရတော့မည့် ဆေးကုသချက်များ။ တစ်ခုစီ အထက်မှအောက်သို့ ရေးချထားလေ၏။

ခွဲစိတ်မှတ်တမ်းကို ဖတ်နေဆဲ သက်ဇော်နိုင်ရဲ့ စိတ်တစ်နေရာက သူ့ရဲ့ အားရေဘူဂျာကင်အနက်ကလေးကို ဝတ်လျက် အမှောင်ထု မှိုင်းမှိုင်းကြားထဲ တိုးဝင်ပျောက်သွားမည့် မမနွယ်ကို မြင်ယောင် လိုက်မိလေ၏။ မမနွယ်ကို ဆေးရုံစောင့်ချိန်ကြီး အဘချက်က ထုံးစံအတိုင်း လိုက်ပို့ပေးမှာပါ။ သူတွေးနေမိလေသည်။

□

မျက်လုံးတွေ ကျိန်းစပ်နေခဲ့သည်။ ခေါင်းကိုက်ခဲခဲ့တာ တစ်ခါတစ်ခါ ပေါ်လာခဲ့သည်။ ညက ပျော်ရွှင်မှုလေးတွေ လွင့်ပြယ်သွားခဲ့တာ မြန်လှသည်။ ခွဲစိတ်ခန်းက ထွက်လာပြီးကတည်းက တစ်ရေးမှ မမှေးရသေးပေ။ ခွဲစိတ်ပြီးစ

www.burmeseclassic.com

www.burmeseclassic.com



လူနာဦးမြမောင်တာ နံနက် နှစ်နာရီခန့်တွင် သတိရလာခဲ့သည်။ နံနက် ငါးနာရီခန့်တွင် ကြို့ထိုးလာခဲ့သည်။ ဆီးပိုက်တန်းလန်းနှင့် ဆီးချူပေးထားသော ဆီးပုလင်းကို ပြန်ကြည့်လိုက်တော့ ထင်သည့်အတိုင်း ဆီးက နည်းနေခဲ့သည်။ သက်ဇော်နိုင် ခေါင်းခဲသွားရသေး၏။

အရေးပေါ်ဂျူတီ ယူရသည့်ညမှာ ရောက်လာသည့် အခြားအရေးပေါ်လူနာများကလည်း ရှိသေးသည်။ ရေချိုးလွှန်ပြီး မူးလဲ ခေါင်းကွဲ လူနာ၊ တက်များ ဖြားသည့် ကလေးလူနာ၊ ညှပ်ဖွဲ့မွေးရသည့် မွေးလူနာ။ သည်လူနာတွေကို ကြည့်ပေးရင်း သက်ဇော်နိုင်ရဲ့ခေါင်းထဲမှာ ခွဲစိတ်ပြီးစ လူနာအခြေအနေပဲ ရောက်နေခဲ့၏။ သောစင်တွင် မျက်နှာသစ်၊ သွားတိုက်နေစဉ် မှုယာတင် ရောက်လာခဲ့သည်။ ရောင်စုံ ခြယ်သနေကျ မျက်နှာက သည်နေ့ ပန်းနုရောင် တစ်ရောင်တည်း ခြယ်သုံးလာခဲ့သည်။ မျက်ခွံနှင့် နှုတ်ခမ်းပါ ပန်းရောင်။ ဘူးပါတိတ် ပန်းရောင်ဝမ်းဆက်နှင့် လန်းဆန်းလှနေ၏။ ပန်းရောင် နိုင်လွန်ဆွယ်တာပါးလေး ပါသေး၏။

"ကိုသက်ဇော်နိုင် အခုမှ ထတာလား"

"အိပ်ကိုမအိပ်ရသေးတာ"

"ညက ဂျူတီ တော်တော်ရှုပ်လို့လား။ စိတ်တောင်မကောင်းဘူးဟယ်"

မှုယာတင်က ခပ်သောသောလေး ပြောတော့ သက်ဇော်နိုင် ရယ်မောဖြစ်သည်။ သူ့ရယ်မောသံက မပီပြင်။

"ဦးမြမောင်ကွန်ဒီရှင်ရော ဘယ်လိုနေလဲ ဟင်"

"အဲဒါကြောင့်ပေါ့ဗျာ။ Renal Failure (ကျောက်ကပ်ပျက်စီးခြင်း)ဝင်ပြီ ထင်တယ်။ Urine output (ဆီးအထွက်) နည်းတယ်"

"ဟုတ်လား။ ပြဿနာပဲ။ မှုယာနဲ့ သူတို့အိမ်က စားအိမ်သောက်အိမ်လို့ ဖြစ်နေတာ။ ဒါကြောင့် ဒီနေ့ အစောကြီး လာကြည့်ပေးတာ"

"လွှန်ခဲ့တဲ့ ငါးရက်ကသာ ခင်ဗျား ဒီလို စိုးရိမ်သကောင်းရင် ကျွန်တော် စိတ်ညစ်ရမှာ မဟုတ်ဘူး"

သက်ဇော်နိုင် စိတ်ထဲက ပြောခဲ့မိခြင်းပင်။ နှုတ်ကမူ .

"လုပ်ပေးသင့်တာတော့ အကုန်လုပ်ထားပြီးပါပြီ။ မနေ့ကလည်း Inform လုပ်ထားတယ်။ သူ လာကြည့်မယ် ထင်တယ်"

မှုယာတင်က နှာခေါင်းလေးရှုံ့ရင်း .



" Renal Failure ဝင်တာ သူလည်း ဘာတတ်နိုင်မှာလိုက်လို့။ အေးလေ ဒါပေမယ့် သူက ဘာမဆို သူပဲ သိချင်၊ သူပဲ လုပ်ချင်နေတော့လည်း အသိပေးရမှာပေါ့။ တော်ကြာ အသိမပေးရကောင်းလား အပြစ်တင်ခံရနိုင်တယ်။ မနေ့က သိရေတာထဲမှာ မှုယာ့ကိုပြောတာ ကြည့်ပါလား။ စကားတွေ တန်ဆာဆင်နေတာ ပါကွာ။ တကယ်တော့ ခွဲရမယ်ကေ့(စ်) တစ်ခုကို သူလိုချင်လို့ တောင်းတဲ့သဘောပဲ။ မှုယာက အတွေ့အကြုံရှိပြီးသား ကိုသက်ဇော်နိုင်ရဲ့"

"မှုယာ့သူငယ်ချင်း တစ်ယောက်ဆိုရင် ဒီလိုပဲ။ အတန်းအတူအချင်းချင်းမှာ တစ်ယောက်က T.M.O၊ တစ်ယောက်က A.S ဖြစ်နေတော့ အဲဒီ T.M.O က Surgical Case မှန်သမျှ သူချည်းပဲ လက်ဝါးကြီးအုပ်ထားတာ။ မှုယာ့သူငယ်ချင်းမှာ Abscess (ပြည်တည်နာ)လေးတစ်လုံးတောင် သူ့သဘောနဲ့သူ ဖောက်ခွင့်မရဘူး။ ခွဲရစိတ်ရမှ ထောတာမဟုတ်လား"

သက်ဇော်နိုင် စိတ်မသက်မသာ ဖြစ်မိရသည်။ ခေါင်းရမ်းခါမိသည်။ ညက သိရေတာထဲမှာ မမှုယ် ပြောစကားတွေကို မှတ်သားဖွယ်ပဲဟု သူ နားယူမိခဲ့သည်။ မှုယာတင်ရဲ့ အတွေးအမြင်ကျတော့ တစ်မျိုးပဲ။

"ကျွန်တော်လည်း သိပါတယ် မှုယာ။ ကြားဖူးနားဝအတွေ့အကြုံနဲ့ ထုပ်ပိုင်ခွင့်ရှိတဲ့ T.M.O တို့ Specialist တို့က အဓိကကတော့ အခကြေးငွေရယ်၊ ထုပ်ပိုင်ခွင့်ရယ်အတွက် လက်အောက်က လက်ထောက်ဆရာဝန်တွေကို နှိမ်ထားတဲ့ အပြစ်တွေ၊ ပညာနဲ့နေရာ မပေးချင်တာတွေ။ ဒါပေမယ့် ဒီဆေးရုံက T.M.O ဦးအောင်မြင်ရယ်၊ Specialist ဒေါ်ခင်ဦးနွယ်ရယ်ကတော့ ဒီလိုအမျိုးအစားထဲမှာ မပါကြပါဘူး။ သူတို့က ဆရာဝန်ဖြစ်ဖို့ မွေးလာတဲ့သူတွေပဲလို့ ကျွန်တော်တော့ ထင်တယ်"

မှုယာတင်က မဲ့ပြုံးလေးလုပ်ပြုံးသည်။

"ယူထက် မှုယာက မြေလတ်ဆေးရုံကို စောပြီးရောက်တာပါ ကိုသက်ဇော်နိုင်ရယ်။ နောက်တော့ ယူလည်း ခံစားလာရမှာပါ"

သက်ဇော်နိုင် မငြင်းတော့ပြီ။ ပခုံး နှစ်ဖက်သာ တွန့်ပြမိ၏။

"မပြောတတ်တော့ပါဘူးဗျာ။ ကျွန်တော်ကတော့ Surgeon (ခွဲစိတ်ကုသသူ) တွေထက် Surgery (ခွဲစိတ်ကုသဘာသာရပ်) ကို ပိုပြီးစိတ်ဝင်စားတာ။ ကျွန်တော်သာ အဲဒီလို ဆောင်ရွက်လုပ်ခွင့်မပေးတဲ့ T.M.O တို့ Specialist တို့ လက်

www.burmeseclassic.com

www.burmeseclassic.com

အောက်မှာ နေရင်တော့ သစ်ပင်အောက်မှာပဲ ပေးရှင့်တွေ တန်းစီပြီး ခွဲပြလိုက်ချင်တော့ ထင်တယ်"

ခင်ဦးနွယ် ဝင်လာသည်ကို လက်ထောက်ဆရာဝန်နှစ်ဦးက မမြင်ကြပေ။ သက်ဇော်နိုင်ရဲ့ နောက်ဆုံးစကားများ အသေအချာကြားလိုက်ရ၍ ခင်ဦးနွယ် မြူးမိသည်။ မှုယာတင်က အရင်လှမ်းမြင်သွားခဲ့သည်။ ပြုံးရွှင်စွာ နှုတ်ဆက်လိုက်သည်။

"ဟော မမ။ ကိုသက်ဇော်နိုင်က မမကို အစောကြီး နှုတ်လိုက်ပြန်ပြီထင်တယ်"

သက်ဇော်နိုင် လှမ်းကြည့်လိုက်လျှင် ပြုံးကာ သူ့ကို ကြည့်နေသော ဆရာချင်ကို တွေ့ရသည်။ သက်ဇော်နိုင် အနည်းငယ် ရှက်အမ်းကာ

"ဟာ ဆောရီး"

ခေါင်းကဆံပင်များကို လက်နှစ်ဖက်နှင့် နောက်ပြန်သိမ်းသည်။

"မဆောရီးပါနဲ့။ တကယ် ကိုယ်တာမှ မကြားလိုက်ပါဘူး"

ခင်ဦးနွယ်က အပြုံးဖြင့်ပြောရင်း သူမလက်ထဲက ဂျာကင်အင်္ကျီကို သက်ဇော်နိုင်သို့ လှမ်းပေးသည်။ ထိုအပေးအယူကို မှုယာက မျက်ခုံးမြင့်လျက် စူးစမ်းကြည့် ကြည့်လေသည်။

"မှုယာလည်း ရောက်နေတယ်နော်။ လာ ကိုယ်တို့ ကေ့(စ်)ကို သွားကြည့်လိုက်ရအောင်"

မနွယ်က ဘာမှမဖြစ်သလို လှည့်ထွက်သွားခဲ့သော်လည်း သက်ဇော်နိုင် အနေရခက်စွာ လိုက်ခဲ့ရသည်။ ခေါင်းရုံစကြံရှည်မှ မှိုင်းပွဲပွဲကျနေသော ခေါင်းရုံခင်းကို မြင်နေရသည်။

"ဆရာ Renal Failure ဝင်ပြီလို့ ထင်သလား"

"ကျွန်တော်တော့ ထင်တာပဲ မမ"

" Septicaemia (ပိုးဆိပ်ပျံ့ခြင်း)ကြောင့် ဖြစ်နိုင်တယ်"

ဒေါ်ခင်ဦးနွယ်လည်း လူနာ အကြောင်းပြောရင်း မျက်နှာမကောင်းလှ သက်ဇော်နိုင်မှာမူ ရင်ပူခဲ့လှပြီ။ မှုယာတင်က စောစောက သူမ ပြောခဲ့သည်များနှင့် လုံးဝမဆိုင်စွာ ‐

"မှုယာလည်း လူနာရှင်တွေကို ရှင်းပြထားပါတယ် မမ။ မမကိုယ်တိုင်ဝင်ပေးထားတာမို့ အော်ပရေးရှင်းနဲ့ ပတ်သက်လို့တော့ စိတ်မပူနဲ့လို့။ မမက တကယ်တော်တဲ့ ဆာဂျင်တစ်ယောက်ပါလို့"



မှုယာတင်ရဲ့ စကားများကို နားထောင်ရင်း သက်ဇော်နိုင် အံ့အားသင့်မိသည်။ အမျိုးသမီးတွေများ တတ်လည်း တတ်နိုင်ကြတယ်။ သို့သော် အမျိုးသမီး တစ်ဦးပင်ဖြစ်သော မမနွယ်ကမူ အတွေးတွေက အဝေးမှာရှိနေသလို ခေါင်းရုံခင်းထဲသို့ လှမ်းငေးကြည့်ရင်း ရုတ်တရက်လို ‐

" Blood urea လုပ်ကြည့်လိုက်သေးလား"

သက်ဇော်နိုင်ကို လှည့်မေးခဲ့သည်။ ကျောက်ကပ်ပျက်စီးသည့် အရိပ်အမြည်ကို မှန်းဆနိုင်သော သွေးထဲက ဓာတ်ခွဲစမ်းသပ်တွေ့ရှိနိုင်သည့် စစ်ဆေးချက်ကို မေးခဲ့ခြင်းပင်။

"လုပ်ပြီးပြီ မမ။ များနေတယ်"

"ကျေးဇူး"

မမနွယ်ရဲ့ ကျေးဇူးစကားကြောင့် Blood urea လုပ်ဖို့ ချက်ချင်းသတိရခဲ့သော သူ့ကိုယ်သူ သက်ဇော်နိုင် ကျေးဇူးတင်မိ၏။

နံရံကပ်ပါးပြင်မှာ သနပ်ခါးစင်း ရေးရေးသာထင်လျက် အခြားခြယ်သမှုများ လုံးဝမရှိလည်း အုံ့ပုံ့ နံနက်စာရဲ့ အလင်းမှိန်မှိန်နောက်ခံ မိုးသက်လေဝိုးဝိုးတွေမှာ သူမအလှက ထင်ပေါ်လျက်။ နှုတ်ခမ်းနှင့် ပါးပြင်များ ညှိသက်စွာ ပြေပြေလေး နီမြန်းနေခဲ့သည်။ ခေါင်းစွပ်ခွေယ်တာအပါး အနက်ရောင် လက်ရှည်နှင့် ခရမ်းပြာခံတွင် ရောင်စုံအချိတ်သေးသေးများပါသော ချိတ်ထဘီကို ဝတ်ထားခဲ့သည်။ နိုင်ငံခြားသူတစ်ယောက်လို ထွားမြင့်ကျစ်လျစ်သော ကိုယ်နေဟန်နှင့် မြန်မာဆန်ဆန် ယဉ်ကျေးလှပသော သူမမျက်နှာ အဆက်အစပ်က ထူးခြားခဲ့သောင်မှု ရှိနေခဲ့သည် ထင်၏။ ထိုမျက်နှာလေး အတွေးနက်ဟန် မှုန်ရီနေသည်ကို သက်ဇော်နိုင် စိတ်မကောင်းမိ။ ညက လူနာ အခြေအနေ မကောင်းခဲ့တူးလေ။

မှုယာတင်က သူမ၏ လိုက်လျောသော စကားကို တုံ့ပြန်ခြင်းမပြု။ ကိုသက်ဇော်နိုင်ဘက်သို့ လှည့်၍ စကားပြောလိုက်သော ဒေါ်ခင်ဦးနွယ်ကို မကျေနပ်သည့်ရှိနေမိသည်။ ကိုသက်ဇော်နိုင်ကမူ ‐

"ကျွန်တော်က surgeon တွေထက် surgery ကို ပိုစိတ်ဝင်စားတယ်"

သူသဘောထား ပြောပြခဲ့တာ မှုယာ ကြားလိုက်ရလေသည်။

□

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင် ခွဲစိတ်ကုသထားသော လူနာကို အချိန်မလပ် ဂရုတစိုက်ကြည့်ရှုခြင်းက ဆရာဝန်တစ်ယောက်အတွက် လိုအပ်သော အလေ့အထ တစ်ခုပါပဲ။ ဘယ်ပြိုင်တည်မှာ အခြားလူနာတွေအတွက်လည်း အချိန်ပေးတတ်ရမည်လေ။ ဦးမြမောင်ကိုခွဲစိတ်ပြီးသည့်နောက်ပိုင်း နွယ် ဝပ်(၃)ထဲ ရောက်လာလျှင် သက်ဇော်နိုင် ရှိမနေတတ်ပေ။

"လှလှစောရေ . ဦးသက်ဇော်နိုင် တွေ့မိလား"

"ရောက်ပြီ မမ။ ဦးမြမောင် အခန်းထဲမှာ"

"ကိုယ်တို့ပဲ round လိုက်ကြပါစို့ကွာ"

နွယ် တစ်ယောက်တည်း လူနာ လှည့်လည်ကြည့်ရသည်က များနေပေ။ လူနာ လှည့်လည်ကြည့်ချိန်အမီ သက်ဇော်နိုင် ရောက်မလာတတ်ပေ။ ဆေးကြောသန့်စင်ထားသော လက်များဖြင့် အခြားလူနာများကို မကြည့်ခင် ခွဲစိတ်ပြီးစလူနာများကို ခင်ဦးနွယ် ကြည့်လေ့ရှိပြီ။ ခွဲစိတ်သောလူနာက ရှစ်ဦး ရှိနေသည်။ အသေးစား ခွဲစိတ်လူနာများကို လူနာဆောင်ထဲမှာ ပို့ထားရ၏။ အရေးကြီးလူနာအဖြစ်ရှိနေသေးသော ဦးမြမောင် အခန်းသို့ ခင်ဦးနွယ် အရင်ဝင်ခဲ့သည်။ သက်ဇော်နိုင်ကို လူနာရဲ့ ခုတင်ပေါ်မှာ ထိုင် စမ်းသပ်လို့ တွေ့ရသည်။ ခင်ဦးနွယ်တို့ ဝင်လာတော့ သက်ဇော်နိုင် ထရပ်ခဲ့သည်။ လူနာခုတင်ပေါ်တွင် မထိုင်အပ်စွာ ထိုင်လျက် နွယ်တွေ့သွားခဲ့၍ အနည်းငယ်အမ်းစွာ

"မမ Round တော့မလား။ ကျွန်တော်လည်း စောသေးသလားလို့ မေထားမိသေးတာ"

"ရပါတယ်"

ဦးမြမောင်အခြေအနေမှာ အားရစရာ မကောင်းသေးပေ။ ခွဲစိတ်ပြီးသော ဒုတိယမြောက်နေ့ ဖြစ်လေ၏။ အဖျားရှိနေခဲ့။ ၁၀၄ ဒီဂရီ ဖာရင်ဟိုက်။ ဆီးအနည်းငယ်သာထွက်သည်။ ထွက်သည့်ဆီးက သွေးရောင်အတိုင်း။ ခွဲစိတ်ထားသည့် ဝမ်းဗိုက်အခြေအနေကမူ ကောင်းနေခဲ့သည်။ အတွေ့ပြန်အလှုပ်လှုပ် လှုပ်ရှားနေသံ သုံ့သုံ့ကြားနေရပြီ။ ဝမ်းဗိုက်ဖောင်း၊ ယောင်ကားလာခြင်းမျိုးမရှိ။ သက်ဇော်နိုင် ပြောပြနေသော လူနာအခြေအနေကို ခေါ်ခင်ဦးနွယ် နားထောင်နေခဲ့သည်။ သူ့စကားဆုံးမှ



"အဘိုးဦးမြမောင် နေရတာ ဘယ်လိုနေလဲ။ ကျွန်မကို ဘာပြောစရာရှိလဲ"

ဟု နှုတ်ဆက်စကားပြောရင်း ဖြည်းညင်းညင်သာ ပြန်လည် စမ်းသပ်လေ၏။ သက်ဇော်နိုင်၏ တွေ့ရှိထားချက်များကို ပြန်လည်အတည်ပြု ကြည့်ခြင်းပါပဲ။ တစ်ချိန်လုံး သတိကောင်းနေသော အဘိုးက ခင်ဦးနွယ်ကို လေသံယဲ့ယဲ့ဖြင့်

"ခံသာပါတယ် ဆရာမကြီးရယ်။ ဆရာမကြီးရော ဟောဒီက ဆရာလေးရော ကျေးဇူးအတွက်နဲ့ ပင်ပန်းလှပါပြီ"

ခင်ဦးနွယ်ရင်ထဲမှာ နင့်သွားခဲ့ရသည်။ လူနာအနီးက တူမလေးက တစ်ဖက်လှည့်လို့ မျက်ရည်သုတ်သည်။ ခင်ဦးနွယ် ပေးမည့် ကုသချက်များကို လူနာမှတ်တမ်းမှာ ရေးသွင်းဖို့ အဆင်သင့်ပြင်ထားသော သက်ဇော်နိုင် ခေါင်းငုံ့သွားခဲ့သည်။ ခင်ဦးနွယ်က သည်နေ့ ပေးရမည့် ဆေးကုသထုံးများကို ပြောသောအခါ သူရေးမှတ်လေ၏။ ရေးမှတ်ပြီး လှလှစောကိုမစောင့်ဘဲ သူကိုယ်တိုင်လုပ်ပေးသေးမည့်ဟန် ရှိလေ၏။ နွယ် သူ့ကို ဦးမြမောင်အခန်းထဲမှာပဲ ထားခဲ့ရတော့မည်။

"ဦးသက်ဇော်နိုင် Changes လုပ်ပေးဖို့နေခဲ့လေ။ ကိုယ်ပဲ ဆက်ပြီး Round လိုက်မယ်"

"ဟုတ်ကဲ့မမနွယ်"

ခင်ဦးနွယ်နှင့် လှလှစောက လူနာတစ်ယောက်စီသို့ တစ်ခန်းဝင် တစ်ခန်းထွက် ဆက်ကြည့်ခဲ့ကြသည်။ ခင်ဦးနွယ် သက်ဇော်နိုင်ကို တွေးလာမိခဲ့သည်။

မနေ့က ဝပ်(၃)ထဲမှာ သက်ဇော်နိုင်နှင့်မမအေးမိတို့ ပြောနေခဲ့တာ နွယ် ကြားခဲ့သေးသည်။

"အဘိုးကြီးက သတိသိပ်ကောင်းနေတာပဲ။ ပြီးတော့ ကျွန်တော့်ကို အားနာတယ်။ စိတ်မပူပါနဲ့လို့ သူက ပြန်နှစ်သိမ့်နေတာကို ကျွန်တော် စိတ်မကောင်းဖြစ်နေမိတာ"

ခင်ဦးနွယ် စာတစ်အုပ်ဖတ်ရင်း မကြားယောင်ပြုနေခဲ့မိသည်။ ခွဲစိတ်ဆေးလောကဆရာဝန်တစ်ဦးလုပ်မည့် သက်ဇော်နိုင် သည်မျှ ထိခိုက်ခံစားတတ်တာမျိုး ခင်ဦးနွယ် မဖြစ်စေချင်။

"ဒီလ လချုပ် လုပ်ပြီးပြီလား သက်ဇော်နိုင်"

"သီရေတာမှာလိုတဲ့ ချုပ်အပ်တွေ အပ်ချည်နဲ့ဆေးတွေ မမအေးမိနဲ့

www.burmeseclassic.com

www.burmeseclassic.com



အတူတူတွေ့ကြပြီး စာရင်းလုပ်ပေးပါဦး။ ရန်ကုန်ကိုမှာရအောင်"

ခင်ဦးနွယ် သူ့ကို အလုပ်တွေပေးမိသည်။ သက်ဇော်နိုင် အလုပ်လုပ်သည်။ ပြီးသည့်နှင့် ဦးမြမောင်အခန်းသို့ သူရောက်သွားတော့သည်။ စတင် ခွဲစိတ်သည့် ညမှစ၍ ညဂျူတီဆက်တိုက်ယူရင်း ဆေးရုံမှာ လာအိပ်စောင့်ပေးနေခဲ့တာ သုံးရက်ဆက်တိုက်ရှိပြီ။ ခင်ဦးနွယ်တွေးရင်း ခေါင်းခါယမ်းလိုက်မိလေ၏။

□

ခွဲစိတ်ပြီးသည့် တတိယမြောက်နေ့ နံနက်စောစောတွင် ဦးမြမောင်ကို ခင်ဦးနွယ်တို့ ဆုံးရှုံးလိုက်ရသည်။ နွယ်တို့ စ၍ခွဲစိတ်ကုသစဉ်ကပင် မျှော်လင့်ချက် နည်းပါးစွာဖြင့် စွန့်ခဲ့ကြခြင်းပေ။ ခွဲစိတ်မှုက အောင်မြင်ခဲ့ပြန်တော့ မျှော်လင့်ချက်ထားမိလာခဲ့ကြပြန်သည်။ ကြိုးစားပြီးမှတော့ ပင်ပန်းရကျိုးလည်းနပ်လိုကြသည်။ ဦးမြမောင် မိသားစုနှင့်အတူ ဆေးရုံမှ ပြုံးပျော်စွာ ဆင်းသွားနိုင်ဖို့ပဲ ရည်မှန်းမျှော်လင့်ကာ အစွမ်းကုန် ကြိုးစားခဲ့ကြသည်ပါပဲ။ တကယ်တော့ ခင်ဦးနွယ်၏ ခွဲစိတ်လူနာများမှာ တိမ်းပါးခဲသည်။ ဦးမြမောင် နောက်ကျခဲ့သည်ကွယ်။

ပိုလို့သာ ခံစားထိခိုက်စေသည်က ကွယ်လွန်ချိန်အထိ ဦးမြမောင်မှာ သတိလစ် မေ့မျောသွားခြင်းမရှိ။ ကိုယ်ပူချိန် ကြောက်မက်ဖွယ် မြင့်တက်နေသည်ကြားကပင် ကယောင်ကတမ်းနှင့်ရောလို့

"ကျွန်တော့ကြောင့် အားလုံး ပင်ပန်းနေပြီ"

အားနာစကားဆိုတတ်သည်။ သူကပြန်နှစ်သိမ့်ပေးတတ်သည်က ခင်ဦးနွယ်တို့ကို ဆို့နင့်စေလေသည်။

သက်ဇော်နိုင်မှာတော့ ဆိုဖွယ်ရာ မရှိတော့ပေ။

ထိုနေ့ နံနက် ငါးနာရီမှာ ဦးမြမောင် ကွယ်လွန်သည့်သတင်း ခင်ဦးနွယ် ထံသို့ ပို့လွှတ် အကြောင်းကြားစေသူမှာလည်း သူကိုယ်တိုင် ဖြစ်လေ၏။ ရင်ခွဲ ခွဲစိတ်စစ်ဆေးမှု ပြုလုပ်ကြည့်ဖို့ ခင်ဦးနွယ်က သူ့ကို ပြန်၍တာဝန်ပေးခဲ့သည်။ သေဆုံးခြင်းအကြောင်းရင်းမှန် သေချာရန်ပေ။ လူနာရှင်များက ခွင့်ပြုပါ့မလား ဟုတော့ ခင်ဦးနွယ် ထင်ထားမိလေ၏။ ထင်သည့်အတိုင်းပင် ဖြစ်လာခဲ့သည်။ သက်ဇော်နိုင်မှ စာရေး အကြောင်းပြန်ကြားခဲ့သည်။ ထိုနေ့ကရော နောက်တစ်ရက် တွင်ပါ သက်ဇော်နိုင် ဆေးရုံရောက်မလာခဲ့။ ခင်ဦးနွယ်ထံ ခွင့်စာလေးသာ ပို့ပေး ခဲ့သည်။ သည်နေ့တွင်တော့ ဆေးရုံကအလုပ်သမားလေး မောင်တင်လှကို



အကူအညီ ပေးဖို့ လိုမလို လွှတ်မေးစေရသည်။ နေကောင်းပါပြီ။ မနက်ဖြန် ဆေးရုံလာခဲ့ပါမယ်။ သက်ဇော်နိုင်က အကြောင်းပြန်စေခဲ့သည်တဲ့။

သည်နေ့မှာ အင်္ဂါနေ့ဖြစ်ပေ၏။

□

ဗုဒ္ဓဟူးနေ့။

မြေလတ်ဆေးရုံ၏ ခွဲစိတ်ရက်ပေ။

ခွဲစိတ်မည့်လူနာစာရင်းကို တစ်ရက်ကြို၍ မြို့နယ်ဆရာဝန်ကြီးနှင့် သီရေတာစတပ်(ဖ်)ထံ တင်ပြထားပြီးဖြစ်သည်။ စင်စစ် ခွဲစိတ်ကုသဆောင် လက်ထောက်ဆရာဝန် သက်နိုင်ဇော်က စာရင်းစိစစ် တင်ရမှာဖြစ်သည်။ သည် အပတ်တွင် ခင်ဦးနွယ်က အစစ တာဝန်ယူရသည်။ ခွဲစိတ်မည့်လူနာများအတွက် လိုအပ်သော စစ်ဆေးစမ်းသပ်မှုများ၊ ကျန်းမာရေး အဆင်သင့်ဖြစ်နေအောင် ပြင်ဆင်ထားပေးမှုများ၊ ခွဲစိတ်မှုနှင့်ပတ်သက်၍ ရှင်းလင်း ပြောပြထားခြင်းများ။ အကြီးစား ခွဲစိတ်မှု သုံးခုနှင့် အသေးစားခွဲစိတ်မှု ခြောက်ခု တင်ထားခဲ့သည်။

အကြီးစားခွဲစိတ်မှုတစ်ခုထဲမှာ ပါဝင်သော အစာအိမ် ဖြတ်တောက်း ဆက် တစ်ခုတည်းကိုသာ ခွဲစိတ်မည့်သူ နေရာမှာ 'Dr ခင်ဦးနွယ်'ဟု ခင်ဦးနွယ်က ထားခဲ့သည်။ ရင်သားအကြိတ်လူနာ အပျိုရွယ်လေးကတော့ မှုယာတင့်လူနာ သည်။ အထူးကုဆေးရုံမဟုတ်၍ လက်ထောက်ဆရာဝန်တိုင်းတွင် တာဝန်ရှိ မယ့် ဒေါ်မှုယာတင်ကတော့ ဒီတစ်ပွဲပဲရှိပြီး သီရေတာမှ အကြောင်းအမျိုးမျိုးပြ သွားမှာ သေချာလေသည်။ ကျန်သော အကြီးစားခွဲစိတ်မှု နှစ်ခုနှင့် အသေးစား ခွဲစိတ်မှုငါးခုကို ခွဲစိတ်မည့် ဆရာဝန်နေရာမှာ 'Dr. သက်ဇော်နိုင်'ဟု ခင်ဦးနွယ် ရေးသွင်းရင်း သည်စာရင်းကိုမြင်ရလျှင် ဖြစ်သွားမည့် သက်ဇော်နိုင်၏မျက်နှာကို မြင်ယောင် ပြုံးလိုက်မိလေ၏။

□

သီရေတာဒေးမှို့ သီရေတာထဲမှာ မမအေမီ၊ လှလှစောတို့အပြင် အဆောင်မှ သူနာပြုမြင့်မြင့်နှင့် ဘလူးစတပ်(ဖ်) ဒေါ်မြင့်ကြည်တို့ပါ ရောက်နေ သည်။ ခွဲစိတ်ဖို့လိုအပ်မည့်ပစ္စည်းများကို စီစဉ်ခင်းကျင်းရင်း ခွဲစိတ်ပစ္စည်းသန့်ယာ ခန်းနှင့်သီရေတာကို ကူးကာသန့်ကာ အလုပ်များနေကြသည်။

သီရေတာကိုပြန်ဝင်ရလျှင် ထမင်းလုံးတစ္ဆေခြောက်သလို ခံစားရ

www.burmeseclassic.com



လေမလားဟုသော သက်ဇော်နိုင်ရဲ့ စိုးရိမ်နေမှုမှာ အခြေအမြစ်မရှိပေ။ သီရေတာနှင့်နီးလို့ ပိုးသတ်ဆေးနံ့ သင်းသင်းရခဲ့သည်နှင့် ကိုယ်ထဲမှာလှည့်လည်နေသော သွေးတွေနွေးထွေးလာသလို ခံစားလာမိခဲ့ရသည်။ သူ သီရေတာစကြံသို့ ဝင်လိုက်သည်နှင့်

"ဟော ဆရာ လာပြီ"

လုပ်ရင်းကိုင်ရင်းက မြင်သွားသော မြိုင်က လှမ်းနှုတ်ဆက်ခဲ့သည်။

"ဒီနေ့ ကျွန်မတို့ကို ဆရာ ထမင်းကျွေးရမယ်နော်။ ကျွန်မတို့ သီရေတာထဲမှာပဲ စားရတော့မှာ။ မနက်စာရော၊ နေ့လယ်စာပါ"

ဟု ကျန် ဆရာမတွေ၊ အလုပ်သမားတွေကပါ ဝိုင်းနှုတ်ဆက်ကြသည်။ ဘာမှမဖြစ်သလိုပဲ။ သူဘာဖြစ်လို့ ဆေးရုံမလာသလည်းဆိုတာ သူ့ခွဲစိတ်ဆောင်ကလှလှစေတစ်ယောက်သာ

"ဆရာ နေမကောင်းလို့ ဆို။ ကောင်းသွားပြီလား"

နှုတ်ဆက်ရင်း မေးခဲ့သည်။ နှုတ်ဆက်စကားသဘောမျှ ဖြတ်သွားဖြတ်လာမေးခဲ့ခြင်း။ သူမ လုပ်လက်စ များပြားလှသော သီရေတာ ပြင်ဆင်မှုတွေကို ဆက်ပြုလုပ်၊ အလုပ်သမားတွေကို စီစဉ်ဖြင့် အနည်းငယ် ကြောင်အမ်းအမ်းဖြစ်နေသူရယ်လို့ သီရေတာထဲမှာ သက်ဇော်နိုင် တစ်ယောက်သာ ရှိနေသည်။ အားလုံးက သူ့အလုပ်နှင့်သူ။

"နေပါဦး။ ကျွန်တော်က ဘာဖြစ်လို့ ကျွေးရမှာလဲ"

သူ့ကို ကွေ့ကာ ရှောင်ကာ သွားနေကြသူတွေကို သက်ဇော်နိုင် လိုက်မေးကြည့်ခဲ့တော့

"ဆရာ့ (Operation) ကိုလည်း ကြည့်ဦးလေ"

စတာပ်(ဖ်) ဒေါ်မြင့်ကြည်က လှမ်းပြောခဲ့သည်။

ခွဲစိတ်မည့်စာရင်း သူ မသိသေးတာ အခုမှ သတိရသည်။ သူ ဆေးရုံအလုပ်တွေနှင့် အလွန် ဝေးကွာသွားခဲ့သလိုပါလား။ စာရင်းချိတ်ဆွဲနေကျ သီရေတာ အပေါက်ဝက သံချိတ်လေးဆီ သူ ရောက်သွားခဲ့သည်။ ဖတ်ကြည့်မိတော့

"ဟိုက်"

သက်ဇော်နိုင် ကျယ်လောင်စွာ အသံထွက်မိပေတော့၏။ လက်တစ်ဖက်ဖြင့် နဖူးပေါ်ဝဲခွေပင်တွေကို နောက်သို့လက်ထိုးသွင်းဖျန်းတင်မိလေ၏။



"ညနေ သုံးနေရီကျော်သွားမယ် ထင်တယ်။ ဆရာ ခေါက်ဆွဲကြော်မှာပေးပေတော့"

နော်အေမီက လှမ်းအော်ခဲ့သည်။

"ဒီလောက်လည်း အထင်အသေးနဲ့လေ။ သုံးနာရီမထိုးစေရဘူးဗျာ"

"မနက် သုံးနာရီကို ပြောတာလား ဆရာ"

မြိုင်က ဝင်နောက်၏။ သက်ဇော်နိုင် ရယ်မောဖြစ်သည်။ နွေးထွေးလာသော သူ့ကိုယ်တွင်းကသွေးတွေက Operation list ကိုမြင်လိုက်ရတော့ ထက်သန်တက်ကြွလာခဲ့သလို။

"ဟား ဆာကျင်က တကယ့်ကို ရက်စက်လိုက်ပါလား"

သူ့ရဲ့ ညည်းညူသံတွင် အပျော်တွေ ပါဝင်နေခဲ့၏။

ခင်ဦးနွယ်က အဝတ်လဲခန်းတွင် အဝတ်လဲနေရင်းက အားလုံးကို ကြားနေခဲ့ရပေ၏။ သည်လိုပဲ ဖြစ်ရမည်လေ။ ခွဲစိတ်ကုဝါသနာသန်သူ တစ်ယောက်ဆိုတာ ပူးကပ်လွယ်တဲ့ နတ်ဝင်သည် တစ်ယောက်လိုပဲ။ ဆိုင်းသံနှင့်အတူ ပူးကပ်လာခုန်နေရင် အချိန်နှင့်တကွ အရာအားလုံးကို မေ့ပစ်နိုင်သည်။ ပြီးတော့ ဒါသည်ပင် သူတို့ရဲ့ အသက်မွေးဝမ်းကျောင်းလည်း ဖြစ်နေပြန်သည်လေ။

အဝတ်လဲပြီးသောအခါ အဝတ်လဲခန်းနှင့် တစ်ဆက်တည်းက နားနေခန်း သို့ ထွက်လိုက်သည်။ နားနေခန်းမှာ သီရေတာအခန်းထက်ပင် ကျယ်ဝန်းသည်။ အိပ်စက်နားနေဖို့ ခုတင်တစ်လုံးအပြင် မြေလတ်မှာပေါသော ဝါး ပက်လက် ကုလားထိုင်လေးများ ထားရှိသည်။ ခွဲစိတ်ကုဝါသနာကြီးသော ဦးအောင်မြင့်ရဲ့အစီ အစဉ်ဖြစ်၍ နားနေခန်းမှာ သက်သောင့်သက်သာ ရှိလှသည်။

ခင်ဦးနွယ်က ဝါး ပက်လက်ကုလားထိုင်လေးတွင် ထိုင်နေကျ ကိုယ်ကိုလျှောချ မှီထိုင်နေစဉ် သက်ဇော်နိုင်က စကြံမှ လျှောက်ဝင်လာခဲ့သည်။ ခင်ဦးနွယ်က လက်ပြနှုတ်ဆက်လိုက်၍ အဝတ်လဲခန်းထဲဝင်သေးဘဲ သူ ရပ်စောင့်သည်။

"ပထမဆုံး G J ဝင်ရအောင်။ ဆရာကြီး မေ့ဆေးယူပေးလိမ့်မယ်။ ဆရာ Assit လုပ်ပေါ့"

"ဟုတ်ကဲ့ မမနွယ်"

"နောက်ကေ့(စ်)တွေတော့ မင်းပဲယူလိုက်နော် သက်ဇော်နိုင်။ ကိုယ့်သားတွေ ခေါ်ထားလို့ပဲ။ သူတို့ လပတ်အစမ်းစာမေးပွဲတွေ နီးပြီလေ။ မေးခွန်းဟောင်း

www.burmeseclassic.com



လေးတွေ မြေနိုင်းကြည့်ချင်လို့။ ဒါပေမယ့် ကိုယ် ဒီမှာပဲရှိနေမှာပါ။ လိုရင် ခေါ်ပေါ့။ အဲဒီလို စီစဉ်ထားတယ်။ ဖြစ်မလား''

''ဖြစ်ပါတယ်''

သက်ဇော်နိုင်ရဲ့အဖြေက တက်ကြွသံ ပါဝင်သည်။ ခင်ဦးနွယ် သူ့ထံမှ မျက်နှာလွှဲလိုက်တော့ သက်ဇော်နိုင် အဝတ်လဲခန်းထဲဝင်ခဲ့သည်။

မနွယ်က ခွဲစိတ်ခန်းဝင်ဝတ်စုံပင် လဲပြီးနေခဲ့ပြီ။ ဆံချည်မျှင်တစ်စ မမြင်ရအောင် ခေါင်းစည်းအစိမ်းရောင်ဖြင့် သိမ်းအုပ်ထားလျက် သူမနှင့်အလွှမ် လိုက်ဖက်သော ခွဲစိတ်ခန်းဝင်ဝတ်စုံနှင့် သပ်ရပ်ရှင်းသန့်နေသော ခွဲစိတ်ကုဆရာဝန်က သူ ဆေးရုံရက်ပျက်သည်နှင့်ပတ်သက်လို့ ဘာမှ စကားမစ ခဲ့ပါလား။ သက်ဇော်နိုင် ပန်းနုစိမ်းဖက် တွန့်လိုက်မိရင်း စားပွဲခင်းဖြူဖြူပေါ်မှာ အသင့်တင်ထား ပေးသော ခွဲစိတ်ခန်းဝင် အင်္ကျီ ဘောင်းဘီတို့ကို ကောက်ယူ လဲလှယ်ဝတ်ခဲ့သည်။ မဝတ်မီ အင်္ကျီလေးကို နှာခေါင်းနားကပ်ကာ ပိုးသတ်ဆေးနံ့ မွှေးမွှေးလေးကို ရှိုက်လိုက်မိသေး၏။ ဒါသည်ပင် သူ့ဘဝ ဖြစ်ရမည်။

ဦးအောင်မြင် ရောက်လာခဲ့တော့ ခွဲစိတ်ခန်းမှာ လူစုံတက်စုံ အဆင်သင့် ရှိနေခဲ့ပြီ။ ခင်ဦးနွယ်က ထွက်လာကြိုသလို သက်ဇော်နိုင်၊ မူယာတင်နှင့် ဆရာမ များလည်း ထွက်လာကြသည်။ ဦးအောင်မြင်က တည်ငြိမ်အေးဆေးစွာ အားလုံး ကို အပြုံးနှင့် နှုတ်ဆက်သည်။ သူနှင့်သူ့မိတ်များ အလျှူဖြစ်သော ခွဲစိတ်ဆောင် တွင် လူစုံစုံညီလုပ်ရှားကြသော ဗုဒ္ဓဟူးနေ့များကို ဦးအောင်မြင်က အလေးထား ပေသည်။ အရေးပေါ်ခွဲစိတ်ရသောအခါများ တွင်လည်း မြို့နယ်ဆရာဝန်ကြီးဖြစ်ခဲ့ သော ဦးအောင်မြင်ကို သိရှိရန် အကြောင်းကြားမြဲဖြစ်သည်။ ဦးအောင်မြင် ဘာမှု ဝင်မစွက်ဖက်တတ်ပေ။

''လုပ်ကြပါ။ လိုရင် ပြောပါ။ ကျွန်တော်ပြောတဲ့ လိုရင်ဆိုတာ သွေးတို့ ဆေးတို့ပေါ့ဗျာ''

ဆိုတတ်လေ့ရှိသည်။

''မနိုင်ရင် ခေါ်ပါလို့ ပြောတာ မဟုတ်ဘူးနော်။ ကျွန်တော်က ကိုယ့် ခြေထောက် ကိုယ်တောင် ပိုမနိုင်တာ''

ရယ်ရယ်မောမော ပြောလေ့ရှိသေး၏။ ဆရာကြီးက နှိမ့်ချစွာပြောခဲ့ခြင်း သာ။ မြို့ခံလည်းဖြစ်၊ မျက်နှာဖုံးလည်းဖြစ်သော ဦးအောင်မြင်၏ စေတနာနှင့်



ကြိုးစားမှုကြောင့် ဆေးရုံတွင်းမှာသာမဟုတ် မြို့တွင်းမှာပါ သက်ရောက်နေခဲ့သည်။ ဆေးရုံမှာ လိုအပ်သမျှ ရရှိအောင် ဦးအောင်မြင် စွမ်းဆောင်စည်းရုံးနိုင်ခဲ့မြဲ။ ဦးဟန်တင် သက်ထက်ကာစ၌ ခွဲစိတ်ရာတွင် နာမည်ရခဲ့သော မြေလတ်ဆေးရုံမှာ ခေါ်ခင်ဦးနွယ် သက်ထက်၌ နာမည်ကောင်းရကာ ပိုလို့ နာမည်ကျော်ကြား လာခဲ့သေးသည်။ ဦးအောင်မြင် မျှော်လင့်ခဲ့သော အဖြစ်တစ်ခုတော့ မဟုတ်ပေ။ မမျှော်လင့်ဘဲ အောင်မြင်ကျော်ကြားလာခဲ့သည်က ခေါ်ခင်ဦးနွယ်၏ ကြိုးပမ်းမှုကြောင့်ပါပဲ။ ခွဲစိတ်ကုသလူနာတွေ မယုံနိုင်အောင် များပြားလှသည်။ အနီးအနားမြို့ များမှသာမက ရပ်ဝေးကပင် ရောက်လာကြသည်။ သူ သိသမျှတော့ ခေါ်ခင်ဦးနွယ် က တာဝန်နှင့်စေတနာအတွက်သာ အလုပ်လုပ်သူ ဖြစ်ပေ၏။ ရေခေါ်သံ မကြား ခဲ့ရ ဖူးပေ။

''ဖြစ်နိုင်ရင် တစ်ပတ်မှာ ခွဲစိတ်ရက် နှစ်ရက် ထားချင်ပါတယ်။ ကျွန်မ ကတော့ လုပ်နိုင်ပါတယ်။ စတပ်(ဖ်)တွေအတွက် သက်သာမှာမဟုတ်ဘူး။ အရေး ပေါ်ကလည်း အချိန်မရွေးရှိနေသေးတော့လေ''

ခေါ်ခင်ဦးနွယ်က ပြောခဲ့လေ၏။ ဦးအောင်မြင်က ခွဲစိတ်ရက်ဖြစ်သော ဗုဒ္ဓဟူးနေ့တွင်တော့ ဆေးရုံရှိ ဆရာဝန်အားလုံး ခွဲစိတ်မှုတစ်ခုမဟုတ် တစ်ခုမှာ ပါဝင်စေချင်သည်။ သို့နှင့် ဗုဒ္ဓဟူးနေ့တိုင်းမှာ ခွဲစိတ်ခန်းသို့ သူ တလေးတစား လာဖြစ်သည်။ ဦးသက်ဇော်နိုင်ကတော့ ဦးအောင်မြင်တို့ ခေါ်ခင်ဦးနွယ်တို့လို ခွဲစိတ် ကု ဝါသနာထက်သန်သူ ဖြစ်လေ၏။ ခေါ်မူယာတင်ကတော့ မရ။ သို့သော် သူ့ကိုလည်း ခေါ်ခင်ဦးနွယ် လက်တွဲခေါ်ယူသည်။ အရေးပေါ်မလုပ်မဖြစ် လုပ်ရမည့်ခွဲစိတ်မှုများကို ထရိန်နင် ပေးခဲ့ပြီးဖြစ်သည်။ ခေါ်ခင်ဦးနွယ်နှင့် ဘယ်လိုမှ လက်တွဲလို့ မရသူကတော့ ဦးယဉ်မျိုးပေ။

''သတင်းကောင်းလေး တစ်ခုလည်း ပါးရဦးမယ်။ ဦးသက်ဇော်နိုင်တို့ ခေါ်မူယာတို့ အခုဆိုရင် ခေါ်ခင်ဦးနွယ်ပါ နှစ်ဆယ့်လေးနာရီဂျူတီတွေ ဝင်ပေးနေရ တာ မဟုတ်လား။ အခု သက်သာလာတော့မယ်။ ဦးယဉ်မျိုး ပြန်လာတော့မယ်လို့ ကျွန်တော့်ကို လူကြုံနဲ့ သံတင်းပါးလိုက်တယ်''

ဆံရာဝန်တွေ ဆရာမတွေက ရယ်မောလိုက်ကြသည်။ သက်ဇော်နိုင် တစ်ဦးသာ လိုက် မရယ်မောဖြစ်ဘဲ ကြောင်ရှုံ့ကျန်ရစ်သည်။

''ဪ ဦးသက်ဇော်နိုင်နဲ့တော့ မဆုံဖူးသေးဘူး ထင်တယ်နော်''

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဆရာကြီး။ ကျွန်တော်ရောက်တော့ သူ လစာမဲ့ခွင့်ယူထားပါတယ်။ နောက်တော့ ဖောင်ကြီး ဆက်တက်တယ် ကြားတယ်။ ကျွန်တော်နဲ့ မဆုံဖူးသေးပါဘူး"

"ဆရာကတော့ ဘယ် သဘောပေါက်ဦးမလဲ။ ကျွန်မတို့ကတော့ သူ့ကို 'ဆရာဦးယဉ်မျိုး' ၊ 'ဆရာယဉ်'လို့ပဲ ခေါ်ကြတယ် ဆရာရဲ့"

လှလှစောက ပြောခဲ့သည်။

"အင်း ဒီတစ်ခါတော့ စနစ်တကျ သွားဖြတ်တယ်ပြောတာပဲ"

"ဦးယဉ်မျိုးက ကျွန်မ သိသလောက်တော့ ဒါ တတိယအကြိမ် ဖြတ်တာပဲထင်တယ်နော် ဆရာ။ 'အရက်ဖြတ်တာများ လွယ်လွန်းလို့၊ ကျွန်တော်ဆိုရင် ခဏ ခဏ ဖြတ်နေတာပဲ' ဆိုတဲ့ လူစားပေါ့"

မမွှေးယဉ်ထံမှ သည်တစ်ကြိမ်သာ လုပ်ဖော်ကိုင်ဖက်ချင်း မကြည်လင်သောစကားဆိုတာ ကြားဖူးခြင်းပင်။ သက်ဇော်နိုင်က ဒေါက်တာယဉ်မျိုး ဆိုတာ ဘယ်လိုလူစားမျိုးလည်း တွေးကြည့်နေမိ၏။ အမျိုးသားဆရာဝန် တစ်ယောက်သာ ရောက်ခဲ့ရင် သူနှင့်အဖော်ရမည်ပေ။ သူကတော့ သဘောကျလေသည်။

"ဒီနေ့တင်ထားတဲ့ List က များသားပါလား ဒေါ်ခင်ဦးနွယ်"

"ဟုတ်တယ် ဆရာ။ ဒါတောင်ခွဲဖို့ ရက်ချိန်းယူထားတဲ့ ပေးရှင့်တွေက တန်းစီနေသေးတယ်"

"အင်း ကောင်းလည်းကောင်းတယ်၊ မကောင်းလည်းမကောင်းဘူး ဖြစ်နေပြီ။ သီရေတာအတွက် ပစ္စည်းတွေရော လောက်သေးရဲ့လား"

"လိုတာတွေ ကျွန်မတို့ ပေးရှင့်တွေရဲ့ အလှူငွေနဲ့ ဖြည့်ရတာမျိုးတော့ ရှိတယ်"

"ကောင်းတယ်။ ပေးရှင့်ကို သေချာ ရှင်းပြီး အလှူငွေလက်ခံ ဖယ်တဲ့ ပစ္စည်းစာရင်းတွေလည်း ဘောက်ချာနဲ့ ထားဖို့တော့လိုမယ်နော် ဒေါ်ခင်ဦးနွယ်"

"ဟုတ်ကဲ့ ဆရာ"

"ကဲ စလိုက်ကြစို့။ စောစော စမှ ဖြစ်မယ်။ List ကများတယ်"

နံနက် ရှစ်နာရီတိတိတွင် ခွဲစိတ်ခန်း ဝင်ခဲ့ကြတော့သည်။

□



ဦးအောင်မြင်က ပထမဆုံးသော ခွဲစိတ်လူနာကို မေ့ဆေးတာဝန်ယူခဲ့သည်။ ပထမကေ့(စ်) ပြီးသည်နှင့် သီရေတာမှ ပြန်လည်ထွက်ခွာသည်။ ရုံးအလုပ်များက သူ့ကိုစောင့်နေသေး၏။ တစ်မြို့နယ်လုံး၏ ကျန်းမာရေးပြဿနာများ စီမံချက်များ၊ ဝန်ထမ်းရေးရာများ ဖြစ်လေ၏။ သီရေတာထဲမှာ ကျန်ဆရာဝန်များ ရောက်နေကြစဉ် အပြင်၊ အတွင်း လူနာကိုစွ၊ အရေးပေါ်လူနာများကို ရှင်းပေးရည် ဖြစ်၏။ ခွဲစိတ်ကုသခြင်းတစ်ခုတည်း မလုပ်နိုင်ရုံနှင့် ဆရာဝန် တစ်ယောက်မှာ လုပ်စရာအလုပ် မရှိတော့ဘူး မဟုတ်လား။ ဆရာဝန်ကောင်း စိတ်စေတနာသာ ထက်သန်ပါစေ၊ လုပ်စရာအလုပ်တွေ အများကြီးရှိလေသည်။ သူနှင့် ထတိအပြာဝတ် တာဝန်ခံဆရာမကြီး ဒေါ်မြင့်ကြည်က ခရိုနီမှာ ဆေးရုံစောင့်ရမည်လေ။

သက်ဇော်နိုင်က အစာအိမ်ဖြတ်တောက်၊ ပြန်ဆက်သော ခွဲစိတ်မှုတွင် ဒေါ်ခင်ဦးနွယ်၏အကူဆရာဝန်အဖြစ် ဝင်ခဲ့သည်။ ထို့နောက်တွင်တော့ သက်ဇော်နိုင် ရှာနိဝင်သွားခဲ့ပြီ။ ခွဲစိတ်မှု၏ အရေးကြီးသော အဆင့်များ ပြီးသည်နှင့် ဆာဂျင်က ထွက်သွား၊ နားနေမြဲ ဖြစ်ပေမယ့် ဒေါ်ခင်ဦးနွယ်ကမူ ခွဲစိတ်လူနာ အနီးမှာပင် စောင့်ကြည့်ပေးနေလေ့ရှိသည်။ အပေါ်ယံဆုံး ချုပ်ရိုးသို့ရောက်မှ ထွက်သွား နားလေ့ရှိသည်။

ဒုတိယတင်မည့် လူနာမှာ အူအတက် မကြာခဏ ရောင်ရမ်းနာကျင်ပေးသော ခံရသူ။ Interval Appendicectomy အချိန်ခြား၍ ပြုလုပ်ရသော အူအတက်ခွဲစိတ်မှု ဖြစ်လေ၏။ ခွဲစိတ်မှုတွက် ကူညီသောနပ်(စ်)ပါ ပြောင်းမည်။ သည်တစ်ကြိမ် လှလှစောက ကူညီမှာ ဖြစ်သည်။ ဆာဂျင်က ဦးသက်ဇော်နိုင် လုပ်မည်။ ခွဲစိတ်မှုက တစ်ခုနှင့်တစ်ခု မတူသလို ပြင်ဆင်ခင်းကျင်းပေးရသည့် ခွဲစိတ်မှုသုံးပစ္စည်းကိရိယာများကလည်း တစ်ကြိမ်နှင့်တစ်ကြိမ်မတူပေ။ ထို့ကြောင့်ပင် သီရေတာနပ်(စ်)ကို ခွဲစိတ်မည့် အော်ပရေးရှင်းစာရင်း ပြင်ဆင်ချိန်ရအောင် တစ်ရက်ကြိုအသိပေးခြင်းပင်။ တစ်ခါတစ်ရံ ခွဲခန်းသုံး ကိရိယာ တစ်မျိုးမျိုးက တစ်ခုတည်းရှိသျှင် ပြန်ပြီး ပြုတ်သုံးရသည်။ ဆာဂျင် ထိုင်စောင့်ပေတော့။ ခွဲစိတ်မှုတစ်ခုနှင့်တစ်ခုကြားမှာ ပြင်ဆင်ချိန်က အတန်ကြာမြင့်တတ်သည်။ ခွဲစိတ်မှုတွေ ဆက်တိုက်လုပ်သည် ဆိုဦးတော့ ခွဲစိတ်ဆရာဝန်မှာ ကြားတွင်နားချိန်များနေခဲ့သည်။ သက်ဇော်နိုင်က အရေပြားချုပ်ပြီးသည်အထိ ပွဲသိမ်းပြီးမှ လွှက်ခဲ့သည်။

သက်ဇော်နိုင် လက်ဆေးပြီးမှ ထွက်ခဲ့သောအခါ ဒေါ်ခင်ဦးနွယ်နှင့်

www.burmeseclassic.com



မူယာတင်အာ ဝါးခက်လက်ကုလားထိုင်များတွင် ထိုင်နားနေခဲ့ကြပြီ။ မူယာလည်း ခွဲစိတ်ခန်းဝင်ဝတ်စုံ အစိမ်းရင့်အင်္ကျီနှင့် အစိမ်းနုလုံချည် ဝတ်ထားခဲ့သည်။ သက်ဇော်နိုင်က အူအတက်ခွဲနေစဉ် အသေးစား ခွဲစိတ်ခန်းတွင် ဒေါ်မူယာက နှင်းသားအကြိတ်ကို ခွဲထုတ်မှာ ဖြစ်လေ၏။

ဒေါ်ခင်ဦးနွယ်က ခွဲစိတ်ခန်းဝင် ဝတ်စုံပေါ်တွင် ဂျူတီကုတ်ဖြူထပ်ဝတ်လျက် ဝါးစိပ်စိပ်ရက်ထားသော ထိုင်ခုံတွင် ကိုယ်လျှော့ နောက်မှီထိုင်နေခဲ့၏ လက်ထဲမှာ စာအုပ်ရှည်တစ်အုပ်နှင့်။

"ကိုသက်ဇော်နိုင် မောလာပြီလား။ ပြီးတော့မှာပါလေ။ အခု တစ်ယောက် ကြီးများတောင် ပြီးသွားပြီဆိုတော့"

ဒေါ်မူယာတင်က အသံသာသာ ရယ်မောရင်း သက်ဇော်နိုင်ကို လှမ်းနောက်ခဲ့သည်။

ဒေါ်ခင်ဦးနွယ်က ဆယ်တန်းစာစဉ် တစ်ခုကို ဖတ်နေရင်း ပြုံးမော်ကြည့်သည်။

"လာ ဆရာ။ ကော့(စ်) ခုနစ်ခုရဲ့ Chart တွေ ကိုယ် ယူထားပေးတယ်။ ဆရာက ခွင့်ယူထားတော့ ပေးရှင့်တွေကို မသိမှာစိုးလို့။ ဖတ်ချင်ရင် ဖတ်လို့ရအောင်လေ။ ကွန်ဒီရှင်တွေ အားလုံးကောင်းပါတယ်။ Hernia (အူကျ) တစ်ယောက်ပဲ Pressure (သွေးတိုး) နည်းနည်း ရှိတယ်။ အခုတော့ Normal ဖြစ်နေပါပြီ။ သက်ဇော်နိုင် ခွဲတဲ့အခါ အခက်အခဲ မရှိအောင်ပြင်ထားပေးပါတယ်"

"ဟုတ်ကဲ့၊ ကျေးဇူးပဲ မမ။ ကျွန်တော်လည်း . . ."

သက်ဇော်နိုင် စကားမဆက်တတ်တဲ့ ဖြစ်နေခဲ့သည်။ သူတစ်ကိုယ်တည်း တံခါးပိတ် ခံစားနေရိုန်မှာ ဒေါ်ခင်ဦးနွယ်လည်း ခွဲစိတ်ကုသဆောင်ရှိ လူနာတွေနှင့် တစ်ယောက်တည်း အလုပ်များနေခဲ့မှာကို ယခုမှသာအကြိမ်တွေးမိသည်။

"ခုနစ်ယောက်တောင် ဟုတ်လား။ မူယာ List မကြည့်မိသေးဘူး ကိုသက်ဇော်နိုင်ကလည်း လောဘကြီးလိုက်တာ"

"ဒေါ်မူယာ ခွဲချင်ရင် ပေးပါ့မယ်ဗျာ။ လောဘမကြီးပါဘူး။ ရေမှုကြီး တစ်လုံးရှိတယ်"

"သွား ."



Hydrocoele (ခေါ်) ရေမှုတ္တကို ဆေးရုံမှာတော့ ရေမှုန့်(ရေမှုတ်) ဟု ခေါ်ကြသည်လေ။

"ရေမှုန့် မလိုချင်ရင် Hernla (အူကျ)တစ်ယောက်လည်းရှိသေးတယ်"

မူယာတင်က မျက်နှာလေး တမင်ရှုံ့လျက် သက်ဇော်နိုင်သို့ မျက်စောင်းထိုးသည်။ သက်ဇော်နိုင်က ခေါင်းမော့ရယ်မောလေ၏။

သည်စဉ် နားနေခန်းထဲသို့ စည်သူ၊ ညီသူ ညီအစ်ကိုတို့ ဝင်လာခဲ့ကြသည်။ ကျောင်းကလာကြဟန်ဖြင့် ရှပ်အင်္ကျီဖြူ ပုဆိုးစိမ်း၊ လွယ်အိတ်လေးတွေ ကိုယ်စီနှင့် ဖြစ်သည်။ အကြီး စည်သူက ခပ်တည်တည် မျက်နှာလေးနှင့် အားလုံးကို အစ်ရျက်သာ ပြုံးနှုတ်ဆက်လိုက်ခဲ့သည်။ ညီသူကတော့ သူ့ကိုယ်လုံး တုတ်တုတ်ခဲလေးနှင့် လိုက်ဖက်စွာ မျက်နှာပြည့်ပြည့်တွင် အပြုံးများရွှင်ကြည်လို့နေလေ၏။

"အော်ပရေးရှင်းက အိုကေလား မေမေ"

သူနှုတ်ဆက်နေကျ မေးခွန်းလေးနှင့် မေးကာ ဒေါ်ခင်ဦးနွယ် ပေါင်ပေါ်သို့ ခုန်တက် လာထိုင်လေ၏။

"မေမေကိုယ်တိုင်ခွဲတာပဲ ဘယ်မအိုကေဘဲရှိပါ့မလဲ"

ခင်ဦးနွယ်အဖြေကို အားလုံးက သဘောတကျ ရယ်မောလိုက်ကြသည်။

"အန်တီအေမိရဲ့ ဒရင်းဘက်(ခ်)ကြီး ကျိုးသွားပါဦးမယ်နော် သား။ သားတာသာ ထိုင်စမ်းပါ"

ညီသူက သက်ဇော်နိုင်ဘေးက ခုံလွတ်မှာ ဝင်ထိုင်သည်။ သူနှင့် သူငယ်ချင်းပမာ သက်ဇော်နိုင်ကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

"ဦး ဒီနေ့ ဘယ်နှစ်ယောက်ခွဲပြီးပြီလဲ။ အဲဒါလေးက မပိုလို့ ရိုက်ပေးရသေးလား ဟင်"

သက်ဇော်နိုင်က ညီသူ့အမေးကို ချက်ချင်းမှတ်မိကာ

"ဒီနေ့ L.S.C.S မပါဘူးကွ"

ဟုပြောရင်း ညီသူ့ကို ချစ်ခင်စွာ ခေါင်းလေးကို ဖမ်းအုပ်ကိုင် ကစားခဲ့သည်။ သက်ဇော်နိုင်၏ အကြည့်များက မနွယ်ဘေးတွင် တည်တည်လေးထိုင်နေသော စည်သူ့ထံသို့ ရောက်သွားမိသည်။ စည်သူက စူးရှသောအကြည့်ဖြင့် သူ့ညီကို လှမ်းကြည့်နေခဲ့သည်။ ညီသူက အဟဲဗျာ သက်ဇော်နိုင်ကို ကြည့်ကာရှုံ့လေး

www.burmeseclassic.com

www.burmeseclassic.com



ကြည့်တာ သုခေါင်းလေးကို တိမ်းဖယ်သွားခဲ့သည်။ ထိုစဉ် မမအေးမီက သိရော တားမိတွန့်ရှင့်တာ သက်ဇော်နိုင်သို့ လှမ်းခေါ်ခဲ့သည်။

"ဆရာရေ ရယ်ဒီပြီ"

တစ်ဆက်တည်း _

"ဟယ် သားတို့လာပြီ၊ အန်တီ သားတို့ဖို့ပါ ခေါက်ဆွဲကြော် မှာထားတယ်။ ဦးဦးဆရာက ဒီနေ့ ကျွေးတာတော့"

ဟု ကလေးများကို ချစ်ခင်စွာ လှမ်းနှုတ်ဆက်သည်။

"မိုက်တယ်ဟေ့"

ညီသူရေးရဲ့အသံ။ သက်ဇော်နိုင် ညီသူတစ်ယောက်တည်းကို မျက်နှာမြင့် နှုတ်ဆက်ခဲ့သည်။

"လက်ဆေးပြီ မမအေးမီရေ"

သက်ဇော်နိုင် လက်ဆေးကန်တွင် လက်ဆေးစဉ် အသေးစားခွဲစိတ်ခန်းမှ 'ရယ်ဒီပြီ' လှမ်းအော်သံနှင့်အတူ မူယာလည်း ထ လာခဲ့သည်။ သက်ဇော်နိုင်နှင့် လက်ဆေးကန်မှာ ဆုံမိသည်။

မူယာက မျက်လုံးလေးချိုကာ တီးတိုး ပြောလိုဟန်လေးပြခဲ့သဖြင့် သက်ဇော်နိုင်က လက်ဆေးမပျက် သူ့အနီးသို့တိုးကပ် ခေါင်းငုံ့နားထောင်ရလေ၏။

"မူယာပြောတယ် မဟုတ်လား။ ယူ့ဆောကျင်ကို လျှော့မတွက်နဲ့လို့၊ ဟို တစ်နေ့က ကိုယ်တို့စကားပြောနေတုန်း သူ ရောက်လာတယ်လေ။ ယူက သစ်ပင်အောက်မှာ ကော့(စ်)တွေ တန်းစီခွဲပြီ လိုက်မယ်ဆိုတာ အခု သင်ခန်းစာ ပေးလိုက်တာပဲပေ့ါ။ ယူ့ကို အများကြီးခွဲနိုင်း ထားတာ။ ယူခွဲရမယ့် ကော့(စ်)တွေ မူယာလေ့လာကြည့်ပြီးပြီ၊ ပေါက်မဲမပါဘူး။ အားလုံးဗလာတွေ ချည်းပဲ၊ ဆီတစ်ပိဿာ ကန်တော့ရင်တောင် ကံကောင်းပဲ"

သက်ဇော်နိုင် ရင် အောင့်သက်သက် ခံစားမိရလေ၏။ ဒေါ်မူယာရဲ့ အမြင်က အမြဲပင် ငွေနှင့်ကြေးနှင့်တိုင်းတာတတ်လေ၏။ သူ့အမြင်ကို ကြားရပြီးတိုင်း သက်ဇော်နိုင်ရင်၌ မရှင်းမလင်း ဖြစ်ရမြဲပင်။ သည်တစ်ကြိမ်တော့ သင်ခန်းစာ ပေးလိုက်တာဖြစ်မှာ ဟူသော မူယာ့အပြောက မှန်များ မှန်နေလေသည်လား။

တတိယလွှနာမှာ သားကြောဖြတ် လျှောက်သွားကျထားသော အမျိုးသမီးလူနာ ဖြစ်ပေ၏။ ဝမ်းဗိုက်ပြင် ဆီးစပ်အထက်မှာ ထုံဆေးလူညီယပတ်တိုး၍ ဗိုက်ကို



လက်နှစ်ဆစ်လောက်လေး ခွဲဖွင့်ကာ သားကြောခွဲယူဖြတ်ခဲ့သည်။ အေးအေးဆေးဆေး လုပ်သည့်ပင်၊ မိနစ် ၂၀ သာ။ လက်ဆေးပြီး သက်ဇော်နိုင် ထွက်လာကာ ဒေါ်ခင်ဦးနွယ် အနီးမှာ လာထိုင်သည်။ ညီသူလေးက ပြုံးရယ် နှုတ်လျှာသွက်စွာ

"အိုကေလား . ဦး"

စိတ်ဝင်တစားမေးခဲ့သည်။

"ဦးကိုယ်တိုင်ခွဲတာပဲ။ ဘယ်မအိုကေ ရှိပါ့မလဲ"

သက်ဇော်နိုင်က သူ့မေမေ ဖြေသည့်အတိုင်း လိုက်ဖြေခဲ့တော့ ညီသူက သဘောတကျ ဟက်ဟက်ပက်ပက် ရယ်သည်။ မမနွယ်က ပြုံးသည်။ စည်သူက တော့ ဆတ်ခနဲ သက်ဇော်နိုင်ကို မော့ကြည့်လေ၏။ နဖူးပေါ် တစောင်းရှည်ရှည် လေး ဝဲကျနေသော သူ့ဆံပင်ဖြောင့်ဖြောင့်များကြားမှ သက်ဇော်နိုင်သို့ စူးစူးစိုက် စိုက် ကြည့်နေခဲ့သည်။

သက်ဇော်နိုင်မှာ ပွဲဆက်တွေများနေပြီမို့ လည်ပင်းဗွီပုံကျယ်ကျယ် သက်ပြတ် ခေါင်းစွပ် အင်္ကျီစိမ်းမှာ ချွေးစိုနေခဲ့ပြီ။ အရပ် ၅ပေ ၁၁လက်မခန့် ကိုယ်ခန္ဓာ ကြံ့ကြံ့ခိုင်ခိုင်၊ အားကစားသမားတစ်ယောက်လို ကျစ်လျစ် နေသော ထိုဆရာဝန်မှာ ကျုံရှင်ဆရာဦးထင်မြတ်ထက် ပိုဆိုးနေသည်က သည်းခံ ပျော့ပျောင်းဟန် မျက်လုံးအကြည့်များရှိနေခြင်းပင်။ ဦးထင်မြတ်လို အရုပ်ဆိုးရာစေ သော မျက်မှန်ထူလည်းမရှိ၊ ညိုချိုသော အသားအရေမှာ ချွေးစတို့ဖြင့် ပိုမိုချော မွတ်နေခဲ့သည်။ သွေးရောင်လွှမ်းနေသော နှုတ်ခမ်းထူများတွင် အမြဲအပြုံးတစ်စ ရှိနေ၏။ ထိုပြုံးနေသော မျက်လုံးနှင့် နှုတ်ခမ်းများဖြင့် စည်သူသို့ မကြာခဏ လှမ်းအကဲခတ်ကာ စကားပိုင်းထဲသို့ ဆွဲခေါ်ယူသည်။ စည်သူ ခပ်မဆိတ်နေသည်။ တကျက်နေယောင်ပြုသည်။ မကောင်းတတ်လွန်းမှ 'ဟုတ်' ဟုတစ်ခွန်းတည်းပြော တတ်လေ၏။ ညီသူနှင့်မူ ခွဲစိတ်မှုတစ်ခုပြီးလို့ တစ်ခါထွက်လာ နားတိုင်း တစ်ခါပို ရင်းနှီးလာသလိုထင်ရသည်၊ ညီသူက ထိုဆရာဝန်၏ လက်ကို ကိုင်လှုပ်ကာ

"သိလား ဦး၊ သိလား"

နှင့် မဆုံးနိုင်သော စကားတွေ ပြောနေခဲ့သည်။

"အေး ဟုတ်တယ်လေကွာ။ ဟုတ်တာပေ့ါကွ"

ဆရာဝန်ရဲ့ထောက်ခံသံတွေ။

အခါတိုင်းက စည်သူ တစ်ချက်ကြည့်လိုက်လျှင် အခ်ကျမျက်နှာတားမြစ်

www.burmeseclassic.com

www.burmeseclassic.com



ရှိခြင်း အသံတိတ်သွားတတ်သော ညီလေး ညီသူက အသံတိတ်လိုက်ရမှာစိုးရွံ့လာမယ်။ အဓိကိုညည်သူကို လှမ်းပင်မကြည့်ခဲ့တော့ပေ။ သက်ဖော်နိုင် နောက်တစ်ကြိမ် သီရေယာထဲ ပြန်ဝင်သွားစဥ် စည်သူစာအုပ်တွေ သိမ်းဆည်းသည်။

"ညီလေး ကျူရှင်တီချာ လာတော့မှာကွာ။ ပြန်စို့၊ ပစ္စည်းသိမ်းတော့"

"ဟာ ကိုကိုကလည်း။ အစောကြီး ရှိပါသေးတယ်"

ညီသူက နေချင်သေး၏။ ဆရာဝန်ဦး ခွဲစိတ်ခန်းက ထွက်အလာကို စောင့်စကားပြောချင်သေး၏။ နောက်ဆုံးမှာ ခင်ဦးနွယ်က ဖြေရှင်းပေးရလေသည်။

"ဟုတ်တယ် ညီသူ၊ အိမ်ရောက်ရင် ရေမိုးချိုးမှာ၊ စားရသောက်ရဦးမှာ ဆရာမလာရင် အချိန်အတော်ပဲ ဖြစ်မယ်"

"ဟုတ်"

ညီသူ မျက်နှာလေး မှုန်မှုန်ဖြင့် ဆိုသည်။ ခင်ဦးနွယ်အနီးသို့ တိုးကပ်ကာ တိုးတိုးလေးတိုင်ပင်၏။

"မေမေ ဦးက သားရဲ့ ဒုံးပျံနာရီလေး အသံမမြည်တာကို ပြင်ပေးမယ် တဲ့။ အဲ့ဒါသား သူ့ကို ပေးခဲ့ရင် စိတ်ချရပါတယ်နော်"

ခင်ဦးနွယ် ရယ်ချင်မိသော်လည်း မျက်နှာတည်တည်ထားလို့ .

"စိတ်ချရမှာပါ သားရဲ့။ ဒါပေမယ့် သူက အစ်ကျင်နီယာတော့ မဟုတ်ဘူးနော်"

ညီသူ လှစ်ခနဲ ရယ်သည်။

"သား သိပါတယ် မေမေ။ ရော့ မေမေ ပေးလိုက်နော်"

သူ့လက်က နာရီလေးကို အစ်ကိုမမြင်အောင် ချွတ်ကာ ခင်ဦးနွယ်လက်ထဲ ထည့်ပေးခဲ့သည်။

"ညီသူ ကြာတယ်ကွာ"

ခွဲစိတ်ခန်းမှ အပြင်သို့ထွက်သော စကြံမှ စည်သူက လှမ်းခေါ်သည်။ ညီသူ ပြေးလွှားသံလေးက တဖြည်းဖြည်း ဝေးသွားခဲ့လေ၏။

□

သီရေတာထဲတွင်လည်း စည်သူနှင့်ညီသူ အကြောင်းကိုပဲ ပြောနေခဲ့ကြသည်။ ခွဲစိတ်ကုသမှုတစ်ခုရဲ့ နိဂုံးပိုင်းရောက်ရင်း ခွဲစိတ်ကုသမှုမှာလည်း အခက်မခဲ



ခဲ့ရင် ခွဲစိတ်သည့်အဖွဲ့မှာ စိတ်လက် ပေါ့ပါးစွာ စကားတွေ ပြောမိကြပြီပေ။ ဆိုင်ချင်းဆိုင် ခွဲစိတ်နေကြရင်း ပြောမိကြသည့်စကားတွေကို သတိမမူသော သူ့ဆေးဖြင့် ခွဲစိတ်ခံရသူ လူနာက နောက်တစ်ရက်မှာ ပြန်ပြောပြတတ်တာ နား ထောင်ကြည့်လျှင် အလွန်ရယ်မောစရာ ကောင်းနေတတ်လေ၏။ သည်တစ်ကြိမ် တော့ မမအေးမီက စည်သူနှင့် ညီသူလေးရဲ့ အကြောင်းကို ပြောခဲ့သည်။

"ဆရာ မရောက်ခင်လေး စည်သူက ကျွန်မတို့ကို မခေါ်နိုင် မပြောနိုင် ဖြစ်သွားလို့ အခု အဲဒါ မနည်း ပြန်စည်းရုံးယူထားရတာ"

"ဆိုစမ်းပါဦး မမအေးမီရဲ့"

"ဖြစ်ချင်တော့ အပင်းအစ် ခွဲတဲ့ပေးရှင့်က ဒီမြို့က နာမည်ကြီး ဗေဒင် ဆရာဖြစ်နေတာ။ ဘာပြောကောင်းမလဲ။ တစ်ဆေးရုံလုံးက ဝိုင်းမေးလိုက်ကြတာ။ အိကုဒ်ယူရမတတ်ပဲ"

"အလကားမေးရလို့ ဖြစ်ရမယ်"

"ဟုတ်ပ။ နောက်ဆုံး မမတစ်ယောက်တည်း ကျန်တယ်။ ဗေဒင်ဆရာက လည်း သူ့ကိုခွဲပေးတဲ့သူဆိုတော့ မမကိုပဲ အထူးဟောပေးချင်တာ"

"အဲဒါနဲ့ မမက မေးရောလား"

"ကျွန်မတို့ မေးပေးတာလေ။ မမ မွေးနေ့သက္ကရာဇ် ပေးပြီးတော့ပေါ့။ ဗာတာဝင်လေးပြန်ပေးတော့ မမကစာအုပ်ကြားထဲ ညှပ်ယူသွားတာ။ ဖတ်တောင် ဖတ်လိုက်ရဘူး။ စည်သူက တွေ့သွားပြီး မမကို ကိုကျရောတဲ့။ မမက ဆေးရုံက ပေးတာ၊ မဖတ်ရသေးဘူးဆိုတော့ ပေးမဖတ်တော့ဘဲ ကျွန်မတို့ကို တွေ့တိုင်း ဘာမှာပုပ်သိုးနေတော့တာ"

"အဲဒီကတည်းက မမကို ချုပ်ချယ်တော့တာပဲ။ ဇာအင်္ကျီမဝတ်ရဘူး။ အင်္ကျီလက်ပြတ်မဝတ်ရဘူးနဲ့။ မမက ဇာအင်္ကျီလက်ရှည်လေးများဝတ်ရင် သိပ်လိုက် တာလေ။ ညီသူကတော့ သူ့အမေကို 'မေမေ နောက်အိမ်ထောင်ကျမယ်ဆိုရင် အစ်နဲ့ပဲ ပြန်အိမ်ထောင်ကျလို့မရဘူးလား' လို့ မေးသတဲ့။ မမကတော့ ဒီသား ယောက်နဲ့ လုံးဝမလွယ်ဘူးပဲ"

"ဗေဒင်က ဘာဟောလိုက်သလဲမှ မသိတာ"

"အတောင်နှစ်ဆယ်ဝတ် အနှောင့်အယှက်မြင်တယ်လို့ ဟောလိုက်တယ် တဲ့"

www.burmeseclassic.com

www.burmeseclassic.com



"မမအေဒီက ဘယ်လိုလုပ်သိလဲ"

"ကျုပ်က အရင် နိုးဖတ်ထားတာ၊ သိတာပေါ့"

သက်ဇော်နိုင် အားပါးတရ ရယ်မောမိရလေ၏။

"နောက်မှ မမကိုပြန်ပြောရတယ်။ မမကတော့ အရွယ်ရှိသေးတဲ့ မိန်းမ ဖြစ်ဖြစ်၊ ယောကျ်ားဖြစ်ဖြစ် ဒီလိုပေါကြမှာ မဆန်းပါဘူးလို့ ပြောတယ်"

"မမကို သူ့သား နှစ်ယောက်က ဘယ်လောက်တွန့်တိုသလည်းဆိုတာ ပြောပါတယ်"

"စည်သူကတော့ လူကြီးလေး တစ်ယောက်လိုပဲ။ သူ့ ကြည့်ရတာ ယောကျ်ားသား ကြီးကြီးမားမား တစ်ယောက်လို သူ့အိမ်ကို စောင့်ရှောက်ပေးချင်တဲ့ပုံစံမျိုး။ သားကြီး အဖေနေရာပေါ့။ ညီသူလေးကိုတော့ ကျွန်တော် ချစ်တယ်ဗျာ။ ဘယ်လို ချစ်ဖို့ကောင်းတဲ့ကလေးလည်း မသိဘူး"

"ဆရာတင်မဟုတ်ဘူး။ အားလုံးက ချစ်ကြတာ။ မမနဲ့လည်းတူပုံ၊ စကားအရမ်းသွက်တာတော့ သူ့အဖေနဲ့တူတာ။ ဘယ်သူနဲ့မဆို သူ အဖွဲ့ကျတယ်"

ကေ့(စ်)ပြီးလို့ ထွက်ခဲ့တော့ စည်သူ၊ ညီသူတို့ကို မတွေ့ရတော့။ မနွယ် ကိုသာ အဝတ်လဲခန်းထဲက ထွက်လာခဲ့တာ တွေ့ရသည်။ အစိမ်းနုခံတွင် အရောင် လေးငါးမျိုးပါသော ပါတိတ်ဆင်ကို ထက်အောက် ဆင်တူ ဝတ်ထားသည်။ မြန်မာအင်္ကျီပုံ လက်စကလေးတွင် လည်တောင်လေးပါ၏။

"ညီသူတို့ ပြန်သွားပြီလား မမ"

"ကျူရှင်ချိန်နီးနေလို့ ပြန်လွှတ်လိုက်ပြီလေ"

၃ နာရီ မကျော်ဘူး ထင်ထားပေမယ့် ပြင်ဆင်ချိန်တွေနှင့် ၃နာရီ ၁၅မိနစ်ရှိပြီ ဖြစ်၏။ နောက်ဆုံးတစ်ယောက်က လိပ်ခေါင်းဝေဒနာသည်။ အလွယ် ဆုံးပဲ။ ဘယ်လောက်မှ ကြာမှာမဟုတ်။

"မနွယ် ပြန်တော့မလို့လား။ ပြီးပါပြီ၊ ပိုင်း(လ်) တစ်ယောက်ပဲ ရှိတော့ တာ"

"ပြန်လို့ မရသေးဘူး။ အခုပဲ Acute Abdomen ထင်ရတဲ့ လူနာ တစ်ယောက် ရောက်လာတယ် လာပြောလို့ ဝဲ(ဒ်)ထဲ ပြေးရဦးမယ်"

"ဟုတ်ကဲ့"

သက်ဇော်နိုင် သူ့နာကို လက်ဝါးနှင့် ရိုက်သည့်သဏ္ဍာန်ပြရင်း ရယ်၏



တစ်ကိုယ်တည်းကြွခဲ့ရသည်မို့ သူနည်းနည်းတော့ ဖြူနေပြီလည်းဖြစ်သည်။

"ဖွင့်ရမယ်ဆိုရင် ကိုယ် ဝင်ပေးမှာပါ။ မမအေဒီတို့ကို ပြောထားပေဦး နော်။ နောက်တစ်ယောက် ဆက်ချင်ဆက်ရမှာ။ ပွည်းပေါင်းဦးသားရော ရှိသေး သား။ ပြင်စရာရှိတာ ပြင်ထားပေးပါလို့"

"ရပါတယ်။ ဝင်ရရင်လဲ ကျွန်တော်ပဲ ဆက်ဝင်လိုက်မှာပါ"

"ကြည့်တာပေါ့လေ။ သက်ဇော်နိုင် ပြီးရင် ဝဲ(ဒ်)ထဲ လိုက်ခဲ့ဦးပေါ့"

"ဟုတ်ကဲ့"

ခင်ဦးနွယ် လှည့်ထွက်သွားခဲ့သည်။ ခြေလှမ်းများများမရောက်မီ

"မနွယ်"

လှည့်ကြည့်တော့ သက်ဇော်နိုင်က အားတောင့်အားနာဟန်ဖြင့် သူ့မဆီ လျှောက်လာခဲ့သည်။

"ကျွန်တော် မနွယ်ကို တောင်းပန်စရာရှိပါတယ်။ ဟိုနေ့က ကျွန်တော် ဘယ်သူ့ကိုမှ ရည်ရွယ်တာ မဟုတ်ပါဘူး။ ကျွန်တော်က ဆာဂျရီ ဝါသနာပါတော့ ကျွန်တော် ရောက်တဲ့ ဆေးရုံမှာ အဲဒါသာ လုပ်ခွင့်မရရင် လုပ်လို့ရတဲ့နေရာမှာ သုံးမိလိမ့်မယ်လို့ နည်းနည်း အပြောကြီးလိုက်မိတာပါ။ မနွယ် ကျွန်တော့်ကို ဒီနေ့ ကေ့(စ်)တွေ အများကြီး တင်ပေးတာ မကျေနပ်လို့ ရှင်းတာလည်း မဟုတ် ပါဘူး။ ကျွန်တော်က အတွေ့အကြုံ ယူချင်တဲ့သူဆိုတော့ များလေ ကြိုက်လေ ပါ။ ဒါပေမယ့် ကျွန်တော့်စကား လွန်သွားတာအတွက် မမစိတ်ထဲမှာ အနှောင့်အ ယှက် မဖြစ်စေချင်လို့၊ တောင်းပန်ပါတယ်"

မနွယ်က သူ့ကိုမြင်ဖူးသလို ခပ်ကြာကြာ ကြောင်ငေးကြည့်နေခဲ့သည်။ ပြီးမှ မျက်လုံးနှင့် နှုတ်ခမ်းများ ဖြည်းဖြည်းပြုံးလာရင်း

"ပြီးတာပဲလေ"

ဟုသာပြောလျက် ချာခနဲ လှည့်ထွက်သွားခဲ့ပေ၏။

သက်ဇော်နိုင် စိတ်မချင့်မရဲဖြင့် ကျန်ရစ်သည်။

□

နောက်ဆုံး လူနာတွင်မှ သည်စကား ကြားရ၍ တော်တော့သည်၊ မမ အေဒီကလည်းပါသည်။ သည်အကြောင်းကို နောက်ဆုံးအချိန်တွင်မှ အသိပေးခဲ့ သလေ။ ပြောချင်လို့ ရင်ထဲမှာသားနေခဲ့တာကို မျိုသိပ်ထားခဲ့ရသည်က အိုတီစပြီး

www.burmeseclassic.com

www.burmeseclassic.com



မကြာခင်ကတည်းက။

"ဆရာရေ ဒေါ်မှုယာက ဦးမြမောင်ကိစ္စကို ပြောသွားတယ်တဲ့"

သက်ဇော်နိုင်ရဲ့ ခါး မတ်သွားခဲ့ရသည်။ သူ ဒီအကြောင်းကို တစ်နေ့လုံး ဇောက်ချောက်ချောက် ဖြစ်နေခဲ့သည်။

"မခွဲလို့ မဖြစ်ဘူးလား ဆရာလေးရယ်"

အဘိုးအို သူ့လက်ကိုကိုင်၍ မေးခဲ့တာ ချက်ချင်းပြန်မြင်ယောင်ခဲ့သည်။

ဒေါ်မှုယာက သူမရဲ့လူနာ ရင်သားအကြိတ်လေးကို ခွဲစိတ်ပေးနေရင်း ပြောခဲ့သည်တဲ့။

"ဒေါ်ခင်မြသီ The Operation was successful but the patient was dead ဆိုတဲ့စကား ကြားဖူးသလား"

"ကြားတော့ ကြားဖူးသလိုပဲ မမ"

"ဆရာဝန်လောကမှာ အဲဒီစကားလေးက တီးတိုး ပြက်ရယ် စကားပေါ့။ ခွဲစိတ်မှုကတော့ အောင်မြင်ပါတယ်။ ဒါပေမယ့် လူနာကတော့ သေသွားတယ်တဲ့။ အဲဒါ လောလောဆယ် ဒီဆေးရုံမှာ ဘယ်သူ့ကို ပြောတာလဲ သိလား"

"ဟင့်အင်း"

"ဦးမြမောင် ကေ့(စ်)လေ။ အော်ပရေးရှင်းကြီးကတော့ အောင်မြင်ပါတယ်။ ဒါပေမယ့် ဦးမြမောင် ခမျာတော့ သွားရှာပြီ အဟင်း ဟင်း။ မဆင်မခြင် ကိုယ် လုပ်ချင်တာ တစ်ခုတည်းသိလို့ ဘယ်ဖြစ်ပါ့မလဲနော်"

သက်ဇော်နိုင် ဒေါသကြောင့် လက်တွေပင် တုန်လာခဲ့သည်။ တစ်ကိုယ်လုံးမှာ လှည့်ပတ်နေတဲ့သွေးတွေ ညိုညစ်၊ ကြမ်းရှကုန်တော့သလို သူ့မျက်နှာပြင် မည်းညိုနာကျင်သွားခဲ့သည်။

"တောက်"

တက်တစ်ချက် ပြင်းပြင်း ခေါက်မိရလေ၏။ ခွဲစိတ်မှုပြီးစီးပြီမို့ ခွဲစိတ်ဝတ်စုံကို အကြမ်းပတမ်း ဆွဲချွတ်ပစ်လေ၏။

"ပြောရက်တယ်ဗျာ။ ဒီစကား ဒီနေရာမှာ သုံးစရာလား"

သူ့အသံဟာပင် မမှတ်မိအောင် တုန်ယင် အက်ကွဲနေခဲ့သည်။ နော်အေဒီမှာ ဆရာဝန်လူရှယ်ကို အံ့အားသင့်နေမိသည်။ အေးဆေး ပျော့ပျော့ တတ်သော သက်ဇော်နိုင်တွင် ဒီလိုဒေါသမျိုး ရှိလိမ့်မည် မထင်ခဲ့။



"ဆရာ စိတ်မကောင်း ဖြစ်သွားပြီ။ ဆောရီး ဆရာရေ။ ဒါကြောင့် ...ဘာ ပြောတာ။ ဦးဇော်သက်နိုင်ကို သွားမပြောကြနဲ့လို့"

"မမနွယ်ရော သိတယ်လား"

သူ့အသံ အနည်းငယ် ပျော့ပျောင်း သွားခဲ့သည်။

"သိတာပေါ့ ဆရာ။ ခင်မြသီက ကေ့(စ်) ပြီးပြီးချင်း ပြန်ပြောပြခဲ့တာ"

"မမနွယ်က ဘာပြောသလဲ"

"ပြောချင်တာပြောပါစေတဲ့။ ကွယ်ရာမှာပြောတဲ့စကားအတွက် ပြဿနာ ...ရှာ ကလေးဆန်လွန်းပါတယ်တဲ့"

သက်ဇော်နိုင်ဒေါသများ ငြိမ်သွားခဲ့သည်။ မမနွယ် အစောကတည်းက ...နေခဲ့သည်။ သို့စဉ်လျက် မမနွယ်မျက်နှာတွင် ငြိုငြင်ရိပ်မမြင်ရ။ ခွဲစိတ်မှုတွေ ...အားလုံးပြီးသည်အထိ သူ့ကို ထိုင်စောင့်ပေးခဲ့သေးသည်။

"ကျွန်မကလည်း ကျွန်မပဲ။ ဆရာကို ပြန်မပြောဘဲကို မနေနိုင်ဘူး။ ကိုယ်လည်း ခွဲတဲ့အဖွဲ့ထဲမှာပါခဲ့တာကိုး။ မခံချင်လို့"

"ဟုတ်တယ်။ ကျွန်တော်လည်း ဒေါသဖြစ်သွားမိတယ်။ အဲဒါ မမအေဒီ ...နဲ့ မဆိုင်ပါဘူးဗျာ။ မမအေဒီပြောတဲ့ စကားမှ မဟုတ်တဲ့။ တရားမဲ့တဲ့၊ မိန်းမလို ...မိန်းမရ စကားပဲ"

သက်ဇော်နိုင် အဝတ်လဲခန်းထဲ ဝင်ခဲ့သည်။

ရှပ်လက်တိုအဖြူနှင့် ပိုတွဲလုံချည် အပြာ အနက်ကွက်ကို ပြန်လဲဝတ်ဆင်သည်။ တစ်နေကုန်နေခဲ့ရသော သီရေတာထဲမှ ထွက်သည်။ စင်္ကြံအတိုင်းထွက်ခဲ့လျှင် ဆေးရုံရဲ့အဆောင်အတိုင်း ရှေ့ကဖြတ်သွားသော စင်္ကြံရှည်ကြီးသို့ရောက်၏။ ထိုစင်္ကြံအတိုင်း ခွဲစိတ်ကုသဆောင်ဆီဝင်ဖို့ လျှောက်ခဲ့လေ၏။

□

သက်ဇော်နိုင် မျက်နှာမှုန်မှုန်ဖြင့် လျှောက်လာခဲ့သည်ကို ခင်ဦးနွယ် လှမ်းမြင်ရလေသည်။ အခြေအနေကောင်းဖြစ်စေချင်၍ နွယ် ပြုပြင်ယူခဲ့သည့် အရောမဝင် ဖြစ်ချေပြီ။ သီရေတာက နွယ်မထွက်ခွာမီ သက်ဇော်နိုင်ရဲ့ဒေါသ်ပန် စကားကို ကြားခဲ့ရသည်။ နွယ် စိတ်ပျက်သွားမိခဲ့သည်။ မှုယာရဲ့စကားကို ပြန်ကြား ရစဉ်ကထက် အခံရခက်ခဲ့သည်။ ဘာကိုမှ ပြုပြင်မယူလို့တော့ ဖြစ်ချင်သလိုဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ပါစေ ထားလိုက်ရှုတ်စိတ်ဝင်မိသည်။ သိရေတာက သက်ဇော်နိုင်ထွက်ခဲ့လျှင် ခွဲစိတ်လူနာဆောင်ကို နွယ်နှင့်အတူ လှည့်လည်ကြည့်စေမည် စိတ်ကူးထားမိ၏။ သူ ဘွဲ့ကူအမြှေးအမြဲ ထွက်ပြေးပုန်းရှောင်ခနေခဲ့စဉ် ဆေးရုံမှာ ဘယ်လိုအရေးပေါ် လူနာတွေ ရောက်ခဲ့ပြီး နွယ်တို့ ကုသပေးခဲ့ကြရတာ၊ ခွဲစိတ်မှု ကျွမ်းကျင်သော ဆရာဝန်တစ်ယောက်ကို အခြားလူနာတွေက လိုအပ်စွာ စောင့်ဆိုင်းနေသေးတာ ပြောပြဖို့ နွယ် စိတ်ကူးထားမိသည်။ အခုတော့ နွယ် စိတ်ပျက်ပြီ။ ကိုယ့်ကိုရင်ဆိုင် ပြောတာမဟုတ်သော အကြားစကား တစ်ခုအတွက် အာဃာတဖြင့် နွယ်က ဘမင် ကေ့(စ်)များများ တင်ပေးခဲ့သည်တဲ့လား။ တော်တော် အတွေးကောင်းတဲ့ ဦးနှောက်ပဲ။

နွယ် သူ့ကို တည်ငြိမ်စွာ ပြုံးနှုတ်ဆက်သည်။ သူပြန်လည် ပြုံးခဲ့ပေမယ့် သူ့အပြုံးက အင်အားမရှိ၊ သူ မျက်နှာ မကောင်းရုံမက အနည်းငယ်နွမ်းနယ်နေပုံရသည်။ သူ ခွဲစိတ်ရသည့် ခွဲစိတ်မှုများက အခက်အခဲမရှိနိုင်။ သို့သော် အာရုံ စိုက်ချိန်များခဲ့လျှင် နွမ်းနယ်လာခဲ့မှာပင်။ ပြီး တစ်ချိန်လုံးရပ်လျက် အလုပ်လုပ်နေ ခဲ့ရသည်။ အာရုံစူးစိုက်ရလွန်း၍ ချွေးတွေစီးကျနေကာ တစ်ကိုယ်လုံးလည်း တောင့်တင်းနေခဲ့မည်။ Operation list ဆွဲသောနွယ်လည်း နည်းနည်းလွန်သွားသည် ထင်ပါ၏။

"အခုန ကေ့(စ်)က ဘာကေ့(စ်)လဲ မမ"

"အိုတီ ဖွင့်ဖို့မလိုပါဘူး။ Amoebic Hepatits (ဝမ်းကိုက်ပိုးကြောင့် အသည်းရောင်ရောဂါ) ပါ"

"တော်သေးတာပေါ့ဗျာ"

သူ့အပြုံးက စောစောလေးက အိုတီထဲမှာ မြင်ခဲ့ရသလို ပေါ့ပါးခြင်း မရှိ။ နေပါဦးလေ။ နောက်ဆုံးကေ့(စ်) မဝင်ခင် ခင်ဦးနွယ်ကို တောင်းပန်စကား ဆိုစဉ်ကပင် သက်ဇော်နိုင် သည်မှု မျက်နှာမပျက်ခဲ့သေးတာ အမှတ်ရသည်။ နွယ် တစ်ခုခုကိုသိလိုက်ရသလိုရှိကာ .

"မင်းကို မမအေဓိက ပြောပြလိုက်ပြီလား သက်ဇော်နိုင်"

"ပြောလိုက်တယ် မမနွယ်။ Operation was successful but the patient was dead ဆိုတာ"

သူ့အသံတိုးတိုးက အက်ကွဲနေခဲ့သည်။ မူယာစကားက သက်ဇော်နိုင်ကို



များစွာ ထိခိုက်စေခဲ့လိမ့်မည်။ နွယ် သက်ဇော်နိုင်ကို နားလည်လိုက်မိလေ၏။ နှစ်သိမ့်ပေးလိုစွာ .

"ကွယ်ရာမှာ ပြောတဲ့စကားကို ကိုယ်တို့ မတုံ့ပြန်ကြပါစို့နဲ့လား"

နွယ်ကပြောခဲ့လျှင် သူ မျက်နှာမှုန်မှုန်နှင့်ပင် .

"ဟုတ်ကဲ့"

ဟုဆိုခဲ့သည်။ သူ့မျက်နှာပုံကို ကြည့်ကာ နွယ်စိတ်ပြောင်းမိလျက် .

"ကိုယ့်အခန်းမှာ ခဏ ထိုင်ရအောင်လေ"

ခွဲစိတ်ကုသ အမျိုးသမီးနှင့် အမျိုးသား လူနာဆောင်ကြားတွင် ဆရာဝန် ဆရာမ ဂျူတီခန်းရှိသည်။ ထိုအခန်းနှင့် မျက်နှာချင်းဆိုင်မှာ ခင်ဦးနွယ်၏ အခန်းပေ၊ နားနေခန်းလည်းဖြစ်၊ လူနာလည်းကြည့်သော အလုပ်ခန်းဖြစ်လေ၏။ သက်ဇော်နိုင် လိုက်ဝင်လာခဲ့သည်။ နွယ်တစ်ယောက်တည်း ရှိရှိနေကလွဲလျှင် အဝင်ဝ ခန်းဆီး အနည်းငယ်ပွင့်ဟထားစေမြဲကို သက်ဇော်နိုင်လည်း သတိထားမိသည်။ နွယ့် အခန်း ထဲဝင်ခဲ့တိုင်း သူ ဝင်ပြီးသည်နှင့် ခန်းဆီးစကို စုစည်း ဖွင့်ဟလိုက်တတ်သည်။ ပြန်ထွက်လျှင် ခန်းဆီးကို ပြန်စေ့ထားတတ်ခဲ့လေသည်။ သက်ဇော်နိုင်က နွယ့်စကားပွဲ ရှေ့ကထိုင်ခုံတွင် ဝင်လာထိုင်ခဲ့သည်။

"သက်ဇော်နိုင် ဒီနေ့ ပင်ပန်းသွားတယ်ထင်တယ်"

"မပင်ပန်းပါဘူး မမ။ ရပါတယ်"

"ကိုယ်လည်း လွန်သွားပါတယ်။ ကိုယ့်ရည်ရွယ်တာကတော့ တစ်မျိုး

"ဘာကိုလဲ။ ကျွန်တော် နားမလည်ဘူး"

သက်ဇော်နိုင် သူမကို အတွေးခက်စွာ ကြည့်၏။ ခင်ဦးနွယ် ငြိမ်သက် ...ားနေမိသည်။ လူနာတစ်ယောက်တည်းအတွက် ခံစားနေသော၊ သူ့ကို ဝပ်(ဒ်) ...ာ လူနာတွေအကြောင်း ပြောပြဖျောင်းဖျဖို့ဖြစ်ပေမယ့် သူမအကြောင်းနှင့်ယှဉ်၍ ...ပြောပြဖို့ နွယ် ဆုံးဖြတ်မိသည်။ ခုချိန်မှာ ဒါပဲအထိရောက်ဆုံး ဖြစ်တော့မည်။ ...နွယ် သူ့ကို ဘာကြောင့် ကေ့(စ်)များစွာ ဝင်နိုင်းခဲ့တာလဲ။

"ဦးမြမောင်အတွက် သက်ဇော်နိုင် စိတ်ထိခိုက်နေတယ်ဆိုတာ ကိုယ် ...ပါတယ်။ ဒီအတွက် ဖြေဖျောက်နိုင်ဖို့ လိုတယ်လေ။ ကိုယ် ...တွေ့ထားတဲ့ ...ာင်းဆုံးကုထုံး မင်းကို ပေးကြည့်မိခဲ့တာပါ"

www.burmeseclassic.com

www.burmeseclassic.com



သက်ဇော်နိုင်က သူမကို ခပ်တွေတွေ ငေးကြည့်နေသေး။

"ကိုယ်နဲ့သူ အဆင်မပြေကြတဲ့ အချိန်မှာ ကိုယ်က Surgical Ward မှာ R.S ရော First Assistant က ကိုယ့်ရဲ့ဆရာရင်းပဲ။ ဆရာက အဲဒီအချိန်မှာ ကိုယ့်ကိုထွဲပြီး ဘာမှမနိုင်ခဲ့တော့ဘူး။ သူကိုယ်တိုင်ပဲ လုပ်တော့တာ။ ကိုယ် ဆရာကိုသွားတွေ့ခဲ့တယ်။ 'ကျွန်မ လုံးဝ အနားမရှိ အလုပ်လုပ်ပါရစေ' ဆိုပြီးတော့ ဆေးရုံမှာ နေရောညပါ ဂျူတီတွေဝင်ခဲ့တယ်။ သီရောဘာထဲကမထွက်တဲ့ လာသမျှ ကေ့(စ်) နိုင်ခဲ့တယ်။ မေ့ဆေး Training လည်း ရအောင်ယူလိုက်တယ်။ သူငယ်ချင်း တွေရှိတဲ့ ဒဂ်ဖရင်ကိုသွားပြီး OG လည်းဝင်ခဲ့တယ်။ ဒီလိုနဲ့ ကိုယ့်ကိုယ်ကိုယ် အနားမပေးဘဲ အလုပ်တွေလုပ်ခဲ့တာ။ မေ့တာနိုသရွေ့ မေ့ထားလိုက်နိုင်ပြီး အချိန် တိုတိုနဲ့ ပုံမှန်အခြေအနေကို ပြန်ရောက်လာနိုင်ခဲ့တယ်။ ကိုယ်အတွက်တော့ ဒီနည်းက မဆိုးဘူးပဲ။ Training တွေလည်း အများကြီးရခဲ့တယ်"

သက်ဇော်နိုင် အံ့ဩစွာ နားထောင်နေမိ၏။ မမနွယ်စကားကို ကြားရတာ သူ့သွေးမည်းညိုညိုတွေကို နီရဲသန့်စင် လာစေသလိုပေ။ သွေးတွေ ကြည်လင်ကာ အတွေးတွေလည်း ကြည်လင်လာစေသည် ထင်မိ၏။ မမနွယ်ထံမှ သူကိုယ်ရေ ကိုယ်တာ သည်တစ်ကြိမ် ပထမဆုံး ကြားရသည်ပဲ ဖြစ်၏။ ခါတိုင်းကြားနေ ကျလို

"ဆရာ ထူးချွန်တာ၊ ကြိုးစားစနစ်ကျတာ၊ သားတွေအပေါ် ချစ်မြတ် နိုးလှတာ" တွေ မဟုတ်ခဲ့။ သူမနှုတ်မှ သူမဘဝ လောကခံကို ပထမဆုံး ကြားရခြင်းပေ။

"ကိုယ်တုန်းကလို အလုပ်တွေနဲ့ ကုစားရင် ပျောက်လွယ်မလားလို့ ဒီနေ့ ကေ့(စ်)များများ ခွဲခိုင်းလိုက်မိတာပါ။ သက်ဇော်နိုင်နဲ့ ကိုယ် ခံယူချက်ချင်း တစ်သဘောတည်းမရှိနိုင်တာ မစဉ်းစား လိုက်မိဘူး။ ကိုယ်တက်က လွန်သွားခဲ့ ပါတယ်"

"မမနွယ် မလွန်ပါဘူး။ ကျွန်တော် မလုပ်နိုင်တာတွေ မတရားခိုင်းတာမှ မဟုတ်တဲ့။ အဲဒီလို အလုပ် လုပ်နေရတော့ မေ့မေ့ပျောက်ပျောက်ဖြစ်နေခဲ့တာလည်း တကယ်ပါပဲ"

"ကိုယ် လွန်သွားခဲ့လို့ပဲ မင်းက တောင်းပန်ခဲ့တာ မဟုတ်ဘူးလား။ သစ်ပင်အောက်မှာ ပေးရှုံးတွေ ခွပ်လိုက်မယ်လို့ ကြားရတုန်းက ကိုယ်ဖြင့်



ပြုံးတောင် ပြုံးမိသေးတာ။ မင်းစကားက သဘောကျစရာကောင်းလို့လေ။ အဲဒီ အာယာတနဲ့ ကေ့(စ်)တွေ အများကြီး ခွဲခိုင်းခဲ့တာမဟုတ်ပါဘူး"

သက်ဇော်နိုင် သူ့ခံပင်များကို လက်ဖြင့် နောက်ပြန်သပ်သည်။

"ဟာ သေပါတော့ဗျာ။ အားလုံး ရှုပ်ကုန်ပြီ။ အဲဒါလည်း ပယောဂပဲ။ ကျွန်တော် သူများ လာပြောတာ နားယောင်ပြီး မမနွယ်ကို ပြောလိုက်မိတာ။ တကယ်လွန်တာက ကျွန်တော်ပါ"

ယောကျ်ားတစ်ယောက်မို့သာ ထိုပယောဂရဲ့အမည်ကို မပြောဘဲထား ရသည်။ မမနွယ်လည်း အံ့သြသွားဟန် မြင်ရ၏။

"ဩော် ဒီလိုကိုး။ မမအောမိ ပြောပြခဲ့တဲ့ပယောဂနဲ့ ကူမတီတစ်ခုတည်း ထွက်များလား"

မမနွယ်မျက်နှာတွင်လည်း နားလည်လာခဲ့ဟန် ကြည်လင်ပေါ့ပါးသော အပြုံးလေးတစ်ခု ထင်လာခဲ့သည်။

"အသေအချာပေါ့"

သို့သော် ထိုပယောဂကြောင့်ပင် မမနွယ်နှင့်သူ ကိုယ်ရေးကိုယ်တာ ဆန်သော စကားတွေကို မမျှော်လင့်ဘဲ ပြောမိကြပြီ၊ ပိုလို့ရင်းနှီးနွေးထွေးလာရသည်။ သက်ဇော်နိုင် ခေါင်းမော့၍ ရယ်မောနေမိခဲ့သည်။ သူ့စိတ်တွေ အကြည်လင်ဆုံး ဖြစ်ခဲ့ပြီ။ မမနွယ်ကလည်း ဖြည်းဖြည်း သာသာ ရယ်မောလေ၏။

"ဒါဆိုရင် မင်း မနက်ဖြန် ဂျူတီ လာတော့မှာ မဟုတ်ဘူး။ ဝပ်(ဒ်)ထဲမှာ case တွေ အများကြီးကွာ။ ကိုယ်လည်း တချို့တလေ ပန်းပြောင်းတာဝန် ပေးချင်တယ်။ ပန်းပြောင်းလှူပြီ"

မမနွယ်ရဲ့ ခပ်ညည်းညည်း ရွှန်းပြက်သောအပြောကို သက်ဇော်နိုင်က ရယ်မောရင်း

"လာမှာ မမ။ ကျွန်တော် လာခဲ့မှာပါ"

ကတိပေးသည်။ ညနေ ၄နာရီ ထိုးခဲ့ပြီဖြစ်၏။ ခင်ဦးနွယ်ရော သက် ဇော်နိုင်ပါ အိမ်ပြန်ကြဖို့ပြင်သည်။

"ကျွန်တော် ပြန်တော့မယ် မမ"

"ကောင်းပြီလေ။ ဩော် ခဏ သက်ဇော်နိုင်"

မမနွယ်က သတိရလိုက်သလို သူ့ စာအုပ်ကြားမှာ ညှပ်ထားသော

www.burmeseclassic.com

ပစ္စည်းလေးတစ်ခုကို ထုတ်ယူခဲ့သည်။ ဒုံးပျံရုပ် နာရီလေး။ ခလုတ်နှိပ်လိုက်မှ ဒုံးပျံအုံးလေး ပွင့်ဟကာ ဒုံးပျံတက်သံလေးနှင့်အတူ နာရီနှင့်မိနစ်ပေါ်လာသော ကလေးပတ် နာရီလေး။ နာရီလေးအသံမကြည်တော့တာ ကြာပြီ။ သက်ဇော်နိုင်သို့ ကမ်းပေးခဲ့သည်။

"ဦးကိုပေးလိုက်ပါ တဲ့။ ညီသူ ပေးသွားတာ။ အသံ ပြင်နိုင်ပြီ ထင်တယ်။ သူ ကျေနပ်အောင် ခဏယူထားပြီး ပြင်မရတော့ဘူးဆိုပြီး ပြန်ပေးလိုက်ပေါ့ကွာ။ ညီသူက ဒီလိုပဲ၊ သူ့ကစားစရာ အရုပ်တွေနဲ့ လူတကာကို လိုက်ရှုပ်နေတော့တာပဲ"

သက်ဇော်နိုင် နာရီလေးကို အနည်းငယ် စိတ်လှုပ်ရှားမိစွာ လှမ်းယူခဲ့သည်။ သည် နာရီလေးက ညီသူရဲ့ခင်မင်မှုနှင့် ယုံကြည်မှုပြယုဂ်လေးတစ်ခုပေ။

"ညီသူရေ ကိုယ်နဲ့ဆောကျင်ကြားမှာ နောက်ဆိုရင် ဘယ်လို အထင်လွဲမှုတွေမှ မရှိစေရတော့ဘူးဆိုတာ ကိုယ် ကတိပေးပါတယ်"

နာရီရုပ်လေးသို့ သက်ဇော်နိုင် စိတ်ထဲက တိုးတိုးကတိပေးနေမိလေ၏။

□

တစ်ပတ် ကြာမြင့်သွားခဲ့သည်။

နောက်တစ်ကြိမ် ခွဲစိတ်ရက်ဖြစ်သော ဗုဒ္ဓဟူးနေ့သို့ ရောက်လာခဲ့သည်။ Operation List တွင် အကြီးစားခွဲစိတ်မှု သုံးခုနှင့် အသေးစားခွဲစိတ်မှု လေးခု တင်ထားခဲ့သည်။ ဆောကျင် ဒေါ်ခင်ဦးနွယ်က အကြီးစားခွဲစိတ်မှု နှစ်ခု၊ ဒေါ်မူယာက အသေးစားခွဲစိတ်မှု နှစ်ခုနှင့် ကျန်ခွဲစိတ်မှုများက သက်ဇော်နိုင် ရှင်းရမည့် ကေ့(စ်)များပေ။ ဆောကျင်၏ လက်ထောက် ခွဲစိတ်သူအဖြစ်လည်း သက်ဇော်နိုင် ဝင်ပေးရမည်။

ပထမဆုံးလူနာမှာ ဘောလုံးအကြီးကြီး ရှိနေခဲ့သည်။ ထိုဘောလုံးကို ခွဲထုတ်ရမှာ ဖြစ်သည်။ ပထမဆုံးလူနာဖြစ်၍ ဆရာဦးအောင်မြင် ပါ ထုံးစံအတိုင်း ရှိနေခဲ့သည်။ ဆောကျင်၏ မြန်ဆန်သွက်လက် နည်းစနစ်ကျလှသော လက်များက လူနာရဲ့ လက်ဝဲဘက် ဗိုက်အပေါ်ခြမ်း ဘောလုံးနေရာတွင် ခွဲစိတ်ဓားရာ စပေးလိုက်စဉ် သီရောတာတံခါးက ရုတ်တရက် ပွင့်သွားခဲ့သည်။ အလုပ်လုပ်နေသူတွေ အနှောင့်အယှက် မဖြစ်ဖို့ တံခါးကို ဂရုတစိုက် အသံမမြည်အောင် ဖွင့်ကြပိတ်ကြလေ့



မြဲဖြစ်သော ခင်ဦးနွယ်၏ ခွဲစိတ်ဆောင်တွင် ထိုသို့အကြမ်းပတမ်း လှုပ်ရှားတတ်သူမှာ တစ်ဦးသာရှိလေသည်။ သူတော့ မဖြစ်နိုင်သေးဟု ထင်ထားလျက် စိတ်အနှောင့်အယှက်ဖြစ်စွာ မော့ကြည့်မိလျှင် ဝင်လာသူက ထိုတစ်ဦးပင်ဖြစ်သော ဒေါက်တာ ဦးယဉ်မျိုးပေ။ အသံဝါကြီးဖြင့် .

"ဂွတ်မောနင်းဗျာ။ သီရောတာအေး ဆိုတော့ အားလုံး သီရောတာထဲမှာ ပဲ ရှိမယ်ဆိုပြီး လာခဲ့တာ"

"ဟော ဆရာယဉ်မျိုး။ လေယာဉ်ပျံသံလည်း မကြားလိုက်ပါလား"

"ယင်ချစ်ကလေးနဲ့ ခွဲလိုက်ရလို့ ထင်တယ်။ ဆရာယဉ်က ဝလာတယ်"

"ပြန်လာတော့မယ် ကြားကတည်းက ကျုပ်တို့က မျှော်နေတာပါတော်။ နှက်ခုံးလေးတွေ တလှုပ်လှုပ်နဲ့"

အို တီထဲမှာ ဝမ်းပန်းတသာ နှုတ်ဆက်သံတွေ ဆူညံသွားခဲ့သည်။

"ဆရာ ဘာနဲ့လာခဲ့သလဲ။ ရထားဆိုက်ချိန်လည်း မဟုတ်ပါဘူး"

"ကျွန်တော် ညကားကြီးနဲ့လိုက်ခဲ့တာပါ ဆရာကြီး။ ဆရာကြီး နေကောင်းတယ်နော်"

"ကောင်းပါတယ်ဗျာ"

"ဦးယဉ်မျိုးကြီး ဂျူတီဝင်တော့မယ် မဟုတ်လား။ မူယာတို့ဖြင့် တစ်ယောက်တစ်လဲ ဂျူတီဆင်းနေရတာ။ သူကတော့ ငြိမ့်နေတာပေါ့လေ"

"ကျွန်တော်တို့ရဲ့ လေဒီဒေါက်တာလေး နေကောင်းတယ်နော်။ ပိုချော လှလို့ပါလား။ အတိုးနဲ့ ဂျူတီတွေပိုဝင်ပေးဖို့ ပြန်လာတာပါဗျာ"

တိတ်ဆိတ်စွာ အလုပ်လုပ်နေကြသူ နှစ်ဦးမှာ ခင်ဦးနွယ်နှင့် သက်ဇော်နိုင် သာ။ ဒေါက်တာယဉ်မျိုးက သတိပြုမိ သွားခဲ့သည်။ သက်ဇော်နိုင်ကို လှမ်းလို့

"ဟာ New A.S ရောက်နေတာ ထင်တယ်။ သူတို့ ပြောတာတွေ မယုံနဲ့နော် သူငယ်ချင်း"

သက်ဇော်နိုင်က နှာခေါင်းစည်းအထက်မှ ကျော်ကြည့်ကာ ဦးယဉ်မျိုးကို အကဲခတ်သည်။ သက်ဇော်နိုင်ထက် အသက်အရွယ်ရော လုပ်သက်ပါကြီးပုံ ရသည်။ အသားညိုညို၊ ဆံပင်က လည်ကုပ်ထိ အရှည်။ အရပ်က ၅ပေ ၆လက်မခန့် ရှိသည်။ တုတ်တုတ်ခိုင်ခိုင် ဖြစ်၏။ မျက်လုံးများက သဘောသကာ ပါကောင်းမယ့်ပုံ။ နှုတ်ခမ်းထူများကတော့ လောကကြီးကို သရော်ချင်ပုံဖြင့် ရယ်မောလိုက်လျှင်

www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းတစ်ဖက်က ကော့တက်သွားတတ်လေသည်။ သက်ဇော်နိုင် မျက်လုံး များမှုတ်စေသော သူ့ကို အသိအမှတ်ပြု ပြုံးနှုတ်ဆက်ရလေ၏။

"တော့"

မနွယ်က သူ့ကို စိတ်မရှည်သလို လှမ်းသတိပေးမှ သူ သွေးကြောကိုင် ထားသည့် ညှပ်ကလေးကို မ,ပေး ဖြစ်သည်။ ထိုညှပ်အောက်မှာ မိထားသော သွေးကြောလေးကို အပ်ချည်နှင့်ချည်ပစ်ဖို့ မမနွယ်က သူ့ကို စောင့်နေရလေသည်။ သူက ဒေါက်တာယဉ်မျိုးကို စိတ်ဝင်တစား ငေးကြည့်နေခဲ့သည်လေ။

"ဒေါ်ခင်ဦးနွယ်ရော အရင်အတိုင်းပါပဲလား ခင်ဗျာ"

မမနွယ် စိတ်နှောင့်အယှက်ဖြစ်သွားခဲ့သည်ကို သက်ဇော်နိုင် ခံစားသိနေ မိသည်။ ဦးယဉ်မျိုး၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာတိုင်း မမနွယ်၏ လှုပ် ရှားနေသောလက်များက သိသာရုံလေး တုံ့မလိုဖြစ်သွားကြသည်။ သည်တစ်ကြိမ် မှ ဦးယဉ်မျိုး၏အသံက ညင်သာ ယဉ်ကျေးလှ၍ တမင်ပြုပြင်ယူထားသလား ထင်ရသည်။

"အရင်အတိုင်းပဲလားဆိုတာ ဘာကို မေးတာပါလဲ ဦးယဉ်မျိုး"

မမနွယ်က သံမှန်ဖြင့် မော့မကြည့်ဘဲ ပြန်မေးခဲ့သည်။

ဦးယဉ်မျိုးက နှုတ်ခမ်းများ တစ်ဖက်ကော့သောအပြုံးဖြင့် .

"အရင်အတိုင်းကလိုပဲ ကျန်းခဲ့သာလို့ မာပါသလား။ ဘာညာ ဘာညာ ပါသလားပေါ့ဗျာ"

"ဘာညာ ဘာညာပါသလားက ပါသေးတယ်၊ ဆရာယဉ်တို့ကတော့ လေ"

နော်အေမီက ဝင်ပြောခဲ့သည်။ မမနွယ်က စိတ်လျှော့ပြေပြေဟန်ဖြင့် ပြည်းပြည်းသာသာ ရယ်မောလေသည်။

"အရက်ကတော့ ဖြတ်လို့ရချင်ရမယ်။ ငယ်ကျွင့်ကတော့ ဖျောက်လို့မရ နိုင်တော့ပါဘူး ထင်တယ်နော် ဆရာကြီး"

"ဟုတ်တယ်။ အဲဒါပြောမလို့ ဒေါ်ခင်ဦးနွယ်။ ကျွန်တော်အရက်ဖြတ်သွား ပြီနော်။ အားလုံးကို ကြေညာတာ။ ကျွန်တော့်အသည်းလေး မကြိုက်တဲ့အလုပ်ကို ကျွန်တော် လုံးဝ မလုပ်တော့ပါဘူး။ သူတို့ ကျွန်တော်တို့ ဆရာယဉ်လို့ ခေါ်နေသေး တာတော့ တားမြစ်ပေးရလိမ့်မယ်ထင်တယ် ဆရာကြီး"



ဆရာ ဦးယဉ်မျိုးက လစာမဲ့ခွင့်ဆက်ယူပြီး အရက်ကြောင့် အသည်းရောင် အနာကို အသည်းအသန်ခံလိုက် ရသေးသည် ကြားမှုထား၏။ ရန်ကုန် အသည်း ရောဂါ အထူးကုဌာနမှာ လအတန်ကြာ ဆေးခွင့်ဖြင့်သွားရောက် ကုသခဲ့ရသည်။ ကြည့်ရပုံကတော့ အသားအရေများ ဝိုပြည် ကျစ်လျစ်ကာ အရက်တော့ ဖြတ်လာ ပုံရလေ၏။

"ခေါ်ရမှာပဲ။ ဆရာက ယ ပက်လက်နဲ့ မယစ်ရရင် ရကောက်နဲ့ ရစ်နေဦးမှာပဲ"

နော်အေမီက ဆိုလေ၏။

ဒေါက်တာယဉ်မျိုး ခွဲစိတ်မှု လက်ထောက်အဖြစ် ဝင်နေသော သက်ဇော်နိုင်ရဲ့ နောက်ဘက်သို့ လာရပ်ကာ ခွဲစိတ်မှုကို စီးမိုး၍ကြည့်ခဲ့သည်။

"သြော် Splenectomy လား။ တောမှာတုန်းကတော့ လုပ်ရပါ့ဗျာ။ သစ် ပင်က လိမ့်ကျတာတို့ လှည်းနင်းတာတို့ ဘေထိဆိုရင် ကွဲရောဆိုတာ အဲဒါပေါ့။ မလေးရီးယားဘေဆိုရင် ထိတာနဲ့ ကွဲပြီ။ အသည်းအသန်ထုတ်ခဲ့သာ ခြင်ပေတော့"

သူ့စကားမှနေ၍ သူ့အတွေ့အကြုံကို သက်ဇော်နိုင် ခန့်မှန်းမိလေ၏။

"အဲဒီလို Splenic Rupture (ဘေလုံးကွဲခြင်း) ကြောင့် အသက်ကယ်ဖို့ အရေးပေါ်ထုတ်ရတာနဲ့ Hypersplenism (ရောဂါကြောင့် ဘေလုံးကြီးခြင်း) ကြောင့် အသက်ရှည်ရှည်နေရဖို့ ထုတ်ရတာက နည်းစနစ်မှာတော့ နည်းနည်း ကွာခြား တာပေါ့လေ"

ဆရာကြီးဦးအောင်မြင်က ဝင်ပြောခဲ့လေ၏။

"ဟာ ဟုတ်ပါတယ် ဆရာကြီး။ ကျွန်တော်တို့လို ရောင်စုံဆရာဝန်နဲ့ အစ်ရောင်တည်းခြယ်တဲ့ ဆာဂျင်လက်ရာချင်းကတော့ ဘယ်တူနိုင်ပါမလဲ။ ကျွန်တော် ဆရာကြီးရှေ့မှာ ဝန်ခံချက် အမှတ်တစ် ပေးနေပြီနော် မမအေမီ"

သည်စကားများက မမအေမီကို မဟုတ်ဘဲ ဒေါ်ခင်ဦးနွယ်သို့ ရည်ရွယ် ကြောင်း သက်ဇော်နိုင်ပင် သိမိလာခဲ့သည်။ မမနွယ်နှင့် ဆရာဦးယဉ်မျိုးကြား ဆိုးကွက်ကိုလည်း နားလည်လာမိသလို ရှိခဲ့သည်။ ဒေါက်တာဦးယဉ်မျိုးကိုမူ သက်ဇော်နိုင် ခင်မင်သဘောကျလာမိသည်။ လောကကြီးကို သရော်ပုံဟန် နှုတ် ခမ်းများ တစ်ဖက်တည်း ပြုံးတတ်သော ဦးယဉ်မျိုးတွင် စိတ်ကောင်းမနောကောင်း

www.burmeseclassic.com

www.burmeseclassic.com



လေးတော့ မိုးလင်းသည်။ သူ့ကို ဝမ်းသာအားရ ဆီးကြိုနှုတ်ဆက်သံများကပင် ဆူညံသွားသည်ဟု သက်ဇော်နိုင် ထင်မိလေ၏။

□

မြို့နယ် တိုက်နယ်ဆေးရုံလေးတွေမှာ ကျင်လည်ရင်း ဒေါက်တာယဉ်မျိုးရဲ့ လုပ်သက်က ၁၅နှစ်ကျော်ခဲ့ပြီ။ ဝန်ထမ်းဆရာဝန်တွေရဲ့ ဘဝမှာ စုံတတ်လှချေသည်။ ယဉ်မျိုး အလုပ်ဝင်စမှာ ရှမ်းပြည်နယ် မိုင်းဆတ်မြို့နယ်မှာ မြို့နယ်ဆရာဝန်အဖြစ်။ မြို့နယ်ဆရာဝန်အဖြစ် နှစ်နှစ်မျှ လုပ်ပြီးတော့ လက်ထောက် ဆရာဝန်အဖြစ် တာဝန်ကျသည်။ ပဲခူးတိုင်း သာယာဝတီမြို့နယ်ဆေးရုံမှာ ဖြစ်လေ၏။

ထို့မှတစ်ဖန် တိုက်နယ်ဆရာဝန်အဖြစ် မကွေးတိုင်းက ချောင်းကောက် တိုက်နယ်ဆေးရုံသို့ တာဝန်ကျပြန်သည်။ မြို့နယ်ဆရာဝန်အဖြစ် မြို့နယ်တစ်ခုလုံးက ကျန်းမာရေးဝန်ထမ်းများနှင့် တိုက်နယ်ဆေးရုံများကို အုပ်ချုပ်ခဲ့ကာ တိုက်နယ်ဆရာဝန် ဖြစ်ပြန်တော့ မြို့နယ်ဆရာဝန်ရဲ့ အုပ်ချုပ်မှုအောက်သို့ ခိုဝင်ရပြန်၏။ လက်ထောက်ဆရာဝန်အဖြစ်ကတော့ တာဝန်အပေါ့ပါးဆုံး။ အလုပ်များများ လုပ်ရန် လုပ်ရမှာဖြစ်ပေမယ့် ကန့်လန့်ကာ နောက်ကွယ်က မင်းသား ဖြစ်လေ၏။ ရှမ်းပြည်နယ် ကျောက်တော်မြို့နယ် ဆရာဝန်၊ တစ်ဖန်ရခိုင်မှာပဲ ကျွန်းလိတိုက်နယ် ဆရာဝန်။ သူ့ရဲ့အပြောင်းအရွှေ့ကို ကိုယ်ရေးရာဇဝင်မှာ မကြာခဏရေးသွင်းပေး တတ်တော့ တိုင်းကျန်းမာရေးဦးစီးမှူးရုံးမှ စာရေးကြီးကပင်

"ဆရာ ဆရာ့ရာထူးက ကျသွားတာလား။ တက်လာတာလား"

ဟု မေးရလေ၏။

ကျန်းမာရေးဦးစီးဌာနမှာ လုပ်နေသော စာရေးကြီးကိုယ်တိုင်ပင် ဆရာဝန်များရဲ့ ရာထူးအပြောင်းအရွှေ့ကို မျက်စိလည်ကြရသည်။

ယဉ်မျိုး တိုက်နယ်ဆေးရုံတစ်ရုံမှာ ရှိစဉ်က တိုက်နယ် အုပ်ချုပ်သော မြို့နယ်ဆရာဝန်မှာ ယဉ်မျိုးထက် လေးနှစ်မျှ နောက်ကျ၍ အလုပ်ဝင်ခဲ့သူ ထိုသို့အထက်အောက်တွင် မျက်စိလည်စရာဖြစ်ပေမယ့် စင်စစ်မူ လခလည်း အတူတူ။ လုပ်ပိုင်ခွင့်တွင်သာ များစွာ ကွာခြားသွားတတ်ခြင်းပေ။

ဆရာဝန် ဘဝ်ယ်တော့ လက်ထောက် ဆရာဝန် C.A.S Civil Assis Surgeon အဖြစ်က ရာထူးတက်မလဲဆိုတော့ လုပ်သက် အနှစ်နှစ်ဆယ် ပြည့်မှ ထင်ရတာပါပဲ။ အခြားအလုပ်အကိုင်တွေလို အလုပ်စာမေးပွဲရယ်လည်း



ဘွဲ့လွန် အောင်ပြီးရင်လည်း လုပ်သက်ငယ်ရင် လက်ထောက်ဆရာဝန်ပါပဲ။ အနှစ်နှစ်ဆယ် ပြည့်နေသော ဆရာဝန်တွေကို 'ဂျူး' တွေဟု အချင်းချင်း ခေါ်ကြ၏။ ရာထူးတက်ဖို့ due တော့ due နေပြီဆိုတော့ ဂျူးတွေပေါ့။ တိုင်းကျန်းမာရေး အစည်းအဝေး တွေမှာပြောတာ ကြားဖူးရသည်ကတော့ ဆရာဝန်များရဲ့ ရာထူးခန့်ထားမှုနှင့် ပတ်သက်၍ ပထမဆုံး စတင်ရေးဆွဲစဉ်က ယာယီသဘော ရေးဆွဲထားခြင်းဖြစ်ပြီး ထိုယာယီကိုပဲ ယခုထက်တိုင် သုံးစွဲဖြစ်နေသေးသဲဆိုပဲ။

သူ့အဖို့မူ မြို့နယ် တစ်ခုအား တာဝန်ယူ အုပ်ချုပ်ခြင်းကို နိုင်လည်းနိုင်နင်းသည်။ ကုသမှုတက်တွင်လည်း ရောက်ရာ တောဆေးရုံတွေမှာ မဖြစ်ဖြစ်သည့် နည်းနှင့် နည်းလမ်းရှာကြံကာ သူ အသက်ကယ်ပေးခဲ့သူပေါင်း များလှပြီ။ သူ့ကို မြို့နယ်တစ်ခုရဲ့ ရောဂါတိုက်ဖျက်ရေး အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ချပေးလိုက်တော့ သူ လုပ်ချင်တာတွေနှင့် တခြားစီဖြစ်သွားလေ၏။ သူက အုပ်ချုပ်ချင်၏။ ဆေးကုသပေးချင်၏။ ရောဂါတစ်မျိုးတည်းကိုပဲ ကြည့်ရသည့်ဘဝမှာ မပျော်ပိုက်နိုင်။ အဆေး ပြိုင်သက်သော ဆရာဝန်တွေနှင့်သာ သင့်လျော်သောထိုဌာနမှာ သူ့နေရာ မဟုတ်သလိုပေ။ သူ့ကို ကုသရေးဘက်သို့ ပြောင်းပေးဖို့ အတန်တန်လျှောက်ခဲ့တော့ မြေလတ်ဆေးရုံလေးသို့ လက်ထောက်ဆရာဝန်အဖြစ် ပြောင်းရွှေ့ရောက်ရှိခဲ့လေ၏။

မြေလတ်ဆေးရုံလေးမှာ သူ နေဖူးခဲ့သမျှ ဆေးရုံထဲမှာ အတော် အဆင် ပြေသောဆေးရုံ ဖြစ်လေ၏။ ဆေးရုံဝန်ထမ်းများအားလုံးအတွက် အိမ်ရာများရှိ သည်။ အချို့ဆေးရုံမှာတော့ ဆေးရုံအုပ်ဟု အလွယ်တကူခေါ်ကြသော မြို့နယ် ဆရာဝန်အတွက်ပင် အဲသည်ဆေးရုံသက်မှာ တစ်ကြိမ်မျှ အိမ်မရှိခဲ့ဖူးတာလည်း ရှိသည်။ မြေလတ်ဆေးရုံလေးမှာမူ ဆေးရုံဝန်ထမ်းစုလေးက ရွာလေးတစ်ရွာထဲမှ ရွာသူရွာသားတွေလို ဆေးရုံဟောင်းဝင်းထဲမှာ စုပေါင်းနေခွင့်သာကြပါလေ၏။

မြို့နယ် ဆရာဝန်ကြီးကို ချစ်ကြောက်ရိုသေကြသည်။ ကျန်ဆရာဝန်များ လည်း တလေးတစား နေရာပေးသည်။ မြို့နယ်ဆေးရုံလေးများရဲ့ ဝရိုက်ပေ မြေလတ်မှာတော့ ထိုစရိုက်ကြောင့် အပြင် ဆရာဦးအောင်မြင်၏ ဝန်ထမ်းများအပေါ် စရိုက်ရှိမှုကလည်း ပါခဲ့သည်။ ဘယ်မှုကရိုက်ရှိသလည်းဆို ဆရာဦးအောင်မြင် မှာ စာရင်းရေးမှတ်မထားသော အကြွေးစာရင်းရှည်ကြီး ရှိသည်ဆိုပဲ။

မြေလတ်ဆေးရုံသို့ ရောက်လာသည့်အချိန်မှာ သူက အတော်ပင် ယစ် နေပြီ ဖြစ်၏။ သူက ခပ်ယဲ့ယဲ့တွင် ဆာကျစ်က အုံးညိုယ်ပ် မိန်းမတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



[illegible] သူ တောမှာ လုပ်ခဲ့သမျှအားလုံးကို နားထောင်ခဲ့သည်။ [illegible] အောင် Training ပေးပါမည်တဲ့။ နောင် အခက်အခဲမရှိအောင်ပါ။ [illegible]တော လူနာ တစ်ယောက်နဲ့တစ်ယောက် ရောဂါတူတဲ့တိုင် မမျှော်လင့်တဲ့ [illegible]ဆိုတာ ရှိနိုင်ပါတယ်ဆိုပဲ။ ဒေါ်ခင်ဦးနွယ်က ဆိုခဲ့သည်။ သူ ခပ်ဟက်ဟက် [illegible]လေ၏။ စနစ်တကျ မဟုတ်ခဲ့လို့ မခွဲစိတ်ခဲ့ရင် သူ့တာဝန်ကျခဲ့တဲ့ မြို့တွေမှာ [illegible] ရှာတဲ့သူတွေ များခဲ့ပေမှာပေါ့။ နီးရာဆေးရုံကြီးသို့ ခရီးအဆင့်ဆင့် ပြေးပြီး စနစ်တကျ ကုသမှုခံယူပါ ပြောလိုက်ဖို့က အလွယ်ဆုံးမှန်း သိသည်။ မသွားနိုင်သည့် နွမ်းပါးလူနာအတွက် သို့မဟုတ် လမ်းခရီးမှာ တစ်ခုခုဆိုတာကတော့ ကမ္မသကာပဲ မှတ်ရတော့မှာလား။

သူက သည်လို ပြောလိုက်သောအခါ ဒေါ်ခင်ဦးနွယ်က မျက်နှာနီမြန်းကာ ချာခနဲ လှည့်ထွက်သွားခဲ့ပါလေ၏။ သည်တော့မှပင် သူမ မိန်းမပီသွားခဲ့ရတော့သည်လေ။

□

ဆေးရုံရှိနိုင်ပြီးသော ညနေ ၄ နာရီတွင် လက်ထောက်ဆရာဝန် သုံးဦးသား မန်ကျည်းပင်တန်း လမ်းကလေးတစ်လျှောက် လမ်းလျှောက် ပြန်လာခဲ့ကြသည်။

ဆေးရုံပေါင်းဝင်းရဲ့ ဝန်ထမ်းအိမ်ရာမှာ ဆေးရုံနှင့် တစ်ဝင်းတည်း မဟုတ်ပေမယ့် သီးသန့်ဆန် ဆိတ်ငြိမ်မှုမှာတော့ ခြားနားမှုမရှိပါ။ ရဲစခန်းဝင်း အထက်တန်းကျောင်းဝင်းတို့ကို ကျော်ခဲ့လျှင် ဆေးရုံပေါင်းဝင်းသို့ ရောက်လာတော့သည်။

ဒေါက်တာယဉ်မျိုး မြေလတ်မြို့က ဆေးရုံရွာလေးကို နှစ်သက်သဘောကျသည်။ ဆရာကြီး ဦးအောင်မြင့်မှာ သမာသမတ်ရှိလှသူ။ သူ စည်းလွတ်ကာ ယစ်သွားမိတာနှင့် ဆရာကြီးခေါ်တွေ့ပြောခဲ့ရသည့် တစ်ကြိမ်တော့ရှိခဲ့သည်။ နောက်တော့ သူ့မှာ ယစ်သက်သိပ်မရင့်သေးပေမယ့် အသည်းက စကားတွေပြောလာခဲ့တော့၏။ သောက်သုံးသည့်ပမာဏက များခဲ့မိပေတာကိုး။ အသည်းရောင်ကိုင်းနာကျင်လာခဲ့သည်။ အစာမစားနိုင်။ မျက်လုံးတွေဝါ၊ ဆီးတွေဝါ။ တစ်ကိုယ်လုံးဝါ။ အသည်းမှ သွေးတိတ်စေသော ဓာတ်တစ်မျိုး မထုတ်လုပ်နိုင်တော့သည့် လက္ခဏာ အဖြစ် နှာခေါင်းသွေးယို စီးကျခဲ့တာ မရပ်မနားပေ။ သူ ရန်ကုန်သို့ ဆေးကုသခဲ့ရပါလေ၏။



အသည်းရောဂါ အထူးကုဌာနမှာ တစ်လကြာအောင် ဆေးရုံတက်ရသည်။ လူကောင်းသူကောင်းတွေ စိတ်နာဖို့ကောင်းသည်က အရက်ကြောင့်ဖြစ်သော အသည်းရောင်ရောဂါက အခြားအသည်းရောင်ရောဂါတွေထက် ကုစားပျောက်လွယ်လှခြင်းပင်။ အရက်သာဖြတ်လိုက်မယ် ဆိုရင်လေ။ သူလည်း အရက်ဖြတ်ခဲ့သည်။ အရက်မဖြတ်ရင် အသက်မရှည်တော့မှာ သူ သိသည်လေ။ သူ့ကို အားကိုးနေရသော အမေအို၊ အဒေါ်အိုနှင့် ညီမတစ်ယောက်က ရှိသေးသည်။ ညီမက ဘွဲ့ရကာ ကွမ်းခြံကုန်းမှာပင် ကျောင်းဆရာ လုပ်နေခဲ့သည်။ ဆရာမ ဟုတ်။ 'ဆရာ'ဟုခေါ်မှ ကြိုက်သည်။ ယောကျ်ားစိတ်ဝင်နေသူလေ။ [illegible]မယူချင်းယူရင် ယဉ်မျိုးက ဖြတ်ယူမှာမဟုတ်ကဲ့ ထိုညီမကသာ မိန်းမယူဖြစ်တော့မည့် အခြေအနေ။

စက်ဘီး(လ်)မြည်သံလေးများ ပေါ်လာခဲ့၏။ လမ်းလေးမှာ ဖြန့်လျှောက်လာကြသော သူတို့လူစု ဖရိုဖရဲ တိမ်းရှောင်လိုက်ကြသည်။ B.M.X စက်ဘီးလေး သုံးစီးက ရယ်မောဆူညံစွာ သူတို့ကို ကျော်တက်သွားကြ၏။ ဆေးရုံရွာထဲက ဆယ်ကျော်သုံးယောက်။ မမအေးမိ၏သား။ ဒေါ်ခင်မြသီတာရဲ့သားလတ်နှင့် ဒေါ်ခင်ဦးနွယ်ရဲ့သားငယ်ပေ။ အားလုံးထဲမှာ ကိုယ်လုံးကိုယ်ထည်ထွားထွားဖြင့် ပြုံးချိုနေတတ်သော ကလေးမှာ ညီသူပေ။ ညီသူက သူတို့ကိုကျော်တက်သွားရာက B.M.X စီးကို ရှေ့ဘီးထောင်လျက် ၁၈၀ ဒီဂရီလှည့်ကာ သူတို့ထံ ဦးတည်စီးလာခဲ့သည်။ နီးရောက်တော့ ဖြည်းဖြည်းစီးရင်း –

"ဦးတို့ ဆေးရုံက ပြန်လာကြပြီလား။ မေမေရော အလုပ်မပြီးသေးလို့လား"

အားလုံးကို ပြုံးကာ သက်ဇော်နိုင်သို့ မေးခဲ့သည်။

"ပေးရှင့် ကြည့်နေသေးလို့ကွ။ အခု လာခဲ့တော့မှာပါ"

လက်ထောက်ဆရာဝန် အသစ်လေးက ဖြေခဲ့ပေ၏။ ညီသူက သူ့လက်မှ [illegible]နာရီလေးရဲ့ ခလုတ်ကို နှိပ်လိုက်သည်။ ဒုံးပုံတက်သံလေး မြည်လာခဲ့ကာ နာရီနှင့်မိနစ်ပေါ်လာခဲ့ပေ၏။

"မိုက်တယ်နော် ဦး"

ညီသူက ကျေနပ်စွာ ပြောသည်။ ယဉ်မျိုးက ညီသူနှင့် သက်ဇော်နိုင်တို့ရဲ့ မျက်နှာပေါ်က ဆင်တူအပြုံးများကို စိတ်ဝင်တစား ကြည့်နေခဲ့မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"စက်ဘီးလျှောက်စီးလိုက်ဦးမယ် ဦး"

"ခုနလို စတန့်ထွင် စီးတာမျိုး မလုပ်နဲ့တော့ကွာ။ ညီသူ စီးတတ်တာ ဘော်ဒါတွေအားလုံး သိပြီးပြီပဲ။ မမနွယ်ကတော့ မသိသေးဘူး။ နောက်တစ်ခါ မြင်ချင်တော့ ဦး ပြောပြလိုက်တော့မယ်"

"ဟာ ဦးကလည်း အဲဒါ လျှို့ဝှက်ချက် ထားလိုက်ပါ"

"ဒီတစ်ခါပဲ ထားတော့မှာ"

သက်ဇော်နိုင်က သူကိုယ်တိုင် သတိပြုမိဟန်မတူဘဲ ထိုကလေးနှင့် ချစ်ခင်နှစ်လိုစွာ စကားပြောနေခဲ့ခြင်းပင်။

"အင်းပါ ဦးရဲ့"

ညီသူ သူငယ်ချင်းများနောက်သို့ B.M.X အပြေးနင်းလိုက်သွားခဲ့လေ၏။

"ညီသူက သိပ်ချစ်စရာကောင်းတယ်နော်။ မိန်းကလေးများဖြစ်လိုက်ရင် ကောင်းမှာ။ မမအတွက် အဖော်ရတာပေါ့"

မူယာတင်က ရယ်သံသာသာလေးနှင့် ပြောလေ၏။

ဦးယဉ်မျိုးက သူ့အတွေးနှင့်သူ ရယ်မောသည်။

သက်ဇော်နိုင်က ဘာမျှဝင်မပြောခဲ့ပေ။ သူရောက်ပြီကတည်းက ဦးသက်ဇော်နိုင်နှင့် ဒေါ်မူယာတင်တို့ မဆွေးနွေးကြတာ သတိထားမိသည်။ မိန်းမတစ်ယောက်ကို မိန်းမတစ်ယောက် ဆိုတာထက် ပိုမျှော်လင့်လို့မရ။ မိန်းမတစ်ယောက်ထံမှ ဘယ်လိုစိတ်သဘောကြီးမြင့်မှုကိုများ ကိုယ့်ညီက မျှော်လင့်နေသေးသည် မသိ။ ဦးသက်ဇော်နိုင်ကို သူဖြည်းဖြည်းမှ ပညာပေးရဦးမည်ပေ။

"မဟုတ်ဘူးဗျ။ ယောက်ျားလေးနှစ်ယောက်ပဲ ကောင်းပါတယ်။ ဒေါ်ခင်ဦးနွယ် တော်တယ်နဲ့ မြို့ကရိုးကျူးကြတာ ခွဲစိတ်ကောင်းလို့ ဘာညာလျှောက်ပြောနေကြတာ။ ကျွန်တော် ထင်တာတော့ သားချောချောတွေရည်း မွေးထည့်လိုက်တာကို တော်တယ်ပြောချင်တာ ဖြစ်မှာဗျ"

အသံဝါကြီးဖြင့် အားရပါးရပြောလိုက်သော ဦးယဉ်မျိုးကို မူယာက

"ပြောတော့မယ်။ ဆရာယစ်ကြီးကတော့လေ"

ဟု အသံလွင်လွင်လေးဖြင့် ရယ်မောရင်းဆိုခဲ့သည်။

သက်ဇော်နိုင်ကမူ လိုက် မရယ်မောချင်။ ဆရာယဉ်မျိုးက လောကကြီးနှင့် လူတချို့ကို သရော်ချင်သူပေ။ ဒေါ်ခင်ဦးနွယ်က လောကကြီးရဲ့ တစ်တောင်



...မှာ လူမမြင်အောင် ကပ်ရပ်ကာ ရဲရဲ့ယောင်ဖြင့် လောကကြီးထဲသို့ မျက်စိစုံမှိတ်ကြည့်နေသူနှင့် တူလေ၏။ ထို ဒေါ်ခင်ဦးနွယ်ကိုမှ ဦးယဉ်မျိုးက မြင်လေသည်။ ...နွယ်နှင့် ဆရာယဉ်မျိုးကြားထဲက တင်းမာမှုကို သက်ဇော်နိုင် ခေါင်းယမ်းကာ ...တ်ပျက်မိရတော့သည်။

□

သက်ဇော်နိုင် ဆေးခန်းကပြန်လာ ညစာစားပြီးခဲ့လျှင် ညဘက်မှာ ...အားလပ်သည်။ အတူလိုက်နေပေးသော ဖေဖေ့တပည့်ဟောင်း ဦးလေးကြီးက ...ကုန်ခေတ္တပြန်သွားခဲ့သည်။ သူတစ်ယောက်တည်း ဖြစ်နေခဲ့၍ ညစဉ်တိုင်း ဆေးရုံ ...သို့ လျှောက်သွားဖြစ်နေခဲ့သည်။

ဆရာဦးယဉ်မျိုးက အဖော်မပါ တစ်ကိုယ်တည်းနေသူ။ သူ ကဲ့သို့ပင် ...ဆေးရုံပျော်တစ်ဦးဖြစ်နေခဲ့သည်။ သူတို့နှစ်ဦး အတွဲညီသွားကြသည်။ ဘယ်သူ ...ဂျူတီဖြစ်ဖြစ် အတူသွားပြီး ဆေးရုံတစ်ပတ် လူနာလှည့်လည်ကြည့်ကြသည်။ ...သူတို့ဂျူတီမဟုတ်သော ဒေါ်မူယာ့ဂျူတီမှာလည်း ရောက်ချင် ရောက်ဖြစ်သည်။ ...အရေးပေါ်ရောက်လာသော လူနာများကို ကူညီဖြေရှင်းပေးကြသည်။ အေးဆေး ...လျှင် စကားထိုင်ပြောဖြစ်သည်။ ညဉ့်မှောင်မှ အတူပြန်လာခဲ့ကြမြဲပေ။

တစ်ည သက်ဇော်နိုင်ရဲ့ ဂျူတီညဉ့်ဦးယံမှာ အရေးပေါ်လူနာတွေဖြင့် ...အခြေအနေ ရှုပ်ထွေးသွားခဲ့သည်။ ကားအက်ဆီးဒင့်တစ်ခုအတွက် ဆေးခန်းသို့ ...(စ)ပက်(ချ) တအုပ်ဖြင့် လှူလှတ်ခေါ်ခဲ့တာဖြစ်၏။ ဆယ်နှစ်အရွယ် ယောက်ျား ...လေးတစ်ဦး လက်ကျိုးသွားခဲ့သည်။ သက်ဇော်နိုင်က မေ့ဆေးဖြင့် ကျောက်ပတ်တီး ...စည်းပေးနေဆဲ လူနာတွေ ရှေ့ဆင့်နောက်ဆင့်ထပ်ရောက်လာခဲ့သည်။ သတိလစ် ...နေလု သွေးတိုးရောဂါရှင် အဘိုးတစ်ယောက်နှင့် ရင်ကျပ်ပန်းနာသည်တစ်ဦး။ ...သက်ဇော်နိုင်ကိုယ်တိုင် လူနာတွေကို ဝိုင်းကူဆေးထိုးပေးနေစဉ် ဆရာယဉ်မျိုးက ...ရောက်လာခဲ့သည်။

"Asthma ကို ကိုယ်ကြည့်ပေးမယ်၊ သူငယ်ချင်း CVA ကိုပဲကြည့်တော့"

ဦးယဉ်မျိုး ရောက်လာခဲ့၍ သက်ဇော်နိုင် အားရှိသွားမိသည်။ အရေးပေါ် ...လူနာများ ဆက်ရောက်လာခဲ့သေး၏။ ဦးယဉ်မျိုးစားပွဲမှာ ထိုင်ရတော့ ညဉ့် ...နက် ရှိသွားခဲ့ပြီ။

"လက်တွေတောင် တုန်လာပြီ ဆရာရေ။ ဗိုက်ဆာလွန်းလို့ သွားမဖြည့်

www.burmeseclassic.com

www.burmeseclassic.com

လို့ မဖြစ်တော့ဘူး"

ဝတ်(၆) ဒေါ်မြင့်ကြည်က အိမ်က လာပို့သွားသော ထမင်းချိုင့်လေးကို သွားဖွင့်သည်။ သူက ထမင်းစားပြီးမှ လာခဲ့သည်။ သက်ဇော်နိုင်က မစားရသေး။ အချိုင့်ကြီးပြီး တက်လာသော ကလေးတစ်ယောက်ကို ဆေးထိုးပေးနေသေးသဲ့ ဦးသင့်မျိုးက စီးကရက်တစ်လိပ်ကို မီးညှိဖွာသည်။ မီးခိုးများကြားမှ သက်ဇော်နိုင်ကို ကြည့်တာ ပြုံးလေ၏။ ဒေါ်မြင့်ကြည် ခပ်လှမ်းလှမ်းမှာ ထမင်းသွားစားသည်နှင့် သူ စကားစလေ၏။

"ကိုယ့်ညီက အားလုံးရထားတာပဲ နော်"

"ဘာကိုလဲ အစ်ကို"

သက်ဇော်နိုင်က လက်ဆေးနေရင်းက မေးသည်။

"ဒေါ်ခင်ဦးနွယ်ရဲ့ ထရိန်နင်တွေကိုပေါ့။ ဆေးကျင်ကို ကိုယ် အဲဒါတစ်ခု တော့ သဘောကျတယ်။ အရေးကြီးရင် ဘယ်သူ့ကိုမှ မစိုင်းဘူး။ ကိုယ်တိုင် ဝင်လုပ်တာကိုလေ။ ပေးရှင့်ကများ။ ဝပ်(၁)ထဲမှာ နပ်(စ)တစ်ယောက်တည်းနဲ့ ဘယ်ပြီးနိုင်တော့မလဲ။ ချက်ချင်းလုပ်ရမှာတွေကို သူကိုယ်တိုင် လုပ်တတ်တယ်။ ဆေးပါဝင်ထိုးပေးတတ်သေးတယ်"

"ကျွန်တော်လည်း အဲဒီလိုပေးရှင့်နဲ့ ထိတွေ့ပြီး လုပ်ရတာကို သဘောကျ လို့။ စာရွက်ထဲမှာ ဒါတွေလုပ်လိုက်ပါလို့ ရေးပဲရေးရတာ အားမရဘူး။ ကိုယ်တိုင် လုပ်လိုက်ရမှ အားရတယ်။ အားလုံးတော့လည်း မလုပ်နိုင်ပါဘူး အစ်ကို။ အရေးကြီးလူနာလောက်ပေါ့"

"အဲဒါတောစရိုက်ကွ။ ကိုယ့်တောမှာကျခဲ့တုန်းကဆို တစ်ခါတလေ ကိုယ်တစ်ယောက်တည်းရှိတာ။ ကိုယ်မလုပ်မပေးရင် လူနာကို လုပ်ပေးမယ့် တခြား လူ မရှိတာမျိုး၊ ခဏခဏ ကြုံဖူးတာ။ ကိုယ်တိုင် ဝင်ကြတတ်လို့ ဆေးကျင့်ကို ကိုယ် အဲဒါတစ်ခုတော့ သဘောကျတယ်"

"အစ်ကို ဆေးကျင့်ကိုပေးတဲ့ ရှားရှားပါးပါး အမှတ်တစ်မှတ်ဆိုပါတော့"

သက်ဇော်နိုင် ရယ်ဟာဟ ပြောခဲ့သည်။

"အဲဒါ တကယ်ပဲ ကိုညီ။ ကိုယ်သဘောမကျတာ ပိုများနေတယ်"

"ဒေါ်မူယာတင်ကိုတော့ အစ်ကိုက အမှတ်အပြည့်ပေးပေါ့ ဟုတ်လား"



သက်ဇော်နိုင် အပြုံးသဲ့သဲ့ဖြင့် စုံစမ်းလျှင် ဦးသင့်မျိုးက ရယ်မောသည်။ ဒေါ်မူယာနှင့်မူ တမင်ပျော့ပျောင်း ညင်သာထားသော အသံမျိုးဖြင့် အစ်ကိုပြော တတ်သည်။ ပြောရင်းက မူယာမမြင်အောင် သက်ဇော်နိုင်ကို မျက်စိတစ်ဖက်မှိတ် ပြတတ်သေး၏။

"ဒေါ်မူယာက သိပ် မိန်းမပီသတယ်လေ။ မိန်းမဆိုတာ ဒီလိုပဲဖြစ်ရမှာ ကိုညီရဲ့။ အတွေးတိမ်ရမယ်။ သဘောထားသေးသိမ်ရမယ်။ မာယာများရမယ်။ တောက်ကျစ်ရမယ်။ စပ်စုရမယ်။ အတင်းအဖျင်း ပြောရမယ်။ အဲဒါ မိန်းမရဲ့ ဂုဏ်သတ္တိတွေပဲ။ မိန်းမတစ်ယောက်ဖြစ်ပြီးမှ စိတ်သဘောထား သိပ်မြင့်မြတ်ချင် သို့ မရဘူး။ မြင့်မြတ်ချင်ရင် အစကတည်းက ယောက်ျားဘဝကို ရအောင်ယူခဲ့။ မိန်းမဖြစ်လာပြီးမှ သိပ်ထူးချွန်ပြောင်မြောက်ချင်နေတာမျိုးက အမြင်မတော်ပါဘူး။ အဲဒါ ကိုယ့်ခံယူချက်ပါပဲ။ ဒေါ်ခင်ဦးနွယ်က မိန်းမနဲ့တူတာဆိုလို့ လှတာရယ်၊ အာတွေရဲ့အမေဖြစ်တာရယ်ပဲ ရှိတယ်။ မိန်းမမပီသဘူး။ ကိုယ့်တာဝန်နဲ့ကိုယ် မနေဘဲ ယောက်ျားတွေရှေ့ကို ခြေတစ်လှမ်းရောက်အောင် တွေးခေါ်မြော်မြင် အသိဉာဏ် ကြီးမိုက သူ့အလုပ်မှမဟုတ်တဲ"

"အစ်ကို့ အယူအဆက အစွန်းရောက်မနေလွန်းဘူးလား"

"ရောက်ချင်လည်း ရောက်လေ။ အဲဒါကို ကိုယ်က ကြိုက်တာကိုး"

သက်ဇော်နိုင် ပခုံးနှစ်ဖက်ကို တွန့်မိသည်။

"တစ်ခုရှိသေးတယ်။ ကိုညီလည်း ခုလောက်ဆိုရင် နားရည်ဝနေရောပေါ့။ နာရာကို သူ တမ်းတစောင့်စားနေတဲ့ အသံလေ။ ဟိုကဖြင့် နောက်အမျိုးသမီး နဲ့ ကလေးတွေတောင်ရနေပြီ ကြားတယ်။ ဒေါ်ခင်ဦးနွယ်က သူ့ယောက်ျားအကြောင်း ဆို လွမ်းကောင်းတုန်းပဲ။ မိန်းမတွေများ နှာခေါင်းမပါရင် မစင်တောင်စားမယ် ဆိုတာ တကယ့်ကို အမှန်တရားပဲ"

အစ်ကိုကတော့ အပြောရက်စက်သည်။ အစ်ကိုနှင့် မမနွယ်တို့ လက်တွဲ အလုပ်လုပ်လို့မကြေတာ သည်လိုတော့ဖြင့် မဆန်းပါလား။ တစ်ယောက်က ယောက်ျားဝါဒခံယူသူဖြစ်ပြီး တစ်ယောက်က ဖွင့်ဟဝန်မခံပေမယ့် ယောက်ျားတွေ ကို ရွံစိတ်တစ်ဝက်၊ နာကြည်းစိတ်တစ်ဝက်ဖြင့် ရှိနေလေမည့်သူ။ ဘယ်သူတွေမှ လည်း အခန့်သင့် အဆင်ပြေကြလိမ့်မည် မထင်။

□

www.burmeseclassic.com

www.burmeseclassic.com



သက်ဇော်နိုင်မှာ မောင်မောင်အေးနှင့် ကြူကြူတို့ကဲ့သို့ နှယ် အားထားရသော လက်ထောက်တစ်ယောက်အဖြစ်သို့ လျင်မြန်စွာ ရောက်ရှိလာခဲ့သည်။ သက်ဇော်နိုင် ဂျူတီညမှာ နှယ် အိပ်ရာက ထရသောအကြိမ် နည်းလာခဲ့သည်။ အရေးပေါ် ခွဲစိတ်ခန်းဖွင့်ဖို့လိုသည့်အခါ ဦးအောင်မြင့်နှင့် ဆာဂျင် နှယ့်ကို သက်ဇော်နိုင်က အကြောင်းကြားမြဲ ဖြစ်သည်။ သူ့အကြောင်းကြားစာမှာ ရှင်းရှင်းလင်းလင်း ရှိသည်။ သူ့ ဆုံးဖြတ်ချက်များ တိကျမှန်ကန်သည်။ သူ့အကူအညီခေါ်ခဲ့လျှင် နှယ်ပါ ပါဝင်ကူညီခွဲစိတ်ပေးရသော အခက်အခဲကေ့(စ်)မျိုးဖြစ်တာ သေချာလှသည်။

တစ်ခါတစ်ရံ သူ့ညမှာ ခွဲလူနာ ဆက်နေခဲ့လျှင် သူ လှမ်း၍ အကြောင်းကြားစာအောက်မှာ 'ကိုယ် လာပေးရမလား။ လိုရင်ခေါ်ပါ' ဟု ခင်ဦးနှယ် အကူလက်ကမ်းသည့်ကိုပင် 'လိုရင်ခေါ်ပါမယ်' ဟုသာ အကြောင်းပြန်ရေးတတ်သည်။ သက်ဇော်နိုင်မှာ ခွဲစိတ်ဆရာဝန်အဖြစ် ဆေးရုံမှာနေရလျှင် ပျော်ပိုက်နေလေ၏။ မောင်မောင်အေး၊ ကြူကြူနှင့် သက်ဇော်နိုင် ကွာခြားချက်ပင်။ မောင်မောင်အေးက ကလေးအထူးကု ဆရာဝန် ဖြစ်ချင်ကာ ကြူကြူကတော့ အထွေထွေရောဂါကု ဆရာဝန်အဖြစ်ပဲ နေတော့မယ် ဆိုခဲ့လေ၏။ ခွဲစိတ်အထူးကု ဖြစ်လိုသော သက်ဇော်နိုင်၏ ကြိုးစားမှုက ပိုခဲ့လေသည်။

"ကိုယ့်ကိုညက လာခေါ်ရောပေါ့ကွာ။ ညဂျူတီမှာ မေဂျာအော်ပရေရှင်းနှစ်ခုတောင် ဆက်တိုက်ဆိုတော့ ပင်ပန်းမှာပေါ့"

"ကျွန်တော်နဲ့ မမနှယ်က ဝပ်(ဒ်) တစ်ခုတည်းဆိုတော့ နှစ်ယောက်စလုံး အိပ်ရေးပျက် ပင်ပန်းလို့မဖြစ်သေးဘူး။ နောက်တစ်ရက်မှာ ဝပ်(ဒ်)ထဲကပေရှင့်ကွေအတွက် တစ်ယောက်တော့ ရှိမှဖြစ်မှာ။ ကျွန်တော်က နေ့တစ်ဝက် off ယူမယ်။ မမနှယ်က မရဘူးလေ"

တစ်ခါကလို သူ့ရဲ့ခံစားထိခိုက်မှုများကိုသာ မတွေးတော့ဘဲ အခြားလူနာတွေအရေးကို သူ တွေးတတ်လာခဲ့သည်။

မှုယာတင် နှယ့်ကို မကြာမကြာ စာရေးအကြောင်းကြားတတ်သည်။ တော့ ဆာဂျရီ သူမ မကျွမ်းကျင်ပေ။ သည်အတွက် မှုယာ့ကို နှယ် အမြဲမဆိုပါ။ ဆေးရုံသက်မှာ စာမကိုင်နိုင်သော အမျိုးသားဆရာဝန်များပင် နှယ် ကြို... ပြည့်သူ့ကျန်းမာရေး၊ ကျောင်းကျန်းမာရေး စသည်မှာ တာဝန်ကျခဲ့၍ စာမကိုင်



ဖြစ်တာ ထားတော့။ ဆေးရုံမှာလုပ်ပါလျက် စာရေးရောင်တိမ်းချင်သော အမျိုးသားဆရာဝန်များပင် ရှိသည်လေ။ မှုယာကမူ မကျွမ်းပေမယ့် ကြိုးစားချင်သေးသည်။

သူမ အကြောင်းကြားစာရေးရင် သူမ အင်္ဂလိပ်လိုအရေးအသားက မှပ်တွေးကာ ပွင့်ပွင့်လင်းလင်းမရှိ။ နှယ့်ကို အသိပေးရုံ အကြောင်းကြားတာလား။ နှယ်လာကြည့်ပြီး ခွဲစိတ်ဖို့ ဆုံးဖြတ်ပေးရမှာလား။ နှယ်ကိုယ်တိုင် ပါဝင်ခွဲစိတ်ပေးရမှာလား။ သူမ သည်လို ပွင့်လင်းစွာ အကူအညီတောင်းလိုပုံမရ။ ဘယ်လိုပဲ ဖြစ်ဖြစ် မှုယာ့အရေးအသားတွေတွေကို ဖတ်ပြီး နှယ် ဆေးရုံကို အပြေးအလွှား သွားမိမြဲ။ သုံးအကြောင်းကြားသည့်ကိုပဲ ကျေးဇူးတင်ရသည်။ မာနဖြင့် နှယ့်ကို ကျို့ရသည်ဟုထင်ကာ မခေါ်ဘဲထားခဲ့ရင် မနက်ကျတော့ အခြေအနေက ဆိုးချင်ဆိုးနေမည်။ လူနာအတွက်ရော နှယ့်အတွက်ပါ မကောင်း။

သက်ဇော်နိုင်နှင့် ဆန့်ကျင်စွာ နှယ့်ကို အစဉ် လှမ်းခေါ်တတ်သူကတော့ ဦးယဉ်မျိုး။ သူလည်း လုပ်နိုင်ကာ 'လုပ်လိုက်ပါ'ဟု နှယ်ကလည်း ခွင့်ပေးမည့် ကေ့(စ်)မျိုးမှာ 'ဆာဂျင်ကိုယ်တိုင် လာကြည့်ပါရန်'ဟု သူ့လက်ရေးတွေဖြင့် ထင်ထင်ရှားရှားကြီး ရေးသွတ်တတ်သည်။ နှယ်လာကြည့်ကာ သူ့ကိုထားပြီး ပြန်ဖို့ ပြင်လျှင်

"ဟုတ်ကဲ့၊ ကျွန်တော်အရေးပေါ်လိုခဲ့ရင် ဒေါ်ခင်ဦးနှယ်ကို ခေါ်ပါရစေနော်"

ဟုရိုကျိုးသော အမူအရာဖြင့် သူပြောတတ်သည်။ နှယ် ပြန်အိပ်လို့ မပျော်တပျော်မှာ

"ဆာဂျင်ခင်ဗျား ဆာဂျင်ခင်ဗျား"

ဟူသော အော်ခေါ်သံများနှင့်အတူ အဘချက် အကြောင်းကြားစာအုပ်လေးကိုင်၍ ရောက်လာတတ်ပြီ။ စာအုပ်ထဲမှာ နပ်(စ်)လေးတစ်ယောက်ယောက်က အင်္ဂလိပ်လိုရော မြန်မာလိုရော ရောကျော်ရေးထားသော အကြောင်းကြားစာလေး ပါလေ၏။

"ဆရာက On Glove ဖြစ်နေလို့ ကျွန်မကို အကြောင်းကြားခိုင်းပါတယ်။ Bleeding များလို့ မမဆာဂျင် ကို Operation လာကြည့်ပေးပါ။ Patient က Shock ရချင်သလိုလို ဖြစ်နေပါတယ်ရှင့်"

နှယ် အိပ်ရာက ထပြေးလာခဲ့ရသည်။ သိရောဘာ...ရောက်လျှင်

www.burmeseclassic.com

www.burmeseclassic.com



"အားနာလိုက်တာဗျာ။ အခုန Bleeding တွေ သိပ်များသွားလို့ ကျွန်တော် မနိုင်လုနီးပါးဖြစ်သွားလို့ လှမ်းအကြောင်းကြားလိုက်မိတာပါ။ ဆာဂျင်ရှိရဲ့သားနဲ့ ဆာဂျင်ကိုအကြောင်းအကြားဘဲ တစ်ခုခုဖြစ်သွားခဲ့ရင် ကျွန်တော့်မှာ တာဝန်ရှိပါတယ်လေ။ အဲဒါကြောင့်ပါ။ ဒေါ်ခင်ဦးနွယ် ပြန်ချင်ပြန်ပါတော့။ ကျွန်တော် နောက်တစ်ခါ လိုမှပဲ"

နွယ်မပြန်ရဲတော့ပြီ။ နားနေခန်းထဲက ခုတင်မှာ သူ့ခွဲစိတ်တာ စိတ်ချရသည့်အဆင့်အထိ လှဲရင်း စောင့်နေရပါလေ၏။ ခွဲစိတ်ပြီးသွားသောအခါမှ ဦးယဉ်မှိုင်းက ရယ်ဟာဟာဖြင့်

"သိပ်အားနာတယ်ဗျာ။ ကျွန်တော်က ဒီည ဂျူတီပြီးရင် မနက်ဖြန်နေ့ဝက် off ရတာ။ ဒေါ်ခင်ဦးနွယ်က မနက်ကို ဝပ်(ဒ်)ထဲ လာဦးမယ်။ မနက်ဖြန်ညအရေးပေါ်နဲ့ ဆေးရုံမလာရဘူးလည်း မပြောနိုင်ဘူး။ အေးဗျာ ဆာဂျင်ဆိုတာ သိပ်ပင်ပန်းတယ်နော်"

ဟု နွယ် ပြောရမယ့်စကားတွေ သူပဲ ပြောသွားတတ်လေသည်။ သူ့ပညာပြမှန်းသိလျက် နွယ်က ဘာမှပြန်မပြောသာဘဲ ရှိနေခဲ့သည်။ နွယ် လူနာစမ်းသပ်ကြည့်ပြီး ဆာဂျင်ကို မလိုအပ်ဘဲခေါ်၊ ပညာရှိန်ပ်စက်တာဟု နွယ်က စွပ်စွဲလျှင် သည်ကိစ္စက ကြီးကျယ်သွားမည်။ ခွဲစိတ်ကုတင်ပေါ်က မေ့ဆေးမပေးရသေးသော လူနာကြားလျှင် စိတ်အားငယ်ခဲ့မည်။ သူ့အသက်ကို နှင်းအပ်ပြီး ခွဲစိတ်ကုသခံမယ့်ဆဲဆဲမှာ ဆာဂျင်လာကြည့်ပေးရလို့ မကျေမချမ်း စကားများခဲ့သည် ထင်ခဲ့လျှင် .

"တကယ့်အရစ်ပဲ၊ ကိုယ့်ကိုတမင်ခေါ်ပြီး ညဉ်းသလိုပဲ။ သူ့လက်ထောက်ကျမှပဲ မနိုင်လုနီးပါး ဆိုတဲ့စကားလုံးမျိုး ကြားဖူးရတော့တယ်။ အော်ပရေးရှင်းကလည်း အပြင်ကစောင့်ပေးရတာ မပြောနဲ့ အထဲမှာတောင် ကိုယ်တိုင်ခွဲရတာမဟုတ်ဘဲ ကူရရင် သိပ်ပျင်းဖို့ကောင်းတာ။ ကိုယ်တိုင်ဆာဂျင်လုပ်ပြီးခွဲလိုက်ချင်သေးတယ်။ ပြီးတော့ အိပ်ရေးလည်းပျက်"

ဝပ်(ဒ်)ထဲမှာ ခင်ဦးနွယ် ပြောဖြစ်သေးသည်။ သက်ဇော်နိုင် အားလုံးအားနာပြုံးသည်။ ဦးယဉ်မှိုင်းနှင့် သက်ဇော်နိုင်မှာ 'အစ်ကို'တွေ 'ကိုညီ'တွေဖြစ်တရင်းတနှီး ရှိနေကြပြီ။ ဦးယဉ်မှိုင်း အကြောင်းပြောလျှင် သက်ဇော်နိုင်မှာ သူ့အပြော ခံရသလို မနေတတ် မထိုင်တတ် ရှိတတ်လေသည်။

"မမနွယ်ကိုယ်စား ကျွန်တော် Surgical Ward က A.S တစ်ယောက် [illegible]နေနဲ့ သွားကြည့်ပေးလို့ရမလား။ မမနွယ်က ကျွန်တော့်ကို သွားကြည့်ပေးဖို့ ခိုင်းလိုက်မယ်ဆိုရင်ပေါ့"

"ဒါပေမယ့် သူက ဆာဂျင်ကိုယ်တိုင် လာကြည့်ပါလို့ ခေါ်တတ်တာ။ ကိုယ် အိပ်ရာကလည်းနိုးပြီးပြီ။ တကယ်အရေးကြီးလို့ ခေါ်တာများဖြစ်မလားတွေးပြီး ပြန်အိပ်လို့လည်း ရမှာ မဟုတ်ပါဘူး"

"ဆရာဦးယဉ်မှိုင်းနဲ့ ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြည့်ရင်ကော မမနွယ်"

"တော်ပါပြီကွာ။ ကိုယ်အခု ခံနေရတာလည်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးခဲ့လို့လေ။ သူ ရောက်ခါစမှာ ကိုယ်က ခွဲစိတ်တာနဲ့ ပတ်သက်ပြီး ဝေဖန်မိတာတွေရှိတယ်။ စေတနာနဲ့ပါ။ သူ့ကေ့(စ်)တစ်ခုခွဲနေရင်း ကိုယ့်ကိုလှမ်းခေါ်ပြောရတာမှန်တာတော့ ဆာဂျင်သိသင့်တယ်လို့ ပြောလည်းပြောမိရော ကိုယ်နဲ့သက်[illegible] အခိုးခံရဖြစ်သွားတော့တာပါပဲ။ ကိုယ်က ချွန်ကိုင်ချင်တဲ့ သဘောမဟုတ်ပါဘူး။ သိရတာမှန်နေတာ ကိုယ်သိထားရင် ရှုပ်နိုင်တဲ့ကေ့(စ်)မှာ ကိုယ်သတိနဲ့သင့် နေပေးမယ်။ ကူညီပေးချင်တဲ့ သဘောပါ။ လုပ်သက်ရော အသက်ရော ကိုယ့်ထက်ငယ်ကြီးလို့လားမသိဘူး။ သူ လက်မခံချင်ဘူး။ သူတော်တာလည်း သိပါတယ်။ ဒါပေမယ့်တတ်စရာ မကျန်ဘူးတော့ ဘယ်ဟုတ်မလဲ။ ကိုယ်တောင် သင်ယူစရာတွေ ရှိနေသေးတာပဲ။ အခုတော့ သိရတာမှန်တိုင်း အသိပေးရုံမဟုတ် အကြောင်းအမျိုးမျိုးပြ ကိုယ့်ကိုခေါ်နေတော့တာ"

သက်ဇော်နိုင် ပြုံး နှစ်ဖက်သော တွန့်မိတော့လေ၏။

□

သိပ်မကြာမီ တစ်ညမှာ သက်ဇော်နိုင် သည်ပြဿနာ ကိုင်တွယ်ခဲ့ပုံကို နွယ် တွေ့ရလေသည်။

ဦးယဉ်မှိုင်းရဲ့ လက်ရေးအကြီးကြီးတွေနှင့် 'ဆာဂျင်လာကြည့်ပေးပါရန်' စာကို နွယ် ဖတ်ရပြန်လေ၏။

"အူအတက်ရောင်လို့ ခွဲစိတ်ရမှာ ဆာဂျင်လာကြည့်စေချင်သတဲ့"

နွယ် တကိုယ်လုံးအောင့်မဖတ်တော့ဘဲ အနည်းငယ်စိတ်တိုမိစွာ ဆေးရုံသို့ ရောက်သည်။ မနွေးသကာပင် အူကျပြီး ပြန်မတက်နိုင်သော အရေးပေါ်လူနာ တစ်ယောက်ကို နွယ်နှင့်မှယာ ခွဲစိတ်ကြရသေးသည်။ ဦးယဉ်မှိုင်း မသိတာလည်း မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



နှယ်ရောက်တော့ လူနာက ခွဲစိတ် ခုတင်ထက်မှာ ရောက်နေပြီ သိရောဘာ၏ ဆေးနှာချွက်တံခါး၊ ပြင်ဆယ်နှံ့၍ တံခါးတို့ကို တွန်းဖွင့်ဝင်သွားလျှ...

"သြော်. ခါကျင်ရောက်ခဲ့ပြီနော်။ တကယ်တော့ Appendicecto... အတွက် ဒေါ်ခင်ဦးနွယ်ကိုခေါ်တာ ကျွန်တော် သိပ်အားနာမိပါတယ်ဗျာ။ ဒါပေ... တောသေးရုံလေးမှာတောင် ဘာတစ်ခုမှ မလုပ်နိုင်ဘူးထား။ ဆရာဝန်တစ်ယော... တည်းပဲရှိပြီ။ Appendicectomy ကတော့ အနိမ့်ဆုံးလုပ်နိုင်ရမယ့် ကိစ္စကလေး..."

နှယ် ဒေါ်သနှင့် ပြောဖြစ်နိုင်သည့် စကားတွေကို သူကပဲ ပြောနေပြ... နှယ် သူ့ကို အလေးဂရုမထားဘဲ သူ့နောက်မှာ ရပ်နေသော သက်ဇော်နိုင်ကို... နှုတ်ဆက်လိုက်သည်။

"သက်ဇော်နိုင်ပါ ရောက်နေတာလား"

"ဟုတ်ကယ် မမနွယ်။ မေရှင့်က လွန်ခဲ့တဲ့ သုံးလစလုံး Dyse... (ဝမ်းကိုက်ရောဂါ) ရနေခဲ့တော့ သူ့မှာ Colon (အူမကြီး)က ကောင်းချင်မှ ကော... မယ်။ Adhesion (နီးစပ်ရာ တွယ်ကပ်ခြင်း) ရှိချင်ရှိနေမယ်။ အစ်ကိုက ပြေ... ကျွန်တော်လည်း အတွေ့အကြုံရအောင် လိုက်ကြည့်တာပါ"

"ဟုတ်ပါတယ် ဒေါ်ခင်ဦးနွယ်။ အဲဒါကြောင့်ပဲ ကျွန်တော် ဒေါ်ခင်ဦးနွ... ခေါ်ရတာပါ"

နှယ် ဘာမှမပြောသာဘဲ ပခုံးသာ တွန့်မိရလေသည်။

ခွဲစိတ်ခုတင်ထက်က လူနာကို လှမ်းကြည့်တော့ အမျိုးသမီးတ... နှယ်စိတ်ဝင်စားသွားမိသည်။ လူနာအမျိုးသမီးရဲ့ ခွဲစိတ်ခန်းဝတ်ဝတ်စုံ နောက်ကျော... ကို အပေါ်သို့လှန်တင်လိုက်ပြီး အဝတ်မဲ့ ဝမ်းဗိုက်ပြင်ကို ခင်ဦးနွယ်က

"ဗိုက်ကလေး နည်းနည်းစမ်းကြည့်မယ်နော် အစ်မကြီး"

တစ်ချက်စမ်းကြည့်သည်။ အူအတက် ရောင်တာတော့ သေချာလ... သည်။

"အရင် ဝမ်းကိုက်ဖူးခဲ့တာ ဘယ်လောက်ကြာကြာဖြစ်ခဲ့တာလဲ"

"ဝမ်းကိုက်ကတော့ ခဏခဏ ဖြစ်ပါတယ်။ နောက်ဆုံးတစ်ကြိမ်က... နှစ်လကျော် သုံးလလောက်ကို ကြာခဲ့ပါတယ်"

"ဆရာဝန်နဲ့ ပြလိုက်၊ မပြလိုက်ထင်တယ်။ အဲဒါကြောင့် ဒီလော... သွားတာ"

"ဟုတ်ပါတယ်"

"နောက်ဆုံး ပျောက်သွားတဲ့ အချိန်ကနေ အခုထိ ဘယ်လောက်ကြာပြီ..."

"နှစ်ပတ်လောက်များ ရှိမလားမသိဘူး"

"ဟုတ်ပြီ၊ ဘာမှ စိတ်မပူပါနဲ့နော်။ အစ်မကြီးကို ကျွန်မ ကာမှာ အတော်... ခွဲစိတ်ဆရာဝန်ကြီးက ခွဲပေးပါလိမ့်မယ်"

ဒေါ်ခင်ဦးနွယ်ရဲ့ စကားကို ကြားရတော့ ဦးယဉ်မျိုး သက်ဇော်နိုင်သို့

"မ, ပြီကွ။ အချုန်နဲ့"

ဟု တိုးတိုး ဆိုလေ၏။

သက်ဇော်နိုင်က ဦးယဉ်မျိုးရဲ့ ခွဲစိတ်ဝတ်ရုံစိမ်းကို ကျောဘက်ယည်ကုပ်... ကြိုးချည်ပေးရင်းက အသံတွက် ရယ်လေသည်။

ခင်ဦးနွယ် နားနေခန်းဆီသို့ ထွက်ခဲ့သည်။ ခုတင်ပေါ်မှာ မနားရသေးမီ... မစသေး၍ ပွင့်ဟနေဆဲ ခွဲစိတ်ခန်းထဲမှ ဦးယဉ်မျိုးရဲ့ အသံဗလံကြီးက... လာခဲ့သည်။

"သြော် မိန်းမ မိန်းမ။ မိန်းမဆိုတော့လည်း ချစ်စရာလေး စပ်တာလေး... လေးမှ ကြိုက်တယ်။ အဲဒီ ငရုတ်ချေး၊ ပဲပင်ချေး၊ ဆီးရေတွေက အူအတက်... မှာ သွားပိတ်ဆို့တော့ အူအတက်က ရောင်ရော၊ ခွဲရရောဗျာ။ ဝမ်းကိုက်တာ... အဲဒီလို မိန်းမပီပီ ကိုယ်ကြိုက်ရပ်ပြီးရော၊ လမ်းဘေးမရှောင် ဘာမရှောင်... စားလို့ ဝမ်းကိုက်ရောဂါလည်း ရတာဗျား"

"ဟုတ်ပါတယ်ဗော်။ ဟုတ်ပါတယ်။ ယောက်ျားကျတော့ အူအတက်... ကြတာကျလို့"

"မမအေးဓိ သေသေချာချာ စဉ်းစားနော်။ ယောက်ျားတွေမှာ မိန်းမတွေ... တာ၊ ချက်ရောင်းတာ စားကြရလို့ဗျ။ မဟုတ်ဘူးလား ကိုညီ"

သက်ဇော်နိုင်ရဲ့ ရယ်မောသံသဲ့သဲ့ကို ကြားရလေသည်။

ခင်ဦးနွယ် ခုတင်ထက်မှာ ကျောဆန့်လို့ လှဲမိလေ၏။ ညက အိပ်ရေး... ညီမို့ ခဏမှေးဝိုက်သွားမိ၏။ အသိစိတ်တစ်မျိုးဖြင့် နွယ် မျက်လုံးများ... ဖွင့်မိသည်။ နွယ့်ခေါင်းရင်းနား ဝါးပက်လက်ကုလားထိုင်တွင် ...လာ... သက်ဇော်နိုင်ကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဪဘ် မမနွယ် အိပ်ပျော်နေတယ်မှတ်လို့"

"ခဏပျော်သွားတယ် ထင်တယ်၊ Case ကရော ဘယ်လိုလဲတ

တင်းကျော်သော ဆံပင်ကို နွယ်လက်တစ်ဖက်ဖြင့် သိမ်းယူရင်း ထ

သိုက်ခဲ့သည်။ လဲအိပ်ခဲ့ရင် ဆံပင်တွေကိုပါ လျှော်ဖြေလိုက်စွာ ခေါင်းက ဆံညှ

ဖြုတ်ထားမိမြဲဖြစ်သည်။ အခု နွယ့်ဆံညှပ်လေးကို ရုတ်တရက်ရှာမတွေ့။ လက်

ဖက်က ဆံပင်တွေကိုသိမ်းကိုင်ထားမြဲ။ လက်တစ်ဖက်ဖြင့် ခေါင်းအုံးကို မ,ကြည့်

ခေါင်းရင်းစားပွဲပေါ်က ဆံညှပ်ကလစ်ကို သက်ဇော်နိုင်က လှမ်းယူပေး

နွယ့်စိတ်ထဲမှာ သည်အပြုအမူကို ကသိကအောက် ဖြစ်သွားခဲ့မိပေမယ့်

မဖြစ်သလို

"Appendix ကို ဖြတ်လိုက်ပြီလား"

မေးခဲ့သည်။

နောက်တစ်ကြိမ် သည်လို မဖြစ်စေရ၊ နွယ့်ကိုနွယ် စိတ်ထဲက အသိ

မိသည်။ သက်ဇော်နိုင်ကလည်း ဘာမှမဖြစ်သလို၊ သည်လို ဆံညှပ်ကလေး

ခဲ့ရတဲ့ အကြိမ်တွေ သူ့ဘဝမှာ ထောင်နှိုက်ခဲ့သလိုဖြင့်

"ရတော့မယ် မမ။ Colon က Pelvic နံရံတစ်လျှောက်လုံး ကပ်နေတ

Appendix ကို ခွဲယူလို့ ရလို့တော်သေးတာ။ ရေတွင်းထဲမှာ လုပ်ရသလိုပဲ။ အ

ကို လုံး၀ မ,လို့မရဘူး။ အားလုံးကပ်နေတယ်"

ခွဲစိတ် လူနာရဲ့ အူအတက်အကြောင်းကိုပဲ ပြောပြခဲ့လေသည်။

"အဲဒါ မမပြန်လိုက်တော့မလား။ ကျွန်တော် လာပြောတာပါ။ ကျွ

နဲ့ လေပေးရင်း ခွဲနေရတော့ ဆရာ မမနွယ်ကို ရစ်ဖို့ မေ့နေပြီလေ။ ပြန်သွ

သူသိလိုက်မှာ မဟုတ်ပါဘူး။ နောက်ကိုလည်း မမနွယ် အယောင်လာပြီး

သွားလိုက်။ ကျွန်တော် ကျန်ပေးခဲ့မယ်လေ"

နွယ် သက်ဇော်နိုင်ရဲ့ အကြံအစည်ကို ရယ်မောမိလေသည်။

"ပြန်ချင်တာပေါ့။ ဒါပေမယ့်လေ ကိုယ်က နိုးကြောင်နိုးရက် ပြန်သွ

မှာလား။ ဆာဂျင်တစ်ယောက်က A.S မသိအောင် ခိုးပြန်သွားရမယ်ဆိုတော့လည်

"ဟာ ခေါင်းနာ မမ၊ ကျွန်တော် "

သက်ဇော်နိုင် ရှက်နှာပျက်လေသည်။

"ထားပါလေ။ ကိုယ် နားလည်ပါတယ်။ ကိုယ်သူ့ကို နှုတ်ဆက်



ပြန်မှာပါ"

ခင်ဦးနွယ် ပြုံးရယ် ပြောရင်း သိရောတာထဲ ဝင်ခဲ့လေ၏။

သူမ ဝင်ခဲ့ပုံက ဘယ်သူ့ကိုမှ အနှောင့်အယှက်မဖြစ်။ ညင်သာလှ၍ ခွဲ

စိတ်ခုံမှ ခေါင်းချင်းဆိုင် ခွဲနေသူများ မသိလိုက်။ သက်ဇော်နိုင်က သူမနောက်မှ

ဝင်လိုက်လာခဲ့သည်။

"ပွတ်ဘိုင်၊ ခွဲခွာကြစို့ Appendix လေးရေ"

နွယ်အနီးရောက်သည်နှင့် အူအတက်လေးကို ထုတ်လိုက်ချိန် ကြုံကြိုက်

နေပေ၏။ လေးလက်မလောက် ရှည်လျားကောက်ကွေးပြီး တစ်ချိန်မဟုတ် တစ်ချိန်

မှာ ဒုက္ခပေးမှာ သေချာနေခဲ့သည်။

"အပင်းအစ်(စ်) ရသွားပြီပဲ။ ဆရာသိပ်ကြိုးစားလိုက်ရပုံတောင်မပေါ်ဘူး"

ခင်ဦးနွယ်ရဲ့ စကားသံက နူးညံ့သိမ်မွေ့နေခဲ့သည်။

ဆရာယဉ်မျိုးက မော်ကြည့်စဉ် ချီးကျူးဟန် ပြုံးခဲ့သေး၏။

"သက်ဇော်နိုင်က ပြောတယ်။ Colon က တောက်လျှောက် ကပ်နေတာ

ဆို။ ဒါမျိုး ကျွန်မဆရာတစ်ယောက် လုပ်တာတောင် ကိုလုံကို ဖောက်သွားလို့

အတော်လေးသွားသေးတယ်။ ကွန်ဂရက် ကျူလေးရှင်းပါ ဆရာ"

ခင်ဦးနွယ်၏ မမျှော်လင့်သော ချီးကျူးစကားကြောင့် ဆရာယဉ်မျိုး

အနည်းငယ် အနေရခက်သွားဟန်ရှိ၏။

"ဟုတ်ကဲ့ ဒေါ်ခင်ဦးနွယ်။ လာစောင့်ပေးတာ ကျေးဇူးအများကြီးတင်ပါ

တယ်။ အားလည်းနာပါတယ်ခင်ဗျာ"

သည်တစ်ကြိမ်မှ တကယ်ပင် ဦးယဉ်မျိုး အားနာစိတ်ဝင်မိ၍ ပြောပုံရလေ

၏။

"ဒါဆို ကျွန်မသွားတော့မယ်"

"ကောင်းပါပြီ ခင်ဗျာ"

ခင်ဦးနွယ် ခါနိုးထုံးသေးကြောင့် ခါးအောက်ပိုင်းခွဲစိတ်နေသည်ကို မနာ

ကျင်၊ မသိကြားလည်း သတိကောင်းစွာရှိနေသော လူနာအမျိုးသမီးရဲ့ လက်

လေးကို ဆုပ်ကိုင်လျက် ထုံးစံအတိုင်း အားပေးစကားဆိုခဲ့မည် ထင်ရကြောင်း

"အူအတက် ထုတ်ပစ်လိုက်ပြီနော် အစ်မကြီး။ တစ်သက်လုံးအတွက်

ဘာမှ စိုးရိမ်စရာမရှိတော့ဘဲ ကောင်းသွားပါပြီ။ နေပြော်များနေသေးလား"

www.burmeseclassic.com

www.burmeseclassic.com



"မနေမြဲပါဘူး ဆရာမကြီးရယ်"

"တုတ်တာသိ မနေမြဲနဲ့တော့နော်။ သူက ကိုယ်ထဲမှာ အပိုဖွည်းတစ်ခု ပါပါ။ ဆိုးကျိုးလေးဆိုကိုပဲ သူက စောင့်နေတာလေ။ သူ မရှိလေ ကောင်းလေပဲရယ်။ ယောက်ျားတွေနဲ့ အူအတက်ဟာ အတူတူပါပဲ"

နူညံ့သိမ်မွေ့သော လေသံတွင် ညင်သာသော ရယ်မောသံလေး ရွက်လျက် ဒေါ်ခင်ဦးနွယ်က ပြောသွားခဲ့လေသည်။ ပြောပြီးသည်နှင့် ဘယ်သူ့ကိုမှ လှည့်မကြည့်တော့ဘဲ သီရေတာထဲမှ လျှပ်မြန်ညင်သာစွာ တံခါးတွန်းဖွင့် ထွက်သွားလေသည်။ ဦးယဉ်မျိုး မင်သက် ကျန်ခဲ့၏။ အတန်ကြာမှ

"ဟာ ခံရပြီဟေ့"

ဟု အသံဝါကြီးဖြင့် အော်သည်။ နော်အေမိရဲ့ အားရဝမ်းသာအသံလည်း ထွက်လာခဲ့သည်။

"ကောင်းလိုက်တဲ့ ရိုက်ချက်တော်။ ဆရာယစ် တစ်ခါ တစ်ခါ မိန်းမတွေ ကိုသိမ်းကျုံးပြောတာ ကျုပ်တောင် ပြန်ပြောချင်တာ အူယားလာတယ်"

"ဟာ ကျွန်တော်က သုံးတောင်ဝတ်ကိုပဲ ပြောတာပါ။ မမအေမိကတော့ ကျွန်တော်ထင်တယ်။ လေးယောင့်တွာလောက် ဝတ်ရမယ်။ အဲဒီတော့ မမအေမိတော့ မပါဘူး။ သေချာပါတယ် ဟဲ ဟဲ"

သီရေတာထဲမှာ ဆူညံ ကျန်ရစ်သည်။ အောင်မြင်သော ခွဲစိတ်ကုသမှုတစ်ခုရဲ့ နိဂုံးပိုင်းကိုလည်း ရောက်ခဲ့ပြီလေ။

သက်ဇော်နိုင်မှာမူ နူညံ့သိမ်မွေ့ညင်သာစွာ ပြောလျက် ချာခနဲလှည့်ထွက်သွားခဲ့သော မမနွယ်ကို မြင်ယောင်ရလွန်း၍လား။ အိပ်ရေးပျက်၍လား။ မယ်း ခေါင်းတွေ ရီဝေမူးချင်လာခဲ့လေ၏။

□

အပြင်လူနာဌာနမှာ ဆေးရုံဝင်ဝင်ချင်း လက်ဝဲဘက်အဆောင်တွင်ရှိသည်။ အဆောင်၏အရှေ့ဘက်အခြမ်းမှာ ဦးအောင်မြင့်၏ ရုံးခန်းဖြစ်ကာ အနောက်ဘက်အခြမ်းက အပြင်လူနာဌာန OPD ဖြစ်လေ၏။ ဆရာဦးယဉ်မျိုး ပြန်ရောက်ပြီးတော့ မူယာ OPD သို့တောင်းယူခဲ့သည်။ ဝပ်(၃)ထဲမှာက လူနာတွေနှင့် အစဉ်ရှုပ်ထွေးနေတတ်သည်။ OPD မှာတော့ တာဝန်မကြီး၊ ဂျူတီချိန်သာ တာဝန်ရှိသည်။ အိမ်ပြန်ခဲ့လျှင်လည်း လူနာကိစ္စက လိုက်မလာတတ်။ အပြင်လူနာ



အဖြစ် ကုသကြည့်၍ မသက်သာလျှင် သို့မဟုတ် ရောဂါကြီးလူနာဖြစ်လျှင် ဆေးရုံတက်စေလိုက်ရုံပင်။ ဝပ်(၃) ထဲမှာ ဆိုရင်တော့ လူနာတွေရဲ့ မဆုံးနိုင်သော ဝေဒနာတွေ ကြည့်ပေးရခြင်း ဆေးခန်းရောက် အမြဲ နောက်ကျသည်။ လူနာကစောင့်နေလျှင် တော်သေးသည်။ မစောင့်ဘဲ တစ်နေကုန်ဖွင့် ပြင်ပဆရာဝန်တွေရဲ့ ဆေးခန်းကူးပြလိုက်လျှင် ပြီးပြီ။ OPD မှာတော့ ၄ နာရီခေါင်းခနဲ ထိုးသည်နှင့် OPD ပိတ်ပြီ ဆိုကာ ဆေးခန်းပြေးလို့ရသည်။ တစ်ခါတစ်ရံ ၃နာရီခွဲလောက်ကစပြီး မူယာအိမ် ပြန်သည်။

"ကိုသက်ဇော်နိုင် OPD ခဏလေး ကြည့်ပေးနော်။ မူယာ ကိစ္စလေးရှိလို့"

ဆိုရင် ပြီးလေသည်။

ကိုသက်ဇော်နိုင်က A.S အချင်းချင်း မူယာ အကူအညီတောင်းတိုင်း အလွယ်တကူ လိုက်လျောပါရဲ့။ ကိုယ်ခန္ဓာရော စိတ်ဓာတ်ပါ ကြံ့ခိုင်ရည်မှန်ပုံရပါလျက် ဒေါ်ခင်ဦးနွယ်ထံမှာ ရိုကျိုး တပည့်ခံချင်လွန်းတာတော့ မူယာအကြည့်ရခက်လှသည်။ ကိုသက်ဇော်နိုင်တင်မက ဒေါ်အေမိကလည်း ဒေါ်ခင်ဦးနွယ်ကို အရိပ်တကြည့်ကြည့် စိတ်လိုလက်ရ ပိုလွန်းလှသည်။

မူယာ ဟောက်(စ်)ဆာဂျင်ဘဝက ဒေါ်ခင်ဦးနွယ်ကို ရန်ကုန် ပြည်သူ့ဆေးရုံကြီးမှာ ဆုံခဲ့ဖူးသည်။ သူမမှာ ဆရာဝန်မ တစ်ယောက်ရယ်လို့လည်း သားလေး နားနားမရှိ ခပ်နွမ်းနွမ်းပါပဲ၊ အခုလိုမပြည့်တဲ့ ပိန်ပါးလှပ်သည့် ကိုယ်ခန္ဓာဖြင့်။ သူမတွဲလွန်းတက်နေချိန်ဖြစ်၏။ တွဲလွန်းယူမယ့်သူတော့ ခွဲစိတ်ကုသတွဲလွန်းဖြစ်သည်။ သူမရဲ့အပေါင်းအသင်းများက Surgery ကိုလိုက်စားများသော အမျိုးသားဆရာဝန်များသာပဲ ဖြစ်လေ၏။ ထိုအချိန်မှာ ဒေါ်ခင်ဦးနွယ်နှင့် ဆရာတို့ကျွာရှင်းပြီးစ ထင်၏။ အမျိုးသားအုပ်စုထဲမှာ သူမသာတစ်ဦးတည်းပါလျက် ဆေးရုံစကြံတွေမှာ လျှောက်သွားကြလျှင် ဝပ်(၃)ထဲမှာ တီးတိုးစကားတွေ ကျန်ရစ်တတ်လေသည်။ ဆေးရုံကင်တင်းမှာ စာအုပ်တွေဖွင့် ငြင်းခုံလျက် ကြာမြင့်စွာ ထိုင်လို့တွေ့ရတတ်သည်။ ထိုအချိန်မှာတော့ သူမက မျက်လုံးများ ရှုရှဲတောက်ပစွာ ပြုံးရယ်နေတတ်သော်။ ကျန်အချိန်များမှာ ခပ်မှန်မှန် တွေဝေစွာ။

ပြေလတ်တွင် ဒေါ်ခင်ဦးနွယ်ကို မမျှော်လင့်ဘဲ ပြန်တွေ့ရတော့ မူယာ ရုတ်တရက် မမှတ်မိခဲ့ပေ။ သူမရဲ့ဘဝကို မသိခဲ့ကြသူများအဖို့ တည်ငြိမ်ထည်

www.burmeseclassic.com

www.burmeseclassic.com



ဝါနေခဲ့ပြီ။ သူမက မယုံကြည်နိုင်စွာ လှပချောမွေ့ရှလည်းနေသေးသည်။ သူမ ဆေးရုံဝင်းထဲသို့ ဆိုင်ကယ်မြင့်ဝင်လာကာ ဆင်ဝင်အောက်မှာ ရပ်လိုက်သည့်နှင့် အဘချက်က ဆိုင်ကယ်ကို တွန်းယူ၊ စက်ဘီးရုံလေးမှာ သွားထားသည်ကစ၍ တစ်ဆေးရုံလုံးကလူတွေ အလုပ်ရှုပ်ကြပြီ။ သူမလက်ထဲက ပစ္စည်းကို လှမ်းကြိုမှ မှန်းမသိ။ အလုပ်လုပ်နေရာက လှမ်းကြိုဆိုနှုတ်ဆက်ကြမှန်း မသိ၊ မင်းသမီး တစ်ပါး ကြွလာတော့သည့်အတိုင်း။ သူမကလည်း ဆေးရုံကြီးမှ လျှောက်ဝင်ခဲ့ရင်း တွေ့သမျှ လူကို နှုတ်ဆက်လာတတ်သည်။

မှုယာကတော့ ဒေါ်ခင်ဦးနွယ်ကို အထင်ကြီးရှုမရ။ သူမတာဝကို ဒေါ်ခင်ဦး နွယ် ဓမ္မနေပေမယ့် မှုယာက မဓမ္မတူလေ။ ဆရာဦးယဉ်မြို့ကမှ နေတတ်သေးသည်။ ကျန် တစ်ဆေးရုံလုံးကတော့ ဆရာကြီးဦးအောင်မြင့်ပါ ပါဝင်၏။ သူမကို အထင် တကြီးရှိကြသည်။ ပြည်တွင်း ဘွဲ့လွန်မို့သာပဲ။ နိုင်ငံခြားဘွဲ့ လွန်ဆိုရင်မြေလတ် တစ်ဆေးရုံလုံးတော့ ခက်မည်။

မြေလတ်ဆေးရုံရဲ့ အစဉ်အဆက် သာကျင့်များကို မှုယာ အံ့သြချင်၏။ ဆေးရုံတစ်ရုံလုံးကို ခွဲစိတ်ကုဆေးရုံဖြစ်တော့မလောက် အသွင်ပြောင်းထားချင်ပြီ နှမ်းမရှိဘူးဆိုတာ ယုံနိုင်စရာမရှိ OPD က နပ်(စ်) မကျင်တီနှင့်မှုယာ သဘောချင်း တူကြသည်။

"အလျှုတ၊ ကန်တော့စာနဲ့ ကျေနပ်နေလို့ကတော့ ဆရာဝန်တွေက ဆေးခန်းဝင်ငွေ ရှိသေးတယ်။ ကျွန်မတို့ ဆရာမတွေ လူတန်းစေ့မှာမဟုတ်ဘူး။ သင့်တင့်တဲ့နှုန်းထားလေးတော့ ဝေမျှပေးဦးမှ ဖြစ်မှာပေါ့။ သူကတော့ မြေလည် မှာပါ။ ငယ်သားတွေအတွက်လည်း ကြည့်ဖန်ပေးဦးမှပေါ့"

"ကိုယ်တို့ ဆေးပညာဆိုတာက ခုနစ်နှစ် အနည်းဆုံး သင်ခဲ့ရတဲ့ပညာပဲ။ အပေါ်စားမှမဟုတ်တာ။ သူကစပြီး ကိုယ့်တန်ဖိုး ကိုယ် ချနေတော့ ခက်တော့တာ ပေါ့"

မကျင်တီကတော့ ပြုံးသွားသည်။

"အလကားပါ မမှုယာရယ်။ သူများတွေ ဝိုင်းမြှောက်တိုင်း အဟ ကောင်းတဲ့ ဒေါ်မလေး လုပ်နေတာပါ။ နောက်ပိုင်းက ကြည့်မလုပ်တာတော့ မသိတော့ဘူး"



သူတို့နှစ်ဦး အမြဲပွားယ်ပါပါ ရယ်မောမိကြလေ၏။ နှုန်းထားမရှိမှတော့ ကြိုးစားပမ်းစားခွဲစိတ်နေလည်း ပင်ပန်းရုံ ရှိတော့မည်ပဲ။ မခွဲမစိတ်တဲ့ မှုယာ့ကုသမှု မှုယာ့ဆက်ခံရေး၊ ဂုဏ်သတင်းနှင့်ပင် 'သုခ' ဆေးခန်းက ကောင်းပြီးသားပင်။ သူတို့အားလုံး ခွဲခန်းဝင်သည့်နေ့ဆိုရင် မှုယာ GP က ပိုလို့ကောင်းသေးသည်။ အချိန်ခါကောင်းဆိုတာ နှစ်ကြိမ် ပြန်မကြုံနိုင်ဘူး။ ဆရာဝန်တစ်ယောက်ရဲ့ သက်တမ်းမှာ GP အကောင်းဆုံးကာလက တစ်ကြိမ်တည်းပဲ ဖြစ်ချင် ဖြစ်နိုင်သည်။ အချိန်နှိုက် ဥစ္စာကြိုးစားရှာဖွေမှုက ပိုအရေးကြီးသည်။ သိပ်အပင်ပန်းခံ ကြိုးစား လည်း ပင်ပန်းတိုင်း ဥစ္စာရနိုင်တာမှမဟုတ်တာ။ ရေတွန်းရေစိုက်သာ အသေချာဆုံးပဲ။ မှုယာ့ဆီသို့ တစ်ပတ်တစ်ကြိမ် မှန်မှန်ရောက်လာတတ်သော တာထဲမှာ မာမာနှင့် ပါပါက အသေးစိတ် ရေးမှာတတ်လေသည်။

□

ကိုညီမြင့်ပုံက ထိုညက ဝပ်(3)ထဲမှာ လူရှင်းရှုပ်တော်တော့သည်။ ညဂျူတီကျ လှလှစောက ဝပ်(3)ထဲက လူနာတွေ ဆေးတိုးဆေးတိုက်နေခဲ့ချိန်။ သူဂျူတီမို့ ဆေးရုံသို့ သက်ဇော်နိုင်နှင့်အတူ Night Round လာကြသည်။ ပြီးတော့ ထုံးစံအတိုင်း မပြန်ဖြစ်ကြသေး။ ဖျားနာဆောင်ရှိ ဦးအောင်မြင့်အခန်းထဲမှာ ခဏ ထိုင်ကြသည်။ သူက စီးကရက် ထိုင်ဖွာသည်။ သက်ဇော်နိုင်က ခွဲစိတ်ကု စာအုပ်တစ်အုပ် ဖွင့်ဖတ်သည်။ သူ စီးကရက်ဖွာရင်း တစ်စုံတစ်ရာကိုတွေးမိတာ ပြုံးစေ့စေ့ဖြစ်ခဲ့ရင်းက ခပ်တိုးတိုး ကျိတ်ရယ်မောမိသည်။ သက်ဇော်နိုင် ရှောင်ယောင် ပြုံးရယ်ရမလို သူ့ကို လှမ်းကြည့်သည်။

"အစ်ကို ဘာတွေသဘောကျနေတာလဲ"

"နေ့လယ်တုန်းက တရားရုံးမှာ သက်သေခံရတဲ့အမှုကို တွေးမိနေတာ။ ဒီလူတွေ ကြုံကြံဖန်ဖန်ကွာ"

"ဘာကေ့(စ်)လဲ"

"Rape (မုဒိမ်းမှု)ကွ"

Rape ကို သက်သေအဖြစ် အစစ်ခံရသည်က အတော် မလွယ်သည့်ကိစ္စ မလွယ်ခြင်းက မရေမရာ မသေမချာတာတွေ ရောနေတတ်၍ပင်။ နေ့လယ်က အမှုကတော့ အခက်အခဲမရှိ။ ထင်ရှား သိသာသောအမှုတစ်ခု။

www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သော သုံးလခန့်က ဦးယဉ်မျိုး၏ ဂျူတီချိန် ည ကိုးနာရီခန့်တွင် မြေလတ်မြို့နယ်မှာ ဖြစ်ပွားခဲ့သော အဖြစ်အပျက်ပေ။ မြို့နှင့် အနီးအနားဖြစ်၍ တစ်ဝက် မိန်းကလေးက အသက်မပြတ် ငိုနေခဲ့၍ ဆေးရုံသို့ ညတွင်းချင်းရောက်လာခဲ့ကြသည်။ ချက်ချင်း စစ်ဆေးပေ။ ဆေးရုံတင်ထားခဲ့ရသည်။ သူ၏ဆေးစစ်ဆေး တွေ့ရှိချက်ကို နောက်တစ်ရက်မှာ မြို့နယ်ဆေးရုံမှတစ်ဆင့် ရဲစခန်းသို့ ပို့ပေးခဲ့သည်။ ယခု သည်အမှုအတွက် ဦးယဉ်မျိုး သက်သေခံရခြင်းပေ။

သက်သေအဖြစ် ထွက်ဆိုရဖို့ ဝန်မလေးလှတဲ့ တရားခွင်သို့ ဝင်ခဲ့သည်။ တရားသူကြီးရှေ့တွင် ရှေးဦးစွာ ကျမ်းသစ္စာ ကျိန်ဆိုသည်။ ရုံးတော်မှာရောက်နေသော သူ့ဆေးစစ်ချက်သက်သေခံစာကို ဆေးရုံလက်ခံ Police Case မှတ်တမ်းမှာ ရှိသော သူ့သက်သေထွက်ချက်နှင့် တိုက်ဆိုင် ဖတ်ပြ အတည်ပြုသည်။ သူ့ထွက်ဆို ချက်များက တရားခံလူရွယ်လေးရဲ့ ဒုစရိုက်မှုကို ထင်ရှားစေခဲ့သည်။ သူလည်း မတတ်နိုင်။ အပြစ်ရှိရင်တော့ ခံပေတော့ပေါ့ကွာ။

သူ ထွက်ဆိုပြီး နေရာမှာ ပြန်ထိုင်ခဲ့သည်။ တရားခံအကျိုးဆောင်မှာ ဦးယဉ်မျိုး မြေလတ်တရားရုံးမှာ မဆုံဖူးခဲ့သေးသူတစ်ဦး။ သူနှင့်အသက်ချင်း မတိမ်း မယိမ်း။ လူပုံချင်းလည်း သိပ်မကွာ။ သူလည်း ကိုယ်လုံး တုတ်တုတ် ခိုင်ခိုင်ဖြစ်လေ ၏။ တရားခံအကျိုးဆောင်က နေရာမှထ၍ ပြန်လှန်မေးခွန်းထုတ်ခဲ့သည်။

"အခုန ဆရာ ထွက်ဆိုသွားတဲ့ ဆေးစစ်ဆေးတွေ့ရှိချက်ထဲမှာ မိန်းက လေးရဲ့ ကိုယ်ခန္ဓာပေါ်က ထိခိုက်ရာ၊ ကုတ်ခြစ်ရာများဟာ အလိုမတူလို့ လှုပ်ရှား ရုန်းကန်ခဲ့တဲ့အတွက် ရရှိခဲ့တဲ့ဒဏ်ရာများလို့ ဆရာ ပြောနိုင်ပါသလား"

"ဟုတ်ကဲ့။ အလိုမတူတဲ့အတွက် လှုပ်ရှားရုန်းကန်ထားတဲ့ လက္ခဏာ များ ဖြစ်ပါတယ်"

သူ တုံ့ဆိုင်းခြင်းမရှိ ဖြေလိုက်ခဲ့သည်။ အကျိုးဆောင်တော့ ကိုယ့်အမှုသည် ကိုယ်ပြန်ခွဲချနေပြီ တွေးလိုက်မိသေးသည်။

"ဟုတ်ကဲ့ ခင်ဗျ"

အကျိုးဆောင်က ဦးယဉ်မျိုးအဖြေအတွက် မျက်နှာမပျက်။

နောက်မေးခွန်းတစ်ခု ဆက်တိုက်ထပ်မေးခဲ့သည်။

"အလိုတူတဲ့ အမျိုးသားနဲ့ အမျိုးသမီး အတူနေကြတဲ့အခါမှာရော လှုပ်ရှားရုန်းကန်မှုမရှိနိုင်ဘူးလား ဆရာ"



"အဲ ..."

ဦးယဉ်မျိုး အဖြေ တော်တော်နှင့် မပေးနိုင်။ တရားသူကြီးကို မော်ကြည့် မိသောအခါ တရားသူကြီး (သူလည်း ရွယ်တူ ခင်လည်းခင်မင်ကြသော) ဦးမျိုးမြင့် ထွန်းက သူ့ရှေ့ကဖိုင်တွဲကြီးကိုပဲ သဲသဲမဲမဲ စိုက်ကြည့်နေ၏။ တရားသူကြီးဘေးက လေးပိန်စုက် စာရေးလေးကတော့ ခါတိုင်းကကဲ့သို့ မျက်နှာသေလေးနှင့်ပေမယ့် သို့အရှေ့ပြေးအောက်မှာ ရယ်ချင်စိတ်ကို ဖုံးနိုင်နေလေ၏။

ဦးယဉ်မျိုး ချွေးပြန်စပြုလာသည်။

"ကျွန်တော် ပြန်မေးပါဦးမယ် ခင်ဗျာ၊ အကယ်၍ အမျိုးသမီးအနေနဲ့ သူမ အလိုတူကြည်ဖြူစွာ ဆက်ဆံရင်ရော ရုန်းကန်လှုပ်ရှားမှုရှိနိုင်ပါသလား"

"ရှိနိုင်ပါတယ်။ ဒါပေမယ့် ..."

"ဟုတ်ကဲ့၊ ရပါပြီ ဆရာ"

အကျိုးဆောင်က သူ လိုချင်သော အဖြေရပြီမို့ စကားဖြတ်၍ ထိုင်လေ ၏။ ဦးယဉ်မျိုး ဆက်ရပ်နေရမလို ထိုင်လိုက်ရမလို ဖြစ်နေခဲ့သည်။ ထိုင်လိုက်လျှင် တော့ ပြီးသွားတော့မယ် ထင်လေ၏။ ဦးယဉ်မျိုး ဆက်ရပ်နေခဲ့ကာ တရားသူကြီးသို့ ဦးတိုက်လျှောက်ခဲ့သည်။

"တရားသူကြီးမင်း ခင်ဗျာ၊ မိန်းကလေးမှာတွေ့ရှိရတဲ့ ဒဏ်ရာဒဏ်ချက် များမှာ သာမန်လှုပ်ရှား ရုန်းကန်ရင်းမှရရှိသော ဒဏ်ရာများမဟုတ်တဲ့ အနိုင် အထက်ပြုသည်ကို ရုန်းကန် ကာကွယ်ရင်းမှ ရရှိသောဒဏ်ရာဒဏ်ချက်များသာ ဖြစ်ကြောင်း ကျွန်တော် ဒေါက်တာယဉ်မျိုးမှ ဖြည့်စွက် ထွက်ဆိုပါရစေ။ ဆေးစစ် ဆေးတွေ့ရှိချက်များကို ထပ်မံအတည်ပြု ထွက်ဆိုလို ပါ၍ အနိုင်အထက်ပြုသည်ကို ရုန်းကန်ကာကွယ်ရင်းမှ ရရှိသောဒဏ်ရာများအား ထုတ်နုတ် တင်ပြရမည် ဆို လျှင် -

(၁) ဝဲဘက်မျက်လုံး သွေးခြည်ဥကာ အညိုအမည်းစွဲနေခြင်း

(၂) နားထင်နှစ်ဖက်နှင့် မျက်နှာရောင်ရမ်းနေခြင်း

(၃) လက်မောင်းနှစ်ဖက်တွင် ညိုမည်းဖူးရောင်သောဒဏ်ရာများရှိခြင်း

(၄) လက်ဖမိုးနှစ်ဖက်တွင် ညိုမည်းရောင်ရမ်းသော ဒဏ်ရာများရှိသည့် ဝဲဘက် လက်သန်းရိုးကျိုးနေခြင်း

(၅) ....................

www.burmeseclassic.com

www.burmeseclassic.com



(၆) .................

.................

ဘုရားခွင်ကထွက်ခဲ့တော့ သူ့မှာ ရွေးအတော်သုတ်ယူရလေ၏။

"အစ်ကို ပြောနိုင်ပေလို့နော် ကျွန်တော့်လို အတွေ့အကြုံ သိပ်မရှိတဲ့ သူ ဆိုရင်တော့ စိတ်ထဲမှာ မတင်မကျကြီးနဲ့ ပြန်ခဲ့ရမှာ။ အမှုလည်း ဘယ်လို ဖြစ်သွားမလည်း မသိဘူး"

"ဒီနေရာမှာ အမှန်ဘက်က ရပ်တည်ချင်တဲ့လူရဲ့ ပင်ကိုစိတ်ကောင်းလေး က အလုပ်လုပ်သွားတာပဲကွ။ ကိုညီလည်း ဒီလိုပဲ ဖြစ်သွားမှာပါ။ အေး ဒါပေမယ့် ဒီတစ်ယက်မှာ Rape တွေ သက်သေခံလာခဲ့တာ မနည်းတော့ပါဘူး။ ဒီမေခွန်မျိုး ဒီတစ်ခါ ကြုံမှုသေးတာ။ လူ့ကိုရွှေးပြန်သွားတာပဲ။ တော်တော် နောက်တဲ့လူကွာ"

သူတို့ တိုးတိုး ခပ်အုပ်အုပ် ကြာမြင့်စွာ ရယ်မောမိကြလေသည်။ ရယ်ရှိန် မပြေသေးဘဲ ဦးယဉ်မျိုး ခပ်တိုးတိုးစကားဆက်ပြောသည်။

"အဲဒါနဲ့ အစ်ကို စဉ်းစားကြည့်မိတာ သိလား။ အဲဒီ မေခွန်ကိုလေး ဒေါ်ခင်ဦးနွယ်လို အမျိုးသမီးဆိုရင် ဘယ်လိုနေမလဲလို့"

သူ လုံးဝ မျှော်လင့်ထင်မှတ်မထားသော အဖြစ်တစ်ခုက ဖြစ်လာခဲ့တော့ သည်။ သက်ဇော်နိုင်၏ မျက်နှာညိုမည်းသွားခဲ့တာနှင့် နေရာမှ ဝုန်းခနဲ ထရပ် လိုက်သည်က တစ်ပြိုင်တည်းလို။

"ဘာဗျ"

ဒေါသတကြီးအသံက ဦးယဉ်မျိုးကို ပါးစပ်ပွင့်ဟသွားအောင် အံ့အားသင့် စေသည်။

"ဟော့ ကိုညီ"

"ခင်ဗျား ပါးစပ်ပိတ်ထား။ နောက်ထပ်စကားတစ်ခွန်းထွက်ရင် ခင်ဗျားနဲ့ ကျွန်တော် တွေ့မယ်"

ဆောက်တည်ရာမရသလို သက်ဇော်နိုင် လမ်းထလျှောက်သည်။ ဦးအောင်မြင်၏ စားပွဲနားရောက်တော့ စားပွဲကို လက်သီးနှင့်ထိုးချလေ၏။ ဦးယဉ်မျိုး သို့ လက်ညှိုးလှမ်းထိုးသည်။

"ခင်ဗျား စိတ်ခါတ် ဒီလောက် အောက်တန်းမကျနဲ့၊ တစ်ခေါးနှံဘည်း



လုပ်ဖော်ကိုင်ဖက်ချင်း ခင်ဗျားက ဒီလောက် စော်ကားရင် သူများကပိုစော်ကား တော့မယ်။ ခင်ဗျားမှာ အမေ နှမ မရှိဘူးလား။ ခင်ဗျားဗျာ။ ကျွန်တော့်ထက် အသက်ကြီးနေလို့"

ဦးယဉ်မျိုး အံ့အားအသင့်သားရှိနေခဲ့ရာက အဖြစ်အပျက်ကို တဖြည်း ဖြည်း နားလည်လာခဲ့သည်။ နားလည်ခဲ့ပေမယ့် ခါတိုင်းကလို သူ ရယ်နေကျ အသံဝါကြီးနှင့် ဝေါခနဲ မရယ်မောလိုက်နိုင်။ သက်ဇော်နိုင်ကို ဘယ်လိုချဉ်းကပ်ရမ လည်း သူစဉ်းစားနေရသည်။ ဦးယဉ်မျိုး ငြိမ်သက်နေခဲ့၍ သက်ဇော်နိုင် သူ့ကို ကျောခိုင်းလိုက်ခဲ့သည်။ အတန်ကြာမှ ဦးယဉ်မျိုး စကားကို သတိထားလို့ ဖြည်းဖြည်း ပြောခဲ့သည်။

"ကိုညီ မင်း ထင်သလို လုံးဝမဟုတ်ဘူး။ စိတ်လျှော့ကွာ။ အစ်ကို ရှင်းပြပါ့မယ်"

သက်ဇော်နိုင်က လက်မခံလျှင် သူ ရှင်းပြဖို့ မကြိုးစားတော့။ သည်ည ပင် ဆရာဦးအောင်မြင့်ထံ သွား ပြောပြထားဖို့ စဉ်စားပြီးပြီ။ ကူညီ ဖြေရှင်းပေး ဖို့ တောင်းပန်မည်။ သက်ဇော်နိုင် လှည့်မကြည့်။ ကျောခိုင်းမြဲ ခိုင်းထားခဲ့သည်။ စားပွဲစွန်းကိုသာ လက်ဖြင့် ကျစ်ကျစ်ဆုပ်ထားခဲ့လေ၏။ ဦးယဉ်မျိုး အားတက်ကာ စကားဆက်ရသည်။

"အစ်ကိုပြောတာ ဒီလိုကွာ။ ဒေါ်ခင်ဦးနွယ်လည်း ဂျူတီဝင်ယူတဲ့ အခါ ရှိတယ်။ သူ ယူရတဲ့ ၂၄နာရီ ဂျူတီမှာ ရောက်လာတဲ့အမှုတွေကို သူလည်း သက်သေခံလိုက်ရတယ်။ နွေလယ်ကလို မေးခွန်းမျိုးနဲ့ကြုံရရင် ဒေါ်ခင်ဦးနွယ်တို့ ဒေါ်မူယာတို့အတွက် စိတ်ညစ်စရာပဲလို့ တွေးမိပြီး အစ်ကို ပြောလိုက်တာပါ။ အထူးသဖြင့် ဒေါ်ခင်ဦးနွယ်ပေါ့။ သူက တစ်ကမ္ဘာလုံးကမိန်းမတွေကို ကိုယ်စားပြုထား ရသလို မိန်းမတစ်ယောက်ယောက်အကြောင်း မကောင်းပြောရင် မျက်နှာပျက်ချင် တာ။ အစ်ကို အဲဒါကို ဆိုလိုတာပါ ကိုညီရာ"

သက်ဇော်နိုင် ကိုယ်ကို ပြန်လှည့်ကာ စားပွဲကို နောက်ပြန်မှီရင်းသည်။ သူ့မျက်နှာက နာကျင်နေဟန် ရှိခဲ့သည်။ လက်ပိုက်လျက် ဦးယဉ်မျိုးကို စူးစူးဝါး ဝါး ကြည့်ခဲ့သည်။

"ဒါပေမယ့် အစ်ကို သူ့ကိုမှ ဘာဖြစ်လို့ အမြဲထိပါးနှောင့်ယှက်ချင်ခဲ့တာ လဲ။ သရော်မော်ကားပြောချင်ရတာလဲ။ ယောက်ျားတစ်ယောက်ရဲ့ ဖောက်ပြန်မှု

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် သီးသန့်ရပ်တည်ဖို့ ကြိုးစားရတဲ့ အဲဒီယောက်ျားရဲ့ မိသားစုကို ကျန်တဲ့ မင်းယောက်ျားတွေက ဒီလိုပဲ သရော်စော်ကားမော်ကား ပြောကြလုပ်ကြကြေးလား အစ်ကို"

သူ့ရင်သို့ သက်ဇော်နိုင်ရဲ့စကားများက မထိမိုက်စဖူး ဝင်ရောက်ထိမိုက် နာကျင်စေခဲ့သည်။

"ဟုတ်တယ် ကိုညီ။ ကိုယ် လွန်တာတွေ ရှိတယ်။ ဒါပေမယ့် သူ့ကို တစ်ခုလပ် မိန်းမတစ်ယောက်မို့ မထေမဲ့မြင်ချင်တာတော့ မဟုတ်ခဲ့ဘူး။ ထူးချွန် ပြောင်မြောက်ချင်လွန်းတဲ့ မိန်းမတွေကို လက်ခံလို့မရတာ ကိုယ့်သဘာဝပဲ။ အဲဒါ ကိုညီသိပါတယ်"

"သူလည်း အရိပ်နောက်မှာ အေးအေး နေချင်မှာပေါ့ဗျာ။ ဒီအရိပ် ဖယ်သွားတော့ လောကထဲမှာရပ်တည်ဖို့ သူကိုယ်တိုင် ကြိုးပမ်းနေခဲ့ရတာတွေဟာ ပြောင်မြောက်ချင်လွန်းလို့ ဟုတ်ချင်မှ ဟုတ်မှာပါ။ အရိပ်ကွယ်တာနဲ့ ဖယ်သွားတာ လည်း မတူသေးဘူးလေ အစ်ကို"

ကိုညီတွင် ဒေါသရိပ်များ မရှိတော့။ သူ့အသံက နာကျင် အက်ကွဲနေခဲ့ သည်။ ဦးယဉ်မျိုးကို ရင်ဆိုင်မကြည့်ခဲ့။ သူ့မျက်နှာပေါ်က နာကျင် ထိမိုက်မှိုက်ကို ဖုံးကွယ်လိုဟန် ခေါင်းငုံ့ထားခဲ့သည်။ ဒေါက်တာယဉ်မျိုးကိုယ်တိုင်လည်း တစ်ကြိမ် မှ မခံစားဖူးသော ခံစားမှုမျိုးကို ခံစားမိနေခဲ့၏။ မိန်းမတစ်ယောက် အတွက်သာ ဒေါ်ခင်ဦးနွယ်လို မိန်းမ တစ်ယောက်ကို စာနာမိခဲ့ခြင်း။

"ကိုယ် အမှန်အတိုင်း ဝန်ခံရရင် သူ့ရဲ့အရည်အချင်းတွေကြောင့် သူ့ဘဝ ကို တစ်ခါတစ်ခါ မေ့တောင်နေမိတယ် ကိုညီ။ သူက ယောက်ျားကောင်း တစ် ယောက်နီးပါး အရည်အချင်းတွေ ပြည့်စုံနေတော့ ဗိုလ်လုပွဲမှာ ကိုယ် သူ့ကို Handicap ပေးဖို့ မေ့သွားမိတယ်။ ကိုညီ အထင်မှားစရာဖြစ်ရတော့တာပေါ့"

"ဘာအတွက် Handicap လဲ"

"မင်း ပြောတဲ့ အရိပ်မရှိတဲ့ကိစ္စလေ"

သက်ဇော်နိုင် ဦးယဉ်မျိုးအနီးသို့ လျှောက်ခဲ့သည်။ စိတ်ပြေခဲ့ဟန် သူ့ ပခုံးစွန်းကို လက်သီးဖြင့် တစ်ချက် ဖွဖွထိုးသည်။

"အဲဒီအတွက် သူ့ကို ဟင်ဒီကက်(ပ်) ပေးတယ်လို့ သူ သိရင်တော့ တက် သေခုံးသွားနိုင်တယ် အစ်ကို"



ပြန်ကြဖို့ ဦးယဉ်မျိုးက ပြောတော့ သက်ဇော်နိုင်က "မပြန်သေးဘူး။ ကျွန်တော် နေဦးမယ်။ အစ်ကိုပြန်နှင့်ပါ" ဟု မဆိုစဖူး ဆိုလေသည်။ ထိုင်ခုံနောက် မှီတန်းပေါ် ခေါင်းတင် မျက်စိမှိတ်ကာ ကိုယ်ကို လျှောချ ထိုင်နေခဲ့လေ၏။

"ဒါဖြင့် အစ်ကိုသွားမယ်"

"ဟုတ်ကဲ့ အစ်ကို။ ကျွန်တော် နည်းနည်းရိုင်းသွားတာ ခွင့်လွှတ်ပေးပါ ဗျာ"

သွားခါနီး နှုတ်ဆက်တော့ သက်ဇော်နိုင် လှမ်းပြောသည်။ ဦးယဉ်မျိုး တစ်ကိုယ်တည်း ပြန်ခဲ့ရသည်။ မန်ကျည်းပင်တန်း လမ်းလေးမှာ လမိုက်ရက်မို့ မှောင်နေခဲ့သည်။ မှောင်မိုက်ထဲမှာ ပြန်ခဲ့ရင်း .

"မင်းရောဂါကလည်း သိလိုက်တဲ့အချိန်မှာ တော်တော်ကျွမ်းနေပြီပဲ ကိုညီ ရာ"

ဦးယဉ်မျိုး စိတ်မကောင်းစွာ တွေးလာမိခဲ့လေသည်။

□

ခင်ဦးနွယ်စိတ်မှာ ထူးဆန်းနေခဲ့သည်။ ညက သီရောတာ ဖွင့်ရသည်။ အချိန်ကောင်းဖြစ်သည့် နံနက် ၂နာရီမှာပေ။ Despatch စာအုပ်လေးနှင့် ခင်ဦးနွယ် သို့ အကြောင်းကြားစာပို့ခဲ့သည်။ အရေးပေါ်ခွဲစိတ်ရန်လိုသော၊ သားအိမ်ပြွန်မှာ အနေ့တည်ပြီး ပေါက်ထွက်သွားသော ဝေဒနာသည်တစ်ဦးကို ခွဲစိတ်မည့်အကြောင်း ရေးထားသည့် ဦးယဉ်မျိုး၏ လက်ရေးကြမ်းကြမ်းကြီးကို ဖတ်ရသည်။ 'ဆရာကျင် သာကြည့်ပါ' ဟုပါမလာတာ ထူးဆန်းနေခဲ့သည်။ 'အကြောင်းကြားသည့်အတွက် ကျေးဇူး။ လုပ်ပါ။ လိုရင်ခေါ်ပါ' ခင်ဦးနွယ် ပြန်ရေးပေးခဲ့၏။ တစ်ညလုံး အနှောင့်အယှက်မရှိ၊ ဦးယဉ်မျိုးရဲ့ ဂျူတီညမှာ သီရောတာလည်းဖွင့်ပြပါလျက် နွယ် ကောင်းစွာ အိပ်ရေးဝသော မကြုံစဖူးညပေ။

"ညက သိပ်အံ့ဩစရာကောင်းတယ် မမခင်။ ဦးယဉ်မျိုးတို့ သီရောတာ ဖွင့်တာ သိလိုက်တယ်။ ဒါပေမယ့် ကျွန်မကို မခေါ်ဘူး။ ဒီလူ ဘာတစ်မျိုးထွင်ပြီး ခင်ဦးမလို့လည်း မသိဘူး။ ညက သက်ဇော်နိုင်ရော သိလိုက်လား"

မနက်ကျတော့ Round ရင်း ဝင်(3)ထဲမှာ ခင်ဦးနွယ် ပြောသည်။

"ကျွန်တော် သွားလိုက်သေးတယ် မမနွယ်။ အစ်ကို အမြင်ကြည်လင်လာ သို့ ဖြစ်မှာပါ။ တစ်မျိုးထွင်တာတော့ မဟုတ်ဘူး ထင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



သက်ဇော်နိုင် ခင်ဦးနွယ်သို့မကြည့်ဘဲ ခေါင်းငုံ့ကာ လူနာမှတ်တမ်းတစ်ခုခုရေးရင်းက ပြောလေ၏။ ခင်ဦးနွယ် လှစ်ခနဲ ရယ်ပြုံးလိုက်သည်။

"ကြည့်သေးတာပေါ့လေ"

မယုံသင်္ကာပြောလေ၏။

□

ဆောင်းနှောင်းပိုင်း ရောက်ခဲ့ပြီ၊ နှင်းတို့က သည်းသည်းသိပ်သိပ် ကျဆဲပေ။ တစ်ခါတစ်ရံ မနက်ကျည်းပင်တန်းလမ်းလေးပင် နှင်းတို့ဖြင့် ဝိုးတဝါးရှိနေတတ်ခဲ့သည်။ ခင်ဦးနွယ် ရဲ့ အခန်းပြတင်းမှ ဖွင့်မျှော်လျှင် (ယခင် ဆေးရုံဟောင်းဖြစ်သော) အ–ထ–က (၂)ကျောင်း အပေါ်ထပ်သို့ လှမ်းမြင်ရသည်။ အပေါ်ထပ်မှာ ဆယ်တန်းကျောင်းခန်းများရှိလေ၏။

စည်သူက ဆယ်တန်း(က)မှာ ဖြစ်၍ အပေါ်ထပ် တောင်ဘက်ဆုံးအခန်း ဖြစ်လေသည်။ မြေလတ်မြို့မှ ခင်ဦးနွယ် မပြောင်းရွှေ့ဖြစ်ခြင်းတွင် သားတို့ကျောင်းကိစ္စလည်း ပါသည်။ နွယ့်မျက်စိအောက်မှာ ကျောင်းတက် ကျောင်းပြန် လုပ်နိုင်သောမြို့ဆိုလို့ မြေလတ်ထက် ပိုအဆင်ပြေသည့်အရပ် ရှိတော့မှာ မဟုတ်ပေ။ ညီသူ့ဆိုရင် အိမ်သောခြံစည်းရိုး သွပ်ရှူးကြီးကိုမ,ကာ ကျောင်းဝင်းထဲ တိုးဝင် ပြေးသွားတတ်တာများလေသည်။

ဇန်နဝါရီလကုန်ရက်မို့ ကျောင်းက ကိုယ်ပိုင်စာကြည့်ချိန် ပေးနေပြီ။ စည်သူ၊ ညီသူတို့ ကျောင်းနေ့တစ်ဝက်သာ တက်ရသည်။ နေ့လယ်ပိုင်းမှာ ဆေးရုံလိုက်လာကြရသည်။ စာလည်း သင်ပြပေးရင်း နွယ့်ရှေ့မှာ စာကျက်ရသည်။ စည်သူက သည်နှစ် အရေးကြီးသည်။ ဆယ်တန်းဖြေရမည်။ စည်သူ့ကို အင်္ဂလိပ်စာ၊ မြန်မာစာ၊ ဘိုင်အိုတော့ နွယ်ပြနိုင်သေးသည်။ သင်္ချာ၊ ဓာတုရူပနှင့်တော့ နွယ် အလှမ်းဝေးခဲ့ပြီ။ စည်သူ့ကို ကျူရှင်ယူစေရသည်။

တစ်ရက်တွင် စည်သူက ရူပဗေဒပုစ္ဆာတစ်ပုဒ် နွယ့်ကိုမေးခဲ့သည်။ နွယ်ဖြေရှင်းမပေးနိုင်ခဲ့ပါ။ သက်ဇော်နိုင် လူနာတစ်ယောက်အကြောင်းပြောရန် ဝင်လာခဲ့သည်နှင့် ကြုံသည်။ လူနာကိစ္စ နွယ်ဖြေရှင်းပြီးနောက်

"စည်သူ့ ခုနပုစ္ဆာ ဦးကိုပြကြည့်ပါလား"

သက်ဇော်နိုင်က ပုစ္ဆာကို ယူကြည့်လေသည်။ တစ်ကမ္ဘာလုံးမှာ အမော့်သာ အထင်အကြီးဆုံး ညီသူကတော့ ရယ်မောကာ



"မေမေကလည်း မေမေတောင် မရတာ။ ဦးတော့ ဦးနှောက်စားတော့မှာ ဗျ"

ဟု ဝင်ပြောခဲ့သည်။

"ညီသူ"

နွယ်က ဟန့်ရလေသည်။ သက်ဇော်နိုင် အခက်အခဲမရှိ တွက်ပြပေးနိုင်ခဲ့သည်။ စည်သူ ကျေနပ်သွားပုံရလေသည်။ သို့သော်

'ကျေးဇူးတင်ပါတယ် ဦး"

ဟု အပြီးဖြတ်ချင်ပုံရလေသည်။

"ကိုယ်တော့ ဖစ်ဆစ်တွေ မက်(စ်)တွေနဲ့ အလှမ်းဝေးသွားခဲ့ပြီကွာ။ မပြနိုင်တော့ဘူး"

"ပလက်ဝမှာ ကျွန်တော်နဲ့အတူတူ နေခဲ့တဲ့ချာတိတ်ကို မနှစ်က ဆယ်တန်းစာတွေ ပြပေးခဲ့ရလို့ ကျွန်တော်လည်း ရနေတာပါ"

"အဆင်ပြေတာပဲ။ စည်သူတို့ကို ညနေတိုင်း ဆေးရုံခေါ်ထားတယ်။ သက်ဇော်နိုင်လည်း ကြည့်ပေးပါဦး။ စည်သူ့အတွက်က အရေးကြီးနေတာ"

နေ့လယ်ခင်း ၁၂နာရီမှ ၂နာရီ ဆေးခန်းထိုင်ချိန်ကို ခင်ဦးနွယ် ဖျက်ခဲ့သည်။ သားတွေနှင့်အတူ သူမပါ စာလိုက်ဖတ်လေ၏။

"ကျွန်တော်လည်း မသွားရင် ဖြစ်ပါတယ်။ နေ့လယ် ပေးရှင့်လည်း ဒီလောက်ရှိတာ မဟုတ်ပါဘူး"

သက်ဇော်နိုင်က လိုက်လျောစွာ ပြောခဲ့သည်။

"ကိုယ့်ဆေးခန်း ပိတ်ထားတော့ ဆာဂျစ်ကယ်ကေ့(စ်)တွေက မင်းဆီလာကြမှာ။ သွားလိုက်ပါ။ ပေးရှင့်တွေ ဘယ်ရှာရမှန်းမသိ ဖြစ်နေပါ့မယ်။ နေ့လယ် ၂နာရီနောက်ပိုင်း စာပြပေးရင် တော်ပါပြီ"

သက်ဇော်နိုင် စာသင်ပြသည်ကို စည်သူက သိပ်လိုက်လှဲဟန်မပြဘဲ ခံယူသည်။ မဆန့်ကျင်သည်ကိုပဲ ခင်ဦးနွယ် စိတ်အေးရသေးသည်။ စည်သူနှင့် ဆက်ဆံလျှင် သက်ဇော်နိုင်ကလည်း သတိထားတတ်တာ နွယ် ရိပ်စားမိလေသည်။ ညီသူနှင့်တော့ သက်ဇော်နိုင် ဟန်မဆောင်တတ်။ ညီသူကိုယ်၌ကလည်း ဆေးရုံဝန်ထမ်းတွေနှင့် စလိုက် နောက်ပြောင်လိုက်နှင့် တရင်းတနှီး နေတတ်သည်။ စည်သူလို မရနိုင်သော အရာတစ်ခုကို တိတ်ဆိတ်စွာ တမ်းတမနေတတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



သူချိန်းဆိုထားသော နေရာတွေက ရှာဖွေရလွယ်ကူတတ်လေသည်။ အားလုံးကို သူချစ်တတ်သည်။ သက်ဇော်နိုင်နှင့်ညီသူ ဆက်ဆံရေးတွင် သူတို့နှစ်ဦးသာသိသော ထျို့ဝှက်ချက်များလည်းမှုတွေရှိသည့် လူနှစ်ယောက်လို ပြုမူဆက်ဆံကြလေ၏။

သည်ရက်တွေမှာ နွယ်ကိုဖိစီးနေခဲ့သော သောကမှာ စည်သူ့ဆယ်တန်းကို ထူးချွန်စွာအောင်မြင်နိုင်ဖို့အရေးပေ။ နွယ်လည်း မအိပ်ပဲ၊ စည်သူလည်း မအိပ်ရေးဘဲ ညဥ့်နက်သန်းခေါင်ထိ စာသင်ပေး ဖိသည်။ ဆေးရုံမှာလည်း ခေါ်သင်၊ ခေါ်ခိုင်းသိက

"မရယ် စည်သူ့အသက်မှန်က အခုမှ ဆယ့်ခြောက်နှစ်ဝင်စရှိသေးတာ။ သူ ဒီလောက်တော်နေတာပဲ ကျေနပ်ဖို့ကောင်းနေပါပြီ"

"အို ဘယ်ဟုတ်မလဲ မမခင်ရယ်။ သူ့အဖေတုန်းကလည်း ဆယ်တန်းအောင်တော့ ဆယ့်ခြောက်နှစ်မပြည့်သေးဘူး။ ဆေးကျောင်းကို ခုနှပါတ် ထဲမှဝင်တာ။ စည်သူ့ကျရင် ဆေးကျောင်းဝင်ခွင့်အဆင့်က တစ်ဆယ်အောက်နိမ့်လို့မဖြစ် ဘူး"

ဆေးကျောင်းဝင်ခွင့် ဆိုသော စကားကြောင့် သက်ဇော်နိုင် မမနွယ်ကို လှမ်းကြည့်မိသည်။ ဒေါ်ခင်ဦးနွယ်ရဲ့ မျက်လုံးများက ယုံကြည်စိတ်ချမှုများလို့ တောက်ပနေခဲ့လေ၏။ သက်ဇော်နိုင် စည်သူ့ကို သနားသွားသည်။ စည်သူ အလွန်ငယ်သေးသည်။

"စည်သူက ဉာဏ်ကောင်းတယ်။ စာလည်း တော်ပါတယ်။ ဒါပေမယ့် အသက်ကငယ်နေသေးတော့ သူနဲ့အတန်းတူ ကလေးတွေနဲ့ယှဉ်ရင် မရင့်ကျက်နိုင်သေးတာလေးတွေ ရှိတယ်။ ကျွန်တော် တစ်ခါတစ်ခါ ကြည့်နေမိတယ်။ သူက စာဖတ်ရင်း ဘော(လ်)ပင်လေးတွေ၊ ခဲဖျက်လေးတွေနဲ့ဖြစ်ဖြစ် ကစားချင် ကစားနေတတ်သေးတာ။ ကလေးပဲရှိသေးတာကိုး"

မမနွယ်က ခေါင်းမာသူပေ။ စည်သူ့ စာမေးပွဲကိစ္စနှင့် ပတ်သက်လို့ သဘောထားက ပျော့ပျောင်းခြင်း မရှိခဲ့။

"အမေနဲ့အမေက ကြေတာပဲ။ သူက ဘာလို့မရ ရမှာလဲ။ အတင်းအကျပ် လုပ်ခိုင်းတာလည်း မဟုတ်ပါဘူး။ ဆရာဝန်လိုင်းကို ဝါသနာပါရင်တော့ သူကြိုး စားရမှာပေါ့။ ကိုယ် ဆယ်တန်းအောင်တော့လည်း ဆယ့်ခြောက်နှစ်လေ။ ကျွန်



သည်း မယူခဲ့ရပါဘူး။ အခု သူ့မှာ ကျူရှင်ပြပေးတဲ့ဆရာကို သုံး လေးယောက် နှိုက်နေ တာပဲ။ အသက်က သိပ်မဆိုင်ဘူး ထင်တယ်"

"မဟုတ်သေးဘူး မမနွယ်။ အခုက ကျွန်တော်တို့တုန်းကထက် ပြိုင်ဘက် စာတွေလည်း အများကြီးတိုးလာခဲ့သေးတာ"

"စည်သူ ဆေးကျောင်း ဝင်တဲ့အဆင့်က တစ်ဆယ်အထက်မှာပဲ ရှိရမယ်။ သူမရလို့မဖြစ်ဘူး။ သူ့အဖေက ကိုယ်နဲ့နေလို့ စည်သူ့ညံ့ရတယ် အပြစ်ပြောမှာ ကိုယ်မခံနိုင်ဘူးကွာ"

သက်ဇော်နိုင် ပခုံးသာတွန့်မိရလေသည်။ ဒေါ်ခင်ဦးနွယ်ကိုယ်တိုင် စိတ်ပင် ပန်း လူပင်ပန်းနှင့် ပါးလျသွားခဲ့သည်။ စည်သူလည်း ပိန်သွားခဲ့သည်။ ညီသူရဲ့ ပါးဖောင်းဖောင်းလေးပင် ရောယောင် ပိန်သွားခဲ့သည်။ သက်ဇော်နိုင်သို့ တိုးတိုး လေး ကပ်လာပြောခဲ့သည်။

"ကိုကိုတော့ လုံးဝ မချောင်ဘူး ဦး။ ညကျရင် ၁၂နာရီအထိ စာကျက် ရတယ်။ မနက်ကျတော့ ၄နာရီဆိုရင် ထရပြီ။ အိပ်ငိုက်သွားရင် မေမေက ရေနွေးသစ်ခိုင်းပြီး ထပ် ဖတ်ခိုင်းပြန်ရော။ ခုလည်းခုသေးတာဗျ။ အင်ဂျင်နီယာ ကိုင်းဆိုရင်ကော ကိုကို့လောက် စာကျက်ရမှာပဲလား ဦး"

"မကျက်ရပါဘူးကွာ ညီသူ့အတွက်ဆို နိုင်နာလေးပါ"

သက်ဇော်နိုင် ခေါင်းယမ်းခါမိရလေသည်။

ဆယ်တန်းကျောင်းသား သားကြီးကို ဒေါ်ခင်ဦးနွယ်က အဖေလုပ်သူ သမားတော်ကြီးနှင့် အရပင် ယှဉ်ပြိုင်ခိုင်းတော့မလား ထင်ရလေသည်။

□

"ကိုသက်ဇော်နိုင် အလုပ်တွေ များနေလား"

"မများပါဘူး။ ဆို ကျွန်တော် ဘာလုပ်ပေးရမလဲ"

မူယာတင်က ခွဲစိတ်ကုသဆောင်သို့ ဝင်လာခဲ့သည်။ သူမ ရှောင်တခင် ဆိုနှင့် ရန်ကုန်ပြန်သွားခဲ့သည်။ စာရွက်ထဲက ခွင့်ကတော့ သုံးရက်တည်း။ ဆယ်ရက် ကြာခဲ့လေသည်။ ပြန်လာတော့ ဆံပင်ပုံစံတစ်မျိုးပြောင်းချက် ပခုံးပေါ် ဝဲ၊ ဆံနွယ် ဆံယိုင်တွေ ကောက်ညှပ်လာခဲ့သည်။ ပါးလျသော မျက်နှာအလှတွင် ဆံပင်ပါးပါးကို နောက်တက်မှာ စီးနှောင်ထားသည်ထက် ပိုလိုက်ဖက်လာခဲ့သည်။ ပိုးသားပျော့ပျော့ အင် ရှေ့ရင်ပေါ် ဖဲကြိုးဖဲပွင့်များပါသော ဘလောက်(စ်) အင်္ကျီဖားဖားများကို

www.burmeseclassic.com

www.burmeseclassic.com



အေးနယာ ဝတ်ဆင်တတ်သည်။ နားကြပ်ခွေကို လည်မှာ ရစ်ခွေချထားလျှင် အကျီရွှေရင်ခေါ်က ထိုကြိုးအလှတွေနှင့် နားကြပ်ကြိုးမှာ တစ်ခါတစ်ရံတွင် ငြိနေတတ်သေးတော့သည်။ မြေလတ်မြို့လေးတွင် နေနေရပေသော ဒေါ်မှုယာရဲ့ နောက်ဆုံးဖြစ် ဒီဇိုင်းပေ။ မှုယာ့လူနာတစ်ဦးကို ယခုအပတ်ခွဲစိတ်ရက်ရဲ့ အသေးစားခွဲစိတ်မှုစာရင်းထဲမှာ ထည့်ပေးဖို့ ပြောလာခဲ့သည်။

"ရပါတယ်။ ကျွန်တော် ထည့်ဆွဲလိုက်ပါမယ်"

မှုယာက လက်က နာရီလေးကို မြှောက်ကြည့်လိုက်သည်။ နေ့လယ် ၁ နာရီ ၄၅ မိနစ်။

"ကိုသက်ဇော်နိုင် မပြန်သေးဘူးလား။ ပြန်ရအောင်လေ"

"ပြန်တာပေါ့"

ပြောရင်း သက်ဇော်နိုင် ဒေါ်ခင်ဦးနွယ် အခန်းဆီ လှမ်းကြည့်သည်။ ခန်းဆီးပြည့်ချထားပြီး တံခါးပိတ်မထားသေး၍ ဒေါ်ခင်ဦးနွယ်ရှိနေသေးသည်။ မှုယာ က သက်ဇော်နိုင် လှမ်းကြည့်ရာ လိုက်ကြည့်ရင်းက မေးသည်။

"ယူတို့ ဝပ်(ဒ်)ထဲက ပြန်ရင် ခွင့်ပန်ရသေးတာလား"

"မဟုတ်ပါဘူး။ အလုပ်ရှိသေးလား။ ရှိရင်လည်း ကူရအောင်လို့ပေါ့"

"၁၂ နာရီထိုးတော့မှာပဲ။ ပေးရှင့်ရှိလည်း ဒီနေ့ဂျူတီက ဆရာယ် ဟုတ်လား။ သူကြည့်လိမ့်မှာပေါ့"

မှုယာက သည်လို တိကျသူဖြစ်၏။ သူများဂျူတီ ဆိုရင်လေ။ အရေး လူနာ ကိုယ်ရှိနေတုန်း ကိုယ့်ဝပ်(ဒ်)ထဲ ရောက်လာခဲ့လို့ ကြည့်ပေးခဲ့ရင် လူနာလည်း သက်သာ၊ အိမ်ရောက်ပြီးမှ အရေးတကြီး ပြန်ပြေးလာရမယ့် ဂျူတီဆရာဝန်လည်း သက်သာဟု မှုယာတင့်ကို ရှင်းပြဖို့ လိုမည်မထင်ပေ။ သက်ဇော်နိုင်နှင့် မှုယာ တို့ ခွဲစိတ်ဆောင်မှ ထွက်ခဲ့ကြလေ၏။ ဆေးရုံဝင်းထဲမှ ဖြတ်သန်းလာခဲ့စဉ် မှုယာက ကျီစယ်သလို ခေါင်းကလေး ငဲ့၍ မေးခဲ့သည်။

"ဘယ်လိုလဲ ဆယ်တန်းကျောင်းသားလေး။ စာတွေ ကောင်းကောင်း ရပြီလား"

သက်ဇော်နိုင် ခေါင်းမော့၍ ရယ်မောလိုက်ရင်း ဖြေသည်။

"ကျက်တုန်းပဲ။ ဆယ်တန်းက တစ်သက် တစ်ခါ ဖြေရလို့ပဲ။ အခု ကျွန်တော် ပြန်ဖြေရရင် လိမ့်သွားမလား မသိဘူး"



"စည်သူ့ကို ညဘက်လည်း အိမ်မှာ စာသွားပြပေးရသေးတယ်ဆို"

"တစ်ခါတလေပါ"

မှုယာက သက်ဇော်နိုင်အနီးသို့ တိုးကပ်လျက် အသံတိုးတိုးလေးဖြင့် ပြောခဲ့သည်။

"မမနဲ့ ကျူရှင်ဆရာလေး တစ်ယောက် ဇာတ်လမ်းရှိခဲ့ဖူးတယ်တဲ့ နော်။ ... ယူ သိလား"

"ဟုတ်လား ဘယ်လိုတဲ့လဲ"

သက်ဇော်နိုင်က မသိဟန်ဖြင့် မေးသည်။

"သားတွေနဲ့ ပြဿနာဖြစ်လို့ နောက်ဆုတ်သွားတာတဲ့လေ"

မိန်းမချင်း ခါးသီးမှုက ပိုမိုဆိုးဝါး ပြင်းထန်လှပါလား။ သက်ဇော်နိုင် ...တွန့်လိုက်ရင်း တွေးမိလေ၏။

"ဩော် ကျူရှင်ဆရာ ဦးထင်မြတ်နဲ့ ကိစ္စလား။ အဲဒါတော့ ကြားတယ်။ ...ဒ်)ထဲမှာ မမကိုယ်တိုင်ပဲ ပြောပြခဲ့တာ။ သားတွေက သဝန်တိုတဲ့နေရာမှာ ...ခံနဲ့တူတယ်ပြောရင်းနဲ့ ပြောပြတတ်တာ"

မှုယာ မျက်နှာညိုသွားခဲ့သည်။ ထိုကျူရှင်ဆရာရဲ့အမည်ကို မှုယာမသိ ...ကိုသက်ဇော်နိုင်မသိသေးတာ မှုယာသိထားတာတော့ ရှိရမယ်လေ။

"ကျူရှင်ဆရာကလည်း မိန်းမနဲ့ကွဲလာတာလေ"

သက်ဇော်နိုင် အငိုက်မိသလိုဖြစ်သွားခဲ့သည်။ ဦးထင်မြတ်ရဲ့ ကိုယ်ရေး ...ဝင်ကို သက်ဇော်နိုင် သည်မျှမသိ။

"အခုပြောင်းလာတဲ့ OPD က နပ်(စ်) မကျင်တီနဲ့ ကျူရှင်ဆရာနဲ့က ...မြို့တည်းသားတွေတဲ့၊ သူ့အိမ်ထောင်ပျက်ပြီးမှ မြေလတ်ကို ပြောင်းလာခဲ့တာ ...လေ။ သိပ်တော့မဆန်းပါဘူးနော်။ ဒါကြောင့် မကျင်တီက ပြောတာ၊ ကြောင် ...ပျက်နဲ့ ဆက်ရက်တောင်ပံကျိုး ဇာတ်လမ်းလေးလို့"

မှုယာတင်က အသံလွင်လွင် ရယ်လေ၏။ သူမ နောက်ကွယ်မှာ သည်လို ...ကြတာ မမနွယ် သိလေမလား။ သိဖို့ များလေသည်။ သိလည်း သူမမှုအတိုင်း ...သလို ဝံ့စားတည်ငြိမ်စွာနေ နေမည်ပေ။

"ကိုယ်တို့ OPD က ယူ့ကို သနားနေကြတာ။ ဆာကျင့်ဇာတ်လမ်း ...ထဲ ရောပါသွားမှာစိုးလို့၊ ကိုယ်ဟောက်(စ်)တုန်းက သူနဲ့ ရန်ကုန်မှာ ဆုံခဲ့ဖူး

www.burmeseclassic.com

www.burmeseclassic.com



တယ်။ အဲဒီကတည်းက သူ့အနေအထိုင်က သိပ်မဟုတ်ပါဘူး''

သက်ဇော်နိုင် မှုယာတင်သို့ ခပ်ပြုံးပြုံး ငုံ့ကြည့်သည်။ သူမပြောခဲ့သည် ထက် ပိုသိချင်စွာမေးလိမ့်မည် ထင်ပေမယ့် သူက ထိုစကားကို ဆက်မမေး။

''ပြောလိုက်ဗျာ OPD အဖွဲ့ကို။ ဒီဇာတ်လမ်းမျိုး ပေါ်စရာမရှိပါဘူး ထင်တယ်လို့''

မှုယာတင်က ပြုံးစနဲ့စွာ

''ဘာဖြစ်လို့''

''ကြောင်ကြောင်တာ မဟုတ်ဘူးနော်။ ကျွန်တော်က အိမ်ထောင်တစ်ခါမှမကျ ဖူးသေးဘူးလေ။ တောင်ပံလည်းမကျိုးဘူး။ ခံတွင်းလည်း ကောင်းပါတယ်''

''ဟယ် သူကလဲ''

မှုယာက သက်ဇော်နိုင်လက်မောင်းကို သူမပခုံးစောင်းလေးနှင့် တိုက်ရင်း ရယ်မောလေ့၏။ သက်ဇော်နိုင် ခြေလှမ်းယိုင်ခဲ့ကာ သူ မျှော်လင့်မထားမိသော အပြုအမူပေ။

''တစ်ခုတော့ရှိတယ် မှုယာ''

သက်ဇော်နိုင် အေးအေးဆေးဆေး ပြောသည်။

''ဒေါ်ခင်ဦးနွယ်က ကျွန်တော့်ရဲ့ ဆာကျင်ပဲ။ သူက သားတွေအတွက် ကျူရှင် ဆရာလုပ်ပေးပါဦးဆိုရင် ကျွန်တော်လုပ်ပေးမယ်။ အတောင်ပံတွေ ကျိုးပေး လိုက်ဦးဆိုရင် အခုကို ရိုက်ချိုးမယ်။ ခံတွင်းပျက်လိုက်ဦးဆိုရင် လုံးဝမစားဘဲ နေတော့မယ်ဗျာ။ ကျွန်တော့် ဆာကျင်စကားကို အဲဒီလောက်အထိ နားထောင်ချင် တယ်။ မှုယာ ယုံမလားတော့ မသိဘူး''

မှုယာတင် စကားမပြန်တော့ပေ။ အိမ်အသီးသီးသို့ရောက်ကာ လမ်းခွဲခဲ့ ကြသည်အထိ။

''ကျွန်တော် တမင်ပြောလိုက်တာ အစ်ကို''

အစ်ကိုကို ပြန်ပြီး ပြောပြတော့ အစ်ကိုယံစ်က တဟားဟား ရယ်မော ကာ

''သိပ် မိန်းမပီသတာပဲ'' ဟုဆိုလေ၏။

□



သက်ဇော်နိုင်ရဲ့ ဂျူတီတစ်ညတွင် ခင်ဦးနွယ်သို့ သူ အကူအညီလှမ်း ခေါ်ယူသည့်စာ ဖတ်ရလေ၏။ 'မီးမဖွားနိုင်ဘဲ အပြင်မှာ ဒုက္ခကြာလာသော လူနာ။ သားအိမ်ကွဲသည်ဟုထင်ရ'ဟု အကြောင်းကြားစာတွင် နွယ်ဖတ်ရသည်။ ခင်ဦးနွယ် စည်သူ့ကိုစာသင်နေရာက ထရသည်။ မေမေလည်းရောက်နေသည်မို့ နွယ် စိတ်မချစွာ မေမေ့ကိုမှာမိသည်။

''ည ၁၁နာရီအထိ စည်သူ၊ ညီသူ စာကြည့်စားပွဲက မထပါစေနဲ့ မေမေ။ ညီသူဆိုရင် နွယ်လစ်တာနဲ့ သူပျင်းပြီ''

''စိတ်ချသွားပါ။ မေမေရှိတာပဲ''

မေမေ ရောက်ခဲ့ရင် နွယ်လည်း အိမ်ကိုစိတ်ချကာ စည်သူ၊ ညီသူလည်း အဘွားကို ချွဲနွဲ့ပျော်ရွှင်ကြသည်။ သည်တစ်ခေါက်မှာ စည်သူ စာမေးပွဲဖြေပြီး သည်အထိ မေမေ နေမည်။ အဘိုး၊ အဘွားက မြေးနှစ်ယောက်ကို ရန်ကုန်ခေါ်ယူ ချင်သည်။ ရန်ကုန်မှာ ကျောင်းထားစေချင်သည်။ နွယ့်ကို ဆေးရုံအလုပ်၊ ဆေးခန်း အလုပ်တွေထဲမှာ စိတ်လွတ်လပ်စွာ မြှုပ်နှံစေချင်လေသည်။ နွယ် ရည်မှန်းထားသည့် နိုင်ငံခြားဘွဲ့လွန်အတွက်လည်း စာကျက်နိုင်မည်။ နွယ်ကမူ နွယ်တစ်ဆင့်တက်ဖို့ ထက် သားတွေကို ဦးစားပေးဖို့ စဉ်းစားသည်။

စည်သူ၊ ညီသူတို့ဖေဖေ နိုင်ငံခြားဘွဲ့လွန်အတွက် ပြည်တွင်းမှာ ဖြေဆို သော အကြိုစာမေးပွဲ အောင်ခဲ့ပြီကြားရတော့ နွယ် အနည်းငယ် တုန်လှုပ်ခဲ့မိ သည်။ သူ့ရဲ့ ဒုတိယအိမ်ထောင်နှင့် သမီးတွေရခဲ့ပြီးပေမယ့် ကလေးတွေက ငယ်သေး သည်။ သူ့မှာ တာဝန်ပေါ့ပါးလှလေသည်။ အရေးမကြီးပါ။ စည်သူ ဆေးကျောင်း ရောက်ပြီးမှ နွယ် စာမေးပွဲဆက်ဖြေမည်။ ဖြေရင်လည်း နွယ် အောင်မြင်မည်ဟု ယုံကြည်သည်။ ပြည်ပဘွဲ့လွန်အတွက် အခွင့်အလမ်းပေါ်တိုင်း နွယ့်ဆရာများက နွယ့်ထံအကြောင်းကြားပေးကြသည်ကို ကြည့်လျှင် သူမအပေါ် အားထား ယုံကြည်မှု ကို သိရှိနိုင်လေသည်။ ခွဲစိတ်ကုပါရဂူဘွဲ့ကို တစ်နေ့မှာ နွယ်ပိုင်ဆိုင်ရလိမ့်မည်။ သူ သမားတော်ကြီးဘွဲ့ရသည်ထက် နှစ်အနည်းငယ် နောက်ကျရုံရှိမည်။ စည်သူ့ ဆယ်တန်းစာမေးပွဲက သားအတွက်သာမက အမေ့ဘဝအတွက်ပါ အရေးပါသော စာမေးပွဲပါပဲ။ သည်အတွက် နွယ် လှုပ်ရှားလက်ရှိင်ခဲ့သည်။ ဆရာဦးအောင်မြင့်က လက်မခံခဲ့။

''သက်ဇော်နိုင်ကိုလည်း မျက်နှာလွှဲနေရပြီပဲ။ ဒေါ်ခင်ဦးနွယ် တူးပြီးခွင့်

www.burmeseclassic.com

www.burmeseclassic.com



သူ့စရာမလိုပါဘူး။ ဆေးရုံကိုကြီးကြပ်ပေးရုံပဲ လာခဲ့ပါ။ ကျန်တဲ့အချိန် ကလေးတွေ နေပေါ့။ သူတို့ စာမေးပွဲပြီးမှ အနားယူ ခရီးထွက်ရင်း ခွင့်ယူလိုက်ပါ''

သရောစေတနာ လွှန်ဆန်မရ၍သော ခွင့်စာကိုပြန်ယူခဲ့ရသည်။ နွယ်က ဘာဝန်ပေါ့ပေါ့ပါးပါးနှင့် စည်သူ့စာမေးပွဲကိုပဲ အာရုံထားချင်သည်။

''ခွင့်ယူလည်း ကိုယ်က ဘယ်မှသွားမှာမှမဟုတ်ဘဲ၊ ဆေးရုံမှာတစ်ခု အရေးပေါ်ရင် အိမ်မှာနေနိုင်မှာလည်း မဟုတ်ပါဘူး''

နွယ် စိတ်လျှော့ဖြေလျက် ဆေးရုံသို့ ထွက်ခဲ့ရလေသည်။

□

မြို့မီးကိုအားမရ၍ ဆေးရုံမီးစက်နှိုးထားခဲ့သည်။ လင်းချင်းဖြူဖွေးနေသော သိရေတာအဝမှ သက်ဇော်နိုင်က ကြိုခဲ့သည်။ ခွဲစိတ်ဝတ်စုံလဲထားခဲ့ပြီးပြီ။

''ဘာဖြစ်လို့လဲ _ဟင်''

သားအိမ်ကွဲ၍ သားအိမ်ထုတ်ယူသည့်အတွေ့အကြုံ သက်ဇော်နိုင် ရှိထားပြီးခဲ့သည်။ သည်မှုနှင့်တော့ နွယ့်ကို မခေါ်လောက်ဟု လမ်းမှာ စဉ်းစားလာ သည်။ 'ဘာဖြစ်လို့လဲ' ဟု နွယ် မေးဖြစ်လေသည်။ သက်ဇော်နိုင် အားနာသံ ဖြင့် _

''ပေးရှင့် ကွန်ဒီရှင် သိပ်မကောင်းဘူး မမနွယ်။ မမွေးနိုင်လို့ ပိုင်းနိုင် ထားသေးတော့ အထဲမှာ တခြားဘာတွေဖြစ်နေမလဲ စိုးရိမ်လို့၊ မမ စောင့် နိုင်မလားလို့ပါ။ ကျွန်တော် ဝင်မှာပါ''

''ရပါတယ်''

ခုတင်ထက်က မွေးလူနာကိုကြည့် လိုက်တော့ နှုတ်ခမ်းတွေ သွေးရော မရှိ၊ တစ်ကိုယ်လုံး သွေးဆုတ်ဖြူဖပ်နေသည်။ အဖျားသွေး ၁၀၀၊ သွေးပေါင်ကျ သွေးပုလင်းများ သွင်းထားခဲ့သည်။ သွေးပေါင်ချိန် ကောင်းမှ ခွဲစိတ်မှုစတင် ဖြစ်မှာပေ။ ပိုးဆိပ်မပျံ့ဖို့ ပဋိဇီဝဆေးများနှင့် အသက်ကယ်ဆေးပါထိုးထားဖို့ ညွှန် ကြားပြီး စောင့်ဆိုင်းရလေ၏။

နွယ်အပါအဝင် လက်ထောက် ဆရာဝန်များက မိခင် ကလေး ဆော ရှောက်ရေးဌာနတွင် အလှည့်ကျ အပတ်စဉ် ကိုယ်ဝန်ဆောင် စမ်းသပ်ပေးခဲ့သည် သည်ညကလို လူနာမျိုးနှင့် ကြုံရတော့ နွယ် စိတ်မောတတ်ချင်သည်။ နွယ်တို့ ကျန်းမာရေးပညာပေးမှုဟာ ဘယ်တော့ကျရင် နောက်ထပ် ပညာပေးစရာမ



တော့အောင် ပြည့်ဝသွားမှာလဲ။ တစ်ယောက်ယောက်ကို နွယ် မေးချင်မိတော့သည်။

လူနာ သွေးပေါင်တက်ခဲ့လျှင် ခွဲစိတ်မှု စတင်ခဲ့သည်။ ခင်ဦးနွယ် ဟန် ဆောင်၍ပင် ''ကိုယ် ဝင်ပေးမယ်'' ဟု မပြောဖြစ်တော့မှ သူမ အနားယူဖို့လိုအပ် နေမှန်း သိမိရတော့သည်။ နွယ် ပင်ပန်းနွမ်းနယ်နေလှသည်။ ခေါင်းထဲမှာ ကြည် ကြည်လင်လင် မရှိ၊ ဒေါ်ခင်မြသီ မေ့ဆေးသည်ကို ကူပေးခဲ့သည်။ သက်ဇော်နိုင် ခွဲစိတ်သည်ကိုလည်း ကြည့်ပေးရုံ အနားမှာနေမိသည်။ ဗိုက်ဖွင့်လိုက်တော့ သက် ဇော်နိုင်မှန်းဆသည့်အတိုင်း သားအိမ်ကွဲထွက်ခြင်းပေ။ အောင်းထွက်လာသော အနံ့အသက်ကြောင့် နှာခေါင်းရှုံ့မိကြရသည်။ တစ်ခါတစ်ရံ နွယ်တို့ကိုပင် အံ့သြ စေအောင် ဆန်းကြယ်သောကံတရားက လူနာဘက်မှာ ရှိနေတတ်ခဲ့သည်။

သားအိမ်ကွဲပြီးပြီးချင်း ဆေးရုံရောက်လာခဲ့ဟန်တူသည်။ ကလေးက အသက်ရှင်နေသေးသဲ။ ငိုသံလေး တစ်ချက်သဲ့သဲ့ပေးလေသည်။ နွယ်ကိုယ်တိုင် ကလေးကောက်ယူခဲ့သည်။

''တခြားဘာတွေထိထားသေးလဲ''

''မထိဘူး မမ။ Uterus (သားအိမ်) ကိုတော့ ထုတ်ပစ်ရမယ် ထင်တယ်။ ချုပ်လို့ မလွယ်ဘူး။ အသားတွေက ရိနေတယ်''

''ထုတ်လိုက်ပါလေ။ နောက်တစ်ကြိမ် ကိုယ်ဝန်ထပ်ရမယ်ဆိုရင် လူနာ ရော နောက်ဆရာဝန်တစ်ယောက်ပါ ထပ်ပြီး ဒုက္ခရောက်ဦးမှာ။ အခုလောလော ဆယ်ကို အနာမကျက်မှာစိုးရတယ်။ ဖြစ်မယ်နော် သက်ဇော်နိုင်၊ ကိုယ်ကလေးကြည့် လိုက်ဦးမယ်။ ရလိုရငြားပေါ့''

''ရပါတယ် မမနွယ်၊ လုပ်ပါ။ ကျွန်တော့်ကလေးကို ရှင်အောင်လုပ်ပေးရင် ကျွန်တော် ကျေးဇူးဆပ်ပါ့မယ်''

''လူပျိုကြီးရဲ့ ကလေးကို ရှင်အောင်သာ လုပ်ပေးလိုက်ပါ မမရယ်။ ဘာတွေ ကျေးဇူးဆပ်မလဲ ကြည့်ရအောင်''

မျှော်လင့်မထားဘဲ အောင်မြင်ဖို့ အလားအလာကောင်းလာသော ခွဲစိတ်မှု အတွက် ခွဲစိတ်အဖွဲ့မှာ ပြုံးပျော်အားတက်လာကြသည်။ တိတ်ဆိတ်နေခဲ့ရော စကားသံတွေ ထွက်လာသည်။ ကလေးရော အမေပါ ရှင်ခဲ့ရင်တော့ အပျော်ဆုံးသူမှာ သက်ဇော်နိုင် ဖြစ်မည်ပေ။ နွယ် အလုပ်လုပ်ရင်း တွေးနေမိသည်။ သက်ဇော်နိုင်မှာ ကြာလေ နွယ် ခွဲစိတ်အတွေ့အကြုံရစေနိုင် တူလာလေ။ အရေးကြီးသော ခွဲစိတ်မှု

www.burmeseclassic.com

www.burmeseclassic.com



တိုင်းမှာပါဝင်ရသော မမအေမီနှင့်လည်း အပေးအယူ မှုလှကာ သူတို့နှစ်ဦးခွဲစိတ်နေစဉ် ကြည့်လို့ကောင်းလှ၏။

"ကလေးကို မမ Revive လုပ်ပေးလို့ ကလေးကောင်းသွားရင် မမရဲ့ ကလေးပေါ့။ ရှင်နဲ့ ဘာဆိုင်သလဲ"

"ကျွန်တော်က အရမ်း ဆိုင်ချင်တယ် ဆိုရင်ကော..ဗျာ"

"ဒါတော့ သိတတ်ဘူးတော်။ မေးကြည့်ချည်ပါလား"

ခင်ဦးနွယ် ကလေးကို တစ်ဖက်ခန်းသို့ ခေါ်သွားစဉ် ခွဲစိတ်အဖွဲ့က တိုးတိုးပြော၊ တိုးတိုးရယ်မော ကျန်ခဲ့လေ၏။

အသက်ရှူအားပေးသည့်ဆေး၊ ပဋိဇီဝဆေး၊ အသက်ကယ်ဆေး၊ ဂလူကို့(စ်)ဆေးရည်၊ ကလေး၏ချက်ကြိုး သွေးပြန်ကြောထဲသို့ ဆေးမျိုးစုံ ခင်ဦးနွယ် ထိုးပေးပြီးတော့ ကလေးက ပြာနေရာက ဖြည်းဖြည်းချင်း ပန်းရောင် သမ်းလာခဲ့တော့သည်။ နွယ် အပြုံးဖြင့် ခွဲစိတ်ခန်းထဲ ပြန်ဝင်ခဲ့သည်။

"ကလေးကတော့ အိုကေနေပြီ၊ လူကြီးအခြေအနေကော"

သတင်းကောင်းပေးလိုက်စဉ် နော်အေမီက

"မေးမယ်ဆို မေးလေ ဆရာ"

သက်ဇော်နိုင် ထိတ်ပျာစွာ

"ဟာ မမအေမီ" ဟု ဟန့်သည်။ နွယ်က လူနာအခြေအနေ စစ်ဆေးကြည့်နေသည်။ သွေးပေါင်ချိန်၊ သွေးခုန်နှုန်းကောင်းမွန်နေခဲ့သည်။ သားအိမ်ခွဲစိတ်ဖြတ်တောက်ထုတ်ပြီးပြီ။ ပြန်ချုပ်ဖို့ စတင်နေခဲ့သည်။ နွယ် လူနာကို စစ်ဆေးနေရင်း

"ဘာလဲဟင်"

လှမ်းမေးခဲ့သည်။ နော်အေမီက ရယ်မောကာ

"ဆရာလေးက မနက်ဖြန် ကျွန်မတို့ကို ဒံပေါက်မှာကျွေးမလို့လေ ကလေးရော လူကြီးပါ ကောင်းလို့တဲ့။ မမရော ဒံပေါက်ပဲစားမှာလား တဲ့"

ပြောလိုက်မှ သက်ဇော်နိုင် သက်ပြင်းချနိုင်သည်။

"ဒံပေါက်ဆိုရင်တော့ ပေးရှင့်ကို စည်းရုံးကြည့်ရဦးမယ်ဗျာ။ တစ်ယောက်တည်းတော့ မတတ်နိုင်ဘူး။ ဖက်စပ်ပေါ့"

ခင်ဦးနွယ် သူတို့အဖွဲ့ကို သက်မကောင်းကြည့်ခဲ့ကာ



"ခုနက ပြောတာ ဒံပေါက်ဖြင့် မထင်ပါဘူး။ ဒါပေမယ့် ထားလိုက်ပါ။ မမအေမီက ဒံပေါက်မှစားချင်တယ်ဆိုရင် နွယ် ကျွေးပါ့မယ်"

"မမ ကျွေးတာ များနေပြီ။ ဦးသက်ဇော်နိုင် ကျွေးတာမှ စားချင်တာ"

"သူ့မကျွေးနိုင်းပါနဲ့။ ယတြာတွေ ကျေကုန်ပါဦးမယ် မမအေမီရယ်"

"မကျွေးနိုင်တော့ဘူး ထင်တယ်နော် မမ။ ဆရာက အခု ထမင်းတောင် ချက်စားစရာမလိုတော့ဘူး။ ထမင်းပို့တဲ့သူ၊ ဟင်းပို့တဲ့သူတွေနဲ့ ဆရာ့အိမ်ကို တစ်ယောက်ဆင်း တစ်ယောက်တက်ဖြစ်နေပြီ။ ဆိုင်ကယ်နဲ့တစ်မျိုး၊ စက်ဘီးနဲ့တစ်မျိုး။ ဆရာယစ်ကိုတောင် ခေါ်ကျွေးရတယ်တဲ့"

သူ့ကို ဝိုင်းစ နောက်နေ၍ သက်ဇော်နိုင် ရှက်ရယ် ရယ်မောနေရလေ၏။

"ဦးသက်ဇော်နိုင်က ဆာဂျင်ဖြစ်မယ့်သူလေ။ ဒီလောက်တော့ ရှိမှာပေါ့"

နွယ် အလိုက်အထိုက်ပြော ရယ်မောရင်း ခွဲစိတ်ကုသမှုကို စောင့်ကြည့်နေခဲ့သည်။ လူနာ စိတ်ချရသော အခြေအနေမို့ နားနေခန်းထဲကူးလာမိခဲ့သည်။ နွယ် ပင်ပန်းနွမ်းနယ်လှပြီ။

□

ည ၁၂နာရီခွဲတွင် ခွဲစိတ်မှုပြီးစီးခဲ့သည်။ မရတော့ဟု ထင်ထားသည့် ကလေးကိုပါ ရခဲ့၍ သက်ဇော်နိုင် ပျော်ရွှင်နေခဲ့သည်။ ခွဲစိတ်အပေါ်ဝတ်ရုံကို ချွတ်ရင်း အဝတ်လဲခန်းဆီလာခဲ့သည်။ နားနေခန်းမှ ဖြတ်ခဲ့စဉ် မမနွယ်ကို တွေ့ရသည်။ သူမ ခုတင်ထက်မှာ နှစ်ခြိုက်စွာ အိပ်မောကျနေခဲ့၏။ ကိုယ်တစောင်း လှဲအိပ်ကာ လက်နှစ်ဖက်ကို ခေါင်းအုံးအောက်သို့ စုယှက်သွင်းထားလျက်၊ ရှည်လျားသော သူမဆံပင်တွေက ပြေလျော့ကာ ကိုယ်ပေါ်မှာ ဖြာဝေလျက်။ သူမအိပ်ပျော်နေပုံက အပူပင်မဲ့မိန်းမပျိုတစ်ဦးနှယ်။ ခွဲစိတ်ကုသဆောင်ရှိ သူမခွဲစိတ်ထားသော လူနာများ၊ ခွဲစိတ်ရဦးမည့်လူနာများက သူမနှင့်မဆိုင်သလို၊ သမားတော်ကြီးတစ်ဦးနှင့် ယှဉ်ပြိုင်ရမည့် ဆယ်တန်းကျောင်းသားလေးတစ်ဦးရဲ့အဖြစ်ကို သူမ မသိတော့သလို၊ လွတ်မြောက် ငြိမ်းချမ်းနေချိန်၊ နှုတ်ခမ်းမှိုမှိုတွင် ပြုံးရိပ်ယောင်လေးပင် ထင်နေခဲ့လေသည်။

"မမက အိပ်ပျော်နေတာကိုး"

အဝတ်လဲဖို့လာခဲ့သော မမအေမီလည်း ပြုံးသွားခဲ့လေ၏။

"ဪ မမလည်း ခုမှ အနားရတော့တယ်။ စာကြွေဖတ်နေတာများ

www.burmeseclassic.com

www.burmeseclassic.com



သူပါ ဆယ်တန်းဆင်ခြေတော့မယ့်အတိုင်းပဲတော်"

"မနိုးသေးရင် ကောင်းမယ်ဗျာ။ ဒီမှာ အိပ်ပျော်ရင်လည်း ပျော်ပါစေ။ မအေမီမှာ ခြင်ထောင်တွေ၊ စောင်တွေ ထားတဲ့ဗီရိုသော့ ရှိတယ်မဟုတ်လား"

"ရပါတယ် ဆရာသမား။ သီရေတာမှာလည်း ရှိပါတယ်။ ကျွန်မလုပ်ပြီး စီစဉ်ပေးလိုက်ပါ့မယ်"

ခွဲစိတ်ပစ္စည်းကိရိယာတွေ ဆေးကြောနေကြသော အလုပ်သမားများထဲမှ စိတ် အချရဆုံး မစိမ်းညိုကို သက်ဇော်နိုင် လှမ်းခေါ်လိုက်လေ၏။

"မစိမ်းညို မမ အဖော်ရအောင် ညည်းလည်း ဒီမှာပဲအိပ်လိုက်ပါလား"

"ဟုတ်ကဲ့ ဆရာ"

နော်အေမီက အစစအရာရာ စီစဉ်နေသော သက်ဇော်နိုင်ကို ပြုံးကြည့်နေမိလေ၏။ နော်အေမီကတော့ စီစဉ်မပေးတတ်တော့တဲ့အတိုင်း။

"ဆရာကရော ပြန်တော့မလား"

"မပြန်သေးဘူး။ ကျွန်တော် ဆရာဦးအောင်မြင် အခန်းထဲမှာရှိမယ် မမအေမီ"

နော်အေမီမေးကော့ သက်ဇော်နိုင်က ရိုးသားစွာဖြေလေ၏။ နော်အေမီ ပိုပြုံးနေမိသည်။

ဦးသက်ဇော်နိုင် ထွက်သွားပြီးမှ ပြန်လှည့်လာကာ မောင်တင်လှကို ရှာပြန်လေ၏။

"စည်သူတို့ မအိပ်ကြသေးရင် မမ ဆေးရုံမှာရှိတယ်။ အိပ်ပျော်နေလို့ မနိုးချင်လို့ဆိုတာ အကျိုးအကြောင်းသွားပြောပေးဦးကွာ။ ဪ မစိမ်းညို၊ မနွယ် နိုးခဲ့လို့ ပြန်မယ်ဆိုရင် ဆရာ့ကိုလာပြောလှည့်နော်"

ဆရာဦးသက်ဇော်နိုင် စီစဉ်လို့ပဲ မပြီးနိုင်တော့ပါလား။

□

နွယ် အိပ်ရာမှ ကြည်လင်စွာနိုးထလာခဲ့သည်။ ဆေးရုံပိုးသတ်ဆေးရနံ့ရနေသော အိပ်ရာတစ်ခုထဲမှာ သက်သောင့်သက်သာ ရောက်နေတာ တွေ့ရသည်။ နွယ် ဆေးရုံမှာပဲရှိနေသေးပါလား။ နွမ်းနယ်လှ၍ ခုတင်ထက်မှာ ခဏရယ် လှဲလိုက်တာပဲ နွယ် မှတ်မိတော့သည်။ မမအေမီက အိပ်ရာစီစဉ်ပေးခဲ့သည် ထင်၏။ ပုံကို အိပ်ရေးဆတ်လှသောနွယ် ဆေးရုံများတွင် အိပ်နေကျမို့ ခြေသံတစ်ချက်



ကြားရုံနှင့် နိုးလာတတ်မြဲ၊ သည်မျှ အိပ်မောကျသွားမိတာ နွယ် အံ့အားသင့်မိသည်။ အချိန်ကြာသွားခဲ့ပြီလား။

သီရေတာမှ ဘာသံမျှ မကြားရတော့။ စောစောက အရေးပေါ်ခွဲစိတ်မှုကြီးတစ်ခု ရှိခဲ့သည်မှာ သည်အော်ပရေးရှင်း သီရေတာမှာ မဟုတ်သလို ငြိမ်သက်ဆိတ်ဆိတ်နေတော့သည်။ လက်ပတ်နာရီလေးကို မြှောက်ကြည့်လိုက်လျှင် နံနက် ၁ နာရီခွဲကို တွေ့ရသည်။

"မမ နိုးပြီလားရှင့်"

နွယ့်လှုပ်ရှားသံကြောင့် ထင်၏။ လှမ်းမေးလိုက်သော မစိမ်းညိုအသံကို ကြားရသည်။ နံရံနှင့်ကပ်လို့ လူနာထိုင်ခုံတန်းလျားရှည်နှစ်ခုကို ယှဉ်ဆက်ထားသော အိပ်ရာတစ်ခုကို နွယ် တွေ့မိရလေ၏။

"မစိမ်းညိုရေ မမ အိပ်ပျော်သွားတယ် ထင်တယ်"

"ဟုတ်တယ် မမ။ ဆရာလေးနဲ့ မမအေမီက မမ မနိုးရင်လည်း ဒီမှာပဲ အိပ်ပါစေဆိုပြီး စိမ်းညိုကို စောင့်အိပ်ခိုင်းတာ"

"မဖြစ်ပါဘူး။ စည်သူ၊ ညီသူကို မနက်စောစောနိုးဖို့ ရှိသေးတာ"

နွယ် အိပ်ရာက လူးလဲထသည်။ ဆံပင်ကိုလက်ဖြင့်ပင် သင်ရပ်လျက် ဆံညှပ် ကလစ်ဖြင့် စုသိမ်းညှပ်သည်။ ဆံညှပ်ကို ဘီးလိုထားရ ဘီးဆံပတ် ပတ်သည်။ နွယ် ပြန်ဖို့ပြင်ဆင်လေ၏။

"မမ နိုးလာရင် လာပြောပါလို့ ဆရာလေးက မှာထားသေးတယ်"

နွယ် မျက်မှောင်ကြုတ်မိရလေ၏။

"သူက ဘယ်မှာလဲ"

"ဆရာကြီးအခန်းထဲမှာ ရှိမယ်တဲ့"

"ကိစ္စမရှိဘူး မစိမ်းညို။ မမပြန်ရင်း တွေ့ရင်လည်း ပြောပြလိုက်တာပေါ့"

"ကျွန်မ လိုက်ပို့မယ်လေ"

"ရတယ် မစိမ်းညို၊ အဘချက်ကို နှိုးပြီး ခေါ်သွားမယ်"

နွယ် ဖြတ်လာခဲ့စဉ် ဆရာဦးအောင်မြင်ရဲ့ အခန်းမှာ မီးလင်းမနေခဲ့တော့။ သက်ဇော်နိုင်လည်း အိပ်ပျော်နေလောက်ပြီ။ နွယ် သူ့ကိုပြောဖို့ စိတ်ကူးမရှိပါ။ နွယ် ပြန်သွားတာ မနက်မှ သိကြရင်လည်း ဘာမှုအရေးမကြီးပါ။

"မမနွယ် ပြန်တော့မလို့လား"

www.burmeseclassic.com

www.burmeseclassic.com



သက်ဇော်နိုင်ရဲ့ အသံကို သူ့မနောက်ဘက်မှာ ကြားလိုက်ရလေ၏။ နွယ် လှည့်ကြည့်မိသောအခါ သူ ခြေလှမ်းသွက်သွက် လှမ်းလိုက်ခဲ့သည်ကို တွေ့ရသည်။ နွယ့်ကို ဘယ်နေရာက လှမ်းတွေ့လိုက်သည် မသိ။

"ပြန်တော့မယ်လေ၊ အိပ်ရေးဝသွားပြီ၊ မင်းရော ဘာတွေအလုပ်များနေလဲ။ ကော့(စ်)ထပ်ရောက်လို့လား"

"မများဘူး မမ။ အခုနက ကော့(စ်)ပဲ သွားပြန်ကြည့်တာ။ သတိရနေပါပြီ။ မပြန်ရင် ကျွန်တော်လိုက်ပို့မယ်"

သက်ဇော်နိုင်က ရှေ့မှ လျှောက်သွားခဲ့ကာ ဆေးရုံ အဆောက်အအုံဝင်းလက်ရွဲဘာကျာတံခါးကို ဆွဲဖွင့်ပေးခဲ့လေ၏။

□

အပြင်ဘက်မှာ လသာလျက် ရှိသည်။ နှင်းမြူတို့ ခပ်ဆိုင်းဆိုင်းကျနေခဲ့သည်။ အဝေးသို့ လှမ်းမမြင်နိုင်။ နှင်းထုအလယ်မှာရောက်နေသလို နှင်းမြူဖြူဖြူများ သောဘီဝဲယာမှာ မျောလွင့်နေခဲ့၏။ လရောင်တွင် နှင်းညှိသောက်ထားသော မန်ကျည်းပင်တန်းကို အနီးရောက်မှ မြင်တွေ့ရပေ၏။ တိတ်ဆိတ်နေသော ညဥ့်ယံတွင် နွယ်တို့၏ ခြေသံများသာ ထွက်ပေါ်နေခဲ့သည်။ နွယ် ဝတ်ထားသော နှင်းကာဂျာကင်အပါးထည်လေးက အချမ်းမလုံ။ ပခုံးကျုံ့ထားမိလျက် နွယ် ခြေလှမ်းသွက်သွက် လှမ်းခဲ့သည်။ သက်ဇော်နိုင်က နွယ်နှင့် ယှဉ်မလျှောက်ခဲ့ပေ။ ခြေလှမ်းနှစ်လှမ်းခန့်အကွာက လိုက်ခဲ့လေ၏။ သူဘာတွေ တွေးတော ငြိမ်သက် နေသည် မသိ။ နွယ်က တိတ်ဆိတ်ခြင်းကို ဖြိုခွင်းဖို့ စကားပြောမိလေ၏။

"ကိုယ် ဘယ်လိုအိပ်ပျော်သွားမိလဲ မသိဘူး။ တော်တော် အားကိုးရတဲ့ ဆာဂျင်ပဲ"

နွယ် ရယ်ရယ်မောမောပြောသည်။

"ကော့(စ်)ကလည်း အခက်အခဲ မရှိလိုက်ပါဘူး မမနွယ်။ ဘာပဲဖြစ်ဖြစ် ဆာဂျင်အနားမှာရှိရင် ခွဲရတာ လက်ရဲပါတယ်လေ။ မမ အနားရပါစေ ဆိုပြီး ကျွန်တော်တို့ မနှိုးလိုက်တော့တာပါ။ ကျွန်တော့်အမြင်တော့ မမနွယ်ရော စည်သူ့ ညီသူပါ အနားယူဖို့လိုနေပြီ"

"ကျွန်တော့် ကလင်းနစ်မှာလည်း စာမေးပွဲနီးလို့ ညလုံးပေါက်စာကျက်ကြတဲ့ကလေးတွေ လာတယ်၊ ကျက်ပြီးမမှတ်မိလို့တဲ့။ စာကျက်ချိန် လျှော့ပြီး



အိပ်ရေးဝဝအိပ်ဖို့ ပညာပေးနေရတာပါပဲ မမနွယ်"

ခြေလှမ်းရပ်ကာ သက်ဇော်နိုင်သို့ လှမ်းကြည့်မိသည်။

"ကိုယ့်ကိုပါ ပညာပေးနေတာတော့ မဟုတ်ပါဘူးနော်"

သက်ဇော်နိုင် ညင်ညင်သာသာ ပြုံးရယ်ကာ

"ယူသော်ရ၏ပေါ့ မမနွယ်"

တိုးတိုးဆိုခဲ့သည်။ နွယ် တစ်စုံတစ်ရာကို တွေးလာမိကာ

"ကိုယ့်ကို ဒီည သက်ဇော်နိုင် ခေါ်ခဲ့တာ. လိုကော လိုအပ်ရဲ့လား။ ဆရာယဉ်မျိုးလိုခေါ်ပြီး ပညာပေးချင်တာများလား"

"ဟာ မဟုတ်ပါဘူး မမနွယ်။ ကော့(စ်)ကမမတွေ့တဲ့အတိုင်း ကွန်ဒီရှင် မကောင်းလို့ပါ။ တစ်ခုပဲ ဝန်ခံစရာရှိပါတယ်။ မမ ရောက်ခဲ့တော့ ကျွန်တော် ညီသူ့ကိုတော့ စာရေးပြီးပေးနိုင်းမိတယ်။ ပေးရှဉ့်ကို B.P တက်အောင် စောင့်ပြီးမှာနဲ့ ၂ နာရီလောက်တော့ သူတို့ နားချိန်ရမယ်လို့"

အရေးတကြီးရှင်းလင်းရင်းက လှို့ဝှက်ချက်တွေပေါ်နေသော သက်ဇော်နိုင်သို့ နွယ်ပြုံးရယ်မောမိတော့ကာ

"ထားပါတော့လေ။ ဒါပေမယ့် စည်သူ ဆေးကျောင်းဝင်တဲ့ အဆင့်က တစ်ဆယ့်တစ် ဖြစ်သွားရင်တော့ အဲဒါ မင်းပယောဂမကင်းဘူးပဲ သက်ဇော်နိုင်"

"ကြည့်ပါ မမနွယ်။ စည်သူက ဆရာနဲ့မမနွယ် ခြေရာကို နင်းမှာပါ အိပ်ရေးဝဝ အိပ်ရရင်လေ"

တိတ်ဆိတ်နေသော ကျောင်းဝင်းကို ဖြတ်ကျော်ခဲ့ကြသည်။ ဆေးရုံဟောင်းဝင်းသို့ရောက်လျှင် ချိုးကွေ့ဝင်ခဲ့ကြလေ၏။ နွယ်က ထုံးစံအတိုင်း အိမ်တံခါးအပြင်မှ သော့ခတ်ထားနိုင်းခဲ့သည်။ သက်ဇော်နိုင်က အိမ်ရှေ့ရောက်တော့ သော့ကိုလက်လှမ်းတောင်းယူကာ တံခါးဖွင့်ပေးခဲ့သည်။ နွယ် ဝင်ပြီးသည်အထိ စောင့်ပေးနေသော သက်ဇော်နိုင်သို့

"ကျေးဇူး သက်ဇော်နိုင်။ ဂွတ်နိုက်"

နွယ် နှုတ်ဆက်ခဲ့သည်။ လရောင်အောက်တွင် ကွင်းပြင်လေးကိုဖြတ်ကာ သူ့အိမ်ဆီသို့ လျှောက်သွားနေသော လူရွယ်သို့ အမှတ်မထင် လှမ်းကြည့်လိုက်မိကာ သံတိုင်တံခါးကိုပိတ်ခဲ့သည်။ နွယ် အိမ်ထဲဆီဝင်ဖို့ လှည့်လိုက်တော့ အိမ်ရဲ့ တံခါးက ပွင့်လျက်သားရှိကာ

www.burmeseclassic.com

www.burmeseclassic.com



"သမီး ပြန်လာတာ နောက်ကျလှချည်လား"

ခန်းဆီးအကွယ်က ထွက်လာသော မေမေက ဆိုလေသည်။

□

"မေမေ ညက ဘယ်အချိန် ပြန်ရောက်သလဲ"

နံနက်စောစော စားပွဲတွင် စည်သူက နွယ့်ကို တည်တည်လေး မေးလာခဲ့ခြင်းပေ။

"ညဉ့်နက်တယ် သား။ မေမေ ပြန်လာတော့ သားတို့တောင် အိပ်ပျော်နေပြီ"

စည်သူ၊ ညီသူ ကျောင်းသွားရခါနီးမို့ နွယ်က ပြီးစလွယ်ဖြေမိသည်။

"အန်တီအေမိတို့ ပြန်လာသံတွေ ကြားတယ်။ အဲဒီအချိန်အထိ သားတို့ မအိပ်သေးပါဘူး"

"ဟုတ်တယ် စည်သူ။ မေမေဆေးရုံမှာ ခဏလေး လှဲလိုက်တာ အိပ်ပျော်သွားလို့၊ မေမေမရှိတာနဲ့ သားတို့လည်း စာမကျက်တဲ့ အိပ်ကြရော မဟုတ်လား"

နွယ်က ရယ်ရယ်မောမော အဖြေပေးခဲ့သည်။ ညီသူက မျက်လုံးဝိုင်းလေး လှန်ကြည့်ကာ

"ဦး ပြန်လာတာလည်း မတွေ့ဘူး" ဝင်ပြောခဲ့သည်။

"ဦးက သူ့ရဲ့ ခွဲလူနာကို ကြည့်နေတာ။ မေမေပြန်တော့ သူလိုက်ပို့ပေးတယ်လေ"

စည်သူ၊ ညီသူတို့ ကျောင်းထွက်သွားခဲ့ကြပြီး နွယ် စားပွဲမှာ ဆက်ထိုင်နေမိခဲ့သည်။

ဖြေရှင်းရသလို သားတွေနှင့် အပြန်အလှန် ပြောနေရတဲ့အဖြစ်က မဟုတ်သေးပါဘူး။ နွယ် တွေးနေမိလေ၏။ ညကလည်း မေမေနှင့် စကားပြောဖြစ်ခဲ့သည်။ စကားကြုံလို့ မေးသလိုဖြင့် သက်ဇော်နိုင်ရဲ့ မျိုးရိုးကာအစ စုံစမ်းရှာသော မေမေ့ကိုလည်း သနားမိသည်။ ပထမနှစ် အကြီးတန်း ဆေးကျောင်းသူဘဝမှာပဲ အနှောင်ပြောမရှိ အိမ်ထောင်ပြုစောခဲ့သူ သမီးကို မေမေ စိုးရိမ်ပူပန်နေခဲ့မှာ မဆန်းပေ။

"သမီး အိမ်ထောင်ပြုဖို့ စိတ်ကူးရင် ဒီတစ်ကြိမ်တော့ သေချာစဉ်းစား တိုင်ပင်လိမ့်မယ်လို့ မေမေ ယုံပါတယ်။ မေမေတို့မှာလည်း စိတ်ကူးရှိခဲ့တာပေါ့။



သမီးဘာသာ တစ်ကြိမ်ရွေးခဲ့ပြီးပြီ။ ဒီတစ်ကြိမ် မေမေတို့စကား နားထောင်တော့လို့ အတင်းအကျပ် မပြောခဲ့ဖူးပါဘူး။ မြေးကြီးတို့အတွက် အဓိကထား စဉ်းစားလို့ပဲ။ သမီးလည်း စဉ်းစား။ အိမ်ထောင်ပြုဖို့ စိတ်ကူးမရှိဘူးဆိုပြီး အပျော်တမ်းတွေတော့ မဖြစ်စေနဲ့"

ညက မေမေ နွယ့်ကို ပွင့်လင်းစွာ သတိပေးခဲ့သည်။ နွယ်ကလည်း မေမေ့ကို ပွင့်လင်းပြတ်သားစွာပြောရင်း နှစ်သိမ့်ခဲ့ရလေသည်။

"မေမေ ပြောတဲ့ အပျော်တမ်းအဖြစ်မျိုးကို နွယ်က ပိုပြီး ကြောက်မိပါသေးတယ်။ အဲဒီလိုနေရင် နွယ့်မှာ ဘာတန်ဖိုးတွေ ရှိတော့မှာလဲ။ နွယ့်အလုပ်ကို ဘယ်သူက ယုံကြည်ကိုးစားတော့မလဲ။ ဘဝဆိုတာ အပျော်တမ်းမှ မဟုတ်တဲ့ မေမေရယ်။ နွယ့်ဘဝ ကစဉ့်ကလျားမဖြစ်အောင် ဟိုအချိန်ကတည်းက သတိကြီးကြီး ထားခဲ့တာ။ ယေယေက အမှားမျိုး ထပ်ပြီးမှားဖို့ နွယ် သတိမလစ်ခဲ့ပါဘူး။ တန်ဖိုးရှိတဲ့ မိန်းမတစ်ယောက်အဖြစ် ရပ်တည်လာခဲ့တာ ခုနစ်နှစ်ရှိတော့မယ်။ သမီးအတွက် ဘာမှ မစိုးရိမ်ပါနဲ့မေမေ"

မေမေက ပင့်သက်ရှိုက်သည်။ သမီးလတ်ရဲ့ မအောင်မြင်သော အိမ်ထောင်ရေးကို မြင်တွေ့လိုက်ရသော သမီးကြီးနှင့် သမီးငယ်ပင် အိမ်ထောင်ရေးကို မစဉ်းမစား ရှိနေကြသေးဆဲ။ နွယ့်တစ်ကိုယ်တည်း ရုန်းကန်ရတာကိုမြင်တော့ သမီးကို ကျောင်းပြီးသည်အထိ ကြိုးစားထားဖြစ်ခဲ့သည်ကို ဝမ်းသာရသည်။ နွယ်က ညာထူးချွန်သူဖြစ်သည်။ အိမ်ထောင်တစ်ဖက်၊ ကလေးတစ်ဖက်နှင့်ပင် ဆေးကျောင်းက အတန်းတိုင်းကို ဂုဏ်ထူးတစ်ခုမဟုတ် တစ်ခုနှင့် အောင်မြင်ခဲ့၏။

သမီးလတ်၏ အိမ်ထောင်ရေးပျက်ပြားခဲ့တော့ မေမေ စိတ်ထိခိုက်ခဲ့ရသည်။ နှစ်နှစ်ကြာတော့ နွယ်နှင့် စီစဉ်ပေးရဖို့ နှစ်ဝမ်းကွဲအစ်မရဲ့သား မှဆိုးဖိုလေး 'မောင်အေးသောင်'ကိုပင် မျက်စိကျခဲ့မိသေးသည်။ ဌာနဆိုင်ရာ ညွှန်ကြားရေးမှူးတစ်ဦးဖြစ်သော မောင်အေးသောင်ကလည်း နွယ့်ကို နှစ်သက်စုံမက်ဟန် ရှိခဲ့သည်။ နွယ်က ခါးခါးသီးသီး ငြင်းသည်။

"ဒီလိုနေဖို့ မတင့်တယ်ဘူးဆိုတာ ဘာကိုဆိုလိုတာလဲ မေမေ။ မတင့်တယ်လို့ ယောက်ျားတစ်ယောက် ကောက်ယူလိုက်ရမယ်ဆိုတာကတော့ မဟုတ်သေးပါဘူး။ တင့်တယ်အောင် နေတဲ့နည်းတွေ ရှိမှာပါ။ ယောက်ျားတစ်ယောက်ကြောင့် ရောက်ခဲ့ရတဲ့ ဒုက္ခတွေကို နောက်တစ်ယောက်က ထည့်စဉ်းစားပေးမယ်လို့ မေမေ

www.burmeseclassic.com



ထင်နေလို့လား။ အားလုံး အတူတူချည်းပါပဲ မေမေ။ နွယ့်မှာသာ သားယောက်ျား လေးနှစ်ယောက်မှတ်ခဲ့ရင် နွယ် သူတို့ကို သိပ်နာကြည်းလို့ ကောင်းခဲ့ အဲဒီတော့ ကျေးဇူးပြုပြီး နွယ့်ကို ခွင့်လွှတ်ပါမေမေ"

နွယ်၏ ငြင်းပယ်စကားမှာ ရောယှက်ရှုပ်ထွေးနေခဲ့ကာ မေမေ နား လှသေမယ့် ထပ်ပြီးတော့ မကြိုးစားဖြစ်ခဲ့တော့။ ထိုစဉ်က ခွဲစိတ်ပညာ တစ်ဆင့်ထပ်တက်ကာ စာကျက်နေသောအချိန်။ မေမေ့ဘက်က လျှော့ခဲ့ သည်။

"သမီးက အရွယ်ရှိပါတယ်။ အလှရှိပါတယ်။ အဲဒါက အန္တရာယ်ပဲ။ ကျော ဝံ့ကျောက်ဆိုင်များတောင်မှ ရေတိုက်စားရင် သဲမှုန်သဲမွှားလေးတွေ ဖြစ်သွား တာ။ သမီးရှင်ဆိုတော့ မေမေက စိတ်ပူတာပေါ့လေ"

"နွယ်က ခွဲစိတ်ကုဆရာဝန်ပါမေမေ။ နွယ့်ဘဝတစ်လျှောက်မှာ ရယ်၊ မ,ရယ် ခွဲမမြင်တော့ပါဘူး။ တရားသဘောနဲ့ပြောရရင် ရုပ်နဲ့နာမ်ချည်း လေ။ ဘာများ ဆန်းပြားစရာ ရှိမလဲ"

နွယ်က ခပ်သောသော ရယ်မောပြောခဲ့တော့ မေမေပင် စိတ်တိုသွား

"အေး၊ စိတ်က မဆန်းပြားရင်တော့ ရုပ်နဲ့နာမ် ထားလို့ရတာပေ့ါ သူက ဆန်းပြားရင်လည်း ကိုယ့်ကို ရုပ်နဲ့နာမ် မထင်နိုင်ဘူး။ ကိုယ်က ဆန်းပြား ရင်လည်း သူ့ကို ရုပ်နဲ့နာမ်လို့ မသိတော့ဘူး။ အဲဒါက သညာသိပဲ။ ပညာ ဆိုတာက အရိယာမှာမှ ရှိနိုင်တာ"

နွယ် မြိုးစိုးပြုံးရယ်၍သာ နေလေ၏။ သည်စဉ်က နွယ့်အသက် ၂၉နှစ် ငါးနှစ်ကျော် ကြာခဲ့ပြီ။ နွယ်လည်း သည်မြို့နယ်တင်မက အနီးပါးမြို့နယ်များ အားကိုးရသော ခွဲစိတ်ကုဆရာဝန်ကြီးအဖြစ် သိက္ခာရှိစွာ ရပ်တည်နိုင်ခဲ့ပြီ။ စီးပွား ရေးလည်း အတိုက်အလျောက် အဆင်ပြေပြီဖြစ်သော အခြေအနေတွင်မှ နောက်နှ နှင့် နာမ်တစ်ခုနှင့် နွယ့်ကို မေမေ မရောယှက် မရှုပ်ထွေးစေလိုတော့ပေ။

□

ညီသူ့စာမေးပွဲ ၃ ရက်၊ စည်သူ့စာမေးပွဲ ၂၂ ရက်သာ လိုတော့သည့်ညာ မှာ ဖြစ်လေ၏။ မေမေ့စကားကြား၍ နွယ် စိတ်ရှုပ်သွားခဲ့ရသည်။ ခုရက်တွေ ဆေးခန်းမှာ လူနာများနေခဲ့၍ နွယ် အပြန်နောက်ကျနေရသည်။

"နွယ် မရောက်ခင်မှာ စည်သူက မောင်သက်ဇော်နိုင်ကို 'သင့်ကို



ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် သင့်ကို အလိုမရှိတော့ပါ' ဆိုတာကို အင်္ဂလိပ်လို ဘယ်လို ယဉ်ယဉ်ကျေးကျေး ပြောရလဲလို့ မေးနေတာ မေမေ ကြားတယ်"

"သူ ဘာပြန်ပြောလဲ မေမေ"

"အင်္ဂလိပ်လိုပြောပြတယ်။ စည်သူက နားထောင်ပြီး 'ကျွန်တော် ပြော ကြည့်မယ်' ဆိုပြီး အဲဒီအတိုင်း ပြန်ပြောလိုက်တာ မေမေ ကြားတာပဲ"

နွယ် စည်သူ့ကို စိတ်ပျက်မိတော့သည်။ ရူပဗေဒတင်မက အခြားဘာ သာရပ်တွေမှာပါ သက်ဇော်နိုင်ရဲ့ လမ်းညွှန်မှုအောက်မှာ များစွာတိုးတက်လာခဲ့ သည်။ အင်းလေး၊ တိုးတက်လာခဲ့လို့ပင် 'သင့်ကို အလိုမရှိတော့ပါ' ဟု စည်သူ ဆိုခဲ့သည်ပဲပေါ့။ နွယ် သက်ဇော်နိုင်ကို အားနာမိရလေ၏။

"စည်သူ့ကိုတော့ သွားမဆူလိုက်နဲ့နော် နွယ်။ စည်သူက တမေးပွဲ ဖြေရတော့မှာ။ ကလေးဆိုတာ ထင်မိထင်ရာ ပြောမိပြောရာပေါ့။ မေးကြီး စာမေးပွဲ ဖြေရခါနီး စိတ်အနှောင့်အယှက် ဖြစ်မှာပဲ မေမေစိုးရိမ်တာ"

ထိုအကျိုးဆက်များအားလုံးမှာ နွယ် ဆေးရုံမှ နောက်ကျပြန်ခဲ့သည့်အဖြစ် က စခဲ့တာပဲပေါ့။ မေမေကိုယ်တိုင်က စည်သူနှင့် သက်ဇော်နိုင် ယှဉ်ခဲ့လျှင် နွယ်က ဘယ်လိုအခြေအနေ၊ အချိန်အခါကိုမှ မထောက်ထားတော့တဲ့ စည်သူ့ကိုပဲ ချူ နိုင်ကွပ်တော့မယ် ထင်ခဲ့သည်ကို နွယ် စိတ်မာတ်ကျမိရလေသည်။ 'သက်ဇော်နိုင် ကြောင့် မေမေလည်း စိတ်အနှောင့်အယှက် ဖြစ်နေရတယ် မဟုတ်လားဟင်' နွယ် စိတ်ထဲက မေမေ့ကို မေးမိခဲ့လေ၏။

နောက်ရက်များတွင် သက်ဇော်နိုင်ရဲ့ တုံ့ပြန်မှုကို စောင့်ဆိုင်းနေမိ၏။ စောင့်ဆိုင်းနေသောရက်များအတွင်းမှာပင်

"ဦး၊ ညီသူ့ကို သေသေချာချာ ပြောပါဦး။ သူ့ကျောင်းနာမည်က ညီသူ၊ ကျွန်တော့် ကျောင်းနာမည်က စည်သူ။ မေဖေ့နာမည် ဒေါက်တာအောင်သူရဲ့ မေဖေပေးထားတဲ့နာမည်တွေ။ အဲဒါကို သူကမေ့ပြီး 'ညီသူ' လို့ အဖြေစာရွက်မှာ ရေးမိဦးမယ်။ ဒီကောင်က ပြောလို့ရတာ မဟုတ်ဘူး"

ဟု စည်သူက ပြောသေးသည် ဥ္။ မေမေက ပြန်ပြောပြသည်။ သက်ဇော်နိုင် ပြန်ဖြေပုံကို နွယ်က မမေးဘဲ ပြန်ပြောပြရင်း မေမေ ရယ်မောလေ သည်။

"အေး၊ ဟုတ်တယ်ကွ၊ ညီသူလေးက သူများခေါ်တဲ့အတိုင်း ညီသူလို့

www.burmeseclassic.com

www.burmeseclassic.com



ပဲ ရေးဖို့မှာ သေချာတယ်။ တော်သေးတာက စာမေးပွဲက နာမည်နဲ့ မဖြေရအဲ ခုံနံပါတ်နဲ့ ဖြေရလို့ပါနော်။ ညီသူလို့ ပေါင်းသက်ဇော်နိုင်က ပြန်ပြောတယ်။ စည်သူ့ မျက်နှာ ဖြစ်သွားပုံကို မေမေ ရယ်ချင်တာလေ။ ခုခေတ်ကလေးတွေများ—"

နောက်ဆုံးတော့လည်း ကျူရှင်ဆရာ ဦးထင်မြတ်ကဲ့သို့ပင် နွယ့်သားများကို သက်ဇော်နိုင်က ယဉ်ကျေးစွာ ငြင်းပယ်လိုက်မည့် အချိန်သို့ ရောက်လာတော့သည်။

ခင်ဦးနွယ်က စည်သူ၊ ညီသူနှင့် မေမေ့အတွက် ထိုအချိန်အခါကို ထိ ပြောက်ဝမ်းသာ ကြိုဆိုရုံသာ ရှိတော့သည်လေ။

□

သက်ဇော်နိုင်ထံမှ မည်သည့် တုံ့ပြန်ချက်မှ မရရှိခဲ့ပေ။ ညီသူ့စာတွေ သူ လိုက်ဖတ်လျက် ညီသူ့စာမေးပွဲ မေးခွန်းကို သူက နွယ့်ထက်ဦးအောင် ယူကြည့် ပြီး ဖြစ်နေတတ်သည်။ စည်သူ့ကို နေ့လယ်ခင်း ဆေးရုံမှာစာပြပေးမြဲဖြစ်သည် ညဘက် သူ ဆေးခန်းက ပြန်ရောက်ချိန်မှာလည်း စာလာသင်မပျက်။ စည်သူ့ မျက်နှာ ပိုလန်းမှုန်လာခဲ့သည်။ သက်ဇော်နိုင် ရောက်ခဲ့လျှင် မေမေက အိမ်ရှေ့ ခထ.တမ်း လာပြီး ထိုင်နေတတ်လေ၏။ နွယ့်မှာ သူတို့တစ်တွေကို ကြည့်ရင်း အသက်ရှူရတာ လေသန့်မရသလို ခံစားနေမိပါလေသည်။

□

ဆရာဦးအောင်မြင့်ရုံးခန်းမှအပြန် နွယ် သက်ဇော်နိုင်ကို အသိပေး သည်။ နွယ့်အခန်းသို့ သူ့ကိုခေါ်စေခဲ့သည်။ နွယ် အေးဆေးပေါ့ပါး အလုပ်သဘော ဆန်စွာ သူ့ကို စကားစခဲ့လေသည်။

"ဆရာကြီး ဦးအောင်မြင့်နဲ့ ကိုယ်တို့ လုပ်သက်ခွင့် တစ်လစီးပြ အစီအစဉ်ရှိတယ် သက်ဇော်နိုင်။ သူသွားရင် သူ့ဝပ်(ဒ်)ထဲမှာ သက်ဇော်နိုင် ထားလိမ့်မယ်။ ဝပ်(ဒ်)ထဲက အလုပ်ရော ရုံးအလုပ်ပါ တွဲကိုင်ရမှာပေါ့။ မနက်ဖြန် ကစပြီး သက်ဇော်နိုင် ဆရာဦးအောင်မြင့် ဝပ်(ဒ်)မှာ ဂျူတီ စဝင်ဖို့ ဆရာဦးအောင် နဲ့ကိုယ်တို့ သဘောတူလိုက်ကြတယ်။ ဒီညနေကို တရားဝင်စာလည်းထွက်လာမှာ ကိုယ်က ကြိုသိရအောင် ပြောထားတာ"

နွယ် ထင်ထားသလောက် သက်ဇော်နိုင် မျက်နှာပျက်မသွားခဲ့ပါ။ အံ့ သွားဟန် ခဏမျှ နွယ့်ကို ပြန်စေးကြည့်သည်။ အကြည့်တို့ကို ရုပ်သိမ်းလျ



သူ့လက်ထဲမှာပါခဲ့သော လူနာမှတ်တမ်းကို ငုံ့ကြည့်နေသည်။ နွယ်ကဲ့သို့ပင် အသံအေးဆေးစွာ

"ကျွန်တော်လည်း မက်ဒီကယ်ထဲနိုင်နှင့် ရအောင် ဆရာကြီး ဝပ်(ဒ်)ကို ဝင်ချင်နေတာ။ မမနွယ်ကို ခွင့်တောင်း မလို့ပါပဲ။ အခုတော့ အတော်ပဲဖြစ်သွား တယ်" ဟု နွယ့် စကားနောက်က ရောယောင်လိုက်ကာ ပြောခဲ့ရင် ကောင်းမှာပဲ။ နွယ် တွေးနေမိလေ၏။ သူက မပြောခဲ့ချေ။ အတန်ကြာ ငြိမ်သက်နေပြီး ခေါင်းမော့ ကာ နွယ့်မျက်လုံးများထဲသို့ တည့်မတ်စွာ သူ ကြည့်လေ၏။ သူ့နှုတ်ခမ်းမှ အပြုံး တစ်စသည် ဘာကိုရည်ညွှန်းနေသည်လဲ။ နွယ်ကစလို့ အကြည့်လွှဲမိ၏။

"ဒီဝပ်(ဒ်)ကို ဘယ်သူဝင်မလဲ"

နွယ် အကြည့်တို့ကို ပြတင်းမှတစ်ဆင့် ဆေးရုံဝင်းသို့ လွှင့်ထားရာက ပြန်ရုပ်သိမ်း လေ၏။ သူ့ကိုကြည့်မိသောအခါ သူ့အကြည့်တို့မှာ နွယ့်ထံတွင် ရှိနေဆဲ၊ ထိုအကြည့်က နွယ့်စကား၊ နွယ့်အစီအစဉ်တို့ကို လှောင်ပြောင် သရော်နေခဲ့ယောင် ပေ။

"ဒေါ်မူယာက OPD မှာမကြာသေးဘူး။ ဆရာဦးယဉ်မျိုးနဲ့ သက်ဇော်နိုင် ထဲရမှာပေါ့"

"ကောင်းပါတယ် မမနွယ်၊ ဆရာကြီးရဲ့ ဝပ်(ဒ်)က မနက်ပဲရှုပ်တာပါ။ နေ့လယ် စည်သူ့ကို စာလာပြပေးဖို့ အချိန်ရပါတယ်"

"နေပါစေတော့ သက်ဇော်နိုင်။ ဟိုတက်ဝပ်(ဒ်)မှာလည်း AS မရှိရင် ဘယ်ဖြစ်မလဲ။ ဆရာကြီးက ရုံးကိစ္စတွေနဲ့ပဲ ရှုပ်နေမှာ။ စည်သူလည်း သူ့ကိုယ်သူ ဆက်တတ် ယုံကြည်မှုရှိနေပါပြီ။ စာမေးပွဲပြီးမှပဲ သက်ဇော်နိုင်ကို စည်သူနဲ့ ညီသူ တို့ကို ကန်တော့ခိုင်းရဦးမယ်"

သည်စကားများကိုမူ ခင်ဦးနွယ် ခက်ခဲစွာ ပြောယူရလေသည်။ ကိုယ့်ရဲ့ ဘဝအနေက သန့်စင်တဲ့စေတနာတွေကို စော်ကားသလိုဖြစ်လာဖို့ ဖန်တီးနေ တာ ကိုယ် စိတ်မကောင်းပါဘူး သက်ဇော်နိုင်။ နွယ့် စိတ်ထဲက ဆက်ပြောမိလေ၏။ သည်တစ်ကြိမ်မူ လူ့ရှေ့မှာ ဟန်မဆောင်နိုင်ခဲ့တော့၊ မျက်နှာပျက်စွာ ထိုင်ရာက ထသည်။

"ဝပ်(ဒ်)ထဲ သွားလိုက်ဦးမယ် မမနွယ်"

"အေးကွာ"

www.burmeseclassic.com

www.burmeseclassic.com



သူ ထွက်ခါနီး ရောက်သောအခါ နွယ် သတိရစွာ

"သီရေတာဒေးမှာ မင်းစိတ်ဝင်စားတဲ့ ကေ့(စ်) ရှိရင် တင်ပါ။ ကိုယ်တို့ ဆွေးနွေးလို့ရဲ ဝင်ကြတာပေါ့"

နွယ်က အခွင့်အရေးပေးသော စကားကို လက်ကမ်းပေးမယ့် သူ ဝါသနာကြီးလှသော ခွဲစိတ်ပညာအတွက်ပင် စိတ်မရှိတော့သလို "ဟုတ်ကဲ့" ဟုသာ အောက်နိုင်း ရယ်ဝံ နားထောင်ရ်း ခိုဏ်။ နောက်သို့ ပြန်လှည့်မကြည့်တော့ဘဲ ထွက်ခွာသွားခဲ့လေသည်။ ခန်းဆီးစကို မမေ့မလျော့ ပြန်ဆွဲစေပေးသွားခဲ့သည်။ သက်ဇော်နိုင် ထွက်သွားသောအခါ နွယ် ထိုင်ခုံတွင် ကိုယ်ကိုလျှော့ချပြီး မျက်လုံးများ မှိတ်ထားမိသည်။

ခွဲစိတ်ကုပညာရပ်ကို ထက်သန်လိုက်စားလိုသော သက်ဇော်နိုင်လို လူငယ်တစ်ယောက်အတွက် ဆာဂျင်ခင်ဦးနွယ် မဟုတ်တဲ့ အခြား အမျိုးသားဆာဂျင် တစ်ဦးနှင့်သာ ကြုံကြိုက်ခဲ့လျှင် ဘယ်မျှ အခွင့်အလမ်းကောင်းလိုက်လေမလဲ။ နွယ်နှင့်မူ သူ လိုချင်သလောက် ပညာရနိုင်ဖို့ မရှိတော့ပါ။ ခွဲစိတ်ကုသဆောင်သို့ သူပြန်ရောက်ဖို့မှာ မလွယ်တော့မှန်း သူရော နွယ်ပါ သိထားကြလေသည်။ နွယ်ရဲ့ ဒဏ်ရာအနာတရနှင့် ဘဝတစ်ခုက အခြားသူကွဲရဲ့ ဘဝကိုလည်း ယိုနိုက်နှစ်ရာ စေခဲ့သည့်အတွက် နွယ် ဝမ်းနည်းကြေကွဲရပါသည်။

□

ဆရာကြီးဦးအောင်မြင်က ခေါ်တွေ့ကာ

"ဆရာဦးယဉ်မျိုးရေ ဒေါ်ခင်ဦးနွယ်ကလည်း လုပ်သက်ခွင့်တွေ ရပြီးယူပြီး နေ့ရှိတယ်။ သူ မရှိရင် ဆေးရုံမှာ လိုတာမရှိအောင် ခင်ဗျား ဆာဂျစ်ကယ် ဝပ်(၃) သွားထားလိုက်ပါဦးဗျာ။ ခင်ဗျားက အင်မာဂျင်စီတော့ နိုင်ပြီးသားပါ။ ဒါပေမယ့် တခြားလိုတာလေးတွေ ရှိရင်ပေါ့ဗျာ"

ဆိုခဲ့၍ ဦးယဉ်မျိုး လတစ်ဝက်ကြီးမှာ ဆာဂျစ်ကယ်ဝပ်(၃) သို့ရောက်ခဲ့ ရသည်။

"ဟာ ကျွန်တော် ဆရာ့ဝပ်(၃)မှာပဲ နေပါရစေ။ ဆာဂျရီ ထရိန်နင် ကောင်းကောင်းရထားတဲ့ သက်ဇော်နိုင်ရှိတာပဲ။ ဆာဂျင်မရှိလည်း သက်ဇော်နိုင် လုပ်နိုင်တာပဲ"

ငြင်းမိခဲ့သေး၏။ ဦးအောင်မြင်က ဖျောင်းဖျသည်။ သူက ငြင်းသည်။



နောက်ဆုံးမှာ ဦးအောင်မြင်က စိတ်ရှုပ်လာဟန်ဖြင့်

"ကျွန်တော့်ကို ကူညီတဲ့အနေနဲ့ ကျွန်တော်ပြောတဲ့အတိုင်းသာ လုပ်ပေးစမ်းပါဗျာ"

ဆိုလိုက်တော့၍ ဦးယဉ်မျိုး မကျေမလည်နှင့်ပင် ခွဲစိတ်ကုသဆောင်သို့ ရောက်ခဲ့သည်။ နောက်တစ်ရက်မှာ ပေါ်မူယာက ပြုံးတုံ့မူရာဖြင့်

"မူယာ့ကို ဆရာကြီးက အရင်ချဉ်းကပ်လာတာ ဆရာရဲ့။ သူ ခွင့်သွားမှာမို့ ဆိုလားပဲ။ မူယာဖြင့် OPD ရောက်လို့ သက်သာမယ်မှမကြာသေးဘူး။ မူယာတော့ ဆာဂျစ်ကယ်ကို လုံးဝမသွားနိုင်သေးပါဘူးနော်လို့ ငြင်းလိုက်လို့ ဆရာ့ဘက် လှည့်သွားကော။ အဟင်း ဟင်း"

ဒေါ်ခင်ဦးနွယ်လည်း သူ့အပေါ် အရင်သဘောထားအတိုင်းရှိပြီး မဟုတ်လား လုတာ ဦးယဉ်မျိုး သိရလေ၏။

ဆရာဦးအောင်မြင်က ကိုညီကိုတော့ အားကိုးပုံရ၏။ ကိုညီက ဆရာဦးအောင်မြင်၏ ရုံးအလုပ်တွေပါ ကူနေရတာ တွေ့ရသည်။ ကိုညီလိုလူစားကတော့ ဘယ်နေရာရောက်ရောက် အားလပ်မည့် သူမဟုတ်။ အလုပ်ရှာလုပ်နေမည့်လူစား။ သည်အတွက် ဦးအောင်မြင်က သူခွင့်ယူခါနီး သက်ဇော်နိုင်ကို သူ့ဝပ်(၃)မှာ ထားခဲ့သည်လား မပြောတတ်။ သို့သော် ဦးယဉ်မျိုး ခွဲစိတ်ကုသဆောင်မှာရှိစဉ် သက်ဇော်နိုင် ရောက်လာဟတ်ကာ ဦးယဉ်မျိုးနှင့် စကားပိုင်း လာဖွဲ့တတ်သည်။ ဦးယဉ်မျိုး ... ဒေါ်ခင်ဦးနွယ်ရဲ့ ဝပ်(၃)ထဲသို့ လာဖို့ခဲယဉ်းသည်ကို ကိုညီသိသည်လေ။ အခုတော့ ကိုညီက သူ့အရင်ဝပ်(၃)ဖြစ်သော ခွဲစိတ်ကုသဆောင်သို့ ခြေဦးလုံးဝပင်လှည့်မလာခဲ့။ ကိုညီကို မသက်ာစွာ မေးမြန်းလိုပေမယ့် ဟိုတစ်ကြိမ် ဟင်ဒီကက်(ပ်) ကိစ္စမျိုး မဖြစ်ဖို့ သတိထားရသေးသည်။ နောက် အေးအေးဆေးဆေးမှပဲ ဦးယဉ်မျိုး စိတ်ထဲမှာ ဝေးမှတ်ထားရတော့လေ၏။

□

ခွဲစိတ်ရက်ဖြစ်သော ဗုဒ္ဓဟူးနေ့။ မြေလတ်ဆေးရုံ၏ ခွဲစိတ်ခန်းမှာ အခါတိုင်း ဗုဒ္ဓဟူးနေ့များကဲ့သို့ပင် နိုးကြားသက်ဝင်နေခဲ့သည်။ ခွဲစိတ်ကုသဆောင်၏ လက်ထောက်ဆရာဝန်က ဒိုင်ခံ ခွဲစိတ်မြို့ အဓိကသရုပ်ဆောင်ပြောင်းလဲသွားသော အခန်းဆက်ပြဇာတ်ရှည်တစ်ပုဒ်ပမာ ဇာတ်အစမှာတော့ အခက်အခဲလေးတွေနှင့် ဖြစ်လေ၏။

www.burmeseclassic.com

ဦး...နာတာရင်းကို ခင်ဦးနွယ်ကိုယ်တိုင် စိစစ်တင်ခဲ့သည်။ ဦးယဉ်မှိုင်း တစ်ယောက်ဟည်ခဲ့လိုရသည့်ကေ့(စ်)များကို ယူစေခဲ့သည်။ ဆရာဝန် နှစ်ယောက် ဝင်လိုသည့်ကေ့(စ်)များတွင် နွယ်က သက်ဇော်နိုင်ကို ခါတိုင်းကလို ဝင်စေချင်မိသေး သည်။ သက်ဇော်နိုင်ကမူ သူခွဲစိတ်လိုသောကေ့(စ်)ကို ဦးယဉ်မှိုင်းမှတစ်ဆင့် ခွဲစိတ်စာရင်းတင်ခဲ့သည်။ နွယ်အကူအညီလိုအပ်မယ့် ကေ့(စ်)များတွင်မှ "ကျွန်တော်ဝင်ပေးရမလား" မမေးခဲ့တော့ပေ။ နွယ်ရဲ့ တရားဝင် ကမ်းလှမ်းချက်ကို သူစောင့်ဆိုင်းလေသည်။ နွယ်ခေါ်မှ တစ်နေရာရာမှာ ရှိနေရာက သူ ထ လာ လက်ဆေးတတ်သည်။ သူ့မျက်နှာကတော့ ဘာမှမဖြစ်သလို၊ ဘာမှမသိသလို အေးဆေးငြိမ်းချမ်းစွာ။ သည်အခြေအနေကို နွယ် ကိုယ်တိုင် ဒေါသနေမိရ၏။

ဒါလား မင်းခွဲစိတ်ကုကို ဂါသနာပါလှတယ် ဆိုတာ။ ဆရာဝန်ကောင်း တစ်ယောက်ဖြစ်ဖို့ တခြား စိတ်ခံစားမှုတွေကို ချိုးနှိမ်ပြီး အရေးကြီးတဲ့ အာရုံတစ်ခု တည်းပေါ်မှာပဲ အာရုံစုစည်းမှု အားကောင်းရမယ်ဆိုတာ ကျွန်ုပ်... သိပြီးပြီလို့ ပြောခဲ့တာ ဟိုတာက မဟုတ်ပါဘူး ထင်ရဲ့။

နွယ်၏ ခွဲစိတ်ခန်းမှာ ခါတိုင်းက ကဲ့သို့ ရှင်သန်၊ တက်ကြွ၊ နိုးကြားနေ ရှိလည်း အခြေအနေက လျှို့ဝှက်တိတ်ဆိတ်စွာ တင်းမာနေခဲ့လေ၏။ မိန်းမသား ကျင်ရေးဝါဒီ ထိုတစ်ယောက်နှင့်လည်း နွယ် လက်တွဲလုပ်၍ မဖြစ်သည့်မို့ မူယာ တင်ကိုပဲ စည်းရုံးရလေ၏။ နွယ်အကူအညီလိုသည့်အခါ သက်ဇော်နိုင်က သိရော ... နံရံကိုမှီရပ် လက်ပိုက်လျက် လှမ်းကြည့်နေမှန်းသိရက်က

"မူယာ ကိုယ်နဲ့ ဒီကေ့(စ်) ဝင်ပေးနော်"

ဟု မူယာ့ကို ခေါ်ယူမိလေ၏။ မူယာက နေ့လယ် ဆေးခန်းချိန်ပျက်မှာ စိုးရိမ်တတ်သူမို့ နေ့လယ် ၁၂နာရီနီးခဲ့လျှင်တော့ "ရပြီ မူယာနားတော့"ဟု ပြန်လွှတ် ရသည်။ အခါတိုင်း နွယ်က အရေးကြီးသည့်ခွဲစိတ်ကုသမှု ပြီးသည်နှင့် ထွက်လာ သက်ဇော်နိုင်က ဆက်လက် တာဝန်ယူလေ့ရှိသည်။ ကိစ္စမရှိပါ။ နွယ်က ခွဲစိတ်အထူး ကုလိုင်းကို ရွေးချယ်ခဲ့သူ ဆရာဝန်တစ်ယောက်ပဲ။ နွယ် တတ်နိုင်ရမည်ပါ။ မူယာ တင်ကို ခေါ်ရသည်က အနည်းငယ်တော့ အောက်ကျို့ရလေသည်။

"သူတို့ကလည်း ဘာဖြစ်လို့များ ဒီဆေးရုံလေးမှာ ခွဲချင်ရလည်း မသိဘူး တကယ်ဆို မြေလတ်က အရေးပေါ် ခွဲစိတ်ပေးရုံအဆင့်ပဲ ရှိတာ။ ဒီလို မော အော်ပရေးရှင်းကြီးမျိုးကို သူတို့ ဒီဆေးရုံကို ခွဲခိုင်းတယ်။ အလုပ်မများ များအောင်



ဟု အသံချွဲနွဲ့နွဲ့နှင့် ဆိုတတ်ပေးသေး၏။ အဓိပ္ပာယ်ကတော့ မြေလတ် ဆေးရုံမှာ ဆရာဝန်ခင်ဦးနွယ် ရှိနေလို့ အလုပ် ... နေရသည်ပေါ့။ ဒါလည်း ကိစ္စမရှိပါ။ ...ယ်လူနာအကျိုးအတွက် နွယ် ကျိုးတာ... သည်လေ။

"သူတို့က မြို့ကြီးသွားဖို့ ငွေကုန်ကြေးကျ မတတ်နိုင်လို့ပဲ မူယာရယ်။ နောက်က လိုက်ပေးဖို့ လူပိုလည်းမရှိဘူး။ ယာခင်းကိစ္စ၊ ရပ်ရေးရွာရေးတွေနဲ့ သူတောင်လိုနေသေးတာပဲလေ"

တစ်ခါတစ်ရံ ခင်ဦးနွယ်၊ မူယာနှင့် နော်အေမီမှာ ဘယ်လိုမှ အပေးအယူ မရှိဘဲ ရှိနေတတ်သည်။ မူယာက ဘေးက ရပ်ကြည့်နေသော ဆရာဝန်၊ ဆရာမ တစ်ယောက်ယောက်နှင့် စကားလှမ်းပြောနေတတ်သည်။ ခွဲစိတ်နေကျ သူတို့အဖွဲ့က အရေးကြီးသော ကဏ္ဍတွေ မပြီးမချင်း စကားမပြောတတ်။ တိတ်ဆိတ်လျှင်မြန်စွာ အလုပ်လုပ်ကြသည်။ မူယာကတော့ စကားတွေစီညံနေတော့သည်ပေ။

တစ်ကြိမ်တော့ ခွဲစိတ်မှုတွင် နွယ်အခက်အခဲနှင့်ကြုံရ၏။ အစာအိမ်ပေါက် သွားသောလူနာ တရေးကြီး "ဦးမျိုးဆက်" ကို ခွဲစိတ်ရက်မှာပဲ အရေးပေါ်ခွဲစိတ်ခဲ့ သည်။ ဗိုက်ဖွင့်ပြီး အစာအိမ်ပေါက်ရာသောအခါ မမျှော်လင့်ဘဲ အစာအိမ်ကင်ဆာ ...ဖြစ်နေသော အနာကြီးတစ်ခုနှင့် ကြုံရလေ၏။ ထိုအနာလုံးမှာမှာ၏ ဘေးနေရာ ... ပေါက်သွားခဲ့ခြင်းပေ။ ရိုးရိုးအစာအိမ်ပေါက်အနာလို ဆွဲချုပ်၊ ဖာထေး ပြုပြင်ရုံ ...ဟုတ်ဘဲ ခွဲစိတ်ကုသမှု လမ်းကြောင်းက ပြောင်းသွားခဲ့၏။ နွယ် အနည်းငယ် ...သွားခဲ့စဉ် မူယာက အသံစီစီညံညံ စကားတွေပြောကောင်းနေဆဲ၊ စကားများခဲ့ ...၍ မူယာက ခွဲစိတ်မှုမှာ အာရုံမစူးစိုက်နိုင်တော့တာ ခက်လေ၏။ နွယ့်မှာ မေ့ဆေး ...အစ ခေါင်းထဲမှာ ပြန်လည်တွက်ချက်ရကာ နွယ့်ဘက်မှာ အရေးကြီးနေဆဲ ...မူယာက ဘယ်လိုမှ အကူအညီမပေးနိုင်ဘဲ ရှိနေသည်။

"မူယာရေ ကိုယ်တို့တော့ Malignancy နဲ့တွေ့ပြီထင်တယ်"

ဟုပြောကာရှိသေးသည်။ မူယာရဲ့ လက်တွေက အပေးမယူမမှုစွာ နွယ် ခွဲစိတ်သည့်မြင်ကွင်းလေးမှာ ရှုပ်လာခဲ့သည်။ သူက နွယ့်ကို ကြည့်ရှောင်ရမည့်အစား နွယ်က သူ့ကိုရှောင်ပေးနေခဲ့ရဆဲ

"အား ရူးပြီ"

"အို ဆောရီး မူယာရယ်"

ခင်ဦးနွယ် လက်ထဲက အပ်က မူယာ့လက်ချောင်းတစ်ချောင်း စူးစိုက်သွား

www.burmeseclassic.com



ခဲ့သည်။ အင်္ကျီပြန်ဆွဲယူစဉ် လက်ကို မထိတော့ပေမယ့် အပ်က လက်အိတ်ကို ထိုးခဲ့ ပေါက်သွားခဲ့သည်။ အပ်ရှုးရာလေးတွင် ချက်ချင်းသွေးစို့လာခဲ့တာ မြင်ရသော နှယ် အပ်လို့တောင်းပန်သည်။

"ဆောရီးကွာ။ နာသွားလား"

"Glove အသစ်တစ်စုံပေးပါ"

ခွဲစိတ်အဖွဲ့တစ်ယောက်ယောက်ရဲ့ လက်အိတ် အပ်ရှုးပေါက်ခဲ့၍ တ လျှင် အသစ်လဲရမြဲဖြင့် မမအေမိက လှမ်းအော် တောင်းခဲ့သည်။ မှုယာ

"လက်အနာနဲ့ မှုယာ ဘယ်လို ဆက်ဝင်တော့မလဲ။ ဒါ Infection (ရောဂါပိုးဝင်ခြင်း) ဝင်သွားနိုင်တယ်။ အခုတောင် ကိုက်လာပြီ"

တည်တည်လေးပြောကာ ခွဲစိတ်သည့်အဖွဲ့မှ ထွက်သွားခဲ့တော့သည်။ ခွဲစိတ်ခန်းတံခါးကို ကျယ်လောင်စွာ ဖွင့်ပိတ်ခဲ့လေ၏။ နှယ့်ရင်ထဲတွင် အမျိုးအမည် မသတ်မှတ်နိုင်သော ပေါက်ကွဲလိုသည့်ခံစားမှုတွေ တရိပ်ရိပ်တက်လာခဲ့ရင်း

"ရတယ် မမအေမိ၊ နှယ်ကဆက်ချုပ်ပါ"

ခွဲစိတ်မှုကို ဆက်ခဲ့သည်။ သွေးကြောတွေမှနေသော အနာပိုင်းကို ဖြတ် ရမည့် အခက်အခဲဆုံးအပိုင်းသို့ ရောက်လာခဲ့သည်။ နှယ် ခွဲစိတ်နေရင်း ချွေး ပိုးပိုးပေါက်ပေါက်ကျလာခဲ့သည်။

"ဆာကျွန့်မျက်နှာကို ချွေးသုတ်ပေးကြပါဦးဟယ်။ တော်တော့်ကလည်း ပေါ တယ်"

နပူးခံစပ်က ချွေးတွေက မျက်လုံးကိုဖြတ်ကာ ပါးပြင်သို့ စီးဆင်းကျသည်။ မျက်လုံးထဲမှာ ဘာမှကြည့်မမြင်ရတော့။ လုလုစော ချွေးသုတ်ပေးသည်ကို မျက်လုံး များ မှိတ်ထားပေးမိသည်။ နှယ် မျက်လုံးဖွင့်လိုက်သောအခါ နှယ့် ရှေ့တည့်တည့် မှုယာဝင်သွားသည့်နေရာတွင် နှယ်နှင့် လများစွာကတည်းက နာရီပေါင်းများစွာ ကြာအောင် မျက်နှာချင်းဆိုင်ရပ်ကာ အလုပ်လုပ်ခဲ့ဖူးသူ တစ်ဦးကို တွေ့မြင်ရသော ၏။ နှယ် အံ့သြလျက်စိတ်က တိတ်တဆိတ်ဝမ်းမြောက် အားကိုးစွာ သူ့ကိုကြည့် သောအခါ နှာခေါင်းစည်းအထက်မှ သူ့မျက်လုံးများရဲ့ အပြုံးကို ခံစားသိလိုက် လေသည်။ စိတ်ပေါ့ပါး သက်သာရခဲ့သည်ကို ဣန္ဒြေဆောင်လျက်

"သက်ဇော်နိုင်က ဟိုတက်အခန်းမှာ Hernia ဝင်နေတာ မဟုတ်ဘူး လား"



မေးခဲ့လျှင် သူက

"မစရသေးဘူး မမ။ ကျွန်တော် နောက်တစ်ပတ်ကို ချိန်းလိုက်တယ်"

ဘာမှမထူးခြားသလို သာမန်ပဲ ဖြေသည်။ လက်အိတ်အတွင်းမှ ကျွမ်း ကျင်စွာ လှုပ်ရှားမြဲဖြစ်သော သူ့လက်များကမူ နှယ့်ကိုကူပေးဖို့ အဆင်သင့် အနေ အထားမှာ နေရာယူနှင့်လေသည်။

"လူမှန် နေရာမှန်တော့ ဖြစ်ပြီ။ အခုမှ ပွဲကကြည့်ကောင်းတော့မှာ"

နော်အေမိကတော့ သက်ဇော်နိုင်ကို ဝမ်းသာအားရစွာ ကြိုဆိုခဲ့လေ သည်။

□

နှယ့်ရဲ့ ခွဲစိတ်ကုသဆောင်အခြေအနေမှာ တဖြည်းဖြည်း တည်ငြိမ်လာခဲ့ သည်။ ပုံမှန်သို့ရောက်လာခဲ့ပြီ။ ဒေါက်တာ ဦးယဉ်မျိုးမှာ အတွေ့အကြုံရင့်ကျက်ပြီး သူမို့ နှယ် သူ့ကို လွတ်လပ်စွာ လုပ်ပိုင်ခွင့်တွေ ပေးထားခဲ့သည်။

"ဆရာ သိရောဘဲဒေးမှာ ခွဲချင်တဲ့ကေ့(စ်)ကို ကျွန်မတို့ကြိုတင်သိထား ချင်တာ တခြားကြောင့်တော့ မဟုတ်ပါဘူး။ ကျွန်မတို့အင်အားနဲ့ လုပ်နိုင် မလုပ်နိုင် ဆိုတာချင့်ချိန်နိုင်အောင်လို့ပါ။ မနိုင်တဲ့ကေ့(စ်)ကို ကိုင်မိများရင် ကျွန်မမှာ တာဝန် ရှိမှာမို့လို့ပါ"

"အိုကေ ဒေါ်ခင်ဦးနှယ်"

ဒေါက်တာယဉ်မျိုးနှင့် နှယ်မှာ ယခင်ကထက်ပို၍ ဆက်ဆံရအဆင်ပြေ လာခဲ့သည်။ နှယ့်ကိုမရစ်တော့တာ ဘာကြောင့်ဖြစ်မလဲ။ နှယ်စဉ်းစားကြည့်မိသည့် အခါရှိသည်။ စဉ်းစားလို့မရ။ နှယ်နှင့်သူ ယခင်ကထက် နားလည်မှုရှိခဲ့ပြီ ထင်မိ လေ၏။ ကိုယ့်အတွက်မဟုတ်တဲ့ လူနာအတွက်ကြိုးပမ်းကြရာမှာ နားလည်မှုရှိ ကြဖို့က များစွာ လိုအပ်လေသည်။ ကိုယ့်အတွက်မဟုတ်ပေမယ့် ကိုယ့်အတွအတွက် ကိုယ့်အယူအဆပဲ မှန်သည်၊ ကိုယ့်ကုထုံးပဲ မှန်သည်ဖြင့် ဆရာများတော့ သားတစ် ချင်ဖြစ်တတ်သည့်စကားပုံက ရှိသည်လေ။

တစ်ရက်။ ဆရာကြီး ရုံးခန်းသို့ နှယ် ကိစ္စတစ်ခုဖြင့် ရောက်သွားခဲ့သည်။ ဦးအောင်မြင့်က Chest X-Ray (ရင်ဘတ်ဓာတ်မှန်) တစ်ခုကို ထောင်ကြည့်နေခဲ့ သည်။ ဆရာ့မျက်နှာမှာပြုံးလျက်။ ဓာတ်မှန်ကို နှယ်သို့ လက်ကမ်းပေးခဲ့သည်။

"ဒီပေးရှင့်ကို သက်ဇော်နိုင် စတွေ့တွေ့ချင်း သူ စမ်းသပ်တွေ့ထားတာ

www.burmeseclassic.com

www.burmeseclassic.com



တွေ့ ချက်(ဘ်)ထဲမှာ ပုံကြမ်းလေးဆွဲထားတယ်။ X-Ray ဒီနေ့မှ ရိုက်ဖြစ်တယ်။ သူ့ပုံကြမ်းလေးကို ကြည့်လိုက်ပါဦးဗျာ။ X-Ray မှာတွေ့ရတာနဲ့ တစ်ထပ်တည်းလို။ အဲဒါ ကျွန်တော် သဘောကျနေတာ။ သူ့ကို ဆာဂျရီပိုင်မယ် ထင်နေတာ တော်တဲ့လူဗျာ''

ဓာတ်မှန်နှင့် လူနာမှတ်တမ်းထဲက သက်ဇော်နိုင်ရဲ့ ပုံကြမ်းလေးကို နွယ် ယှဉ်ကြည့်မိသည်။ အဆုတ်ပုံ ပုံကြမ်းလေးပေါ်မှာ သူ စမ်းသပ်စဉ် တွေ့ရှိသော အဆုတ်ခဲနေသည့်နေရာ၊ အနာရှိသည့်နေရာ၊ အနာကြောင့် အဆုတ်များ လိုဏ်ခေါင်းလိုဖြစ်နေသည့် နေရာများကို မြားငယ်လေးများနှင့် ညွှန်ပြထားခဲ့သည်။ ဓာတ်မှန်ထဲကတွေ့ရှိချက်နှင့် သူ့ စမ်းသပ်တွေ့ရှိချက်များမှာ ကိုက်ညီနေခဲ့သည်။ ရောဂါတွေ့ရှိချက်မှန်ကန်သဖြင့် သူ့ကုသမှုများမှာလည်း ထိရောက်ကောင်းမွန်လှသည်။ နွယ်ဝန်ခံမိရသည်။

''ကျွန်မ ဝပ်(ဒ်)မှာလည်း သူက စိတ်ချရတယ် ဆရာကြီး။ လူနာကျ တဲ့ အပိုင်းတင် မဟုတ်ဘူး။ နပ်(စ်) တွေ၊ အလုပ်သမားတွေ၊ လူနာတွေကို အုပ်ချုပ်တဲ့နေရာမှာလည်း အဆင်ပြေတယ်။ ဦးသက်ဇော်နိုင်ဟာ လူတော်တစ်ယောက် ပါပဲ''

နွယ် လူကဲခတ် မမှားပါ။ သက်ဇော်နိုင်မှာ လူနာမှန်ရင် စိတ်ဝင်တစား ရှိတတ်မှုကြောင့် ဆေးရုံရဲ့ ဘယ်နေရာမှာပဲ တာဝန်ယူရသည်ဖြစ်စေ ဆရာဝန် ကောင်း တစ်ယောက်အဖြစ် ယုံကြည်စိတ်ချနိုင်သူ ဖြစ်လေ၏။

သူဝပ်(ဒ်)ပြောင်းသွားခါစမှာ နွယ့်ကို ရှောင်နေခဲ့လေ၏။ နွယ် နားနေခန်း ထဲမှာရှိလျှင် ခါတိုင်းလို လာမထိုင်ရုံမက အခန်းထဲပင်မဝင်ခဲ့တော့ပေ။ သက်ဇော် နှင့်နွယ်တို့ကြားတွင် လုပ်ဖော်ကိုင်ဖက်ချင်းရဲ့ နွေးထွေးမှုလေးတော့ ကျန်သင့်သော သည်ဟု နွယ် အစမှာ မကျေမချမ်း ဖြစ်မိခဲ့သေးသည်။ စာရင်းရုံးမှ စာရေး ဦးမျိုးဆက်ကို ခွဲစိတ်ကုပြီး သည့်နောက်ပိုင်းမှာတော့ သူ ခါတိုင်းကလို ရှောင်ပြေး နေခြင်းမရှိတော့။ နွယ် အကူအညီလိုမယ်ထင်ရင် ခွဲစိတ်ကုအဖွဲ့ထဲ သူအလိုလို ဝင်လာတတ်လေ၏။

မူယာက ဆေးခန်းချိန်အပျက်မခံနိုင်ဘဲ ၁၁နာရီခွဲလျှင် 'သီရေတာ' ပြေး ထွက်ချင်ပြီ၊ ဦးယဉ်မျိုးကတော့ ဆေးခန်းချိန်ကြောင့်မဟုတ်၊ အစာအိမ်ရောဂါ ထကာ ဗိုက်အောင့်လာတတ်၍ နေ့လယ် ၁၂နာရီခွဲလောက်မှာ ထွက်စားရသည်။



သက်ဇော်နိုင်အတွက် မပြီးသေးသော ခွဲစိတ်မှုတွေ တန်းစီ ကျန်ခဲ့တတ်သည်။ သက်ဇော်နိုင် ထွက်ကတ်ပြုပြင်ခြင်းမရှိ၊ ပင်ပန်းဟန်လည်းမပြ။ 'မပြီးသေးသော ...ချိုကား' သီချင်းလေးကို လေချွန်ကာ ကော်ဖီတစ်ခွက်လောက်ပဲသောက်ပြီး ကျန်နေသော ကေ့(စ်)များကို အပြီးသတ်သည်အထိ ရှင်းပေးသွားတတ်လေသည်။

တစ်ခါတစ်ရံ နွယ် ပြန်သည်အထိ သူတစ်ယောက်တည်းကျန်ကာ ဆက်ခွဲ နေရသည်။ နွယ် သက်ဇော်နိုင်ခံစားခဲ့ရသည်များကိုလည်း နားလည်လာမိသည်။ ... နွယ့်ရဲ့ခွဲစိတ်ခဆောင်မှာ လပေါင်းများစွာ အအိပ်ပျက်၊ အစားပျက်၊ အလုပ်လုပ် ...ခဲ့သူ ဖြစ်ပါလျက် နွယ်က သူ့ကို လွယ်လွယ်လေး 'မင်းသွားနိုင်ပြီ' ဟုမောင်း ...တ်ခဲ့သည့်အဖြစ်က သူ့ရင်ကို ဘယ်မျှ ထိခိုက်နာကျင်ခံစားစေခဲ့မလဲ။ သူ့အတွက် ...ကို ဘယ်မျှ အနိုင်အထက် ချိုးဖဲ့စော်ကားရာရောက်လိုက်သလဲ။ သူနာကြည်း ...ည်ပင်။

စည်သူ့ စာမေးပွဲ စိတ်အနှောင့်မယှက်ကင်းကင်းနှင့် ဖြေဆိုနိုင်ဖို့ မေမေ ...သယကင်းရှင်းနိုင်ဖို့အရေးနှင့် သူက ဆက်စပ်နေခဲ့တာ သူ တွေးမိမည်လား။ ...တွေးမိဖို့မသင့်၊ နွယ် ပြောပြဖို့လည်း မသင့်ခဲ့ပါပေ။

ဆရာဦးအောင်မြင်နှင့် သက်ဇော်နိုင်တို့ရဲ့ လိုက်လှဲရင်းနှီး နွေးထွေးမှုကို ...ယ် ဗုဒ္ဓဟူးနေ့တိုင်း တွေ့မြင်နေရလေ၏။ သက်ဇော်နိုင်နှင့်ဦးယဉ်မျိုးတို့ရဲ့ ...င်နွေးထွေးမှု၊ သက်ဇော်နိုင်နှင့် မူယာတင်တို့ရဲ့ လိုက်လျောညီထွေ နွေးထွေးမှုများ ...ကို တွေ့နေရလျှင် နွယ်နှင့်သက်ဇော်နိုင်တို့ကြားမှာ ပျောက်ဆုံးသွားခဲ့သော နား ...ည်နွေးထွေးမှုလေးကို နွယ် တိတ်တဆိတ် သတိရနေမိခဲ့ပါလေသည်။

□

''ထိုင်ပါ ဒေါ်ခင်ဦးနွယ်''

နွယ် ဆရာဦးအောင်မြင်၏ စားပွဲကျယ်ရှေ့တွင် ဝင်ထိုင်ခဲ့သည်။ ဆရာ ...အောင်မြင်မှာ မျက်နှာမကောင်းလှတာ နွယ် သတိထားမိသည်။ နွယ့်စိတ်ထဲမှာ ...ပ်သွားခဲ့ရသည်။ ဆရာဦးအောင်မြင်က လေးရက်သာလိုတော့သော စည်သူ့ ...မေးပွဲကို အရင်သတင်းမေးနေခဲ့သည်။ ဦးအောင်မြင် စကားစပျိုးရန် ခက်ခဲနေ ...ကို နွယ် အလိုက်တသိ

''ဆရာ ကျွန်မကိုခေါ်ခိုင်းလိုက်တယ် ဆိုလို့ပါ။ ဘာများပြောစရာရှိလို့ပါ

www.burmeseclassic.com



ခဲ့သည်။

ဆရာဦးအောင်မြင်က ခင်ဦးနွယ်ကို ဆေးရုံအရေးကိစ္စမှန်သမျှ ဖွင့်
ဟ တိုင်ပင်လေ့ရှိသည်။ မြေလတ်မှာ နှစ်သက်အရည်ကြာဆုံးသော ဆရာ
က ဆေးရုံကိစ္စများတွင် ညှိနှိုင်းစွာလုပ်ကိုင်လာခဲ့ခြင်းဖြစ်လေ၏။ မြို့နယ် ဆ
ကြီးဖြစ်သော ဦးအောင်မြင်မှာတော့ တာဝန်အရှိဆုံးပေ။ ဆရာဦးအောင်မြင် 
နေသည့်ကိစ္စကို နွယ် သိရလေသည်။

"ကျွန်တော်တို့ဆေးရုံနဲ့ ပတ်သက်ပြီး တိုင်စာတစ်စောင် တက်ထား
လို့ ကြားရတယ်။ စာရေးကြီး တိုင်းရုံးကို သွားရင်း သတင်းသဲ့သဲ့ ကြားခဲ့
ကျွန်တော်လည်း လုံးဝမမျှော်လင့်ခဲ့ဘူး"

ခင်ဦးနွယ်လည်း လုံးဝမျှော်လင့်မထားသော ကိစ္စဖြစ်၍ အံ့အား
ရလေ၏။

"ဘာအကြောင်းတဲ့လဲ ဆရာ"

"အတိအကျ မသိရသေးပါဘူး။ တိုင်းရုံးကလည်း ရန်ကုန်ရုံးချုပ်
ကြားလာခဲ့တာလို့ပဲ ပြောနိုင်တယ်။ တိုင်စာက သူတို့ဆီကိုမဝင်ဘဲ ရုံးချုပ်
တိုက်ရိုက် တိုင်လိုက်တာဆိုတော့ သူတို့လည်း ရေရေရာရာ မပြောနိုင်ကြဘူး"

"ကျွန်မသိရလောက်တော့ ဆေးရုံမှာ ပြဿနာရယ်လို့မရှိခဲ့ပါဘူး ဆ

"အဲဒါ ကျွန်တော် စဉ်းစားကြည့်ချင်လို့ ဒေါ်ခင်ဦးနွယ်ကို ခေါ်ပြီးတိုင်
တာပါ။ ကျွန်တော့်အတွေ့အကြုံအရပေါ့လေ။ လောလောဆယ် ဖြစ်ပျက်ခဲ့
ပြဿနာ မဖြစ်နိုင်ဘူး။ ဒီကိစ္စ အရေးယူသင့်သလားဆိုတာ အထက်ကလည်း
စဉ်းစားကြသေးတာ။ အနည်းဆုံး လွန်ခဲ့တဲ့ ခြောက်လ၊ တစ်နှစ် ဝန်ကျင်
ကိစ္စ ဖြစ်မယ်။ တစ်နှစ်ဝန်းကျင်ကရော ဆေးရုံမှာ ပြဿနာတစ်ခုခုကို ဒေါ်ခင်
နွယ် မှတ်မိလား"

"ဘာပြဿနာမှကို မရှိခဲ့တာပါ ဆရာ"

ဆရာ ဦးအောင်မြင်၏ မျက်နှာ အနည်းငယ် ကြည်လင်လာခဲ့သည်

"ဆေးရုံမှာ ပြဿနာတစ်ခုခုဆိုရင် ကျွန်တော်လည်းသိနေတာ
ကျွန်တော်တို့ဘက်က ဖြေရှင်းရတဲ့အဆင့်လောက်ပဲ ဖြစ်ချင်ဖြစ်မှာပါ။ သိပ်လည်
ခေါင်းထဲမထားပါနဲ့ ဒေါ်ခင်ဦးနွယ်။ အင်း ဒါပေမယ့် OPD ဆက်ဆံရေး
တာဝန်ရှိနိုင်နဲ့ လက်ဆောင်မျှော်ကိုးတဲ့ ကိစ္စကိုတော့ ကျွန်တော် OPD ကို ကြ



ဆို လိုနေပြီ။ လူထုနဲ့အများဆုံးဆက်ဆံနေရတဲ့နေရာဆိုတော့ ဘာပဲဖြစ်ဖြစ်
ကျွန်တော်တို့ဘက်က အဆင်သင့်ဖြစ်နေအောင်တော့ ပြင်ဆင်ထားမှဖြစ်လိမ့်မယ်"

"ဟုတ်ကဲ့ပါ ဆရာ"

ခင်ဦးနွယ် ဆရာကြီးရုံးခန်းမှ အနည်းငယ် စိတ်ရှုပ်ထွေးစွာဖြင့် ထွက်
ခဲ့သည်။ သည်ကိစ္စကိုပဲ စဉ်းစားလာမိလေ၏။ မှောင်ထဲက ရမ်းပစ်လိုက်သော
တစ်လုံးအတွက် နွယ်တို့က ဘာတွေများ ပြင်ဆင်ထားရမှာလဲ။ ဘာပဲဖြစ်ဖြစ်
ဆရာဦးအောင်မြင်က သူ့ဝပ်(ဒ်)ထဲက တစ်နှစ်စာ လူနာမှတ်တမ်း၊ ဆေးအသုံးစာ
မှုယစ်ဆေးအသုံးစာရင်း၊ ဆေးစတို စသည်တို့ကို ပြန်စိစစ်၊ အသင့်ပြင်ဆင်
ထားမှာဖြစ်သကဲ့သို့ နွယ်၏ ခွဲစိတ်ကုသဆောင်မှာလည်း ထိုစာရင်းမှတ်တမ်းများကို
စိစစ် အသင့်ပြင်ဆင်ထားရတော့မည်။ စည်သူ့ စာမေးပွဲက တစ်ဖက်နှင့်
ခေါင်းထဲမှာ အတွေးတွေ၊ အစီအစဉ်တွေ ရှုပ်ထွေးသွားခဲ့ရပေ၏။

□

ဆယ်တန်းစာမေးပွဲများ စစ်ခဲ့ပြီ။ ညက အိပ်ရေးဝဝအိပ်ရသဖြင့် စည်သူ့
မျက်နှာလေး လန်းဆန်းကြည်လင်နေခဲ့သည်။ ဆံပင်လေးကို ဘေးခွဲ သေသပ်စွာ
ဖြီးသင်ကာ လည်ကတုံးအင်္ကျီ လက်တိုအဖြူ၊ ကျောင်းဝတ်စိမ်းလေးနှင့် ကချင်လွယ်
အိတ်အနီလေးလွယ်ကာ အထက်တန်းကျောင်းသားကြီးပုံစံဖမ်းထားလည်း စည်သူ့
မျက်နှာလေးက နုနယ်လှလေ၏။

စည်သူ့စာကြည့်စားပွဲအနီးက နံရံမှာ ကပ်ထားသော စာမေးပွဲဖြေရာတွင်
ယူသွားရမည့် ဖြေဆိုခွင့်ကတ်ပြားအပါအဝင် စာရေးကိရိယာစာရင်း၊ ခုံနံပါတ်ရေးဖို့
အစ သတိပြုရမည့်အချက်များ စည်သူပြန်ဖတ်နေခဲ့တာ နွယ် မသိဘာသာနေ
ခဲ့သည်။ သက်ဇော်နိုင်၏ လက်ရေးများ။ သက်ဇော်နိုင်အပေါ် မကြည်မလင်ရှိပေ
မယ့် သူ ရေးပေးထားသော သည်ကတ်ပြားလေးကို ဖြုတ်မပစ်ခဲ့တာ စည်သူ့ရဲ့
မျှော်လင့်ချက်ပေပေါ့။

"သား စာမေးပွဲဖြေ သွားတော့မယ် မေမေ"

"ကောင်းပြီ သား၊ ဖြေနိုင်ပါစေ"

နွယ် စည်သူ ကျောင်းသွားသည်ကို အိမ်ရှေ့ဝရန်တာအထိ လိုက်ပို့
ကြည့် ကျန်ရစ်သည်။ စည်သူ့တဝအတွက်သာမဟုတ် နွယ့်တဝအတွက်ပါ
အရေးကြီးသော စာမေးပွဲအတွက် နွယ့်ဘက်က လိုအပ်သမျှ စီစဉ်ဆောင်ရွက်ပေး

www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ ဒါတောင်ထက် မနေ့ညက စည်သူ့မေမေရဲ့ ဖုန်းထဲကစကားသံများက ပို၍အရာရောက်ခဲ့သည်လား မသိပေ။

ခနေ့ နေ့လယ်က စည်သူ့ကို ထိုည ၈ နာရီမှာ ဖုန်းစောင့်နိုင်းပေးပါဟု ညွှန်ကြားခဲ့ပြီး ဒေါက်တာအောင်သူရက ဆေးရုံဖုန်းကိုကိုင်လိုက်သော သက်ဇော်နိုင် ကို မှာခဲ့သည်ဆို၏။ သက်ဇော်နိုင် ကိုယ်တိုင် လာပြောပေးခဲ့သည်။

"အခုပြောချင်ရင် စည်သူ့ကတော့ သွားခေါ်ပေးရမယ်၊ မမနှယ်ကတော့ ရှိတယ်လို့ ကျွန်တော် ပြောသေးတယ်။ ဆရာက နေပါစေဆိုတာနဲ့ ကျွန်တော် လည်း လာမခေါ်ဖြစ်လိုက်တာပါ"

နှယ့်ရင်ထဲမှာ ထောင်းခနဲ ဒေါသ ထွက်ချင်သွား၏။ ဘာဆိုင်လို့လဲ။ သက်ဇော်နိုင်ကို ကြည့်လိုက်မိသော အကြည့်ထဲတွင် ထိုအငွေ့တွေပါမည်၊ နောက် မှ နှယ် သတိရကာ

"စည်သူ၊ ညီသူတို့ကို စောင့်ခိုင်းလိုက်ပါမယ်၊ ကျေးဇူးပဲ"

ည ၈ နာရီအမီ စည်သူနှင့် ညီသူထွက်သွားကြလေ၏။ ပြန်လာတော့ ညီအစ်ကိုနှစ်ဦး မျက်နှာလေးတွေ ပြုံးပျော်လျက်။

"မေမေနဲ့စကားပြောတာ ၄၅ မိနစ်တောင် ကြာတယ် မေမေ"

အခြားသော စိတ်ခံစားမှုများကို မျိုသိပ်လျက် ချစ်ခင်သောအပြုံးနှင့် နှယ် မေးခဲ့သည်။

"ဘာတွေများ ပြောကြလို့လဲ"

ညီသူက

"သား စာမေးပွဲဖြေနိုင်လားလို့ မေးတယ်။ ကိုကိုနဲ့က ပိုကြာတယ် မေမေ"

နှယ် စည်သူ့ကို အပြုံးနှင့် လှမ်းမေးတော့

"သားဖြေရမယ့်စာတွေအကြောင်းလည်း မေမေ တော်တော်သိတယ် မေမေ၊ အရေးကြီးတာတွေပြောပြတယ်။ သားတို့ စာမေးပွဲပြီးရင် ဘွားဘွားနဲ့ ရန်ကုန် လိုက်လာခဲ့ကြတဲ့၊ ရန်ကုန်ကနေ မော်လမြိုင်ကို မေမေက လာကြိုခေါ်သွား မယ်တဲ့"

စည်သူနှင့်ညီသူ့ရဲ့ နှစ်သိမ့်သော အပြုံးလေးများမှာ သူတို့ ညအိပ်ရာဝင် လို့ အိပ်ပျော်သွားသည်အထိ မျက်နှာမှာ စွဲထင်နေခဲ့သည်ဟု နှယ် ထင်မိလေ၏။

□



စည်သူ့ စာမေးပွဲ နောက်ဆုံးရက်ပေ။ စည်သူနှင့် နှယ် အိမ်မှ အတူ ထွက်လာခဲ့ကြသည်။ စည်သူက နှယ့်ကိုနှုတ်ဆက်ကာ ကျောင်းဝင်းထဲသို့ ဝင်သွား ခဲ့တော့ ဖြေပြီးခဲ့သမျှ ဘာသာရပ်တိုင်း ဂုဏ်ထူးမှတ်ရအောင် ဖြေဆိုနိုင်ခဲ့သော သားကြီးကို နှယ် ရပ်ကြည့်နေမိခဲ့လေသည်။ စည်သူနည်းတူ နှယ်လည်း အားရ ကျေနပ်နေမိသည်။ ပျော်ရွှင်သော အတွေးများနှင့်အတူ နှယ်ရဲ့ခွဲစိတ်ကုသဆောင် သို့ ရောက်လာခဲ့တော့ ဆရာ ဦးယဉ်မျိုးက ထုံးစံအတိုင်း ရောက်မလာခဲ့သေး။ နပ်(စ်) လှလှစောက

"ဂွတ်မောနင်း မမ"

နှုတ်ဆက်ရင်း ပြောခဲ့ပါလေ၏။

"ဆရာကြီးက မမ ရောက်ရင် သူ့ရုံးခန်းကို ခေါ်လာခဲ့ပါဦးတဲ့"

နှယ် ဆရာဦးအောင်မြင့်ရုံးခန်းသို့ လာခဲ့သည်။ ရုံးခန်းထဲသို့ လှမ်းဝင်ခဲ့ ပြီး မှားမကြာမီပင် နှယ်ရဲ့ ပျော်ရွှင်မှုများ ပျောက်ဆုံးသွားခဲ့ရတော့သည်။

□

ဆရာဦးအောင်မြင့်၏ အခန်းထဲတွင် ဆရာ့ကို စိတ်မချမ်းမြေ့သော မျက်နှာနှင့် တွေ့ရလေ၏။ နှယ့်ကို တဖြည်းဖြည်း စိုးရိမ်မှုပင်ရှိလာစေခဲ့တော့သည်။ နှယ် ဝင်ထိုင်လိုက်ပြီးသောအခါ ဆရာက စိတ်ပျက်လက်ပျက်ဟန်ဖြင့် စကားကို ဖြည်းဖြည်း စပြောခဲ့လေ၏။

"မထင်တာတွေတော့ ဖြစ်ခဲ့ပြီဗျာ။ ကျွန်တော် မနေ့မနက်ကတည်းက သိခဲ့တယ်။ စည်သူ စာမေးပွဲနောက်ဆုံးရက်အထိ စောင့်ချင်လို့ ဒီနေ့မှ ပြောဖြစ် တာပါ"

ဆရာဦးအောင်မြင့် ကျောနိုင်းထားသော နံရံ၏ဖြူဖွေးမှုသည် လေထုကို ပါ ကူးစက် ဖြူဖွေးသွားစေသည် နှယ် ထင်မိ၏။ အဖြူရောင် တိမ်တိုက်ကြီးတစ်ခု က အခန်းထဲသို့ ပြိုဆင်းကျလာခဲ့သည်။ ဒေါ်ခင်ဦးနှယ်မျက်နှာ ခဖွေးခနဲ ဖြစ်သွား တာ ဦးအောင်မြင့် တွေ့လိုက်ရလေ၏။ ရောက်စကဲ့သို့ တုန်တုန်ခိုက်ခိုက် သိုးဖြူလေး ဟုတ်တော့တဲ့ ဘဝအခြေအနေကြောင့်လား၊ သူမရဲ့ တိမ်မြုပ်နေသော အရည်အ ချင်းကြောင့်လား မသိ။ တစ်စ တစ်စ ထက်မြက်လာခဲ့သော အမျိုးသမီး၏ မျက် ခမ်းမှုစလို့ သွေးရောင်ပြန်လွှမ်းလာခဲ့သည်။ ချက်ချင်းလို ပြုံးခဲ့လေ၏။

"ဆရာလည်း စိတ်မကောင်းမဖြစ်ပါနဲ့ ဆရာ။ ကျွန်မ အရိုးသားဆုံး

www.burmeseclassic.com

www.burmeseclassic.com



ရင်ဆိုင်ပါ့မယ်။ ဘာအတွက် တိုင်သလဲဆိုတာတော့ ကျွန်မ မသိသေးဘူးပေါ့။ ဒါပေမယ့် ဘာကြောင့်ပဲ ကျွန်မကို တိုင်ခဲ့ တိုင်ခဲ့ ဆရာ့ကိုတော့ ကျွန်မ အမှန်ဆုံး အရိုးသားဆုံး ပြောပြပါမယ်။ တိုင်တဲ့အကြောင်းရင်းကိုရော ဆရာ သိရပါပြီလား"

ဦးအောင်မြင့် အနည်းငယ် အံ့ဩစွာ မျက်မှောင်ကြုတ်သည်။

ကျွန်တော် မနေ့မနက်က အိမ်ကဖုန်းနဲ့ တိုင်းရုံးက သူငယ်ချင်းဆီ လှမ်းမေးခဲ့တာပါ။ ကျွန်တော့်ခေါင်းထဲမှာ ဒီကိစ္စကနေရာယူလွန်းလို့ မေးမိတာ။ အသက် ဒေါ်ခင်ဦးနွယ်ကို တိုင်တဲ့ တိုင်စာကိစ္စဆိုတာ ဘယ်လိုသိသွားတာလဲ"

ခင်ဦးနွယ် သဲ့သဲ့ရယ်မောသည်။

"ဆရာပဲ စည်သူ့စာမေးပွဲပြီးအောင် စောင့်နေတယ်ဆိုတော့ ကျွန်မနဲ့ ဆိုင်တဲ့ ကိစ္စပဲပေါ့။ ခုရက်တွေမှာ ကျွန်မလည်း ဆရာ့လိုပဲ ခေါင်းရဲ့တိုင်စာအကြောင်း အမြဲ စဉ်းစားနေမိတာ။ ရယ်စရာတော့ ကောင်းသားပါပဲ။ ကျွန်မအတိုင်ခံရလိမ့် မယ်လို့တော့ တစ်ခါမှမထင်မိခဲ့ဖူးဘူး"

"ခွဲစိတ်ကု လူနာတစ်ယောက်နဲ့ ပတ်သက်ပြီး တိုင်တယ်ဆိုတာလောက်ပဲ သိရပါသေးတယ်"

ဒေါ်ခင်ဦးနွယ် ပင့်သက်နှိုရှိုက်ခဲ့တာ ဦးအောင်မြင့် မြင်ဖြစ်အောင်မြင်ပါလေ၏။ ဆရာဝန်တိုင်း၏စိတ်ထဲမှာရှိနေပြီး အကြောက်ရွံ့မိဆုံးအဖြစ်က မိမိ၏ ပေါ့လျော့မှု မပါဘဲ မိမိထိုးလိုက်သည့်ဆေးနှင့် လူနာက မတည့်ဖြစ်လျက် လူနာ Shock ရပြီး သေဆုံးရသောအဖြစ်ဖြစ်ကာ ဝန်ထမ်းဆရာဝန်များအတွက်မူ တစ်ခုပို၏။ မိမိ၏ ဆေးကုသမှု၊ ဆက်ဆံရေး၊ ငွေရေးကြေးရေး၊ လုပ်ပိုင်ခွင့်တစ်ခုခုနှင့် ပတ်သက်ပြီး ဌာနဆိုင်ရာသို့ တိုင်ကြားခံရခြင်း။

ပထမတစ်ခုက ကံကြမ္မာနှင့်သာ သက်ဆိုင်၍ ဒုတိယတစ်ခုမှာ ကံကြမ္မာအပြင် သိက္ခာနှင့်လည်း သက်ဆိုင်ပေ၏။ ယခု ဒေါ်ခင်ဦးနွယ်မှာ မိမိသိက္ခာအတွက် ရင်ဆိုင်ဖြေရှင်းရတော့မည်။ တိုင်ကြားစာက မည်မျှ အခြေအမြစ်နိုင်မာသလဲ မသိရှိရသော်လည်း ဒေါ်ခင်ဦးနွယ်လို လုပ်ရည်ကိုင်ရည်၊ စေတနာ စွမ်းရည်ပြည့် ဝသူတစ်ယောက်သို့ ထိုးနှက်ချက်ကိုတော့ ဦးအောင်မြင့် စိတ်မကောင်း ဖြစ်မိလေသည်။ သူမြေလတ်ဆေးရုံအနေဖြင့် ခွဲစိတ်ကုသကောင်းသတင်း အကျော်ကြားဆုံး လည်းဖြစ်သောအချိန်။ သူစိတ်မကောင်းဖြစ်ခြင်းကို ထုတ်ဖော် ပြောပြစရာ မလိုအောင်ပင် ဦးအောင်မြင့်၏ မျက်နှာမှာ ထင်းထင်း ပေါ်လွင်နေခဲ့လေ၏။



"စိတ်မကောင်းတော့ မရှိပါနဲ့ ဒေါ်ခင်ဦးနွယ်၊ ကျွန်တော်တို့လည်း ရှိပါသေးတယ်။ ဝိုင်းပြီး ဖြေရှင်းကြတာပေါ့"

ဟု ဦးအောင်မြင့်က အားပေးနှစ်သိမ့်စွာ ပြောခဲ့သည်။ ဒေါ်ခင်ဦးနွယ်က နွမ်းလျသောအပြုံးနှင့်

"ကျေးဇူးတင်ပါတယ် ဆရာ"

ဟုပြောခဲ့လေသည်။

□

ဝပ်(၃)ထဲက မှတ်တမ်းမှတ်ရာများ စနစ်တကျရှိမရှိ ပြန်လည် စစ်ဆေးနေ ခဲ့ရာ နေ့လယ် ၁၂ နာရီ ထိုးခဲ့သည်ကိုပင် မသိလိုက်ပေ။ နွယ့်အခန်း ခန်းဆီးကို တွန်းဖယ်၍ စည်သူ၊ ညီသူနှင့် သူငယ်ချင်းများ ဝုန်းခနဲ ဝင်လာခဲ့မှ အချိန်က သတိရတော့သည်။ သူတို့တွေအားလုံး ပြုံးပျော်နေကြသည်။

"သားတို့ စာမေးပွဲ ဖြေနိုင်ကြရဲ့လား"

နွယ် ကြည်နူးနှစ်သိမ့်စွာ ကြိုဆိုမိလေ၏။

"မေမေ ကိုကိုက အားလုံးဖြေနိုင်တယ်တဲ့"

ညီသူက အစ်ကိုပြောရမယ့်စကားကို ဦးအောင် လာပြောခဲ့သည်။ နွယ် သူတို့ကို ကြည့်ရင်း စိတ်ညစ်ညူးမှုတွေ ပါးလျားနေခဲ့သည်။

"ဟုတ်တယ် မေမေ။ မေမေ လိုချင်တဲ့ 6D ရမှာပါ"

"6D က မေမေရမှာမှ မဟုတ်တဲ့၊ သားရမှာလေ။ သားအတွက် မေမေ လိုချင်ခဲ့တာပါ"

စည်သူက နွယ့်စိတ်ကို မထိတထိ ခလုတ်တိုက်စေတဲ့နေရာမှာ သူ့ဖေဖေ ဒေါက်တာအောင်သူရနှင့် ဘာကြောင့်များ သွားတူနေရသည် သဲ။

"သားတို့ စာမေးပွဲပြီးပြီ။ အထုပ်အပိုး ပြင်တော့မယ်ဆိုတာ မေမေ့ကို လာပြောတာပါ"

"ဘာကိုလဲ သားရဲ့"

"ဘွားဘွားနဲ့ မနက်ဖြန် ရန်ကုန်သွားကြမယ်။ ရန်ကုန်ရောက်ရင် ဖေဖေ ဆီ ဖုန်းဆက်မယ်။ ဖေဖေက လာခေါ်ပြီး သားတို့ မော်လမြိုင်မှာ လည်ကြမယ် လေ မေမေ"

နွယ့်ရင်ထဲမှာ စူးနင့်သွားခဲ့ရသည်။ နွယ် ခွင့်တစ်လယူပြီး သားတွေနှင့်

www.burmeseclassic.com

www.burmeseclassic.com



ဘာရှားရှား ခမ်းထွက် နားနားနေနေ နေဖို့ စိတ်ကူးကို စည်သူတို့အား ပြောပြခဲ့သည်။ အခေါ်ရှိရာ မော်လမြိုင်သွားလည်ဖို့လောက် စိတ်အားမထက်သန်ကြပေ။ နွယ် သတ်ဖြင့် တိတ်တဆိတ်ရှိုက်မိရင်း

"မြည်းမြည်းပေါ့ သားတို့ရယ်။ မေမေတို့ အိမ်ကျမှ ပြန်ဝိုင်းပင်ကြသေးတာပေါ့နော်"

နွယ် စည်သူ၊ ညီသူတို့ကို နှစ်သိမ့်ထားမိလေသည်။

□

အိမ်ရောက်တော့လည်း ထိုပြဿနာမှ မပြေလည်။

နွယ် အိပ်ရာမှာ ခဏလေး လှဲနေလိုသည်။ ဦးအောင်မြင့်ရုံးခန်းက ထွက်လာကတည်းက ခေါင်းက တစစ်စစ်ကိုက်နေခဲ့သည်။ တင်းကျပ်အုံ့ခဲနေခဲ့တာ သည်းမခံနိုင်ဖွယ်။ စိတ်သောကဖိစီးမှုတွေကြောင့်ဖြစ်သော ခေါင်းကိုက်နာ Tension Headache ဟု နွယ်သိလိုက်ပြီ၊ သည်တစ်ကြိမ်တော့ နွယ်မခံနိုင်တော့။ အိပ်ရာမှာ မလှဲခင် နွယ့်တာသာ ဆေးထိုးလိုက်ဖို့ ဆေးပုလင်းတွေဖောက်၊ ဆေးစုပ်ယူနေမိ၏။ နွယ် စိတ်ရှုပ်ထွေး ညစ်ညူးနေသည်ကို မသိသား ဆိုးဝါးစွာ စည်သူက တင်းတင်းမာမာ တောင်းဆိုနေခဲ့ပေ၏။ နွယ် တစ်ပတ်လျှော့သည်။

"ဒါဆိုလည်း ခါတိုင်းလိုပဲ သားတို့ဖေဖေနဲ့ ရန်ကုန်မှာတွေ့၊ ရန်ကုန်မှာပဲ လျှောက်လည်ကြမယ်ဆိုရင် မေမေ ခွင့်ပြုမယ်။ ဘာဖြစ်လို့ မော်လမြိုင်အထိ လိုက်သွားမလဲ"

အခြေကျနေတဲ့ သူ့ဖေဖေရဲ့ မိသားစု အနေအထိုင်ကိုတွေ့ပြီး သားကြီး ခံစားလာရမှာကလွဲလို့ ဘာမှအကျိုးမရှိနိုင်ပါဘူး။

"ဖေဖေကခေါ်တာပဲ။ စာမေးပွဲပြီးရင် ဖေဖေ့ဆီမှာ ကျောင်းပိတ်ရက် လာနေကြလို့ ခေါ်ထားတာ"

ခါတိုင်း အမေ ကိုယ့်တာသာ ဆေးထိုးခဲ့ရင် လက်ကို သွေးကြောပေါ်အောင် လာကိုင်ကူပေးသော စည်သူက ခပ်တည်တည် ရပ်ကြည့်နေသည်။ သည်မှု မှတ်မိနေသော ကိုယ့်လက်ခုံပေါ်က သွေးပြန်ကြောကိုပင် နွယ် ထိုးလို့ မ တော့။ အပ်ရှူးတာခံရသည်ပဲရှိသည်။ နွယ်မကြိုးစားတော့။ တစ်ခါသုံးဆေးထိုးပြွန် ကို ဆေးအပြည့်နှင့် ပလတ်စတစ်အမှိုက်ပုံးထဲ ပစ်ထည့်သည်။

"ဒီလိုပဲ။ ဖေဖေကခေါ်ရင် မေမေက မထည့်ဘူး။ လိုက်ဖို့ ဘယ်သူ



အားဘူးပဲ ပြောတယ်။ အခုဖေဖေလာခေါ်မယ် ပြောတော့လည်း . . ."

စည်သူရဲ့ တင်းမာသော အဲသံကို နွယ်သည်းမခံနိုင်တော့တဲ့

"သူကတော့ ခေါ်မှာပေါ့။ သူက သားတို့ကို ဒီအရွယ်ထိ ဘာများတာဝန်ယူခဲ့တာရှိလို့လဲ။ တစ်လနှစ်လလောက်ကလေးတော့ သားတို့ကို ခေါ်ပြီး ကောင်းပြချင်မှာပေါ့။ ဘာဆန်းသလဲ"

နွယ် စိတ်တိုတောင်းစွာ မပြောသင့်သောစကားကို ပြောလိုက်မိခဲ့သည်။ ညီသူ မျက်နှာလေး ရဲခနဲ ဖြစ်သွားခဲ့သည်။ နွယ့်ကို ခပ်စိမ်းစိမ်းကြည့်လို့

"ဒါကတော့ မေမေက သားတို့ကို Hijack လုပ်ထားတာကိုး"

"ဘာပြောတယ်"

နွယ် ဒေါသဖြင့် အော်မိသည်။

"ဟုတ်တယ်လေ။ ဖေဖေနဲ့ သွားနေမယ်ဆိုရင် မေမေက မလွှတ်ဘူး။ ဒါ သားတို့ကို အပိုင်စီးထားတာပဲ မဟုတ်လား"

နွယ် နှုတ်ခမ်းသားနှင့် လက်ဖျားမှုားပင် တုန်ယင်လာခဲ့သည်။

"မေမေက အပိုင်စီးတာ မဟုတ်ဘူး။ မင်းတို့ဖေဖေကသာ မင်းတို့ကို မလိုချင်လို့ စွန့်ပစ်ထားပြီး အိမ်ကထွက်သွားခဲ့တာ"

ဟုအော်ပြောလိုက်ချင်သော စိတ်ကို နွယ့်တာသာ တုန်တုန်ယင်ယင် နှိမ်လျက်

"ပြောချင်သလို ပြောပါ စည်သူ။ မင်းတို့ဖေဖေကတော့ မင်းတို့ကို စောင့်ရှောက်မှုလည်း မပေးခဲ့တော့ ဒီလိုလည်း အပြောခံရစရာ မရှိဘူးပေါ့။ သားတို့ကို မေမေသွားခိုင်းမှာပါ။ လောလောဆယ် မေမေအလုပ်ရှုပ်နေသေးလို့ သားတို့သွားဖို့ စီစဉ်မပေးနိုင်သေးတာပါ။ ဘွားဘွားကိုလည်း အိမ်မှာ ရှိစေချင်သေးတယ်"

ညီသူက မျက်နှာချိုသွေးကာ

"ဒါဖြင့် မနက်ဖြန် မသွားတော့ပါဘူး မေမေ။ သန်ဘက်ခါမှ သွားတော့မယ်"

ဟု ဆိုခဲ့သည်။

"ထပ်မပြောနဲ့တော့ ညီသူ။ မေမေခွင့်ပြုတဲ့အခါ သွားရမယ်။ ဒါပဲ"

www.burmeseclassic.com

www.burmeseclassic.com



နွယ် မျက်နှာထား တင်းတင်းထားပြောခဲ့သည်။ ညီသူ မျက်နှာ ငယ်သွားသည်။ အနည်းဆုံး ညီသူတစ်ယောက်ကိုတော့ နွယ် နိုင်သေးလေသည်။

□

ခင်ဦးနွယ် အထင်မှားယွင်းခဲ့တာ ထိုညမှာပင် သိရသည်။

နွယ် ဆေးခန်းမှာ လူနာကြည့်ပေးနေဆဲ မေမေ အမောတကော ရောက်လာခဲ့သည်။ ထိတ်ပျာနေသော မေမေ့ မျက်နှာကိုမြင်ရသည်က နွယ့်ကိုထိ စေလှတော့သည်။

"စည်သူနဲ့ ညီသူ နွယ် ဆေးခန်းထွက်သွားကတည်းက သူငယ်ချင်း နဲ့ ထွက်သွားကြတာ။ ခုထိ အိမ်ပြန်မရောက်သေးဘူး။ ညနေ ၄ နာရီလောက် ရှိမှာပေါ့။ မေမေလည်း စိတ်ပူလာလို့"

နွယ့်လက်မှ နာရီလေးက ည ၈ နာရီကို ပြနေခဲ့သည်။

"သူတို့နဲ့ ဘာတွေပါသွားလဲ မေမေ"

"ကျောပိုးအိတ်လေးတွေ ပါတယ်။ မေမေ့ကိုတော့ စာအုပ်ငှားထား တွေ သွားပြန်ပို့မယ်ပဲ ပြောသွားတာ"

နွယ် ပူပင်ကြောင့်ကြစွာ ဆေးခန်းမှ အမြန်ဆုံး ထွက်သည်။ လူနာ ကို တောင်းပန်ရသည်။ သောက်ဆေးတွေ ဆက်ပေးဖို့ လှလှစောကို ထားခဲ့သည်။ မေမေ့ကို အနောက်မှာတင်ကာ ဗူပါကပ်လေးကို အရှိန်နှင့်မြင့်ပြီး နွယ် ဆေးရုံ သို့ ပြန်လာခဲ့သည်။ မန်ကျည်းတန်းလေးပေါ်မှာ ဆိုက်ကားနှင့် ထွက်လာသော မမအေးမီနှင့် တွေ့သည်။

"အန်တီ အိမ်ကို လာမေးလို့ စည်သူ၊ ညီသူ ပြန်မရောက်သေး သိတယ် မမ။ မောင်တင်လှနဲ့ အဘချက်တို့ စက်ဘီးနဲ့ လိုက်သွားတယ်။ ကိုသီ က မြို့ထဲတက်သွားရှာတယ်။ ဦးသက်ဖော်နိုင်နဲ့ ကိုတင်မြင့်က ဆရာကြီးကား သွားကြတယ်။ မမ စိတ်မပူနဲ့၊ ရှာနေကြပြီဆိုတာ ခုပဲ ဆေးခန်းကို ကျွန် လာပြောမလို့"

"ကျေးဇူးပဲ မမအေးမီ။ နွယ် မြို့တစ်ပတ်တော့ လိုက်ကြည့်လိုက်ဦးမယ် ကုန်းစုထဲက သူငယ်ချင်းအခင်းကို သူတို့ သွားချင်တယ် ပြောသံကြားတယ် အဲဒီများ ရှိမလားလို့။ မမအေးမီ လိုက်ခဲ့ပေးမလား"

"လိုက်ခဲ့မယ်လေ"



"မေမေ အိမ်အထိ နွယ် လိုက်မပို့တော့ဘူးနော်။ အိမ်ရောက်ရင် ဒိုင်ယာ င် တစ်ပြားသောက်ထားလိုက်ပါဦး။ စိတ်မပူပါနဲ့ မေမေ၊ သူတို့ ဝေးဝေးသွားမှာ ဟုတ်ပါဘူး"

နွယ် ဆိုင်ကယ်ကိုကွေ့ကာ မမအေးမီကို စောင့်တင်သည်။

"နွယ် ဖြည်းဖြည်းနဲ့ စိတ်အေးအေးသွားနော်"

မေမေ ဟုမ်းပြောသည့် အသံက ဆိုင်ကယ်စက်သံနှင့်ရောထွေးကာ နောက်မှာ ကျန်ခဲ့လေ၏။

□

မြေလတ်မြို့ရဲ့ မြို့ပတ်လမ်းလေးအတိုင်း ဗူပါကပ်ကို အရှိန်မှန်မှန်တင် သွားခဲ့သည်။ နယ်မြို့လေးရဲ့ ညချမ်းမှာ တိတ်ဆိတ်စပြုပြီ။ မီးတိုင်များမှာ မီးချောင်း အရောင်က မလင်းလှတဲ့ ပြာလဲ့နေခဲ့သည်။ မြို့လယ်တွင်တော့ ကက်ဆက်သီချင်း သံတွေဖြင့် စည်ကားဆူညံနေသေးဆဲ။ မြို့ပတ်လမ်းလေးက ကားဂိတ်နှင့် ဘူတာရုံ ကိုဖြတ်သန်းသွားခဲ့သည်။ နေ့လယ်က စည်သူ၊ ညီသူ ရန်ကုန်သွားဖို့ ပူဆာခဲ့တာ နွယ် သတိရသည်။ ကားဂိတ်တွင် နွယ် ဆိုင်ကယ်ကို စက်ရှိန်လျှော့မိလေသည်။ ကားတွေ အဝင်အထွက်ဖြင့် စည်ကားရှုပ်ထွေးနေသေးဆဲ။ ကားဂိတ် လတ်မှတ်ရုံ အဆောက်အအုံရှေ့တွင် ဆိုင်ကယ်ရပ်မိသည်နှင့် ဂိတ်မှူးနှင့်ဘူသူက ထွက်လာနှုတ် ဆက်ခဲ့သည်။

"ဆရာမကြီးနဲ့ ဒေါက်တာတို့ပါလား"

နွယ်နှင့်မမအေးမီကို လူသိများလှတာ အခုမှပင် နွယ် သိရှိရတော့သည်။ မအေးမီပါလာတာ အဖော်ရလှလေ၏။ မမအေးမီက အကျိုးအကြောင်းပြောပြခဲ့ သည်။

"ဒေါက်တာ့သားတွေကို ကျွန်တော်တို့ ကောင်းကောင်းသိပါတယ်။ သေချာ ပါတယ်။ ညနေပိုင်း ရန်ကုန်ထွက်တဲ့ ကားတွေမှာတော့ ကလေးတွေ ပါမသွားကြ ပါဘူး"

ဂိတ်မှူးက ရည်မွန်စွာ ပြောပြခဲ့သည်။

"ကျေးဇူးတင်ပါတယ်"

နွယ်တို့ နှုတ်ဆက်ထွက်ခဲ့သည်။

မြို့ပတ်လမ်းလေးအတိုင်း ဘူတာရုံဆီသို့ ဝင်ခဲ့သည်။ ညနေရထားနှင့်

www.burmeseclassic.com

www.burmeseclassic.com

လည်း ပါသွားခဲ့တာ မတွေ့လိုက်ကြ။ ဘူတာဝင်းထဲမှာနေသော ရှုံ့ုပိုင်ကြီးကိုယ်တိုင် ဘူတာရုံထဲမှာ လိုက်စုံစမ်းပေးခဲ့သည်။ နွယ် ကျေးဇူးစကားပြောခို့ နှုတ်ဆက်ထွက်ခဲ့ရလျက် တစ်စထက်တစ်စ ပိုပြီး စိတ်ပူပင်လာခဲ့ပြီ။ ဗိုဒီယိုရုံရှေ့တွင် ခဏနေ့ကာ ရှာဖွေသည်။ စာမေးပွဲပြီးရက်မို့ လူတွေ တိုးဝှေ့စည်ကားနေသည်။ ရုပ်ရှင်ရုံဘာနီးဘက်မှာလည်း မရှိ။ မြို့ပြင်က ယာခင်းများဆီသို့ ထွက်ခဲ့သည်။ လျှပ်စစ်မီးမရှိ၍ သည်ဘက်မှာမှောင်လှ၏။ သည်နားက အခင်းတွေကို ကျောင်းသားတွေ ခါတိုင်း လာတတ်ကြပေမယ့် သည်ညနေတော့ လာတာမတွေ့ဘူးဟု ကူညီပြောပြကြသည်။

မြို့ပြင်အခင်းများမှ ပြန်လာခဲ့စဉ် မြေလတ်မြို့အဝင်မှာ မြို့ဦးစေတီတော်ခြေတော်ရင်းရှိ ပွဲခင်းကို ကွင်းပြင်ကျယ်ကြီးထဲမှာ မီးရောင်စုံတွေလင်းလို့ လှမ်းမြင်ရလေ၏။ မြို့ဦးစေတီ ဘုရားပွဲတော်က သားတို့ စာမေးပွဲဖြေနေစဉ်ကပင် ပြီးခဲ့သည်။ ဘုရားပွဲပြီးလျှင် ဇာတ်ပွဲကြီးများ ဆက်ခဲ့တာ တစ်နေ့လုံးဖြစ်လေ၏။ အနီးပတ်ဝန်းကျင်က ပွဲလာကြည့်သူများဖြင့် စည်ကားလှလေသည်။ ပွဲခင်းရောက်မို့ မြို့ပြင်ရပ်ကွက်လူနေအိမ်ကျဲကျဲကို ဖြတ်ရမည်။ နွယ် သွားရမလား စဉ်းစားနေခိုက်

"ပွဲခင်းဘက်ကိုတော့ ဆေးရုံက ရောက်ကြမှာပဲ မမ။ ကျွန်မတို့ ပြန်ရှာကောင်းမယ်ထင်တယ်။ ဟိုမှာ ပြန်ရောက်ချင်ရောက်နေမှာ"

မှောင်လည်း တော်တော် မှောင်နေခဲ့ပြီ။ ည ၉ နာရီကျော်ခဲ့ပြီ ဖြစ်လေ၏။ နွယ် သက်ပြင်းချမိကာ

"အင်းလေ ပြန်ကြပါစို့။ ပွဲခင်းတော့ သူတို့ မသွားကြဘူး ထင်ပါတယ်။ ဆေးရုံမှာ ပွဲခင်းထဲက ရန်ပွဲတွေ ထိပ်ပေါက် ခေါင်းကွဲတွေ ချုပ်နေရတာ သူတို့လည်း မြင်နေတာပဲ။ ဒါကြောင့် နွယ် သူတို့ကို ဘယ်တော့မှ ပေးမသွားခဲ့ဘူး။ ဟိုမှာ ပြန်မရောက်သေးရင်တော့ မြို့နယ်မှူးကြီးကိုပဲ အကူအညီတောင်းရတော့မှာပါပဲ"

နွယ် ရုပါကပ်လေးကို ဆေးရုံဘက်သို့ ပြန်လှည့်ကာ လမ်းရှင်းသမျှ အရှိန်မြှင့်လို့ စီးခဲ့မိလေ၏။

□

နွယ် ဆေးရုံဝင်းထဲသို့ ကွေ့ချိုးဝင်လာခဲ့သည်။ ဆေးရုံဆင်ဝင်မီးရောင်အောက်တွင် ကားတစ်စီး ရပ်ထားတာ လှမ်းမြင်ရသည်။ နွယ်နှင့် မမအေမီတို့ရဲ့ ကျင့်သားရနေသော မျက်လုံးများက ကားအနီးမှာ ကြက်ခြေနီ ပူနီဖောင်းနှင့်



လူရှယ်လေးများကို အဝေးကပင် သိမိလေ၏။

"ဟောတော် အလုပ်က အရေးထဲမှာ များဦးမယ် ထင်တယ်"

မမအေမီ အသံထွက် ညည်းလေ၏။ ဆိုင်ကယ်မီးရောင်ဖြင့် ထိုကားမှာ ဆရာကြီး၏ ဆန်နီပစ်ကပ်လေးဖြစ်နေခဲ့တာ မြင်တွေ့ရလေ၏။ စည်သူ၊ ညီသူတို့ကို သွားရှာဖွေသည့်ကား။ နွယ် တုန်လှုပ်စွာ စက်ရပ်မိလေသည်။

ကားအနီးတွင် လူနာကို ဆေးရုံတွင်းသို့ သယ်ယူသွားပြီးစ အခြေအနေမို့တွေ့ရသည်။ ကြက်ခြေနီလေးများက ခါတိုင်းလူနာပို့ရောက်ကြသည်ထက် များနေခဲ့သည်။ ဆေးရုံဝင်းက ဝန်ထမ်းအချို့မျက်နှာကိုလည်း မြင်နေရလေ၏။ နွယ့်ရင်တွေ အခုန်မြန်ကာ မျက်လုံးများ ပြာဝေလာခဲ့သည်။ ညီအစ်ကိုနှစ်ယောက်ကိုမရှိမရဲ လူတွေကြားမှာ ရှာလို့မတွေ့သေး။ ညီသူရဲ့ တုန်လှုပ်ချောက်ချားနေသောအသံလေးကို စကြားရသည်။

"မေမေ"

ညီသူက လူတွေကြားထဲက နွယ့်ဆီ ပြေးလာကာ နွယ့်လက်ကိုကိုင်ဆွဲခဲ့သည်။ နွယ်ညီသူပခုံးလေးကို ပွေ့ဖက်မိ၏။

"စည်သူရော သား"

နွယ့်အသံဟု မမှတ်မိလောက်အောင် တုန်ယင်ကွဲရှသော အသံနှင့်မေးမိသည်။

"သား ဒီမှာ မေမေ"

ဆေးရုံထဲက ပြန်ပြေးထွက်လာခဲ့သော စည်သူက နွယ့်ထံသို့ မောဟိုက်စွာရောက်လာခဲ့သည်။ နေ့လယ်ကတည်းက စည်သူဝတ်ထားသော အဲရိုးတီရှပ် ဖြူဖြူလေးတွင် စွန်းပေကွက်နေသည်က နီညိုညိုသွေးကွက်များဖြစ်လေ၏။ သည်မျှသွေးတွေ၊ အနီဒွာရုံတွေနှင့် ရင်းနှီးနေခဲ့သူဖြစ်လျက် စည်သူ့ကို သွေးများစွန်းပေကွက်လို့ တွေ့ရသည်က နွယ့်ကို တုန်လှုပ်ချောက်ချားစေခဲ့တော့သည်။

"သား ဘာမှမဖြစ်ပါဘူး မေမေ"

စည်သူက နွယ့်အနီးသို့ ရောက်လာ‌ခဲ့ရင်း ချက်ချင်းပြောကာ နွယ့်တုန်လှုပ် ချောက်ချားမှုကို သက်သာစေခဲ့လေ၏။ နွယ့်မှာ စည်သူ့ကို လှမ်းဖက်လိုက်ပေမယ့် တုန်ယင်နေခဲ့ဆဲ။ တုန်လှုပ်စွာ နွယ်အော်မေးခဲ့မိလေသည်။

"ဒီမှာ ဘာဖြစ်နေကြတာလဲ"

www.burmeseclassic.com

www.burmeseclassic.com

"မမ ပြန်ရောက်လာပြီ။ မမကို လိုက်ရှာခိုင်းနေကြတာ။ ဆရာဦးသ
ဇော်နိုင် Stab wound နဲ့ အခုပဲ ရောက်လာတာ မမရယ်။ ဆရာ့ကို လာကြ
ပေးပါဦး"

လှလှစောရဲ့ တုန်ယင်နေသော စကားသံများနှင့်အတူ နော်အေ
နှုတ်ထွက်မိထွက်ရာ အော်ဟစ်လိုက်သံတို့က နွယ့်အနီးမှာ ပေါက်ကွဲထွေ
ခဲလေတော့သည်။

"အလို ဘုရား ဘုရား"

နွယ် ဘုရားတလိုက်မိခဲ့သည်။

□

အရေးပေါ်အခန်းထဲမှာ လူတွေဝိုင်းအုံ ပြည့်ကျပ်နေခဲ့သည်။ စကား
သံတွေ ဆူညံပြောဆိုနေကြ၏။

"ဖယ်ကြပါဦး။ ဆရာဝန်ကြည့်မယ်"

လှလှစောအသံက ထိုးမဖောက်နိုင်ခဲ့။ ခင်ဦးနွယ်တို့ လူစု ဝင်လာခဲ့သည်
မြင်သော ကြက်ခြေနီရဲဘော်လေးတစ်ယောက်က လမ်းရှင်းပေးရလေ၏။ လူ
လူဝေးက ရှဲဖွားကြသည်။ လူအုပ်အလယ်ကြမ်းပြင်ပေါ်မှ ချထားသော ထမ်း
ပေါ်တွင် သွေးဆုတ်ဖြူဖွေး ငြိမ်သက်နေသော သက်ဇော်နိုင်ကို တွေ့ကြရသည်
ကြက်ခြေနီလေးများနှင့် မောင်စိုး၊ မောင်တင်လှုံတို့က သူ့ကို ထမ်းစင်ပေါ်မှ ခုတင်
ပေါ်သို့ မရွှေ့ဖို့ ဟန့်ပြင်နေခဲ့သည်။

"မရွှေ့နဲ့"

ဟန့်တားရင်း နွယ် သူ့အနီးမှာ ဒူးထောက် ထိုင်ချမိလေ၏။ အားကိုး
မဲ့သော ကြောက်စိတ်များ လွှမ်းရင်းက သူ့လက်ကောက်ဝတ်မှ သွေးခုန်နှုန်းကိုစမ်း
မိသည်။ အလွန်ဖျော့တော့သော သွေးခုန်ချက်လေးက မိတစ်ခါ မမိတစ်လှည့်
သွေးပေါင်ချိန် ၆၀ အောက်မှာပဲ ရှိမှာ သေချာနေခဲ့သည်။ ကိုယ်ခန္ဓာ တစ်နေရာရာ
သွေးယိုစီးထွက်ခြင်း လက္ခဏာ။

"လူနာ မရွှေ့ပါနဲ့။ ထမ်းစင်ပါ တစ်ခါတည်း ခုတင်ပေါ်တင်၊ ခုတင်ပေါ်
ရင်း မြှောက်ထား"

နွယ့်နှုတ်မှ ညွှန်ကြားနေကျစကားများ ထွက်လာကြသည်။

"ဒီအက်(စ်)နှစ်လုံး ပြင်တူ အမြန်သွင်းမယ်"



ဆက်တိုက်လို ပြောနေရင်းက ဒဏ်ရာကို ရှာဖွေမိသည်။ သက်ဇော်နိုင်
၏ အင်္ကျီအောက်ပိုင်းရော ပုဆိုးပါ သွေးတွေစိုရွှဲနေခဲ့သည်။ ဝမ်းဗိုက်ကိုမျက်နှာ
သုတ်ပဝါတစ်ထည်နှင့် ပတ်ထားကာ အပေါ်မှ ကြိုးတစ်ချောင်းနှင့် ချည်ထားခဲ့
သည်။ မျက်နှာသုတ်ပဝါမှာလည်း သွေးတွေ။ ဒဏ်ရာက ဝမ်းဗိုက်မှာပေ။

"တို့ ကြက်ခြေနီဆေးခန်းနဲ့ ဘယ်လောက်မှမဝေးဘူး။ ဆရာဝင်လာတော့
ကိုတောင် နှုတ်ဆက်သွားသေးတာ"

"မိတယ် အားလုံး အချုပ်ထဲရောက်ပြီ"

နွယ့်အနီးမှာ တစ်ယောက်တစ်ခွန်းပြောဆိုနေသံတွေ ဆူညံနေခဲ့သည်။
ယ် ဘာမျှ မသိ။ မကြားချင်။ နွယ်အသိချင်ဆုံးက ဒဏ်ရာရဲ့ အတိမ်အနက်နှင့်
ယ်ကို ဘယ်လောက်အထိ ထိခိုက်သွားသလဲ။ နွယ်တို့တက်မှာ သက်ဇော်နိုင်ရှိ
လား။

"သက်ဇော်နိုင် မင်းအခု ဆေးရုံရောက်နေပြီနော်။ ကိုယ်တို့အားလုံး
သယ်။ ကြားရဲ့လားဟင်"

ငြိမ်သက်ဖြူဖျော့နေသော သက်ဇော်နိုင်ကို နွယ်က ညင်သာစွာ စကား
ကြည့်ခဲ့သည်။

"ကျွန်တော် သိပါတယ် မမနွယ်"

လေသံတိုးလျော့စွာ သက်ဇော်နိုင် ဖြေခဲ့သည်။ တိတ်ဆိတ် အားယူ
ပြီးမှ

"မျက်စိတွေ ပြာနေတယ်၊ ကျွန်တော် ဘာမှမမြင်ရဘူး"

နွယ် ရင်ထဲမှာ ဆို့နစ် တုန်လှုပ်မိသည်။ သွေးဆုတ်ခြင်းလက္ခဏာ။
ယ့်လုပ်သက်မှာ ရံဖန်ရံခါကြားရတတ်သော စကား။ လူနာတစ်ယောက်၏ နောက်
ဆုံးစကားဖြစ်သွားတတ်လေသည်။ ဒဏ်ရာရသောနေရာက ဆေးရုံထိ ရောက်လာ
သော လှုပ်ရှားမှုနှင့်ပင် သူသတိလစ်လောက်နေပြီ ဖြစ်လေ၏။

"မောင်တင်လှ၊ အဘချက် အပြင်လူတွေ နှင်တော့။ ဆေးရုံတံခါး
တစ်ခါတည်း ပိတ်ထားစို့။ တံခါးနားမှာ တစ်ယေ ာက်စောင့်ပါ"

တစ်စ တစ်စ ပိုများလာသော လူစုလူဝေးကို အပြင်သို့ အားပေးထွက်
စေခဲ့၏။ အားလုံးသိနေသော လူနာရှေ့မှာ တစ်ယောက်တစ်ခွန်း စကားတွေ
ပြောချင်ရဲ့ မပြောကြစေလို။ ရောဂါပိုး ဝင်ဖို့ အန္တရာယ်လည်းကြီး။ နွယ် ဒဏ်ရာ

www.burmeseclassic.com

www.burmeseclassic.com

ကြည့်သည့်အခါ မသက်ဆိုင်သူတွေ ဘယ်သူမှ မရှိစေချင်။

"သွေးအုပ်စု ဘာလဲ သက်ဇော်နိုင်"

"အို"

"ဦးတင်ထွန်းရေ သွေးရှာရအောင်။ ခုချက်ချင်း နှစ်ပုလင်း ပြင်သွား

တယ်"

ဓာတ်ခွဲမှူးဦးတင်ထွန်းက အရေးပေါ် လူနာကြည့်သော အခန်း

သူလည်း ရောက်နေခဲ့သည်။

"စိတ်ချပါ မမ။ ဦးသက်ဇော်နိုင်အတွက် သွေးအသန့်ဆုံး ရရပါစေမယ်

ကျွန်တော်လည်း အို ပါပဲ"

နွယ် ထိုးရမည့် ဆေးအမျိုးအမည်တွေ တန်းစီရွတ်ပြသည့်အ

နပ်(စ်)တွေက လာထိုးပေးနေကြ၏။ သွေးမရခင် ဒရစ်ပုလင်းများ မြန်မြန်

ကြသည်။

"မမ မော်ဖင်းထိုးပြီနော်"

မူးယစ်ဆေးသုံးတော့မယ်မို့ နွယ့်ကို အသိပေးကာ ထုံးစံအတိုင်း

ခွဲလေးကိုလာပြ၏။ နာကျင်လူးလိမ့်ခြင်း မရှိအောင် မော်ဖင်းဆေးသုံးခြင်း

သက်ဇော်နိုင်က တစ်လျှောက်လုံးတည်ငြိမ်စွာ ရှိနေခဲ့သည်။ မညည်းညူ

"ဆရာဦးယဉ်မျိုးတို့ ဆရာကြီးတို့ကိုရော အကြောင်းကြားပြီးပြီလား"

"အားလုံး အကြောင်းကြားလိုက်ပါပြီ မမ"

ဒဏ်ရာကို စစ်ဆေးခံနိုင်ဖို့ သက်ဇော်နိုင်၏ အခြေအနေက ခွင့်ပြု

အချိန်ကို နွယ် စောင့်ဆိုင်းနေမိပါလေ၏။

□

သက်ဇော်နိုင် ခုတင်ထက်မှာ တည်ငြိမ် ငြိမ်သက်စွာ လဲလျောင်း

သည်။ ဆရာဝန်တစ်ယောက်ဖြစ်၍ နိုးရိမ်ဖွယ် သူ့အခြေအနေကို သူ သိမ်စား

ပေ။ သို့သော် သူ့ရဲ့ နာကျင်မှု၊ သူ့ရဲ့ တုန်လှုပ်မှုများကို မမြင်ရ။ သက်

တည်ငြိမ်ရဲရင့်စွာ ဝေဒနာကို ခံစားနေခဲ့စဉ် ခင်ဦးနွယ်က သူ့ကို ကူသပေး

တည်ငြိမ်စွာ စီစဉ်နေခဲ့သည်။ ဆရာဦးအောင်မြင်၊ ဦးယဉ်မျိုး၊ ဒေါ်မူယာတို့

ပြီးတစ်ဦး ရောက်လာခဲ့ကြသည်။ သွေးတစ်ပုလင်း ဝင်ပြီးသောအခါ ဆရာ

က သူ့ဒဏ်ရာကို စစ်ဆေးခဲ့ကြသည်။ ဝမ်းဗိုက်ပြင်၏ ညာအပေါ်သ



ထိုးဝင်သွားသော ဓားဒဏ်ရာကို တွေ့ရသည်။ ဓားဝင်သည့်နေရာမှာ အသည်းနေရာ၏အောက်တက်မှ ဝင်သွားခဲ့သည်။ သည့်မှ သွေးပေါင်ကျ၊ သွေးဆုတ်ဖြူရော်နေပုံနှင့် အသည်း အထိ ထိုးကိုက်စုတ်ပြဲသွားစေသည့် ဒဏ်ရာသာပါပဲ။ အတွေ့အကြုံများသော ဆရာဦးအောင်မြင်နှင့် ဦးယဉ်မျိုးတို့ကလည်း တစ်သဘောတည်း ထင်မြင်ကြလေ၏။

သည်တစ်ကြိမ် အော်ပရေးရှင်း သီရေတာပြင်ဆင်တာလေးက် အသံတိုးတိတ်လှတာ မြေလတ်ဆေးရုံလေးရာဇဝင်မှာ မရှိဖူးခဲ့၊ တိတ်ဆိတ်ခြင်းနှင့်အတူ ချောက်ချားတုန်လှုပ်ခြင်းက မျက်နှာတွေပေါ်မှာ၊ လေသံတိုးတိုးတွေထဲမှာ၊ ဖြည်းညင်းစွာ သတိထားလုပ်ဆောင်နေသော လှုပ်ရှားဆောင်ရွက်မှုတိုင်းမှာ ရှိနေခဲ့လေသည်။

ဆရာဦးအောင်မြင်၏ အစဉ် အေးဆေးသော မျက်နှာတွင်ပင် စိတ်မချမ်းမြေ့ ပေါ်နေခဲ့၏။ သူ ခံစားခဲ့ရသော ကြမ္မာဆိုးကြီးကို ပြန်ပြောင်းသတိရနေမိ၏။ သူ့အပေါ်မှာ တစ်ကြိမ်ကျရောက်ခဲ့ပြီးသော ကြမ္မာဆိုးက နောက်တစ်ကြိမ် ပြန်ကျလာကာ သူ့ညီငယ်ကဲ့သို့ ချစ်ခင်ရသည့် သက်ဇော်နိုင်အပေါ် ကျရောက်တော့မည်လား။

ဒေါက်တာယဉ်မျိုးမှာ ခေါက်တည်ရာမရဆုံး ဖြစ်နေခဲ့သည်။ သေဝမ်းစပ်ချက် လာယူသော စခန်းမှူးကြီးနှင့် တရားသူကြီးရှေ့မှောက်တွင်ပင်

"့တွေ။ ဆော်ရီးပျာနော်၊ လူတန်မိုး ဟစ်စက်မှမရှိတဲ့ ကောင်ဝေ့ကြောင့် ကိုညီသာတစ်ခုခုဖြစ်ရင်တော့"

သူ့မျက်နှာ ငိုတော့မလို ညှိုးမည်းနေခဲ့တော့သည်။

ဒေါ်မူယာကတော့ ထိတ်လန့်တုတ်လှုပ်နေမိလေ၏။ ဓာတ်ပွဲ၊ ညပွဲဈေးခင်းသို့ သူမနှင့် မကျင်တိတ်တို့ မနေ့ကပင် သွားကြဖို့ စိတ်ကူးမိခဲ့သေးသည်၊ ဒေသခင် လက်မှုဖော်ဆိုင်ခန်း သပ်သပ်ရပ်ရပ်လေးတွေ ရှိသည်ငဲ့။ ဂျူတီအားတဲ့နေ့ အေးအေးဆေးဆေး သွားကြဖို့ တိုင်ပင်မိခဲ့သေး၏။ တွေးကြည့်မိရင် ကျောချမ်းစရာ။

သူတို့သုံးဦးက တိတ်ဆိတ်စွာထိုင်နေခဲ့ကြသည်၊ ဒေါ်ခင်ဦးနွယ် နားနေခန်းထဲသို့ ဝင်လာခဲ့သည်။ ဦးအောင်မြင်သို့ ဦးတည်ကာ

"BP က 100/70 မှာ ငြိမ်နေပါပြီ ဆရာ။ ကျွန်မတို့ စကားပြောကြမိစို့"

"အင်း"

သံရှည်ဆွဲကာ 'အင်း' သံမှာ ညည်းညူသံတစ်ခုနှယ်၊ ဦးအောင်မြင်

www.burmeseclassic.com

www.burmeseclassic.com



ဘုတ်ကောက်ကို ကိုင်လို့ စရပ်လေ၏။ သူဦးဆောင် ဖြည်းဖြည်းလျှောက်သွားရာ နောက်သို့ ကျန်ဆရာဝန်များက တိတ်ဆိတ်စွာ လိုက်ပါခဲ့ကြလေ၏။

□

ဦးအောင်မြင့်အတွက် သက်ဇော်နိုင်၏ ခုတင်ခေါင်းရင်း ဘယ်ဘက်ဘေးမှာ ထိုင်ခုံလေးတစ်လုံးချထားပေးခဲ့သည်။ ထိုထိုင်ခုံတွင် ဦးအောင်မြင့် ဝင်ထိုင်ခဲ့သည်။ ကျန်ဆရာဝန်များ သူ့အနီးမှာဝိုင်း၍ ရပ်လိုက်ကြသည့်တိုင် သက်ဇော်နိုင်၏ မျက်နှာက အဝေးမှာ လွင့်မျောနေဟန် ရှိခဲ့သည်။ ပတ်ဝန်းကျင်လှုပ်ရှားမှုများက သူနှင့်မသက်ဆိုင်တော့သလို ငြိမ်သက်နေခဲ့သည်။ ဦးအောင်မြင့်က သက်ဇော်နိုင်၏ လက်ကောက်ဝတ်ကို အသာအယာ ဆုပ်ကိုင်ခဲ့သည်။ ဆရာ စ,စကားပြောတော့ အသံမှာ တိုးပေမယ့် တည်ငြိမ် ပြတ်သားမှုတော့ ရှိခဲ့သည်။

"သက်ဇော်နိုင် နေသာရဲ့လား"

"ဟုတ်ကဲ့ ဆရာကြီး"

သက်ဇော်နိုင်၏ အသံက အဝေးကြီးက လာရသလို ဖျော့တော့ နွမ်းနယ်နေခဲ့သည်။

"ဆရာတို့အားလုံး ရှိနေကြတယ်။ တစ်ဆေးရုံလုံးပါပဲ၊ ဆရာ့ကို သွင်းတဲ့ သွေးတွေလည်း ဆေးရုံဝန်ထမ်းတွေက ပေးကြတာပါ။ ဆရာတို့ မင်းကို ခွဲစိတ်ကုသဖို့တော့ လိုလိမ့်မယ်။ ဒေါ်ခင်ဦးနွယ်က ဆက်ပြီးရှင်းပြပါလိမ့်မယ်"

သက်ဇော်နိုင် မျက်လုံးများ မဖွင့်ဘဲ အသံဖျော့တော့စွာဖြင့် "အားလုံးကို ကျေးဇူးတင်ပါတယ်"ဟုသာ ပြောခဲ့၏။

ခင်ဦးနွယ်က သက်ဇော်နိုင်ကြားလောက်အောင် ခါးညွတ်ကာ စကားစတင်ပြောခဲ့သည်။ နူးညံ့တည်ငြိမ်စွာ ခင်ဦးနွယ် ရှင်းပြခဲ့သည်။

"သက်ဇော်နိုင် ဒဏ်ရာအတွက် ကိုယ်တို့အခု Laparotomy And Proceed) (ဝမ်းဗိုက်ကို ဖွင့်၍ လိုအပ်သလို ရှေ့ဆက်ခွဲစိတ်ကုသခြင်း) လုပ်ကြမယ်။ ဒဏ်ရာအခြေအနေရော မင်းရဲ့ အခြေအနေပါ သိပ်ကောင်းပါတယ်။ ကိုယ်ပြောတာတွေ မင်းနားလည်ပါတယ်နော်"

သက်ဇော်နိုင် ခေါင်းညိတ်ပြခဲ့သည်။ နွယ် စကားမဆက်နိုင်သေးမီ

"ဒဏ်ရာအကြောင်း သိချင်တယ်"

သက်ဇော်နိုင် တိုးတိတ်စွာ မေးခဲ့သည်။ နွယ် ဆရာဦးအောင်မြင့်သို့ လှမ်းကြည့်မိလေ၏။ ဦးအောင်မြင့်က မတတ်သာသလို ခေါင်းညိတ်ပြခဲ့သည်။

"ဆရာကြီးနဲ့ ကိုယ်တို့အားလုံးက Liver Tear ရသွားတယ်လို့ ခန့်မှန်းထားကြတယ်"

သက်ဇော်နိုင်ရဲ့ မျက်နှာတွင် မည်သို့မျှ အပြောင်းအလဲမရှိ။

"ကျွန်တော်လည်း အဲဒီလိုပဲ ထင်တယ်"

တိုးညင်းစွာ ဆိုခဲ့သည်။ နွယ်၏ ခွဲစိတ်ကုသဆောင်မှာ မျက်လှည့်ဇာတ်ဟု တင်စားရသည့် ဝမ်းဗိုက်ထဲက ပြဿနာတွေကို ကုသတတ်မြောက်စေခဲ့သော A.S တစ်ဦးရဲ့ သူ့ဒဏ်ရာအပေါ် သူ့ ခန့်မှန်းချက်ကို နွယ် မချိစွာ နားထောင်လိုက်ရသည်။

ခွဲစိတ်ဖို့အတွက် Consent ကို ဆရာကြီးက မင်းကိုယ်စား လက်မှတ်ထိုးပေးပါ့မယ်။

သက်ဇော်နိုင်မျက်နှာတွင် အပြုံးရိပ်လေး ရေးရေးထင်လာသလို တွေ့လိုက်ကြရလျှင်

"ကျွန်တော် ထိုးပါမယ်"

ဆရာဝန် သူ့ရွယ်တွင် လူနာရှင် မရှိခဲ့၊ အတူနေ ဦးကြီးလည်း မရှိပေ။ ရန်ကုန် ဆေးဝယ်ပြန်သွားခဲ့သည်။ နောင် ပြဿနာမရှိရလေအောင် ဆရာကြီးမှ လူနာရှင်အဖြစ် တာဝန်ယူမည်ကို ဆရာဝန်လူရွယ်က တာဝန်မကြီးစေခဲ့။ ခွဲစိတ်ရန် သဘောတူကြောင်း သူကိုယ်တိုင် ကြိုးစားလို့ လက်မှတ်ထိုးခဲ့သည်။ သူ့ လက်မှတ်အောက်က တော်စပ်ပုံနေရာတွင် 'ကိုယ်တိုင်' ဟု ရေးခဲ့တာကြည့် ကာ ဦးယဉ်မျိုးမျက်နှာကြီး တစ်ဖက်သို့ လှည့်သွားခဲ့လေ၏။

"မင်း အိပ်ပျော်သွားလိမ့်မယ်။ ပြန်နိုးလာတဲ့အခါမှာ အားလုံးကောင်းသွားမှာပါ သက်ဇော်နိုင်"

နွယ်က ခင်ဦးနွယ်တို့ သက်ဇော်နိုင်တို့ ခွဲစိတ်လူနာများကို ကြိမ်ဖန်များစွာ ပြောဖူးခဲ့သည့် စကားလေးကို နူးညံ့ညင်သာစွာ ပြောခဲ့လျှင် သက်ဇော်နိုင်က အပြုံးရေးရေးနှင့် ခေါင်းအသာအယာ ညိတ်ပြခဲ့လေ၏။

□

ဦးအောင်မြင့်ရဲ့ နီစွာဝ ဝတ္တရားမှာ မေ့ဆေးမပေးမီ လူနာခေါင်းရင်းတွင်ရပ်ကာ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို အာရုံပြုတတ်ခြင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်ဖွယ်တို့ကို ဆောင်ရွက်ရင်းလည်း မေတ္တာသုတ်ကို ပွားများနေတတ်သည်။ ထိုနေ့ရကို ဘယ်သူမှရိပ်မိစရာမလိုတဲ့ စိတ်ထဲမှ သူ လုပ်ဆောင်နေကျပေ။ သည်တစ်ကြိမ်တော့ ဦးအောင်မြင်က သူ၏အကျင့်သိက္ခာနှင့် တိုင်တည်၍ လုပ်ဆောင်မိလေ၏။

သက်ဇော်နိုင်ကို ဒေါ်ခင်မြသီက အကြောမှ မေ့ဆေး စထိုးခဲ့သည်။ သူ့ခန္ဓာကိုယ် ဖြည်းဖြည်းပျော့ကျလာခဲ့သည်အထိ စောင့်ကာ မေ့ဆေးငွေ့ကို စ၍ ရှူစေတော့လေ၏။ အသက်မှန်မှန်ရှူရှိုက်နိုင်စေဖို့ လေအိတ်ကို ညှစ်ပေးခြင်းဖြင့် မခင်မြိုင်က အသက်ရှူအား ပေးနေခဲ့သည်။ ဒေါ်မူယာက သွေးပေါင်ချိန်၊ သွေးခုန်နှုန်းအပါအဝင် သက်ဇော်နိုင်အခြေအနေကို စောင့်ကြည့်ပေးနေခဲ့၏။ အသက်မှန်မှန်ရှူလာစဉ် ဦးအောင်မြင် အသက်ရှူသောအကြိမ်ကို ရေတွက်ကာ မေ့ဆေးငွေ့ကို ဖြည်းဖြည်းချင်းတင်၍ လွှတ်ပေးခဲ့သည်။ မခင်မြိုင်ကို လက်ပြလျက် လေအိတ်အကူကို ရပ်စေ၏။ မေ့ဆေး ထိုးဆေးနှင့် မေ့ဆေးငွေ့အောက်တွင် အသက်မှန်မှန်ရှူရင်း သက်ဇော်နိုင် သတိကင်းလွတ် မေ့မျောသွားခဲ့လေ၏။ နာကျင်မှုကို မသိတော့စွာ ခွဲစိတ်ခံဖို့ အဆင်သင့် ရှိနေခဲ့ပြီ။ မေ့ဆေးကို စောင့်နေသော ခွဲစိတ်မှုအဖွဲ့ခေါင်းဆောင် ဒေါ်ခင်ဦးနွယ်သို့ ဦးအောင်မြင် အချက်ပြလိုက်ခဲ့သည်။ ဒေါ်ခင်ဦးနွယ်က ခေါင်းညိတ်ပြလိုက်ပြီး ခွဲစိတ်မှုက စတင်ခဲ့လေတော့၏။ ဦးအောင်မြင်မှာ ရပ်လိုက်၊ ကြာကြာမရပ်နိုင်သည့်အခါ ပြန်ထိုင်လိုက်ဖြင့် ခွဲစိတ်ကုသမှုများကို ကြည့်နေမိလေ၏။ စိတ်ထဲက ဘုရားဂုဏ်တော်များကို ပါဠိလိုတစ်လှည့်၊ အနက် အဓိပ္ပာယ်တစ်လှည့် ရွတ်ဆိုနေမိခဲ့ရင်း ဖြစ်လေသည်။

□

အရက်ဖြတ်ပြီးမှ လက်တွေ့တုန်တာ သည်တစ်ခါ ပထမဆုံးပဲ ဦးယဉ်မိုး တွေးနေမိ၏။ ဒေါ်ခင်ဦးနွယ်၏လက်များက တည်ငြိမ်သေသပ် တိကျ မြန်ဆန်စွာ လှုပ်ရှားနေသမျှ သူ အမီလိုက်နေရလေ၏။ ဒေါ်ခင်ဦးနွယ်ရဲ့ဓားတွေ၊ ကတ်ကြေးတွေက ဖြတ်တောက် ခွဲစိတ်နေသမျှကို အရေပြားပဲ၊ အမြှေးပဲ၊ သွေးကြောပဲ ကြွက်သားပဲဟု မမြင်နိုင်။ သက်ဇော်နိုင်ရဲ့ အရေပြား၊ သက်ဇော်နိုင်ရဲ့ ဝမ်းဗိုက်ဟု မြင်နေမိတာ ခက်လှသည်။

ဒေါ်ခင်ဦးနွယ်နှင့် ဒေါက်တာယဉ်မိုးတို့ သက်ဇော်နိုင်ကို မခွဲစိတ်မီ တိုင်ပင် ဆွေးနွေးခဲ့ကြသည်။ သူမက စာရွက်ပေါ်မှာ သက်ဇော်နိုင်ရဲ့ ဒဏ်ရာပုံတူ ကို



ရေးဆွဲကြည့်ကာ သူ့ကို ထင်မြင်ချက် တောင်းခဲ့ခြင်းပင်။

"ဝင်သွားတဲ့ ဒဏ်ရာအလျားက တစ်လက်မပဲရှိပါတယ် ဆရာ၊ အနက်ကတော့ Liver အထိပေါ့။ Liver စုတ်ရင်လည်း တစ်လက်မခွဲလောက်ပဲ စုတ်နိုင်မယ်။ ဒါပေမယ့် ဓားပြန်အထုတ်မှာ ဗိုက်ခွဲပြီး ထုတ်လိုက်တာ ဆိုရင်တော့ ဒဏ်ရာက ကြီးသွားနိုင်ပါတယ်။ (ထိုစကားကို ကြားရစဉ် ဦးယဉ်မိုး ဗိုက်ထဲမှာ ရှုံ့အောင့် နာကျင်သွားသလို ခံစားလိုက်မိရသေးသည်။) နောက်တစ်ခါ Liver ထဲကို ဘယ်လောက်နက်သွားမလဲဆိုတာ မသိနိုင်ပြန်ဘူး။ ဓားဝင်သွားတဲ့ ညွှန်းရာက အပေါ်နဲ့တယ်တက်ကို စောင်းသွားတော့ Liver ရဲ့ Diaphragmatic Surface ( ရင်နှင့်ဝမ်းဗိုက်ကို ခြားထားသော ရင်တားအောက်တက်ရှိ အသည်း၏ မျက်နှာပြင်)အထိ ရောက်သွားမလား ကျွန်မ စဉ်းစားနေမိတာ။ အဲဒါဆိုရင်တော့ ကျွန်မတို့ ရင်ဘတ်နံရိုးကြားက ဝင်ရတဲ့လမ်းကို ရွေးရတော့မှာပဲ။ ဓားကို မတွေ့လိုက်ရတာက ခိုးတယ်။ ပုံမှန်ဓားမြှောင်အရွယ်ဆိုရင် Right Costal Margin (ညာနံရိုးလိုင်း) အောက်တက် နှစ်လက်မလောက်ကနေ ဝင်တာဆိုတော့ အပေါ်မျက်နှာပြင်အထိ မရောက်နိုင်ဘူး။ ကျွန်မတော့ ဗိုက်ကနေဝင်တဲ့ လမ်းကိုပဲ ရွေးချင်ပါတယ်ဆရာ၊ ဆရာ ဘယ်လို သဘောရလဲ"

ဦးယဉ်မိုး ဘယ်လိုမှ သဘောမရတော့ပါ။ ခေါင်းထဲမှာ ထူပူနေခဲ့သည်။ ဖြစ်နိုင်ရင် သည်ခွဲစိတ်ကုသအဖွဲ့ထဲမှာ သူမပါဝင်ချင်။ ကိုညီ ခွဲစိတ်သည့်အဖွဲ့ထဲမှာ သူ့ကို ပါဝင်စေခြင်းက သူ့ဗိုက်ကို သူ ခွဲတော့ဟု ပြောနေသကဲ့သို့ပင်။ သို့သော် သူ့အပြင် တခြားဝင်မယ့် သင့်တော်သူလည်း မရှိ။

"လုပ်ပါဗျာ။ ဒေါ်ခင်ဦးနွယ် သင့်တော်သလိုသာ လုပ်ပါ"

ဦးယဉ်မိုး အက်ကွဲရှသော အသံတုန်ကြီးနှင့် ပြောလေ၏။

ဒါထက် ဒေါ်ခင်ဦးနွယ်၏ လက်များ လှုပ်ရှားအလုပ်လုပ်ပုံမှာ စည်းချက်ကျနသော လှုပ်ရှားမှုများလို လှပ၍ပင်နေသေးတော့၊ သွေးကြောများကို အပ်ချည်ကြိုးနှင့် ခွဲချည်လိုက်ပုံကအစ အလွန်လှပသေသပ်၏။ သွေးကြောလေးကို သူမညှပ်ဖြင့် ကိုင်ယူလိုက်လျှင် ညင်သာတိကျလှ၏။ ဘယ်တော့မှ လွှတ်မသွား။ နှစ်ခါ ပြန်ဖမ်း၊ ပြန်ချည်ရသည်ဟု မရှိ။ အချိန်တွေ အပိုမကုန်။ သို့ပေမယ့် သူ မြင်အသေချည်ပစ်နေသော သွေးကြောလေးများမှာ သက်ဇော်နိုင်ရဲ့ သွေးကြောလေးများဆိုတာ သတိမှ မူမိပါလေစ။ သူမ အလွန်သွေးအေးသည်။ ဇော်တော့က သူမ ပြော

www.burmeseclassic.com



တောထဲမှာ ထိုးလိုက်တဲ့ဓားကိုပဲ ကြည့်ချင်သေးသလို ပါလိုက်သေး၏။ အသေ အရာရာ သတိထားကြမှဆိုတာ သွေးအေးသော သူမရဲ့ ခေါင်းထဲမှာ ရှိရဲ့လား။ အလို သူတို့အဖွဲ့မှာ သက်ဇော်နိုင်ကို စားပွဲတစ်ခုပေါ်တင်ပြီး ခွဲစိတ်ဖြတ်တောက် နေကြတာပါလား။ ဆရာဦးယဉ်မျိုး လက်တွေ တုန်လာခဲ့ပြန်လေ၏။ ဒေါ်ခင်ဦးနွယ် က ဦးယဉ်မျိုးသို့ မော်မကြည့်။ အလုပ်လုပ်နေရင်းက

"ဆရာမှာ အတွေ့အကြုံတွေ အများကြီးရှိပါတယ်။ ကျွန်မကို ဆရာ မှ ဖြစ်မှာပါ။ လူနာက ကျွန်မတို့အတွက် အရေးကြီးဆုံးသူ ဖြစ်နေပါတယ်။ မေ့ဆေးကြာကြာမရှုရအောင် အမြန်ဆုံးနဲ့ အမှန်ဆုံးလုပ်ကြရအောင်"

သာယာညင်းပျောင်းစွာ ပြောလျက် အနည်းငယ်ပျာနေသော ဦးယဉ်မျိုး ကို လုပ်ငန်းခွင်သို့ ခေါ်ယူလေသည်။

□

မှုယာ့ရင်ထဲတွင်လည်း ကတုန်ကယင် ရှိနေခဲ့သည်။ ဖြစ်နိုင်လျှင် သည် ခွဲစိတ်မှုမှာ မပါဝင်ချင်။ ကိုသက်ဇော်နိုင်ကို မရှုမလှမြင်တွေ့ရတာ မှုယာ့ကို တုန်လှုပ် ချောက်ချားစေခဲ့သည်။ သည်ပတ်ဝန်းကျင်ထဲက မှုယာ့ကိုယ် မှုယာလည်း သနား မိ၏။ ခမ်းနားသော ဆေးရုံကြီးတစ်ရုံမှာ အောင်မြင်ကျော်ကြား ကြွယ်ဝချမ်းသာ သော ပါရဂူဆရာဝန်ကြီးများရဲ့ လက်အောက်မှာ ရှိနေသင့်ပါလျက် မှုယာ မြေလတ် ဆေးရုံမှာ ဘာကြောင့်များ ရောက်နေရပါလိမ့်။ ဆေးရုံအုပ်ကြီးက ကျောနိုးထိမိုး ဒဏ်ရာရမှုးသူ မသန်မစွမ်းတစ်ဦး ဖြစ်နေခဲ့သည်။ သူက ခွဲစိတ်မှုများ မပြုလုပ် နိုင်ခဲ့၍ လုပ်နိုင်သော ဆာဂျင်တစ်ယောက် ထားပေးရတော့ အိမ်ထောင်ဖက် အမျိုးသမီးဖြစ်နေခဲ့၏။

ရည်မွန်လျက် မိုးရိုးလည်း သန့်ပုံရသော ကိုသက်ဇော်နိုင်မှာ ဆေးရုံ ဆေးရုံအုပ်အပါအဝင် အခြားဝန်ထမ်းများလိုပင် ထိုအမျိုးသမီးကို အထင်ကြီးသူ ဖြစ်နေခဲ့သည်။ အခု သူ အဖြစ်ဆိုးနှင့် ကြုံနေခဲ့ပြီ။

ဆရာဦးယဉ်မျိုးကတော့ သူမကို အရေးပေးလှသူဖြစ်သည်။ မှုယာ့ကိုများ စိတ်ကူးယဉ်နေသလား မသိ။ သူလည်း မနှစ်က အသည်းရောင်ရောဂါ အလူး အလဲခံကာ မရတော့ဘူးလား ထင်ခဲ့ရသေးသည်။

ရန်ကုန်အိမ်မှာဆိုရင် ပါပါနှင့် မာမာတို့က ကံကြမ္မာဆိုးတွေအကြောင်း ဘယ်တော့မှ မပြောဆိုစေရ။ ကံကြမ္မာဆိုး ရှိသူတွေနှင့်လည်း အလှမ်းဝေးဝေးနေ စေသည်။



သည်ညနေ ဆေးခန်းမှာ လူနာတွေ များလှသည်။ (မှုယာက အကျိုးပေး လည်း မြန်သည်လေ။ မာမာ ရေးပေးလိုက်သော ယတြာကို နံနက်စောစောမှာ ထပြီး လုပ်ဆောင်ခဲ့ရ ရှိသေးသည်။ ညနေကျတော့ မှုယာ ထိုင်ပင် မထိုင်ရတော့) ဆေးရုံက အမြန်ဆုံးလာခဲ့ဖို့ အကြောင်းကြားစာလာ၍ လူနာတွေကို မပြီးပြတ်သေး ဘဲ ပြတ်လာခဲ့ရလေ၏။ ဆေးရုံရောက်တော့ ဘယ်လိုမှ မမျှော်လင့်ခဲ့သော အဖြစ် နှင့် ကြုံရ၏။ ကိုသက်ဇော်နိုင် ပွဲခင်းထဲမှာ ဓားထိုးခံရလို့တဲ့။ ဒေါ်ခင်ဦးနွယ်ရဲ့ သားတွေနှင့် ပတ်သက်နေသည်ဟု ရိပ်ဖမ်းသံဖမ်း ကြားရသည်။ မှုယာ ကိုသက် ဇော်နိုင်ကို သတိပေးခဲ့မိသေးသည်ပဲ။ သည်ကိစ္စနှင့် ပတ်သက်လို့ မြို့ထဲမှာတော့ ဟိုးလေးတကျော်ဖြစ်ကာ

ဟင် ဆာဂျင်က ဝမ်းဗိုက်မြှေးကို ဖောက်လိုက်တော့ ဝမ်းဗိုက်ခေါင်းထဲ မှာ ယိုစီးထွက်စရာမရှိဘဲ အိုင်ထွန်းနေသောသွေးတွေကို တွေ့ရသည်။ သွေးခဲတ ချို့လည်းပါ၏။ ဒေါ်ခင်ဦးနွယ်က သွေးခဲများကို မွေးပွပဝါဖြင့် အသာအယာကျုံးထုတ် လိုက်စဉ် နော်အေမီ ခံယူသော ခွက်ကောက်ကလေးက နောက်ကျသွားခဲ့သည်။ သွေးခဲစကြီးကြီးတစ်ခဲက လျှံထွက်ကာ အလူးလူး အလိမ့်လိမ့်ဖြင့် အောက်တက် ကြမ်းပြင်သို့ ကျခဲ့၏။ မှုယာတင်က သူမခြေထောက်ကို ရုပ်ထားလိုက်မိလေ၏။

□

ခင်ဦးနွယ် နဖူးပြင်တွင် ချွေးစက်ကလေးများ စီသီးလာခဲ့သည်။

သွေးတွေ သွေးခဲတွေ ဖယ်ရှားလိုက်ပြီးတော့ ဝမ်းဗိုက်ခေါင်းထဲမှာ ရှင်း လင်းသွားခဲ့ပြီ။ သက်ဇော်နိုင်ရဲ့ အသည်းကို တွေ့မြင်ရလေ၏။ နီညိုညို အရောင် အဆင်းရှိပြီး ကျန်းမာလှသော အသည်း၏ ညာဘက်ခြမ်းအောက်နားတွင်

"ဆရာရေ Liver Tear တွေ့ပြီ၊ အို ကံကောင်းလိုက်တာနော်။ ဘုရား ဟာတော်ပါပဲ။ နှစ်လက်မလောက်ပဲ ရှိမယ်ဆရာ။ ပြန်ချုပ်လိုက်ရင် ရတယ်"

"အသေအချာပဲပေါ့"

ဦးယဉ်မျိုးက သက်ပြင်းနှင့်အပျော် ရောထွေးနေသော အသံနှင့် ဆိုခဲ့ သည်။ ဦးအောင်မြင်က နေရာမှ ထလာ ကြည့်ခဲ့သည်။ သူလည်း သက်ပြင်းချ၏။

အသည်းရဲ့ ညာဘက်ခြမ်း အောက်တက်မှအနားပါပြတ်အောင် စုတ် ထွက်သွားခဲ့သော ဓားဒဏ်ရာကို သွေးတစိမ့်စိမ့် ယိုထွက်ကာ ခဏချင်း အိုင်လာနေ လျက် အားလုံး တွေ့လိုက်ကြရလေ၏။

□

www.burmeseclassic.com

www.burmeseclassic.com



အသည်းစုတ်ပြဲဇာတ်ရာကို မချုပ်မီ ဒဏ်ရာထဲသို့ ပတ်တီးထပ်ထူထူဖြင့် မိနစ်အနည်းငယ် ဖိထားခဲ့သည်။ ပြန်ထုတ်လျှင် သွေးထွက်နေသော သွေးကြောနေရာများကို တွေ့ရ၏။ သွေးစိမ့်ထွက်နေသော သွေးကြောများကို ရှာဖွေ ချည်သည်။ ပြီးမှ စုတ်ပြဲနေသော အသည်းစ နှစ်စကို စေ့က ဆာကျင်က အလွန်ညင်သာ သေသပ် နိုင်မြဲစွာ စတင်ချုပ်လေသည်။ သွေးတစ်စိမ့်စိမ့် စီးယိုထွက်နေခြင်း မရှိတော့သည့် လက္ခဏာအဖြစ် သွေးပေါင်ချိန် တစ်စတစ်စ မြင့်တက်လာခဲ့သည်။ သွေးခုန်နှုန်းနှင့် သွေးပမာဏ အတိုင်းအဆ ကောင်းလာခဲ့သည်။ အသက်ရှူခြင်း ဖြီး တိမ်နေရာက တစ်စတစ်စ မှန်လာခဲ့သည်။

ဒေါ်ခင်ဦးနွယ်က အခြားအင်္ဂါများတွင် ထိခိုက်မှု ရှိ မရှိ ရှာဖွေရာတွင်သာ အချိန်အနည်းငယ် သုံးခဲ့သည်။ ပြီးသည်နှင့် ဝမ်းဗိုက်ကို ပြန်လည် လျှင်မြန်သပ်ရပ်စွာပိတ်သည့် အပ်ချုပ်လုပ်ငန်း စလေ၏။

ခွဲစိတ်မှုမစမီ အဆိုးဆုံးကို ကြောက်ရွံ့လျက် အဆိုးဆုံးကိုပဲ တွက်ဆထားရင်ဆိုင်ဖို့ ပြင်ဆင်ထားခဲ့ကြသည်။ ခုတော့ ထိုတုန်လှုပ်ချောက်ချားခြင်းတို့ကျန်ရစ်ပြီ။ အောင်မြင်ခြင်း၊ ပျော်လင့်ခြင်းတို့က နေရာယူ ဝင်ရောက်လာလေ၏။ ခွဲစိတ်မှုရဲ့ နိဂုံးပိုင်းသို့ ရောက်လာခဲ့သည့်တိုင် သီရေတာထဲတွင် တိတ်ဆိတ်တိုးညှင်းဆဲပေ။ မပျော်လင့်ဘဲ ကြမ္မာငင်ခဲ့သည့် အရိပ်က ခွဲစိတ်ခန်းထဲမှာ လွှမ်းမိုးခြောက် လှန့်နေဆဲပေ။ ခွဲစိတ်မှုက တိတ်ဆိတ်စွာ ပြီးဆုံးခဲ့သည်။ မေ့ဆေး ဦးအောင်မြင်က လှမ်းလို့

"BP Pulse အားလုံး အိုကေပဲ ဆာကျင်"

ပြောခဲ့စဉ် ဒေါ်ခင်ဦးနွယ်က

"သင့်(ခ်)ယူ ဆရာ"

ဟုဆိုရင်း ခွဲစိတ်ဒဏ်ရာ ချုပ်ရိုးပေါ်မှာ ပလာစတာကြီးကြီးတစ်ခုအား ဒဏ်ရာချုပ်ရိုးပေါ်မှာ ပလာစတာ သေးသေးလေးတစ်ခု ကပ်လိုက်ပြီးသည်နှင့် ခွဲစိတ်မှုမှာ လုံးဝပြီးစီးသွားတော့သည်။

□

ဒေါ်ခင်ဦးနွယ်နှင့် လက်ဆေးကန်တွင် ဆုံမိနေခဲ့သည်။ တစ်လျှောက်လုံး အေးဆေးတည်ငြိမ်ခဲ့သော သူမမှာ ပင်ပန်း နွမ်းနယ်နေခဲ့ဟန် မျက်နှာညိုးလျှော့ခဲ့လေ၏။ သူမ ဝတ်ဆင်ထားသော ခွဲစိတ်ခန်းဝင် ခေါင်းစွပ်၊ လက်ပြတ်အင်္ကျီ



ရင့်မှာ ရေပေါက်စဉ်ထားသလို ချွေးစိုကွက်နေခဲ့သည်။ ဦးယဉ်မိုး အင်္ကျီမှာလည်း ထိုနည်းလို ချွေးစိုနေသည်ပါပဲ။ ခွဲစိတ်မှုတစ်ခုက ပိုအားရုံစိုက်ရလေ နဖူးကချွေးစီးထိ ကျရလေ။ လက်ဆေးပြီးသွားတော့ ဒေါ်ခင်ဦးနွယ် ဦးယဉ်မိုးသို့ မော်ကြည့် မြူးယောင်ပြုလျက် ထွက်ခွာဖို့ ပြင်သည်။

"ဒေါ်ခင်ဦးနွယ်"

သူမရဲ့ အတွေးတွေထဲက လှုပ်နိုးခံလိုက်ရသလို ခင်ဦးနွယ် မော်ကြည့်ကာ မျက်မှောင်လေး ကြုတ်ခဲ့သည်။

"ကျေးဇူးတင်ပါတယ် ဒေါ်ခင်ဦးနွယ်။ ကျွန်တော့်ညီလေးကို အခုလို သေကနေ အောင်မြင်အောင် ခွဲစိတ်ပြီးခဲ့တဲ့အထိ အထူးဂရုစိုက်ပေးတဲ့အတွက် ရင်ထဲကလာတဲ့ စကားပါ"

ခင်ဦးနွယ် ခဏ မှင်တက်မိသလိုရှိရာက ဖြည်းဖြည်း ပြုံးလာခဲ့သည်။

"ကျွန်မလည်း ရှင့်ကို ကျေးဇူးတင်ပါတယ် ဆရာယဉ်။ ကျွန်မတို့အား အထားရခဲဆုံး လက်ထောက်ဆရာဝန်လေးကို အခုလို အထူးဂရုစိုက်ပြီး ကုပေး ခဲ့တဲ့အတွက်"

သူတို့နှစ်ဦး ပြိုင်တူပြုံးလိုက်မိကြလေသည်။ သူတကာ ဘယ်လို တရင်းတနှီး ခေါ်ကြပေမယ့် "ဆရာဦးယဉ်မိုး"ဟုသာ ခပ်စိမ်းစိမ်းခေါ်တတ်သော ဒေါ်ခင်ဦးနွယ်က သူ့ကို 'ဆရာယဉ်'ဟု ပထမဆုံးအကြိမ် ခေါ်ခဲ့တာ ဖြစ်လေ၏။

□

ဦးယဉ်မိုး၏ 'ကျွန်တော့်ညီလေး'ဟူသော တင်စားသုံးနှုန်းမှုကြောင့် ခင်ဦးနွယ် ရင်ထဲမှာ ဆို့နစ်မိရလေသည်။ အခါတိုင်း ခွဲစိတ်ခန်းမှ တံခါးဖွင့်ထွက်ခဲ့လျှင် အပြင်ကော်ရစ်ဒါမှာ စောင့်ဆိုင်းနေသော လူနာရှင်တွေကို နွယ် ဆုံတွေ့ရမြဲပေ။ လူနာအခြေအနေ စောင့်စား သတင်းနားထောင်နေသူတို့ရဲ့ သောက၊ ပရိဒေဝမျက်နှာများနှင့် ရင်ဆိုင်ရမြဲဖြစ်လေသည်။ နွယ်က သူတို့ကို အေးဆေးတည်ငြိမ်စွာဖြင့် လူနာအခြေအနေကို အပိုအလိုမရှိ ပြောပြရလေသည်။ သက်ဇော်နိုင်တွင်မူ သည်လို လူနာအခြေအနေ စောင့်နား ထောင်မည့် သားချင်းဆွေမျိုးတို့ မရှိရာခဲ့။ သူ့မိတ်သားချင်းများ ဘာမျှမသိလိုက်မီမှာ အသက်အန္တရာယ်ရှိသော အဖြစ်တစ်ခုနှင့်ကြုံကြိုက်လိုက်ရပြီး ခွဲစိတ်ကုသခံယူလိုက်ပင် ပြီးစီးခဲ့ပြီ။

ခင်ဦးနွယ် တံခါးကို အသာအယာ တွန်းဖွင့်ထွက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

"အို"

ဝကြီးအပြည့်ရှိနေသော ဆေးရုံခန်းထဲမ်များကို ခင်ဦးနွယ် တွေ့ရသည်။ သက်ဇော်နိုင် ခွဲစိတ်ပေးခဲ့ဖူးသည့် လူနာဟောင်းတွေ မျက်နှာကို မြင်ရသည်။ အားလုံးရဲ့ ရှေ့ဆုံးမှာ ရပ်နေသူ နှစ်ဦးအနက် တစ်ဦးက ခင်ဦး သို့ အလွန်စိတ်ပူပင်နေသော မျက်နှာဖြင့် တိုးတိုးလေး ဆီး၍ မေးခဲ့လေသည်။

"အော်ပရေးရှင် အိုကေလား မေမေ"

□

သက်ဇော်နိုင် သတိရလာခဲ့သည်။ ခံစားခဲ့ရသော ဝေဒနာအား သက် သာကာ ပေါ့ပါးလှသည်။ ခေါင်းထဲမှာ ကြည်လင်နေခဲ့သည်။ မျက်လုံး ဖွင့် လိုက်သောအခါ မမနွယ်ကို တွေ့ရသည်။ သူ့ခုတင် ခေါင်းရင်း ထိုင်ခုံလေး တွင် ထိုင်နေခဲ့သည်။ သူ့ကို အသာအယာ ပြုံးပြခဲ့သည်။

"သက်ဇော်နိုင် သတိရလာပြီလား၊ နေသာရဲ့လား"

မမနွယ်ကို ကြည်ကြည်လင်လင် မြင်ရရုံမက မမနွယ်၏အသံကို တိုးညင်း နူးညံ့ကြည်လင်စွာ ကြားရလေသည်။

"ဟုတ်ကဲ့"

"အားလုံး ပြီးသွားပြီ၊ အားလုံးလည်း ကောင်းသွားပါပြီကွာ"

"ဟုတ်ကဲ့"

ဖြေးနေရင်း သက်ဇော်နိုင်ရဲ့ မျက်လုံးတွေ မှေးစင်းလာခဲ့ပြန်သည်။

"တစ်ရေး ပြန်အိပ်လိုက်ပါဦး သက်ဇော်နိုင်၊ မင်းအိပ်ချင်နေဦးမှာ"

"သိပ် အိပ်လို့ကောင်းတာပါပဲ မမနွယ်"

သက်ဇော်နိုင် စကားပြီးဆုံးအောင် မပြောလိုက်နိုင်ဘဲ ပြန်လည်အိပ် ကျသွားခဲ့လေသည်။ ထိုအချိန်မှာ ခွဲစိတ်ပြီးသည့် နံနက် ၂ နာရီ ၄၅ မိနစ် နောင်တွင်မှ သက်ဇော်နိုင် သူ့ရဲ့လူနာမှတ်တမ်း စာရွက်လေးပေါ်မှာ ဖတ်ရလေ၏။

□

ခွဲစိတ်ပြီးသော ပထမရက်၊ နံနက် ၆ နာရီ၊ သက်ဇော်နိုင်ကို လာကြည့်ခဲ့စဉ် ဆရာဦးအောင်မြင်၊ ဦးယဉ်မျိုးနှင့် ဒေါ်မှုယာတို့ပါ ရောက်လာခဲ့ သည်။ သက်ဇော်နိုင်က နိုးနေခဲ့ပြီ၊ အိပ်စောင့်သော အလုပ်သမား မောင်တင် အကူအညီနှင့် မျက်နှာသစ်ထားခဲ့ပြီးပြီ။ သူ့မျက်နှာမှာ နွယ်နယ်ဖျော့တော့ဆဲ



ညဉ်ခမ်းများက ဖြူဖပ်ဖြူရော်၊ သို့သော် မျက်လုံးများက တောက်ပကြည်လင်စွာ င် နွယ်တို့ကို ကြိုလေသည်၊ သက်ဇော်နိုင် အဖျားသွေးရှိနေခဲ့သည်။ တစ်ရှောတစ် နိုသည့် အခြား အခြေအနေများက ကောင်းသည်။

သွေးသွင်းတာများတော့ Blood Reaction ကြောင့် ဖျားတာလား။ မဟုတ် တစ်ယောက်ယောက်ရဲ့ သွေးထဲက Malaria လည်း ပါသွားနိုင်တယ်"

ဆရာဦးအောင်မြင်က မှတ်ချက်ပေးလေ၏။

"မလေးရီးယားကတော့ ကျွန်တော့်မှာလည်း အခံရှိပါတယ်၊ ချမ်းတောင် လေ။ ဒါပေမယ့် အခုထိ ငက်ထသလိုတော့ မခံစားရသေးဘူး။ ကျွန်တော် တော့ နေကောင်းနေတာပါပဲ"

ဟု ပြောပြသော သူ့မျက်နှာမှာ အဖျားသွေးကြောင့် ပါးပြင်များနှင့် နှာခေါင်း နီပြေနေခဲ့သည်။ နှုတ်ခမ်းများ ပိုပြီး ဖြူရော်နေသလို ထင်ရသည်။ ဒေါ်ခင်ဦး နွယ်က စဉ်းစားနေခဲ့ကာ ဦးယဉ်မျိုးကတော့ ဘာကြောင့်ပဲဖျားဖျား ထိုအဖျားကို ချယ်ချင်လှပြီ၊ ဆေးတွေ ပုံအောပေးလိုက်ချင်သည်။ သူ့ အချိန်မဆိုင်းချင်။

"စောင့်ကြရအောင်ပါဗျာ"

ဦးအောင်မြင်က ဆုံးဖြတ်လိုက်တော့ ဦးယဉ်မျိုး ခေါင်းကုတ်မိလေ၏။

"ဆရာယဉ်မျိုး၊ သက်ဇော်နိုင်ကို ကျွန်တော်တို့ရဲ့ A.S လို သဘော ထားဘဲ သာမန်ပေးရှင်တစ်ယောက်လို သဘောထားပါဗျာ။ Surgical stress (စိတ်ဒဏ်)နဲ့တင် သုံးရက်လောက်ထိ ဖျားတတ်တာပဲ၊ ဒီကြားထဲမှာ Blood MP (သွေးထဲရှိငှက်ဖျားပိုး)တို့ Urine (ဆီး)တို့စစ်ကြည့်တာပေ့ါ။ နည်းနည်းတော့ စောင့်ကြဦးစို့၊ ဖိုအပ်တဲ့ဆေးတွေ ပေးထားပြီးသားပဲဗျာ"

ခင်ဦးနွယ်တို့ လက်ခံလိုက်ကြသည်။

ဦးယဉ်မျိုးက သက်ဇော်နိုင်အခန်းထဲသို့ အားတိုင်းရောက်ခါ ခင်ဦးနွယ်က ကြိမ်သာ ထပ်ရောက်ဖြစ်သည်။ ဝပ်(ဒ်)ထဲကအလုပ်တွေက ရှိသေးသည်။ ရောက်ပေမယ့် သက်ဇော်နိုင်အခန်းထဲသို့ ညှော်သည်အဝင်အထွက်များလှတာတော့ သတိထားမိနေခဲ့လေ၏။ ဆရာယဉ် မျက်စိနောက် ဟုသည်ထင်၏။ သက်ဇော်နိုင် အခန်းထဲက ထွက်လာခဲ့ပြီး ခင်ဦးနွယ်ရဲ့ အမျိုးသမီးလူနာဆောင်မှာ လာထိုင်သည်။ အမျိုးသမီးဆောင်နှင့် ခွဲစိတ်ခန်းက ပိုနီးကာ သက်ဇော်နိုင်၏ ခွဲစိတ်ပြီး လူနာ ခန်းကိုလည်း လှမ်းမြင်ရနိုင်နေသည်။ ဦးယဉ်မျိုးက ဆေးရုံကိတ်စောင့် အဘချက်ကို

www.burmeseclassic.com

www.burmeseclassic.com

ဆရာဝန်လူနာအား လူနာမေးလာသူတွေကို ဝင်ခွင့်မပေးနှင့်တော့ဟု သွားရှာတာမြင်ခဲ့လေ၏။

"သူ စွံတယ်ဆိုတာတော့ သိပါရဲ့။ ဒါပေမယ့် အခုက လွန်တယ်မှ သက်ဇော်နိုင်က စိတ်မချရသေးပါဘူး ဆိုတာကိုပဲ မိန်းမတွေများ ကဲကိုကဲ ဆောဒီး"

ဦးယဉ်မျိုးက သူ့အလေ့အထအတိုင်း အသံကျယ်ကြီးဖြင့်ပြောရင်း နှယ်လုပ်မြင်ကာ သူ့ဘာသာ စကားကို ရပ်ပစ်ခဲ့သည်။ သူ မိန်းမတွေကို အဆင်ဆန်ကျင်ဝေဖန်နေခဲ့ရာက ဘာကြောင့်မှန်းမသိ ထိုဆန့်ကျင်ရေး လှုပ်ရှားမှုတွေ တိခနဲ ဖြတ်ခဲ့၏။ သို့ပေမယ့် သူ့အတွင်း စိတ်နေကတော့ ပြတ်နိုင်သေးဟန်မတူ တစ်ခါတစ်ရံ ပွင့်အန်လာတတ်ဆဲပေ။

သည်တစ်ကြိမ်တော့ ဆရာယဉ် ပြောလည်း ပြောစရာ။ သက်ဇော်နိုင်ရဲ့ လူနာမေး မိတ်ဆွေတို့တွင် အမျိုးသားများလည်းပါဝင်ပေမယ့် အမျိုးသမီးငယ်လေးများက ပို အချိန်ကြာကြာနေသွားတတ်လေ၏။ ဆရာယဉ် စိတ်တိုနေတာ မြင်ရာ (စိတ်တိုသင့်တာလည်း သိပါလျက်) ခင်ဦးနွယ် မချေပဘဲ မနေနိုင်ခွာ

"လူနာမေးတဲ့ မိန်းကလေးတွေ များတာ သက်ဇော်နိုင်ကလည်း မျက်နှာများထားလို့ ဖြစ်နိုင်တာပဲ ဆရာယဉ်ရယ်။ မျှမျှတတတွေးရအောင်ပါ။ ဆရာညီ မျက်နှာများတာ အရေးမကြီးဘူးနော်။ Wound Sepsis (အနာပိုးဝင်ခြင်း)နဲ့ Septica.emia (သွေးတွင်ပိုးဆိပ်ပျံ့ခြင်း) ဝင်သွားတော့မှ ကျွန်မတို့ အလောလှုပ်ရှားနေရဦးမယ်"

ရယ်ရယ်မောမော ပြောမိခဲ့သည်။

နေ့လယ် ၁၂နာရီတွင် သက်ဇော်နိုင်ကို ပြန်ကြည့်ခဲ့ကြသည်။ အဖျားကျလာခဲ့သည်။ သာမန်ကိုယ်အပူချိန်မရောက်သေးပေမယ့် လူလည်း ပိုလန်းကာ အပူချိန် ဆက်လက်ကျဆင်းရိုပ်ကို တွေ့နေရလေ၏။ ငှက်ဖျားပိုးအဖြေလည်း သိရပြီ၊ ပိုးမတွေ့။

"အဖျားကျသွားရင် ကံကောင်းတယ် ကိုညီ။ မဟုတ်ရင် ကိုယ်က မင်းကို မရှင်းဂန်းသရိုနဲ့ တွယ်တော့မလို့"

သူ့ဘာသာပြောရင်း ရယ်မောသည်။ ခင်ဦးနွယ်လည်းပြုံးမိလျက်

"ဟုတ်တယ်။ ကျွန်မလည်း လက်ယားနေတာ။ ကျွန်မတို့သာ ဆေးတွေ



ပေးမိရင် ဆေးကြောင့်ပဲအဖျားကျသလို ထင်ပြီး ဖြတ်ရမှာလည်း အခက်။ Course ကုန်အောင်တော့ ဆက်ပေးရတော့မှာ။ စောင့်ကြည့်တာတော့ အကောင်းဆုံးပါပဲ"

"ဒါက ပေးရှင့်ကလည်း လိမ္မာလို့ပါဗျာ။ မဟုတ်လို့ ကိုယ်ပူတယ်၊ ဖျားတယ်နဲ့ ကျိုကျောင် လုပ်နေရင် ကျွန်တော်တို့လည်း ဟိုဟာလုပ်ပေးရ ကောင်းနိုး ဒီဟာ လုပ်ပေးရကောင်းနိုးနဲ့ ယောင်ကုန်မှာ။ ဒီလူနာကတော့ တော်တော် လိမ္မာတဲ့လူငယ်ပဲ။ သူငယ်လေး မင်း ဘာများလုပ်ကိုင်စားပါသလဲ"

ဦးယဉ်မျိုးက သူ့ ရွှတ်နောက်နောက်စရိုက်ကို လူနာဖြစ်နေသူအပေါ်မှာတောင် မရှောင်နိုင်ဘဲရှိလေ၏။

သက်ဇော်နိုင်က အသာအယာ ပြုံးခဲ့သည်။

"ဟဲ့ ဆောဒီး ကိုညီ။ ကိုညီက ရယ်မှမရယ်နိုင်သေးတာ။ မရယ်လိုက်နဲ့နော်"

ဟု ဦးယဉ်မျိုး စိတ်ပူပင်ပြန်လေ၏။ သက်ဇော်နိုင်က

"ကျွန်တော်လည်း တစ်ခါတည်း အဖျားကျသွားတာ ဖြစ်ပါစေလို့ပဲ ဆုတောင်းပါတယ်။ အစ်ကိုတို့ မမနွယ်တို့ ဦးနှောက်စားနေမှာစိုးလို့"

ဟု သူတို့ကို နှစ်သိမ့်ပေးသလို ပြုံးရင်း ပြောခဲ့လေ၏။

□

ညနေ ၃နာရီခန့်တွင် သက်ဇော်နိုင်၏ငါ်မိက ရောက်လာခဲ့ကြသည်။

ဆရာဦးအောင်မြင်က မနေ့ည ည ၉နာရီက သူ့ကားဖြင့် ရန်ကုန်သို့ လွှတ်ကြိုနိုင်းခဲ့ခြင်းပင်။ သည်နေ့နံနက် ၄နာရီတွင် သက်ဇော်နိုင်၏ဖခင်ထံသို့ တစ်ဆင့် ဖုန်းဖြင့်ခေါ်ကာ ပြောပြခဲ့သည်။ ခွဲစိတ်ပြီးခဲ့ကာ စိုးရိမ်ဖွယ်မရှိတော့သည့်အကြောင်း၊ ကားလွှတ်ကြိုနိုင်းထားသည့်အကြောင်းပါ ပြောပြခဲ့သည်။ ဆရာကြီး၏ ကားမောင်းသူလေးနှစ်ဦးက မနက် ၆နာရီက စရှမရပ်မနား ပြန်မောင်းလာခဲ့ခြင်း ဖြစ်လေ၏။

သက်ဇော်နိုင်ရဲ့ဖခင် ဦးသက်တင်၊ အဒေါ်၊ ညီမနှင့် အတူနေ ဦးလေးကြီးတို့ ပါလာခဲ့ကြသည်။ သက်ဇော်နိုင်ရဲ့အသိုင်းအဝိုင်းမှာ သည်မျှသာ။ နွယ်ကသူတို့ကို သက်ဇော်နိုင်အခန်းထဲမှာ သွားရောက် တွေ့ဆုံခဲ့သည်။ သက်ဇော်နိုင်၏ ဖခင်နှင့် နွယ် သူ ပြောင်းရွှေ့ရောက်ရှိလာစမှာ တစ်ကြိမ် ဆုံဖူးသည်။ သည်စဉ်က ကျောင်းက ခွင့်ယူလျက် သား ပြောင်းရွှေ့ရာမြို့သို့ လိုက်လာခဲ့ခြင်းပေ။ တစ်ပတ်ခန့်နေ

www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့သည်။ ဦးသက်တင်ကအငြိမ်းစားယူလုလဲ ကျောင်းအုပ်ဆရာကြီးတစ်ဦး ဖြစ်သေးသည်။ မိခင် ကွယ်လွန်ခဲ့သည်မှာ နှစ်နှစ်ရှိပြီဟု သိရ၏။ ဆရာဦးအောင်မြင် လည်း ရောက်ရှိလာတွေ့ခဲ့သည်။

"ကျွန်တော်တို့ အခုပဲ လာတွေ့မလို့ပါပဲ ဆရာကြီး"

ဦးသက်တင်က ဆရာကြီးအောင်မြင်သို့ နှုတ်ဆက်ခဲ့လေ၏။ ဆရာ ဦးအောင်မြင်က လက်ကာပြလျက်

"လမ်းခရီးမှာ အဆင်ပြေကြရဲ့လား"ဟု ပြုံးကာ မေးသည်။

သက်ဇော်နိုင် အဖျားကျသွားခဲ့၍ ဆရာဦးအောင်မြင်လည်း ဝမ်းသာ နေခဲ့သည်။

"အရေးပေါ်အခြေအနေမို့ ဆရာဦးသက်ဇော်နိုင်ကို ဆရာကြီးရဲ့ ကြီးကြပ် မှုအောက်မှာ ခွဲစိတ်လိုက်ရပါတယ်။ ခွဲစိတ်ပြီးမှ အကြောင်းကြားရတာကိုတော့ ခွင့်လွှတ်ပါဦး"

ခင်ဦးနွယ်က တောင်းပန်စကား ဆိုခဲ့လျှင်

"အခြေအနေအရ လုပ်သင့်လုပ်ထိုက်တာကို ဆောင်ရွက်ရမှာပေါ့။ ကျွန်တော်တို့ လက်လှမ်းမမီတဲ့အရပ်မှာ ဖြစ်ခဲ့တာပဲ။ ကျွန်တော်တို့လည်း ဘာမှလာ နိုင်တာ မဟုတ်ပါဘူး။ ဆရာကြီးရော ဒီက ဒေါက်တာနဲ့ ဆေးရုံတစ်ရုံလုံးကို ကျွန်တော်တို့က ကျေးဇူးတင်ပါတယ်ဗျာ"

ကျောင်းအုပ်ဆရာကြီး ဦးသက်တင်က နားလည်မှုရှိစွာ လက်ခံခဲ့သည်။

ညီမ ဖြစ်သူမှာတော့ အစ်ကိုကို လူနာခုတင်ထက်မှာ ဆေးပုလင်းတွေ သွင်းရက်တွေ့ရသည်မို့ စိုးရိမ်ပူပင်သော မျက်နှာလေးဖြင့် အစ်ကို့အနီးမှာ ဒူးထောက် ထိုင်နေခဲ့လေ၏။

စာတိုက်မှူး အဒေါ် ဒေါ်ထွေးထွေးမှာလည်း မျက်စိမျက်နှာ ပျက်နေခဲ့ သည်။

သက်ဇော်နိုင်က ဖခင်နှင့်မိသားစုကို တွေ့လိုက်ရ၍ မျက်နှာ ပိုလန်းဆန်း ရွှင်ပြလာခဲ့သည်။

"စိတ်မပူကြပါနဲ့။ ကျွန်တော် နေကောင်းပါတယ်"

ပြုံးရင်းက အားလုံးကို နှစ်သိမ့်သည်။ သူ့ အားအင်နည်းပါးဟန်တော့ ရှိနေသေးသည်။



အိမ်သားများက အဖြစ်အပျက်ကို မမေးကြသေးပေ။ နွယ်ကလည်း ဒါက်ရာအကြောင်းပင်ပြောပြဖို့ခက်နေကာ နွယ်ကိုယ်တိုင် စိတ်များ၊ အလုပ်များ နေခဲ့၍ ရေရေရာရာမသိရသေးသော်အဖြစ် ဖြစ်လေ၏။ သက်ဇော်နိုင်ကလည်း သည် အကြောင်းနှင့်ပက်သက်ပြီး ပြောချင်ဟန်မတူခဲ့။

"ကိုညီ အိမ်က ရောက်တယ် ကြားလို့"

အသံကျယ်ကျယ်ပြော၍ ဝင်လာသူက ဆရာဦးယဉ်မိုးဖြစ်လေ၏။ သူ နှင့်အတူ မူယာတင်ပါ ဝင်လိုက်လာခဲ့သည်။ ဆရာဦးအောင်မြင်က သက်ဇော်နိုင် မိသားစုနှင့် နောက်မှရောက်လာခဲ့သော ဦးယဉ်မိုး၊ ဒေါ်မူယာတို့ကို မိတ်ဆက်ပေး ခဲ့သည်။

"ကိုသက်ဇော်နိုင် ညီမလေးက ချစ်စရာလေးကွယ်"

မူယာက အသံသာသာပြောသောအခါ 'တင်မေစု' မူယာကိုငေးမော ကြည့်ကာ ပြုံးခဲ့လေ၏။

"အစ်ကို့အတွက် အရမ်း စိတ်ပူ သွားမှာပဲနော်။ တကယ်လည်း ကျော ချမ်းစရာကြီး"

မူယာက ပခုံးလေးကျုံ့၍ ပြောလေ၏

ဦးယဉ်မိုးက စကားဖြတ်လို့

"ဦးတို့ရောက်လာတာနဲ့ အတော်ပါပဲဗျာ။ သက်ဇော်နိုင်ကို ပြုစုမယ့်သူ မရှိလို့ မဟုတ်ပါဘူး။ ပြုစုမယ့်သူတွေ များလွန်းလို့ ကိုညီ့အိမ်ကရောက်လာစေချင် နေတာ။ ကျွန်တော်လည်း ကြာရှည် ဆက်ထိန်းထားနိုင်မယ် မထင်တော့ဘူး"

"အဲဒီစကားကတော့ အမှန်ပါပဲ"

နွယ်ကပြုံးလျက် ဝင်ပြောသောအခါ ခုတင်ထက်မှာ ပက်လက်ဖြစ်နေ သော သက်ဇော်နိုင်က မျက်နှာတွေနီမြန်းကာ ရှက်ရယ်ရယ်မောခဲ့လေ၏။ သက်ဇော်နိုင် အဖျား လုံးဝကျသွားပြီ ဖြစ်လေသည်။

□

"တင်မေစု လာလေ။ ဧည့်သည်တွေ များလို့ နေစရာမရှိမြန်ဘူးထင် တယ်"

ခင်ဦးနွယ် အခန်းတွင်းသို့ ဝင်လာသော သက်ဇော်နိုင် ညီမလေးကို နွယ်က နှုတ်ဆက် နေရာပေးခဲ့သည်။ တင်မေစုနှင့် သက်ဇော်နိုင်က သုံးနှစ်မျှ

www.burmeseclassic.com

www.burmeseclassic.com



ထွက်ကြသည့် ညီမ၏ တင်မေစုက ကုန်သွယ်ရေးမှ ဘွဲ့ရ ဝန်ထမ်းလေးတစ်ဦးပေ၊ အရပ်ရှည်ရှည် အရေပြားဖြူဖြူ၊ ကိုယ်လုံးသွယ်သွယ်၊ အသားဖွေးဖွေးလေးဖြစ်သည်။ ကျောလယ်လောက်ရှိ ဆံပင်ကို ဖြန့်ချထားကာ ချစ်စဖွယ်ကောင်းသူလေးဖြစ်သည်။ သူမကို တစ်အောင့်လုံးက ခင်မင်နေခဲ့ပြီ၊ တင်မေစုက နေ့လယ်ဘက်တွင် ခင်ဦးနွယ် အခန်းသို့ လာလည်တတ်လေ၏။

"ဟုတ်တယ် မမနွယ်။ ညှော်သည်များတဲ့ကြားထဲမှာ ကိုကိုကလည်း ဒီနေ့ ဘာဖြစ်နေလဲ မသိပါဘူး။ ညှော်သည်တွေကို သိပ်စကားမပြောဘဲ ခေါင်းနှု လိုက်ပြီး အိပ်နေတယ်။ အဲဒီတော့မှ ပိုဆိုးတာ မမရေ၊ သံပရာရည် ဖျော်ပေးတဲ့သူနဲ့ ယပ်ခတ်ပေးတဲ့သူနဲ့၊ မေက မမနွယ်ကို သွားပြောပေးရမလား ဆိုတော့ ရပါတယ် ဆိုပြီး မေ့ကို မျက်စိမှိတ်ပြတယ်၊ သူတကယ် မှူးဘူးပေါ့။ မေလည်း ရယ်ချင်တာနဲ့ ထွက်ခဲ့တာ။ အန်တီတွေနဲ့ ထားခဲ့တယ်၊ အန်တီတွေကလည်း လေများများနဲ့ ညှော်သည်တွေကို ညှော်ခံနေတော့တာ"

ရယ်မောရင်း ပြောခဲ့သည်။

"ဒီနေ့က Dressing Change ရမှာ။ ဦးယဉ်မျိုး မလာသေးလို့ စောင့်နေတာ။ သူက သူညီကို ဘာလဲလုပ်လုပ် သူ ရှိချင်တာဆိုတော့"

ခွဲစိတ်သည့်နေ့ပါ ရေတွက်လျှင် လေးရက်ရှိခဲ့ပြီ၊ ခွဲစိတ်ကုစကားနှင့် ဆိုရရင်တော့ ခွဲစိတ်ပြီး သုံးရက်မြောက်နေ့။

"သက်ဇော်နိုင် စောင့်ရလို့ စိတ်မရှည်တော့ဘူး ထင်တယ်၊ မစိမ်းညို ဆရာဦးယဉ်မျိုးကို ပြေးကြည့်စမ်းပါဦး၊ ရောက်ပြီလားလို့"

"ကိုကို့ကို ဘယ်တော့ ချုပ်ရိုးဖြေမှာလဲ မမနွယ်"

"နောက် လေးရက်ဆိုရင် ချုပ်ရိုးအားလုံး ဖြေတော့မယ်"

"ကိုကို ဆေးခွင့်တော့ ရမှာပေါ့နော်"

"ဆေးခွင့် ရပါတယ်။ တစ်လလောက် နားချင်ရင်တော့ လုပ်သက်ခွင့်နဲ့ ဆက်ယူလိုက်ရင် ရတာပဲ"

"မေတို့ကလည်း ရှောင်တခင်ခွင့်နဲ့ လာတာဆိုတော့ ကြာကြာမနေနိုင်ဘူး မမရယ်၊ ကိုကို့ကို ရန်ကုန်လာနားဖို့ပဲ ခေါ်သွားရမှာပဲ"

"အဲဒါ အကောင်းဆုံးပေါ့ မေ၊ သူက ဒီမှာရှိနေရင်တော့ ဆေးရုံအလုပ်တွေနဲ့ လုံးထွေးနေမယ့်သူပဲ၊ အနားရမှာ မဟုတ်ဘူး"



နွယ်နှင့်တင်မေစု မိနစ် နှစ်ဆယ်လောက် စကားတွေ ဆက်ပြောနေပြီးမှ ဦးယဉ်မျိုးက အခန်းဝမှာ ပေါ်လာခဲ့လေ၏။

"ကျွန်တော် ဒီနေ့ နည်းနည်းနောက်ကျသွားတယ်"

ဦးယဉ်မျိုးက ရွှေးသုတ်ရင်း ပြောခဲ့သည်။

□

ခင်ဦးနွယ်နှင့် ဦးယဉ်မျိုးကို သက်ဇော်နိုင်က ခွဲစိတ်ပြီးစ လူနာဆောင်ထည့် ခန်းမှ စောင့်နေခဲ့သည်။ လုလုစောက ဆေးပတ်တီးသစ် လဲပေးဖို့ အသင့်ပြင်ဆင် ထားပေး၏။ သာမန် ဆေးထည့်သကဲ့သို့ပင် ရှုပ်ထွေးဆန်းပြားခြင်းကင်းသော အလုပ်တစ်ခုသာ။

အရေးကြီးလူနာတိုင်းကို ခင်ဦးနွယ်ကိုယ်တိုင် ဆေးလဲပေးတတ်၏။ ဆေး လဲပေးရင်း ချုပ်ရိုးကိုကြည့်သည်။ ချုပ်ရိုးမကောင်းသောလူနာ၊ ဝေဒနာကြီးကျယ် သော လူနာ ဖြစ်ခဲ့ရင် ဆေးရုံဆင်းသည်အထိ ခင်ဦးနွယ်ကိုယ်တိုင် ဆေးထည့်ပေး တတ်မြဲ။

တင်မေစုစကား ကြားထားရသည်မို့ သက်ဇော်နိုင် ဘာတွေ မကြည် မလင် ဖြစ်နေသလဲဟု နွယ် သူ့ကို ရူးစမ်းစွာ ကြည့်မိသည်။

ခုတင်ထက်မှာ ပက်လက်လှဲကာ ဆေးလဲဖို့စောင့်နေသောသူက နွယ်တို့ ဝင်လာသောအခါ ကြည်လင်သော နှုတ်ဆက်ပြုံး လှမ်းပြုံးခဲ့သည်၊ ဖြူဖျော့ဖျော့ နှုတ်ခမ်းတွင် သွေးရောင်လွှမ်းစပြုခဲ့ပြီ ဖြစ်၏။ အရပ်မြင့်သောကြောင့် သူ့ ကိုယ် ခန္ဓာ ပိန်ကျသွားဘာ သိသာလေ၏။ သူ့ဝမ်းဗိုက်ပြင်က အဆီပိုမရှိ၊ ချပ်ရပ်လျက် ကြွက်သားများနှင့်သာ ဖွဲ့စည်းထားသော ကိုယ်ခန္ဓာမျိုး ဖြစ်လေ၏။

ခွဲစိတ်ပြီးကတည်းက ကပ်ထားခဲ့သော ပလတ်စတာကို သည်နေ့မှာခွာ ခဲ့သည်။ သူ့ဝမ်းဗိုက်ပြင်ပေါ်မှာ ချုပ်ရိုးနှစ်ခု။ ခွဲစိတ်ရာက ဝမ်းဗိုက်အလယ်တည့် တည့်မှ ညာဘက်သို့ အနည်းငယ်ကျသော ဒေါက်လိုက်ချုပ်ရိုး ဖြစ်သည်။ ဝမ်းဗိုက် ပြင် ထိုချုပ်ရိုးနှင့် လက်တစ်ဝါး အကွာခန့်က ခပ်စောင်းစောင်းချုပ်ရိုးမှာ ဓားဒဏ် ရာချုပ်ရိုး ဖြစ်လေ၏။

သက်ဇော်နိုင် သူ့ချုပ်ရိုးအခြေအနေကို နွယ်တို့မျက်နှာပေါ်က အဖြေကို ရှာသာ ဖတ်နေဟန်တူလေ၏။ ဘာမှမမေး။

"အိုကေ ကိုညီ"

www.burmeseclassic.com

www.burmeseclassic.com



ဦးယဉ်မျိုး ပြောလိုက်လျှင် သက်ဇော်နိုင်မျက်နှာကို လှမ်းကြည့်မိသည်။ သူ့အကြည့်က နှယ့်ထံမှာ တည့်မတ်စွာ။ အဓိပ္ပာယ်တစ်မျိုးမျိုး ရှိနေသလိုဖြစ်ကာ ထိုအဓိပ္ပာယ်ကို နှယ် မဖော်ဆောင်တတ်ပေ။

"ရေကူးကန်သွားတဲ့အခါ ချပ်ရိုး အမာရွတ်က သိပ်ထင်ရှားနေရင်တော့ ကိုယ်တို့ကို တရားမစွဲကြေးနော်"

နှယ်က အနာသန့်စင်၊ ပတ်တီးသစ်လဲပေးရင်း အသာအယာရွှန်းပြက်သောအခါ သူ ရယ်မောလေ၏။ သူ ထထိုင်သောအခါ ဦးယဉ်မျိုးက ပခုံးကို မေမ. ပေးခဲ့သည်။ ခုတင်အမြင့်မှဆင်းကာ နှယ်တို့ကို ကျော်ပေးပြီး ပုဆိုးပြင်ဝတ်လေ၏။ နှယ်က သူ့ကိုကျောခိုင်းကာ ဆေးထည့်ခန်းပြတင်းမှ မြင်ရသော ဆေးရုံဝင်းသို့ ငေးကြည့်နေခဲ့စဉ် သက်ဇော်နိုင်က ဦးယဉ်မျိုးသို့ လှမ်းစကားပြောခဲ့ခြင်း ဖြစ်လေ၏။

"ဆရာကြီး ပြောသလို ကျွန်တော့်ကို သာမန် ပေးရှင့်တစ်ယောက်လိုပဲ သဘောထားပါ အစ်ကိုရာ။ လူနာကြည့်ချိန် မဟုတ်တဲ့ ကျွန်တော့်ကို လာမေးတာဖြစ်လို့ အခွင့်အရေးပေးပြီး ကြည့်ရှိုင်းစေဖို့ မလိုပါဘူး။ အစ်ကိုတို့ ဝပ်(ဒ်)ပဲ၊ လုံးဝလွှတ်မပေးရင်လည်း ရပါတယ်။ ကျွန်တော်ကလည်း အေးအေးဆေးဆေးပဲ နေချင်ပါတယ်"

အဆက်အစပ်မရှိသောစကားကြောင့် နှယ် နားရိုက်ထောင်မိရုံမက သူ့ကို လှည့်ကြည့်မိရသည်။ သူ့မျက်နှာက ခပ်ပြုံးပြုံးပေ။ ဦးယဉ်မျိုးလည်း အံ့အားသင့်စွာ သက်ဇော်နိုင်ကို ပြန်ကြည့်နေခဲ့သည်။

"လုံးဝ လွှတ်မပေးလို့တော့ ဘယ်ဖြစ်မလဲကွ။ မင်း မြင်ရင် စိတ်ချမ်းသာပြီး ရောဂါမြန်မြန်သက်သာမယ့် တစ်ယောက်ယောက်ကို တို့ တားထားမိရင် အဲဒါ ပြဿနာပေါ့"

"အပိုတွေ ပြောမနေစမ်းပါနဲ့ဗျာ။ ကျွန်တော့်အကြောင်း အစ်ကိုသိပါတယ်"

သက်ဇော်နိုင်က လေသံပြတ်ပြတ်ပြောရင်း နှယ့်ကို လှမ်းကြည့်သည်။ နှယ်က ဘာကိုနားလည်ရမလဲ မတွေးမိနိုင်သေး။

"အစ်ကို ကျွန်တော့်ကိုခွဲတော့ ဒီသည်းဘယ်နှစ်ခု တွေ့ခဲ့လဲ"

တူးဆန်းသော အမေးပေ။ ဆရာယဉ် သက်ဇော်နိုင်ကို မျက်မှုံးမြှင့်ကာ



ပြန်ကြည့်နေခဲ့သည်။

"အသည်းတစ်ခုတည်းပဲ တွေ့ရင် မျက်နှာလည်း တစ်ခုတည်းပါပဲဗျာ။ နောက်တစ်ခါ ကျွန်တော့်ကို မျက်နှာများတယ်လို့ မပြောနဲ့တော့ အစ်ကို"

နှုတ်ခမ်းနှင့် မျက်လုံးက ပြုံးနေသော်လည်း သူက အနည်းငယ် ကလေးဆန်စွာ လေသံပြတ်ဖြင့် ပြောလေ၏။

အခုမှ ရိပ်မိရတော့သည်။ သူက သည်အသုံးအနှုန်းကို မကြည်မလင်ဖြစ်နေခဲ့သည်ကိုး။ နှယ့်အကြည့်တို့က ဦးယဉ်မျိုးထံ ရုတ်ခြည်း ရောက်သွားခဲ့သည်။ ဦးယဉ်မျိုးက နှယ့်ကို တောင်းပန်စွာကြည့်လေ၏။ နှယ် ပြုံးလိုက်မိလေသည်။

"မျက်နှာများတယ်လို့ ပြောခဲ့တာက ကိုယ်ပါကွ။ လူအဝင်အထွက်များလွန်းတာ မင်းအတွက် သဘောမကျလို့ ကိုယ်နဲ့ဆရာယဉ် စကားနိုင်လုပြောကြရင်းက ပြောဖြစ်သွားခဲ့တာပါ။ လူနာကအမြဲပဲမှန်ပါတယ်ဆိုတဲ့ စကားလေးလိုပေါ့။ မင်း မကြိုက်ရင် မပြောတော့ဘူးနော်။ ဒါထက် ဆရာယဉ် "

ဦးယဉ်မျိုးက နှယ့်ကို လှမ်းကြည့်သည်။

"သက်ဇော်နိုင်မှာ အသည်းတစ်ခုတည်း ရှိတာတော့ ကျွန်မတို့တာဝန်ခွဲထဲ တွေ့လိုက်တာပဲ။ အသည်းတစ်ခုတည်းပဲရှိပြီး မျက်နှာကျတော့ များများရှိတတ်တဲ့ ယောကျ်ားတစ်ယောက်ယောက်ကိုများ ဆရာယဉ် သိဖူးမိသလား"

ဆရာယဉ်ကလည်း ဖြေတာ မြန်လေ၏။

"သိဖူးတာပေါ့။ ဒသဂီရိလေ။ အသည်းတော့ တစ်ခုတည်းရှိတယ် မှတ်တာပဲ။ မျက်နှာလည်းသိပ်မများပါဘူး။ ဆယ်ခုတည်း"

သက်ဇော်နိုင် သူ့ ခံပင်များကို လက်နှစ်ဖက်နှင့်ထိုးမွ နောက်ပြန်သပ်ရင်း ထိုလက်များကို ခေါင်းအထက်မှာ မြှောက်ပြသည်။

"တော်ပါပြီဗျာ။ အစ်ကိုနဲ့ မမနှယ်ကို ကျွန်တော် တကယ်လက်မြှောက်အရှုံးပေးပါပြီ" ဟုပြောရင်း ခေါင်းမော့၍ ရယ်မောလေ၏။

နှယ်နှင့်ဆရာယဉ်မျိုးတို့က သက်ဇော်နိုင်ရဲ့ မှန်မှိုင်းနေသော စိတ်ရာသီဥတုအခြေအနေကို ရယ်မောသံများဖြင့် ကြည်လင်သာယာစေခဲ့ကြလေသည်။

□

နှယ် တိတ်တဆိတ် ပူပန်နေမိရတာ ရှိလေ၏။ သက်ဇော်နိုင် အမှုကိစ္စနှင့်ပတ်သက်၍ စည်သူ၊ ညီသူတို့ကို စုံစမ်းမေးမြန်းခံရလေမှာ။ သက်ဇော်နိုင်

www.burmeseclassic.com

www.burmeseclassic.com



သတင်းစာစွက်စာကြော်ငြာ ဆရာဦးအောင်မြင်သာ အနားမှာနေခဲ့ရလေလျှင် နွယ့် သားတွေနှင့်ပတ်သက်တာရှိပါက သူ လွတ်လပ်စွာ ထွက်ဆိုပါစေဟု နွယ် ဆုတောင်းနေခဲ့သည်။

"မေမေနှင့် ကလေးနှစ်ယောက် ရန်ကုန်ကို ထွက်သွားလိုက်ရင်ကောင်းမလား သမီး"

မေမေကလည်း စိတ်ပူပင်နေခဲ့၏။ ဖြစ်ပျက်ပြီး သုံးရက်မြောက်သည့်ထိ ဘာထူးခြားမှုမှ မရှိလာခဲ့တော့ နွယ် မေမေ့ အစီအစဉ်ကို သဘောကျမိခဲ့သည်။

"ကောင်းပါတယ် မေမေ။ သူတို့လည်း စိတ်ပြေလက်ပျောက်ပေါ့။ အခုတော့ ဒီမှာနေဖို့ လိုဦးမလားလို့၊ စုံစမ်းမေးမြန်းချင်လည်း မေးပါစေလို့"

နွယ်နှင့်မေမေ အံ့သြရအောင်ပင် ညီအစ်ကိုနှစ်ယောက်က ငြင်းဆန်ခဲ့ကြသည်။

"ဘယ်ဖြစ်မလဲ မေမေ။ ဦးက ဆေးရုံကတောင် မဆင်းသေးဘူး။ သူ စိတ်မကောင်းဖြစ်သွားမှာပေါ့"

စည်သူကပြောကာ ညီသူက ထုံးစံအတိုင်း နောက်လိုက်ဖြစ်လေ၏။ နွယ် နားမလည်နိုင်တော့ချေ။ သက်ဇော်နိုင်ထံ သူတို့ တစ်ရက် နှစ်ခေါက် မှန်မှန် ရောက်ကြသည်။ ညီသူက မတပ်ဆင်တတ်သော ကစားစရာ၊ တည်ဆောက်ရေး ပစ္စည်းကိရိယာစုံကို ယူသွားကာ သက်ဇော်နိုင်ကို ဆက်ခိုင်းသည်။ စည်သူက သက်ဇော်နိုင် ငှားခိုင်းသော စာအုပ်များကို အငှားဆိုင်မှာ ရှာပေးသည်တဲ့။ နွယ်က အဖြစ်အပျက်ကို မေးသောအခါတိုင်းတော့ သူတို့က မပြောချင်သလိုရှိတတ်ပြန်သည်။ ယောကျ်ားလေးတွေရဲ့ မလုပ်ချင်တာကို အမွှေခိုင်းမရသော စရိုက်နှင့် နွယ် စိတ်ပျက်ဖွယ် ရင်ဆိုင်နေရတော့လေသည်။ နွယ် သူတို့ဆီက သိဖို့ မကြိုးစားတော့ဘဲ ဆရာဦးအောင်မြင်ကို ဖွင့်မေးခဲ့မိတော့သည်။

"ရုတ်ရုတ်သဲသဲဖြစ်နေတဲ့ နေရာကို သူရောက်သွားတယ်။ ရောက်ပြီး ပြီးချင်းပဲ ဒဏ်ရာ ရလိုက်တာလို့ သက်ဇော်နိုင်က ထွက်ဆိုတာပဲ ဒေါ်ခင်ဦးနွယ်။ ကလေးတွေနဲ့ ပတ်သက်လို့ ဘာမှ မပါဘူး"

ဦးအောင်မြင်ထံမှ သိရသမျှပေ။ နွယ် စိတ်အေးသွားခဲ့ရသည်။ စည်ရဲ့ ညီသူကို နွယ် တစ်ညနေမှာ အေးအေးဆေးဆေး ပြောပြခဲ့သည်။

"သားတို့ အခုကိစ္စကိုတော့ သင်ခန်းစာလို့ မှတ်ထားရမယ်။ တန်ဖိုးကြီး



ပေးရတဲ့ သင်ခန်းစာပဲ။ ကိုယ့်ကိုယ်ကို အရွယ်ရောက်ပြီပဲဆိုပြီး သူငယ်ချင်းနဲ့ အချိန်မတော်တဲ့အထိ နေတော့ ကိုယ့်ထက် အသက်ကြီးတဲ့သူက ဖြစ်ဖြစ်၊ ကန့်တဲ့သူကဖြစ်ဖြစ် အနိုင်အထက် ရန်ပြုတာမျိုးနဲ့ ကြုံရတတ်တာပေါ့။ သားတို့ လူရွယ်လေးတွေအတွက် သိပ်ပြီး အန္တရာယ်ကြီးတယ်"

နွယ်က ထိုဆုံးမစကားနှင့်ပင် အဖြစ်အပျက်တို့ကို ပုံမချုံ နိဂုံးချုပ်ကြရှုမိလေ၏။ ဘယ်လူ့ဆီကမှ အမှန်ကိုသိရမှာမဟုတ်သည့် အတူတူလေ။ သူက မထင်မှတ်တဲ့ ဝင်ပြောခဲ့သည်။

"ဟုတ်တယ် မေမေ။ ကိုကို့ သူငယ်ချင်း၊ ကိုကိုသီဟရဲ့ ဂျာကင်ကို အမူးသမားတစ်ယောက်က ငါ့အင်္ကျီယူဝတ်သွားတာ ပြန်ပေးဆိုပြီး ပြောင်ကြီး ကျင့် လုတာ။ ကိုကိုသီဟက ပြန်ခွဲနဲ့ ရုန်းရင်းဆန်ခတ်ဖြစ်ကြတာ။ သူတို့က ယောက်တောင်။ သားတို့က ငါးယောက်ပေမယ့် သားက ငယ်နေတာက သွားတာ"

နွယ် အံ့အားသင့်စွာ အနည်းငယ် မျက်မှောင်ကြုတ်မိလျက် နားထောင် နေခဲ့သည်။ နွယ် ဖြည်းဖြည်း ပြုံးလာမိလျက်

"ဪ မေမေ နားလည်ပြီ၊ ဦးသက်ဇော်နိုင်က အဲဒီရန်ပွဲကို ဝင်ဖျန်ဖြေ နဲ့ ထိလိုက်ဒဏ်ရာ ရခဲ့တာပေါ့"

နွယ်က ပြောလိုက်သောအခါ စည်သူ၊ ညီသူက ဝန်မခံချင်သလို ခပ်အင် ရှိနေကြပြန်၏။

"သားတို့ နားလည်မလားတော့ မသိဘူး။ ဖြစ်နိုင်ရင် မေမေက မေမေ့ ပေါ်မှာဖြစ်ဖြစ် သားတို့အပေါ်မှာပဲ ဖြစ်ဖြစ် ဘယ်သူ့ကျေးဇူးမှ ရှိမနေစေချင်ဘူး။ ကျေးဇူးကို အကြွေးလိုပဲ မေမေက ကြောက်တယ်။ အခုအတိုင်းဆိုရင်တော့ သက်ဇော်နိုင်ကို ကျေးဇူးတင်ရမှာက သီဟနဲ့ သီဟမိဘတွေပဲ ဖြစ်မှာပေါ့။ သိရတာ မေမေ သိပ်စိတ်ပေါ့သွားတယ်"

နွယ်က စိတ်အေးလက်အေး ပြောပြခဲ့သည်။ ညီသူက အမေ့ကို မဆန့် ကျင်လိုစွာ

"ဟုတ်တော့ ဟုတ်ပါတယ် မေမေ။ ဒါပေမယ့် အဲဒီဂျာကင်လုတဲ့ တာ တားမပါဘူးဗျ။ တားပါးတဲ့ သူက တစ်ယောက်ဖြစ်နေတယ်။ အဲဒီလူကို ဦး ခွဲလိုက်တာနဲ့ ဦးလဲသွားတာက တစ်ပြိုင်တည်းလိုပဲ။ သိပ်မြန်တာပဲ။ သားတို့

www.burmeseclassic.com

www.burmeseclassic.com



ထည်း ကြောင်နေမိတာ"

နွယ် တုန်လှုပ်စွာ နားထောင်နေမိခဲ့သည်။ မေးခွန်းတစ်ခုက နွယ် မေးလိုက်တာမဟုတ်တဲ့ နွယ့်နှုတ်က ထွက်သွားတော့သလို ရှိလေ၏။

"ဦးသက်ဇော်နိုင်က ဘာဖြစ်လို့ အဲဒီလူကို လှမ်းခွဲလိုက်တာလဲ"

"အဲဒီလူကြီးက ကိုကိုနဲ့ အနီးဆုံးက လူပဲလေ မမေ"

နွယ် ကြာမြင့်စွာ ငိုင်သွားမိခဲ့လေသည်။

□

ခွဲစိတ်ပြီး တစ်ပတ်ပြည့်သောနေ့ ဖြစ်လေ၏။ သက်ဇော်နိုင် ချုပ်ရိုးဖြေပြီး ဆေးရုံက ဆင်းရတော့မည်။ ချုပ်ရိုးက ကောင်းစွာ ကျက်ခဲ့သည်။ ချုပ်ရိုးတစ်ကြောင်းလုံး ခြောက်နေခဲ့ပြီး အရည်စိုစိုလေးပင် မရှိခဲ့တာ လေးရက်မြောက်သောနေ့က စလို့ဖြစ်လေ၏။ ချုပ်ရိုးဖြေဖို့ ဒေါ်ခင်ဦးနွယ်ကို စောင့်ဆိုင်းနေခဲ့ကြသည်။

သက်ဇော်နိုင်က ဆေးထည့်သော ခုတင်မြင့်ပေါ်မှာ လဲလျောင်းရင်း စောင့်နေခဲ့သည်။ နော်အေမီက ခွဲစိတ်လူနာများကို အခြားခုတင်တစ်ခုပေါ်မှာ တစ်ယောက်ချင်းခေါ်လို့ ဆေးထည့်ပေးနေခဲ့သည်။ မိနစ်နှစ်ဆယ်လောက် ကြာမှ ဦးယဉ်မျိုးတစ်ယောက်တည်း ရောက်လာခဲ့သည်။

"ဒေါ်ခင်ဦးနွယ် ဧည့်သည်ရှိနေသေးလို့၊ သူလာခဲ့မယ်တဲ့၊ ကိုယ်တို့ S.T.O ထားကြစို့"

ချုပ်ရိုးဖြေသည့်ကိစ္စမှာ သာမန်အားဖြင့် နော်အေမီတို့ဆရာမတွေပဲ ဖြေကြသည်။ ဆရာဝန်ကိုယ်တိုင်က လူနာဖြစ်နေခဲ့၍ ချုပ်ရိုးဖြေရင်း အနာကိုထပ်ကြည့်ဖို့ ဒေါ်ခင်ဦးနွယ်ကို စောင့်ဖြစ်ကြခြင်းပင်။ သက်ဇော်နိုင်၏ ချုပ်ရိုးမှာ တကယ်တော့ ပြန်ကြည့်စရာမလိုအောင် ကောင်းနေခဲ့ပြီးသား ဖြစ်လေ၏။

□

သက်ဇော်နိုင်ကို သည်နေ့ ချုပ်ရိုးဖြေရမည်။ ခွဲစိတ်ပြီး ဒုတိယရက်က... အဖျားလည်းမရှိ၊ ဝမ်းဗိုက်လည်း နောက်ဆက်တွဲပြဿနာ ဘာမှမပေါ်တော့သည့် သက်ဇော်နိုင်ရဲ့ အခြေအနေမှာ ကောင်းလှသည်။ သူ့အခြေခံကျန်းမာရေးကို ကောင်းထား၍ပေ။ နွယ် သူ့ကို ခွဲစိတ်ကုသပေးခဲ့စဉ် ဆရာဦးအောင်မြင့်က... ဆရာယစ်အဆုံး နွယ် တည်ငြိမ်အေးဆေးလှသည်ဟု ဘာကြောင့်များ ချီးကျူး... ကြသည် မသိ။ ခုတော့လည်း အေးဆေးအောင်မြင်စွာ ပြီးဆုံးခဲ့တာ မယုံနိုင်စရာ အဖြစ်တစ်ခုလိုပါပဲ။ နွယ် သက်ဇော်နိုင်ထံသွားဖို့ စားပွဲကထလိုက်စဉ် မစိန်ညို...



ခန်းဆီးကိုသိမ်းဖယ် ဝင်ခဲ့ကာ

"မမ ဧည့်သည်လာပါတယ်။ မမနဲ့ တွေ့ချင်လို့ပါတဲ့"

"ဝင်ခိုင်းလိုက်လေ"

အချိန်တော့ ကြာကြာ မပေးနိုင်ဘူး။ နွယ့်တာဝန်သာသတိပေးရင်း နေရာမှာပြန်မထိုင်သေးဘဲ စောင့်လင့်မိလေ၏။ ခန်းဆီးကို ဖယ်၍ဝင်လာသူက နွယ် မထင်မှတ် မျှော်လင့်မထားမိသူတစ်ဦးပါပေ။ နွယ် နေရာမှာ ဖြည်းညင်းစွာ ပြန်ထိုင်မိရလေ၏။

"နွယ် နေကောင်းတယ်နော်"

ကိုယ့်ဆေးရုံက ကိုယ့်အတွက် သီးသန့်အခန်းထဲမှာ ဝင်ထိုင်လိုက်သကဲ့သို့ ဒေါက်တာအောင်သူရက နွယ့်ရှေ့ကထိုင်ခုံမှာ သက်သောင့်သက်သာ ဝင်ထိုင်ကာ နွယ့်ကို နှုတ်ဆက်ခဲ့လေသည်။

□

နွယ်နှင့်သူ ဝေးကွာခဲ့ပြီးမှ တရားရုံးမှာ တစ်ကြိမ်သာ ပြန်တွေ့ခဲ့ကြသည်။ သည့်နောက်တွင် ပြန်လည် မဆုံမိခဲ့ကြတော့ပေ။ သားတွေနှင့်မှု အဆက်အသွယ် ပြတ်ခဲ့။ ကျောင်းပိတ်ရက်မှာ သူတို့ သားအဖတွေ ရန်ကုန်မှာ ဆုံတွေ့ကြမြဲ ဖြစ်လေ၏။

အရွယ်ရလာခဲ့ပေမယ့် စည်သူတို့ ဖေဖေမှာ နုပျိုကြံ့ခိုင်ကာ ယောကျ်ားပီသစွာ ချောမောဆဲပေ။ ယေယေကလိုပင် သပ်ရပ်သန့်ရှင်းစွာ ဝတ်စားဆင်ယင်ထားခဲ့သည်။ တန်ဖိုးကြီး ရှပ်အင်္ကျီလက်ရှည် အဖြူခံမှာ ရောင်စုံစင်း မှိန်မှိန်လေးများနှင့် အညိုဖျော့ဖျော့ ဘောင်းဘီရှည်ကို ဝတ်ဆင်ထားခဲ့သည်။ နွယ်တို့စကားဆက်မပြောနိုင်ကြသေးဘဲ တစ်ဦးကို တစ်ဦး အကဲခတ်စွာ ရင်ဆိုင်ကြည့်နေမိခဲ့ကြသည်။

လောကကြီးဟာ အံ့သြစရာပါပဲ။ ရိုးမြေကျမှာ မဟုတ်သော အိမ်ထောင်ရေးတစ်ခုနှင့် ခင်ဦးနွယ်ကို ကြုံတွေ့စေခဲ့တာ၊ အဖေရှိရက်နှင့် အဖေအုပ်ထိန်းမှု ...င်းမဲ့နေတဲ့ သားတွေရဲ့ မိခင်အဖြစ် ဘဝကို ရုန်းကန် ရင်ဆိုင်စေခဲ့တာ၊ ထိုအချိန် ...တွေကို ပြန်တွေးကြည့်မိလျှင် ရေးရေးသာ နာကျင်စေရုံတော့ရှိတော့ပြီ။ အချိန်တော် ...တော် များများမှာတော့ မေ့လျော့ထားနိုင်ခဲ့တာတွေဟာ တကယ် အံ့သြစရာကောင်း ...တဲ့ ခံနိုင်စွမ်းရည်အားတွေလား။ နောက်ဆုံးတော့ သည်ကမ္ဘာကြီးက ကျဉ်း... ...လေးပဲ ဖြစ်လေသည်။

□

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာအောင်သူရမှာ အလုပ်ကိစ္စဖြင့် မော်လမြိုင်မှ ရန်ကုန်ရုံးချုပ်သို့ ပြောင်းရွှေ့ခဲ့ပြီးသည်။ ရုံးချုပ်တွင် သူငယ်ချင်း ညွှန်ကြားရေးမှူး ဒေါက်တာမြ နှင့် ဆွေးနွေးခဲ့သည်။ သူ့ထံမှ သည်သတင်းကို ကြားသိခဲ့ရခြင်းပင်။ အမှုထမ်း ဆရာဝန်တိုင်း စိတ်ထဲမှာ ကိတ်တဆိတ်မိုးရှုံ့နေခဲ့သော အဖြစ်တစ်ခုနှင့် ခင်ဦး ရင်ဆိုင်ရတော့မည်ဆိုတာ သိခဲ့ရလေ၏။ သူ ခင်ဦးနွယ်ကို အသိပေးချင်ခဲ့သည် ရုံးစာ အသွားအလာတွေနှင့် ခင်ဦးနွယ် အနီးကပ်ပြီးမှသိရှိခဲ့လျှင် သူမ ပိုခံစား နိုင်သည်။ တယ်လီဖုန်းထဲမှာ ပြောရန်မကောင်းသဖြင့် ရန်ကုန်မှ ကိုယ်တိုင် လာ ခြင်း ဖြစ်လေ၏။ ခင်ဦးနွယ်နှင့်လည်း သူ တွေ့ချင်သည်လေ။

□

ခင်ဦးနွယ်ကို နောက်ဆုံး တွေ့ခဲ့တော့ ခင်ဦးနွယ် အမ်အက်(စ်)စီ နေစဉ် ဖြစ်သည်။ ဘွဲ့လွန်တက်ကာ စာပြန်ဖတ်နေရချိန်၊ ဆေးရုံကြီး ဂျူတီ ဆင်းနေရချိန်တွင် ဘွဲ့လွန်ဆရာဝန်တိုင်းလိုလို ဆေးခန်းဝင်ငွေမရှိ၊ မပြည့် ခံခဲ့လျှင် ဘွဲ့လွန်နှစ်နှစ်မှာ ရုန်းကန်ရသော အချိန်များသာ ဖြစ် သူက မန္တလေး ဆေးရုံကြီးတွင် ဆေးကုသဘွဲ့လွန် ဆက်တက်နေခဲ့၏။ သူ့အ ငွေရေးကြေးရေးက အခက်အခဲမဟုတ်။ မေသန္တာတို့က ပြည့်စုံကြွယ်ဝ မေသန္တာကိုယ်တိုင်ပင် ဆေးခန်းမထိုင်ဘဲ နေခဲ့လေသည်။

သူမကို နောက်ဆုံး တွေ့ရစဉ်က ရန်ကုန် ပြည်သူ့ဆေးရုံကြီးရဲ့ ဆုံးထပ် စင်္ကြံမှောင်မှာဖြစ်လေ၏။ ခင်ဦးနွယ် သာကူရိုစာအုပ်ထူတစ်အုပ်ကို လျက် စိုက်စိုက် စိုက်စိုက်ဖြင့် လာခဲ့၏။ သူမမှာ မယုံနိုင်လောက်အောင် ပိန် သည်။ သူမ ဝတ်ထားသော ပါဒိသ်ဂဝတ်စုံလေးမှာ သူမဝတ်တာ မြင်ဖူးခဲ့သ သော အရောင်အဆင်း ရေးရေးမှိန်မှိန်သာ ရှိတော့သည် နက်ပြာရောင်ခံ ပါး ဆင်လေး ဖြစ်လေ၏။ ရန်ကုန်ဆေးရုံကြီးသို့ မေသန္တာအဒေါ်တစ်ဦးရဲ့ လည် အကျိတ်ရောဂါကို လာပြပေးရင်း ရောက်ခဲ့သော အောင်သူရမှာ မျက်နှာချင်း မှ လျှောက်လာသော ခင်ဦးနွယ်နှင့် တည့်တည့် တိုးမိနေခဲ့သည်။ ဘာကြောင့် မှန်းမသိ သူ့ကို ခင်ဦးနွယ် တွေ့မြင်မှာ စိုးရိမ်မိကာ စင်္ကြံမှောင်ရိပ်ကကပ်လို့ လျှောက်မိလေ၏။ သူ့ စိုးရွံ့မှုမှာ မလိုအပ်ခဲ့ပေ။ ခင်ဦးနွယ်က ဘယ်သူ့ကို မကြည့်ဘဲ မြင်ဟန်လည်းမတူဘဲ ဆက်လျှောက်သွားခဲ့လေ၏။ အောင်သူရမှာ



နေရာမှာရပ်လျက် သူမနောက်ပိုင်းကို လှည့်ကြည့်ကျန်ရစ်မိလေသည်။

ခင်ဦးနွယ်နှင့်သူ ပထမနှစ်အကြိုတန်းမှာ လက်ထပ်ခဲ့ကြသည်။ သူတို့ နှစ်က မယ်သစ်လွင်ဘွဲ့ရသူမှာ နန်းဆန်စွာလှသော တောင်ပေါ်သူလေးတစ်ဦး ဖြစ်လေ၏။ မယ်သစ်လွင်ဘွဲ့မရဘဲ သူတို့ကျောင်းသားတွေဘက်က ရွေးချယ်ထား သူက တစ်ယောက်ဖြစ်ခဲ့၏။ ခင်ဦးနွယ်ပေ။ သူမ အလှကဆွဲဆောင်မှုရှိလှ၏။ ထို အလှ ရှိမှန်း သတိမထားမိသူမှာ သူမကိုယ်တိုင်ဖြစ်နေပြန်လေ၏။ ကြည်လင်သော မျက်လုံးညိုများရဲ့အကြည့်က ညို့ငင် ဝင့်ဝါခြင်းကင်းသည်။ အလွန်ရိုးသားလျက် အလွန်ထိုးဖောက်နိုင်သောအကြည့်ကို ခင်ဦးနွယ် ပိုင်ဆိုင်ထားခဲ့လေ၏။ သူမ၏ ပသော ကိုယ်လုံးလေးကို မတ်မတ်ထားကာ ခြေလှမ်းဟန်ကိုက ဝံ့စားလှလေ သည်။

ဆေးကျောင်းသားများ လေးနက်စွာ တန်ဖိုးထားမိနေသော အလှတစ်ပါး သူမ မသိလိုက်မီ ခင်ဦးနွယ်ကို အောင်သူရ လက်ထပ်နိုင်ခဲ့လေသည်။ လက်ထပ် ဆယ့်တစ်လ အကြာမှာ သားကြီးစည်သူကို မွေးဖွားနိုင်ခဲ့လေသည်။ ကျောင်း က်တက်ဖို့ ခင်ဦးနွယ်တက်တစ်လှည့် သူ့ဘက်တစ်လှည့် တာဝန်ယူခဲ့ရလေသည်။ က နယ်မှုဖြစ်လေ၍ ခင်ဦးနွယ်မိဘများရဲ့ ရန်ကုန်အိမ်မှာ သူတို့မိသားစု နေခဲ့ကြသည်။ စည်သူက အဘိုးအဘွားလက်ပေါ်မှာ ကြီးပြင်းခဲ့လေ၏။ ဝန်ထမ်း သားစုဖြစ်သော ခင်ဦးနွယ်တို့မိသားစုကြားထဲမှာ အတန်ချို့တဲ့စွာ နေခဲ့ကြရသည်။ ဦးနွယ်ရဲ့ အဝတ်အစားတွေသာမက သူမရဲ့ အလှအပတွေပါ အရောင်မှိန်ဖျော့ ခဲ့တာ သူမရဲ့ ဆေးကျောင်းသူ ဘဝတစ်လျှောက်လုံးတင်မက ယခု အမ် က်(စ်)စီ တက်နေစဉ်ကာလထိအောင် ပါပဲ။

အောင်သူရ လက်ထောက်ဆရာဝန် ဖြစ်စမှာ အလုပ်သင်ဆရာဝန် သန္တာနှင့် ငြိခဲ့ကြခြင်းပေ။ မေသန္တာက သူ့ဘဝကို အသစ်တစ်ဖန် ပြန်လည်စ နိုင်အောင် စိတ်လှုပ်ရှားစေခဲ့သူ ဖြစ်လေ၏။ နှလုံးသားရဲ့ အသစ်တစ်ဖန်စေစား ကောင်းဆိုရှက်ကို သူ မလွန်ဆန်နိုင်ခဲ့ပေ။ သူငယ်ချင်းများက ခင်ဦးနွယ်နှင့် ကြားစေ့ပေးခဲ့ကြစဉ် သူ့အတွေး သူ့ခံစားမှုတွေကို လွှမ်းမိုးနေသူမှာ မေသန္တာ သာ ဖြစ်နေခဲ့သည်။ ကလေး နှစ်ယောက်အမေ ခင်ဦးနွယ်ထက် သူနှင့်ပိုတိုက် နာမည်ပျက်ရှုရသော အမျိုးစင်မေသန္တာကိုသာ သနားကရုဏာ သက်ဝင်နေ

www.burmeseclassic.com

www.burmeseclassic.com



နေခဲ့မိလေ၏။ မေသန္တာကို သူ့နှလုံးသားထဲမှာ ဘယ်တော့မှမေ့ပျောက်နိုင် မတုတ်တော့ဘဲ မေသန္တာမပါသော ခရီးကို ငြိုးငွေ့ဖွယ် ဆက်ရတော့မည်ဟု သူ စိတ်လျှော့လိုက်မိခဲ့စဉ် တရားရုံးသို့ ချိန်းဆိုသော စာတစ်စောင်ကို ခင်ဦးနွယ်ထံမှ ရရှိခဲ့ခြင်း ဖြစ်လေ၏။

□

သူမက အခုတော့ ရင့်ကျက်တည်ငြိမ်နေခဲ့သည်။ တစ်ခါတုန်းက အလှတစ်ပါးက သူမထံမှာပြန့်လည် ခိုဝင်နေခဲ့ပြီ။ အပြစ်ကင်းစင် ရှိသော အလှမှ နိုင်မြဲအားမာန်ရှိသော အလှသို့မှ ပြောင်းလဲခဲ့လေ၏။ မျက်လုံးညိုများ၏ အကြည့်က တစ်ခါတုန်းက ရင်းနှီးနွေးထွေးမှုကို သတိရစေလေ၏။ သူမ၏ ဆွဲဆောင်မှုရှိသောအလှတွင် ညှိုးငယ်ခြင်း ဘယ်တုန်းကမှ မပါဝင်ခဲ့ပါလျက်၊ ယခု တစ်ဖန် ပြန်လည်တွေ့ဆုံသောအခါ သူမ၏အလှက ညှိုးအားရှိနေခဲ့သလို ခံစားမိလေ၏။ သူမကိုကြည့်မြင်ရသည်က အိမ်ထောင်မကျဖူးသော မိန်းမတစ်ယောက်လို ကြည်လင်စင်ကြယ်နေခဲ့တာ အံ့သြစရာပဲ။

"စည်သူ၊ ညီသူနဲ့ရော တွေ့ပြီးပြီလား ကိုသူရ"

သူမအသံကအစ အေးဆေးရင့်ကျက်ခဲ့လေသည်။

"ကိုယ်မှ အိမ်မသိဘဲ၊ ဆေးရုံကိုပဲ လာခဲ့တာပေါ့"

"စည်သူ၊ ညီသူတို့တော့ ကိုသူရကိုတွေ့ရင် သိပ်ဝမ်းသာကြမှာပဲ"

အောင်သူရ စိတ်မရှည်တော့နိုင်။ စီးကရက်ကို ဆင့်ကာဆင့်ကာ ဖွာရှိုက်ရင်း

"ဒါပေါ့ ဝမ်းသာကြမှာပေါ့။ သားအဖချင်းတွေကြတာပဲ။ သူ့စိမ်းတွေ မှ မဟုတ်တာ"

ခင်ဦးနွယ် ပထမဆုံးအကြိမ်အဖြစ် ပြုံးရယ်မိရလေ၏။ ကိုသူရမှာ အရင် က အတိုင်းပဲ။ မပြောင်းလဲခဲ့ပါလား။ စိတ်တိုဆတ်တတ်ဆဲ၊ စကားအကျကောက် တတ်ဆဲ။

"နွယ်လည်းလေ လိုသွားခဲ့ပါတယ်။ ကလေးတွေက ကိုသူရနဲ့ ချိန်းထား ကြတာ နွယ် မသိလိုက်ဘူး။ စည်သူက စာမေးပွဲပြီးပြီးချင်း ရန်ကုန်သွားချင်တာ နွယ် ခွင့်မပြုလိုက်မိဘူး။ ဒီပြဿနာတွေ ဖြစ်လာခဲ့တော့ နွယ် ခွင့်ပြုလိုက်မိရင်



အကောင်းသားလို့ တွေးမိရတယ်။ ကိုသူရ အခု သူတို့ညီအစ်ကိုကို လာခေါ်တာ လား"

ဒေါက်တာအောင်သူရမှာ ခင်ဦးနွယ် စကားများကို နားမလည်နိုင်ပေ။ သူ ဘာမှ သိထားခြင်းမရှိ။ သူ အံ့အားတသင့်ဖြင့်

"စည်သူ စာမေးပွဲ ဖြေခါနီးညမှာ ဖုန်းပြောခဲ့ရတယ်။ စာမေးပွဲဖြေပြီးရင် သူတို့ မော်လမြိုင်လာကြမယ် ဆိုတာလောက်တော့ သိတယ်လေ"

ခင်ဦးနွယ်လည်း အံ့အားသင့်သွားခဲ့သည်။

"စည်သူတို့ ကိုသူရကို ဖုန်းဆက်ပြောလို့ ကိုသူရ လာသလားလို့၊ ကိုသူရ ဘာမှမသိသေးဘူးလား"

"မသိဘူး။ ဘာတွေဖြစ်နေလို့လဲ"

ခင်ဦးနွယ်နှင့် အရွယ်ပြောင်းစ စည်သူတို့ရဲ့ ပဋိပက္ခကို ဒေါက်တာ အောင်သူရ မသိစေချင်ခဲ့။ သို့သော် ထိုသို့ မသိစေခြင်းမှာ တရားမျှတပါရဲ့လား။ ခင်ဦးနွယ် ပင့်သက်ရှိုက်မိရလေ၏။ ဤအကြောင်းကို ဖြစ်နိုင်လျှင် နွယ် တွေးတောင် ခတွေးမိချေ။ မဖြစ်နိုင်သောအခါမှာတော့ ကိုသူရကို အစအဆုံး ပြောပြမိနေခဲ့ တော့သည်။

"အဲဒီနေ့က စည်သူ စာမေးပွဲ နောက်ဆုံးရက်ပဲ။ နောက်တစ်ရက်မှာ ရန်ကုန်သွားချင်တယ်လို့ စည်သူ၊ ညီသူက ပူဆာတယ်။ ချက်ချင်းကြီးမို့ နွယ်က တားမိတယ်။ သူတို့ မကျေနပ်ကြဘူး။ ညီအစ်ကိုနှစ်ယောက် ညနေကတည်းက အိမ်က ထွက်သွားကြတယ်တဲ့။ ည ၈ နာရီအထိ အိမ်ပြန်မရောက်ကြဘူး။ ပိုင်းရှာ ကြရတယ်။ နွယ်တို့ဆီက A.S တစ်ယောက်က သူတို့ကို ပွဲခင်းထဲမှာ သွားတွေ့တယ်။ ဒီ.ဒိမှာ အမှုသမား လေးယောက်နဲ့ သူတို့ ရန်းရင်းဆန်ခတ်ဖြစ်နေတာ ဝင်ဆွဲပေးရင်း က သက်ဖော်နိုင်က အမှုသမားတစ်ယောက်ရဲ့ ဓားချက်ကို ခံလိုက်ရတာပဲ ကိုသူရ။ သူ Liver Tear ရသွားတယ်။ ချက်ချင်းပဲ ဆာဂျရီလုပ်ခဲ့ရတယ်။ အခုတော့ ကောင်းပါပြီလေ။ ဒီနေ့ S.T.O လုပ်ပြီး သူ ဆေးရုံက ဆင်းတော့မှာပါ။ ဆိုးတာက စည်သူကိုယ်စား သက်ဖော်…ရာက ဝင်ခံသွားရသလို ဖြစ်သွားတာပါပဲ ကိုသူရ"

"ကိုယ် ဒါတွေ ဘာမှမသိရပါလား နွယ်ရယ်။ ကိုယ့်ကို ဖုန်းဆက်

www.burmeseclassic.com

www.burmeseclassic.com

အကြောင်းကြားပါတော့လားကွာ''

ဒေါက်တာအောင်သူရ စိတ်ထိခိုက် သွားမိလေသည်။ သူ့သားတွေမှာ ဒီလို အန္တရာယ်မျိုးတွေနှင့် ကြုံကြိုက်နိုင်လောက်အောင် အရွယ်ရလာခဲ့ပြီဆိုတာ။ အနေအထိုင် အသွားအလာ လွတ်လပ်မှုကို ခုံမင်သော ယောကျ်ားလေးများ၏ အုပ်ထိန်းမှုကျွမ်းကျင်နိုင်နင်းဖို့ လိုအပ်လှတာများကို ပထမဆုံးအကြိမ်အဖြစ် သူ သတိရမိတော့လေသည်။ ထို A.S လေးသာ ကြားဝင်ခံမသွားခဲ့ရင် ဘာတွေ ဘယ်အထိ ဖြစ်ပျက်သွားမလဲ မစဉ်းစားဝံ့။ ဒေါက်တာအောင်သူရ ကိုယ်မတိုင်ခဲ့ ဖြစ်သွားခဲ့ရ၏။ သူ အမှတ်ရလိုက်လေသည်။

"ခုန A.S နာမည်က ဘယ်သူ"

"ဦးသက်ဇော်နိုင်။ နွယ့် ဝင်(၅)ထဲမှာ သူ အကြာကြီးလုပ်သွားခဲ့ဖူးတယ်"

ဒေါက်တာအောင်သူရ သူ့နဖူးကို လက်ဝါးဖြင့် ဖွဖွရိုက်သည်။

"အဲဒီကိစ္စအတွက် ကိုယ်လာခဲ့တာပဲ နွယ်"

နွယ် နားမလည်စွာ အောင်သူရကို ငေးကြည့်နေခဲ့သည်။

"မြေလတ်ဆေးရုံနဲ့ ပတ်သက်တဲ့ တိုင်စာတစ်စောင်အကြောင်း ကိုယ်ရုံးကန့်ရုံးချုပ်ကိုလာရင်း သိခဲ့ရတယ်။ နွယ်လည်း မကြာခင် သိရမှာပါပဲလေ။ ဒါပေမယ့် ကြိုသိထားရင် စိတ်အေးအေးထားနိုင်အောင် ကိုယ် တမင်လာပြောတာ။ ရုံးချုပ်က စစ်ဆေးရေးအဖွဲ့က အခုလာမယ့်နှစ်ပတ်အတွင်းမှာ မြေလတ်ကို ရောက်လာလိမ့်မယ်။ အမိန့်စာထွက်ပြီးနေပြီ''

ခင်ဦးနွယ် မချိပြုံးဖြင့်

"နွယ်လည်း T.M.O ဦးအောင်မြင့် ပြောပြထားလို့ သိပြီးပါပြီ ကိုသူရ။ ဆာဂျစ်ကယ်ဝင်(၅)က လူနာတစ်ယောက်နဲ့ ပတ်သက်တဲ့တိုင်စာလို့တော့ သိရတယ်။ တိတိကျကျမသိရသေးပါဘူး''

"တကယ ပစ်စာမဟုတ်ဘူး နွယ်။ တိုင်စာတစ်စောင်ပဲ။ အရေးမယူလို့မရဘူး။ မြို့ခံနဲ့ဆေးရုံဖြစ်တဲ့ကိစ္စမို့ ရုံးချုပ်က တိုက်ရိုက်လာစစ်လိမ့်မယ်။ ခုန ဦးသက်ဇော်နိုင်ဆိုလို့ ကိုယ်သူ့နာမည်ကို အမှတ်ရသွားခဲ့တာ။ အဲဒီဦးသက်ဇော်နိုင်ကို အဓိကထားပြီး တိုင်ထားခဲ့တာပဲ''

နွယ် အံ့အားသင့် မင်တက်မိသွားခဲ့သည်။ စိတ်မကောင်းစွာ



"နွယ်သာ တာဝန်အရှိဆုံးပဲ သူ့ကို အာမခံကြောင့် ဆွဲထည့်ရသလဲ။ သူက လုပ်သက် နုသေးတာ။ လူတော်တစ်ယောက်မှာ စိတ်ဒဏ်ရာ မရစေချင်ပါဘူး"

ညည်းညူသလို ပြောမိရလေ၏။ ဒေါက်တာအောင်သူရ နှစ်သိမ့်အားပေးစွာ အသံကိုနိမ့်ချလို့ တိုးတိုးဆက်ပြောခဲ့လေ၏။

"ကိုယ်လည်း စိတ်မကောင်းပါဘူး နွယ်။ တာဝန်ရှိသူတစ်ယောက်အနေနဲ့ နွယ်လည်းပါနေခဲ့တယ်။ ဆာဂျစ်ကယ်ဝင်(၅)က ဆာဂျင်နဲ့ A.S ဦးသက်ဇော်နိုင်ကို တိုင်ထားခဲ့တာပဲ။ စွပ်စွဲချက်တွေကလည်း ပြင်းထန်လှတယ်"

နွယ် စကားမပြောနိုင်တော့ဘဲ ငြိမ်သက်သွားမိခဲ့လေ၏။ အသံတိတ်ပေါက်ကွဲခဲ့သော အနိုးအငွေ့တွေ ကြားထဲမှာ နွယ် အသက်ရှူရမွန်းကျပ်စွာ ရောက်ရှိသွားတော့သကဲ့သို့ပါပေ။

□

"Stitch တွေ အရမ်းကောင်းတယ် ကိုညီ။ အမာရွတ်လေးကအစ လှတယ်။ ကောဝ်မှုကအာ ꩻကတော့ မှန်ကြည့်တိုင်း အမာရွတ်ကိုမြင်ရလို့ အခဲမကျေဖြစ်ရတယ်။ မင်းကတော့ လှန်ကြည့်တိုင်း အမာရွတ်ကိုမြင်ရလို့ ခွေးမပြေရတယ်ပေါ့ကွာ''

နော်အေမိမရှိုက် ဆရာယဉ်မျိုးက သက်ဇော်နိုင်ကို စလေ၏။ ဘာမှ ပေါ်ပါးရွှန်းပြက်စွာ၊ မိန်းမတွေကိုတော့ အနည်းငယ်သသောမကျစွာ နေတတ်သော ဆရာယဉ်မျိုးက သက်ဇော်နိုင် ရင်ထဲကဝေဒနာကိုသိပြီး မကြာမီမှာ နှစ်ယောက်ချင်းသာ နားလည်နိုင်သောစကားတွေဖြင့် သက်ဇော်နိုင်ကို စနောက်နေခဲ့ပြီဖြစ်လေ၏။ မထူးတော့ပြီမို့ သက်ဇော်နိုင်ကလည်း အညှံ့မခံခဲ့တော့ပါပေ။

"အထင်မသေးနဲ့လေ။ ခွေးရေခင်တောင် လွှဲရတဲ့ တစ်ညလေးအတွက် အတူခွေးရတဲ့ရက်တွေ ဖြစ်မှာပါ''

"ဟ ဒုက္ခပါလား။ ရှုံးလည်းရှုံးတဲ့ ကိုညီပဲ''

သူတို့ ရယ်ကာမောကာ စော့နေမိသည့်တိုင် ဒေါ်ခင်ဦးနွယ်က ရောက်မလာခဲ့။ သက်ဇော်နိုင် ခုတင်ပေါ်က ဆင်းသည်။ ဖြေလျှော့ထားသော ပုဆိုးကို ပြင်ဝတ်သည်။

"မမနွယ် ဘာတွေအလုပ်များနေလဲ မသိဘူး။ ကျွန်တော်ပဲ သွားတွေ့လိုက်တော့မယ်။ မမနွယ် ကြည့်ပြီးရင် ဆင်းခွင့်တောင်းတော့မယ်ဗျာ''

www.burmeseclassic.com

www.burmeseclassic.com

"သွားကြတာပေါ့"

သက်ဇော်နိုင်နှင့် ဦးယဉ်မျိုး ခွဲစိတ်ကုသဆောင်ဆီသို့ လျှောက်လာခဲ့ကြလေသည်။

□

ခန်းဆီးစ သိမ်းဖယ်ဝင်လာခဲ့သော သက်ဇော်နိုင်နှင့် ဦးယဉ်မျိုးမှာ ဒေါ်ခင်ဦးနွယ်ထံမှာ ညွှန့်သည်တစ်ဦး ရှိနေခဲ့တာ တွေ့လိုက်ရလေ၏။ ညွှန့်သည်က စကားတိုးတိုးပြောနေလျက် ဒေါ်ခင်ဦးနွယ်က ခေါင်းငုံ့နားထောင်နေခဲ့၏။ သူတို့နှစ်ဦးက ဝင်လာသူများကို အံ့အားတကြီးနှင့် လှမ်းမော်ကြည့်လိုက်သည်။ ဒေါ်ခင်ဦးနွယ်က နေရာမှထရပ်လိုက်သည်အထိ အခြေပျက်သွားခဲ့သည်။ ဦးယဉ်မျိုးက အခြေအနေကို ဦးစွာထိန်းသိမ်းလိုက်သူ ဖြစ်ခဲ့သည်။

"ခေါ်ရီးပဲ ဒေါ်ခင်ဦးနွယ်။ ညွှန့်သည်ရှိနေတာ ကျွန်တော်တို့ သတိမထားလိုက်မိဘူး"

မင်တက် ကြောင်အေနေသော သက်ဇော်နိုင်ရဲ့ လက်မောင်းကို ဆုပ်ကိုင်တွန်းလှတ်ကာ အပြင်ပြန်ထွက်ဖို့ ပြင်သည်။

"ကိစ္စမရှိပါဘူး။ ထိုင်ကြပါဦး။ S.T.O ပြီးခဲ့ပြီလား။ ကောင်းရဲ့မဟုတ်လား။ ကျွန်မလည်း အခုပဲ လာကြည့်မလို့ပါ"

"ကောင်းပါတယ် ဒေါ်ခင်ဦးနွယ်။ ကျွန်တော် လုပ်ပေးလိုက်ပါတယ်"

"ထိုင်ပါဦး။ ဆရာဝန်နဲ့ တစ်ခါတည်း မိတ်ဆက်ပေးလိုက်ရအောင်"

ဒေါ်ခင်ဦးနွယ်က ထပ်ပြောခဲ့၍ ဦးယဉ်မျိုးနှင့် ဦးသက်ဇော်နိုင်တို့က ထိုင်ခုံလွတ်များမှာ ဝင်ထိုင်ခဲ့ကြသည်။ ညွှန့်သည်က နှုတ်ဆက်သလို ခေါင်းညိတ်လိုက်လျက် သက်ဇော်နိုင်ကို အထူးသဖြင့် အကဲခတ်နေခဲ့လေသည်။

"ဒါက စည်သူ၊ ညီသူတို့ ဖေဖေ ဒေါက်တာအောင်သူရပါ။ မော်လမြိုင်ဆေးရုံမှာ တာဝန်ကျနေပါတယ်။ ကျွန်မတို့ ဆေးရုံက A.S တွေပါ။ ဒေါက်တာဦးယဉ်မျိုးနဲ့ ဒေါက်တာသက်ဇော်နိုင်ပါ ကိုသူရ"

ဒေါက်တာအောင်သူရက ထိုင်ရာကထလျက် သူတို့နှစ်ဦးကို လက်ဆွဲနှုတ်ဆက်ရင်း လှိုက်လှဲစွာပြောလေ၏။

"ကျွန်တော် အောင်သူရပါ။ အခုပဲ ဒီကိစ္စကို ကျွန်တော်တို့ပြောနေကြတယ်။ ဦးသက်ဇော်နိုင်သတင်း ကြားရတဲ့အတွက် ကျွန်တော် စိတ်မကောင်း



ပါဘူး။ ဒါပေမယ့် သားတွေကို စောင့်ရှောက်ပေးခဲ့တဲ့အတွက် သိပ်ကျေးဇူးတင်တဲ့အကြောင်းတော့ ပြောပါရစေဗျာ"

ညွှန့်သည်က ဒေါ်ခင်ဦးနွယ်၏ ခင်ပွန်းဟောင်း ဒေါက်တာအောင်သူရပေကိုး။ အရပ်က ငါးပေ ဆယ်လက်မခန့် ရှိမည်။ ကိုယ်ခန္ဓာက အနည်းငယ်ပြည့်သည်။ အသားလတ်လတ်။ သန့်ပြန့်မှန်ရည်သောရုပ်ရည်ရှိသည်။ မထူမပါးသော နှုတ်ခမ်းမွေးများက စည်သူနှင့်တူလှတာ သိထားမိလေ၏။ ယဉ်မျိုးတို့ကဲ့သို့ ဆရာဝန်ပါပဲဟု မိတ်ဆက်ပေးဖို့မလိုသော သူတစ်ယောက် ဖြစ်လေ၏။ ဒေါ်ခင်ဦးနွယ် အစဉ်သတိရတမ်းတနေလောက်အောင် သူက ယောက်ျားပီသစွာ ခန့်ချောနေခဲ့တော့လေသည်။ သို့ပေမယ့် အစဉ်သတိရတမ်းတနေသူနှင့် တွေ့နေရသော ဒေါ်ခင်ဦးနွယ်ရဲ့ မျက်နှာမှာ ပျော်ရွှင်သော အပြုံးတွေ ဝေမနေခဲ့တာဘာကြောင့်ပါလိမ့်။ ဒေါ်ခင်ဦးနွယ်မှာ သောကမကင်းသလို ညှိုးရိုပ်လမ်းနေခဲ့သည်။ သက်ဇော်နိုင်ကို သတိရ လှမ်းကြည့်မိတော့ ကိုညီမျက်နှာတွင် ဟန်ဆောင်ထားသော အပြုံးတစ်ခုရှိနေခဲ့လေ၏။

"ဆရာ ဒီသတင်းကြားလို့ လိုက်လာခဲ့တာပါလား"

ဦးယဉ်မျိုးက ယဉ်ကျေးစွာ စပ်စုလေ၏။ ကိုညီအတွက်ပေ။ ဒေါက်တာအောင်သူရကလည်း ယဉ်ကျေးစွာ ခေါင်းခါလျက်

"မဟုတ်ဘူးခင်ဗျ။ ကျွန်တော်လာတာ တခြားကိစ္စတစ်ခုပါ။ ဒီရောက်မှ အကျိုးအကြောင်းသိရလို့ တော်တော်ပဲ ထိတ်လန့်သွားမိပါတယ်"

စီးကရက် နောက်တစ်လိပ်ညှိရင်း ဖြေလေ၏။ ကိုညီ သိလိုမည်ကို ကိုယ်စား မေးပေးမိကာမှ အခြေအနေက ပိုဆိုးသွားပြီလား မသိ။

"ကျွန်တော် ဒီနေ့ အိမ်ပြန်တော့မလို့ မမနွယ်"

သူ့အတွေးနှင့်သူ ငြိမ်နေသော ခင်ဦးနွယ်သို့ သက်ဇော်နိုင်က ပြောခဲ့၏။ ခင်ဦးနွယ် အတွေးမှနိုးထခဲ့ကာ

"ရတာပေါ့။ နေကောင်းနေပြီပဲ၊ ပြန်လို့ရပါတယ်"

ပြောခဲ့ပြီး ငြိမ်ငြိမ်သက်နေခဲ့၏။ မမနွယ်၏ လက်ရာ သူ့ဝမ်းဗိုက်ပြင်ပေါ်က ချုပ်ရိုးလေးကို သူမ ပြန်ကြည့်ချင်ဦးမလားဟု သက်ဇော်နိုင် စောင့်နေမိသေး၏။ မမနွယ်က ဘာမှစကားမဆက်ခဲ့တော့။ သူမရဲ့ အတွေးထဲက အကြောင်းအရာတွေက မနေ့ကအထိ သူမ စိတ်ဝင်စားနေခဲ့သော အကြောင်းအရာ မဟုတ်တော့

www.burmeseclassic.com



သည်။ သူကတော့ ဒေါက်တာအောင်သူရသို့ တစ်ချက် မော်ကြည့်ခဲ့သည်။ ဒေါက်တာအောင်သူရက မျက်နှာမှိုင်ကာ အနိုင်အယောင် တစ်ခုခုကို ပြလိုက်သည် ထင်၏။ ဦးအောင်သူရ နေရာမှထခဲ့သည်။

"ကျွန်တော် မြေလတ်ကို တစ်ခါမှ မရောက်ဖူးတော့ ဆေးရုံကိုပဲ ဝင်လာခဲ့တာ။ ဆေးရုံဝင်းထဲမှာပဲ ဝန်ထမ်းအိမ်ရာတွေရှိမယ် ထင်မိတာ။ အိမ်တော်ကိုရောက်သေးဘူး။ ကလေးတွေနဲ့ သွားတွေ့လိုက်ပါဦးမယ်။ အထက(၂) ကျောင်းဝင်းနဲ့ ကပ်ရက် မြို့ဝင်းဆိုတော့ ရှာရတာ လွယ်မှာပါ။ ကိုယ် သွားတွေ့လိုက်ဦးမယ် နွယ်"

ဒေါ်ခင်ဦးနွယ်က ခေါင်းညိတ်ပြခဲ့သည်။ သက်ဇော်နိုင်နှင့်ဦးယဉ်မျိုးပါ လိုက်ထခဲ့ပေ၏။

"ဆရာတို့တဲ့ ကျွန်တော် အေးအေးဆေးဆေး တွေ့ကြဦးမှာပါ။ ကျွန်တော် ဒီမှာ ကလေးတွေနဲ့ နှစ်ရက် သုံးရက်လောက် နေလိုက်ဦးမယ် စိတ်ကူးထားတယ်။ ကျွန်တော့်ကို ခွင့်ပြုပါဦးနော်"

"ကျွန်တော်တို့ အတူတူသွားကြတာပေါ့။ ကျွန်တော်လည်း အခုပဲ အိမ်ပြန်တော့မလို့။ ဆရာ့ကို စည်သူတို့ဆီလိုက်ပို့ပေးပါမယ်"

သက်ဇော်နိုင်က ယဉ်ကျေးစွာပြောတော့ ခင်ဦးနွယ်က ဝင်ပြောခဲ့လေ၏။

"သက်ဇော်နိုင်က အခုပဲ ဆေးရုံက ဆင်းတော့မလို့လား။ ကိုယ် မင်းကို ပြောစရာ ကိစ္စလေးတစ်ခု ရှိနေတယ်" ဟုပြောကာ ဦးယဉ်မျိုးသို့ ခွင့်တောင်းသလို မော်ကြည့်လေ၏။

"ကျွန်တော်နဲ့ သွားကြတာပေါ့ ဆရာ။ ကျွန်တော် လိုက်ပို့ပေးပါမယ်"

ဦးယဉ်မျိုးက ပေါ့ပါးသွက်လက်စွာ ဝင်ပြောခဲ့သည်။ သက်ဇော်နိုင်ကို ထားရစ်လို့ ဒေါက်တာအောင်သူရနှင့် အတူ ဒေါ်ခင်ဦးနွယ်အခန်းမှ ထွက်သွားကြလေ၏။

□

"သက်ဇော်နိုင် နေကောင်းရဲ့လား"

မမနွယ်၏ နွေးထွေးသောအပြုံးလေးက သက်ဇော်နိုင်အတွင်းစိတ်ထဲက မကျေချမ်းရိပ်များကို လွင့်ပြေးစေခဲ့ပါလေ၏။

"ကောင်းပါတယ် မမနွယ်"



ခင်ဦးနွယ် စကားစဖို့ ခက်နေခဲ့၏။ ကျန်းမာလာစ သက်ဇော်နိုင်အတွက် သည်စကားများက ကြမ်းတမ်း ထိရှလွန်းနေမလား။

"ဒီအချိန်မှာ မင်းကို အသိပေးရတာ ကိုယ် စိတ်မကောင်းပါဘူး သက်ဇော်နိုင်။ ဒါပေမယ့် မပြောရင်လည်း မဖြစ်လို့ ပြောရမှာပါ"

"ရပါတယ် မမနွယ်။ ကျွန်တော်က အရင်သက်ဇော်နိုင် မဟုတ်တော့ပါဘူး။ သွေးတွေသွင်းထားလို့ သွေးသစ်လောင်းထားတဲ့ သက်ဇော်နိုင် ဖြစ်နေပါပြီ"

သက်ဇော်နိုင်က ခင်ဦးနွယ်ကို နှစ်သိမ့်သလိုပြောရင်း ပြုံးရယ်ခဲ့၏။ သက်ဇော်နိုင် ပိန်ကျသွားခဲ့သည်။ ဆံပင်တွေ ရှည်နေခဲ့၍ ညှဉ်းသိုးသိုးပင် ဖြစ်နေခဲ့လေ၏။ မျက်နှာမှာ ချောင်ကျနေခဲ့ကာ ကြည်လင်စူးရှသော မျက်လုံးချည်းသာ ကျန်တော့သလိုပေ။ ကျန်းမာစမှာ အလဲထိုးနက်မယ့် အဖြစ်တစ်ခုနှင့် သက်ဇော်နိုင် ကြုံရ တော့လေမလား။ နွယ် ပင့်သက်ရှိုက်မိရလေ၏။

"မြေလတ်ဆေးရုံနဲ့ ပတ်သက်တဲ့ တိုင်စာအကြောင်း သက်ဇော်နိုင် ကြားပြီးပြီလား"

"စာရေးကြီး တိုင်းရုံးသွားတယ် ဆိုတာလောက်ပဲ သိတယ် မမနွယ်။ ဆေးရုံရဲ့ ဘယ်ဌာနကို တိုင်တယ်ဆိုတာတောင်မှ ကျွန်တော် မသိသေးပါဘူး"

"ကိုအောင်သူရ ရန်ကုန်ကို ရုံကိစ္စတစ်ခုနဲ့ ရောက်ရင်း တိုင်စာအကြောင်း သိလာခဲ့တယ်။ ဒီကိစ္စ ကိုယ့်ကို လာပြောပြတာပဲ သက်ဇော်နိုင်"

သူတို့ဝင်လာကတည်းက မမနွယ် မျက်နှာမကောင်းလှတာ သက်ဇော်နိုင် ပြန်အမှတ်ရမိခဲ့လေ၏။ သူ စိုးရွံ့ပူပင်လာမိစွာ

"အဲဒီတိုင်စာက မမနွယ်နဲ့တော့ မပတ်သက်ဘူး မဟုတ်လား"

ခင်ဦးနွယ် နာကျင်စွာပင် ပြုံးမိရလေ၏။

"ကိုယ့်ကိုတိုင်တာပါပဲ သက်ဇော်နိုင်။ စိတ်မကောင်းစရာတစ်ခုကတော့ မင်းလည်းပါနေတယ်။ ကိုယ်တို့ ခွဲစိတ်ခဲ့တဲ့ လူနာတစ်ယောက်နဲ့ ပတ်သက်ပြီး လူနာရဲ့သားက မကျေနပ်လို့ တိုင်ခဲ့တာပါပဲ"

သက်ဇော်နိုင် အံ့ဩ တိတ်ဆိတ်သွားမိရလေ၏။ သူ မမျှော်လင့်မိ။ တစ်ဆေးရုံလုံးမှာ အလုပ်လုပ်နိုင်ခဲ့သူ တစ်ယောက်ကို အပြစ်မြင်ခဲ့ပြီဆိုတော့ လောကကြီး ဘာတွေများ ဖြစ်ပျက်ကုန်ပြီလဲ။ မမနွယ်က သက်ဇော်နိုင်ပါ တိုင်ကြားခံရသည့်အတွက် စိတ်မကောင်းပါဟု ဆိုခဲ့သည်။ သက်ဇော်နိုင်က စိတ်မကောင်း

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပါ။ မနွယ် အတိုင်းခံရမှုတော့ သူပါ ပါဝင်ဖို့လိုမည်။ သူက မနွယ်ကို ထိခိုက်အောင် ကာကွယ်ကာ ထိုအမှုထဲမှ ပထုတ်သွားနိုင်လိမ့်ဟု မျှော်လင့်လိုက်မိလေ၏။

"သက်ဇော်နိုင် စိတ်ထိခိုက်သွားသလား"

"မထိခိုက်ပါဘူး မနွယ်။ ထင်သလောက် မထိခိုက်ဘူး ဆိုပါတော့။ ကျွန်တော့်ဘဝမှာ သီရေတာထဲက ရင်လျက် ပြန်ထွက်လာပြီးမှတော့ ဘာမှထူးပြီး ထိခိုက်စရာမရှိတော့ဘူး"

သက်ဇော်နိုင် ခွဲစိတ်ကုသခံရသည့်အဖြစ်ကို အခြားသူထံက ကြားရသည်ပဲဖြစ်ဖြစ်၊ သူ့ထံက ကြားရသည်ပဲဖြစ်ဖြစ်၊ နွယ် ခေါင်းထုံထုံထား နားသောင်မိတော့သည်။ နွယ့် ရင်ထဲမှာ လှိုင်းတစ်ခုဖြတ်သွားသလို ခံစားရတော်မြဲပေ။ မျက်နှာပေါ်မှာ ဖြတ်သွားသည်ကတော့ အပူလှိုင်း။ သားတွေနှင့် ပတ်သက်နေသည့်မို့ မျက်နှာပူရသည်လေ။

"သက်ဇော်နိုင် အံ့ဩသွားလိမ့်မယ်။ တိုင်တဲ့ကေ့(စ်)က ကိုယ်နဲ့မင်း ဆာဂျရီ လုပ်ပေးတဲ့ ဦးမြမောင်ပါပဲ။ ခွဲစိတ်ပြီးတဲ့ သုံးရက်မြောက်မှာ ထင်တယ် ဆုံးသွားတဲ့ကေ့(စ်) လေ မှတ်မိလား"

"သိပ်ကိုမှတ်မိပါတယ် မနွယ်။ ကျွန်တော် ကုလို့ ကောင်းသွားတဲ့ လူနာတွေနာမည်ကို မမှတ်မိရင်သာ ရှိမယ်၊ ကျွန်တော် ရှုံးခဲ့တဲ့ ပေးရှင့်တွေကိုတော့ ဘယ်တော့မှမေ့လို့မရပါဘူး။ အံ့ဩတာတစ်ခုပါပဲ၊ ဘာဖြစ်လို့ တိုင်သလဲဆိုတာ ကျွန်တော် မစဉ်းစားတတ်ဘူး မနွယ်"

ခင်ဦးနွယ် နေရာမှ လှမ်းကြည့်လျှင် ဆေးရုံအဝင်ဝက စိန်ပန်းပင်လေးနှစ်ပင်ကို လှမ်းမြင်ရနိုင်လေ၏။ စိန်ပန်းပင်လေးတွေက ကြီးပြင်းလာခဲ့ကြပြီ။ စိန်ပန်းပင်လေးတွေ နောက်ထပ် တစ်နှစ်မကြီးခင် သူမ ပြောင်းရွှေ့သင့်ပြီလား။ သက်ဇော်နိုင်က အတွေးဖြင့် ငြိမ်သက်နေသော ခင်ဦးနွယ်ကို မနှောင့်ယှက်တော့ဘဲ စိတ်ကူးကောင်းသော ပန်းချီကားတစ်ချပ်ကို ငေးနေမိသလိုမျိုး တမိန့်မိန့် ငေးကြည့်ရင်း တိတ်ဆိတ်နေမိခဲ့လေ၏။

□

တိုင်ကြားစာရဲ့ အကျဉ်းချုပ်မှာ ဤသို့ပေ။

မိမိနိုင်ငံခြားမှာ ရှိနေခိုက် မြေလတ်ဆေးရုံတွင် ခွဲစိတ်ကုသခံခဲ့ရသော



ဖခင်မှာ ခွဲစိတ်ပြီး မကြာမီ သေဆုံးသွားခဲ့ကြောင်း။ သေဆုံးခဲ့ခြင်းမှာ ဆရာဝန်များကြောင့်ဟု မိမိ သံသယရှိပါကြောင်း။ ဖခင်ကို ခွဲစိတ်ရာတွင် သာမန်ဆရာဝန် တစ်ဦးကိုသာ ခွဲစိတ်စေခဲ့ခြင်း။ ၎င်းဆရာဝန်မှာ မြေလတ်ဆေးရုံ၏ ခွဲစိတ်မှုနှင့်သမားကို ခွဲစိတ်နေခဲ့ပြီး ခွဲစိတ်အထူးကုတွဲ့လွှန်ရရှိဖို့ ကြိုးပမ်းနေသူတစ်ဦးဟု သိရှိရကြောင်း။ သက်ရှိ ခွဲစိတ်အထူးကု ဆရာဝန်မှာ ၎င်းအား အားပေးအားမြှောက်ပြုနေကြောင်း။ အရေးကြီးသော မိမိ၏ ဖခင်ကိုခွဲစိတ်ရာတွင်ပင် အထူးကုဆရာဝန်မှ ဦးဆောင်ခွဲစိတ်ခြင်းမရှိခဲ့။ ထိုကဲ့သို့ ပုဂ္ဂိုလ်ရေးဦးစားပေးမှုကြောင့် ဖခင်မှာ ခွဲစိတ်ခုတင်ထက်က အစမ်းသပ်ခံတစ်ဦးအဖြစ် သေဆုံးခဲ့ခြင်းဟု သံသယဝင်မိပါကြောင်း။ တိုင်စာမှာ ရှည်လျားလှသည် ဆိုခဲ့၏။ အဓိကအချက်များကိုသာ ကိုအောင်သူရက မှတ်သားခဲ့တာ ဖြစ်လေသည်။

တစ်ခါတုန်းက သက်ဇော်နိုင်ကို မခွဲစိတ်မီ တည်ငြိမ်စွာရင်းပြခဲ့သလို ပြောပြနိုင်အောင် နွယ် ကြိုးစားခဲ့သည်။ သည်စဉ်ကတော့ သက်ဇော်နိုင်က တည်ငြိမ်ရဲရင့်စွာ ရင်ဆိုင်ခဲ့သူ ဖြစ်လေ၏။ သည်တစ်ကြိမ်မှု နွယ် ပြောပြခဲ့လို့ တချို့တစ်ဝက် ရောက်ပြီဆိုလျှင် သက်ဇော်နိုင် လှုပ်လှုပ်ရှားရှားဖြစ်ခဲ့သည်။ ထိုင်ရာက ထလျက် နံရံမှာ ကပ်ထားသော တာအုပ်စင်လေးဆီ သွားသည်။ နွယ့်ကို ကျောခိုင်းကာ တာအုပ်တွေကို တဖျတ်ဖျတ်လှန်သည်။ အသက်ရှူမြန်ကာ သူ့ကျောပြင် အနိမ့်အမြင့် လှုပ်ရှားနေခဲ့၏။ နွယ့်စကားဆုံးတော့ တက်တစ်ချက် ပြင်းပြင်းခေါက်လေ၏။

"တော်တော်ရယ်စရာ ကောင်းတာပဲ။ ဘာမှ အခြေအမြစ်မရှိဘဲ ကျွန်တော့် ကိုရော မမနွယ်ကိုပါ ထိခိုက်အောင်လုပ်တာ သက်သက်ပဲ။ အဲဒီလူနဲ့ ကျွန်တော် တွေ့ချင်တယ် မမနွယ်"

သည်လိုဖြစ်လာမှာတွေ နွယ် ခွင့်မပြုနိုင်ပေ။ သက်ဇော်နိုင်အနီးသို့ လျှောက်ခဲ့ရင်း

"သက်ဇော်နိုင် ဒီလို စိတ်လွတ်ကိုယ်လွတ်တော့ မဖြစ်သင့်ဘူး။ ဒီကိစ္စကို သူတို့ဘက်က မြို့ထဲမှာ လျှောက်ပြောပြီး ကိုယ်တို့ကို နာမည်ဖျက်ရင်ရတာပဲ။ ကိုယ်တို့ ဘယ်လိုမှ လိုက်ပြီးဖြေရှင်းပြနိုင်မှာ မဟုတ်ဘူး။ သူတို့က ဒီလို မလုပ်ခဲ့ဘူး။ အလုပ်ကိုပါ ထိခိုက်အောင်အထိ ရည်ရွယ်တာလည်း ပါတာပေါ့လေ။ ဌာနထဲက စနစ်တကျ စွပ်စွဲခဲ့တာဆိုတော့ ကိုယ်တို့ကလည်း သူတို့ကို စနစ်တကျပဲ ပြန်ရှင်းဆိုင် ဖြေရှင်းကြရမှာ"

www.burmeseclassic.com

www.burmeseclassic.com



"သူတို့ ဟုတ်လားမမနွယ်"

ခင်ဦးနွယ် ရှိသားသော သူ့မျက်လုံးများသို့ ပြုံးမိလေ၏။

စာအုပ်စင်လေးတွင် မှီရပ်လျက် သက်ဇော်နိုင်သို့ ခပ်ပြုံးပြုံးပင် ပြောခဲ့သည်။

"ကိုယ်တို့ ပေးရှင့်တစ်ယောက်ကို ခွဲတဲ့အခါ ဒီဆရာဝန်က ဆောကျင်အဖြစ် ခွဲတာလား။ ဒီဆရာဝန်က လက်ထောက်အဖြစ်ခွဲတာလားဆိုတာ ပေးရှင့်တွေ အတိအကျသိကြလို့လား။ အတူတူခွဲကြတယ် ဆိုတာသာ သိတယ် မဟုတ်လား။ အခုတိုင်စာမှာတော့ တိတိကျကျ ပါနေတယ်။ သက်ဇော်နိုင် ဘွဲ့လွန်ယူဖို့ ရည်မှန်းထားတာတောင် ပါနေသေးတယ်။ ကိုယ် စဉ်းစားကြည့်နေမိတာလေ။ ဘိုင်တဲ့သူမှာ အဖော်တစ်ယောက်ရှိနေမယ်။ အဲဒီတစ်ယောက်က ဆေးရုံရဲ့ အလေ့အထကို နားလည်နေတဲ့တစ်ယောက်များ ဖြစ်မလားလို့"

သက်ဇော်နိုင် အတွေးထဲမှာ ရှုံးသွားခဲ့သည်။ တစ်ခုခုကို သိလိုက်သလို ရှိလေ၏။ သက်ဇော်နိုင်ရဲ့ မျက်နှာပေါ်က အံ့သြခြင်း၊ မယုံနိုင်ခြင်းအရိပ်အယောင် တို့ကို ခင်ဦးနွယ် မြင်လိုက်ရရင်း

"ဘယ်လိုလဲ ဟင်"

"ကျွန်တော် နားလည်ပြီ မမနွယ်"

"နားလည်ရင် ကိုယ်တို့စိတ်ထဲမှာပဲ ထားလိုက်ပါ။ အထင်ဆိုတာကလည်း မှားနိုင်သေးတာပဲ။ ကိုယ်တို့ကို ဒီလို နောက်ဆက်တွဲတွေဖြစ်လာဖို့အထိ ရည်ရွယ်ချက်နဲ့ ရည်ရွယ်မှာပါ။ မရည်ရွယ်တဲ့ ဆေးရုံကစကားကို အပြင်မှာပြောလိုက်မိတာ သက်သက်လည်း ဖြစ်နိုင်တာပဲ"

သက်ဇော်နိုင်က တစ်ခုခုကို ခါထုတ်လိုက်သလိုမျိုး ခေါင်းခါခဲ့လေ၏။

"အဲဒီစကားကို ပြောလိုက်တဲ့ အချိန်မှာတော့ စေတနာမှန်နဲ့မဖြစ်နိုင်ဘူး မမနွယ်"

ခင်ဦးနွယ် ပင့်သက်ရှိုက်မိသည်။

"စစ်ဆေးရေးအဖွဲ့က လာတော့မှာပဲ။ အဲဒီကျရင်တော့ တစ်ဆေးရုံလုံးလို အစစ်ခံကြရမှာပါပဲ။ ကိုယ်နဲ့ သက်ဇော်နိုင်ကတော့ အဓိကအစစ်ဆေးခံရမယ့် ပုဂ္ဂိုလ်ကြီးတွေပေါ့ကွာ။ ဒီညနေတော့ ဆရာဦးအောင်မြင့်ကို ကိုယ် ပြောပြရမယ်။ ဆရာလည်း ဒီအတွက်နဲ့ အတော် ဦးနှောက်ခြောက်နေခဲ့ရတာ"



"အစ်ကိုကိုရော ကျွန်တော် ပြောပြရမလား မမနွယ်"

"မပြောနဲ့ဆိုလည်း ကိုညီရဲ့အစ်ကိုကိုတော့ ကြာကြာ မျိုသိပ်ထားနိုင်မှာ မို့လို့လား။ အထင်တွေတော့ မပါစေနဲ့ပေါ့လေ"

ခင်ဦးနွယ်က သက်ဇော်နိုင်နှင့် ဆရာယစ်တို့၏ ရင်းနှီးချစ်ခင်မှုကို ကျိုးပယ်သလို ဆိုလေ၏။

မမနွယ်၏ မျက်လုံးညိုများထဲမှာ အေးဆေး နူးညံ့ရိပ်ကို မြင်နိုင်နေဆဲ။ နှုတ်ခမ်းတွင် အပြုံးလည်း ရှိမြဲပေ။ ထိုအပြုံးနောက်မှာတော့ စိတ်ရှုပ်ထွေး နွမ်းလျရိပ် ရှိနေခဲ့သလို သူ ထင်မိလေ၏။ သက်ဇော်နိုင်က ကြမ္မာဆိုးကို ရဲရင့်တည်ငြိမ်စွာ ရင်ဆိုင်နိုင်ခဲ့သည်ဟု ဆိုကြလျှင် မမနွယ်ကမူ အေးဆေးနူးညံ့စွာ ရင်ဆိုင်ချင်တာ ဖြစ်လိမ့်မည်။

"မနေ့ညက ဦးတို့ တင်မေရတို့ လာနှုတ်ဆက်ကြမှ ဒီနေ့ ပြန်ကြမယ်ဆိုတာ သိရတယ်။ ခွင့်က ရှောင်တခင်ခွင့်နဲ့မို့ မင်းလည်း အခြေအနေကောင်းနေလို့ ရန်ကုန်ပြန်ကြတော့မယ်ဆို။ ဒီနေ့ပြန်ဖြစ်ကြသလား"

သက်ဇော်နိုင် သတိလွတ်သွားသော အတွေးတွေ၊ အကြည့်တွေကို ရုပ်သိမ်းလျက် ဖြေရသည်။

"ပြန်ဖြစ်ပါတယ် မမနွယ်။ မနက်စောစောက ကားဂိတ်ကို ဆရာ ဦးအောင်မြင့် ကားနဲ့ လိုက်ပို့ခိုင်းလိုက်တယ်တဲ့"

"သက်ဇော်နိုင်ရော ဘယ်တော့ခွင့်ယူပြီးရန်ကုန်လိုက်မလဲ"

"အစကတော့သုံးလေးရက်နားပြီး ရန်ကုန်သွားဖို့ပါပဲ။ စစ်ဆေးရေး ကိစ္စပေါ်ခဲ့တော့ ကျွန်တော် ခွင့်ယူလည်း ခွင့်က ပြန်လာ အစစ်ခံရမယ် ထင်တယ်။ ဖေဖေနဲ့ ကျွန်တော် ဒီညဖုန်းပြောလိုက်ဦးမယ် မမနွယ်။ ကျွန်တော်သက်သေအဖြစ် အစစ်ခံရဖို့ရှိတယ် ပြောရမှာပဲ။ ကျွန်တော် အတိုင်ခံရတာလို့သိရင် ဖေဖေ စိတ်ပူနေဦးမယ်။ ဖေဖေကတော့ ချုပ်ရိုးပြေပြီး ကျွန်တော် ခရီးသွားရဖို့ စိတ်ချရရင် ဦးလေးကြီးနဲ့ အတူတူလာခဲ့ကြလို့ မှာသွားခဲ့တာ"

ခင်ဦးနွယ် ဘာမျှအရေးမကြီးသည့်ကိစ္စတစ်ခုကို အကူအညီတောင်းသလို မျိုးဖြင့် ပေါ့ပါးစွာ စကားဆိုခဲ့သည်။

"သက်ဇော်နိုင်အိမ်မှာ ညှို့သည်နည်းသွားရင် ကိုယ် ဧည့်သည်တစ် ယောက် ပို့ပေးချင်တယ်။ ကျွေးမွေးဧည့်ခံတာတော့ ကိုယ့်အိမ်က စောင့်ယူမှာပါ။

www.burmeseclassic.com



ဖြစ်မလား''

"ရပါတယ်။ ပို့လေ မမနွယ်။ ဘယ်သူ့ကိုလဲ''

ခင်ဦးနွယ်က သက်ဖော်နိုင်ကိုကြည့်၏။ ခင်ဦးနွယ်မဖြေမီပင် အဖြေကို သက်ဖော်နိုင် သိသွားလျက် သူ့ရင်ထဲသို့ ပျော်ရွှင်မှုတွေ စီးဝင်လာခဲ့လေ၏။

"ကိုအောင်သူရလေ။ နေဦးမယ်ဆိုတာ ခုန သူ ပြောသွားမှ ကိုယ်သိတာ။ မြို့ထဲက 'နေလ'မှာ တည်းမလားတော့ မသိဘူး။ မတည်းရင်တော့ စည်သူ၊ ညီသူတို့နဲ့ နီးနီးနားနား မင်းဆီပဲ ပို့ထားလိုက်မယ်နော်။ ကံမကောင်းရင်တော့ တည်းမယ့်သူက လူတစ်ယောက်နဲ့ မျောက်နှစ်ကောင်လည်း ဖြစ်ချင်ဖြစ်သွားနိုင် တယ်''

"သိပ်ရတယ် မမနွယ်။ ကျွန်တော့် တည်းခိုခန်းက သန့်သန့်လေးပါ''

သက်ဖော်နိုင် အပျော်အပြုံးများဖြင့်ပြောလေ၏။

□

ညနေ ဆေးခန်းမသွားမီ အချိန်ကတော့ သိပ်မရ၊ ကိုညီ့အခြေအနေကို သိလိုသည်နှင့် ဆေးခန်းအသွားမှာ ကိုညီ့အိမ်သို့ ကူးခဲ့သည်။ ကိုညီက အိမ်ရှေ့ ဝရန်တာမှာ ပက်လက်ကုလားထိုင်လေးချလျက် ထွက်ထိုင်နေခဲ့သည်။ ကိုညီ့အတော်ကျ သွားခဲ့သည်။ ကိုညီ့ကိုကြည့်ပြီး စိတ်မကောင်းမိ၊ ကိုညီ ထွက်ထိုင်နေသော ဝရန်တာလေးမှာ ကွက်လပ်လေးခြားပြီး ဒေါ်ခင်ဦးနွယ်၏ ဝရန်တာနှင့် မျက်နှာချင်းဆိုင်ဖြစ်လေ၏။ သူလည်း မှားသည်။ ကိုညီ့ကို ချစ်စနိုးစနောက်မိခဲ့သည်။ နှစ်ယောက်စလုံးကို ယဉ်မျိုး ချစ်ခင်ပေမယ့် မဖြစ်နိုင်သည့် ကိစ္စတစ်ခုပဲ။ ဒေါ်ခင်ဦးနွယ်နှင့် ဒေါက်တာအောင်သူရ ကြည့်ရသည်က ပြေလည်ကြပုံရ၏။ သားတွေကိုအကြောင်းပြုပြီး အဖေနှင့်အမေ မကြာခဏတွေ့ကြသည့် ဇာတ်လမ်းထဲမှာ ကိုညီ မပါသင့်။

သည်နံနက်မှာ ဒေါက်တာအောင်သူရက ရုတ်တရက်လို မြေလတ်သို့ ရောက်ချလာခဲ့သည်။ ဗီဒီယို ရုပ်ရှင်တွေထဲကလို ဒုတိယအချစ်က နိုင်ငံခြား ထွက်သွားလို့ သို့မဟုတ် ပြောစကား ဆိုစကား နားမထောင်၊ ညည့်နက်သန်းခေါင်ကျမှ ကားတစ်စီးနှင့် ယောကျ်ားဖော်တွေက လိုက်ပို့ ပြန်လာတတ်လို့ ပထမအချစ်ဆီ ဘက်(ခ)ဂီယာနှင့် ပြန်ဆုတ်လာတာတော့ မဟုတ်နိုင်ပါဘူး ထင်ပါရဲ့။ ဆရာယာစ်တွေးနေမိလေ၏။ ပြန်ဆုတ်ခဲ့ရင် သူမကလည်း ဆီးလျှိုကြိုဆို နေလေမလားဘဲ။



သို့ကြော့ပ်ပဲပေ့။ မိန်းမဆိုတာ ဘယ်လောက်ပဲ ထူးချွန်ပြောင်မြောက်၊ ကာယိမြိုင်ကြီးခေါင်ထားလည်း နာခေါင်းမရှိရင် အတော်ခက်မယ့် အမျိုးအစားများပါ။ ဒေါ်ခင်ဦးနွယ်ကို နမြောဖို့တော့ကောင်းသည်။ သူမအရည်အချင်းတွေကို ပြောတာပါလေ၊ ကိုညီ့ကို ဇာတ်လမ်းတွေနှင့် ရှင်းရှင်းလေး ဖြစ်စေချင်သည်။

"လာ အစ်ကို။ အစ်ကို ကလင်းနစ် မသွားသေးဘူးလား''

"အခုသွားမလို့လေ။ နေလယ်က မင်းကို သတင်းလာမေးတဲ့ အေးသီတာ သန်းကွာ။ 'နေလ' ပိုင်ရှင်ရဲ့ သမီးလေ၊ သူနဲ့သူငယ်ချင်းတွေ ဆေးရုံရောက်လာသေးတယ်။ မင်း ဆေးရုံကဆင်းသွားပြီ၊ အိမ်လိုက်သွားလိုက်လို့ ကိုယ် ညွှန်လိုက်တယ်''

ထိုမိန်းကလေးငယ်များမှာ မိန်းမပီသကြသည်၊ လှသည်လေ။ ကိုညီ့အနီးမှာရှိသောမိန်းကလေးများကို ကိုညီမြင်စေချင်လေသည်။ သက်ဖော်နိုင်က ရိုးရိုးပဲ ပြော၏။

"လာတယ်တဲ့၊ ဦးလေးကြီး ပြောတယ်၊ ကျွန်တော်က အိပ်ပျော်နေတယ်။ ဦးလေးကြီးကိုပဲ နှုတ်ဆက်ပြီး ပြန်သွားကြတယ်တဲ့''

"မင်းကလည်း အရေးထဲ အိပ်ပျော်နေရတယ်လို့ပဲ''

"ဟာ အစ်ကို၊ ဘာတွေ ဖြစ်လာတာလဲ''

"ကိုယ် ဘာမှ မဖြစ်ဘူး။ ကိုညီ ဘာဖြစ်နေလဲ လာကြည့်တာ''

"ဘာမှမဖြစ်ပါဘူး။ ဒါပေမယ့် အစ်ကို့ကို ကျွန်တော်ပြောစရာတွေရှိတယ်။ အခုပြောရင် အစ်ကို ကလင်းနစ် နောက်ကျသွားလိမ့်မယ်၊ ကလင်းနစ်ကပြန်ရင် အစ်ကို ဒီမှာ လာထမင်းစားလေ။ ဒေါက်တာအောင်သူရနဲ့လည်း စကားပြောရအောင်''

"ဒေါက်တာအောင်သူရနဲ့''

"သူ ကျွန်တော့်အိမ်မှာတည်းဖို့ မမနွယ်က စီစဉ်ထားခိုင်းတယ်။ အဘချက်တို့ မောင်တင်လှတို့ ပစ္စည်းတွေတောင် လာပို့သွားပြီ''

ယဉ်မျိုး မျက်ခုံးတွေ မြင့်မိသည်အထိ အံ့သြသွားခဲ့သည်။

"အရည်အချင်းတွေ ထွက်ပေါ်နေတာလည်း တစ်ချိုးတစ်ခု မောက်ခန်းနိုင်တော့ပါလား''

ယဉ်မျိုး နှုတ်မှုပ်ပြဲယာမိလေတော့၏။ သက်ဖော်နိုင်က ဦးယဉ်မျိုး တွေးသည်ပြုနေသည်ကို ပြုံးစေစေကြည့်နေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

"ဒါကြောင့် မင်းက ဒူးကလေးနန့်နေတာကို။ ကိုယ်က မင်းကို ခုတင်ပေါ်မှာ နှုအခေါ်လက်တင်ပြီး တွေ့ရမလား၊ လက်ပေါ်နှုံးတင်ပြီး တွေ့ရမလားလို့ လာကြည့်တာ"

သက်ဇော်နိုင် ခေါင်းမော့၍ ရယ်မောသည်။

"ဘာပဲဖြစ်ဖြစ်ပေါ့ကွာ။ မိန်းမတွေနဲ့ ပတ်သက်လာရင်တော့ မင်း အလေးထားပြီး စဉ်းစားရမယ့် နှာခေါင်းကိစ္စက ရှိနေတယ်"

"အစ်ကို ကလင်းနှစ် နောက်ကျတော့မယ်။ သွားတော့လေ"

"တို့ တောစကားရှိတယ်ကွ။ မိန်းမဆိုတာ အုန်းပင်ပေါ်က အုန်းသီးကြွေကျရင်တောင် သွားလေသူကြီး ကျောကိုထုနဲ့အသံနဲ့ တူလွန်းလို့ဆိုပြီး ငိုချင်ငိုတတ်တဲ့အမျိုးကွ"

"အစ်ကို ဆေးခန်းမှာ ပေးရှင့်တွေ စောင့်နေတော့မယ်"

"ငါ့လိုနေနိုင်ရင်တော့ အကောင်းဆုံးပဲ။ မနေနိုင်ရင်တော့"

"ဟာ အစ်ကိုကလည်း သွားပါတော့ဆိုဗျာ"

သက်ဇော်နိုင်က ဦးယဉ်မျိုးကို အတင်းတွန်းလွှတ်မှ သူ တဟားဟား ရယ်ရင်း ဝရန်တာလေးမှ ဆင်းခဲ့လေ၏။

□

"ဒါက ဘာသဘောလဲ နွယ်"

ခင်ဦးနွယ်က ခေါင်းငုံ့ ပြုံးနေမိသည်။ ကိုသူရ စိတ်ဆတ်တာ၊ မွေးချင်းများမှာ အငယ်ဆုံးမို့ အနိုင်ရယူလိုတတ်တာ၊ အတ္တကြီးချင်တာတွေ ခင်ဦးနွယ် သဘောပေါက်ပြီးသားပါ ကိုအောင်သူရရယ်။ သူ့အတွက် အိပ်ရာနေရာကအစ နွယ် အိမ်ကပို့ကာ သက်ဇော်နိုင်အိမ်မှာ တစ်ခန်းယူလိုက်ပြီး ပြင်ဆင်ထားပေးစေခဲ့သည်။ ကိုသူရ စိတ်တိုတောင်းသွားခဲ့တာ သိပေမယ့် တစ်ပတ်မှာ လေးရက်စိတ်ကောက်တတ်သူကို တစ်ချော့တည်းချော့စရာမလိုတော့တဲ့ ခင်ဦးနွယ်ဖြစ်ခဲ့ပြီလေ။ ချော့မော့ခြင်း၊ ဖျောင်းဖျခြင်းတို့ မပါဝင်သော သာမန်ပြောရိုးပြောစဉ်ဖြင့်သာ ခင်ဦးနွယ် ပြောပြခဲ့သည်။

"ကိုသူရတို့သားအဖတွေ နီးနီးနားနား နေချင်မလားလို့ နွယ် စီစဉ်လိုက်တာပါ။ မြို့ထဲမှာ တည်းချင်ရင်လည်း ဖြစ်ပါတယ်။ 'နေလ'တို့ 'ရွှေညည်သည်'တို့က နွယ့်ပေးရှင့်တွေရဲ့ တည်းခိုခန်းတွေပဲ"



"သားတွေရဲ့အိမ်မှာ အဖေတည်းတော့ကော ဘာဖြစ်မှာမို့လို့လဲ"

"သားတွေရဲ့အိမ်မဟုတ်ဘူးလေ။ သားတွေရဲ့အမေအိမ်မို့လို့ပါ ကိုသူရ။ နွယ်က ဒီမြို့မှာ အိမ်ထောင်ဦးစီးအဖြစ် သားတွေနဲ့ရပ်တည်နေရတဲ့ ဝန်ထမ်းမိန်းမတစ်ယောက်ပါ။ ဆေးရုံရဲ့အမြင်၊ မြို့လူထုရဲ့အမြင်က နွယ့်အပေါ်မှာ ကြည်လင်စေချင်ပါတယ်။ အရေးကြီးတဲ့အမြင်တစ်ခုလည်း ရှိသေးတယ်။ မေသန္တာရဲ့ အမြင်။ အမြင်တွေအားလုံး သန့်ရှင်းကြည်လင်မှ ဖြစ်မှာပါ"

"ရတယ်။ ခင်ဗျားသဘော"

ဒေါက်တာအောင်သူရ မျက်နှာညိုညိုဖြင့် ဆိုလေ၏။

"ဆရာယာစ်က နွယ့်ထက်ကြီးတဲ့သူဆိုတော့ ပြောဖို့အားနာရတယ်။ သက်ဇော်နိုင်ကိုတော့ သူလည်း ဆေးရုံဆင်းစမှာ စောင့်ရှောက်ပေးတဲ့ သဘောလည်းသက်ရောက်တာပေါ့။ သူ့ကျေးဇူးကလည်း ရှိသေးတယ်လေ"

"စကားတွေ ဘယ်လိုအရမ်းတတ်လာတာလဲ"

ဒေါက်တာအောင်သူရ၏ တမင်ညိုပုပ်ထားသော မျက်နှာ ပြေလျော့ရလေ၏။

"နွယ်က အရမ်းပြောင်းလဲသွားတာပဲ။ အရင်တုန်းကတော့ ပတ်ဝန်းကျင်မှာ ဘာတွေ ဖြစ်ပျက်နေလဲဆိုတာ ဘယ်တော့မှ စိတ်မဝင်စားခဲ့ဘူး။ အခုတော့ ပတ်ဝန်းကျင်ကို သိပ်ဂရုစိုက်နေခဲ့ပြီနော်"

နွယ့်ရဲ့ ဘဝပေးအသိတွေ၊ အချက်ပေးခေါင်းလောင်းသံတွေ အကြောင်းကို သိရရင် ကိုအောင်သူရ ငိုအံ့သြသွားမယ်။ နွယ် မပြောဖြစ်ပါ။ နားလည်စာနာတတ်မည်လည်း မဟုတ်ပါ။

"ကိုသူရလည်း ပြောင်းလဲခဲ့ပါတယ်။ မေသန္တာရဲ့ ချစ်ခြင်းမေတ္တာကြောင့် ဝ းငံပါရဲ့။ မေသန္တာက ကိုသူရကို မျက်စိအောက်က အပျောက်မခံဘူး။ ဂရုစိုက်လှတယ်လို့ နွယ် ကြားနေပါတယ်။ ကိုသူရ ကံကောင်းတာပဲ"

ခင်ဦးနွယ် သည်စကားကိုတော့ ပြုံးတွေ့စွာ ပြောမိခဲ့သည်။

မေသန္တာက ကိုသူရရဲ့ ဆေးခန်းတင်မကာ ဆေးရုံသို့ပါ လိုက်ပါ၊ အနိုင်ပြည့်ရှိတတ်ခဲ့သည်။ ကိုသူရ ညဘက် Round ရင်း အရေးပေါ် ထရရင် မေသန္တာ မပျက်မကွက် လိုက်ပါခဲ့တတ်သည်ဆိုပဲ။

ဒေါက်တာအောင်သူရ မခံချိမခံသာ ဖြစ်သွားခဲ့ပေမယ့် သူက ခင်တည်

www.burmeseclassic.com

www.burmeseclassic.com



တည်ပင် ပြန်ပြောခဲ့လေ၏။

"ကိုယ်က ဆိုးတော့မဆိုးပါဘူး။ မိန်းမရတော့ အမြဲကံကောင်းတတ်ပါ တယ်" ဟုပြောကာ တည်းအိမ်သို့သွားကြဖို့ အိမ်အောက်မှာ စောင့်နေသော ညီသူနှင့် စည်သူထံသို့ ဆင်းသွားခဲ့လေ၏။

□

လက်ထောက်ဆရာဝန် အိမ်သုံးလုံးမှာ တန်းစီ၍ရှိခဲ့သည်။ သွပ်မိုး ပျဉ်ကာ၊ ပျဉ်ခင်းလျက် အုတ်မြစ်နှင့် ဆင်တူအိမ်လေးများ ဖြစ်၏။ သူနာပြု တန်းလျား၊ အလုပ်သမားတန်းလျားများသို့ နွယ် ရောက်ဖြစ်သည့်အခါရှိသည်။ ကျန်းမာရေး၊ လူမှုရေးကိစ္စတွေကြည့်ပေးရင်းဖြင့်ပေါ့။ ဆရာဝန်အိမ်များသို့မူ ရောက်ခဲလှသည်။ ဆေးရုံဆရာဝန်တစ်ယောက်အဖို့ အိမ်မှာနေသည့်အချိန်ထက် ဆေးရုံ၊ ဆေးခန်း မှာပဲ ရှိသည့်အချိန်ကလည်း ပိုများသည်လေ။ အရင်က မရောက်ဖြစ်ခဲ့ပေမယ့် ကိုသူရရောက်ပြီးမှ နွယ် ရောက်ဖြစ်နေခဲ့သည်။

လမ်းမနှင့် အနီးဆုံးအိမ်က သက်ဇော်နိုင်အိမ်။ အလယ်တွင်ဆရာယဉ်။ အတွင်းဆုံးအိမ်က ဒေါ်မူယာအိမ် ဖြစ်လေ၏။ နွယ့်အိမ်ရှေ့က မြေနီလမ်းလေးက ဆရာမများတန်းလျားရှေ့က ဖြတ်ပြီး ဆရာဝန်များအိမ်ရှေ့သို့ ရောက်ကာ တစ်ဖက် ဝင်ပေါက်မှတစ်ဆင့် မန်ကျည်းပင်တန်း လမ်းလေးပေါ်သို့ ပေါက်သွားခဲ့လေ၏။ နွယ်က ထိုလမ်းလေးအတိုင်း လျှောက်ခဲ့သည်။ ဝန်ထမ်းတန်းလျားများမှ တွေ့သမျှ ဝန်ထမ်းများကို နှုတ်ဆက်လာသည်။ ဒေါ်မူယာ အိမ်ရှေ့မှဖြတ်ခဲ့လျှင်

"မူယာရေ သက်ဇော်နိုင်အိမ်မှာ ရေနွေးကြမ်းဝိုင်းရအောင်လေ။ အားရင် ကူးခဲ့ပါလား" ဟု နှုတ်ဆက်ခဲ့သည်။

ပထမနေ့မှာ မူယာ ထွက်မလာ။ မူယာနှင့် အတူနေသော အန်တီကြီးသာ ထွက်လာ နှုတ်ဆက်ခဲ့၏။

"ဩော် အန်တီက ဘယ်သူများလဲလို့။ ငယ်မူငယ်သွေးနဲ့ ဂျင်းရှပ်တွေ ဘာတွေဝတ်လို့ ဆိုတော့လေ။ လူတွေဘာတွေတောင် မှားနေမိတာ။ တို့ ဆရာဝန် မကြီး ဖြစ်နေတာကိုး"

ခင်ဦးနွယ်ရင်ထဲ အောင့်သက်သက် ဖြစ်သွားအောင် နှုတ်ဆက်တတ်ပါ ပေ၏။ အိမ်မှာ အမြဲဝတ်နေကျရှပ်နှင့် တရုတ်ချည်ချောလေးဝတ်လာတာတောင် အပြောကမလွတ်။



"အန်တီလည်း တီရှပ် စကတ်ကလေးနဲ့ဆိုတော့ နွယ်က လူမှားသွားမိ တယ်။ မူယာတို့ ညီအစ်မတွေများရောက်နေသလားလို့။ အန်တီ သိပ်နုတာပဲနော်"

အန်တီကြီး ရှက်စနိုး ပြုံးလေ၏။

"မူယာပါ ဒေါ်နွယ်ရယ်။ သူ့နဲ့ ဆင်တူဝတ်ရမယ်ဆိုပြီး အဟင်း ဟင်း"

"အဲဒီမစ်(ခ်)ကီမောက်(စ်) ဒီဇိုင်းလေးနဲ့ သိပ်လိုက်တာပဲ။ မူယာ့ကို ပြော လိုက်ပါနော်။ သက်ဇော်နိုင်တို့ အိမ်မှာ လူစုမိနေကြတယ်။ ရေနွေးသောက်ရအောင် လာခဲ့ပါလို့။ အန်တီရော ပျင်းရင်လာခဲ့ပါလား။ အမြဲတွေ့နေကြပေမယ့် စကား တောင် ကြာကြာဝိုင်းဖွဲ့ မပြောဖူးဘူးနော်"

"မူယာ ရေချိုးနေလို့ကွဲ့။ အန်တီ ပြောလိုက်ပါမယ်"

အလယ်အိမ်မှာ ဆရာယဉ်က အမျိုးသမီးနှစ်ယောက် စကားပြောသံကို ကြားနေရလေ၏။ အိမ်ချင်းကလည်း လက်တစ်ကမ်းစာသာ ဝေး၏။ အိမ်ပေါ်အိမ် အောက် အသံမြှင့် ပြောလိုက်ရင် အတိုင်းသား။ မိန်းမတွေရဲ့ စကားများကို ကြားရတာ ရယ်မောဖွယ်အတိပဲ။ သူတို့ကို များများကန့်သတ်ဖို့မလို။ အဆိတ်အဆွ အတို့အထောင်မပါတဲ့စကားက လွဲလို့ စကားမပြောရဟုသာ ဥပဒေပြဋ္ဌာန်းလိုက်လျှင် အသံတွေ တိတ်ဆိတ်သွားမှာ ဖြစ်လေ၏။ ထိုအရာတွေမပါဘဲ သူတို့စကားပြောတတ် မှာမှ မဟုတ်တဲ့လေ။ သို့သော် ဒေါ်ခင်ဦးနွယ် သည်တစ်ကြိမ်မှာ အန်တီကြီးကို မိန်းမပီသစွာ ပြန်ပြောခဲ့ပုံကိုမူ နောက်တစ်ကြိမ် နောက်တစ်ကြိမ်ဟု သူ အားပေးချင် စိတ်ပင် ပေါ်မိသည်။ သူ့မှာလည်း အိမ်နားနီးချင်းမို့ အန်တီကြီးရဲ့ လေဘေးဒုက္ခမှ မလွတ်ကင်းနိုင်သူလေ။

□

အစ်ကို ဦးယဉ်မျိုးကို သက်ဇော်နိုင် ပြောခဲ့လေ၏။

ဒေါ်ခင်ဦးနွယ် မှာထားသည့်အတိုင်း စိတ်အထင်တွေတော့မပါ။ သက် ဇော်နိုင် စကားခုံးသည်အထိ ဦးယဉ်မျိုး စိတ်ဝင်တစားနားထောင်သည်။ "ဒါကတော့ အခုံးစွန် မိန်းမပီသပြလိုက်တာပေါ့ ကိုညီ"

ဦးယဉ်မျိုး မှတ်ချက်ပြုလေ၏။ ဦးယဉ်မျိုးရဲ့ လုပ်သက် (၁၆)နှစ်မှာ ဘဝလည်း စုံသဖြင့် တိုင်စာ၊ ပစ်စာတွေနှင့် မစိမ်း။ ကိုယ်တိုင် တိုင်ကြားခံရ၍ အစစ်ဆေးခံရတာမျိုး မဖြစ်သေးရင်ရှိမည်။ သက်သေအဖြစ် အစစ်ခံခဲ့ရဖူးသည်။ စစ်ဆေးရေးညှိနှိုင်းအဖြစ်၊ အဖွဲ့ဝင်အဖြစ်၊ စစ်ဆေးပေးခဲ့ရ၊ အစီရင်ခံယူပေးခဲ့ရတာ

www.burmeseclassic.com



တွေလည်း ရှိလေ၏။ တစ်ခါတစ်ရံ မိမိဌာနကမဟုတ်တဲ့ အခြားဌာနက ဝင်စစ်နိုင်၍ အဆိုဆုဝေါက်ရတာလည်း ရှိသည်။ တိုင်ကြားစာ၏ အကြောင်းအရာအလိုက် လိုအပ်လျှင် ဆေးရုံဝန်ထမ်းအားလုံး၊ ဆေးရုံကြီးကြပ်ရေးအဖွဲ့နှင့် မြို့ခံများကိုပါ ခေါ်စစ်ဆေးရ၏။ စစ်ဆေးရတာလည်း မသက်သာ၊ ဆင်တူမေးခွန်းများကို ထပ်တလဲလဲ မေးရ၍ စိတ်မော ငြီးငွေ့စရာကြီး ဖြစ်လေ၏။ တစ်ခါက မြို့နယ်ဆရာဝန်တစ်ဦးသို့ စစ်ဆေးသည့်အဖွဲ့တွင် ဒေါက်တာယဉ်မျိုး အဖွဲ့ဝင်အဖြစ် ပါခဲ့သည်။ မြို့နယ်ဆရာဝန်ကို စစ်ဆေးရသည်ဆိုတော့ တစ်မြို့နယ်လုံးက ကျန်းမာရေးဝန်ထမ်းတွေကို ခေါ်စစ်ဆေးရ၏။ နေ့စဉ် နံနက် (၈)နာရီက ညနေ (၅)နာရီအထိ ဆက်တိုက် သုံးရက် စစ်ယူရလေ၏။ စစ်ဆေးချက်များ ပြန်လည်သုံးသပ်သော အစီရင်ခံစာများ ရေးရ၏။ စစ်ဆေးသူတွေလည်းမော၊ စစ်ဆေးခံရသူ အဖို့တော့ ဆိုဖွယ်မရှိပြီ။ ထိုမြို့နယ်ဆရာဝန်ကြီးမှာ ဖျားပင် ဖျားယူလေ၏။ ဦးယဉ်မျိုးက အတွေ့အကြုံများ ရှိပေမယ့် သက်ဇော်နိုင်ရော ဒေါ်ခင်ဦးနွယ်ပါ အတွေ့အကြုံ မရှိကြ၊ တိုင်ထားသည့် အကြောင်းအရာအရတော့ ပူပင်စရာ မရှိပု၇ ဦးယဉ်မျိုး ထင်မိလေ၏။

"ဘာမှ စိတ်မပူနဲ့ ကိုညီ၊ တိုင်ထားတဲ့ အကြောင်းအရာက ဆေးရုံသဘော သဘာဝကို သိထားတဲ့သူအဖို့တော့ နားလည်လွယ်တဲ့ ကိစ္စပါ။ စစ်ဆေးတာလည်း ဒီသဘောသဘာဝကို နားလည်တဲ့ ဆရာဝန်တွေပဲလာစစ်ကြမှာ။ တိုင်စာမှာ ပါတဲ့ အချက်အလက်က အရေးယူလို့ မဖြစ်နိုင်ဘူး။ ဆာဂျင်ရှိတဲ့ မြို့မှာဖြစ်တဲ့ကိစ္စ၊ ဆာဂျင် ကိုယ်တိုင်ခွဲတာ မဟုတ်လို့သာ အရေးယူရရင်တစ်လောကလုံးကို လိုက်အရေးယူနေရတော့မပေါ့"

ဒေါက်တာယဉ်မျိုး သက်ဇော်နိုင်ကို ဖျောင်းဖျနေရင်း ခင်ဦးနွယ်နှင့် ကိုညီ တိုင်စာ ကိစ္စတွင် ဒေါ်ခင်ဦးနွယ်က တာဝန်မခံဘဲ ကိုယ်လွတ်ရုန်းထွက်သွားနိုင်သည်ကို အတွေ့အကြုံများသူပီပီ မြင်လိုက်မိပေ၏။ သူကြုံလည်း ကြုံဖူးလှပြီလေ။ သို့သော် ခင်ဦးနွယ်ကမူ သည်လိုတော့ မလုပ်တန်ရာ။ ဒေါ်ခင်ဦးနွယ် အပေါ် သူ့ရဲ့ယုံကြည်မှုက သူမလည်း မိန်းမတစ်ယောက် ဖြစ်သည်ဟူသော အချက်ပင် ပယ်ရှားမပစ်နိုင်။ ဦးယဉ်မျိုး သူ့ကိုယ်သူ အံ့သြရတော့မလို။

သက်ဇော်နိုင်ကမူ စိတ်ရှင်းရှင်းလင်းလင်း မရှိသေးပေ။ ဦးမြမောင်နှင့် မတ်သက်၍ ခံစားခဲ့ရသလိုပင် ခုလည်း တစ်စတစ်စ ထိရိုက် တုန်လှုပ်ချင်ခဲ့လေ၏။ သက်ဇော်နိုင် နားမလည်စွာ မေးမိသည်။



"အရေးယူလို့ မဖြစ်နိုင်ဘူးဆိုရင် တိုင်တဲ့သူအတွက် ဘာအကျိုးအမြတ်နိုင်မှာမို့လဲ အစ်ကို"

ဦးယဉ်မျိုး စိတ်မကောင်းစွာ ပြောရတော့သည်။

"သိပ်ရှိတာပေါ့ကွာ။ အခုကိုပဲ မင်းတို့ စိတ်များနေပြီ၊ ကိုညီနဲ့ ဒေါ်ခင်ဦးနွယ် အရေးယူမခံရဘဲ အမှုပိတ်လိုက်ပြီပဲထား။ မြေလတ်ဆိုတာက မကျဉ်းမကျယ်လမ်းဆုံမြို့ကလေး။ ဆေးရုံမှာ ခွဲစိတ်ဆရာဝန်နဲ့ သူ့လက်ထောက်ဆရာဝန်ကို ဌာနဆိုင်ရာက လာစစ်ဆေးတယ်ဆိုတာနဲ့တင် တစ်မြို့လုံးမှာ ပြောစရာ ပြီလေ။ သေသေချာချာ မသိဘဲ အထင်အမြင်တစ်မျိုး ဖြစ်ခဲ့ရင် လူ့ရေးတွေ၊ G.P တွေ ထိခိုက်နိုင်တာပေါ့။ တိုင်တဲ့သူကတော့ အဲဒါတွေ နားမလည်ဘူး။ သူကတော့ အလုပ်ကိုပါ ထိခိုက်စေလိုတဲ့ ဆန္ဒရှိလို့သာ တိုင်ခဲ့တာပဲ"

သက်ဇော်နိုင် ငိုင်ကျသွားခဲ့လေ၏။ မမနွယ်အတွက် အရင်ဆုံး စဉ်းစားမိသည်။ ပွဲခင်းထဲမှာ သူဇာတ်ရာရကာ အရေးပေါ် ခွဲစိတ်ခဲ့ရသည်နှင့်ပင် သူတို့ဆေးရုံက မြို့ရဲ့ အာရုံစိုက်မှုကို ခံနေရပြီ၊ မြို့ခံလူနာနှင့် ဆေးရုံပြဿနာ ဖြစ်လာခဲ့ပြန်တော့ ထိုပြဿနာ၏ အဓိကပစ်မှတ်မှာ သူနှင့်မမနွယ်၊ သက်ဇော်နိုင် ပင့်သက်ရှိုက်မိရလေ၏။

"ကျွန်တော်က အရေးမကြီးဘူး အစ်ကို၊ မမနွယ် အတွက်ပဲ စိုးရိမ်မိပါတယ်။ မမနွယ် သိပ်များစိတ်ထိခိုက်နေမလား မသိဘူး"

သည်တစ်ကြိမ်တော့ ဦးယဉ်မျိုး သက်ဇော်နိုင်ကို မရယ်မောလိုတော့ဘဲ ကရုဏာသက်မိရသည်။

"ဘယ်လို ကြမ္မာပါလိမ့်ဗျာ"

လူရွယ် ညည်းညူရှာလေ၏။

"ဘယ်လို ကြမ္မာမှမဟုတ်တူး မိန်းမ ပီသပြတာပါခို၊ ကိုညီ ကြည့်လေ။ သူက နော်အေမိနဲ့ တူသလား၊ ခင်ဦးနွယ်နဲ့ တူသလား။ မိန်းမပီသတဲ့အချက်ထဲမှာ မနာလို ဝန်တိုတာ၊ ကိုယ်ပဲ အရေးပါအရာရောက်ချင်တာ အဲ့ဒီနှစ်ချက် ကိုယ့်လက်ချာထဲမှာ မပါသေးရင် ထင်သာမြင်သာဖြည့်လိုက်တော့ ကိုညီ"

ဦးယဉ်မျိုး ခပ်သောသော ပြောပေမယ့် သက်ဇော်နိုင် လိုက်မရယ်မောနိုင်ဘဲ ခေါင်းယမ်းနေခဲ့လေသည်။

□

www.burmeseclassic.com

www.burmeseclassic.com



"ညီသူ ရေ"

နောက်ဖေးခြံထဲမှာ ဦးလေးကြီးက ခြံရှင်းနေစဉ် သက်ဇော်နိုင်က နောက်ဖေး အဆင်းလှေကားဝမှ ရပ်ကြည့်နေခဲ့သည်။ အိမ်ရှေ့ဝရန်တာမှ မနွယ် လှမ်း ခေါ်သံလိုက်သံကြားရ၍ အိမ်ရှေ့သို့ ထွက်ခဲ့လေသည်။

"မရှိကြဘူးမနွယ်။ ဆရာနဲ့ကလေးနှစ်ယောက် လယ်ပြင်ဘက် လမ်းလျှောက်ထွက်သွားကြတယ်"

"သြော် အိမ်ရှေ့မှာ ကားတွေ့တာနဲ့ သူတို့ရှိလိမ့်မယ် အောက်မေ့တာ"

"ဝင်ထိုင်ပါဦး မနွယ်"

"မထိုင်တော့ပါဘူးကွာ။ ညီသူ့ဆရာမက ညီသူ ဖိုင်နယ်မှာ ပထမရ တာလာပြောလို့ ညီသူ ဝမ်းသာရအောင် လာပြောတာ"

ခင်ဦးနွယ်က အပြုံးဖြင့် နှုတ်ဆက်လျက် လှည့်ပြန်မည်ပြင်သည်။

"ကျွန်တော် စဉ်းစားထားတာလေးတွေ မနွယ်ကို ပြောပြချင်ပါတယ်။ မနွယ် ခဏထိုင်ပါဦးလား"

ခင်ဦးနွယ် သက်ဇော်နိုင်ရဲ့မျက်နှာရိပ်ကို လှမ်းကြည့်လျက်

"ဟို ကိစ္စလား"

ခပ်တိုးတိုး မေးခဲ့သည်။

သက်ဇော်နိုင်က ခေါင်းညိတ်ပြခဲ့သည်။ ခင်ဦးနွယ် အိမ်ရှေ့ဝရန်တာကျယ် လေးမှ အိမ်ထဲဧည့်ခန်းထဲသို့ လှမ်းတက်ခဲ့ကာ ဆက်တီမှာ ဝင်ထိုင်ခဲ့လေ၏။

□

"အိမ်မှာနေရလို့လား မသိဘူး။ ဒီအကြောင်းက ခေါင်းထဲက မထွက်ဘူး မနွယ်။ ကလေးတွေနဲ့ ဆရာနဲ့ နေကြတဲ့အခါတော့ မေ့နေသေးတယ်။ တစ်ယောက် တည်းဆိုရင် တွေးမိပြီ"

ခင်ဦးနွယ် သူ့ကို တနာတစ္စာ ကြည့်မိခဲ့သည်။ သက်ဇော်နိုင် အတွေးများနေခဲ့ ဟန်။ ဆေးရုံနဲ့ လူနာတွေကြားမှာ ပျော်ပိုက်သော သက်ဇော်နိုင်၊ အိမ်မှာ နေမရ ဖြစ်ခဲ့မှာ သေချာလေ၏။ တစ်ခါတုန်းက ထို ဦးမြမောင် ကိစ္စနှင့်ပင် အပြင်မထွက် ဘဲ အိမ်တွင်း အောင်းနေခဲ့သေးတာ နွယ် အမှတ်ရမိလေသည်။

"ဦးလေးရော မမြင်ပါလား"

"နောက်ဖေးခြံထဲမှာ မနွယ်"



"သက်ဇော်နိုင်က ဘာတွေ တွေးနေမိလို့လဲ"

သက်ဇော်နိုင် ခင်ဦးနွယ်နှင့် မျက်နှာချင်းဆိုင် ဝင်လာထိုင်ခဲ့သည်။ သူ့ခေါင်း ရုံဝင်းစထောက် ပြည့်လာခဲ့သည်။ နှုတ်ခမ်းအရောင်အသွေးက ပုံမှန်နီးပါး ရှိခဲ့ပြီ။ တီရှပ်အဖြူနှင့် ချည်ချောပုဆိုး မီးခိုး၊ အဖြူကွက်ဝတ်ဆင်ထားသော သူ့ထံမှ ခင်ဦးနွယ် အကြည့်လွှဲခဲ့မိလေ၏။ သူဒုက်ရာရသည့် ညက စည်သူ့ရဲ့ တီရှပ်ဖြူဖြူ လေးမှာ သွေးတွေ စွန်းပေကွက်လျက် ပြေးလာသည်ကို မြင်ရပြီးကတည်းက တီရှပ် ဖြူဖြူလေးကို နွယ် မကြည့်ရဲသလို ဖြစ်လာမိခဲ့ပေ၏။ နွယ့် စိတ်တွေ ပျော့ညံ့လာပြီ လား။

"ကျွန်တော် စဉ်းစားမိတာပါ မနွယ်"

သက်ဇော်နိုင် စကားစလို့ပြောခဲ့သည်။ စင်စစ် သူစဉ်းစားမိတာမဟုတ်။ အစ်ကိုယဉ်မျိုး၏ အကြံဉာဏ်။ သူစိတ်ပူပန်စွာ ညည်းလွှန်း၍ အစ်ကိုပေးခဲ့သော အကြံဉာဏ်ပေ။ မနွယ်က သူ့ကို ပြောလေဟူသော ပုံစံဖြင့် ပြုံးရင်အားပေးသည်။

"ကျွန်တော် အရင်ဆုံး အစစ်ခံလိုက်ဖို့ စဉ်းစားမိတယ်။ အခု အဖြစ် အပျက်အားလုံး ကျွန်တော့်မှာသာ တာဝန်ရှိပါတယ်။ ကျွန်တော်က Training လိုချင်လို့ ဆေးဂျင် ဘာမှမသိရဘဲ ကျွန်တော့်ဘာသာ ခွဲစိတ်နေခဲ့တာ မှန်ပါတယ် ဆိုရင် ပြီးမသွားနိုင်ဘူးလား။ မနွယ်လည်း အစစ်ခံစရာမလိုတော့ဘူး။ ပြောရရင် တော့ ဖြောင့်ချက်ပေါ့လေ။ အဲ့ဒီလို အစစ်ခံလိုက်ရင်ကော"

ခင်ဦးနွယ် ပြုံးမိရလေ၏။ စကား ဘာမှ မပြန်ခဲ့။

"မကောင်းဘူးလား မနွယ်။ မနွယ် ပြောရမှာက တစ်ခုတည်းပဲ။ ကျွန်တော် ခွဲစိတ်သမျှ ကေ့(စ်)တိုင်းကို အကြောင်းမကြားဘူး။ တချို့ကိုပဲ သိတယ်ဆို တာရယ်၊ ဦးမြမောင် ကေ့(စ်)မှာလည်း ကျွန်တော်က နောက်ကျပြီးမှ အကြောင်း ကြားခဲ့တယ် ဆိုတာရယ်ပဲ"

"ဆက်ပြောပါဦး"

"နောက်တစ်နည်းကတော့ ကျွန်တော် အဲ့ဒီ ဦးမြမောင်ရဲ့ သားနဲ့ သွား တွေ့လိုက်ပြီး သူကျေနပ်တဲ့အထိ ဘယ်နည်းနဲ့ ဖြစ်ဖြစ် သွားတောင်းပန်လိုက်မယ် ဗျာ။ ဒီတိုင်စာကို ပြန်ပြီး ရုပ်သိမ်းဖို့ပေါ့။ တိုင်ဘဲ့ သူကိုယ်တိုင်က တိုင်စာကို ပြန်ရုပ်သိမ်းတယ်ဆိုရင်တော့ ပွဲပြီးသွားမယ်"

"နောက်ကော"

www.burmeseclassic.com

www.burmeseclassic.com



"နောက်တစ်နည်းက ကျွန်တော်တို့ထင်နေတဲ့ ရှိုးနဲ့ ရင်ဆိုင်[illegible] သတ္တိရှိရှိ ပြောင်ပြောင်ရှင်းကြမယ်ဆိုပြီး သူ့ကို ကိုယ်က စိန်ခေါ်လိုက်[illegible] ဆရာဦးအောင်မြင့်နဲ့ အားလုံးရှေ့မှာ ရှင်းကြရင် ကောင်းလိမ့်မယ် ထင်[illegible]"

"နောက်ကော"

စကား ထောက်လိုက်ပြန်သော ခင်ဦးနွယ်ကို သက်ဇော်နိုင် မော်ကြ[illegible] သည်။ မမနွယ်က သူ့ကို ခပ်ပြုံးပြုံး ကြည့်နေခဲ့လေ၏။

"ဟာ မမနွယ်ကလည်း ကျွန်တော် ပြောတာတွေ မဖြစ်နိုင်လို့[illegible]"

သက်ဇော်နိုင် စိတ်အားထက်သန်စွာ ပြောဆိုနေသမျှ စိတ်ညစ်သွား[illegible] လေ၏။ နဖူးပေါ်က ဆံပင်တို့ကို ဘယ်လက်ဖြင့် ထိုးလှန်တင်မိ၏။ သူ့စိတ်[illegible] ပြနေကျဟု ခင်ဦးနွယ်ပင် မှတ်မိနေပြီ။ ခင်ဦးနွယ် တိုးတိုးရယ်မောသည်။

"အားလုံး ဖြစ်နိုင်တာချည်းပါပဲ။ အမှန်တရားမဟုတ်တာ တစ်[illegible] သက်ဇော်နိုင်က ဆရာဝန်စိတ်ထား မရှိဘဲ ဆရာဝန်တစ်ယောက် တကယ် ဟုတ်[illegible] လား။ ကိုယ်တို့ ဦးမြမောင်ကို အစမ်းသပ်ခံ တစ်ယောက်လို့ ခွဲစိတ်ခဲ့ကြတာ[illegible] ပြောပါစေ။ ပြောတာ မဟုတ်ဘူးဆိုတာ ကိုယ်တို့ ရှင်းပြကြရမှာ။ အမှန်[illegible] ရိုးရိုးသားသား အစစ်ဆေးခံလိုက်တာ အကောင်းဆုံးပါပဲ။ အကယ်[illegible] သက်ဇော်နိုင်ရဲ့ ဝန်ခံချက်ကြောင့် ကိုယ်အစစ်ဆေး မခံရတော့ဘူးဆိုပါတော့[illegible] နောက်တစ်ကြိမ်မှာ ကိုယ့်ကို ပစ်မှတ်ထားပြီး အပြစ်မရှာဘူးလို့ ဘယ်သူပြောနိုင်[illegible] ဒါပေမယ့် ကိုယ် ဒါကိုကြောက်လို့ မင်းအကြံအစည်ကို သဘောမတူတာ[illegible] မဟုတ်ဘူး။ ကိုယ်က ဒီဝပ်(ဒ်)မှာ တာဝန်အရှိဆုံးလူပဲ။ ဒီဝပ်(ဒ်)မှာ ဘာပဲဖြစ်[illegible] ခံရဖို့လည်း တာဝန်ရှိပါတယ်။ ကိုယ်တို့အရိုးသားဆုံး ရင်ဆိုင်ကြတာပေါ့။ ကိုယ်[illegible] တစ်မျိုးပြော မင်းကတစ်မျိုးပြောတော့ မဖြစ်ဘူး။ လာစစ်မယ့် ဆရာ[illegible] ခေါင်းရှုပ်ကုန်ပါဦးမယ်"

သက်ဇော်နိုင် ဘာမှ မပြောနိုင်တော့။ သူက မမနွယ်ကို မထိခိုက်အော[illegible] ကာကွယ်ကာ အမှုထဲမှ ပထုတ်သွားနိုင်လိမ့်မည် မျှော်လင့်ခဲ့မိလေ၏။ ခုတော့[illegible] သူမကို ဖျောင်းဖျ သွေးဆောင်နိုင်ဖို့က မလွယ်။ မမနွယ်က သူ့ကိုစေ့စေ့ကြည့်[illegible] လျက်ပြုံးသည်။

"သက်ဇော်နိုင်လည်း ခေါင်းရှုပ်မခံပါနဲ့။ အမှန်တရားနဲ့ ရိုးသားမှု[illegible] ကိုယ်တို့ဘက်မှာရှိမှာပါ"



ခင်ဦးနွယ်က စိတ်ညစ်မနေသလို အေးအေးဆေးဆေးပါးစွာ ဆို၏။ သို့ပေမယ့် [illegible]နွယ်၏ အတွေးထဲမှာလည်း သည်ကိစ္စက ခါထုတ်လို့မရစွာ ကပ်ငြိနေခဲ့မှာ [illegible]သူ့မျက်နှာ မလန်းဆန်းလှတာ မြင်ရရင်း သက်ဇော်နိုင် သိနေခဲ့လေ၏။

"သွားတော့မယ် သက်ဇော်နိုင်၊ ကိုယ် အိမ်တောင် မရောက်ခဲ့သေးဘူး။ [illegible]ဆေးရုံက လာခဲ့တာ"

ခင်ဦးနွယ်က နှုတ်ဆက်ရင်း နေရာမှထလေ၏။ သူမ ထရပ်လိုက်သော [illegible]ခါ လိပ်ထားသော ပန်းချီကားတစ်ချပ်ကို ဖြန့်ပြလိုက်သည့်နှယ် နစ်မျော ခံစား [illegible]ဖွယ် အလှပန်းချီကို မြင်ပြန်လေ၏။ သူမကာအနက်ခံတွင် ရောင်စုံကနုတ်နွယ် [illegible]များ ကျဲကျဲပါသော ပါတိတ်ဆင်ကိုဝတ်ဆင်ထားခဲ့သည်။ အင်္ကျီပုံက သူမ [illegible]ဝတ်ဆင်တာ မတွေ့ခဲ့ရဖူးသော စည်သူ၊ ညီသူက ကန့်ကွက်သည်ဆိုသော [illegible]ကျပြတ်လေး။

"မမနွယ် ဘာဖြစ်လို့ ဒီရက်တွေမှာ ပိုလှိုလှနေရတာလဲ။ စည်သူ၊ ညီသူ [illegible]က အခုကျတော့ကော အင်္ကျီလက်ပြတ်ဝတ်တာ မကန့်ကွက်တော့ဘူးလား"

သက်ဇော်နိုင် ရင်ထဲက စကားများပေ။ စည်သူ၊ ညီသူနှင့် ဒေါက်တာ [illegible]အောင်သူရတို့ မြေလတ်မြို့လေးအနှံ့ ဆရာ့ရဲ့ ပါဂျဲရိုးနှင့် လျှောက်သွားနေကြ၏။ [illegible]သက်ဇော်နိုင်ပင် တစ်ခါကစ်ရဲ ပါခဲ့သည်။ ဆုတောင်းပြည့်ဘုရား၊ မြို့ဦးစေတီ၊ [illegible]မှာအေးစေတီ၊ မြို့လယ်စေတီ ဘုရားစုံလည်း ဖူးကြ၏။ မြို့ထဲက စားသောက်ဆိုင် [illegible]န်သမျှလည်း သွားကြ၏။ ဈေးတွေ၊ စတိုးဆိုင်တွေလည်းရောက်သည်။

ကလေးတွေက ခေါ်ပေမယ့် ဒေါ်ခင်ဦးနွယ်က မလိုက်ပါတတ်ပေ။ [illegible]သူတို့ထွက်သွားလျှင် ဝရန်တာလေးမှ မမနွယ် ထွက်နှုတ်ဆက် ကျန်ရစ်တာ [illegible]သက်ဇော်နိုင် အိမ်ဝရန်တာမှ အမြဲငေး ကြည့်မိခဲ့သည်။ သည်မြင်ကွင်းကို မြင်တွေ့ [illegible]ရ : သက်ဇော်နိုင်ရင်ထဲမှာ ထိခိုက်သလို ခံစားမိစေခဲ့မြဲ။

ခင်ဦးနွယ်ပြန်ဖို့ အလှည့်တွင် ဒေါက်တာအောင်သူရနှင့် စည်သူ၊ ညီသူ [illegible]တို့အိပ်ကြသော အခန်းကိုလှမ်းမြင်လိုက်ရ၏။ အဝင်ဝ ခန်းဆီးကို လုံးထွေး [illegible]တင် ထား၍ အခန်းထဲမှာ ရှုပ်ပွနေတာကို လှမ်းမြင်ရလေ၏။ ခုတင်ပေါ်မှ [illegible]ရှုပ်နေသော အဝတ်ပေါင်းတွေက ဟိုတစ်စု၊ သည်တစ်စု၊ တန်းတွေပေါ်မှာလည်း [illegible]ပုဆိုး၊ အင်္ကျီတွေ ချိတ်ဆွဲလျက်။ ကြမ်းပြင်ပေါ်မှာတော့ ညီသူရဲ့ ဒိုးဆောက် [illegible]ဘလတ်စတစ် ပစ္စည်းရောင်စုံတုံးတွေ ပြန့်ကျဲနေလေ၏။ သံထည် ရောင်စုံလေး

www.burmeseclassic.com

www.burmeseclassic.com

တွေလည်း ပါ၏။

"စည်သူနဲ့ညီသူဟာလေ တစ်ခန်းလုံးကို ရှုပ်ပွနေအောင် ဖွထားကြ

ခင်ဦးနွယ်ရဲ့ ခြေလှမ်းတွေ အခန်းဆီ ရောက်သွားခဲ့သည်။ အခန်း ဝင်ပြီး ခုတင်ပေါ်မှာ ရှုပ်ပွနေသော အဝတ်ဟောင်းတစ်ပုံကို မွှေရာပေါ်လက် ဖက်ထောက်လို့ လှမ်းဆွဲယူလိုက်စဉ် သူမ တစ်ခုခုကို သတိရလိုက်သလို ကိုယ် မတ်သွားခဲ့သည်။ ရုပ်ချည်း ပြန်လှည့်လိုက်သည်။ သူမနောက်မှ လိုက်လာခဲ့ သက်ဇော်နိုင်ကလည်း ဘာမှန်းမသိဘဲ နောက်သို့ ဆုတ်လိုက်မိ၏။ မမနွယ် နီးကပ်စွာ တိုက်မိတော့မလို အဖြစ်မှ နည်းနည်းလေးလိုသည်။

"ကလင်းနစ်က ပြန်လာမှပဲ တိုးဘိုးနဲ့ လာရှင်းပေးတော့မယ်။ အ ရှိတော့ဘူး။ သွားတော့မယ်နော် သက်ဇော်နိုင်"

ခင်ဦးနွယ် သက်ဇော်နိုင်ကို ပြုံးလျက် အသာအယာရှောင်တိမ် အိမ်ရှေ့ဝရန်တာလေးဆီ ထွက်သွားခဲ့လေ၏။ လှေကားမှ အပြေးလေးဆင်း သော မမနွယ်ကို ငေးကြည့်ရင်း သက်ဇော်နိုင် တစ်ကိုယ်တည်း တပြည် ပြုံးမိခဲ့ကာ ပန်းနှစ်ဖက်ကို တွန့်မိခဲ့လေ၏။

❑

ဒေါက်တာအောင်သူရ ပြန်မည့်ညတွင် ဒေါ်မူယာပါ နှုတ်ဆက် ကူးလာခဲ့လေ၏။ မကြာမီ ဒေါက်တာဦးအောင်မြင့်ပါ ရောက်လာခဲ့သည်။ သ ဇော်နိုင်အိမ်မှာ မြေလတ်ဆေးရုံမှ ဆရာဝန်များ ဆုံမိကြလေ၏။ အလုပ်သ မစိမ်းညိုကိုပါခေါ်ကာ နွယ့်အိမ်က တိုးတိုးနှင့် ခင်ဦးနွယ်က ဆရာများအား အတွက် အချိုပွဲ၊ အကြမ်းဗိုင်း ပြင်ဆင်ပေးခဲ့လေ၏။ မူယာကပါ စိတ်ပါလျ

"မစိမ်းညို အိမ်မှာ ပေးရှင့် ကန်တော့ထားတဲ့ မုန့်ပုံရှိတယ်။ သွားယူလိုက် ပါလား။ အန်တီ့ဆီမှာ တောင်းခဲ့နော်"

ဦးယဉ်မျိုးက မစိမ်းညိုကို လှမ်းလို့

"မစိမ်းညို ဆရာ့အိမ်မှာလည်း ပေးရှင့် ကန်တော့ထားတဲ့ အကြွေး ရှိတယ်၊ တောင်းပေးခဲ့နော်"

ဝင်ပြော၍ အားလုံး ရယ်မောရသေးလေ၏။

အမျိုးသားများက တစ်ဝိုင်း ဝိုင်းဖွဲ့ဖြစ်ကာ ခင်ဦးနွယ်နှင့် မူယာက ဝိုင်းရဲ့ အပြင်ဘက်မှာ ထိုင်လေ၏။ မူယာကစကားပြောသံ လေယူလေသိမ်း



ဆဲ ဆွဲဆောင်မှုရှိလှကာ စကားဝိုင်းကို လွှမ်းမိုးဦးဆောင်နိုင်သော ဒေါက်တာ အောင်သူရကို အသာအကဲခတ်နေမိလေ၏။ လူပုံကချောချော ဖြောင့်ဖြောင့် အပြော က လည်းကောင်းလှသည်မို့ G.P ကောင်းမှတော့ သေချာလေ၏။ ဒေါက်တာ အောင်သူရရဲ့ အဝတ်အစား၊ အနေအထိုင်၊ အသုံးအဆောင်နှင့် အပြောအဆို က အထက်တန်းကျလေ၏။ မြေလတ်မြို့လေးသို့ ကားကိုယ်တိုင်မောင်း၍ စ်ယောက်တည်း ရုတ်တရက် ရောက်လာခဲ့သည်။ မြေလတ်မှာတော့ ဒေါ်ခင်ဦးနွယ် ခင်ပွန်းဟောင်းရောက်လာခဲ့တာက သတင်းတစ်ပုဒ် ဖြစ်ခဲ့ပြန်ပြီ။ ယာနှင့်တွေ့ တော့မူ

"ဟုတ်ကဲ့ ခင်ဗျာ။ ကျွန်တော် စည်သူနဲ့ ညီသူကို ခေါ်ရင်းလာခဲ့တာ

ဟု အကြည့်ရူရူဖြင့် ယဉ်ကျေးစွာ ဖြေခဲ့လေ၏။ ဒေါက်တာအောင်သူရ င့် ဒေါ်ခင်ဦးနွယ်ရဲ့ ဆက်ဆံရေးကို မူယာက စိတ်ဝင်စားနေမိလေ၏။ ဒေါက်တာ အောင်သူရကို ပြန်တွေ့တော့ ဒေါ်ခင်ဦးနွယ် နမြော နောင်တရနေလိမ့်မယ် ဟု ယာထင်မိလေ၏။ ဒေါက်တာအောင်သူရကို တမ်းတနေမယ့်အစား အရင်ကတည်း က ပိုင်နိုင်စွာ ဆွဲဆောင်ထားနိုင်ရမှာ မဟုတ်လား။ အိမ်ထောင်တစ်ခုကို ခိုင်မြဲ အောင် ထိန်းသိမ်းနိုင်တာသာ မိန်းမတစ်ယောက်ရဲ့ အစွမ်းအချင်းဟု မူယာက ယူသည်။ မူယာကတော့ မာမာ့လို အမျိုးသမီးမျိုးကိုပဲ အားကျသည်။ ယာအထက်တန်း ကျောင်းသူဘဝက ပါပါ့သတင်းတွေ သန့်သန့်ကြားသည်။ ကြားလာပမှာပဲ အိမ်ငယ်ပေးထားသလိုလို၊ မြို့ထဲတိုက်ခန်း တစ်ခုခုမှာပဲ ားပေးထားသလိုလို။ မာမာက ပွဲစားအလုပ်ပင် မပျက်ခဲ့၊ ပါပါ နိုင်ငံခြားသွားရို ခါ တစ်ခု ပျက်သွားခဲ့ သည်၊ မာမာက ပေါက်ရောက်သည်လေ၊ ပါပါ့အလုပ်ကို သိမ်း ဖို့အထိ ဖြစ်လာနိုင် သည်ဆိုတော့ ပါပါက ခြေလှမ်းတွေ ပြန်ဆုတ်သည်။ ဆိုကိစ္စတွေမှာ ပြီးစီးသွားခဲ့သည် ပါပဲ။ ယောက်ျားတစ်ယောက်ရဲ့ စွန့်ပစ်ခြင်းခံရသည့် မိန်းမလောက် မိန်းမသိက္ခာ ကျတာ မရှိဟု မာမာက မူယာတို့ကို ဆုံးမလေ့ရှိသည်။ ပါပါ သုံးလေးရက် အိမ်မှာ မရှိတာလောက်ကို မာမာက အရေးထားနေတာမဟုတ်။ သားသမီးတွေ က ကိုယ်ပိုင်ဂုဏ်တွေဖြင့် တင့်တယ်လာသော အခု အိမ်နှင့်တော့ စေ့စပ်လက်ထပ် မင်္ဂလာပွဲတွေမှာ မင်္ဂလာရှိအောင် လက်တွဲလဲပေးရ၊ မင်္ဂလာပန်းကုံးစွပ်ပေးရသော ဂုဏ်သရေရှိ ဇနီးမောင်နှံအဖြစ် ပါပါတို့က

www.burmeseclassic.com

www.burmeseclassic.com





ဆိတ်ငြိမ်စွာ စိတ်ကြွားခံရသူ တရင်းဝင်ခဲ့ပြီလေ။

ဒေါက်တာအောင်သူရက မှုယာတင်ဆိုသည့် A.S က လှမ်းကြည့်နေ ခိုင်းမိလေ၏။ စကားရက် မိနစ်ကြာမှ သူမကို ပြန်ကြည့်မိသည်။ သူမနှင့် ခင်ဦးနွယ်တို့ အတူယှဉ်ထိုင်လျက်ရှိ၏။ ခင်ဦးနွယ်က ဆရာဦးအောင်မြင် ပြောနေသည့် ဆေးပညာ တွေ့ရှိချက်တစ်ခုကို စိတ်ဝင်စားစွာ နားထောင်နေခဲ့သည်။ ခင်ဦးနွယ်က ထက်မြက်ပေမယ့် မှုယာတင်ကဲ့သို့ ပါးလျှပ်ခြင်းမရှိ။ အမျိုးသမီးနှစ်ယောက်စလုံး စိတ်ဝင်စားစွာ ရွေးချယ်သော အကြောင်းအရာချင်းလည်း မတူ။ ည (၈) နာရီ အချိန်တွင် မှုယာ့မျက်နှာမှာ အကောင်းစား မိတ်ကပ်ဖြင့် ချောမွေ့လျက် ဆေးရောင် စုံ ခြယ်သလှပဆဲ။ ခင်ဦးနွယ်ရဲ့ ခိုင်မြဲတည်ငြိမ်သော အလှကတော့ အချော တောက် မကဘူးလို့ ထင်ရလေ၏။

"ဟုတ်တယ်နော်။ တချို့အစာအိမ်အနာက ဘက်တီးရီးယားပိုး တစ်မျိုး ကြောင့် ဖြစ်တယ်ဆိုတာ အစောကြီးကတည်းက တွေ့ခဲ့ပါလျက် သာမန်ဆရာဝန် လေး တစ်ယောက်ရဲ့ စကားပဲဆိုပြီး လက်မခံခဲ့ကြတာ။ ကိုယ် အရိုးစွဲအောင် လက်ခံထားတဲ့ အယူအဆပဲ မှန်တယ်လို့ အတ္တကြီးခဲ့တဲ့ ဆရာဝန်ကြီးတွေကြောင့် ပေါ့နော်"

ခင်ဦးနွယ် ဝင်ပြောလိုက်သော စကားသံက အောင်သူရကို လှုပ်နှိုးလိုက် သလို ရှိသည်။ နွယ်ရယ် အဲ့ဒီပညာရပ်တွေအပေါ် စိတ်ဝင်စားတဲ့ကိစ္စတွေ ထားလိုက်စမ်းပါ။ ကိုယ့်တာဝ၊ နွယ့်တာဝ အကြောင်းအရာတွေ ကိုယ်တို့ ဆွေးနွေး ကြရင် ကောင်းလိမ့်မယ်။ ဒေါက်တာအောင်သူရ၏ အတွေးတို့ကို ကြားလာခဲ့ရသည့် ဆရာဦးအောင်မြင်က

"ဟာ စကားပြောကောင်းကောင်းနဲ့ ပြောနေမိတာ ကိုးနာရီတောင် ထိုးသွားပြီ၊ ကောင်လေးတောင် အိပ်ပျော်နေပြီလား မသိဘူး။ ပြန်ဦးမှ"

ဟု နေရာက ထလေ၏။ ဒေါက်တာအောင်သူရသို့ လက်ဆွဲနှုတ်ဆက် သည်။

"နောက်ကြုံရင်လည်း ဆုံကြသေးတာပေါ့ ဆရာ၊ ဒါပေမယ့် ဆရာက Further Study သွားတော့မယ်ဆဲဆဲ ထင်တယ်။ ဘယ်တော့လောက် ကျပါသလဲ"

"ကျွန်တော့်သက်ကတော့ စောင့်နေတာပါပဲဗျာ။ သူတို့ ခေါ်တဲ့အချိန် သွားရုံပါပဲ။ June လောက်ဖြစ်မယ် ထင်ပါတယ်"

"ဝမ်းသာပါတယ် ဆရာ။ ဂွတ်နိုက်"

ဆရာဦးအောင်မြင်ကို အားလုံးက ဝရန်တာအထိ လိုက်ပို့ နှုတ်ဆက်ကြ လေ၏။ ဆရာဦးအောင်မြင်၏ ကားထွက်သွားတော့ မှုယာကလည်း ဒေါက်တာ အောင်သူရကို နှုတ်ဆက်သည်။

"မှုယာလည်း ပြန်တော့မယ်။ ဆရာ့ဆေးရုံက ယုယုဝေက မှုယာ့သူငယ် ချင်းလေ။ မယုကတော့ သူ့ဆေးရုံကို ပြောလာလို့ ခဏခဏခေါ်နေတာ။ လာရမှာလား ဆရာ"

"အမြဲတမ်း ကြိုဆိုနေပါတယ်ဗျာ။ အလည်ပဲလာလာ ထရိန်စဖာပဲ လာလာပေါ့။ ဆေးရုံကြီးတစ်ခုမှာ ထရိန်နင်ကတော့ ရသင့်ပါတယ်"

"မှုယာ သွားမယ်။ မမနွယ် ဆရာတို့ရောနော် ဂွတ်နိုက်"

"မစိမ်းညို မှုယာ့ကို လိုက်ပို့ပေးလိုက်ပါ"

ခင်ဦးနွယ်က အိမ်ထဲပြန်ဝင်ခဲ့ရင်း ဝိုင်းဖွဲ့ခဲ့လို့ ရှုပ်ပွသွားသော အိမ်ခန်း ကို တိုးတိုးနှင့်အတူ ရှင်းလေ၏။ အမျိုးသား သုံးဦး ဝရန်တာလေးမှာ ထွက်ထိုင် နေကြလေ၏။ သက်ဇော်နိုင်က တရုတ်ကပ်မှန်များကြားမှ ဧည့်ခန်းသို့ လှမ်းမြင် နိုင်သော ဆိုင်ခုံတွင် ဝရန်တာလက်ရန်းကို နောက်ကျောခိုင်း၍ ထိုင်လေ၏။ ဆရာယဉ်မျိုးနှင့် အောင်သူရက သူနှင့် မျက်နှာချင်းဆိုင် ထိုင်နေခဲ့ကြသည်။ ဆရာဝန်ချင်းတွေ့ရင် မဆုံးနိုင်အောင်ပြောကြသည့် လူနာအကြောင်း၊ ဆရာဝန်နှင့် လူနာအကြား လက်ခွေကြေး ပြဿနာအကြောင်း၊ ဆရာ့ဆရာကြီးများအကြောင်း ပရိုက်ဗိတ်ဆေးရုံကြီးတွေ အကြောင်း။

တည်ဆောက်ချင်သော အောက်ခြေကျန်းမာရေးဝန်ထမ်း မိသားစု အတွက် အခမဲ့၊ အခြားသူတွေအတွက် အလွန်သက်သာသော နှုန်းထားရှိမည့် စိတ်ကူးယဉ် ပရိုက်ဗိတ်ဆေးရုံကြီး တစ်ရုံအကြောင်းကိုတော့ ဆရာယဉ်မျိုးက ပြောခဲ့လေ၏။

"ကျွန်တော် ပြန်လာရင် ဆရာ့အဲဒီဆေးရုံကြီးမှာ Physican အဖြစ် အခမဲ့ တာဝန်ယူပါမယ်လို့ ကတိပေးပါတယ်ဗျာ"

ဒေါက်တာအောင်သူရက ရယ်ရယ်မောမော ပြောလေ၏။

"ကျွန်တော့်ဆေးရုံမှာ ဆာဂျင်တစ်ယောက်၊ ဆာဂျင်လောင်းတစ်ယောက် ကတော့ ရထားပြီးပြီဗျာ။ ဆရာနိုင်ငံခြားက ပြန်လာရင်သာ အဲဒီစကားကို သတိရပါစေ ဆုတောင်းပါတယ်"

ဆရာယဉ်မျိုးကလည်း ရယ်ရယ်မောမော ဆိုလေ၏။ သက်ဇော်နိုင်က

www.burmeseclassic.com



မှ အလင်းရောင် မရောက်နိုင်သော သူ့နေရာမှ ခင်ဦးနွယ်၏ လှုပ်ရှားမှုမှန်သမျှကို လှမ်းကြည့်နေခဲ့ရင်း အချိန်ကုန်ဆုံးနေစေခဲ့သည်။

ဆေးရုံမှာတွေ့ရသည့် ဆုံးဖြတ်ချက် တိကျမှန်ကန်သော၊ ခွဲစိတ်ကု အလွန် ကျွမ်းကျင် လိမ္မာသော အထူးကု ဆရာဝန်မတစ်ဦး အသွင်မဟုတ်တော့ဘဲ အိမ် တွင်းမှု တစ်ခုတည်းကိုသာ စိတ်ဝင်စား ကျွမ်းကျင်နိုင်နင်းသော အရပ်သူ အမျိုးသမီး တစ်ယောက်နှင့်သာ သူမ ပိုတူခဲ့ပါလေ၏။ ကိုယ့်အိမ်မှာ လုပ်နေကျ အလုပ်တစ်ခု ကို လုပ်နေသကဲ့သို့ သပ်ရပ်မြန်ဆန်စွာ ဒေါ်ခင်ဦးနွယ် သိမ်းဆည်းနေခဲ့သည်။ ဒေါက်တာအောင်သူရက နေရာမှထကာ ဧည့်ခန်းသို့ ပြန်ဝင်သွားခဲ့သည်။ သက်ဇော် နိုင်က ရောယောင်ထမည်ပြုဆဲ ဦးယဉ်မျိုးက သက်ဇော်နိုင်ကို ထိုင်ကျန်နေခဲ့ဖို့ လက်ရိပ်ပြလေ၏။

□

"စကားပြောရအောင် နွယ်"

ဟု ကိုသူရက လာခေါ်တော့ နွယ်က မီးဖိုထဲမှာ ရှုပ်ပွသွားသမျှကို ရှင်းပေးနေရာက လက်သုတ်ရင်း ထလိုက်လာခဲ့သည်။ သူတို့ ဧည့်ခန်းစားပွဲမှာ ထိုင်မိကြလေ၏။ ကိုသူရက ခေါင်းရင်းဘက်တွင် ထိုင်ခဲ့ကာ နွယ်က ဝရန်တာ လေးနှင့် မျက်နှာချင်းဆိုင်သော ခုံမှာ ထိုင်ဖြစ်လေ၏။ ဆရာယမ်ပါ မပြန်သေးတာ လှမ်းတွေ့ရသည်။ ဆရာယမ်နှင့် သက်ဇော်နိုင်က အကြောင်းအရာတစ်ခုကို ပြောကာ ရယ်မောနေကြသည်။

"ကိုယ် သားတွေကို မော်လမြိုင် ခေါ်သွားပြီး သူတို့ သွားချင်တဲ့ဆီ လိုက်ပို့ပေးမယ်။ တစ်လလောက်တော့ ကြာမှာပေါ့။ ဖြစ်မလား နွယ်"

နွယ့် ရင်ထဲမှာတော့ မကောင်းလှပေ။ အစက နွယ်လည်း ခွင့်မယူတာ ကြာပြီမို့ ခွင့်ယူပြီး သားတွေနဲ့အတူ ခရီးထွက်အနားယူဖို့ စဉ်းစားထားမိသည်။ ခုချိန်မှာတော့ နွယ် မသွားနိုင်တော့။ နွယ် သွားခဲ့ရင်လည်း စစ်ဆေးရေးအဖွဲ့က ပြန်ခေါ်ယူစေလိမ့်မည်။

"ဖြစ်ပါတယ် ကိုသူရ"

"နွယ်တို့ ကိစ္စလည်း နောက်တစ်ပတ်လောက်ဆိုရင် ၈ လိမ့်မယ်ထင် တယ်။ နွယ် အစစ်ဆေးခံရတဲ့ အချိန်မှာ ကိုယ်မရှိနိုင်တာကိုတော့ ခွင့်လွှတ်ပါ။ အခုတောင် ရန်ကုန်ထိုပြီးလာခဲ့တာ။ မြေလတ်ရောက်နေတာ ကိုယ့်ဆေးရုံကတောင် သိကြမှာ မဟုတ်ဘူး။ ကြာကြာပျောက်နေလို့လည်း မကောင်းဘူးလေ"



"နွယ် နားလည်ပါတယ်။ အခုလိုလာပြောတာကိုပဲ နွယ် ကျေးဇူးတင်တဲ့ အကြောင်းမပြောရသေးဘူး"

ကိုသူရ နှုတ်မှ ကျစ်ခနဲမြည်ကာ ခေါင်းယမ်းခါသည်။

"နွယ်က သိပ်စိမ်းလွန်းတယ်။ နွယ်ရင်ဆိုင်ရတော့မယ့် အမှုအတွက် ကိုယ်က သိလျက်နဲ့ လာမပြောဘဲ ဘယ်လို နေနိုင်မှာလဲ။ ကိုယ်ဒုက္ခတွေ့တော့ မယ့်ကိစ္စဆိုလည်း နွယ်သိရင် လာမပြောဘဲ နေနိုင်မှာလား"

ကိုသူရက စကားပြောရင်း စိတ်လိုက်မာန်ပါသံတွေပါ ကျယ်လောင်လာတတ် မြဲ။ ဘာမှ မပြောင်းလဲပါလား။ နွယ် တွေးရင်း ပြုံးမိလေ၏။

"နွယ် ဆိုရင်လား။ သိပ်မသေချာဘူး ထင်တယ်ကိုသူရ။ နွယ်က လာပြော ဖို့ မတတ်တဲ့တော့ ကိုယ်တိုင်တော့ မဟုတ်ဘူး။ တစ်နည်းနည်းနဲ့တော့ အကြောင်း ကြားပေးဖြစ်မှာပါ"

ကိုသူရ မဲ့ပြုံးပြုံးလေ၏။

"အခုလို ကရုဏာထားတဲ့အတွက် ကျေးဇူး အထူးပါပဲ ဒေါ်ခင်ဦးနွယ် ခင်ဗျာ"

နွယ်က ခေါင်းငုံ့ ပြုံးမိလေ၏။ ဒေါက်တာအောင်သူရ မချင့်မရဲဖြင့်

"ကိုယ့် ဓာတ်ပုံကို နွယ့်ဧည့်ခန်းထဲမှာထားသေးတာ အတွက်လည်း ကျေးဇူးပါပဲဗျာ"

ကိုသူရရဲ့ စိတ်လှုပ်ရှား ခံစားမှုတွေကို နွယ်ရိပ်မိလေ၏။ နွယ့်ဘက်က ပြတ်သားဖို့တော့လိုလိမ့်မယ်။ ခင်ဦးနွယ်သည် တစ်ခါကကိုသူရကို ပြန်လည်သွေး ဆောင်ဖြားယောင်းသူတော့ မဖြစ်စေချင်။ မဖြစ်စေရ။ နွယ်ပြုံးလျက်ပင်။

"ကိုသူရ သတိထားမိမယ် ထင်ပါတယ်။ ကိုသူရနဲ့ သားတွေ တွဲရိုက်ထား တဲ့ ပုံကိုပဲ ထားတာပါ။ ကလေးတွေက သူတို့ သူငယ်ချင်းတွေလာတဲ့အခါ သူတို့ရဲ့ အဖေဆိုတာ ပြချင်မှာပေါ့"

ဒေါက်တာအောင်သူရ စိတ်လှုပ်ရှားခဲ့သလို ထိုင်ရာက ထသည်။ ဧည့် ခန်းကို ဖြတ်လျှောက်သည်။

"ဒါဖြင့် နွယ် ကိုယ့်အကြောင်းကိုပဲ ပြောနေခဲ့တာ၊ တစ်ခါက ကိုယ်နဲ့ နွယ်ရဲ့ ဘဝအကြောင်းကိုပဲ ပြောနေခဲ့တာက ဘာသဘောပါလိမ့်။ ကိုယ် မန္တလေး ဆေးရုံမှာရှိတုန်း မောင်မောင်အေး ကြူကြူတို့နဲ့လည်း တွေ့ခဲ့တယ်၊ တခြားနေရာ

www.burmeseclassic.com

www.burmeseclassic.com



ဝေးတာလည်း ကြာတယ်။ နွယ် ကိုယ့်အကြောင်းကို ပြောနေတတ်တာ ကိုယ်သိပြီ။ အခု ပြန်ဆုံချိန်ကျမှ မရင်းနှီးဖူးခဲ့တဲ့ သူစိမ်းတွေလို နွယ် ဘာဖြစ်လို့ ဟန်ဆောင်နေရတာလဲ။ နွယ် ကိုယ့်အပေါ်သံယောဇဉ် ရှိနေခဲ့သမျှ အခုမှ ပြင်းပြတော့မလား"

နွယ် သူ့ကို မော်ကြည့်မိသည်။ သူက လမ်းလျှောက်ခဲ။ သူ့အနီးသို့ ဒေါက်တာအောင်သူရ ဖြတ်လျှောက်အသွားတွင် နွယ် နေရာက ထရပ်ပြီး သူ့ကိုပါ ရပ်တန့်စေခဲ့သည်။ နွယ်နှင့်သူ မျက်နှာချင်းဆိုင် ရင်ဆိုင်ကြည့်နေမိကြလေ၏။

"ကိုသူရနဲ့ နွယ် ဒါပထမဆုံးအကြိမ် ပြန်တွေ့ဖြစ်ကြတာပဲနော်။ အ[illegible] ထင်မိတယ်။ နွယ့်ဘဝက ဘယ်လောက်နာခဲ့သလဲဆိုရင် ကိုသူရကို ဘယ်တော့မှ အမုန်းမကြေနိုင်တော့ဘူးလို့၊ ဘယ်တော့မှလဲ ပြန်မဆုံချင်ဘူး။ မတော်တဆ ပြန်ဆုံမိရင်တောင် မျက်နှာလွှဲထားမယ်လို့ အာဃာတတွေနဲ့ စိတ်ထဲမှာ ကေးခဲ့မိတယ်။ အခုတော့ နှစ်တွေကြာခဲ့ပါပြီ ကိုသူရ။ ကိုသူရကို ပြန်တွေ့တဲ့ နေ့မှာပဲ နွယ် သိရတယ်။ ကိုသူရအပေါ် အာဃာတ၊ အငြိုးအတေးတွေ နွယ့်မှာ မရှိတော့ဘူးဆိုတာ။ ကံအကြောင်း တစ်ခုပဲလို့ လက်ခံနိုင်လာခဲ့ပါတယ်။ အစမှာတော့ကံကို လက်ခံလိုက်ပါဆိုတဲ့ နှစ်သိမ့်စကားကို နွယ် လက်မခံနိုင်ခဲ့ဘူးလေ။ အခုတော့ နွယ် လက်ခံနိုင်ခဲ့ပါပြီ။ နွယ်နဲ့ ကိုသူရထက်မက အိမ်ထောင်ရေး ဖောက်ပြန်လော်လည်မှုတွေ ရှုပ်ထွေးကောက်ကျစ်မှုတွေရှိတဲ့ အိမ်ထောင်တွေလည်း ခိုင်မြဲချင် ခိုင်မြဲနေတာပါ။ နွယ်တို့လောက်တောင်ကျိုးကြောင်းပြ မဆိုင်လုံတဲ့ ကွဲချင်လည်းကွဲနေကြတာပဲလေ။ နွယ် ဘယ်သူ့ကိုမှ အပြစ်မတင်ချင်တော့ပါဘူး။ တစ်ဦးစီမှာ ပါလာတဲ့ ကံတစ်ခုစီကြောင့် ဖြစ်ပျက်ခဲ့တာလို့ပဲ နွယ် သဘောထားလိုက်ပါတယ် ကိုသူရ"

ကြာကြာရပ်တည်နိုင်ဖို့ ခင်ဦးနွယ် နီးရာဆက်တီ နောက်မှီကို လှမ်းထောက် ကိုင်ထားမိရလေ၏။

"အဲဒီ ကံတစ်ခုစီကြောင့် တစ်လမ်းစီသွားခဲ့ကြတဲ့အခါမှာတော့ နွယ့်ဘက်မှာ အခက်အခဲလေးတွေ ရှိခဲ့တယ် ကိုသူရရယ်။ နွယ်ကဝေရာဝန်တစ်ယောက်၊ နွယ် အလုပ်လုပ်နေတာ စာရွက်စာတမ်းတွေ ကိန်းဂဏန်းတွေ၊ ကွန်ပျူတာတွေနဲ့ မဟုတ်ပါဘူး။ အသည်းနှလုံးရှိတဲ့ လူသားတွေနဲ့ အလုပ်လုပ်ရတယ်။ လူသားတွေကို ပြုပြင်ဖာထေးရတဲ့ အလုပ်တစ်ခုမှာ နွယ့်လို အမျိုးသမီးတစ်ယောက်အနေနဲ့



ဘယ်လို နောက်ဆက်တွဲ ပြဿနာကြုံနိုင်သလဲဆိုတာ ကိုသူရလည်း ဆရာဝန်တစ်ယောက်ပဲ။ စဉ်းစားကြည့်ရင် သိမှာပါ။ ကြုံလည်း ကြုံဖူးမှာပါ။ နွယ်က အသက်(၄၅) (၅၀) အရွယ်ဆိုရင်တော့ ဘာမှ ပြဿနာမရှိနိုင်တော့ပါဘူး။ ဒီဆရာဝန်မဟာ ဘယ်သူနဲ့နေပါလိမ့်မလဲ။ အိမ်ထောင်ကျဖူးသလား၊ တစ်ယောက်တည်းလားဆိုတာ ဘယ်သူမှ စဉ်းစားနေမှာ မဟုတ်တော့ဘူး။ အခု အခြေအနေမှာတော့ နွယ် ရပ်တည်နေရတာ သိပ်လွယ်နေတာတော့ မဟုတ်ဘူးလေ"

"ယုံပါတယ် နွယ်။ နွယ်က ဘာဖြစ်လို့ ဒီလောက် လှနေတာလဲလို့ပဲ ကိုယ် မေးချင်တော့တယ်"

ကိုသူရ၏ ပြုံးလဲ့လဲ့အကြည့်နှင့် ရိသဲ့သဲ့စကားကို နွယ် အမှုမထားပါ။

"နွယ် ကိုသူရ နာမည်ကို အမြဲပြောနေတယ်ဆိုတာထက် သုံးနေခဲ့တယ်ဆိုရင် ပိုမှန်ပါတယ်။ ကိုသူရကိုသံယောဇဉ်ရှိနေသေးလို့ မျှော်လင့်နေသေးလို့ထင်ရပေမယ့် မဟုတ်ပါဘူး။ မျှော်လင့်ချက်နဲ့ သုံးခဲ့တာဆိုရင်တောင် အဲ့ဒီ မျှော်လင့်ချက်က အနှောင့်အယှက် ကင်းကင်းနဲ့ နွယ့် အလုပ်ကို နွယ် လုပ်နိုင်မယ်ဆိုတဲ့ မျှော်လင့်ချက်လေးပါ။ ကိုသူရ ရယ်ချင်မလား မသိဘူး"

ဒေါက်တာအောင်သူရ မရယ်မောနိုင်ပါ။ အံ့အားသင့်စွာသာ ခင်ဦးနွယ်သို့ ငေးကြည့်နေမိသည်။ သူမ နှုတ်ခမ်းတွေ အပြုံးတစ်စ ခိုတွဲလျက်ဖြင့် မဆုံးသေးသော စကားကိုဆက်သည်။ သူမ အကြည့်တို့က ရှုရှုမြဲမြဲ၊ သူ့ထံမှာ။

"ခင်ပွန်း ယောကျ်ားတစ်ယောက်ရဲ့ ဘုန်းကလည်း ကြီးကျယ်ခမ်းနားလိုက်တာပါပဲ။ ကွယ်လွန်သွားတာ မဟုတ်တဲ့ယောကျ်ားရဲ့ နာမည်ကို သုံးနေသမျှတော့ ဒီမိန်းမအပေါ်မှာ မိန်းမချင်းရဲ့ ယုံကြည်စိတ်ချမှုနဲ့ ယောကျ်ားသားတွေရဲ့ ထိန်းသိမ်း ရှောင်ရှားမှုကို ရနေနိုင်တယ်လေ။ အဲ့ဒီ ရည်ရွယ်ချက်ပဲ နွယ့်မှာရှိပါတယ်။ ကိုယ့်ကို စွန့်ပစ်ထားတဲ့ ယောကျ်ားတစ်ယောက်ကို တမ်းတနေတဲ့ အနုံမလို့ပဲ ထင်ချင်လည်း ထင်ကြပါစေ။ အရေးကြီးတာက နွယ့်ဘဝမှာ အနှောင့်အယှက်ကင်းကင်းနဲ့ သားတွေကို ဦးဆောင်ပြီး တစ်ကိုယ်တည်း ရပ်တည်နိုင်ဖို့ပဲ မဟုတ်လား"

ဒေါက်တာအောင်သူရ ငြိမ်သက်သွားခဲ့သည်။ သူ့ရင်ထဲတွင် လှိုင်းလ ငြည်းငြည်းချင်း ထန်လာခဲ့သလို ရှုနစ်ဝင်ထိုးကိုက်သော လှိုင်းတစ်ခုက နှိုင့်မဆုံး၊ ငြိမ်မဆုံး ဖြတ်သန်း သွားနေခဲ့လေ၏။ စိတ်မချမ်းမြေ့စွာ သူ့မျက်နှာ အိုမင်းနာ

www.burmeseclassic.com

www.burmeseclassic.com



ကျင်လာနေခဲ့သည်။

"ကိုသူရ နာမည်ကို သုံးခဲ့တဲ့အတွက် တခြားသူတွေရဲ့ ယုံကြည်မှုအပြင် သားတွေရဲ့ ယုံကြည်မှုကိုပါ ရခဲ့တယ်။ ကိုသူရရဲ့သားနှစ်ယောက်ကို စောင့်ရှောက်ပေးရတဲ့ အဖိုးအခအဖြစ် ဒေါက်တာအောင်သူရ ဆိုတဲ့ နာမည်တစ်လုံးကို သုံးထားရတာယ်ပဲ ထားလိုက်ပေါ့ ကိုသူရရယ်"

သည်စကားများမှာနှယ့်ကိုနှယ် မထိန်းသိမ်းနိုင်ဘဲ ပြောမိခဲ့သော အဆုံးအငေါ့ စကားတော့ ဖြစ်သွားခဲ့လေ၏။

"တော်ပါတော့ နှယ်ရယ်။ တော်ပါတော့။ ကိုယ်တောင်းပန်ပါတယ်"

ဒေါက်တာအောင်သူရ၏ နာကျင်ထိခိုက်သောအသံက အတန်ငယ် တုန်သွားခဲ့သည်။ နှယ်လည်း စိတ်ထိခိုက်တုန်ယင်မိလေ၏။ ကိုသူရအနီးမှ အသာအယာ ထွက်ခဲ့သည်။ တိုးတိုးကိုလှမ်းခေါ်ကာ

"နှယ် ပြန်တော့မယ် ကိုသူရ။ အိမ်မှာ ကလေးတွေ ပစ္စည်းထည့်ထားတာ ဘာလိုသလဲ ကြည့်မပေးရသေးဘူး"

ကိုသူရက လှည့်မကြည့်တော့ဘဲ ခေါင်းညိတ်ပြခဲ့သည်။ နှယ် ဝရန်တာလေးသို့ ဧည့်ခန်းမှ ထွက်ခဲ့လျှင် သူမ မေ့လျော့နေမိသော သူနှစ်ဦးကို ဝရန်တာမှာ တိတ်ဆိတ်စွာ ထိုင်နေကြတာ တွေ့မြင်ရလေ၏။

"ဪ"

နှယ် ဘာစကားပြောရမလဲ မသိ။ သူတို့ကို ကြောင်၍ ငေးကြည့်မိနေပြီးနောက်မှ သတိရကာ–

"သွားတော့မယ် နော်"

ဟုနှုတ်ဆက်ရင်း လှေကားမှ ဆင်းခဲ့သည်။ လရောင်အောက်တွင် ကွက်လပ်ကလေးကို ဖြတ်သန်းလျှောက်သွားနေသော အမျိုးသမီးကို ကြည့်ကျန်ရစ်ရင်း ဦးယဉ်မျိုး စိတ်မကောင်းဖြစ်မိလေ၏။ သူမကို သူ တောင်းပန်ချင်လာခဲ့သည်။ ဒေါ်ခင်ဦးနှယ်က ခင်ပွန်းဟောင်းရဲ့ အကြောင်းကို ပြောလေတိုင်း သူက "အဟမ်း" ဟု ချောင်းဟန့်တာမျိုး၊ သက်ဇော်နိုင်ကို မျက်ရိပ်ပြကာသူ့နာခေါင်းကို ကိုင်ပြခဲ့တာမျိုး ခပ်စောစောပိုင်းဆီက သူပြုမိခဲ့လေ၏။ သူမပြောတာ မှန်ခဲ့သည်။ စင်စစ် သူ သူမကို ဆက်ပြီးမရစ်တော့ဘဲ အန္တရာယ် ကင်းကင်းရှိနေစေခဲ့တာ နာမည် တစ်လုံးကြောင့် ဖြစ်လေ၏။ ဒေါက်တာအောင်သူရ ဆိုသော အမည်ကြောင့်



သော့ မဟုတ်။ သူမ နောက်မှာ ကိုညီရှိနေပြီဟု သိရသော အချိန်က စ၍ပေ။ သူမပြောခဲ့သည့် ယောက်ျားတွေရဲ့ ဘုန်းကလည်း ကြီးကျယ်ခမ်းနားလိုက်တာ ဟုသောစကားကိုတော့ သူ သဘောကျမိမှာပေ။ အရင် သူ့စိတ်အခြေအနေနှင့်ဆိုလေ။ အခုစိတ်အခြေအနေနှင့်မှု သဘောကျ လက်ခံလိုက်ဖို့ အမျိုးသမီးကို အားနာမိပေ၏။

သည်စဉ်ခိုက် သူ့အနီးမှာ ဝရန်တာ လက်ရန်းကို လက်ထောက်ကာ လရောင်ထဲသို့ ငေးကြည့်ကျန်ခဲ့သော စိတ်ထိခိုက်နေသူ ယောက်ျားတစ်ဦးရှိကာ မိန်းမတစ်ယောက်၏ နာမည်အသုံးချခံရမှုကြောင့် စိတ်ထိခိုက်နေသူ နောက်တစ်ဦးက အိမ်ထဲမှာ ရှိနေခဲ့လေ၏။

□

ဒေါက်တာအောင်သူရ ပြန်သွားပြီး သုံးရက်မြောက်နေ့တွင်တော့ သက်ဇော်နိုင် အိမ်မှာငြီးငွေ့စွာ အချိန်ကုန်လွန်နေခြင်းကို သည်းမခံနိုင်တော့။ နေ့စဉ် မမနှယ် ဆေးရုံအသွားအပြန်ကို လှမ်းတွေ့နေရသည်။ ညနေကျလျှင် ဆေးခန်းသွားသည်။ လှလှစောကို နောက်မှာတင်ကာ ဈေးပါကပ်ကို မနေ့မပြန် စီးသွားတတ်မြဲ။ ကလေးတွေနှင့် အန်တီပါ ရန်ကုန်ပါသွားခဲ့၍ သူ့လိုပဲငြီးငွေ့နေမလား တွေးမိခဲ့သည်။ သူမကမူ သူ့အိမ်ဘက်သို့လှည့်ပင်မကြည့်ခဲ့။ သူမရဲ့ အလုပ်၊ သူမရဲ့ဘဝထက် ဘာမှ အရေးမကြီးသလို ပြုမူနေတော့ပေ၏။ ဒီနေ့တော့ သူ မခံမရပ်နိုင်တော့။ နံနက် (၁၀)နာရီခန့်မှာ ဆေးရုံဆီထွက်လာခဲ့မိပေ၏။ ဆေးရုံ အဆောက်အအုံက သူ့ကို မမှတ်မိဘဲ ငေးကြည့်နေတော့သယောင်။ အဘချက်ကတော့ သူ့ကို ကြိုလေ၏။

"ဆရာလေး နေကောင်းပြီနော်"

"ဟုတ်ကဲ့"

သက်ဇော်နိုင် လက်ပြနှုတ်ဆက်ခဲ့သည်။ ဆေးရုံထဲ ဝင်ခဲ့လျှင်တော့ သူ ပြန်နှုတ်ဆက်ရတာ မဆုံးနိုင်တော့။ တစ်ကိုယ်တည်း အထီးကျန်ဆန်လှသော အတွေးတွေမှ လွတ်မြောက်ခဲ့ကာ အစ်ကိုကို အလုပ်များလျက် တွေ့ရသည်။ အခုတ်အမေးထဲမှာ ပြည် ပြည့်နေသော တီတီရောဂါသည် တစ်ဦးကို နံပြားမှ တစ်ဆင့် ပိုက်သွင်းကာ ပြည်ကိုစုပ်ယူ ပိုက်သွယ်ချထားဖို့ ပြင်နေသည်။

"အစ်ကို ကျွန်တော် ဘာကူပေးရမလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မလိုဘူး ကိုညီ၊ မင်းက ခံနိုင်ရည်ရှိသေးတာမဟုတ်ဘူး။ ရောဂါ လတ်ဆောင်ရသွားရင် မချောင်ဘူး"

"မထူးပါဘူးဗျာ။ အစ်ကိုလည်း ရသွားနိုင်တာပါပဲ"

လူနာမကြားအောင် တိုးတိုးပြောလေ၏။

"ဒေါ်ခင်ဦးနွယ်တောင် ဆရာကြီးရုံးခန်းသွားတယ်ကွ။ မင်းလိုက်သွား ပါလား။ ဆရာကြီးလည်း နှုတ်ဆက်ရင်းပေါ့။ ဘာလဲ မင်းက ဂျူတီဝင်တော့မလို့ လား"

"အိမ်မှာနေရတာ ပျင်းလွန်းလို့ အစ်ကိုရာ"

"မတွေ့ရတာ ကြာလို့ ငါလာတွေ့တယ် ဆိုပါတော့"

"ဟာဗျာ"

သက်ဇော်နိုင်နှင့် ဦးယဉ်မျိုးတို့က ညစဉ် သက်ဇော်နိုင်အိမ်မှာ ဆုံဖြစ်ကြ သည်။ ခွဲစိတ်ကုသဘာသာရပ် စာအုပ်ထူကြီးရှေ့ချကာ သက်ဇော်နိုင် ဖေးနေတတ် သည်။ ညဉ့်မှောင်ရီပျိုးခဲ့လျှင်တော့ ဝရန်တာလေးမှာ ပက်လက်ကုလားထိုင် လေးဖြင့် ထွက်ထိုင်သည်။ ဦးယဉ်မျိုးက သူ့ကို ပြုံးစနဲ့နဲ့ ပြုံးရုံရှိသေး

"ကျွန်တော် ဒီမှာ မထိုင်လို့ ဘယ်မှာထိုင်ရမလဲဗျာ"

ဟုခပ်ညည်းညည်း ဆင်ခြေပေးတတ်သေးသည်။

"ဟ၊ ငါက ဘာပြောသေးလို့လဲ"

ဦးယဉ်မျိုး သူ့ကို စနောက်လို့ ကောင်းလှလေ၏။

"အစ်ကို ကျွန်တော် ရုံးခန်းလိုက်သွားဦးမယ်"

"ဟုတ်ကဲ့ပါ ခင်ဗျာ"

သက်ဇော်နိုင် ဦးယဉ်မျိုးကို ရယ်မောရင်း ထွက်ခဲ့သည်။

□

"သက်ဇော်နိုင်ပါလား။ လာထိုင်ကွာ"

ရုံးခန်းဆင်နားရွက်တံခါးကို တွန်းဖွင့်ဝင်သွားခဲ့လျှင် ဆရာဦးအောင် မြင့်က လှမ်းနှုတ်ဆက်ခဲ့လေ၏။ ဒေါ်ခင်ဦးနွယ်လည်း မော့ကြည့်ကာ ပြုံးနှုတ်ဆက် ခဲ့သည်။ သူမက စားပွဲကျယ်ရှေ့ ဆရာကြီးနှင့် မျက်နှာချင်းဆိုင်မှာ ထိုင်နေခဲ့သည်။ စည်သူ့ စာမေးပွဲ၊ သူ့ကိုခွဲစိတ်ရသည့်အဖြစ်၊ စစ်ဆေးခံရတော့မည့် တိုင်စာ။ ထိုဝန်တွေအောက်မှာ မယနွယ် တည်ငြိမ်စွာ ကြံ့ခံရပ်တည်နေဟန်ရှိသည်။



ရှင်ဖွေ့အင်္ကျီ အစိမ်းရောင်ပြောင်လက်စကနှင့် အစိမ်းခံတွင် အရောင်ဖျော့လေး ငါးမျိုးပါသော ပါတိတ်ဆင်ကို ဝတ်ဆင်ထားခဲ့သည်။ လည်တိုင်တွင် ဆွဲနေကျလော့ ကက်လေးက မဟူရာဆွဲပြားလေး။ အစိမ်းရောင် အင်္ကျီပေါ်မှာ ထင်းနေခဲ့လေ၏။ လော့ကက်တွင် "A"ဟူသော ရွှေစာလုံးထုထုလေး ရှိသည်။ "A"ဆိုတော့ အင်္ဂလိပ် စာလုံး "အောင်"ရဲ့ ထိပ်စာလုံးလေးလား။ ဒါပေမယ့် ဒါတွေမလိုတော့ဘူးလေ။ မယနွယ်၊ မယနွယ်ရင်ထဲမှာ ဒီနာမည် တကယ်ရှိမနေဘူးဆိုတာ ကျွန်တော် သိပြီပြီ။

"သက်ဇော်နိုင် ခွင့်ကိစ္စလား"

သက်ဇော်နိုင် အတွေးမှ နိုးသွားရ၏။

"မဟုတ်ပါဘူး ဆရာကြီး။ ဟိုကိစ္စ ပြီးမှာပဲ ကျွန်တော်ခွင့်ယူပြီး ရန် ကုန်ပြန်ပါမယ်။ ဒါပေမယ့် အခုတော့ အိမ်မှာအလုပ်မရှိဘဲနေရတာ ငြီးငွေ့သလို ဖြစ်လာတယ်။ ဆရာကြီးလည်း ကျွန်တော်မရှိတော့ တစ်ယောက်တည်းအလုပ်တွေ များနေမှာပဲ"

သက်ဇော်နိုင် အိမ်မှာ အနားရှည်ထင်သည်၊ လန်းဆန်းလာခဲ့သည်။ လည်ကုပ်အထိ ရှည်နေသော ဆံပင်တွေကို တိုတိုပြည့်ညှပ်ထားခဲ့သည်။ ရှပ်လက်တို အဖြူစင်းနှင့် ပလေကပ်ပုဆိုး အပြာကွက်ဆင် ဝတ်ဆင်ထားလျက် ရည်မွန်ဖျတ် လတ်သော သူ့ပင်ကိုယ်ဟန်ကို ပြန်မြင်တွေ့နေရပြီ။

"ဆရာက ကိစ္စမရှိပါဘူးကွာ။ ဦးယဉ်မျိုးလည်း ဝင်ကူပါတယ်။ မင်းကတော့ အနားယူဖို့ လိုမှာပဲ"

သုံးဦးသား အတန်ကြာ ငြိမ်သက်နေမိကြသည်။ ဦးအောင်မြင့်ကစလို့

"ဟိုကိစ္စ၊ အင်း အဲဒါတစ်ခုက တော်တော် ရှုပ်ထွေးတာပဲ။ ဒါနဲ့ ပတ်သက် ပြီး ဆရာစကားပြောချင်နေတာနဲ့ သက်ဇော်နိုင်လည်း ရောက်လာတော့ အတော်ပါ ပဲ။ ဒေါ်ခင်ဦးနွယ်တို့ သက်ဇော်နိုင်တို့ဟာ ဘယ်လိုဆရာဝန်တွေလဲဆိုတာ ကျွန် တော် အသိဆုံးပေါ့။ မကျေနပ်တဲ့ ပစ်စာ၊ တိုင်စာဆိုတာ ရှိလည်းရှိသင့်တယ်။ မရှိလည်း မရှိသင့်ဘူး။ ရှိသင့်တာကတော့ မသမာတဲ့ ကိစ္စတွေ ရှုပ်သွားဖို့ များနေတဲ့ သူတွေ ပြင်နိုင်ဖို့ပေါ့။ မရှိသင့်တာကတော့ မှန်မှန်ကန်ကန်လုပ်နေတဲ့ သူတွေအဖို့ ပုဂ္ဂလိက အာဃာတကြောင့် လုပ်ငန်းမှာ စိတ်ဓာတ်ကျသွားတာမျိုး လည်း ဖြစ်တတ်တယ်။ ကျွန်တော် ထင်ပါတယ်။ ဒေါ်ခင်ဦးနွယ်နဲ့ သက်ဇော်နိုင် ကတော့ အလုပ်ကို တကယ်စိတ်ဝင်တစား ရှိတဲ့သူတွေဆိုတော့ လွယ်လွယ်နဲ့

www.burmeseclassic.com

www.burmeseclassic.com



စိတ်ပျက်သွားကြလိမ့်မယ် မဟုတ်ဘူးလို့၊ တစ်ခုတော့ ရှိတယ်ဗျာ။ အဲဒီလို အမှု တစ်ခု ပေါ်ခဲ့ရင် ဆေးရုံပေါ်မှာ အရှိန်မည်းကျလိုက်သလိုပဲ။ တစ်ယောက်က တစ်ယောက်ကိုထင်၊ ဝန်ထမ်းအချင်းချင်းလည်း စည်းလုံးမှုတွေ ပျက်ပြာ။ ဆေးရုံနဲ့ လူထုကြား ဆက်ဆံရေး အားလုံး ကပြောင်းကပြန်တွေ ကြုံရတော့တာပါပဲ"

"ကျွန်မတို့အတွက်ကြောင့် ဆရာကြီး စိတ်အနှောင့်အယှက် ဖြစ်ရတာ စိတ်မကောင်းပါဘူး"

ခင်ဦးနွယ်က စိတ်မကောင်းစွာ ပြောခဲ့သည်။ သက်ဇော်နိုင်ကလည်း ခေါင်းငုံ့ ထားခဲ့သည်။

"နိုး နိုး။ ကျွန်တော်က ကျွန်တော့်မြို့အတွက်တောင် မျက်နှာပူရပါတယ်။ ဦးမြမောင်နဲ့ ကျွန်တော်က ရင်းနှီးပါတယ်။ ဒီဦးမြမောင်ရဲ့ သားက ကျွန်တော့်ကို လာပြီးမေးခဲ့ရင် အရှိန်မရှေး ရှင်းပြလို့ရတဲ့ ကိစ္စတစ်ခုဗျာ"

"ကျွန်မတို့ကို ဒါလောက် ထိခိုက်မိအောင် ရည်ရွယ်ချက်မှ ရည်ရွယ်မှာပါ မရည်ရွယ်တဲ့ စစ်ဆေးမေးမြန်းခံရတဲ့အထိ ဖြစ်သွားခဲ့တယ် ထင်ပါတယ်"

"ကျွန်တော်ကတော့ တမင် နာမည်ပျက်ရင်ပြီးရော ဖျက်တာပဲလို့ ထင် တယ်"

ဦးအောင်မြင် သက်ပြင်း ရှိုက်လေ၏။ ခင်ဦးနွယ်က ခဏငြိမ်နေပြီး ဦးအောင်မြင် ခေါင်းဖော်အလာမှာ မေးမိရလေ၏။

"ဆရာ ကျွန်မကို ခေါ်တယ်ဆိုတာ"

"အင်း အဲဒါပါပဲလေ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ဆရာနဲ့ ဆရာမ တို့ကို တိုင်တဲ့ကိစ္စနဲ့ ပတ်သက်ပြီး စစ်ဆေးမယ့်အကြောင်း စာ ဒီနေ့ပဲ ဝင်လာခဲ့ တယ်။ စာထဲမှာတော့ စစ်ဆေးရေးအဖွဲ့မှာ ပါမယ့်သူတွေရယ်၊ အဲဒီစစ်ဆေးမယ့်သူ တွေကို ဆရာတို့က ကန့်ကွက်လိုခြင်း ရှိမရှိပေါ့ဗျာ။ ထုံးစံအတိုင်းတွေပါပဲ။ ကျွန်တော် ခဏနေရင် စာပို့နိုင်းပေးပါမယ်။ ဒီနေ့ အင်္ဂါနေ့ဆိုတော့ အဖွဲ့က တနင်္ဂနွေမှာ ရောက်လိမ့်မယ်ထင်တယ်"

ဦးအောင်မြင်က ဖြည်းဖြည်းလေးစွာပြောပြခဲ့လေ၏။

ခင်ဦးနွယ် သက်ဇော်နိုင်သို့ လှမ်းကြည့်မိသောအခါ သက်ဇော်နိုင်က သူမကို ကြည့်နေခဲ့တာ တွေ့ရလေ၏။ သူတို့နှစ်ဦး တစ်ဦးကို တစ်ဦး အားပေးနှစ် သိမ့်စွာ ပြုံးလိုက်မိကြလေ၏။

□



ဒေါက်တာခင်ဦးနွယ်နှင့် ဒေါက်တာသက်ဇော်နိုင်တို့ကို အမှုတစ်ခုအတွက် အထက်မှ လာရောက်စစ်ဆေးတော့မယ် ဟူသော သတင်းက ဆေးရုံအတွင်းမှာ ချက်ချင်းပင် ပျံ့နှံ့သွားခဲ့လေ၏။ ဆေးရုံဝန်ထမ်းများက ခင်ဦးနွယ်ကို ကရုဏာဖြင့် ရင်ဆိုင်မကြည့်ကြတော့ဘဲရှိသည်။ ခင်ဦးနွယ်မရောက်မီ တီးတိုးပြောနေကြလျက် သူမရောက်သည်နှင့် အသံများ တိတ်ဆိတ်သွားတော့သည်။ ထိုသတင်းအပေါ် တုံ့ပြန်လာခြင်းမှာ အမျိုးမျိုးပေ။

"ဟယ် မမနွယ်နဲ့ ကိုသက်ဇော်နိုင်တို့အတွက် မူယာ တကယ်စိတ်မ ကောင်းပါဘူး။ မကျင်တီရယ်။ ရုံးချုပ်ကတောင် လာစစ်မှာတဲ့"

"ဦးသက်ဇော်နိုင်ကတော့ နောက်တစ်ချီ ခံလိုက်ရပြန်တာပေါ့"

"DE,PE ခံရပြီဆိုရင် အရေးယူတာ၊ မယူတာနောက်ထား။ Service Book မှာတော့ အရင်ပါတော့မှာလေ"

"ဟုတ်တယ်။ ဖင်နီနဲ့ အရေးခံရမှာပဲ မမမူယာ"

"အရေးယူရင်လည်း Punishment Transfer လောက်ဆို တော်သေး တယ်။ ဆ/မ သိမ်းရင်တော့ ဒုက္ခပါပဲ"

OPD မှ အသံများပေ။ ကြားလာခဲ့သော လှလှစောက ဒေါ်ခင်ဦးနွယ်သို့ လာပြောပြခဲ့သည်။ နော်အေမီ မျက်စိ မျက်နှာပျက်စွာ ရောက်လာခဲ့သည်။

"စိတ်မပူပါနဲ့ မမအေမီ၊ နွယ်တို့သိတာကြာပါပြီ။ ဘယ်သူတိုင်တယ် ဘာကြောင့်တိုင်တယ် ဆိုတာတော့ ကိုယ့်ရလာပြောမှ သေသေချာချာသိရတယ်"

"ဩော် ဆရာလာတာ ဒီအတွက်ကြောင့်ကိုး။ အကြောင်းက ဘာတဲ့သဲ"

"လူနာရှင် တစ်ယောက်က တိုင်တာပါပဲ"

နော်အေမီ သက်ပြင်းရှိုက်သည်။ သည့်ထက်လည်း ပိုမမေးရဲ၊ နော်အေမီ မကြားရဲသလို ဖြစ်နေခဲ့သည်။ မမကလည်း သိပ်ပြောချင်ပုံ မရ။

"ကြားရတာ ကျုပ်တော့ မပူပါနဲ့ဆိုပေမယ့် စိတ်ပူလာပြီ မမ"

"ဖြေရှင်းနိုင်မယ်လို့တော့ ထင်တာပါပဲ မမအေမီရယ်။ မမျှော်လင့်ဘဲ ဖြစ်ဖြစ်လာတာတွေက များလွန်းလို့ နွယ်လည်း ဘာမှ မထင်တတ်တော့အောင် ပါပဲ"

မမအေမီကိုတော့ နွယ်စိတ်ရှုပ်ထွေးသမျှ နှမ်းနယ်စွာ ဝန်ခံမိရလေ၏။

"ဆရာလေးကော အစစ်ဆေးခံနိုင်ပါ့မလား။ သူ့ခမျာ နေကောင်းပြီခါ

www.burmeseclassic.com

www.burmeseclassic.com

စ''

"သူ ခွင့်မယူဘဲ စောင့်နေတာ အဲ့ဒီအတွက်ပဲလေ မမအေမီ"

"ညနေကျရင်တော့ သူ့အိမ်သွားဦးမှပါပဲ"

"ခုချိန်မှာ သူဆေးရုံမှာမရှိတာ ခပ်ကောင်းကောင်းပါပဲ။ နွယ်ကပြော ပြောသမျှ ဆိုသမျှ အရေးမပါတော့ပါဘူး မမအေမီ"

နော်အေမီက အားပေးနှစ်သိမ့်စွာ ဆိုခဲ့သည်။

"မမတို့ ဘာမှမပူနဲ့ ကျွန်မတို့ကို လာစစ်ဆေးလို့ကတော့ အမှန်အတိုင်း ပဲ ပြောပြမယ်။ ကျုပ်ကတိုင်တဲ့ အုပ်စု ဘယ်သူဖြစ်နိုင်တယ် ဆိုတာတောင် ပြောပြလိုက်ချင်သေးတာ"

"တိုင်တဲ့သူက လူနာရှင်တစ်ယောက်ပါ"

"အို နော်အေမီတို့က ဆေးရုံလုပ်သက် အနှစ် နှစ်ဆယ်ကျော်ပါပြီ မမရယ်။ တိုင်စာဆိုတာ အတွင်းသတင်း အစအန မပါဘဲ မရှိပါဘူး။ ဟုတ်တာ မှန်တာဖြစ်ချင်ဖြစ်၊ မဟုတ်မမှန်တိုင်ရင်တော့ ကိုယ့်ဆေးရုံကို လာစော်ကားသလို နော်အေမီက ခံစားရတာ။ နော်အေမီကတော့ မခံဘူးထဲကပဲ"

ထိုစကားကို နောက်တစ်ရက် ခွဲစိတ်ခန်းထဲမှာလည်း နော်အေမီ ပြောသေး၏။

□

သတင်းက မြို့ထဲသို့ လျင်မြန်စွာ ပျံ့သွားခဲ့သည်။ မြို့ထဲက ဆေးရုံဆီသို့ ပြန်ရောက်လာသော သတင်းတွင်မူ သတင်း အပြည့်အစုံပါလာခဲ့တော့လေ၏။ ဗုဒ္ဓဟူးနေ့ နံနက်အစောကြီးပင် မမအေမီ ခင်ဦးနွယ်ထံ ပေါက်ချလာခဲ့သည်။

"မမတို့ကိုတိုင်တာ ဟို ဆုံးသွားတဲ့ ဦးမြမောင်ရဲ့ သား ဦးစိုးမိုးမောင်ဆို သူ့အဖေကို မမကိုယ်တိုင် မခွဲဘဲ၊ လက်သင်ဆရာဝန်ကို ခွဲခိုင်းလို့ သေရတယ်လို့ တိုင်တာဆို"

ခင်ဦးနွယ် အံ့အားသင့်မိစွာ။

"မမအေမီ ဘယ်ကကြားလာတာလဲ"

"ကိုပီတာ မနက်စောစော၊ လက်ဖက်ရည်ဆိုင်ရင်း ကြားခဲ့တာတဲ့။ လက်ဖက်ရည်ဆိုင်မှာ ပြောနေတာ။ ဈေးကပြန်လာတဲ့ စိမ်းညိုလည်း အလုပ်သမား တန်းလျားမှာ စီစီ၊ စီစီနဲ့ အဲဒါပြောနေသံ ကြားတယ်"



"သူလုပ်တာ အရာထင်လာပြန်တော့လည်း အဲဒါ တို့လုပ်လိုက်တာလို့ ပြောချင်လာပြန်တာပေါ့လေ"

"ဒါဆိုရင်တော့ တော်ပါသေးရဲ့"

"ဘာတော်တာလဲ မမအေမီ"

"ကျုပ်က မမနဲ့ ဆရာလေးစိတ်ပြောင်းသွားပြီး ခွဲတဲ့ကေ့(စ်) တစ်ယောက် ကို ဘယ်နှစ်သောင်းဆိုပြီး တောင်းလိုက်လို့ အတိုင်ခံလိုက်ရတာလားလို့ စိတ်ပူနေ တာ။ ဖွင့်မေးလို့လဲ မကောင်းလို့"

"ကြံကြံဖန်ဖန် မမအေမီကလဲ။ ဆေးရုံပါ၊ ဈေးမှမဟုတ်တဲ့။ ကြိုတောင်း ပြီး ဒီလောက်မရရင် လုပ်မပေးဘူးဆိုရအောင် ဈေးထဲမှာ ငါးခုတ်တဲ့ အလုပ် နဲ့မှ မဟုတ်တဲ့။ သဒ္ဓါကြေးစစ်စစ်လေးနဲ့ ရပ်တည်နေတာပါ မမအေမီရယ်။ ဆေးရုံကခဝင်းမှ၊ အားလုံးကောင်းမှ ကန်တော့သွားတဲ့ စာအိတ်ထဲမှာ ကိုးဆယ်၊ တစ်ရာပဲတောင် ပါတတ်ပါတယ်။ တချို့လည်း မကန်တော့နိုင်ပါဘူး။ သောင်းဂဏန်း ပါတဲ့ အခါမျိုးလည်း ရှိတာပေါ့လေ။ နွယ် ငရဲ မလိုချင်ပါဘူး။ အဲဒါ နွယ့်မူပါပဲ"

"မသိဘူးလေ။ ဟို ဒေါ်မူယာ မာယာတင်ကတော့ POP ကိုင်ရင်လည်း တောင်း။ နားပေါက်လေးချုပ်ရင်လည်း တောင်းနဲ့တဲ့ နည်းနည်းအသံထွက်နေတယ်။ ကိုယ့်ဆေးခန်းတော့ ကိုယ့်သဘောထားပါ။ အခုက ဆေးရုံမှာကို"

"ဘယ်အလုပ်မှာပဲဖြစ်ဖြစ် ကံက သိပ်အရေးပါတာပါပဲ။ သောင်းဂဏန်း တောင်းတဲ့သူတွေ ဘာမှမဖြစ်ပေမယ့် ထောင်ဂဏန်း၊ ရာဂဏန်းလေးနဲ့ ဒုက္ခရောက် တဲ့သူလည်း ရှိတယ်။ ငွေရေး ကြေးရေးကိစ္စကိုတော့ နွယ်က အမြဲသတိထား ခဲ့တာပါ"

ခင်ဦးနွယ် ပင့်သက်ဖြင့် ညည်းညည်းလေး ပြောမိရလေ၏။ ဖြစ်မယ့်ဖြစ် တော့ ငွေရေး ကြေးရေးမဟုတ်တဲ့ မထင်မှတ်သော အဖြစ်တစ်ခုနှင့်။

သက်ဇော်နိုင်ပါ ရောက်လာခဲ့သော ဆရာဝန် ဆရာမဆုံသည့် သီရေတာ ထဲမှာကျတော့ နော်အေမီတစ်ယောက် ပွဲကြမ်းပြီ။

"မဟုတ်မဟတ်တွေ တိုင်ရင်တော့ ကိုယ့်ဆေးရုံကို လာစော်ကားသလို နော်အေမီက ခံစားရတာ"

www.burmeseclassic.com

www.burmeseclassic.com



ခွဲစိတ်ဖို့ ပစ္စည်းတွေခင်းကျင်းရင်းက နော်အေမီက နှုတ်မှရေရွတ်...လေ၏။

"သီရိတောရေ့မှာ ကျွန်မက တောင်းတစ်လုံး ချထားချင်တယ်။ ... တောင်းထဲမှာ မမခွဲစိတ်လို့ အသက်ရှင်တဲ့ သူတွေရဲ့ လက်ညှိုးလေး တစ်ချောင်းစီပဲ ဖြတ်ထည့်ပါဦး။ တောင်းတစ်လုံး လျှံသွားမယ်။ လုပ်သာလုပ်ပေးရ ဘာ... ဖူး ဘာသောက်ထားမှုမှ မရှိဘူး။ ဂုဏ်ဖိုက်လို့ ဖြစ်တာဆိုလည်း တာ... ဆရာလေးဆိုရင် အိမ်တောင် မပြန်ဘဲ ဒီလူနာကိုနေ့ရောညပါ ဆက်ပြီး... ခဲ့တာ။ မရလိုက်တာတော့ ကံတရားဆိုတာကလည်း ရှိသေးတယ်လေ။ ... အချိန်မှာ သူကိုယ်တိုင်လည်း ရှိတာမဟုတ်တဲ့ သူများပြောတာ အကြားလေ... များ"

နော်အေမီ သူ့စကားတွေ လွှန်လာခဲ့တာ ချက်ချင်းသတိရကာ စကား... ဖြတ်ခဲ့လေ၏။

ဆရာဦးအောင်မြင့်၊ ဦးယဉ်မျိုး၊ ဒေါ်ခင်ဦးနွယ်၊ ဒေါ်မွယာတို့က စကား... မပြောဖြစ်ကြဘဲ ငြိမ်သက်နေမိကြစဉ် သက်ဇော်နိုင်က နော်အေမီအနီးသို့ ချဉ်း... သွားခဲ့သည်။ သူ့ညာလက်ညှိုးကို နော်အေမီရှေ့သို့ ထိုးပေးခဲ့၏။

"ဘာလဲ ဒီဆရာလေးက"

"မမအေမီပဲ မမနွယ်ခွဲလို့ အသက်ရှင်ခဲ့တဲ့ သူတွေရဲ့ လက်ညှိုး... ဖြတ်မယ်ဆို"

နော်အေမီ စိတ်တိုတောင်းမှုတွေ ပြေလျော့ကာ မျက်နှာပြုံးပြုံးကြီး ဖြစ်သွား... ခဲ့သည်။

"ဒီဆရာလေးကလည်း တစ်မျိုးပဲ။ တော်တော် ဖားတောင်းတယ်"

သက်ဇော်နိုင်နှင့် နော်အေမီကို ဆရာဝန်၊ ဆရာမများက ရယ်မော... ကြသည်။ သက်ဇော်နိုင် ဝင်ထိန်းသိမ်းခဲ့လေ၍ သီရိတောတွင် အခြေအနေ... ပြန်လည်ကောင်းမွန်လာခဲ့သည်။ ခင်ဦးနွယ်ကမူ မမအေမီရဲ့ 'ဖားတောင်းတယ်' ဟူသော စကားကြောင့် သတိရမိကာ ရယ်ပြုံးနေရပေမယ့် မျက်နှာမကောင်းလှ... ရှိလေ၏။

□

စနေနေ့ညတွင် နွယ်ဆေးခန်းသို့ သွားမြဲသွားခဲ့လေ၏။ သည်အခြေအနေ... တွင် နွယ့်ကိုနိုင်မတ်အောင် ထောက်ပံ့ထားပေးသူများက လူနာများပါပဲ။ တချို့က ...သွင့်လင်းလင်း သတင်းမေး အားပေး၏။ တချို့ကမူ ကရုဏာကြည့်ဖြင့် ...ငြိမ်ခဲ့ကြလေသည်။ နွယ့်အပေါ်ယခင်ကလို ယုံကြည်မှုမထားနိုင်သူ တချို့လည်း ...မည်။ ခင်ဦးနွယ်ကို အခိုက်အတန့် ရှောင်ဖယ်လို့ နေလိမ့်မည်။ ခင်ဦးနွယ်က ...ဝန်စိတ်ထား အပြည့်ဖြင့် အလုပ်တွေကို အရင်ကထက်ပိုပြီး လုပ်ပြရမှာ ...ပဲလေ။ နွယ့် ဘဝမှာ အလုပ်တွေကို မနေ့ကထက် ပိုလုပ်သောနည်းနဲ့ပဲ ...က်အခဲတွေကို ရင်ဆိုင်ကျော်လွှားနေရတော့မယ် ထင်ပါရဲ့"

ဆေးခန်းက ပြန်လာကြတော့ နွယ်နှင့် လှလှစောတို့မှာ စကားမပြောမိ ...ကြ။ လှလှစောကို သူနာပြုတန်းလျားအထိ သွားချပေးကာ နွယ့်အိမ်ဘက်သို့ ...ကယ် ကို ပြန်ကွေ့စီးလာခဲ့သည်။ တိုးတိုးက ဆိုင်ကယ်စီး ဦးထုပ်များကို ...ယူခဲ့လေ၏။

"မမနွယ် အန်တီအေမီတို့အိမ်က မုန့်ဟင်းခါး လာပို့ထားပါတယ်"

နွယ် ပြုံးမိသည်။ ညစာ မစားဖြစ်တာ ရက်ကြာပြီ ညည်းမိသည်နှင့် ...အေမီက နွယ်ခုံမင်လှတဲ့ မုန့်ဟင်းခါး ပို့လာခြင်း ဖြစ်မည်ပေ။ မမအေမီရဲ့ ...က်ရာ မြောင်းမြမုန့်ဟင်းခါးက ကောင်းလှသည်။ မုန့်ပိသသချိန်များများချက်ပြီး ...ရုံရှာလေးမှာ အိမ်စေ့ ဝေတတ်လေ့ရှိသည်။ သည်တစ်ကြိမ်တော့ ဆေးရုံမှာ ...ည်း မမအေမီ မုန့်ချက်မည် ပြောသံမကြား။ နွယ်နှင့် သက်ဇော်နိုင် နှစ်အိမ်တည်း ...ပို့မည့် အားပေးနှစ်သိမ့်သော မုန့်ဟင်းခါး ဖြစ်လိမ့်မည်ပေ။

"အန်တီ ဒေါ်မြင့်ကြည်အိမ်က ဘုရားပန်းတွေ လာပို့ထားတယ်။ ...တိုးလဲထားလိုက်တယ်"

နွယ် ဘုရားစင်သို့ လှမ်းကြည့်မိသည်။ အားပေးနှစ်သိမ့်သော နှင်းဆီပန်း...ကွဖြင့် ဘုရားပန်းအိုးများမှာ ဝေဝေဆာဆာ ကြည်ညိုဖွယ်။

"မမ ထမင်းစားတော့မလား"

"အေး ရေချိုးပြီး စားတာပေါ့ကွာ"

အိမ်ကလေးမှာ နွယ်ရေချိုးနေသော အသံကလွဲလို့ တိတ်ဆိတ်နေ၏။ ...ဒီယိုသံမရှိ၊ ကက်ဆက်သံမရှိ၊ တီဗီသံမရှိ၊ တိုးတိုးရဲ့ သီချင်းညည်းသံလေးပင် ...။ နွယ် ခါတိုင်းလို အချိန်ယူရေမချိုးခဲ့တော့။ ရေသံပင် မရှိ...သောအခါ

www.burmeseclassic.com

www.burmeseclassic.com



အိမ်ကလေးမှာ ပိုလို့ တိတ်ဆိတ်သွားခဲ့သည်။ ရေချိုးပြီး သနပ်ခါးအေးအေး ကာ ဆံပင်တွေကို နောက်တက်မှ မနာမကျင်အောင် ခပ်လျော့လျော့ ရစ် ထားလိုက်သည်။ ပေါ့ပါးသော တီရှပ်လက်တိုနှင့် ကော်တွန်လုံချည် အပြာ စိမ်းကလေးကို ဆွဲယူဝတ်လိုက်သည်။ နွယ် အခန်းထဲက မေမေ့ရုတင်ပေါ အကြောင်းမဲ့ ဖုန်ခါနေမိ၏။ မေမေမှာ စည်သူ၊ ညီသူကိုစွဖြင့် စိုးထိတ် ရှိခဲ့ရသည်။ လာရောက်စစ်ဆေးမည့် အမှုတစ်ခု နွယ် ရင်ခိုင်မှာ ... အသိမပေးခဲ့တော့။ သားတို့နှင့်အတူ ရန်ကုန်သို့ ပြန်လိုက်ပါသွားစေခဲ့သည် တစ်ဖက်ခန်းမှာ သားတို့ အခန်းဖြစ်လေ၏။ အခန်းတံခါးဖွင့်ကာ အခန်း ကြည့်မိသည်။ တစ်ယောက်အိပ် ခုတင်နှစ်လုံးကို နံရံတစ်ဖက်စီမှာ ကပ်ထားခဲ့ အလယ်စာကြည့်စားပွဲ ပေါ်မှာ အတန်းပေဟင်းက စာအုပ်တွေကို သူတို့ မရှင်း ခဲ့။ ရှုပ်ပွနေတော့သည်။ စားပွဲရှင်းရင်း ပျံ့ကျဲနေသော နွယ့်စိတ်တွေ စုစည်းလိုက်ရမလား။ ခေါင်းယမ်းခါမိရင်း တံခါးအသာအယာ ပြန်ပိတ်လိုက်ခဲ့သည် ထမင်းစား စားပွဲမှာ နွယ့်အတွက် ညစာပြင်ထားခဲ့ပြီး မမအေးမိရဲ့ မုန့်ဟင်းခါးမှာ ချဉ်၊ စပါးလင်နံ့လေး သင်းနေခဲ့သည်။ တိုးတိုး ... နွယ် ခံတွင်းတွေ့လေ့ရှိသော ဟင်းအစပ်အဟပ်ကို ကြိုးစားချက်ထားမှန်း သိသာ ၏။ မုန့်ဟင်းရည်တစ်ဇွန်း ယူသောက်ကြည့်သည်။ လျှာဖျားမှာ အရသာရောက်မ ပုလင်စတ်တစ် ထမင်းအုပ်ဆောင်းလေးကို ညစာတွေအပေါ် ပြန်အုပ်ထားလိုက် လေ၏။ နေရာမှာ ဆက်ထိုင်နေမိခဲ့သည်။ နွယ့် အိမ်လေးမှာ ပိုမို တိတ်ဆိတ်သွား သယောင်။ စားပွဲတွင် လက်နှစ်ဖက်ထောက်လျက် လက်ချောင်းများကို ယှက်သွ ဆုပ်ထားကာ ထိုလက်များတွင် နဖူးဖြင့်မှီရင်း မျက်လုံးများမှိတ် တိတ်ဆိတ် နေမိလေ၏။ တိတ်ဆိတ်ခြင်းထဲမှာ နွယ် ပျော်ဝင်နေခဲ့တာ ဘယ်မျှကြာမြင့်သွား သည်မသိ။ အသိတစ်ချက်ဖြင့် ဖြတ်ခနဲနိုးကြား မော်ကြည့်မိသောအခါ ဧည့်ခန်းထဲ ငြိမ်သက်စွာထိုင်နေကြသူ နှစ်ဦးကို မြင်တွေ့ရလေ၏။ ဦးယဉ်မျိုးက သတင်းစာတ စောင်ကို အေးအေးဆေးဆေး ဖတ်နေခဲ့သည်။

ငြိမ်သက်တိတ်ဆိတ်စွာ မလှုပ်မရှား ထိုင်နေခဲ့သော မနွယ်ကို တွေ့လိုက် ရတော့ စိုးရွံ့ ပူပန်မှုတွေဖြင့် သူမအနီးသို့ ရောက်သွားမိတော့မလို ဖြစ်ခဲ့သည် အစ်ကိုက ဟန်အမူအရာဖြ ဟန့်တားရှိသော ဧည့်ခန်းမှာ တိတ်ဆိတ်စွာ ဝင်ထိုင် ခဲ့ရသည်။ သက်ဇော်နိုင်အကြည့်တို့က ခင်ဦးနွယ်ထံမှမခွာ။ တစ်ခါက သည်ဦး မောင် ကိစ္စနှင့်ပါပဲ။ သူဆေးရုံပြေးလုပ်နေမိစဉ် အလုပ်တွေနှင့် ကုစားသည့် ကုထုံ



ပေးလျက် မမနွယ် အားပေးနှစ်သိမ့်ခဲ့သည်ကို သူမမေ့နိုင်။ သူမ ထိခိုက်ခံစားရ သက်သာအောင် သူလည်း အားပေးနှစ်သိမ့်လိုလှသည်။ မမနွယ် ကျွန်တော် ရှိတယ်လေ၊ စိတ်ထဲမှာ နှစ်သိမ့် အားပေးနေမိဆဲ။ သူမ ကိုယ်လေး ဆတ်ခနဲ လှုပ်ရှားသွားခဲ့ပြီး ခေါင်းမော်ကြည့်ခဲ့လေ၏။ သူမ မျက်နှာပေါ်တွင် ညှိုးလျှခြင်း၊ အားကိုးရာမဲ့ခြင်း၊ မလုံခြုံခြင်း စိတ်ခံစားမှုများကို တွေ့မြင်ရလေ၏။ သူ့ကို ပြန်ငေး ကြည့်ခဲ့ရင်း သူမ နှုတ်ခမ်းများ ဖြည်းဖြည်းနူးညံ့စွာ ပြုံးခဲ့သည်။ ထိုအပြုံးနို အခုံးမှာ မျက်နှာပေါ်က အရိပ်အယောင်များက တစ်ခုခုနှင့် ဖုံးလွှမ်းခံလိုက်ရသလို ပျောက်လွင့်သွားခဲ့တော့သည်။ မမနွယ်’ နေရာကထ၍ ဘာမှ မဖြစ်သလို ကြိုးခဲ့ လေ၏။

“ရောက်နေတာ ကြာပြီလား။ ကျွန်မ ဂါထာ တစ်ပုဒ်ရွတ်နေလို့ မသိလိုက် တာပါ”

သက်ဇော်နိုင်ရော ဦးယဉ်မျိုးပါ ဒေါ်ခင်ဦးနွယ် စကားကို မယုံကြပါ။ သူတို့ကို မြင်လိုက်ရစဉ် လန်းဆန်းသွားသော မျက်နှာလေးကြောင့် သူမ မုသားကို သူတို့ ပြုံးလိုက်နိုင်ကြလေ၏။

“ရန်နိုင်တဲ့ ဂါထာ ဖြစ်ရမယ်”

ဦးယဉ်မျိုးက အပြုံးသဲ့သဲ့ ဆိုလေသည်။

“မဟုတ်ပါဘူး။ လူချစ်လူခင်များစေတဲ့ ဂါထာ ဖြစ်မှာပါ။ အခုက လူမုန်းများခဲ့လို့ တိုင်စာတက်ခဲ့တာ မဟုတ်လား ဆရာယဉ် ရယ်”

ခင်ဦးနွယ်က ပြုံးရယ်ပြောလေ၏။ သက်ဇော်နိုင်ကမူစကားမဆိုနိုင်သေး။ သူ့အတွက် မွှတ်သိပ်ခေါင်းပါး ရှားပါးပူပင်ရသော အာဟာရ တစ်ခုပမာ သူမကိုသာ ငေးကြည့်မိနေခဲ့ဆဲ။

“အဲဒီ ဂါထာ သက်ဇော်နိုင်ကိုလည်း သင်ပေးလိုက်ဦးဗျာ”

သူ့နာမည် တစ်ခွန်းသာ ကြားလိုက်လျက် အစ်ကိုနှင့်အတူ ရောယောင် ပြုံးလိုက်ရသည်။ အစ်ကိုတာပြောလိုက်သလဲ သူမသိခဲ့။ ဦးယဉ်မျိုးက ထမင်းစား စားပွဲဆီလျှောက်ခဲ့ကာ ထမင်းအုပ်ဆောင်းကို ဖွင့်ကြည့်သည်။ အရာမယွင်းသော ထမင်းပွဲကို တွေ့ရလေ၏။

“ဟာ ဒေါ်ခင်ဦးနွယ် ညစာမစားရသေးဘူးပဲ။ အတော်ပဲ ကျွန်တော် လည်း ဗိုက်ဆာတာနဲ့။ အိမ်မှာ ဆိုင်ထမင်းချိုင့်ရှိတယ်ဗျာ။ ကြာတော့ အနံ့တောင် မခံနိုင်တော့ဘူး။ ကိုညီလည်း မစားခဲ့ရသေးဘူး။ ကဲ ဒေါ်ခင်ဦးနွယ် ကျွန်တော်နဲ့

www.burmeseclassic.com



ကိုညီကို အခုပဲ ထမင်းစားဖိတ်တော့"

ဦးယဉ်မျိုးက အတည်ပေါက်ပြောနေတော့

"ဧည့်သည်ဖိတ်ရလောက်အောင် ဟင်းက မကောင်းဘူး ထင်တယ်"

နွယ် အားတုံ့အားနာ ပြောမိလေ၏။

"ကောင်းလား၊ မကောင်းလားတော့ မသိဘူး။ ဟင်းကမွှေးနေတာပဲ"

ပြောရင်းက ဆရာယဉ်က စားပွဲမှာ ဝင်ထိုင်သည်။ သူ့ပုံက တကယ့်ကို ဆာလောင်မွတ်သိပ်ပြီး ဝင်စားတော့မယ့်ပုံ။

"လာဟေ့ ကိုညီထိုင်"

သက်ဇော်နိုင်ကိုပါ ထမင်းစားဖို့ အပိခေါ်လေ၏။ နွယ် ပြုံးမိရကာ သူတို့ကို ထမင်းကျွေးဖို့ လက်ခံရတော့သည်။

"ဆရာတို့ကို ထမင်းစားဖိတ်ပါပြီ။ ခဏလေးတော့ စောင့်ဦးနော်"

"သိပ်ကြာကြာတော့ မစောင့်နိုင်ဘူးနော် ဒေါ်ခင်ဦးနွယ်"

"မကြာစေရပါဘူး"

နွယ် မီးဖိုထဲဝင်ခဲ့သည်။ မီးဖိုဆောင်က အဆောင်သတ်သတ် တစ်ခုအိမ်မနှင့် စင်္ကြံလေး ဆက်ထားသည်။ ခေါင်းထဲမှာ ဟင်းတွေစီစဉ်ပြီး ကြောင်အိမ်ကို ဖွင့်ကြည့်လိုက်တော့ ကြက်ဥနှင့် အသီးအရွက်အနည်းငယ်၊ ယိုးဒယား ခေါက်ဆွဲ ထုပ်လေး ငါးထုပ်။ ငါးသေတ္တာပင် မရှိတော့။

"တိုးတိုးရေ မမအေးမိအိမ်ကိုပြေးပြီး အသားတစ်မျိုးမျိုးရှိရင် ပေးပါလို့ ဆရာတွေကို ထမင်းကျွေးရမှာမို့လို့၊ မမအေးမိက နှစ်ရက်၊ သုံးရက်စာ ဝယ်ထားတတ်တာ"

တိုးတိုး ဘေးပေါက်မှ ထွက်သွားခဲ့လေ၏။ နွယ်က ရိုက်(စ်)ကွတ်ကာနှင့် ထမင်းအိုးထပ်တည်ဖို့ ပြင်သည်။

"ဒေါ်ခင်ဦးနွယ် ကျွန်တော်တို့ ဒီညစားမှာနော်"

"တီဗီဖွင့်လေ ဆရာယဉ်၊ ကာရာအိုကေတော့ မရှိဘူးနော်"

တီဗီဖွင့်သံကြားရသည်။ ခိုင်းထီးဆိုင် သီချင်းတစ်ပုဒ်လာနေ၏။ ဆရာယဉ်က သူ့အသံကြီးနှင့် လိုက်ဆိုနေသေးတော့ နွယ် ဆန်ဆေးရင်း ပြုံးမိသေး။

"ကျွန်တော် ဘာကူပေးရမလဲ မနွယ်"

သက်ဇော်နိုင် မေးသံနှင့်အတူ မီးဖိုလေးထဲဝင်လာခဲ့သည်။



မီးဖိုထဲမှာ အဖော်မိန်းကလေးလည်း ရှိလိမ့်မယ်အထင်နှင့် ဝင်လာခဲ့ပေမယ့် မနွယ် တစ်ယောက်တည်း အလုပ်များလို့တွေ့ရသည်။ သူပြန်ထွက်ပေးရမလား စဉ်းစားနေဆဲ

"သက်ဇော်နိုင်က လုပ်တတ်လို့လား"

"သိပ်ရတာပေါ့။ ဦးလေးကြီးမရှိရင် ကျွန်တော်တာသာပဲ ချက်စားနေတာ၊ ပလက်ဝကတည်းက ဒီလိုပဲ ချက်စားခဲ့ရတာ"

"ဒါဆိုရင် ကြက်သွန်နဲ့ ခရမ်းချဉ်သီးလှီးပေးလေ"

"ရတယ်"

သက်ဇော်နိုင်က ကြက်သွန်နီကို အခွံနွာကာ ခရမ်းချဉ်သီးနှင့်အတူ ရေဆေးသည်။ နံရံကပ် စားပွဲလေးက နွယ်တို့အရပ်နှင့် အတော်ပေမယ့် သက်ဇော်နိုင် အတွက်မူ ခါးအနည်းငယ် ကိုင်းထားရလေ၏။ သူက ကြက်သွန်ဥကို စဉ်းတီတုံးမှာ တင်လို့ အကျအန လှီးနေလေ၏။

"ကြက်သွန်ပဲလှီးချင်တာ။ လက်ညှိုးတော့ မပါစေနဲ့နော်"

နွယ်က ခေါက်ဆွဲကြော်ဖို့ အသီးအရွက်တွေစုနေရင်း လှမ်းစ နောက်ခဲ့လျှင် သက်ဇော်နိုင် ခေါင်းမော်၍ရယ်မောလေ၏။

"အလို ဒါကဘာယ်လို ဖြစ်ကြရတာလဲ"

အသံကျယ်ကျယ် မြူးမြူးနှင့်အတူ နော်အေးမီနှင့်တိုးတိုးက မီးဖိုမှာ ပေါ်လာကြလေ၏။

"မသိပါဘူး မမအေးမီရယ်။ ဆိုမာလီကလား။ အီသီယိုပီးယားက လူတွေလား မသိတော့ပါဘူး။ နွယ် ထမင်းစားမလို့ကို သူတို့လည်း ထမင်းကျွေးရမယ်တဲ့"

"ကဲ ဟိုတစ်ယောက်က ကြက်သွန်ဥ အကြောင်းပြုပြီး ဝိုမနေနဲ့။ ထွက်တော့။ ကြည့်ရတာ ကျုပ်မို့ထားတဲ့ မုန့်ဟင်းခါးလည်း ရှင်မစားဘူး မဟုတ်လား"

သက်ဇော်နိုင် ရယ်မောနေသည်။ နော်အေးမီ သူ့ကို တွန်းလွှတ်ပေမယ့် သူကမသွား။ ခပ်တည်တည်ပင် ကြက်ဥခေါက်ခွဲနေခဲ့သည်။

"ဘာတွေ စီစဉ်မလဲ မမ။ ကြက်သားပြုတ်ကြော် ကျွန်မယူလာတယ်"

ခင်ဦးနွယ်နှင့် နော်အေးမီတို့ ဟင်းစီစဉ်ကြသည်။

"ကဲ အဖွဲ့တောင့်လာပြီ။ သက်ဇော်နိုင် သွားထိုင်နေပါတော့။ ဆယ့်ငါး

www.burmeseclassic.com

www.burmeseclassic.com



မိနစ်ဆိုရင် အသင့်ဖြစ်ပြီလို့ ဆရာယစ်ကို ပြောထားလိုက်ပါနော်"

သက်ဇော်နိုင် ရယ်မောရင်း ထွက်ခဲ့သည်။ ဖျတ်လတ်ပေါ့ပါးစွာ လှုပ်ရှားနေတဲ့ သူမကို မြင်တွေ့နေကျ ပုံစံအတိုင်း ပြန်မြင်လာခဲ့ရလေ၏။ ခါတိုင်းလို ခွဲစိတ်ခန်းထဲမှာတော့မဟုတ်။ မီးဖိုဆောင်ထဲမှာ ဖြစ်လေ၏။

☐

ထိုညက ညစာစားကြတော့ ညရှစ်နာရီ။ စားပွဲပေါ်မှာ တည်ခင်းလိုက်တော့ ဟင်းလျာတွေစုံလင်နေခဲ့သည်။ ယိုးဒယားခေါက်ဆွဲကြော်၊ တရုတ်ဟင်းချိုနှင့် ဗမာထမင်းဟင်းအပြင် မုန့်ဟင်းခါးပါ ပါဝင်နေသော ထူးဆန်းသည့် ညစာစားပွဲတစ်ခုဖြစ်လေ၏။ ခင်ဦးနွယ်၊ မမအေးမိနှင့် ဆရာနှစ်ယောက်တို့ စကားတပြောပြောနှင့် နာရီဝက်ကြာအောင် စားသော ထမင်းစားပွဲလည်းဖြစ်လေ၏။ မမအေးမိ က တို့တို့ရဲ့ ဟင်းစပ်ကို ကြိုက်ကာ ခင်ဦးနွယ်က မမအေးမိမုန့်ဟင်းခါးကို ကြိုက်လေ၏။ သက်ဇော်နိုင်က မနွယ်ရဲ့ ခေါက်ဆွဲကြော်ကိုကြိုက်သည်။ သူလိုပေးခဲ့သောကြက်သွန်နှင့် ခရမ်းချဉ်သီးက ခေါက်ဆွဲကြော်ကထဲမှာပါကာ ကြက်ဥကလည်း သူမှာပေးခဲ့သော ကြက်ဥဖြစ်လေ၏။ ဦးယဉ်မျိုးကတော့ အားလုံးကို ကြိုက်လေသည်။ အရက်ပြတ်သွားပြီးတော့ သူ့ကိုယ်အလေးချိန်တွေ တိုးလာခဲ့သည်။ နဂိုကမှ ကြီးမားတုတ်ခိုင်ရတဲ့အထဲ လူအကြီးစားထဲမှာပါတော့မည်။ စီးကရက်လည်း ပိုလာခဲ့၏။ စီးကရက်လည်း ဖြတ်ဦးမှ။ အစားအသောက်လည်း လျှော့ဦးမှပါ။ အသက်ရခဲ့လေ ဖြတ်ရတာတွေများလေ။ ဖြတ်ရမှာတွေကို အစက သူဘာကြောင့် စမိခဲ့ပါလိမ့်။ စဉ်းစားရင်း ထမင်းမစားတော ဘယ်နှစ်ညရှိပြီမှန်းမသိသော ကိုညီနှင့် ခေါ်ခင်ဦးနွယ်တို့ စားဝင်နေကြသည်ကို သူစိတ်ထဲမှာ ပြုံးနေမိ၏။

လူစုခွဲကြတော့ ညကိုးနာရီကျော်ခဲ့ပြီ။ ကွက်လပ်ကို ဖြတ်ပြန်ခဲ့စဉ် သက်ဇော်နိုင်က ဦးယဉ်မျိုးကို ပြောခဲ့သည်။

"ကျွန်တော် ကိုမိုးမိုးမောင်ဆိုတာကို အစက ခွဲခေါ်ထုတ်ပြီး ထိုးပစ်ချင်တာ။ အခုတော့ သူ့ကျေးဇူးရှိသလိုတောင် ဖြစ်လာပြီ အစ်ကို"

"ဘာဖြစ်လို့လဲ"

"သူ့တိုင်စာကြောင့် ကျွန်တော်နဲ့မနွယ်က ဘဝတူ၊ ခံစားချက်တူတွေ ဖြစ်လာတော့ ပိုပြီးနီးစပ်သွားရတာယ်။ တစ်ယောက်သဘောလည်း တစ်ယောက် ပိုပြီး သိနားလည်လာကြရတယ်။ ဒီညဆို ကျွန်တော် တကယ်ပျော်မိတယ်ဗျာ။



တွေ အားလုံး မိုးမိုးမောင် ကျေးဇူးတွေပေါ့"

"အကွဲနဲ့တော့တွေ့ပြီ၊ ကိုယ်က ဒီကိစ္စကို မင်းတို့နှစ်ယောက်မှေ့တာန်သရွေ ပါစေလို့ ကြိုးစားမိပါတယ်။ မင်းကြည့်ရတဲ့ပုံက ဒီညတစ်ညလုံး တစ်ယောက်တည်း စကားပြောနေတော့မယ်ပုံပဲ။ CPZ နဲ့တော့တွေ့တော့မယ်"

ဦးယဉ်မျိုးက စိတ်ပျက်လက်ပျက်ပုံဖြင့် သက်ဇော်နိုင်ကို ကြိမ်းမောင်းသလို ပြောစဉ် သက်ဇော်နိုင် ရယ်မောဖြင့် သူ့ ပခုံးကို ဖွဖွတစ်ချက်ထိုးပြန်လေ၏။

☐

တနင်္ဂနွေ နေ့လယ်တွင် စစ်ဆေးရေးအဖွဲ့ရောက်မည်ဟု စနေည ရှစ်နာရီမှာ ဖုန်းဝင်လာခဲ့သည်။ စစ်ဆေးရေးအဖွဲ့တွင် ဆရာဝန်သုံးဦးပါဝင်မည်။ ဆရာများကို ထုံးစံအတိုင်း သံဃာဆောင်မှာ နေရာချထားမှာ ဖြစ်လေ၏။ သံဃာဆောင်မှာ ဆေးရုံနှင့် ဝေးရက်မဟုတ်။ သီးသန့်အဆောက်အအုံဖြစ်သည်။ ဆေးရုံဘက် သံဃာမရှိခဲ့လျှင် အလုပ်ကိစ္စဖြင့်ရောက်လာတတ်သော ဌာနဆိုင်ရာဝန်ထမ်း အမျိုးသားများကို ဆရာဦးအောင်မြင်က တည်းခိုစေမြဲဖြစ်လေ၏။

အခါတိုင်း နေ့အားရက်များလိုပင် ဆေးရုံမှာ နံနက် Round ပြီးသည်နှင့် ဦးနွယ်ဆေးခန်းသွားခဲ့သည်။ သူပ အလုပ်တွေ ပိုလုပ်ဖို့ ဆုံးဖြတ်ထားခဲ့သည်။ ဆေးခန်းတွင် လုပ်နိုင်သော အသေးစား ခွဲစိတ်မှုလေးများ လုပ်ရင်း အချိန်ကုန်တာ မြန်လှသည်ပင် ထင်မိ၏။ ညနေသုံးနာရီခန့်တွင် မောင်တင်လှ စက်ဘီးပြင်း နင်းလို့ ရောက်လာခဲ့လေ၏။

"ဒေါက်တာ ဧည့်သည်တွေရောက်နေပြီ၊ အခုလာခဲ့ပါတဲ့၊ ဆရာကြီးက ပါတယ်"

နွယ် အားရက်ကို တမင်ချိန်းရသော အသေးစားခွဲစိတ်လူနာတွေနှင့် သွားခဲ့လေ၍ ထိုအဖွဲ့ရောက်မှာကို မေ့ပင်မေ့နေမိခဲ့လေသည်။

"အေး လာပြီ"

လှလှစောက ဆိုင်ကယ်ကိုသွားထုတ် ယူလာခဲ့လေ၏။ နွယ်နှင့် လှလှစောတို့ ဆေးရုံဆီသို့ ပြန်လာခဲ့ကြသည်။ လမ်းမှာ စကားမပြောမိခဲ့ကြ။

☐

သံဃာဆောင်ရှေ့တွင် ဗင်ကား အဖြူလေးတစ်စီးနှင့် ဆရာဦးအောင်မြင် ဆန်နီလေး ရပ်ထားတာတွေ့ရသည်။ ဆရာတစ်ယောက်ရှိမှနှင့် လာကြမည်

www.burmeseclassic.com

ဟု မနွေညက သတင်းရထားပြီးဖြစ်လေသည်။ သံယာဆောင်လေးရှေ့တွင် ခင်ဦးနွယ် ဆိုင်ကယ်ကို စက်သတ်ရပ်လိုက်သည်။

"လှလှစောရေ ကိုယ်လိုက်မပို့တော့ဘူးနော်"

"ရပါတယ် မမနွယ်။ လှလှလည်း ဆေးရုံထဲ ဝင်စရာရှိသေးတာ"

နွယ် ဆိုင်ကယ်လေးကို သော့ခတ်လိုက်လေသည်။

□

စစ်ဆေးရေးအဖွဲ့တွင် ဆရာဝန်သုံးဦးပါခဲ့သည်။ အသက်လေးဆယ်ကျော် ငါးဆယ်တွင်းရှိ ဆရာဝန်ကြီးက နှစ်ဦး။ ဒေါက်တာစိန်ဖေမှာ အသက်အကြီးဆုံးဖြစ်၍ ကျန်းမာရေးဌာနမှ ညွှန်ကြားရေးမှူးတစ်ဦး ဖြစ်လေ၏။ ဒေါက်တာလွန်းတင်မှာ မြို့နယ်တစ်ခုမှ မြို့နယ်ဆရာဝန်တစ်ဦး ဖြစ်သည်။ ဒေါက်တာဉာဏ်ကျော်လွင်က မြို့နယ်တစ်ခုမှ မြို့နယ်ကျန်းမာရေးအရာရှိ ဖြစ်ကာ အသက်သုံးဆယ့်လေးနှစ်။ သူအသက်အငယ်ဆုံးဖြစ်လေ၏။

မနွေညက ဖုန်းအဆက်အသွယ်ရသည်တွင် မြေလတ်၏ T.M.O ဦးအောင်မြင့်က မြို့ထဲမှ ဖြတ်အသွား သူ့အိမ်အရင်ဝင်ခဲ့ဖို့ မှာသည်။ နေရာချပြခဲ့လေသည်။ မြေလတ်မြို့တွင်း ဝင်လာခဲ့ကြတော့ မရောက်ဖူးကြသူများမို့ မြို့ပတ်ဝန်းကျင်၊ မြို့အခင်းအကျင်းကို လေ့လာရင်း သူတို့လာကြလေ၏။ ဝင်ကာရှိဖြစ်သော ဒေါက်တာစိန်ဖေက "တော်တော်စည်တဲ့ မြို့ပဲနော်။ ဆိုင်ဆန်စက်တွေ တန်းစီနေတာပဲ။ စီးပွားရေးကောင်းပုံရတယ်။ ပွဲရုံတွေရော၊ ကြည့်စမ်း မိနီမဝင်တွေနဲ့ဗျ။ အလို ကာရာအိုကေဆိုပါလား။ မဟုတ်ဘူးဗျ။ ကာရာအိုကေ မော်တော်ဆားဗေ့စ်တဲ့"

နောက်ခန်းတွင် လိုက်ပါလာသော ဒေါက်တာလွန်းတင်က အညာမှာရှိတဲ့ တိုက်မြို့ မီးလောင်စဉ် ရောပါသွားခဲ့ရတာ တစ်ကြိမ်၊ မီးလန့်ခဲ့တာ အကြိမ်ကြိမ်မို့ အတွေ့အကြုံရှိခဲ့သူပီပီ

"အခြေအနေကောင်းတဲ့ အဆောက်အအုံ အပေါင်းတွေနဲ့ အသစ်တွေ ရောထွေးရှိပုံထောက်တော့ ဒီမြို့မှာ မီးကြီးကြီးကျယ်ကျယ် မလောင်ဖူးဘူး ဖြစ်ရမယ်။ အိမ်ဟောင်းအိမ်ဆွေးမရှိဘူး။ ခေတ်မီတိုက်ကလေးတွေများတော့ မြို့ရဲ့လက်ရှိ စီးပွားရေးအခြေအနေလည်း ကောင်းပုံရတယ်"

ကျန်းမာရေးအရာရှိ ဉာဏ်ကျော်လွင်က



"မဟုတ်မှလွဲရော။ ဆရာတို့တော့ စိတ်ကူးနဲ့ G. P ဖွင့်ကြည့်နေပြီထင်တယ်"

သူတို့ ရယ်မောလိုက်မိကြလေ၏။ ရန်ကုန်နှင့် ရန်ကုန်ဝန်းကျင်မြို့နယ်များမှလာသူများမို့ မြို့နယ် G.P ကိုတော့ စိတ်ဝင်စားမိကြလေ၏။

သူတို့မှာ တစ်လမ်းလုံး၊ မြေလတ်မြို့ဆေးရုံက ဆရာဝန်နှစ်ဦးတိုင်စာကိစ္စကို ဆွေးနွေးလာရတာ ငြီးငွေ့နေလှပြီး မလာမီ သည်ကိစ္စအတွက် နှစ်ပတ်ခန့် ချိန်ယူပြင်ဆင်လာရသည်။ ဒေါက်တာဉာဏ်ကျော်လွင်မှအပ ကျန်ဆရာဝန်နှစ်ဦးမှာ စုံစမ်းစစ်ဆေးရေးများမှာ ပါဝင်ဖူးလှပြီ။ သည်အမှုကတော့ (တစ်ကြိမ်တည်း ဆရာဝန်နှစ်ဦးကို တိုင်တာ) အနည်းငယ်ဆန်းပြားသည်ထင်မိလေ၏။ တိုင်ကြားစာတွင်ပါဝင်သော မသမာမှုဟု စွပ်စွဲထားချက်မှာ မြို့ခံလူထုကို ဆက်နွယ်ငြိမ်းခြောက်နေသလို အဖြစ်ကြောင့် ပထာမစုံစမ်းရေးကို ကျော်လွန်၍ သူတို့ အဖွဲ့မှ တိုက်ရိုက်စစ်ဆေးရတော့မှာ ဖြစ်လေ၏။

T.M.O ဦးအောင်မြင့်၏ အိမ်ကို ရှာဖွေရ မခက်ခဲပေ။ စင်စစ်ဦးအောင်မြင့်၏ အိမ်မဟုတ်ပေ။ ဦးအောင်မြင့်၏ တိုက်ကြီးဖြစ်လေ၏။ စည်ကားသော လမ်းမကြီးနှစ်လမ်းကို မျက်နှာစာနှစ်ဖက်ယူထားပြီး ထိုဝင်းကြီးမှာ ကျယ်ဝန်းလှလေ၏။ ခြံဝင်းကြီး အလယ်တွင် ထုထည်ကြီးမားသော ရှေးတိုက်ကြီးရှိကာ ဆေးရောင်က အဝါနုရောင် သစ်လွင်နေခဲ့သည်။ ထိုတိုက်ကြီး၏ အရှေ့ဘက်တွင် တိုက်ကြီးကိုလည်း မကွယ်တဲ့ ခေတ်မီတစ်ထပ်တိုက်လေးရှိလေ၏။ ထိုတိုက်ကလေး ရှေ့မှာ ဦးအောင်မြင့်က တုတ်ကောက်ကို ထောက်ရပ်လို့ ကြိုဆိုနေခဲ့လေသည်။

□

ဦးအောင်မြင့်အိမ်မှာ နားနေ စားသောက်ကြပြီးမှ ဆေးရုံဆီသို့ ဦးအောင်မြင့် နှင့် အတူဆရာများလာခဲ့ကြသည်။ သံယာဆောင်တွင် သူတို့ တည်းခိုဖို့ ပြင်ဆင် ထားခဲ့သည်။ သံယာဆောင်မှာ ရေချိုးခန်း၊ အိမ်သာတွဲရက်ရှိသည်။ ဆေးရုံနှင့် လည်း သီးခြားစွာရှိသည်။ ဆေးရုံတွင် အလုပ်လုပ်ရမည်မို့ ဆေးရုံဝင်းထဲက သီးသန့် သည်နေရာလေးကို သဘောကျသွားခဲ့ကြသည်။

တနင်္ဂနွေဖြစ်၍ ဆေးရုံမှာ ဆရာဝန်များမရှိကြ။ ခဏကြာတော့ ရည်မွန်သော လူရွယ်တစ်ဦးရောက်လာခဲ့သည်။ ရှပ်အင်္ကျီအဖြူနှင့် ကချင်ပုဆိုးခပ်မှိုင်းမှိုင်း ဝတ်ထားခဲ့သည်။ သူက နှုတ်ဆက်ဟန်ပြုခဲ့စဉ် ဦးအောင်မြင့်က

www.burmeseclassic.com

www.burmeseclassic.com



"လာ ဦးသက်ဇော်နိုင်" ဟုခေါ်လိုက်လေ၏။ ဆရာများနှင့် မိတ်ဆက်ပေးခဲ့သည်။ လူရှယ်မှာ တိုင်ကြားခံထားရသူ ဒေါက်တာသက်ဇော်နိုင်ဟု သိလိုက်ရသည်နှင့် ဆရာများတညီတညွတ်တည်း သတိရလိုက်မိသည်က တိုင်စာထဲက လူနာများကို ဆေးရုံတင်ပြီး အစမ်းသပ်ခံများအဖြစ် ခွဲစိတ်နေခဲ့သည်ဟူသော အချက်ကိုဖြစ်လေ၏။ ပြင်းထန်လှသော စွပ်စွဲချက်ပေ။ လူရှယ်၏ ရူးရူးတောက်ပသော မျက်လုံး အကြည့်များက ယုံကြည်မှုအပြည့်အဝ ရှိသည့်အသွင်တော့ ရှိနေခဲ့သည်။ ယုံကြည် မှုဆိုတာ လွန်ကဲရင် ကိုယ့်ကိုကိုယ် အထင်ရောက်တာမျိုးဖြစ်သွားနိုင်တာပဲ ဒေါက် တာစိန်ဖေက တွေးနေမိခဲ့သည်။

ဆိုင်ကာယ်သံကြားလိုက်ရ၍ လှမ်းမြင်နေရသော အပြင်သို့ ကြည့်လိုက်မိကြလေ၏။ သူတို့ စစ်ဆေးရမည့် ဆရာဝန်မပဲဟု မည်သူမျှမထင်လိုက်မိကြ။ သူမက ကျောက်စိမ်းရောင် ဟွန်ဒါရူပါကပ်လေးကို စက်သပ်ရပ်ကာ ညင်သာ ပေါ့ပါးစွာဆင်းလိုက်သည်။ ဘေးဒေါက်ထောက်ကာ၊ ဦးထုပ်ကိုချွတ်၍ ရှေ့ခြင်းထဲမှာ ထည့်သည်။ အနောက်မှာပါခဲ့သော အမျိုးသမီးသို့ တစ်စုံတစ်ရာလှမ်းပြောနေခဲ့ သည်။ သူမက ခရမ်းပြာခံတွင် အဝါနှင့် အဖြူ ပန်းခက်လေးများပါသော အဆင် အသားထူထူ ပျော့ပျော့ကို ထက်အောင်ဆင်တူ ဝတ်ဆင်လာခဲ့သည်။ အင်္ကျီက မြန်မာအင်္ကျီ ခါးတိုပုံ၊ လက်စက၊ အရပ်မြင့်မြင့်နှင့် ကျော့ရှင်းသော ကိုယ်နေဟန် အလှမှာ မြန်မာ အင်္ကျီ လုံချည်နှင့်မှ ချပ်ရပ်ပေါ်လွင် နေခဲ့သည်။ မျက်နှာလေးမော့၍ သူတို့ရှိရာသို့ လှမ်းကြည့်လိုက်သောအခါ သူတို့ထဲမှ လူတစ်ယောက်က

"ဆရာတို့ ဆေးခန်းတွေက လိုက်လာပြီထင်တယ်။ G.P တွေရှိရင်သွား ကြပါဦး။ ကျွန်တော်တို့ကို အားမနာပါနဲ့။ ညကျမှ အေးအေးဆေးဆေး တွေ့ကြတာပေါ့"

အမျိုးသမီးက သံယာသောင်ထဲ အဝင်ဝတွင် အပြင်မှာ ဖိနပ်ချွတ်ထား ခဲ့သည်။

"ဆရာတို့ ရောက်တာကြာပါပြီလား"

ဆရာသုံးဦးမှာ ဘယ်သူကိုနှုတ်ဆက်လိုက်သလဲ၊ အနည်းငယ်ကြောင် သွားခဲ့စဉ်။

"ဒေါ်ခင်စိုးနွယ်ပါ။ ဆရာတို့"

ဦးအောင်မြင့်မှ လှမ်းပြောခဲ့ရင်း နောက်တစ်ကြိမ်တစ်ဦးစီနှင့် မိတ်ဆက်



ပေးပြန်၏။ ဆရာများက အံ့အားသင့်ခြင်းကို ဖုံးကွယ်လိုက်ကြကာ နှုတ်ဆက်ပြုံး ပြုံးလိုက်ကြသည်။

စစ်ဆေးရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာစိန်ဖေနှင့် အဖွဲ့ဝင်နှစ်ဦးမှာ သူတို့စစ် ဆေးရမည့်သူနှစ်ဦးကို အကဲခတ်နေခဲ့ကြသည်။ သူတို့နှစ်ဦး၏ မျက်နှာပေါ်က တူညီသော အရိပ်အယောင်မှာ တည်ငြိမ်အေးဆေးခြင်းဖြစ်လေ၏။ သို့မဟုတ် တည်ငြိမ်အေးဆေးယောင် ကြိုးစားထားကြခြင်း။

စစ်ဆေးရမည့်အမှုနှင့် ပတ်သက်၍ သူတို့နှစ်ဦးတွင် ဘယ်သူကစလို့ ဖြေရှင်းချက်ထုတ်မလဲ၊ သူတို့စောင့်စားနေမိလေ၏။ အမျိုးသမီးက စလိမ့်မည်ထင် သည်။ စစ်ဆေးခဲ့သည့်အတွေ့အကြုံများအရ တိုင်ကြားခံရသူ ဝန်ထမ်းက ဆိုင်ရာ ပိုင်ရာကို လိုက်လံဖြေရှင်းတတ်ပြီ၊ စစ်ဆေးရေးအဖွဲ့ဝင်များအားလည်း လာတွေ့တတ် ကြသည်။ ထိုသို့လာတွေ့ကာ ဟိုဘက်ကရှင်း၊ သည်ဘက်ကရှင်း အရှုပ်များကို ဦးစိန်ဖေငြီးငွေ့လှလေ၏။ T.M.O ဦးအောင်မြင့်အသံကြောင့် အတွေးနှင့် ငြီးငွေ့နေသော ဒေါက်တာစိန်ဖေ အတွေးမှ နိုးသွားခဲ့သည်။

"ဒီက ဆရာဦးသက်ဇော်နိုင်က ကျွန်တော့်ဝင်(ဒ်)ထဲက A.S လေးပါ။ သူကအခု ဆရာတို့အဖွဲ့လာမယ်ဆိုလို့ Medical Leave သွားမယ့်ဆဲဆဲစောင့်နေတာ ပါ။ သူ့ဆေးရုံကဆင်းတာ ဆယ်ရက်လောက်ပဲ ရှိဦးမယ်"

"ဪ ဘာဖြစ်လို့လဲ"

Dr ဉာဏ်ကျော်လွင်က သူထက် နှစ်နှစ်၊ သုံးနှစ်ငယ်မည့် သက်ဇော်နိုင်သို့ စိတ်ဝင်တစားလှမ်းမေးခဲ့သည်။

သက်ဇော်နိုင်က ဖြေဖို့ ဝန်လေးနေခဲ့စဉ် ဦးအောင်မြင့်က သူ့ဗိုက် ညာဘက် ကိုလက်ဖြင့် ဓားထိုးသည့် သဏ္ဌာန်လုပ်ပြခဲ့သည်။

"Stab Wound, Liver Tear ရသွားတယ်။ ပွဲခင်းမှာ"

"ဟား တော်တော်လက်သံပြောင်တဲ့မြို့ပဲ။ ဓားရော၊ ဘောပင်လ်ရောထက် တာပဲ"

Dr ဉာဏ်ကျော်လွင်က ပွင့်လင်းစွာဝေဖန်ပြီး ရယ်လေ၏။ ဦးအောင်မြင့် က ပခုံးများကို တွန့်လိုက်ကာ

"ပြောတော့ဆရာရေ။ အားမနာနဲ့။ ဒီမြို့က ကျွန်တော့်ဇာတိပါ"

"ဆောရီး ဆရာ"

"ဒါက ဒီလိုရှိပါတယ်များ။ ဆရာဦးသက်ဇော်နိုင်ဖြစ်တဲ့ပွဲဆိုလည်း အမှု

www.burmeseclassic.com

www.burmeseclassic.com



သမားလေးယောက်ဗျာ။ သက်သက်ရမ်းကားတာ။ တစ်ယောက်မှ ဌာနေသား မပါဘူး။ ရန်ကုန်ကတောင် တစ်ယောက်ပါလိုက်သေးတယ်။ အခု စာတင်တဲ့ကိစ္စမှာလည်း အဲဒီပေးရှင့် ဦးမြမောင်ရဲ့သား ဦးစိုးမိုးမောင်ဆိုတာက''

''ဆရာတို့က အားလုံးသိပြီးနေပြီကိုး''

Dr လွန်းတင်က ရယ်ရယ်မောမော ဝင်ပြောခဲ့ပေ၏။

''အင်း သိတဲ့သူတော့ သိပ်မရှိသေးဘူး။ တစ်မြို့လုံးနီးပါးပဲဆိုပါတော့။ စိုးမိုးမောင် ကိုယ်တိုင်ပြောပြနေတာ''

''တစ်မျိုးလည်း ကောင်းပါတယ်။ ကျွန်တော်တို့ သူနဲ့လည်း တွေ့ရဦးမှာပါ။ စစ်ဆေးရလွယ်သွားတာပေါ့လေ''

''ဦးမြမောင်နဲ့ ကျွန်တော်က သိကြပါတယ်။ ဒါပေမယ့် သူ့မှာ စိုးမိုးမောင်ဆိုတဲ့ သားတစ်ယောက်ရှိမှန်း ကျွန်တော်မသိဘူး။ သူက မြေလတ်နဲ့ အဲဒီလောက်ကင်းကွာတာ။ အိမ်ကထွက်သွားတာကြာပြီ၊ သဘော်အရာရှိဖြစ်ပြီး နိုင်ငံခြားရောက်နေတာ။ အဖြစ်အပျက်ကို သေသေချာချာသိရင် ဒီလိုအမှုအခင်း လုပ်စရာအကြောင်း မရှိပါဘူး''

စစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌ Dr စိန်ဖေက ပြောခဲ့သည်။

''တိုင်စာက နည်းနည်းတော့ ဆန်းနေတယ်။ မြို့နယ်ဆေးရုံနဲ့ မြို့ခံလူနာရှင်ဘက်ဆိုတော့လည်း ဖြေရှင်းပေးရဖို့ တာဝန်ရှိလာတဲ့သဘောပါပဲ။ လူနာရှင်ဘက်က အထင်မှားတာဆိုရင်လည်း အထင်မှားတာကို ပေါ်လွင်အောင် စစ်ဆေးပေးဖို့လိုလာတာပေါ့လေ။ ကျွန်တော်တို့ကို တာဝန်ပေးလာတော့လည်း လာခဲ့ရတာပါပဲ။ ဒီသဘောပါ''

Dr ဉာဏ်ကျော်လွင်က ဝင်လို့

''ကျွန်တော်တို့တစ်တွေဟာ လုပ်ဖော်ကိုင်ဖက်ချင်းတွေပါ။ ကျွန်တော်တို့အပေါ်မှာ အမြင်ကြည်လင်စေချင်ပါတယ်''

ဒေါ်ခင်ဦးနွယ်က

''နားလည်ပါတယ်ဆရာ။ ဆရာတို့ တွေ့ရှားအတိုင်းသာ ဆောင်ရွက်ပါ''

ပြောခဲ့လေ၏။

''ကဲ ဆရာတို့လည်း ခရီးပန်းလာတာ အနားယူကြပါဦး။ ဒီမှာ ကျွန်တော့်အလုပ်သမားတစ်ယောက်ကို လွှတ်ပေးထားပါနယ်။ လိုတာရှိရင် ပြောပါ ဆရာ''



ဦးအောင်မြင့်မှစ၍ နေရာမှထလည်းနှင့် ကျန်ဆရာဝန်များလည်း ထကာ အသီးသီး နှုတ်ဆက်ကြလေ၏။

အတိုင်ခံရသော ဆရာဝန်နှစ်ဦးက တစ်မြို့လုံးသိနေသောအကြောင်းအရာ၊ သူတို့လည်း သိပြီးဖြစ်ပါလျက် ထိုအမှုနှင့်ပတ်သက်၍ တစ်စုံတစ်ရာ ဖြေရှင်းသွားတာမျိုး၊ စုံစမ်းမေးမြန်းသွားတာမျိုး မရှိခဲ့ပါလားဟု သူတို့ထွက်သွားမှ ဆရာတို့က တွေးမိခဲ့လေ၏။

□

Dr စိန်ဖေနှင့် အဖွဲ့က အမှုစစ်ဆေးရန် စီစဉ်ဆောင်ရွက်လာခဲ့သည်များက စနစ်တကျရှိလေ၏။ မြေလတ်ရောက်ပြီး နာရီအနည်းငယ်အတွင်းတွင်ပင် အလုပ်စခဲ့ကြသည်။ ဦးမြမောင်၏ ဆေးရုံဘက်မှတ်တမ်းကို ပထမဆုံး လေ့လာကြလေ၏။ လူနာမှတ်တမ်းထဲတွင် ရေးသွင်းသမျှကို ရေးသူဆရာဝန်က တာဝန်ယူ လက်မှတ်ထိုးရသည်။ ဦးမြအောင်၏ ချတ် (Chart) တွင် Dr သက်ဇော်နိုင်နှင့် Dr ခင်ဦးနွယ်၏ လက်မှတ်များကို တွေ့ရသည်။ ရောဂါဖြစ်စဉ်၊ စမ်းသပ်တွေ့ရှိချက်နှင့် ကုသချက်မှတ်တမ်းများ၊ အချိန်နာရီအတိအကျပါရှိကာ ရေးသွင်းသူ ဆရာဝန်များ၏ စည်းစနစ်ကျပုံကို ခန့်မှန်းသိနိုင်လေ၏။ မှတ်တမ်းကို ဖတ်ရသည်နှင့် အဖြစ်အပျက်က တစ်စတစ်စ ပုံပေါ်လာခဲ့ပေ၏။

ဦးမြမောင်ကို စတင်လက်ခံကာ စမ်းသပ်ပေးသူက ဦးသက်ဇော်နိုင်ဖြစ်လေ၏။ ဦးသက်ဇော်နိုင်၏ ဂျူတီချိန်တွင် ရောက်လာသော လူနာဖြစ်ဟန်ပေ။ လူနာဦးမြမောင်မှာ ရင်ခေါင်းမှ ထိုးအောင့်ပြီး လေးရက်ကြာမှ ဆေးရုံသို့ ရောက်လာသူ ဖြစ်လေ၏။ ခွဲစိတ်စဉ် ဗိုက်ပွင့်သည်နှင့် အပုပ်နံ့ရအောင် အခြေအနေဆိုးခဲ့သည်။ ဦးမြမောင်ကို ဦးဆောင်ခွဲစိတ်သူက ဒေါက်တာသက်ဇော်နိုင်ဖြစ်ကာ ဆရာဂျင်ဒေါ်ခင်ဦးနွယ်က အကူအဖြစ် ပါဝင်ခွဲစိတ်ခဲ့တာလည်း အမှန်ဖြစ်လေ၏။ လူနာမှာ ခွဲစိတ်ပြီး တတိယမြောက်နေ့တွင် ဆုံးပါးသွားခဲ့သည်။ သေဆုံးချိန်အထိ ဆေးကုသခြင်း မှတ်တမ်းများ ပြည့်စုံစွာရှိသည်။ သေဆုံးကြောင်း အတည်ပြုသူမှာ ဦးသက်ဇော်နိုင် ဖြစ်လေ၏။

ကုန်ခဲ့သည့်နှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း တစ်နှစ်တာ၊ ဆေးရုံတက် လူနာမှတ်တမ်းများကို ဆရာများက တောင်းယူခဲ့သည်။ လအလိုက် စုစည်းထားသော ခုနှစ်လစာ လူနာချက်များက ဆရာများစားပွဲပေါ်ရောက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုမှတ်တမ်းစည်းများထဲမှ လူနာချက်ငါးခုစီကို ဆရာများက လက်သင့်ရာ ဆွဲထုတ်ယူကြည့်ခဲ့ကြသည်။ ဒေါ်ခင်ဦးနွယ်နှင့် ဦးသက်ဇော်နိုင်တို့ ဖြည့်သွင်းထားသော မှတ်တမ်းများမှာ ဦးမြမောင်၏ ရောဂါမှတ်တမ်းကဲ့သို့ ပြီးပြည့်စုံသော မှတ်တမ်းများ ဖြစ်လေ၏။ မှတ်တမ်းရေးသွင်းထားပုံများမှာ အလွန်တိကျ သေချာသည်။ ဦးမြမောင်၏ ဆေးရုံတက် မှတ်တမ်းရှိ သေချာတိကျမှုများမှာ နောက်မှ ထပ်မံဖြည့်စွက်ထားသော ဖန်တီးထားမှုများ မဖြစ်နိုင်ဟု မှတ်ချက်ချမိကြလေ၏။

ဒေါက်တာစိန်ဖေ ဆွဲယူခဲ့သော ချတ်များထဲမှာ ဒေါက်တာယဉ်မျိုးကျော့(စ) ယူထားသော ချတ်နှစ်ခုပါခဲ့သည်။ သူရေးဖြည့်ထားပုံကို ဆရာများဖတ်ကာ ပြုံးမိကြရလေ၏။ သူကတော့ လိုတိုရှင်းပဲ။ အူအတက်ခွဲစိတ်ထုတ်သည့် အော်ပရေးရှင်း မှတ်တမ်းကို အူအတက်ခွဲစိတ်လိုက်သည် Appemdicectomy Done ဟုရေးကာ ဗိုက်ခွဲ၍ ကလေးမွေးဖွားပေးခဲ့ရင် L.S.C.S Done ဟု ရေးထားသည်လေ။ အရေးကြီးသည့် ဆေးတိုးချိန်တော့ အတိအကျပါ၏။ ကျန်အခြေအနေကိုမူ သဘောလောက်ပဲ။

ဒေါက်တာသက်ဇော်နိုင်၏ မှတ်တမ်းများမှာ ဝမ်းဗိုက်ခွဲခဲ့လျှင် ဘယ်လိုဓားရာနှင့် စဝင်သည်က စရေးသည်။ အူအတက်ခွဲစိတ် မှတ်တမ်းဖြစ်ပါက အူအတက်ရဲ့ အခြေအနေ၊ အရှည်၊ အရောင်အဆင်း၊ အထဲမှာ ဘာကြောင့် အူအတက်ပိတ်တယ်ဆိုတာပါ မှန်းဆတတ်သေးသည်။ ဗိုက်ခွဲ ကလေးမွေးခဲ့လျှင် မြင်တွေ့ရသည့် သားအိမ်၊ သားအိမ်ပြွန်၊ သားဥအိမ်အခြေအနေများကိုပါရေးပြတတ်လေသည်။ ခွဲစိတ်ကု ဝါသနာကြီးရုံမက စည်းစနစ်ကောင်းလျက်၊ အလုပ်ကို စိတ်ပါဝင်တစားလုပ်ဆောင်တတ်သူဖြစ်မှန်းသိသာလေ၏။

ဦးယဉ်မျိုးလည်း ခွဲစိတ်ရင်း ဒါတွေကြည့်မပေးဘဲ နေမှာတော့မဟုတ်။ ကြည့်တော့ကြည့်မည်။ မရေးဘဲထားတာ ထူးခြားတာမတွေ့၍ ဖြစ်မည်ပေ။ မှတ်တမ်း များကို ဖတ်နိုင်မည့်သူမှာ ဆရာဝန်များသာဖြစ်လေ၍ ခွဲစိတ်နည်းလမ်းများ အသေး စိတ် ရေးစရာမလိုဟုထင်ပုံရလေ၏။ သူ့အထင်လည်းမမှား။

ခွဲစိတ်ကုသလူနာ မှတ်ပုံတင်စာအုပ်ကို လေ့လာကြပြန်သည်။ ဆေးရုံနှင့် မလိုက်အောင် များပြားစွာ ခွဲစိတ်ကုသထားသော အရေအတွက်ကိုတွေ့ကြရသည်။ ကုန်ခဲ့သည့်နှစ်မှစ၍ လေ့လာသည်။ ခွဲစိတ်မှုများကို ဒေါက်တာခင်ဦးနွယ်နှင့် ဒေါက်တာသက်ဇော်နိုင်တို့ကသာ အများဆုံးပြုလုပ်ခဲ့တာ တွေ့ရလေ၏။



"ဆာကျင်နဲ့ ဆာကျစ်ကယ်ဝပ်(ဒ်)က A.S က အများဆုံးခွဲကြတာ ကျွန်တော်တို့ အတွက်တော့ အဆန်းမဟုတ်ဘူးပေါ့နော်။ အင်း ဒါပေမယ့်"

ဒေါက်တာလွန်းတင်က စကားကို သက်ပြင်းနှင့်သာ အဆုံးသတ်လိုက်ခဲ့သည်။ လူနာဦးမြမောင်ကို ဇွန်လတွင် ခွဲစိတ်ထားသည့် မှတ်တမ်းလည်း တွေ့ရှိရလေ၏။ ဇွန်လမတိုင်မီတွင် ဒေါက်တာသက်ဇော်နိုင်မှာ ဦးမြမောင်ကဲ့သို့သော ဝေဒနာအပါအဝင် အခြားခွဲစိတ်ကုသမှုများစွာ လုပ်ခဲ့ဖူးပြီးတာတွေ့ရသည်။ ဦးခေါင် ခွဲစိတ်သူ ဆာကျင်အဖြစ်နှင့် ခွဲစိတ်ခဲ့တာ ဖြစ်သည်။ ဦးသက်ဇော်နိုင်မှာ လက်သင် ဆရာဝန်လေးတစ်ယောက် မဟုတ်တော့တာ သေချာခဲ့လေသည်။

ဒေါက်တာစိန်ဖေမှ ထောက်ပြခဲ့၍ ကျန်ဆရာများ သတိပြုမိခဲ့သော အချက်တစ်ချက် ရှိလေ၏။ အတွင်းလူနာများလှေ့ရှိသော ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာများတွင် ခွဲစိတ်ကုသမှုများ နည်းပါးခဲ့သည်။ အရေးပေါ်ကလွဲ၍ အခြားခွဲစိတ်မှုများ မရှိသလောက်ဖြစ်လေ၏။ အတွင်းလူနာနည်းသော ဆောင်းကာလတွင်တော့ ခွဲစိတ်ကုသမှုများ များပြားသည်။ အရေးပေါ်မဟုတ်သော ခွဲစိတ်ကုသမှုများပိုမိုပြုလုပ်ခဲ့တာတွေ့ရလေ၏။ အထူးကုဆေးရုံတစ်ခုမဟုတ်ဘဲ အထွေထွေဆေးရုံသာဖြစ်၍ အခြားရောဂါများ ထောင်တက်နေချိန်၌ ခွဲစိတ်ကုသခြင်းများကို လျှော့ချထားခဲ့သည်။ လုပ်ဖော်ကိုင်ဖက်များကို ညှာထားခဲ့တာ သိရှိနိုင်လေ၏။

တိုင်ကြားစာထဲကလို ဆရာဝန်တစ်ဦးက အလေ့အကျင့်ရအောင် သက်သက်၊ တရားလက်လွတ်ခွဲစိတ်နေခဲ့ကာ ခွဲစိတ်အထူးကုဆရာဝန်က ထိုသူကို အားပေး၊ အားမြှောက်ပြုနေသည်ဆိုသော သဘောမှာ စဉ်းစားစရာဖြစ်ခဲ့လေ၏။

Dr စိန်ဖေက လအလိုက် ခွဲစိတ်ကုသမှုများ ရွေးချယ်ပြုလုပ်သွားပုံ၊ လုပ်သမျှအား မှတ်တမ်းတိကျ ရေးသွင်းထားပုံများကို ကိုယ်တိုင်က စနစ်ကြီးသူမို့ သဘောကျနေမိလေ၏။ Dr ဉာဏ်ကျော်လွင်က အညောင်းအညာဆန့်ရင်း

"ဒီဆရာ ရောဂါမှတ်တမ်းယူပုံကအစဗျာ။ တကယ့် ဟောက်(စ်)ဆာဂျင်လေးကျနေတာပဲ။ နေဦး၊ ဟောက်(စ်)ဆိုတာထက်၊ ဆေးရုံဆင်းစ သဒ်မိုးယား ဆေးကျောင်းသားလေးကျနေတော့တယ်"

Dr စိန်ဖေက

"ဒီလို Case ဖြစ်လာပြီဆိုရင်တော့ အပြည့်အစုံရေးဖြည့်တဲ့ အလေ့အကျင့်က အများကြီး စကားပြောတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူလည်း ဇာက်ကြောတွေ ကိုယ်တာသာနှိပ်ရင်း ပြောလေ၏။

သူတို့သုံးဦးသား ဆေးရုံရှေ့က လမ်းကလေးမှာ လမ်းလျှောက်ကြ သဘော တူကြလေ၏။

သူတို့မှာ စိတ်တွေရော၊ ခေါင်းတွေရော၊ တစ်ကိုယ်လုံးရော ညောင်းညာ လှပြီ ဖြစ်လေ၏။

□

တနင်္လာနေ့ နံနက် ၈နာရီတွင် စစ်ဆေးရေးစတင်ခဲ့သည်။ စစ်ဆေးရန် ခေါ်ယူထားသူများမှာ—

၁။ တိုင်ကြားခဲ့သူ ဦးစိုးမိုးမောင်

၂။ ဦးမြမောင်အား ခွဲစိတ်စဉ်က အတူရှိခဲ့သော ဦးမြမောင်၏ ညီဖြစ်သူ ဦးလှဖေ

၃။ ဦးမြမောင်အား ခွဲစိတ်စဉ်က ပါဝင်ခဲ့သော အထက်တန်းသူနာပြု နော်အေမီ

၄။ သူနာပြုဆရာမ ဒေါ်လှလှစောနှင့်

၅။ ဒေါက်တာ မူယာတင်

၆။ တိုင်ကြားခံရသူများဖြစ်သည့် ခွဲစိတ်ခဲ့သူဆောကျင်ခင်ဦးနွယ်

၇။ ဦးဆောင်ခွဲစိတ်သူအဖြစ် ခွဲစိတ်ခဲ့သူ ဒေါက်တာသက်ဇော်နိုင်တို့ဖြစ်ကြ သည်။

စစ်ဆေးမည့် နေရာကို ဆရာဦးအောင်မြင်က သူ၏ ရုံးခန်းတွင်ပင်ပြု လုပ်စေခဲ့လေ၏။ ဆင်နားရွက်တံခါးအပြင်ဘက်က တံခါးမကို စေ့ပိတ်လိုက်လျှင် သီးသန့်အသံလုံခန်းကစ်ခုဖြစ်ပြီ။

ဦးစိုးမိုးမောင်ကို ပထမဆုံးခေါ်ယူခဲ့သည်။

သူက အသက်သုံးဆယ်ငါးဝန်းကျင်ရှိသော လူရွယ်တစ်ဦးသာ။ တန်ဖိုး ကြီးသော စပို့ရှပ်နှင့် ပလေကပ်ပုဆိုး ဝတ်ထားခဲ့သည်။ ကြည့်ကောင်းသော ရုပ် ရည်ရှိသည်။ သူ့မျက်နှာတွင်တော့ သက်သာရန့် မကောင်းရိပ်တွေ။

စစ်ဆေးရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာစိန်ဖေက ဖြူဖွေးသော စားပွဲခင်း ခင်းထားသည့် စားပွဲကျယ်ထိပ်မှာနေရာယူကာ ကျန်ဆရာနှစ်ဦးက ဝဲယာမှာထိုင်ကြ လေ၏။ ထောက စားပွဲငယ်တွင် ဒေါက်တာစိန်ဖေ အကူအညီခေါ်ခဲ့သော သူ့ရုံးက



သက်နှိပ်စက်စာရေးလေး ထိုင်သည်။ ဒေါက်တာစိန်ဖေနှင့် မျက်နှာချင်းဆိုင်မှာ စစ်ဆေးခံရမည့်သူအတွက် သတ်မှတ်ထိုင်ခုံဖြစ်သည်။ ဦးစိုးမိုးမောင် မျက်နှာက ညှိတင်းတင်းရှိလေ၏။

"ထိုင်ပါ ဦးစိုးမိုးမောင်"

ဒေါက်တာစိန်ဖေက တရင်းတနှီး ခေါ်ယူလိုက်လေ၏။ စိုးမိုးမောင်က ဧဝေဇဝါဖြစ်သွားခဲ့လေ၏။ သူကြားထားသည်က တစ်မျိုးဖြစ်၍ပေ။ ဆရာဝန်နှစ်ဦးက သူတို့အရေးမယူခံဖို့ ဆရာတွေထံမှာ ဝင်ထွက်ထားပြီးခဲ့ပြီ၊ စစ်ဆေးရေးအဖွဲ့က စိုးမိုးမောင်အား ဖိအားသုံး၍ တိုင်ကြားချက်ကို ရုပ်သိမ်းစေလိမ့်မည်။ အတွင်းသ တင်း ရထားခဲ့သည်။ ဒေါက်တာစိန်ဖေကမူ တိုင်ကြားသူ၏ စိတ်တွင်းသံသယကို နားလည်ပြီးဖြစ်ခဲ့သည်။ ဦးစိုးမိုးမောင်၏ တင်းကျပ်နေသောစိတ်များ သက်သောင့် သက်သာရှိစေရန် မိတ်ဆက်စကားဖြင့် စပျိုးခဲ့လေ၏။

"ကျွန်တော်တို့အဖွဲ့က မြေလတ်မှာ ခင်ဗျားရဲ့ ညွှန်ကြားချက်ဆိုလည်း မှား ဗျာ။ ခင်ဗျား ဖြေရှင်းပေးစေချင်တဲ့ ကိစ္စတစ်ခုအတွက် ဦးစိုးမိုးမောင်ကခေါ် လို့သာလာခဲ့ရတဲ့အဖွဲ့ပါပဲ။ ကျွန်တော်တို့ သုံးယောက်က တစ်နေရာစီကပါ။ က ကျွန်တော်တို့ကို တာဝန်ပေးအပ်စေလွှတ်တဲ့ အမိန့်စာပါ။ မိတ်ဆက်ပေးရရင် တော့"

ဦးစိန်ဖေက ဆရာတစ်ဦးစီနှင့် မိတ်ဆက်ပေးခဲ့သည်။

ဦးစိုးမိုးမောင် တချက်ကို ကြည့်သည်။ ရာထူးတွေနှင့် အခုမိတ်ဆက်ပေး သော နာမည်တွေပါ၏။ ကြာကြာကြည့်လျှင် မယုံကြည်ရာ ကျမည်လားဟု မြန်မြန် ပြန်ပေးလိုက်ခဲ့သည်။

"အခု ဦးစိုးမိုးမောင် တိုင်ထားတဲ့ကိစ္စနဲ့ ပတ်သတ်လို့ ပြောစရာရှိတာ တွေ ကျွန်တော်တို့ကို ပွင့်ပွင့်လင်းလင်းသာ ပြောပြပါ။ စာထဲမှာ တိုင်ထားတာ တော့ ကျွန်တော်တို့သိပါပြီ။ ဒါပေမယ့် ဘာတွေများထပ်ဖြည့်စွက်စရာများရှိပါ လဲ။ ဦးစိုးမိုးမောင် ဒီမှာပြောတဲ့စကားက အပြင်မရောက်စေရပါဘူး။ ကျွန်တော် တာ ကိုယ့်လက်စ အလုပ်တွေထားပြီး ရပ်စောကလာရတာဆိုတော့ ဒီနေ့ပြီးရင် ပြန်ကြမှာပါပဲ။ ကဲ ပွင့်ပွင့်လင်းလင်းသာ ပြောပေတော့"

ဒေါက်တာလွန်းတင်က အသက်၊ အလုပ်အကိုင်စသည့်ကို စတင်မေး

www.burmeseclassic.com



ကာ လက်နှိပ်စက် စာရေးလေးကို ရိုက်စေလေ၏။ ခေါင်းစီးအဖြစ် စာရွက်ပေါ်မှာ

"တိုင်ကြားသူကို စစ်ဆေးမေးမြန်းခြင်း" ဟု ရိုက်စေခဲ့သည်။ ဦးစိုးမိုးမောင်က အဖြစ်အပျက်ကို ပြောပြခဲ့သည်။ ပြောဆိုချက်များက သူရေးသားတိုင်ကြားခဲ့သော တိုင်ကြားစာကို ပြန်ဖတ်ပြနေသလိုပင် ဖြစ်ကာ ဆရာများသိပြီး အကြောင်းအရာကိုပဲ ဖြစ်ပေ၏။ စစ်ဆေးမေးမြန်းမည့်မေးခွန်းများကို အဖွဲ့က စီစဉ်ပြီး ဖြစ်လေ၏။ ဆရာများက တစ်လှည့်စီ မေးခဲ့ကြသည်။

ဦးစိုးမိုးမောင် ဖြေကြားပုံများက မရေရာ။ လူမှာ ဦးမြမောင်၏ မှတ်တမ်းထဲက အချက်အလက်များနှင့် မတိုက်ဆိုင်။ ဆေးရုံသို့ ဖြစ်ဖြစ်ချင်း ရောက်သည်ဆိုခဲ့သည်။ မခွဲစိတ်ခင် အခြေအနေမှာ ကောင်းမွန်သည်ဟု ဆိုခဲ့သည်။ သူမရှိသည့် အချိန်မှာ ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်ဖြစ်၍ သူ ဘာမျှ ရေရေရာရာမပြောနိုင်

သေချာရေရာမှုဆို၍ ခွဲစိတ်စဉ်က ဆာဂျင်က အကူအဖြစ်ခဲ့ကာ ဆာဂျင်မဟုတ်သူက ဦးဆောင်ခွဲစိတ်ခဲ့သည်ကို သေချာစွာ ပြောပြနေခဲ့ခြင်း ဖြစ်ရာ မရေမရာ ပြောပြနေသော အဖြစ်တစ်ခုလုံးထဲမှ ထိုတစ်ကွက်သည်သာ အရေရာ အသေချာဆုံးဖြစ်ကာ သူပြောတာလည်း မှန်နေခဲ့သည်။ ဒေါက်တာစိန်ဖေ "စိတ်မကောင်းစရာပါပဲ။ ဦးစိုးမိုးမောင်အနေနဲ့ ကိုယ်က နိုင်ငံခြားမှာရှိတုန်း ဒီမှာ အဖေက ခွဲစိတ်ကုသခံခဲ့ရပြီး ဆုံးသွားခဲ့တယ်ဆိုတော့ ဖြေလို့တော့ သိပ်မလွယ်လှပေါ့လေ"

"ဟုတ်ပါတယ်။ ရိုးရိုးဖျားနာပြီး သေဆုံးတယ်ဆိုရင်တောင် ကျွန်တော် ဖြေသာပါတယ်"

"ခွဲစိတ်စဉ်မှာ ဦးစိုးမိုးမောင်က မြေလတ်မှာ မရှိခဲ့တဲ့ ဒီခွဲစိတ်မှု ဘယ်ဆရာဝန်က ဦးဆောင်ခွဲခဲ့တယ်၊ ဘယ်ဆရာဝန်က အကူအဖြစ် ခွဲစိတ်တယ် ဆိုတာတွေ ဘယ်လိုကြောင့် သိခဲ့ပါသလဲ"

ထိုမေးခွန်းမှာ အဖွဲ့က စီစဉ်လာခဲ့သော မေးခွန်းများထဲမှာ မပါ အခြေအနေအရ မေးသည့် အမေးအဖြစ် ဒေါက်တာစိန်ဖေက မေးခဲ့ခြင်းဖြစ်လေ၏ ဦးစိုးမိုးမောင်က လိမ္မာပါးနပ်စွာ အဖြေပေးခဲ့ပေ၏။

"ဒါကတော့ ဘာမှမခဲယဉ်းပါဘူး ခင်ဗျာ။ ကိုယ့်အဖေကိစ္စဆိုတော့ ကိုယ်က တိတိကျကျသိချင်လို့ စုံစမ်းရတာပါ။ နိုင်ငံခြားမှာဆိုရင် ပေါ့လေ ဆရာဝန်တွေ တရားစွဲဆိုခံရတာ၊ လျော်ကြေးပေးရတာတွေ အများကြီးပါ။ ဒီမှာ



လူနာတွေဘက်က မဟုသုတနည်းသေးတော့ ခံနေကြရတာပါ"

ဒေါက်တာ စိန်ဖေက ခဏမျှ စဉ်းစားနေခဲ့ပြီး

"ဖခင်ဖြစ်တဲ့ ဦးမြမောင် ကွယ်လွန်တဲ့ သတင်းကိုသိရတဲ့ အချိန်မှာ ဦးစိုးမိုးမောင်က နိုင်ငံခြားမှာပဲရှိမယ်ထင်ပါတယ်"

"ဟုတ်ပါတယ်"

"အဲဒီလို ကြားသိသိချင်းပဲ ဒီကိစ္စကို စုံစမ်းခဲ့တာပါလား"

"မဟုတ်ပါဘူး။ အဲဒီတုန်းကတော့ ဝမ်းနည်းတာပဲရှိပါတယ်။ ဒီပြန်ရောက်ပြီးမှ အကြောင်းစုံကိုကြားရတော့ ယူကျုံးမရဖြစ်ရတာပါ"

ဆရာများမှာ ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေခဲ့ကြသည်။ ဒေါက်တာစိန်ဖေက ထိုအမေးအဖြေများဖြင့် တစ်စုံတစ်ရာကိုသိလိုက်ပြီးဟန်ရှိလေ၏။ စီစဉ်ထားပြီး အမေးများကို ဆက်လက်မေးကြသည်။ စစ်ဆေးမေးမြန်းခြင်း ပြီးဆုံးသွားသောအခါ

"ဦးစိုးမိုးမောင်အနေနဲ့ သီးသန့်ပြောချင်တာများရှိပါသေးလား"

မေးခဲ့လျှင် စိုးမိုးမောင်က မရှိတော့ကြောင်း ပြောလေ၏။

သူထွက်ဆိုခဲ့သမျှကို ဒေါက်တာလွန်းတင်က စာစီပေးခဲ့ကာ မွေလွင်ဦးက လက်နှိပ်စက်ရိုက်ယူထားခဲ့သည်။ အစစ်ဆေးခံချက်များကို စိုးမိုးမောင်အား ပြန်ဖတ်စေခဲ့လေ၏။ ကျေနပ်ကြောင်း ဝန်ခံမှ မိမိသဘောနှင့် ထွက်ဆိုချက်များ ဖြစ်ပါကြောင်းဟု စာတမ်းတစ်ခုထပ်ရိုက်နှိပ်လျက် စိုးမိုးမောင်လက်မှတ်ထိုးရလေ၏။ လက်မှတ်အောက်မှာ အမည်နှင့် လက်ရှိ သင်္ဘောပေါ်က ရာထူးကိုရေးလေသည်။

"အားလုံးစစ်ဆေးပြီးတဲ့ အခါကျရင် ကျွန်တော်တို့ ပြန်ပြီးတွေ့ဖို့လိုရင် လည်းလိုပါလိမ့်မယ်။ လိုရင် ကျွန်တော်တို့ အကြောင်းကြားပါမယ်။ အခုတော့ ဒါလောက်ပါပဲ"

စိုးမိုးမောင် ကျေနပ်စွာ

"ဆရာတို့ကို ဒုက္ခပေးသလို ဖြစ်ရတာ စိတ်မကောင်းပါဘူးဗျာ။ ကျွန်တော် တိုင်တဲ့သဘောမဟုတ်ပါဘူး။ ကျွန်တော့်လုပ်ရပ်ဟာ ဖေဖေ့ဆန္ဒလို့ ယုံကြည်တဲ့အတွက် ကူညီဖြေရှင်းပေးဖို့သာ အကူအညီတောင်းတဲ့သဘောပါ"

ဆရာများက ခေါင်းညိတ်ကြလျက်

"ဟုတ်ကဲ့ ကျွန်တော်တို့လည်း နားလည်စာနာပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ပြောခဲ့ကြလေ၏။ စိုးမိုးမောင်က နုတ်ဆက်ထွက်ခွာသွားခဲ့လေ၏။ တိုင်ကြားသူကို စစ်ဆေးပြီးခဲ့တော့ သက်သေများကို စရတော့မှာ ဖြစ်သည်။

□

ဦးလှဖေကို ပထမဆုံး ခေါ်ယူခဲ့သည်။

အသက်ခြောက်ဆယ်ကျော်၊ ပိန်ပိန်ပါးပါး၊ လူရိုးလူအေးကြီးအသွင်ရှိသည်။ အမှုထမ်း၊ အရာထမ်းကိုစွတွေနှင့် ဝေးဝေးနေလိုဟန်၊ ရိုးသားသောသူ့မျက်နှာပေါ်မှာ ရွံ့ကြောက်လား၊ ရွံ့ကြောက်လား၊ အရိပ်တစ်ခုခုထင်ဟပ်နေခဲ့သည်။ ထိုင်ခုံမှာ ထိုင်နေပုံက မှတ်ပုံတင်ဓာတ်ပုံ အရိုက်ခံနေသည့်နှယ် တောင့်တောင့်မတ်မတ်ဖြစ်ကာ ပေါင်ပေါ်မှာ လက်နှစ်ဖက်ကို ဖြန့်ကားလျက်တင်ထားခဲ့သည်။

ဒွေးလွင်ဦးက သက်သေအမှတ်(၁) ကို စစ်ဆေးမေးမြန်းချက်ဟု တာစနိုက်ခဲ့သည်။

"သက်သာသလိုသာနေပါဦး။ ကျွန်တော်တို့က အဖြစ်မှန်ပေါ်ပေါက်ဖို့ကူညီရအောင် လာကြတဲ့သူတွေပါ။ ကျွန်တော်တို့ မေးခွန်းနည်းနည်းမေးပါမယ်။ အဲဒါ ဦးက ဖြေပေးဖို့ပါပဲ"

ဒေါက်တာလွန်းတင်က မိတ်ဆက်စကားထုံးစံအတိုင်းပြောပြခဲ့သည်။

"ဦးက ဆုံးသွားတဲ့ လူနာဦးမြမောင်နဲ့ ဘယ်လိုတော်စပ်ပါသလဲ"

ဒေါက်တာစိန်ဖေက မေးခွန်းများကို စတင်ခဲ့လေသည်။ ဦးလှဖေအားမေးမြန်းမည့် အမေးများမှာလည်း စီစဉ်လာခဲ့ပြီးဖြစ်သည်။ ဦးမြမောင်၏ ရောဂါဖြစ်ပျက်ပုံ၊ ခွဲစိတ်ကုသခြင်းနှင့် ပတ်သက်၍ မခွဲစိတ်မီ ဆရာဝန်များက ရှင်းပြခဲ့ခြင်း ရှိမရှိ၊ လူနာရှင်ဘက်မှ သဘောတူ ခွင့်ပြုချက် ရယူခဲ့ခြင်း ရှိ မရှိတို့ကို ပေါ်လွင်စေသော အမေးများဖြစ်လေ၏။ ဦးလှဖေဖြေကြားပုံက လူရိုးကြီးပီပီ အဖြေက လိုရင်းမရောက်ဘဲ ဝေ့လည်လည်တော့ ရှိနေတတ်လေ၏။

"ခွဲစိတ်တဲ့ အချိန်မှာ အနီးကပ်ရှိနေခဲ့တဲ့ ဦးအနေနဲ့ ခွဲစိတ်ကုသမှုကို ကျေနပ်မှုရှိခဲ့ပါသလား"

"ဒါပေမယ့် ကျွန်တော့်တူတော်မောင်ကတော့ ကျွန်တော့်ကို သူ့အဖေကိစ္စနဲ့ ပတ်သက်ပြီး အတော့်ကို စိတ်ကွက်ခဲ့တာဆိုတော့ ကျွန်တော့်မလည်း အပြစ်ရှိသလား မပြောတတ်တော့ပါဘူးဗျာ"

ဒွေးလွင်ဦး ဘာကိုစတင်ရိုက်ရမှန်း မသိတော့ချေ။ ဒေါက်တာလွန်းတင်



က မေးခွန်းကိုထပ်မံပြင်ဆင်မေးပေးခဲ့သည်။

"ဦးမြမောင် ဆေးရုံတက်ပြီး ခွဲစိတ်ကုသခဲ့စဉ်က မြေလတ်ဆေးရုံက ဆရာဝန်၊ ဆရာမတွေရဲ့ ကုသပြုစုမှုနဲ့ ပတ်သက်ပြီးတော့ ဘာများပြောစရာရှိပါသလဲ။ ကျေနပ်မှုရှိမရှိ ပွင့်ပွင့်လင်းလင်းပဲ ပြောပြပါ ဦး"

ကုန်သွယ်၊ လယ်လုပ်၊ လူရိုးကြီးဖြစ်သော ဦးလှဖေက ရိုးသားစွာ ပြုံးလျက်

"မကျေနပ်စရာမရှိပါဘူး။ ဂရုစိုက်ကြပါတယ်။ အထူးအားဖြင့် အဲဒီဆရာလေးပေါ့ဗျာ။ သူကတော့ ဂရုစိုက်တာထက်တောင်မှ ဟိုတက်လွန်တယ်လို့ ကျုပ်တော့ ထင်မိတာပါပဲ"

ပြောပြခဲ့လေ၏။ ဒေါက်တာညာဏ်ကျော်လွင်က ဒွေးလွင်ဦးသို့

"သူ့အဖြေအတိုင်း နိုက်နော် ညီလေး။ ဂရုစိုက်တာထက်တောင် ဟိုဘက်လွန်တယ်ဆိုတာပါ ပါအောင်"

ဟု လှမ်းပိပိ ပြောလေ၏။ ကျုန်ဆရာဝန်ကြီးနှစ်ဦးမှာ ပြုံးမိကြရသည်။ နောက်ဆုံးမေးခွန်းသို့ ရောက်လာခဲ့သည်။

"ဦးမြမောင်ကို ခွဲစိတ်စဉ်က ဆရာဝန် ဘယ်နှစ်ယောက်ပါဝင်ပြီး ဘယ်သူက ဘယ်လိုတာဝန်ယူပြီး ခွဲစိတ်ကြတယ်ဆိုတာ ဦး သိရှိပါသလား"

"မသိဘူးဗျ"

သက်သေအမှတ် (၁) ကို စစ်ဆေးပြီးစီးပြီ ဖြစ်လေ၏။

□

ဆေးရုံတက်က သက်သေများကိုစစ်ဆေးရသည်ကမူ ထုံးစံအတိုင်း ပျင်းရိငြီးငွေ့စရာကောင်းမည်ပေ။ သုံးဦးသော စစ်ဆေးရမည်မို့ တော်ပေသေးသည်။ ဒေါက်တာစိန်ဖေနှင့် ဒေါက်တာလွန်းတင်တို့၏ အတွေ့အကြုံအရမူ မိသားစုစိတ်ဓာတ်ဟုပင်ခေါ်ရမလား၊ ဝန်ထမ်းအချင်းချင်း ဖေးမစွာဖြေဆို ကြမြဲဖြစ်လေ၏။ စစ်မေးသည့် အတွေ့အကြုံရလာသောအခါမူ မည်မျှဖေးမ ဖြေဆိုသည်ဖြစ်ပါစေ၊ အမှန်တရားပေါ်ပေါက်အောင် စစ်မေးလာနိုင်ခဲ့သည်သာဖြစ်လေ၏။

အထက်တန်းသူနာပြုဆရာမကြီး နော်အေမီဝင်လာခဲ့သည်။ ဆရာများကို သူမနှင့် လက်တွဲလုပ်ကိုင်ခဲ့ဖူးသူများပမာ တရင်းတနှီးနုတ်ဆက်သည်။

"ဆရာတို့ ကျွန်မကိုမေးပါ။ ဘာမှအားမနာပါနဲ့။ ဖြေချင်လွန်းလို့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကို မတိုင်ပေမယ့် ကျွန်မလည်း ခွဲတဲ့အထဲပါတာပဲ"

ဆရာမကြီးထံမှ ကြားရသော သည်စကားနှင့်ပင် ဘယ်သူ့ဘက်က မြေတော့မည်ဟု ခန့်မှန်းမိပြီးဖြစ်ရလေ၏။ မေးခွန်းများမေးခဲ့လျှင် အမေးမရှုံး ခံ အဖြေပေးပြီး ဖြစ်လေ၏။ သက်သေများအတွက် စီစဉ်လာသော အမေးများက ထိုစဉ်က အခြေအနေကို ပေါ်လွင်စေမည့် မေးခွန်းများသာဖြစ်သည်။ တစ်ကြိမ်တွင်–

"မခွဲစိတ်မီ လူနာဦးမြမောင်ရဲ့ အခြေအနေဘယ်လိုရှိပါသလဲဆရာမကြီး"

"နည်းနည်းမှကို မကောင်းပါဘူး။ B.P လည်းကျတယ်။ Fever လည်းရှိတယ်။ လူကလည်း ဖြူဖပ်ဖြူရော်နဲ့။ ဗိုက်ကလည်း တင်းပြောင်လို့ပါပဲ"

"မိုးရိမ်စရာ အခြေအနေရှိသလား"

"ရှိတာပေါ့ရှင်။ မှတ်မှတ်ရရ ကျွန်မတောင် မမကို ပြောမိပါသေးတယ်။ ကျွန်မတို့ ကြွေလုလု ထန်းသီးကို တက်နင်းမိတဲ့ ကျီးအုပ်ဖြစ်သွားဦးမယ်နော်လို့"

သူမစကားကို ဆရာများ ရယ်ပြီး လိုက်မိကြသည်။

"ဦးမြမောင်ရဲ့ အိမ်သားများအနေနဲ့ ဆေးရုံရဲ့ ကုသချက်အပေါ် စိတ်ကျေနပ်မှု ရှိခဲ့ရဲ့လား။ ပြဿနာတစ်စုံတစ်ခုများ ဖြစ်ခဲ့သေးလား"

"ကျေနပ်ကြပါတယ်။ ဘာပြဿနာမှလည်း မရှိပါဘူး။ ဆရာလေးဆိုရင် နှစ်ညာ၊ သုံးညာ ပေးရှင့်နားကကို မခွာပါဘူး။ ဦးမြမောင် ကိုယ်တိုင်ကတောင် အားနာတဲ့အကြောင်း ပြောခဲ့ပါသေးတယ်"

နောက်ဆုံးအမေးကို မေးလေ၏။

"ဆရာမကြီးအနေနဲ့ လူနာ ဦးမြမောင်ကို ဆာဂျင် ဒေါ်ခင်ဦးနွယ်သာ ဦးဆောင်ခွဲစိတ်ခဲ့ရင် မသေဆုံးနိုင်ဘူးလို့ ထင်ပါသလား"

"ကျွန်မကတော့ ဒီပေးရှင့်ကို မြင်ကတည်းက မဟန်တော့ဘူးဆိုတာ သိနေပါတယ်။ ခွဲခွဲ၊ မခွဲခွဲ ထူးမယ်မထင်ပါဘူး"

ဖြေကြားချက်များကို ပြန်ဖတ်၊ အတည်ပြုစေပြီး ဒေါ်နော်အေမီကို လက်မှတ်ထိုးစေလိုက်လေ၏။

□



သက်သေအမှတ် (၃) ဖြစ်သော သူနာပြု ဒေါ်လှလှစောကို စစ်ဆေးမေးမြန်းလေသည်။ ဒေါက်တာစိန်ဖေမှာ မနက်ကမှ ဒေါက်တာခင်ဦးနွယ်နှင့် လှလှစောတို့ ရုပါကပ်ကလေးနှင့် ဆေးရုံဝင်းထဲ ဝင်လာတာ တွေ့လိုက်ရသည်။ လှလှစောမှာ ဒေါက်တာခင်ဦးနွယ်ဆေးခန်းတွင် ကူညီပေးနေသူဟု သိလိုက်ရကာ ဘဝင်မကျဖြစ်သွားခဲ့မိလေ၏။ ပထမဆုံးနေ့က အတူတွေ့လိုက်ပေမယ့် သူ မမှတ်မိလိုက်ပေ။ လှလှစောစစ်ဆေးခံချက်များကမူ ဘဝင် မကျစရာမရှိပါ။ သူမက အမေးများကို တရိုတသေဖြေခဲ့သည်။ အဖြေများမှာ အပိုအလိုမရှိ၊ လှလှစော အလှည့်ပြီးသွားသောအခါ သူတို့ပြန်တိုင်းပင်ဖြစ်ကြလေ၏။

အခြားတစ်ဖက် ရုံးခန်းကျယ်၏ ရုံးအုပ်ကြီးနေရာမှာ ရုံးထိုင်နေရှာသော ဒေါက်တာဦးအောင်မြင့်ထံသို့ ဒေါက်တာစိန်ဖေက သွား၍တွေ့ဆုံခဲ့သည်။

"ဆရာ၊ ကျွန်တော်တို့ သက်သေထပ်ခေါ်ချင်ပါတယ်။ ခွဲတဲ့အချိန် ခွဲခန်းထဲ မရှိရင်လည်းရပါတယ်။ အခု သက်သေတွေက အတိုင်ခံရတဲ့ ဆရာဝန်နှစ်ယောက်နဲ့ အလုပ်သဘောချင်းဆက်နွယ်ပြီး သိပ်ရင်းနှီးနေကြတယ်။ ပြောရရင်တော့ တိုင်တဲ့သူဘက်က မကျေမနပ်ဖြစ်လာနိုင်တယ်လေ။ အဲဒါဆိုရင် ကျွန်တော်တို့ နောက်ထပ်တစ်ခေါက်ပြန်လာရကိန်း ဖြစ်နေမယ်"

"ဆရာတို့လည်း အချိန်ရမယ်ဆိုရင် ဆေးရုံမှာရှိတဲ့သူအားလုံးကို စစ်လိုက်ရင် ကောင်းမယ်ထင်ပါတယ်။ ကျွန်တော်ပါပေ့ါ။ ဒေါက်တာယဉ်မြိုးကတော့ အဲဒီအချိန်မှာ ဆေးခွင့်နဲ့နေ နေတာ။ သူ့ကိုရော ဆရာတို့ စစ်မေးချင်ပါသေးလား"

"ဆရာဝန် သက်သေတော့ ထပ်မလိုချင်ချင်တော့ဘူးဆရာ။ ဆရာဝန်ချင်း ဖေးမတယ်လို့ထင်စရာဖြစ်မယ်။ ဆရာ့ကိုတော့ စစ်မေးတဲ့ သဘောမဟုတ်ဘဲ သက်သေတွေရဲ့ ဖြေကြားချက်အပေါ်မှာ T.M.O တစ်ယောက်အနေနဲ့ အတည်ပြု ပေးဖို့ပဲ ကျွန်တော်တို့ မေးပါမယ်။ နပ်(စ်)တွေကိုပဲ သက်သေထပ်တိုးလိုက်တာပေ့ါ။ တစ်ညအိပ်ရုံရှိတော့တာပဲ။ အရေးကြီးတာက လူစုံရဲ့ ထွက်ချက်နဲ့ သူတို့ လက်မှတ် တွေ့ပါသွားရင် ပိုသေချာတာပေ့ါဗျာ။ နောက်တစ်ခေါက်မလာရဖို့"

သို့နှင့် သက်သေများ ထပ်ခေါ်ခဲ့လေ၏။

ခွင့်သွားနေသူမှအပ ဖျားနာကုသဆောင်မှ နပ်(စ်)ဒေါ်ခင်မြင့်နှင့် စတော်နပ်(စ်) ဒေါ်မြင့်ကြည်၊ အပြင်လူနာဌာနမှ နပ်(စ်)ဒေါ်ကျင်တီတို့ကို ထပ်မံခေါ်ယူခဲ့လေသည်။

□

www.burmeseclassic.com

www.burmeseclassic.com



ထိုသက်သေအသစ်များထံမှ ထူးခြားမှုလေးတွေတွေ့ရလေ၏။

"လူနာ ဦးမြမောင်အား ဆာကျင်ဒေါ်ခင်ဦးနွယ်သာ ဦးဆောင်ခွဲစိတ်ခဲ့ရင် မသေဆုံးနိုင်ဟု ထင်ပါသလား"

ဟူသော အမေးကို နပ်(စ်) မခင်မြိုင်က–

"ကျွန်မ မပြောတတ်ပါဘူးရှင်"

ဟုဖြေကာ အထက်တန်းသူနာပြု ဒေါ်မြင့်ကြည်က "ပေးရှင့်ရဲ့ အဖြေ အနေပေါ်မှာ တည်ပါမယ်"ဟုဖြေလေ၏။

OPD နပ်(စ်) မကျင်တီက

"ဆာကျင်က ပိုကျွမ်းကျင်ပြီး အတွေ့အကြုံ ရှိတာပဲ။ ဆာကျင်ကိုယ်တိုင် ခွဲရင်တော့ ဒီလိုဖြစ်ချင်မှ ဖြစ်မှာ ထင်ပါတယ်"

သူမအဖြေကို လိုက်၍

"ဆာကျင် ဘာကြောင့် ကိုယ်တိုင် မခွဲတာလို့ ဆရာမ ထင်ပါသလဲ"

ဆက်မေးသောအခါ

"ဆရာဦးသက်ဇော်နိုင်က ဆာကျင်ကိုပိုင်ချင်တာဆိုတော့ မမနွယ်က ထရိန်နင်ရအောင် သူ့ကိုပဲ ဦးစားပေးခွဲခွင့် ပေးနေတာလေ"

မကျင်တီက ဖြေခဲ့ပါလေ၏။ ဆရာများ စဉ်းစားသော မျက်နှာနှင့် ရှိကြလေ၏။ သူမ ထွက်ဆိုချက်များတွင် အတည်ပြုလက်မှတ်ထိုးနေစဉ်

"ဆရာမက OPD ကဆိုတော့ သိရေတာထဲတော့ မဝင်ရဘူးပေါ့။ OPD ဆိုတော့ ဝဒ်ထဲမှာထက်တော့ သက်သာမှာပဲ"

"ဘယ်သက်သာမလဲ ဆရာ။ အော်ပရေးရှင်းရှိရင် ဝဒ်ထဲကလူပါ သိရေတာ ဝင်ကြတော့ ကျွန်မက ဝဒ်ထဲမှာဝင်ရပါတယ်။ စနေ၊ တနင်္ဂနွေမှာလည်း ဝဒ်ထဲက ဆေးထိုးဆေးတိုက် အလုပ်တွေ လာလုပ်ပေးရသေးတယ်။ ဆာကျင်ကယ် ဝဒ်က အလုပ်အများဆုံးပဲ။ အော်ပရေးရှင်းကလည်း တစ်ပတ်မှာ ရှစ်ရက်လောက် ရှိနေတော့တာလေ အဟင်း ဟင်း"

ဆရာများလည်း ပြုံးလိုက်ကြသည်။

"ဟုတ်တယ်။ အော်ပရေးရှင်းကတော့ တော်တော်လုပ်ထားတာပဲ။ ဒါထက် OPD မှာ A S တစ်ယောက်ထားသေးလား။ ဒေါက်တာယဉ်မှိုး ထင်တယ်၊ ကျွန်တော်တို့နဲ့ မဆုံသေးဘူး"



"မဟုတ်ပါဘူးရှင့်၊ ဒေါက်တာ ဒေါ်မူယာတင်ပါ"

ဆရာသုံးဦးက ပြိုင်တူ–

"ဪ"

ဟုဆိုလိုက်မိကြလေ၏။

□

ဒေါ်ကျင်တီကို စစ်ဆေးပြီးတော့ နေ့လယ် ဆယ့်တစ်နာရီလေးဆယ့်ငါး မိနစ်ရှိနေခဲ့ပြီဖြစ်လေ၏။

"ဆရာတို့ရေ နားကြပါဦး။ နေ့လယ်စာစားပြီးမှ ပြန်စကြတာပေါ့"

ဆရာဦးအောင်မြင့်က အခန်းထဲ ဝင်လာခဲ့ပြီး ဆရာများကို ပြောခဲ့သည်။ ဆရာများမှာလည်း ညောင်းညာနေခဲ့ပြီ။ တံခါးကိုလည်း ပိတ်ပြေန်ဆိုတော့ ပန်ကာလေ မဖြစ်စလောက်လေးနှင့် မှုန်းကျပ်၍ပင်နေသည်။ မေးခွန်းမေး သက်သေကဖြေ၊ အမေးနှင့်အဖြေများကို စာစီပေး၊ လက်နှိပ်စက်ရိုက်တာကို စောင့်ဖြင့် စိတ်ရှည်ရှည်ထားနေရ၍ လူတင်မက၊ စိတ်ပါညောင်းညာနေပြီဖြစ်လေ၏။ ဒေါက်တာစိန်ဖေကမူ သုံးဦးသာကျန်တော့သည်မို့ ဆက်တိုက်မေးချင်သည်။ သို့သော် နှစ်ဦးမှာ တိုင်ကြားခံရသူများဖြစ်နေခဲ့၍ သေချာအာရုံစိုက် မေးဖို့လိုမှာဖြစ်လေ၏။ အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာစိန်ဖေက နားဖို့ စားဖို့ သဘောတူလိုက်လေသည်။

□

ခင်ဦးနွယ် အိမ်မပြန်တော့။ အိမ်ပြန်ချင် နေပူကျဲကျဲကိုဖြတ်ရမည်။ သည် နေမှာ လွင်တီးခေါင် ကန္တာရကိုဖြတ်ရသည့်အလား ပင်ပန်းမိလိမ့်မည်။ ဆေးရုံက သူမအခန်းထဲမှာပင် နားဖြစ်၏။ တိုးတိုးလာပို့သောထမင်းချိုင့်ကိုပဲ အနည်း အကျဉ်း စားဖြစ်သည်။ စစ်ဆေးသည့်အဖွဲ့ခေတ္တနားနေတာ သိခဲ့သည်။ စစ်ဆေးမှုကို မြန်မြန် ပြီးစေချင်သည်။ ဆေးကျောင်းသားသက်တမ်းတစ်လျှောက် နှုတ်ဖြေစာမေးပွဲ ဖြေခဲ့ရစဉ်ကလိုပင်၊ နွယ်စိတ်လှုပ်ရှားနေမိခဲ့သည်။ ကျောင်း စာမေးပွဲပြီးတော့ ဘဝထဲက စာမေးပွဲတွေပေါ့လေ။ ထိုင်ခုံနောက်မှီတွင် မှီလျက် မျက်လုံးများ မှိတ်ထား၊ ကိုယ်လျှော့ ဖြေနေမိလေ၏။

နွယ့် အတွေးအမြင်ထဲမှာ မြေလတ်ဆေးရုံ၊ ခွဲစိတ်ကုသလူနာဆောင်၊ ခွဲစိတ်ခန်း။ နေ့စဉ်နေ့တိုင်း ရက်တွေများစွာ နွယ် လှုပ်ရှားသွားလာခဲ့သည့်နေရာများ နွယ်အတွေးထဲမှာ လျှောက်သွားကြည့်နေသည်။ တစ်ခါတုန်းကတော့ ခွဲစိတ်ကု

www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်ကြီး ဦးဟန်တင်၏ လှုပ်ရှားသွားလာနေရိပ် ရှိခဲ့လိမ့်မည်။ အခုတော့ ခင်ဦးနွယ်၊ နောက်ကျရင်ကော။

"မမနွယ်"

နွယ် ဖျတ်ခနဲမျက်လုံးဖွင့်ကာ ကိုယ်ကိုမတ်ထိုင်လိုက်မိလေ၏။ သက်ဇော်နိုင်ကို တွေ့ရသည်။ သူလည်း စိတ်စောမောနေသည့်အသွင်။ တစ်မနက်လုံး ဆရာယဉ်မျိုးနှင့်အတူ ခွဲစိတ်ကုသဆောင်ထဲမှာ ရှိနေခဲ့လေ၏။ နွယ်က မျက်ခုံးများ မြင့်၍ မေးမိလျှင်

"စစ်ဆေးရေး ပြန်စတော့မယ်တဲ့ မမနွယ်။ ဒေါ်မူယာက ကလင်းနစ်က ပြန်မရောက်သေးလို့ မမနွယ်ကို အရင်ခေါ်ခိုင်းလိုက်ပါတယ်"

ဟုပြောကာ၊ အားပေးနှစ်သိမ့်စွာ ပြုံးခဲ့လေ၏။ နွယ် မရိုးပြုံးဖြင့် တုံ့ပြန်ရင်း အကျီ၊ လုံချည်ကို အတန်သင်ရပ်သည်။ သက်ဇော်နိုင်က သူမလှုပ် ရှားမှုများကို မှင်နာလွှဲထားပေမယ့် အခန်းဝမှာ စောင့်မြဲစောင့်နေခဲ့သည်။ သူမ ထွက်လာသော အခါ ခန်းဆီးကို သိမ်းဖယ်ပေးခဲ့သည်။ နွယ်က ခေါင်းငုံ့၍ထွက်လိုက် ရင်း

"မြန်မြန်ပြီးတော့လည်းကောင်းတာပါပဲ"

"ဟုတ်တယ်။ ကျွန်တော်လည်း ပြီးစေချင်လှပြီ။ ဒီကိစ္စတွေအားလုံးပြီး သွားရင်တော့လေ ကျွန်တော်"

နွယ်က ခြေလှမ်းတွေရောက်သွားပြီမို့ မဆုံးသေးသော သူ့စကားကို "ဘာလဲ ဟင်" ပြန်မေးရလေ၏။

သက်ဇော်နိုင်က ပြုံးလျက်၊

"ဘာမှမဟုတ်ပါဘူး မမနွယ်။" Good Luck" ဟု လှမ်းဆုတောင်းပေးခဲ့ပေ၏။

□

သူမ ဝင်လာပုံက စစ်ဆေးမေး မြန်းခံရတော့မည့် သူတစ်ယောက်နှင့် မတူဘဲ စာနယ်ဇင်းများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်တွေ့ဆုံရှင်းလင်းမည့် ပညာရှင်တစ်ဦးနှင့်သာ တူနေခဲ့လေ၏။ သူမ မျက်နှာက အေးဆေးကြည်လင်နေခဲ့ကာ သူမ ခြေလှမ်းများက ငံ့စားလှလေသည်။ ပန်းရင့်ရောင်ခံ အဖြူစက်မှုန်မှုန်လေးများ ပါသော ရင်စေ့အကျီလက်ရှည်နှင့် ပန်းရင့်ရောင်ခံတွင် ဆေးရေး အဖြူပန်းခက်နွယ် များပါသော ခေးရေးပါတိတ်ကို ဝတ်ဆင်ထားသည်။ အကျီလည်ပင်းမကျယ်ပါ။ ကျော့ ရှင်းလည်တိုင်အလှက အကျီလည်ပင်းကျယ်စရာမလိုဘဲ ပေါ်လွင်နေခဲ့သည်။



ယဉ် ကျေးရိုးရှင်းသော အဆင်အပြင်နှင့် ဆံပင်ကို အနောက်တက်မှာ ခပ်လျော့ လျော့ ထုံးဖွဲ့ထားခဲ့သည်။ အလို နှင်းဆီပန်းညိုရောင်လေးကိုပင် ဆံထုံးမှာပန်ထားလို့ နှုတ်ခမ်းကို ထိုနှင်းဆီပူရောင်လေးနှင့် ဆင်တူ ဆိုးခေးတင်ထားခဲ့သည်။ ကေသာ တွင်သာမဟုတ်၊ နှုတ်ခမ်းမှာပါ ပန်းပန်လျက်ပါဟု သူမဆိုလိုလေသလား။ ဆရာဝန် ဘဝကို တစ်ခါတစ်ရံ မေ့ဖျောက်လျက် ပန်းချီရေးခဲ့လေ့ရှိသော ဒေါက်တာလွန်းတင် ၏ အတွေးပေ။ ဒေါက်တာဉာဏ်ကျော်လွင်ကတော့ သူမကို စတွေ့တွေ့ချင်း ပေးမိသောမှတ်ချက်ကိုပင် ပေးမိပြန်သည်။ တော်တော်လှတဲ့ အမျိုးသမီး။ သူမက ဆရာများသို့ပြုံးနှုတ်ဆက်ကာ ညင်သာစွာ ဝင်ထိုင်ခဲ့လေ၏။ အစမှာတော့ ထုံးစံအတိုင်း နှုတ်ဆက်စကားများ ပြောကြသည်။ ဒေါက်တာစိန်ဖေက

"ဒေါ်ခင်ဦးနွယ် မြေလတ်မှာ ကြာပါပြီလား"

"ငါးနှစ်ကျော်ပါပြီဆရာ"

ဒေါက်တာလွန်းတင်က

"Primary F.R.C.S အတွက် လူရွေးပွဲလာတော့မယ်ကြားတယ်။ ဒေါ်ခင် ဦးနွယ် ငယ်သေးတာပဲ။ မဖြေဘူးလား။ အခွင့်အရေးသိပ်ကောင်းတယ်"

"ပရိုမာရီကို ဒီမှာလာစစ်တော့ ဟိုမှာသွားဖြေ မအောင်ရင်ပြန်လာရတဲ့ ဒုက္ခမရှိတော့ဘူးပေါ့။ သိပ်အဆင်ပြေတာပါပဲ။ ကျွန်မ စိတ်ဝင်စားပါတယ်။ လော လောဆယ် စာမကျက်ရသေးတာ တစ်ခုပါပဲ"

ခင်ဦးနွယ်က ပြုံးလျက်ဖြေသည်။

ဒေါက်တာ ဉာဏ်ကျော်လွင်ကမူ မြေလတ်တွင်ပင် ငါးနှစ်ကျော်ကြာခဲ့ ပြီဆိုတော့ သူမရဲ့ အသက်အရွယ်ငယ်ငယ်နှင့် အမျိုးသမီး ဘယ်တုန်းကများ ဘွဲ့လွန်တက်လိုက်ပါလိမ့်။ စဉ်းစားကြည့်နေမိလေ၏။

ဒေါက်တာစိန်ဖေက အလုပ်စဖို့ ပြင်လေ၏။

"ကျွန်တော်တို့က ဒေါ်ခင်ဦးနွယ်ကို စစ်ဆေးလို့ စိတ်ထဲမှာ ဘယ်လိုမှ မရှိပါနဲ့။ တာဝန်အရ လုပ်ကြရတာတွေပါ။ ဘဝတူ လုပ်ဖော်ကိုင်ဖက်ချင်းတွေ ပါပဲ။ တစ်ချိန်မှာ ဒေါ်ခင်ဦးနွယ်ကလည်း ကျွန်တော်တို့ကို စစ်မေးရတဲ့အခြေ ကြုံချင်ကြုံနိုင်သေးတာပါပဲ"

သူမ ကြွေမြွေရွှော ပြုံးလျက်၊

"မကြုံနိုင်ဘူး ထင်ပါတယ်။ ကျွန်မအတွက်ကတော့ ရပါတယ် ဆရာ။

www.burmeseclassic.com

www.burmeseclassic.com



တာဝန်ရှိတဲ့အတိုင်းသာ ဆောင်ရွက်ပါ"

"ကဲ မေးခွန်းလေးတွေစလိုက်ကြစို့လား"

စာရေးလေးက ခေါင်းစီးစာတန်းကို စတင်ရိုက်လေ၏။

"ထုံးစံအတိုင်း' ဒေါက်တာ့ ဘိုင်အိုဒေတာလေးနဲ့ စလိုက်ရအောင်"

ဒေါ်ခင်ဦးနွယ်က ပြောပြကာ၊ စာရေးလေးက လိုက်ရိုက်လေ၏။

"တိုင်ကြားခံရသူ ဒေါက်တာခင်ဦးနွယ်အား စစ်ဆေးမေးမြန်းခြင်း"

အမည် – ဒေါ်ခင်ဦးနွယ်။

အသက် – ၃၅နှစ်။

ရာထူး – လက်ထောက်ဆရာဝန် (ခွဲစိတ်အထူးကု)။

လုပ်သက် – ၁၀နှစ်

မြေလတ်သို့ရောက်ရှိ တာဝန်ထမ်းဆောင်သော

ကာလ – ၅နှစ်၊ ၆လ။

ဒေါက်တာစိန်ဖေကစ၍ မေးလေ၏။

"တိုင်တဲ့အကြောင်းအရာ– ဒေါက်တာလည်းသိပြီးသားမို့ ကျွန်တော်တို့ ပွင့်ပွင့်လင်းလင်းပဲ မေးကြစို့။ ဒေါက်တာ ဦးမြမောင်ကေ့(စ်)မှာ ဘာဖြစ်လို့ ဆာဂျင်အဖြစ် မဝင်လိုက်တာလဲ"

"Case က P.U perforation ပါ ဆရာ။ ဒါက ဆရာဝန်တစ်ယောက် တည်းရှိပြီး၊ သိရေတာရှိတဲ့ တိုက်နယ်အဆင့်မှာတောင် မလုပ်မဖြစ်လုပ်ရတယ်။ လုပ်လည်းလုပ်နိုင်တဲ့ အရေးပေါ်လေးတစ်ခုဆိုတာ ဆရာတို့လည်း သိပြီးသားပါ။ ကျွန်မဘာ့ကြောင့်ဆာဂျင်အဖြစ် မဝင်ခဲ့သလဲဆိုတော့ ဝင်ဖို့ မလိုအပ်လို့ပါဘဲ"

"မလိုအပ်ရင် အကူအဖြစ်တော့ ဒေါက်တာဘာ့ကြောင့် ဝင်ခဲ့ပါသလဲ"

"ပေးရှင့် အခြေအနေက မကောင်းတော့ ခွဲပါလို့ဆုံးဖြတ်ပေးခဲ့တာက ကျွန်မပါ။ ကျွန်မက ခွဲစိတ်ခိုင်းခဲ့ပြီး၊ ခွဲစိတ်တဲ့အဖွဲ့ကို ပစ်မထားခဲ့ချင်လို့ ပေးရှင့်ကိုရော ခွဲစိတ်တဲ့အဖွဲ့ကိုပါ အားပေးကူညီတဲ့ အနေနဲ့သာ ဝင်ခဲ့တာဖြစ်ပါတယ်"

ဒေါက်တာလွန်းတင်က ဖြည်းဖြည်းစဉ်းစား၍ ဒေါ်ခင်ဦးနွယ်၏အဖြေများကို စာစီပေးနေခဲ့သည်။ ဒေါက်တာ ဉာဏ်ကျော်လွင်က စဉ်းစဉ်းစားစားဝင်ပြောခဲ့သည်။



"တိုင်စာထဲမှာ ပေးရှင့်အခြေအနေ အရေးကြီးပါလျက် ဆာဂျင်ကိုယ်တိုင် မခွဲခဲ့လို့ ပေးရှင့်သေဆုံးရတယ်ဆိုတဲ့သဘောပါနေပါတယ်။ ဒေါက်တာ ဘယ်လို သဘောရပါသလဲ"

"ဆေးရုံရဲ့ သဘောသဘာဝကို နားမလည်လို့ ဖြစ်ရတဲ့ ပြဿနာပါ ဆရာ။ လူနာရှင်လိုချင်တာက ကျွန်မကို ဦးဆောင်ခွဲစေချင်တာဆိုရင် လူနာရှင်ရဲ့ ဆန္ဒက ပြည့်ခဲ့ပြီးသားပါပဲ။ ဆာဂျင်တစ်ယောက်က ဆာဂျင်အဖြစ် မဝင်ဘဲ လက်ထောက်ခွဲစိတ်ကုသူအဖြစ် ဝင်ဦးတော့၊ ခွဲစိတ်တဲ့နေရာ၊ အခက်အခဲဖြေရှင်းတဲ့နေရာမှာ ဆာဂျင်ကသာဦးဆောင်မြဲဖြစ်တာဆရာတို့ အသိပါ။ ကျွန်မတို့ ဟောက်(စ်)ဆာဂျင်ဘဝမှာ ကိုယ့်ကိုဆာဂျင်နေရာ၊ ကိုယ့်ဆရာကြီးတွေက ကူတဲ့နေရာဝင်ကြတယ်။ တကယ်တော့ သင်ပြပေးရင်း ဦးဆောင်သွားတာက အကူနေရာယူထားတဲ့ ဆရာကြီးတွေသာပါပဲ။ ဒီလိုနည်းနဲ့ ကျွန်မတို့ Training ယူခဲ့၊ ပေးခဲ့ကြပါတယ်။ ဦးသက်ဇော်နိုင်၊ မရောက်ခင်၊ ဦးမောင်မောင်အေး၊ ဒေါ်ကြူကြူတို့ကိုလည်း ဒီအတိုင်းလေ့ကျင့်ပေးခဲ့တာပါပဲ။ ခွဲစိတ်ခန်းထဲမှာ ဒါက ပြဿနာမဟုတ်ပေမယ့် အပြင်လူတွေအဖို့တော့ တစ်မျိုးဖြစ်နေမှာ ထင်ပါတယ်"

"ဒေါက်တာ ပြောတာတော့ ဟုတ်ပါပြီ၊ ဒါပေမယ့် ဒါကို ဘယ်လိုစာစီပေးရပါ့"

ဒေါက်တာလွန်းတင် စဉ်းစားနေစဉ်၊ ဒေါ်ခင်ဦးနွယ်က

"ကျွန်မ ပြောကြည့်ပါ့မယ် ဆရာ

ဆေးရုံရဲ့ လုပ်ငန်းသဘော၊ သဘာဝအရ ခွဲစိတ်ကုဆရာဝန်မှာ ကိုယ်တိုင် ခွဲသည်ဖြစ်စေ၊ ကူသည်ဖြစ်စေ၊ ခွဲစိတ်မှုမှာခွဲစိတ်အထူးကုဆရာဝန်၏ ညွှန်ကြားမှုအောက်တွင်သာ ဆောင်ရွက်ရပါသည်။ လူနာဦးမြမောင်ကို ခွဲစိတ်ရာတွင် ခွဲစိတ်ကုဆရာဝန်ကိုယ်တိုင် ဦးဆောင်ခွဲခြင်းနှင့် ခွဲစိတ်ကုဆရာဝန်က အကူဆရာဝန်အဖြစ် ခွဲစိတ်ခြင်းတွင် အကျိုးရလဒ်မှာ အတူတူသာ ဖြစ်ပါသည်။ ခွဲစိတ်ကုဆရာဝန်ကိုယ်တိုင် မခွဲစိတ်ခဲ့၍ လူနာသေဆုံးရသည် ဆိုသည်မှာ မဟုတ်မှန်ပါ။ အဲဒီလိုရေးရင် ပြည့်စုံပါသလား ဆရာ"

သူမ သည်အဖြေကို ကြိုတင် စာစီထားလေရော့သလား ထင်ရအောင်း စကားပြောချောမွေ့လှလေ၏။ ဒေါက်တာလွန်းတင် သဘောတူသည်။

www.burmeseclassic.com



"ကောင်းပါတယ်။ ဒွေးလွင်ဦး အဲဒီအတိုင်းရိုက်ကွာ။ ဒေါက်တာပြန်ပြော ပေးပါဦး"

ဒွေးလွင်ဦးက ဒေါ်ခင်ဦးနွယ် ပြောသည်ကို ရိုက်ယူလေ၏။

" Chart ထဲမှာတော့ ကျွန်တော်တို့ တွေ့ပါတယ်။ ဒါပေမယ့် ဦးမြမောင် သေဆုံးရတဲ့ အကြောင်းရင်းကို ပြောပြပါဦး"

"ဦးမြမောင်က ကျွန်မတို့ဆီကို ရောက်တော့ အစာအိမ်ပေါက်ပြီးလို့ (၄) ရက်ရှိနေပါပြီ။ Septicaemia ကြောင့် Renal Failure ဝင်ပြီး သေဆုံးရတာ ဖြစ်ပါတယ်။ တကယ်တော့ Renal Failure တင်မကပါဘူး။ Heart Failure ပါဝင်လာခဲ့ပါတယ်။ Septicaemia ရဲ့ အကျိုးဆက်တွေပါပဲ"

ပြောပြီးသည်နှင့် ခင်ဦးနွယ်က

"ကျွန်မ ရိုက်လို့လွယ်အောင် ပြန်ပြောပါမယ်။ ဦးမြမောင်မှာ ဆေးရုံသို့ လေးရက်နောက်ကျပြီး ရောက်ရှိလာသူဖြစ်ပါသည်။ ဆေးရုံရောက်စဉ်မှာ ပိုးဆိပ် ဝင်နေပြီး၊ ခွဲစိတ်ကုသပြီး သုံးရက်မြောက်တွင် ပိုးဆိပ်ပျံ့နှံ့ခြင်း၏ အကျိုးဆက်အဖြစ် ကျောက်ကပ် ချို့ယွင်းပျက်စီးခဲ့သောကြောင့် သေဆုံးခြင်းဖြစ်ပါသည်"

ဒေါက်တာစိန်ဖေမှာ ဒေါ်ခင်ဦးနွယ်ကို သဘောကျနေမိလေ၏။ မိန်းကလေးမှာ ချောမောသလောက် ထက်မြက်လေသည်။

"ဦးမြမောင်မှာ ခွဲစိတ်ကုသခြင်းကြောင့် သေဆုံးခဲ့ခြင်းဖြစ်ပါသလား"

"မဟုတ်ပါ။ ခွဲစိတ်ပြီး သုံးရက်မြောက်တွင်မှ မခွဲစိတ်ခင်ကဝင်ခဲ့ပြီးသော ပိုးဆိပ်ရောဂါ၏ နောက်ဆက်တွဲဝေဒနာကြောင့် သေဆုံးခြင်းဖြစ်ပါသည်"

သက်သေများ ပြောကြားသမှုကို ဆိုလိုရင်းမပျက်အောင် လက်နှိပ်စက် ရိုက်ဖို့ စာစီပေးရသော ဒေါက်တာလွန်းမောင်မှာလည်း အလုပ်သက်သာရရနေ၍ ခင်ဦးနွယ်ကို ပြုံးနေမိလေ၏။

"ဆရာဦးသက်ဖော်နိုင်အနေနဲ့ ခွဲစိတ်မှုအတော်များများ ပြုလုပ်ခဲ့တာ တွေ့ရှိရပါတယ်။ ခွဲစိတ်မှုများ ပြုလုပ်ခြင်းနဲ့ ပတ်သက်လို့ ဒေါက်တာက လက်ထောက် ဆရာဝန်များကို ဘယ်လိုတာဝန်ခွဲဝေပေးခဲ့ပါသလဲ"

သည်အမေးကို ဒေါက်တာစိန်ဖေက သတိဖြင့်မေးခြင်း ဖြစ်လေ၏။ သည်အမေးကို တိုင်ကြားစာထဲမှာ 'အားပေးအားမြှောက်' ကိစ္စကို ပေါ်လွင်စေလိမ့်မည်။ သူမက တရိုက်လို့ရအောင် တစ်ခါတည်းအဖြေပေးခဲ့သည်။ ဒီနည်းငယ်မျှ



ပင် တုံ့ဆိုင်းခြင်းမရှိ။

"အရေးပေါ်ခွဲစိတ်မှုများကို (၂၄)နာရီ တာဝန်ကျတဲ့ A.S ကို အခွင့်ပေး ခွဲစိတ်စေခဲ့ပါတယ်။ အကယ်၍ ကျွတ်ဆရာဝန်မှ အကူအညီတောင်းခံပါက ကျွန်မ ကိုယ်တိုင် သို့မဟုတ် ခွဲစိတ်ကုသဆောင်ရှိ A.S မှ ခွဲစိတ်ပေးပါတယ်။ အရေးပေါ် ဖြစ်စေ၊ ပုံမှန်ဖြစ်စေ၊ ခွဲစိတ်မှုတိုင်းအတွက် A.S မှ တာဝန်ရှိတဲ့ဆောင်နဲ့ T.M.O ကိုအကြောင်းကြားစေပါတယ်။ ဆောင်နဲ့ T.M.O ရဲ့ ခွင့်ပြုချက်အရသာ ခွဲစိတ်မှု များကို ပြုလုပ်စေခဲ့ခြင်း ဖြစ်ပါတယ်"

"ယခုတိုင်စာနဲ့ ပတ်သက်လို့ ဒေါက်တာမှာ တာဝန်ရှိပါသလား"

"မရှိပါ။ ဆေးရုံလုပ်ငန်းသဘော သဘာဝကို ကောင်းစွာသဘောမပေါက်တဲ့အလျောက် အထင်အမြင်မှားယွင်းခြင်းသာ ဖြစ်ပါတယ်"

"ဒေါက်တာ့အနေနဲ့ ဘာများပြောစရာရှိပါသေးလဲ"

"မရှိပါ"

စာရေးလေးက ထို 'မရှိပါ' အထိ ရိုက်ပြီးသွားသောအခါ စာရွက်များကို အတည်ပြုလက်မှတ်ရေးထိုးဖို့ ဒေါက်တာခင်ဦးနွယ်သို့ လှမ်းပေးခဲ့လေသည်။

ဆရာများ စိတ်သက်သာရပေါ့ပါးသွားသလို သက်သောင့်သက်သာဖြင့် ထိုင်လိုက်ကြလေ၏။ အလုပ်သဘောမဟုတ်သော စကားများကို ပြောဖြစ်ကြလေ၏။

"ကျွန်တော်တော့ ဒီပေးရှင့်က မြို့ပေါ်မှာနေပြီး ဒီလောက်နောက်ကျမှ ရောက်လာတာ အံ့ဩနေမိတယ်။ ဆေးရုံမလာခင် ဘယ်ဆရာဝန်မှ မပြခဲ့ဘူးဘာ တဲ့လား"

ဒေါ်ခင်ဦးနွယ် ငြိမ်သွားခဲ့လေ၏။ စာရွက်များပေါ် လက်မှတ်ထိုးပြီးမှ ခေါင်းမော့ကာ မေးလိုက်သူ ဒေါက်တာဉာဏ်ကျော်လွင်ကို ကြည့်လေ၏။ ပြီးလျှက်

"မပြခဲ့ဘူး ထင်ပါတယ်။ ကျွန်မလည်း သေချာမမှတ်မိတော့ပါဘူး"

ပြေလေ၏။ ဒေါ်ခင်ဦးနွယ် နောက်ဆုံးမှတ်ဆက်သလို ဆရာအားလုံးကိုကြည့်လျှက်။

"ကျွန်မ သွားနိုင်ပါပြီလား"

ဒေါက်တာလွန်းတင်က ပြုံးလျှက်ဖြင့်

"တစ်ခုတော့ သိချင်ပါသေးတယ်။ ကျွန်တော်သိချင်တာ သင့်ဆေးပါ လေ။ အခုဒေါက်တာမှာဖြစ်ခဲ့တာ နေရာပြဿနာလေးပါပဲ။ ယေဘုယျအားဖြင့် ဦးဆောင်တဲ့ဆောင်က လူနာရဲ့ ညာဘက်၊ အကူဆရာဝန်က လူနာရဲ့ဘယ်ဘက်

www.burmeseclassic.com

www.burmeseclassic.com



မှာ နေပြီး ခွဲစိတ်ကြတာမှာ နေရာ ပြဿနာလေး ဖြစ်သွားတာပဲဗျ။ ကျွန်တော်တို့ကတော့ သိကြတာပေါ့ဗျာ။ ဆရာဝန်တစ်ယောက်လုံး ခွဲစိတ်တဲ့အဖွဲ့ထဲပါနေမှတော့ သူဘယ်နေရာနေနေ၊ သူညြဖာပဲဆိုတာ အပြင်လူကတော့ ဒါတွေ ဘယ်သိမလဲ။ ကျွန်တော်မေးချင်တာ အခုလိုပြဿနာတွေ ဖြစ်လာတော့ နေရာရွေ့မှားခဲ့တယ်လို့ ဒေါက်တာ နောင်တမရမိခဲ့ဘူးလား''

ဒေါ်ခင်ဦးနွယ်သို့ မေးခဲ့လေ၏။

''ညီအစ်ကိုတွေလို သဘောနဲ့ မေးတာပါနော်။ ဖြေချင်မှလည်းဖြေပါ၊ မှတ်တမ်းဝင်မယ့် အမေးလည်း မဟုတ်ပါဘူး''

သည်တစ်ကြိမ် ဒေါ်ခင်ဦးနွယ် ချက်ချင်းအဖြေမပေးခဲ့။ မှတ်ခမ်းအတွင်းသားလေးကို မသိမသာကိုက်လို့ ခဏစဉ်းစားပြီးမှ ခေါင်းမော်လျက်

''နေရာရွှေ့မှားတယ်လို့ ခုထိလည်း မထင်သေးပါဘူး ဆရာ။ ဆရာ့နေရာမှာ ဝင်ခဲ့တဲ့ ဦးသက်ဇော်နိုင်က စိတ်ချရတဲ့ A.S တစ်ယောက်ပါ''

ဆရာများက ခေါင်းညိတ်လိုက်ကြစဉ် သူမက စကားဆက်ခဲ့သည်။

''ကျွန်မ မှားတာရှိတယ်ဆိုရင်တော့ အဲဒီအမှားက အသက်ရှင်ဖို့ ရာနှုန်းတော်တော်လေး နည်းပါးတဲ့သူတစ်ယောက်ကို ခွဲစိတ်ကုသဖို့ ဆုံးဖြတ်လိုက်မိတဲ့ အမှားပါပဲ။ ဒီလို ကျွန်မ အဆုံးအဖြတ်ပေးခဲ့တဲ့အတွက် ကျွန်မအပါအဝင် အတူ ခွဲစိတ်ခဲ့တဲ့ လုပ်အားတွေ၊ ခွဲစိတ်မှုမှာ သုံးလိုက်ရတဲ့ လက်အိတ်က အစ၊ အပ်ချည်က အစ၊ လူတစ်ယောက်စာ အကြီးစားခွဲစိတ်မှုတစ်ခုအတွက် သုံးခဲ့ရတဲ့ ဝန်ဆောင်မှုတွေ၊ စရိတ်စကတွေ အားလုံးဆုံးရှုံးခဲ့ရတယ်။ အကျိုးရလဒ်ကတော့ တိုင်စာတစ်စောင်ပါပဲ။ ဖြေရတော့ ရှိပါတယ်လေ။ ဒီလို ခွဲစိတ်ကုသခဲ့တဲ့အတွက် ဦးမြမောင်က နောက်ထပ်နှစ်ရက်လောက် လောကကြီးထဲမှာ ဆက်နေနိုင်သွားခဲ့တာ ဖြစ်နိုင်ပါတယ်။ ဝန်ဆောင်မှုတွေကို ထည့်မစဉ်းစားဘဲ ကျွန်မ တစ်ယောက်တည်းအတွက်တော့ လူ့အသက်နှစ်ရက်နဲ့ တိုင်စာတစ်စောင်ဆိုရင် ကျွန်မ တိုင်စာကိုပဲရွေးလိုက်ပါမယ်။ တိုင်ပါစေ''

သူတို့ သူမကိုအံ့အားသင့်စွာ ငေးကြည့်နေမိခဲ့ကြသည်။

သူမက သိမ်မွေ့နူးညံ့စွာပြုံးလျက်

''လက်နှိပ်စက် ရိုက်ရလွယ်အောင် စာစီပေးရပါဦးမလား ဆရာ''

အသာအယာ ရွှန်းဖြတ်လိုက်လေသည်။

□



ဒေါ်ခင်ဦးနွယ်ကို စစ်မေးပြီးသောအခါ ဦးသက်ဇော်နိုင်ကို ဆက်၍ခေါ်လေသည်။ ရုံးခန်းစကြံ့တွင် သူတို့နှစ်ဦး ဆုံမိကြ၏။ ဒေါ်ခင်ဦးနွယ်က နှုတ်သိမ့်အားပေးပြုံးဖြင့်

''ဂွတ်လပ်(ခ်) သက်ဇော်နိုင်''

တိုးတိုး ဆုတောင်းပေးလေ၏။

□

''လာ ထိုင်ပါဆရာ''

ဦးသက်ဇော်နိုင်ကို ဒေါက်တာဉာဏ်ကျော်လွင်က လှမ်းကြိုလိုက်ကာ ထိုင်ခုံကိုဝင်ထိုင်နိုင်ဖို့ ခွဲပေးခဲ့လေ၏။ သူနှင့် ဦးသက်ဇော်နိုင်တို့မှာ အသက်အရွယ်ချင်းကွာလှချင် နှစ်နှစ်၊ သုံးနှစ်ဖြစ်မည်။ မမျှော်လင့်သော တိုင်စာတစ်စောင်ကြောင့် စစ်ဆေးမေးမြန်းခံရသော ဘဝတူဆရာဝန်တစ်ဦးကို ဒေါက်တာဉာဏ်ကျော်လွင်က စာနာနေမိသည်။ ဒေါက်တာစိန်မောကလည်း အကဲခတ်နေသည်။ ဦးသက်ဇော်နိုင်မှာ ဒီနေ့ဆေးရုံကာက်မှ စစ်ဆေးခံခဲ့သူများတွင် တစ်ယောက်တည်းသော အမျိုးသားဖြစ်ကာ အဓိကတိုင်ကြားခံရသူလည်းဖြစ်၏။ လူရွယ်မှာ အရပ်မြင့်မြင့်၊ ကိုယ်နေဟန်ထွားထွားတွင် ဆံပင်ကို နောက်တက်မှာ တိုတိုညှပ်ထားခဲ့သည်။ လည်ကတုံးရှပ်လက်တိုအဖြူနှင့် ပိုးတွဲနက်ပြာ၊ အဖြူကွက်ကို ညှပ်မှန်စွာ ဝတ်ဆင်ထားခဲ့သည်။ သူ့မျက်လုံးအကြည့်က ရူးရူတောက်ပသော်လည်း ရိုးသားဟန်တော့ရှိလေ၏။ နိုင်ခဲ့သောမေးရိုးများကတော့ ဆုံးဖြတ်ချက်ခိုင်မာမည့်ပုံ ထင်လေ၏။ ဒေါက်တာလွန်းတင်ကမူ တစ်မျိုးစဉ်စားနေမိသည်။ ဒေါက်တာခင်ဦးနွယ်က ဦးသက်ဇော်နိုင်ကိုလည်း သူမ၏ယခင် A.S များကဲ့သို့ပင် လေ့ကျင့်သင်ကြားပေးခဲ့သည်ဆိုသွားခဲ့သည်။ သူ့အမြင်တော့ သူတို့နှစ်ယောက်မှာ ဆရာတပည့်အသွင်မဟုတ်တဲ့ သူငယ်ချင်းများအသွင်သာ မြင်နေမိလေ၏။ ပွင့်တူ၊ ရွက်တူ။

''သက်သာသလိုသာ လွတ်လွတ်လပ်လပ်နေပါဆရာ။ စီးကရက်သောက်ချင်ရင်လည်း သောက်ပါ။ ဖြည်းဖြည်း စကားပြောကြတာပေါ့''

''ကျွန်တော် မသောက်တတ်ပါဘူး ဆရာ''

ဒေါက်တာဉာဏ်ကျော်လွင်ကလွဲ၍ ကျန်ဆရာကြီးနှစ်ဦးက စီးကရက်မီးညှိကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ခေတ်မီတဲ့ လူငယ်တွေကတော့ မသောက်ကြတော့ဘူးပေါ့ဗျာ။ ခေတ်မမီတဲ့ အဘိုးကြီးတွေကတော့ သောက်ဦးမယ်"

ဒေါက်တာလှွန်းတင်က ရယ်မောဆိုလေ၏။ ဦးစိန်ဖေက အလုပ်စကားစသည်။

"အေးဗျာ ဆရာကတော့ နားလည်မှုရှိပြီးသား ထင်ပါတယ်။ ကျွန်တော်တို့လည်း တာဝန်အရ မေးမြန်းရတာပါ"

"ရပါတယ် ဆရာ။ ဆရာတို့ ဝတ္တရားရှိသလိုသာ ဆောင်ရွက်ပါ"

"ထုံးစံအတိုင်း ဆရာ့ကိုယ်အိုက်ချစ်ဗီလေး"

လက်နှိပ်စက်က

"တိုင်ကြားခံရသူ ဒေါက်တာသက်ဇော်နိုင်အား စစ်ဆေးမေးမြန်းချက်"

ခေါင်းစီးစရိုက်ကာ၊ အသင့်စောင့်နေပေ၏။

အမည် - သက်ဇော်နိုင်

အသက် - ၃၁ နှစ်

ရာထူး - လက်ထောက်ဆရာဝန်

လုပ်သက် - ၄ နှစ်

မြေလတ်ဆေးရုံ ရောက်ရှိတာဝန် ထမ်းဆောင်သော

ကာလ - ၁ နှစ်၊ ၆ လ။

"ဆရာက ဦးမြမောင်ကို ဦးဆောင်ခွဲစိတ်ခဲ့တဲ့ဆရာဝန်ဆိုတော့ အဲဒီညက အဖြစ်အပျက်ကို ပြောပြပါဦး"

အဖြစ်အပျက်အတိုချုပ်ကို သက်ဇော်နိုင်က ပြောပြခဲ့ပေ၏။ ဆရာများ အဖြစ်အပျက်ကို အကြိမ်ကြိမ်ကြားရပြီး ဖြစ်သော်လည်း တိုင်ကြားခံရသူ၏ ကိုယ်တိုင်ထွက်ချက်မှာ အရေးကြီးပေ၍ သူတို့နားစိုက်စွာ ကြားနာကြသည်။ လက်နှိပ်စက်ကလိုက်ရိုက်နေမှန်း သိသောအခါ သက်ဇော်နိုင်စကားကို ဖြည်းဖြည်းချင်း ပြောသွားခဲ့လေ၏။

"အဲဒီညက ကျွန်တော့် ဂျူတီ ဖြစ်ပါတယ်။ လူနာဦးမြမောင် ရောက်လာတော့ ကျွန်တော်လက်ခံယူပြီး စစ်ဆေးပါတယ်။ P.U Perforation ဖြစ်ပြီးလာတာ နောက်ကျတဲ့အတွက် လူနာက toxic ဖြစ်နေခဲ့ပါတယ်။ အရေးပေါ်လိုအပ်တဲ့ ကုသမှု ပေးပြီးတဲ့အခါ ဆာဂျင်ဆီကို ကျွန်တော်ကိုယ်တိုင် သွားအကြောင်းကြားခဲ့ပါတယ်။ ဆာဂျင်ကလိုက်လာ ကြည့်ပါတယ်။ ကျွန်တော်တို့ ခွဲစိတ်ဖို့ဆုံးဖြတ်ပြီး



လူနာဦးမြ မောင်ရဲ့ညီ ဦးလှဖေကို အခြေအနေရှင်းပြပါတယ်။ ရှင်းပြပြီးတဲ့အခါ ခွဲစိတ်ဖို့ သဘောတူတဲ့အတွက် သဘောတူကြောင်းကို ကျွန်တော်နဲ့ ဆာဂျင်ရှေ့မှာ ဦးလှဖေက လူနာရှင်အဖြစ် လက်မှတ်ထိုးခဲ့ပါတယ်။ ခွဲစိတ်တဲ့အခါ ကျွန်တော်က ဦးဆောင်ခွဲခဲ့ပြီး မမနွယ် (ဒေါ်ခင်ဦးနွယ်)က Assistant အဖြစ် ကူခဲ့ပါတယ်။ ခွဲစိတ်စဉ်က အခက်အခဲ မရှိခဲ့ပါ။ P.U Perforation ကို Suturing and Omentoplasty လုပ်ခဲ့ပါတယ်။ ပေးရှင့်က ခွဲစိတ်ပြီးသုံးရက်မြောက်နေ့မှာ ဆုံးသွားခဲ့ပါတယ်။ ဆုံးတာကတော့ Septicaemia with Renal Failure နဲ့ပါ"

"ဆရာ လူနာရှင်ကို ရှင်းပြတဲ့အခါမှာ ရောဂါရဲ့သဘောသဘာဝကိုပဲ ရှင်းပြတာလား။ လူနာအခြေအနေရော ပြောပြပါသေးလား"

Dr. လှွန်းတင်က မေးခဲ့လေ၏။ Dr. သက်ဇော်နိုင်က စဉ်းစားနေခဲ့၍ Dr. စိန်ဖေက မေးခွန်းကို ပြန်ရှင်းလင်း ပြောပြခဲ့သည်။

"ဦးမြမောင်က အတော်အိမ်ပေါက်နေတယ်။ မဖြစ်မနေပြန်ချုပ်ဖို့ လိုတယ်။ အဲဒီလို ရှင်းသလား။ လူနာအခြေအနေကိုရော ရှင်းပြသေးလားလို့ မေးတာပါ"

"နှစ်ဖက်စလုံးက ရှင်းပြခဲ့ပါတယ်။ လူနာအခြေအနေက စိုးရိမ်စရာရှိတယ်။ ဒါပေမယ့် မခွဲစိတ်ခဲ့ရင် လူနာမုချသေဆုံးမယ်။ ခွဲစိတ်ခဲ့ရင်တော့ ရှင်နိုင်ခြေနည်းပေမယ့် မျှော်လင့်နိုင်တယ်ဆိုတာ ရှင်းပြခဲ့ပါတယ်"

"ဒီအချိန်မှာ လူနာက သတိရှိနေပါသလား။ သူ့သဘောထားရော ဘယ်လိုရှိပါသလဲ"

Dr. ဉာဏ်ကျော်လွင်ရဲ့ အမေးက Dr. သက်ဇော်နိုင်ကို ထိနိုက်သွားစေဟန်ရှိလေသည်။

"သူကတော့ မခွဲချင်ဘူးဗျာ။ ဆေးရုံဆေးခန်းလည်း ကြောက်ရှာတဲ့အဘိုးကြီးတစ်ယောက်ပါပဲ"

ဟုရှိုးသားစွာပြောလေ၏။ Dr. စိန်ဖေက

"လူနာချုတ်ပေါ်မှာ လူနာရှင် ကိုယ်တိုင်ခွဲစိတ်ဖို့ သဘောတူလက်မှတ်ထိုးထားတာလည်း ကျွန်တော်တို့ တွေ့ပါတယ်။ လူကြီးဆိုတာကတော့ ခွဲစိတ်ဖို့ကိစ္စဆို ကြောက်မှာပေါ့လေ"

စိတ်မကောင်းဖြစ်သွားသော လူငယ်သို့ နှစ်သိမ့်ခဲ့လေ၏။ ဂိုက်ကားများမှာတော့ မှတ်တမ်းတင်စရာမလိုသော စကားများသာဖြစ်တာသိရှိ၍ ဒေါ်လှွင်ဦးက

www.burmeseclassic.com



တော်တော်မရိုက်ခဲ့တော့ပေ။

Dr.လွန်းတင်က ဆက်လက်၍ မေးခဲ့လေ၏။

"ဆရာကျင် ဒေါက်တာခင်ဦးနွယ်ကိုယ်တိုင်မခွဲခဲ့တဲ့အတွက် လူနာသေဆုံးခြင်းနဲ့ပတ်သက်ပြီး ထင်မြင်ယူဆချက်မျိုးရှိမယ်ဆိုရင် ဆရာ ဘယ်လိုဖြေရှင်းလိုပါသလဲ"

"လူနာက ခွဲစိတ်ကုသခဲ့တဲ့အတွက် သေဆုံးခြင်းမဟုတ်ပါဘူး။ ခွဲစိတ်ကုသခြင်းနဲ့ မဆိုင်တဲ့ ရောဂါဖြစ်ပွဲတစ်ခုကြောင့်သာ သေဆုံးရတာဖြစ်ပါတယ်"

Dr. စိန်ဖေက သတိထား၍ မေးခွန်းများကို စလေ၏။ ယခုမေးခွန်းများမှာ တိုင်ကြားစာကို အခြေတည်သော အမေးများဖြစ်လေသည်။

"ဆရာက Surgery ဘွဲ့လွန်တက်ဖို့အတွက် Training ယူနေတယ်ဆိုတာ မှန်ပါသလား"

"မှန်ပါတယ်"

"ဘယ်လို ထရိန်နင် ယူခဲ့ပါသလဲ"

"ကျွန်တော် ဆရာကျင်ရဲ့ ညွှန်ကြားမှုအောက်မှာပဲ လူနာများထံက ခွင့်ပြုချက်ရယူပြီးမှ ခွဲစိတ်မှုများကို ပြုလုပ်ခဲ့ပါတယ်။ အရေးပေါ်ခွဲစိတ်မှုတိုင်းကို T.M.O ရဲ့ ဆရာကျင်ကိုအကြောင်းကြား ခွင့်ပြုချက်ရယူပြီး ပြုလုပ်ခဲ့ပါတယ်။ ခွဲစိတ်ရက်မှာ ခွဲစိတ်မယ့်လူနာစာရင်းကို ဆရာကျင်က စိစစ်အတည်ပြုပြီး T.M.O နဲ့ ခွဲစိတ်ခန်းတာဝန်ခံကို ကြိုတင်ပို့ပြီးမှ လုပ်ခဲ့ပါတယ်"

"ဆရာသဘောနဲ့ ဆရာ လူနာတွေကိုတင်ပြီး အစမ်းသပ်ခံတွေအဖြစ် ခွဲခဲ့တာမျိုး ရှိခဲ့ပါသလား"

"မရှိခဲ့ပါ"

ဒေါက်တာလွန်းတင်က သေချာအောင် မေးခွန်းတစ်ခုကို ထပ်မေးလေ၏။

"ဆရာအနေနဲ့ ဆရာကျင်ပါဝင်ခွဲစိတ်ဖို့ မလိုအပ်ဘူးယူဆခဲ့ရင် ဘာကြောင့် ဆရာကျင်ဒေါ်ခင်ဦးနွယ်ကို ကိုယ်တိုင်သွားခေါ်ခဲ့တာပါလဲ"

ဒေါက်တာသက်ဇော်နိုင်က တုံ့ဆိုင်းခြင်းမရှိခဲ့။ အဖြေပေးခဲ့လေ၏။

"ဆရာကျင်ကို ကျွန်တော်သွားခေါ်ခဲ့တာက ပေးရှင့်ကိုခွဲစိတ်ဖို့ သင့်မသင့် မျက်မြင်ဆုံးဖြတ်ပေးဖို့ အကူအညီတောင်းခဲ့တာသာ ဖြစ်ပါတယ်"

ဒေါက်တာစိန်ဖေက နောက်ဆုံးမေးခွန်းကို မေးခဲ့သည်။

"ဦးမြမောင်သေဆုံးရတဲ့ ကိစ္စမှာ ဆရာ့မှာတာဝန်ရှိပါသလား"



"ကျွန်တော်တို့ ဦးမြမောင်ကို အကောင်းဆုံးဖြစ်အောင် ကြိုးစားကုသပေးခဲ့ပြီးတဲ့အတွက် ဦးမြမောင်သေဆုံးမှုနဲ့ ပတ်သက်လို့ ကျွန်တော့်မှာရော၊ ဆရာကျင်မှာပါ တာဝန်မရှိပါ"

"ဆရာ သီးခြားတာများပြောချင်ပါသေးသလဲ"

"လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက်ရှိပါတယ် ဆိုတာပဲ ပြောချင်ပါတယ်"

ထွက်ဆိုချက်များကို သက်ဇော်နိုင်က ပြန်ဖတ်စေခဲ့သည်။

ဆရာများ ဝန်ပေါ့ပါးသွားကြဟန်၊ စကားရယ်ရယ်မောမော ပြောမြိုက်ကြသည်။ အခါက တိုင်ကြားခံရသူနှစ်ဦးကို စစ်မေးပြီးစီး-ပွားခဲ့ပြီဖြစ်၍ သူတို့စိတ်လက်ပေါ့ပါးနေကြလေ၏။

ဒေါက်တာသက်ဇော်နိုင်က အတည်ပြုလက်မှတ်ရေးထိုးပေးနေစဉ် ဒေါက်တာဉာဏ်ကျော်လွင်က သူသိလိုနေသည်ကို မေးမိပြန်လေ၏။

"ဦးမြမောင်က ဒီမြို့ပေါ်မှာပဲနေတာ။ အရေးပေါ်ဖြစ်လာတဲ့ကိစ္စကို ဘယ်ဆရာဝန်နဲ့မှ မပြခဲ့တာ အံ့သြစရာပဲဗျာ"

ဒေါက်တာ သက်ဇော်နိုင် ခေါင်းငြိမ့်သက်သွားလျက်

"ဟုတ်ပါတယ် ဆရာ" ဟုသာ ဆိုလေ၏။ ဉာဏ်ကျော်လွင် မတင်မကျ အတွေးဖြင့် ကျန်ရစ်ရလေ၏။

"ကဲ ရပါပြီ။ ဆရာ နားပါတော့ဗျာ"

ဒေါက်တာသက်ဇော်နိုင်က ဆရာများကို နှုတ်ဆက်လျက် ထွက်သွားခဲ့လေ၏။ မှန်ရည်တဲ့ လူရွယ်ပဲ။ ဒေါက်တာစိန်ဖေက တွေးနေမိ၏။ မေးခွန်းအချို့မှာ တိုင်စာကို အခြေတည်၍မေးရသောကြောင့် စိတ်အခန့်မသင့်စရာတွေပါ၏။

'အစမ်းသပ်ခံများအဖြစ် လူနာကို ခွဲစိတ်ခဲ့ပါသလား" ဟူသော အမေးမျိုးကို လူရွယ်က စိတ်ဆတ်ခြင်းမရှိ၊ အသံမာခြင်းပင်မရှိ၊ အေးအေးဆေးတည်ငြိမ်စွာ ဖြေသွားခဲ့လေ၏။ ပန်းချီဆရာဒေါက်တာလွန်းတင်ကမူ 'ကျွန်တော့်မှာရော၊ ဆရာကျင်မှာပါ တာဝန်မရှိပါ' ဟု ပြောသွားသည်ကို သတိထားမိလျက်၊ ဒေါက်တာဉာဏ်ကျော်လွင်မှာတော့ တနှံ့နှံ့တွေးနေမိဆဲ ဖြစ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



တိုင်ကြားခံရသူနှစ်ဦးကို စစ်မေးပြီးခဲ့ပြီ။ ဝင်စစ် အတိုင်ကြားခံရသူကို နောက်ဆုံးတွင်မှ စစ်ဆေးမြဲပေ။ သက်သေများ၏ ထွက်ဆိုချက်အပေါ် မူတည်ကာ လိုအပ်သလို ပြောင်းလဲ စစ်ဆေးမေးမြန်းနိုင်ရန်ပေ။ ဒေါက်တာ မူယာတင်က စစ်ဆေးမည့်အချိန်တွင် မရှိခဲ့။ တိုင်ကြားခံရသူများကို အရင်ခေါ်ယူစစ်ဆေးလိုက်ရသည်။ သက်သေများ၏ ထွက်ဆိုချက်၊ တိုင်ကြားခံရသူနှစ်ဦး၏ ဖြေကြားချက်များဖြင့်ပင် အဖြစ်မှန်မှာ ပုံပေါ်လာခဲ့ပြီဖြစ်လေသည်။ နောက်ဆုံးသက်သေဖြစ်သော ဒေါက်တာမူယာတင်ကို စစ်ဆေးစရာပင် မလိုတော့ချေ။ သို့သော် တရားတင်စာနိုင်ပြီးဖြစ်၍ ခေါ်ယူလိုက်ရတော့သည်။

ဒေါက်တာမူယာတင် အခန်းထဲသို့ ဝင်လာခဲ့သည်။ သူမက ပြုံးရွှင်ပျူငှာ ဆရာများသို့ နှုတ်ဆက်သည်။ နောက်ကျခဲ့သည့်အတွက် အားနာပြုံးပေလားဟု ဒေါက်တာစိန်မေက တွေးနေမိလေ၏။ သူမက သွေးနှောသကဲ့သို့ ဖြူလက်နေသော အသားအရေရှိလေ၏။ မျက်နှာအရေပါးကာအခြယ်အသဖြင့် ပန်းသွေးရောင်မှတ်နေခဲ့သည်။ မျက်ရစ်ငယ်သော မျက်ဝန်းကို ခေးကူကာ နှုတ်ခမ်းပါးလေးမှာ လိမ္မော်ရောင်ဆိုးဆေးတင်ထားခဲ့သည်။ ဆံပင်က ပခုံးပေါ်မှာ အလိပ်လိပ်အခွေခွေ ရှိလေသည်။ တန်ဖိုးကြီးမည်ဖြစ်သော ဇာအနားသတ် ဘလောက်(စ်) အင်္ကျီနှင့်လိမ္မော်ရောင်ချယ်ရီပွင့်တွေပါသော ကိုမိုနိုလုံချည်ကို ဝတ်ဆင်ထားခဲ့လေ၏။ ခေတ်မီမီ လှပလျက် သွက်လက်သူလည်း ဖြစ်လေသည်။

"မူယာ ကလင်းနစ် ခဏလေးသွားလိုက်တာ ပြန်ထွက်လို့မရတာနဲ့ နောက်ကျသွားပါတယ်။ ဆရာတို့ကို အားနာလိုက်တာ"

ဆရာတို့ အားလုံးသို့ပြုလို့ သူမနှုတ်ဆက်တောင်းပန်ခဲ့သည်။ ပျော့ပါးသော စကားများဖြင့် ဆရာများက စတင်ခဲ့လေသည်။

"ဒေါက်တာက ဂျိုးကောင်းတယ် ထင်ပါတယ်"

"သိပ်မဆိုးပါဘူး ဆရာ။ မြေလတ်ရဲ့ ပေါ်ပြူလေးရှင်း ဝမ်းသာခ်လောက်ကိုတော့ မူယာမြဲမိပါတယ်"

"ဟာ ဒါဆိုရင် မဆိုးတာဘယ်ဟုတ်မလဲဗျာ။ တစ်မြို့လုံးရဲ့ လူဦးရေ သုံးပုံတစ်ပုံလောက်ရထားတယ်ဆိုရင် ကောင်းတယ်ခေါ်မှာပေါ့"

မှတ်ချက်ပေးခဲ့သော ဒေါက်တာညာဏ်ကျော်လွင်သို့ ခေါ်မူယာက ပြုံးလဲ့စွာ

"ဆရာကလည်း မြေလတ်ဝန်းကျင်နယ်က ဝိုင်းကျယ်တာ။ မူယာက



မြို့ပေါ်တင် နာမည်ရတာပါ။ မူယာ့ထက်ပိုပြီး နှစ်သက်ကြာတဲ့ T.M.O နဲ့ ဆရာဝန် ကလင်းနစ်တွေကို ဘယ်မီပါ့မလဲ"

သူမက အသံရှုးရှုးလေးဖြင့် စကားပြောမြန်လှသည်။ ဒွေလွင်ဦးခေါင်း ကုတ်ရင်း လှမ်းကြည့်နေခဲ့လေ၏။ ဒေါက်တာစိန်မေက အလုပ်စခဲ့လေသည်။

"မေးစရာလည်း သိပ်များများမရှိတော့ပါဘူး ဒေါက်တာ"

ဒေါက်တာမူယာတင်က မျက်ခုံးလေးချီပင့်လိုက်လေ၏။

"ဩော် သူတို့က ပြောပြသွားကြပြီလား။ ဆရာတို့ သက်သေတွေတောင် ထပ်ခေါ်စစ်ရသေးတယ်နော်။ O.P.D က နာ့စ်တောင်ပါသေးတယ်ဆိုတော့ ကေ့(စ်) က တော်တော်များရှုပ်ထွေးလာလို့လား"

"မဟုတ်ပါဘူး။ အလုပ်သဘောတကျမှုတာအောင် ထပ်ခေါ်စစ်ဆေးတာပါ"

"ကောင်းပါတယ် ဆရာ။ မူယာလည်း ဖြေရမှာ စိတ်မကောင်းပါဘူး။ ဒါပေမယ့် မေးစရာရှိတာသာ မေးပါ။ မူယာကြိုးစားဖြေပါ့မယ်"

ဒေါက်တာလွှန်းတင်က ကိုယ်ရေးရာဇဝင်အကျဉ်းမေးခဲ့စဉ် လက်နှိပ်စက်က တစ်ချက်ချက် စ လှုပ်ရှားခဲ့လေ၏။

"သက်သေကို စစ်ဆေးမေးမြန်းချက်"

အမည် – ဒေါက်တာမူယာတင်
အသက် – ၃၃နှစ်
ရာထူး – လက်ထောက်ဆရာဝန်
လုပ်သက် – ၁ နှစ်၊ ၉ လ။
မြေလတ်ဆေးရုံ ရောက်ရှိတာဝန်ထမ်းဆောင်သော
ကာလ – ၁ နှစ်၊ ၉ လ

"မခွဲစိတ်မီ ပေးရှင်းဦးမြမောင်ရဲ့ အခြေအနေက ဘယ်လိုရှိပါသလဲ ဒေါက်တာ"

"မူယာမသိပါဘူး။ မူယာက အဲဒီနေ့က ခွဲစိတ်နေတဲ့အချိန်မှာမှ သီရိ တာထဲ ရောက်သွားခဲ့တာပါ"

ဒေါက်တာစိန်မေ မျက်ခုံးများမြင့်လိုက်မိလေ၏။

"ဒေါက်တာ မေ့ဆေးတာဝန် ယူပေးရပါသလား"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး။ အဲဒီနေ့က မူယာနေမကောင်းလို့ ကိုသက်ဇော်ဖြို ချော်ချင်းလဲထားကြပါတယ်"

"အင်မာကျင်စီရှိရင်ဖ် ရှိတဲ့အဖွဲ့တွေ သီရေတာထဲလာရတဲ့ ထုံးစံကအေ နယ်တော်တော်များများမှာ ရှိပါတယ်။ ဒေါက်တာ့ကိုလည်း အကြောင်းကြားလိုက်ရှိ ရောက်ခဲ့တယ် ထင်ပါတယ်"

ဒေါက်တာစိန်ဖေက သူ့တာသာ နားလည်ယူလိုက်ကာ မေးခွန်းဆက်ပြ လေ၏။

"ရောက်တဲ့အခါ၊ သီရေတာထဲမှာ တွေ့ရတဲ့ဦးမြမောင်ရဲ့ အခြေအနေ ပဲပြောပြပါ"

ဒေါက်တာမူယာတင်ခေါင်းခါယမ်းလေ၏။

"ဆေးရုံက လှမ်းခေါ်လိုက်တာလည်း မဟုတ်ပါဘူး။ မူယာ့အိမ်ကို ဦးမြ မောင်ရဲ့ အိမ်က ခွဲစိတ်နေပြီဆိုပြီး အားကိုးတကြီး လာခေါ်ကြလို့ မူယာဆေးရုံ လိုက်ခဲ့တာပါ။ ရောက်လာတော့ အော်ပရေးရှင်းတောင် ပြီးခါနီးနေပါပြီ။ သော ဝင်ပြောချိန်မရတော့ဘူး"

ဆရာများ အံ့အားသင့်စွာ ဒေါက်တာမူယာတင်ကို ကြည့်မိကြလေ၏။ မေးခွန်းများ ဆက်မမေးနိုင်ရှိနေဆဲ သူမက စကားဆက်ပြောခဲ့လေသည်။

"ဦးမြမောင်ရဲ့ အခြေအနေက ခွဲစိတ်ခါနီးမှာတော့ မူယာမတွေ့လိုက်ရ ပါဘူး။ ဒါပေမယ့် အဲဒီမတိုင်ခင်သုံးရက်မှာ မူယာတွေ့ခဲ့တာတော့ အခြေအနေ သိပ်ကောင်းနေခဲ့တာပဲ"

ဒေါက်တာညာဏ်ကျော်လွင် ကိုယ်ကိုဆတ်ခနဲဖြစ်ကာ၊ ဒေါ်မူယာအ လှမ်းမေးခဲ့လေ၏။

"ဒေါ်မူယာ ဦးမြမောင်ကို ဖြစ်တဲ့အချိန်မှာတွေ့ခဲ့တယ်လို့ ဆိုလိုတာ လား"

"ဟုတ်ပါတယ်။ ဦးမြမောင်က ၈ နာလာစမှာ လာပြပါတယ်။ မူယာ နောက်ရက်လာဖို့ပြောတာ သူက မလာတော့တာပါ။ ပယောဂကု ကုနေတယ်ဆို ပြော ပါတယ်။ ဒီအတွက်နဲ့ ဆာဂျင်ကတောင် မူယာ့ကို အထင်အမြင် လွဲခဲ့ပါသေး တယ်။ ပေးရှင့်ကို သူဆာဂျစ်ကယ်ဝဒ်မှာ ဆေးရုံမတင်ထားရကောင်းလား သီရေတာ့ထဲမှာ ပြောခဲ့ပါသေးတယ်။ ဒါကိုလည်း ဒေါ်ခင်ဦးနွယ်က ဆရာတို့ကို ပြောပြထားပြီးဖြစ်မှာပါ။ ဒါကတော့ လူနာရဲ့ရွေးချယ်မှုပဲ ဆရာ။ သူ ကုသမှုခံယူချင်တဲ့ ဆရာဝန်ကို ရွေးပြီးပြတာမှာ မူယာက ငြင်းလိုက်ရမှာလား။ မူယာကတော့ ပေးရှင့်လုပ်တဲ့ အလုပ်မျိုး ဝါသနာမပါဘူး ဆရာ"

ဆရာများ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိကြလေ၏။ ဒေါက် တာစိန်ဖေကတော့ ပွဲသိမ်းချိန်တန်ပြီဟု ခုံးဖြတ်လိုက်သည်။ သူတို့လာသည်က တစ်မှုကို ဖြေရှင်းပေးဖို့သာဖြစ်ပြီး နောက်တစ်မှုပေါ်ပေါက်အောင် ဝုံစမ်းစစ်ဆေးဖို့ မဟုတ်ပေ။ ဒေါက်တာညာဏ်ကျော်လွင်က မေးခွန်းတွေမေးဖို့ ပြင်ဆင်နေဆဲ။

"ကဲ ဒီလောက်ပါပဲ။ ဒွေးလွင်ဦးရေ စာရွက်တွေ ဆရာ့ကိုပေးဦး"

ထွက်ဆိုချက်များကို ဒွေးလွင်ဦးဘာယ်လိုရိုက်ထားသလဲ။ ဒေါက်တာစိန်ဖေ က ဦးစွာယူကြည့်လေ၏။ ဒေါက်တာစိန်ဖေပြုံးမိရသည်၊ ဒွေးလွင်ဦးကာပဲလျင်သလား။ သို့မဟုတ် ဒေါ်မူယာ့စကားတွေကို လိုက်မမီလို့ဘဲလားမသိ။ သူရိုက်ယူထားသည်များ က ပညာသားပါလှပေသည်။ မခွဲစိတ်မီ လူနာအခြေအနေ မေးခွန်းကို ဒေါ်မူယာ ၏ ပထမခုံးအဖြေ မသိပါဘူးကိုသာ ယူထားခဲ့ပေ၏။ နောက်အမေးများ၏ အဖြေမှာလည်း ထိုအတိုင်းပဲ ခပ်တိုတို၊ ဒေါ်မူယာတင် သဘောတူရပ်ဖြင့် ထိုအတိုင်း ပါထားတော့မည်။

"ဒေါက်တာ ဖတ်ကြည့်ပါဦး။ ဒေါက်တာသီးခြားပြောချင်တာရှိရင်လည်း ပြောပါ"

ဒေါ်မူယာတင်က ဖတ်ကြည့်ခဲ့သည်။ နှစ်နေရာ၊ သုံးနေရာခန့် ပြင်ဆင်စေ ၏။ ပြီးမှအတည်ပြုကြောင်း စာကြောင်းအောက်မှာ မူယာတင်ဟု လှပစွာ လက် မှတ်ထိုးလေ၏။

□

ည ခုနစ်နာရီတွင် ဦးအောင်မြင် ကားနှင့်အတူ မြေလတ်ဆေးရုံမှ ဒေါ်မူယာတင်မှအပ ကျန်ဆရာဝန်များက စစ်ဆေးရေးအဖွဲ့ တည်းခိုသော သံယာ ဆောင်သို့ ရောက်လာခဲ့ကြသည်။

"ဟော ဆရာတို့ လူစုံတက်စုံပါလား"

ဆရာများမှာ ညနေက မြေလတ်မြို့ထဲမှာ လည်ပတ်ခဲ့ကြသည်။ ဘုရား များ ဖူးကြသည်။ ဦးအောင်မြင်၏လက်စွဲ ကျန်းမာရေးမှူးလေးတစ်ဦးက လိုက်ပို့ ပေးခဲ့ပေ၏။ ညနေစာကို နော်အေးမီအမှူးပြုသော ဆရာမများက လာပြင်ဆင်

www.burmeseclassic.com

www.burmeseclassic.com

ကျွေးကြသည်။ ဆရာမများပြန်သွားတော့ ထိုထမင်းစား စားပွဲကျယ်မှာပင် စစ်ဆေးချက်များကို ပြန်လှန်သုံးသပ်ကာ အစီရင်ခံစာတစ်စောင် သုံးဦးသား ဝိုင်း စဉ်းစား၍ ရေးနေကြခြင်း ဖြစ်လေ၏။ အကြမ်းရေးပြီးပြီ။ အချောကတော့ ရန်ကုန် ရောက်မှ ရေးကြတော့မည်။

ဆရာဦးအောင်မြင့် ဦးဆောင်ဝင်လာတော့ သူတို့က စားပွဲပေါ်က စာရွက် စာတမ်းများကိုထားခဲ့ကြကာ ဆက်တီရှိရာသို့ လာထိုင်ကြလေ၏။

"အားလုံးတော့ မစုံဘူး ဆရာ၊ ဒေါ်မွယာကတော့ ကလင်းနစ်က မပြန်သေးလို့ ပါမလာခဲ့ဘူး"

ဒေါ်ခင်ဦးနွယ်နှင့် သက်ဇော်နိုင်ကလည်း ပြုံး၍နှုတ်ဆက်ကြလေ၏။ ဒေါ်ခင်ဦးနွယ်က ရှပ်အင်္ကျီလက်တို ဖားဖားပွပွ၊ ပန်းရောင်ဖျော့မှာ ရောင်စုံစင်းရေး ရေးနှင့် ကချင်ရိုးရာထဘီ ခရမ်းနှင့်အနက်ကန့်လန့်စင်းကို ဝတ်ဆင်ထားခဲ့သည်။ ဆံပင်ရှည်များကို နောက်ဘက်မှာ ဆံညှပ်ဖြင့် သိမ်းညှပ်ထားခဲ့ကာ နီ့နီ့လေး လွတ်လပ်ပေါ့ပါးစွာ လှနေပြန်လေ၏။ ဆရာများကမူ လှပသောဒေါ်ခင်ဦးနွယ်နှင့် ရည်မွန်သော ဦးသက်ဇော်နိုင်၏ အရွယ်အလှကိုပါ မြင်ခွင့်ရခဲ့သည်မို့ သူတို့နှစ်ဦး ကို ခင်မင်နေမိကြလေ၏။

"ဆရာတို့နဲ့ မိတ်ဆက်ပေးရဖို့ ဆရာတစ်ယောက်ပါလာပါသေးတယ်။ ဒေါက်တာယဉ်မျိုးပါ"

လူသစ်ဖြစ်သော ဒေါက်တာယဉ်မျိုးကို ဆရာများက လှမ်းကြည့်နေ ကြဆဲ ဦးအောင်မြင့်က မိတ်ဆက်ပေးခဲ့သည်။

"နောက်တစ်ခါတော့ ကျွန်တော့်အလှည့်ထင်တယ် ဟဲ ဟဲ"

သူ့စကားကို ဆရာများ ရယ်မောမိကြလေသည်။

"ကေ့(စ်) ဖြစ်တဲ့အချိန်တုန်းက ကျွန်တော်က ခွင့်နဲ့ပါ။ ကျွန်တော်သာရှိ ရင်တော့ ဒီကေ့(စ်)ကို ကျွန်တော်နဲ့ ကိုညီသာ ဝင်ဖြစ်မယ်ထင်ပါတယ်။ ကျွန်တော်တို့ နှစ်ယောက်ကတော့ လိုအပ်လို့ခွဲကူတာ၊ မလိုအပ်လို့ ခွဲမကူတာတွေ မဟုတ်ပါဘူး။ နှစ်ယောက်တွဲလုပ်ရတာ ပျော်တာနဲ့ လုပ်ဖြစ်နေတာပါ။ အဲဒီလိုဆိုရင်လည်း နှစ်ယောက်စလုံးက A.S ရိုးရိုးချည်းပဲမို့ ပြဿနာမရှိနိုင်တော့ဘူး။ ပြဿနာရှာလို့ မရတော့ဘူးပေါ့ဗျာ"

ဒေါက်တာလွန်းတင်က လက်ကာပြလျက် ပြောခဲ့သည်။



"ဒါလည်း မဟုတ်သေးဘူး ဆရာယဉ်မျိုးရဲ့။ ကျွန်တော်တို့ ဆေးလောကမှာ မှတ်သားရမယ့်စကားတစ်ခုက အလုပ်တစ်ခုလုပ်တဲ့အခါ ဘာမှ မဖြစ်ရင်တော့ ဘာမှ မဖြစ်လို့ပဲ။ တစ်ခုခုဖြစ်ခဲ့ရင်တော့ တစ်ခုခုဖြစ်လို့ပဲဆိုတာလေ"

ဆရာဝန်များအားလုံး ကြာမြင့်စွာ ရယ်မောမိကြရလေ၏။

"တကယ်တော့ ကံပါပဲဗျာ။ အဲဒီနေ့က ခွဲစိတ်ခံရတဲ့လူနာရော၊ ခွဲစိတ်ခဲ့ တဲ့ဆရာဝန်တွေအတွက်ပါ ကံမကောင်းလို့ ဖြစ်ရတာပါပဲ။ တစ်ခါတလေ လုံးဝ မျှော်လင့်ချက်မရှိဘူး ထင်ထားတဲ့ လူနာလည်း ဆရာဝန်တွေအံ့သြယူရအောင် ကောင်းချင်လည်း ကောင်းခိုတတ်တာပါပဲ။ အခုကေ့(စ်)မှာတော့ ဦးမြမောင်က အခြေအနေမကောင်းတဲ့အပြင် ကံကလည်း မရှိရာတော့ ဆုံးရတယ်။ ခွဲစိတ်တဲ့ ဆရာဝန်တွေက သူဆုံးပြီး (၈) လလောက်အကြာမှာ ကံမကောင်းတော့ အစစ်ဆေး ခံကြရတယ်။ အသက်ကြီးခဲ့လေ ကံအကြောင်းကို ပိုစဉ်းစားမိလေပဲဗျာ"

ဒေါက်တာစိန်ဖေက ပြောခဲ့သည်။

"ကျွန်မလည်း အဲဒီကံသေးကို ထည့်စဉ်းစားခဲ့ပြီး အခြေအနေဆိုးတဲ့ လူနာကို ခွဲစိတ်ဖို့ ခုံးဖြတ်မိခဲ့တာပါ။ ကျွန်မတို့ စွမ်းသလောက် ကြိုးစားကြည့်ခဲ့လို့ သူ့ရဲ့ကံကလေးကလည်း ထောက်ကူလိုက်မယ်ဆိုရင်ဆိုတဲ့ မျှော်လင့်ချက်နဲ့ပါ။ ခွဲစိတ်ဆရာဝန်မို့ ခွဲစကားပြောလှတယ်လို့ ထင်စရာဖြစ်မလား မသိပါဘူး"

ခင်ဦးနွယ်က ပြောခဲ့သည်။ ဆရာဝန်ချင်းတွေ့လျှင် ပြောစရာစကား မကုန်ခန်းနိုင်အောင် ရှိနေခဲ့သည်။ ရန်ကုန်မှလူက ရန်ကုန်သတင်းပြောကာ၊ နယ်က ဆရာဝန်က နယ်သတင်းကို ပြောခဲ့လေ၏။ ည (၉)နာရီတွင် လူစုခွဲဖြစ်ကြသည်။

"ဆရာတို့ မနက်(၄)နာရီ ထွက်မယ်ဆိုတော့ ဘာများလိုအပ်တာရှိပါသေး လဲ"

"မရှိတော့ပါဘူးဗျာ။ အားလုံးတစ်ခါတည်း နှုတ်ဆက်လိုက်ပါတယ်။ မနက် ကိုတော့ ကျွန်တော်တို့အဖွဲ့ ပြန်ပါပြီ"

ဒေါက်တာစိန်ဖေက ဒေါ်ခင်ဦးနွယ်နှင့် ဦးသက်ဇော်နိုင်အနီးသို့ လျှောက် ခဲ့လျက် သူတို့က အကျိုးအကြောင်းမမေးသည့်တိုင်

"စိတ်အေးအေးသာ ထားကြပါ။ ဆရာနဲ့ ဆရာမတို့ ကိုယ့်အလုပ်ကို ကိုယ်လုပ်ကြပါ။ အလုပ်အပေါ်မှာတော့ စိတ်ပျက်တာမျိုး မဖြစ်ကြပါနဲ့လို့ ဆရာမှာ ချင်ပါတယ်" ဟု ပြောခဲ့လေသည်။

"ကျေးဇူးတင်ပါတယ် ဆရာ"

www.burmeseclassic.com

www.burmeseclassic.com



ခင်ဦးနွယ်နှင့် သက်ဇော်နိုင်တို့က တုံ့ပြန်ခဲ့ကြလေ၏။

ဒေါက်တာလွှမ်းတင်နှင့် ဦးယဉ်မျိုးမှာ စကားမပြတ်တတ်သေး။ သူတို့ ပြောဆိုနေသည့်အကြောင်းအရာမှာ တစ်မျိုး။

"ကျွန်တော်တော့ T.M.O ဦးအောင်မြင့်ကို သဘောကျတယ်ဗျာ။ ကိုယ့်မှာ ကျောထောက်နောက်ခံက အလုပ်လုပ်စရာမလိုအောင် ပြည့်စုံနေတဲ့သူဗျာ။ ဒီလောက်ဦးနှောက်ရှိ၊ အလုပ်များတဲ့ ဆေးရုံလုပ်ငန်းကို သံယောဇဉ်ကြီးကြီး ထားပြီး သူလှုပ်ရှားနေခဲ့တာ အံ့စရာပဲ"

ဦးယဉ်မျိုးက အသံဩ မပွင့်တပွင့်ဖြင့် တဟဲဟဲရယ်သည်။

"ဆရာကလည်း ပြောင်းပြန် ပြောနေပါပြီ။ ဆေးရုံလုပ်ငန်းမှ မဟုတ်တူးဗျား- ဓါသနာပါလို့ ကျောင်းဆရာပဲ လုပ်လုပ်၊ အရာရှိပဲလုပ်လုပ်၊ စာရေးလေးပဲ လုပ်လုပ် သက်ပြည့်ပင်စင်အထိ နိုးနိုးသားသား လှုပ်ရှားချင်ရင်တော့ ကျောထောက်နောက်ခံတောင့်မှ ဖြစ်မှာနော။ မဟုတ်ရင် Acute Income Deficiency Syndrome ဆိုတဲ့ AIDS ဖြစ်လာနိုင်တယ်"

"အေးဗျ ဟုတ်တယ်"

သူတို့နှစ်ဦး ခပ်အုပ်အုပ်ရယ်မောနေကြသည်။

သက်ဇော်နိုင်နှင့် တရင်းတနှီး ရှိသွားပြီဖြစ်သော ဒေါက်တာညာဏ်ကျော် လွှင်ကမူ သက်ဇော်နိုင်ကို သီးသန့်နှုတ်ဆက်လျက်

"ဆရာတို့ နှစ်ယောက်က မပြောပေမယ့် ပြောတဲ့သူကပြောလို့ ဦးမြမောင်ကို အရင်ဆုံးတွေ့တဲ့ဆရာဝန်ကို သိပြီးပါပြီဗျာ"

သက်ဇော်နိုင် မျက်နှာထားရခက်စွာ

"ဆရာ ဘယ်ကသိသွားတာလဲ"ဟု မေးခဲ့ရလေသည်။

"သူကိုယ်တိုင်ပြောခဲ့တာပါဗျာ။ ဒါပေမယ့် သူ့မှာလည်း တာဝန်ရှိတယ် ဆိုတာ သူ့ အတွေးထဲမှာ လုံးဝပေါ်ပုံမရဘူး"

သက်ဇော်နိုင် ဘာမှ မဝေဖန်ဘဲ ပြုံးနေခဲ့လေ၏။

"ကဲ ဆရာတို့ ကျွန်တော်တို့ ပြန်ပါဦးမယ်။ နောက်လည်း မြေလတ်ကို အပန်းဖြေလေး လာလည်ကြပါဦး"

ဆရာဦးအောင်မြင့်က နှုတ်ဆက်စဉ်

"ဒီလိုတော့ မလာနဲ့ပေါ့ ဟုတ်လားဆရာ"

ဒေါက်တာစိန်ဖေက ရယ်မောကာဆိုလေ၏။



"သွားပြီဗျာ ဂွတ်နိုက်"

"ဂွတ်နိုက်"

မြေလတ် ဆရာဝန်အဖွဲ့ပြန်သွားသောအခါ စာရွက်စာတမ်းတွေ သိမ်းဆည်းကာ ဆရာတို့လည်း အိပ်ရာဝင်လေ၏။

❑

နေ့ညလယ်တွင် နွယ်အိပ်မရနိုင်ဘဲ ရှိခဲ့သည်။ နေ့လပြည့်ညမို့ ငွေလကတော့ သာနိုင်လွန်းလှပေ၏။ လရောင်က မှန်ပြတင်းကို ထွင်းဖောက်ကာ အခန်းတွင်းသို့ ကျရောက်အလှပြနေခဲ့သည်။ စပ်သေးမေးမြို့ကြွင်းမခံရသေးမီ မနေ့ကညနှင့် စပ်သေးခံပြီးသည့် ယနေ့ညမှာ ဘာမျှ မထူးခြားပါလား။ အိပ်မရနိုင်ချင်းက အတူတူပေ။ ကိုသူရ ရန်ကုန်ပြန်စည့်ညကဝလို့ နွယ် အိပ်ရေးခက်ခဲ့သည်။ ထိုညက သက်ဇော်နိုင်အိမ်မှာ ကိုသူရနှင့် စကားတွေပြောဖြစ်ခဲ့သည်။ နွယ်ခံစားရသမျှတွေ မရည်ရွယ်ဘဲ ပြောဖြစ်ခဲ့၏။ ဝမ်းနည်းကြေကွဲခြင်းလား။ စိတ်ထိခိုက်လှုပ်ရှားခြင်းလား မသိဘဲ ရင်ထဲမှာဆို့နင့်ခဲ့ကာ၊ နွယ် ရုတ်တရက်ပင် ပြန်လာမိခဲ့လေ၏။

အိမ်ရောက်တော့ စည်သူ၊ ညီသူက နွယ့်ကို ကန်တော့ဖို့ စောင့်နေကြသည်။ ထိုညမှာတော့ သားတွေက အိမ်မှာအိပ်ကြသည်။ နွယ် သူတို့ အိပ်ပြီးသည်အထိ အိပ်မပျော်နိုင်ခဲ့။ အတွေးထဲမှာ နှစ်မျောကြာရှည်နေမိခဲ့သည်။

နံနက်စောစောတွင် ကိုသူရ အိမ်တက်သို့ ကူးလာခဲ့ကာ သားတို့ကိုကြိုလေသည်။ စည်သူ၊ ညီသူခွဲခြားနေသော ဝိုက်လေးတွေကို နွယ် ပြောပြမှာကြားဆဲ ကိုသူရက

"နွယ်ရယ် သူစိမ်းတွေမဟုတ်ပါဘူး။ သားအပေချင်းတွေပါ။ အစိုးရိမ်မလွန်စမ်းပါနဲ့။ ကိုယ်လည်း၊ နွယ့်ကို မှာစရာရှိတယ်"

နွယ့်ကို ညှိခန်းမှာထိုင်စေခဲ့လေ၏။ မေမေနှင့်သားတို့က မီးဖိုထဲမှာ နံနက်စာက စားနေကြသည်။

"နွယ် ကိုယ့်ကို ကတိတစ်ခုပေးစမ်းပါ။ နောင်ကိုသားတွေကိစ္စပဲဖြစ်ဖြစ် နွယ့်ကိစ္စပဲဖြစ်ဖြစ်၊ ကိုယ့်ကိုအသေးအဖွဲလို့လည်း အကြောင်းမကြားဘဲမနေနဲ့"

ကိုသူရ၏ ပူပင်သောကကို နွယ်နားလည်နိုင်ခဲ့သည်။ သူနွယ့်ထံတင်းကို ပြောပြီး ပြန်သွားနိုင်ခဲ့ပေမယ့် စည်သူ၊ ညီသူပြသနာကိုသိရတော့ နွယ့်တို့ သားအမိနှင့် နီးကပ်စွာနေခဲ့ခြင်းဖြင့် သူ့အားပေးနှစ်သိမ့်မှုကို ပြုခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သားတွေအတွက် နွယ် ကတိပေးပါတယ်။ နွယ့်ကိစ္စကိုတော့ နွယ့်ဘာသာပဲ ဖြေရှင်းပါရစေ။ မေသန္တာရဲ့ ခင်ပွန်းတစ်ယောက်ဆီက အကူအညီကို နွယ် အမြဲမျှော်လင့်လက်ခံနေလို့တော့ မဖြစ်သေးဘူး ထင်တယ် ကိုသူရ"

နွယ့် စကားကြောင့် ကိုသူရမျက်နှာပျက်သွားခဲ့သည်။ ကိုသူရကို များစွာ ထိခိုက်စေမည် သိပေမယ့် နွယ်ရှင်းပြတ်စွာ ပြောရုံမှတစ်ပါး အခြားရွေးစရာလမ်း မရှိခဲ့။

"ကိုယ်လေ နွယ့်အတွက်စိတ်ပူပြီးလာခဲ့မိတာ။ ဒီရောက်တော့ စည်သူ့အဖြစ်ကိုပါထပ်ကြားခဲ့ရတယ်။ နွယ်တို့သားအမိတွေအတွက် ကိုယ် စိတ်မအေးနိုင်အောင်ဘဲ။ ကိုယ်မိတ်ဆွေကောင်းတစ်ယောက်လို ဆက်ပြီးစောင့်ရှောက်ခွင့်တော့ ရစေချင် ပါသေးတယ်။ ဒီအတွက်ပြဿနာ ရှိမယ်ဆိုရင်လည်း ကိုယ်ရင်ဆိုင်ဖြေရှင်းလိုက်ပါ့မယ် နွယ်"

ကိုသူရ၏ ရိုးရှင်းလတ်သော အကြည့်က ဖြစ်ချင်တာကို မဖြစ်ဖြစ်အောင် တောင်းဆိုတတ်သောယက်ကျင့်ကို သတိရမိစေ၏။ သို့ပေမယ့် မဖြစ်နိုင်တော့တာဘဲ။ ဒီသောကတွေက ကိုသူရစိုက်ခဲ့တဲ့အပင်ရဲ့ အသီးအပွင့်တွေပဲလေ။ ခူးဆွတ်ချိန်ရောက်မှတော့ ဒီအသီးအပွင့်ကိုပဲ ခူးဆွတ် တော့ပေါ့ဟု အနိုင်ရသူရဲ့ လေသံနှင့် နွယ် ပြောအလှဲ့ကို ရောက်ခဲ့ပြီလား။ နွယ် ကရော တကယ်အနိုင်ရခဲ့သူမို့လား။ နွယ် ပင့်သက်ရှိုက်မိသည်။

"သားတွေအတွက်ကတော့ ကိုသူရအမြဲလိုအင်ပါတယ်။ သူတို့က အဖေကိုလည်း ချစ်ကြတယ်"

"သူတို့ တရေးတတ်စအရွယ်ကတည်းက ကိုယ့်ဆီစာရေးခဲ့ကြတယ်။ ကိုယ့်ကို နာကြည်းမုန်းတီးမနေခဲ့ကြတာ နွယ့် ကျေးဇူးပေါ့"

နွယ် နာကျင်စွာ ပြုံးမိခဲ့သည်။

'အမှန်အတိုင်းဝန်ခံရရင်တော့ သူတို့ သိမ်ငယ်စိတ်မရှိအောင် ကိုသူရ အဝေးမှာ ရှိပေမယ့် သူတို့နဲ့အဆက်အသွယ်ရှိပြီး။ သူတို့ကို ချစ်နေတယ်ဆိုတဲ့ အသိလေးနဲ့ လုံခြုံနေအောင် နွယ် ကြိုးစားမိတာပါ"

ကိုသူရ ငြိမ်သက်တိတ်ဆိတ်သွားခဲ့သည်။ နွယ်လည်း စိတ်မကောင်းဖြစ်ရသည်။ နွယ် စကားလွှဲပြောင်းဖို့ကြိုးစားသည်။

"နွယ်လည်း မှာချင်ပါတယ်။ ကိုသူရရဲ့ အိမ်ထောင်ရေးကို တည်ငြိမ်သာယာစေချင်ပါတယ်။ နွယ့် စေတနာမှန်ပါ ကိုသူရ။ သားတို့က အန်တီမေသန္တာနဲ့ ရင်းနှီးမလိုရှိနေရာက နောက်အန်တီတွေအကြောင်း ထပ်ကြားလာရရင်တော့ အံ့အားသင့်သွားကြလိမ့်မယ် ထင်တယ်။ ဒါမှမဟုတ် အားများကျသွားမလားဘဲ"

ဒေါက်တာအောင်သူရ မျက်နှာနီမြန်းသွားခဲ့လေ၏။ အနည်းငယ်ရှက်အမ်းခဲ့သည်ကို မဖုံးကွယ်ဘဲ ရှက်ရယ် ရယ်မောသည်။ ထိုသို့ ရယ်မောခဲ့လျှင် ကိုသူရမှာ လူရွယ်လေးတစ်ယောက်လို နုပျိုလန်းဆန်းသွားတတ်မြဲပေ။ စိတ်လှုပ်ရှားခံစား ထိခိုက်မှုတွေ တက်လှွယ်ကျလွယ်ရှိနေခြင်းကပင် သူ့ကို စွဲဆောင်မှုရှိနေသော ယောက်ျားသားတစ်ဦးအသွင် ရှိစေခဲ့သည်လားမသိ။ ဆရာဝန်လူတော်လူကောင်း တစ်ယောက်အဖြစ် ထူးချွန်သလောက် လုလင်ပျိုတစ်ဦးလို လွတ်လပ်ပေါ့ပါးစွာ နေချင်သူ။ ကိုသူရဟာ အာနိသင်စွမ်းတဲ့ အနောက်နိုင်ငံဖြစ်ဆေးကောင်းတစ်လက် လိုပါပဲ။ အာနိသင်ထက်လေ ထိုဆေးရဲ့ အခြားသော ဘေးထွက် အန္တရာယ်က ကြီးမားလေ။

ကိုသူရက ရှက်နိုင်ယောင်မပြေသေးစွာဖြင့်

"ကိုယ့်ကိုပဲပြောနေတယ်။ နွယ်ကရော အိမ်ထောင်ရေးကို မစဉ်းစားတော့ဘူးလား"

နွယ် စိတ်အနှောင့်အယှက်ဖြစ်သွားမိစွာ။

"ကိုသူရ ဘာဖြစ်လို့ ဒီအမေးကို မေးရတာလဲ"

သည့်မှာပင် နွယ်မျှော်လင့်မထားသော စကားများကို ကြားခဲ့ရခြင်းပင်။

"နွယ်နဲ့ ပတ်သက်လာရင် နွယ့်ကိုအသိမပေးဘဲ မနေနိုင်တာလည်း နွယ်ရဲ့ ကိုယ့်အပေါ် ဘယ်လိုသွမ်းမိုးထားမှုလည်း မသိတော့ဘူး။ မနွေညက သူ့ကိုယ့်ကို ဖွင့်ပြောခဲ့တယ် နွယ်။ နွယ့်ကို သူချစ်နေခဲ့တယ်။ လက်ထပ်ဖို့ကြိုးစားမယ်။ ကိုယ်ကိုစိမ်ပြန်နေတဲ့ နွယ်နဲ့ သားတွေရဲ့ ဘဝကို စောင့်ရှောက်ခွင့်ရချင်တယ်ဆိုတဲ့အကြောင်း"

နွယ့်ကိုယ်ထဲက သွေးတွေက လျှင်မြန်စွာ ပူနွေးလာခဲ့သည်။ နွယ့်ပါးပြင် နားရွက်များများ နွေးရှိန်တက်လာခဲ့လေ၏။ ဆက်လက်ကြားနိုင်ဖို့ တားမြစ်လိုက်ဖို့ လည်း နှုတ်ခမ်းများများလှုပ်ရှားလို့မရ။ နွယ့် နှုတ်ခမ်းများက အံ့သြစွာ ပွင့်ဟလျက်။

"မနွေညက ကိုယ်တို့နည်းနည်းများသွားကြတယ်။ သူရင်လည်းပွင့်

www.burmeseclassic.com



တိုသ့်ရင်လည်းမွှင့်သွားရောခိုပါတော့။ ဒါပေမယ့် ကိုယ်ရိုပ်မိခဲ့တာ ရောက်ပြီး သိပ်မကြာခင်မှာပဲ။ သူ နှယ့်ကိုကြည့်တဲ့အကြည့်က ယောကျ်ားတစ်ယောက် သူတဘယ် ချစ်မြတ်နိုးတဲ့ မိန်းမကိုမှ ကြည့်မယ့် ပုံထောက်၊ အောက်ကျို့တဲ့အကြည့် ဝဲ နှယ်။ သူက ကိုယ့်ထက်လေးနက်တဲ့သူ။ ရည်မှန်းချက်ကြီးတယ်။ သူ့ရည်မှန်းချက် ထဲမှာ နှယ်လည်းပါတယ်။ နှယ့်တို့က လုပ်ဖော်ကိုင်ဖက်ချင်းပါပဲ။ သူ့ရဲ့စိတ်နေသဘော ကို နှယ်ခန့်မှန်းမိမှာပါ''

နှယ် ပြည်းပြည်းချင်း တည်ငြိမ်လာနိုင်ခဲ့သည်။ ထူးဆန်းတဲ့အဖြစ်ပဲနော်။ လွန်ခဲ့တဲ့ တစ်ဆယ့်ခုနစ်နှစ်က နှယ့်ကို ချစ်ခွင့်ပန်ခဲ့ဖူးလျက်၊ ချစ်ခွင့်လည်းရခဲ့ကာ စွန့်ပစ်လည်းထားခဲ့ဖူးသော ယောကျ်ားတစ်ယောက်က သည်မနက်တွင် အခြား တစ်ယောက်အတွက် ပန်ကြားပေးနေခဲ့တော့သည်လား။

သို့မဟုတ်လျှင်တည်ငြိမ်အေးချမ်းနေသော နှယ့်ဘဝကို ထိုးကိုလှုပ်ခတ် ရုံ သူတို့အနှောင့်အယှက်ပေးလိုသည်လား။ ယောကျ်ားများမှာ အလွန်ထူးဆန်းအံ့ဩ ဖွယ် သက်ရှိများပေ။ မိန်းမတွေကို ဝက်နဲ့ဒီဆိုခဲ့လျှင် သူတို့မှာ ဝက်တောင်စဉ် တောင်တန်းတွေပဲပေ့။ နဒီမြစ်ကဲ့သို့ ကောက်ကွေ့သောသဘောရှိတဲ့ မိန်းမတဲ့။ ယောကျ်ားများကတော့ တောင်စဉ်တောင်တန်းတွေနှင့် တူလှသည်။ ကျွှာတည်သ ရွေ့ ခိုင်မြဲတော့မလိုနှင့် မတ်မတ်စွင့်စွင့်မြင့်တက်လိုက် နိမ့်ဆင်းသွားလိုက်၊ ဆင်ခြေ လျှောလိုက်၊ မြေပြင်ညီလိုက်၊ ကုန်းကမူလေး ဖြစ်လိုက်၊ စိတ်လှုပ်ရှားတက်လွယ် ကျလွယ်၊ အပြောင်းအလဲတွေ မြန်တတ်လှသည်လေ။ နှယ်တည်ငြိမ်စွာ စကားပြန်နိုင် လာခဲ့သည်။ မိန်းမတစ်ယောက်ရဲ့ မခံမရပ်နိုင်သော ခနဲ့စကား တစ်ခုပဲဖြစ်လေ၏။

"ကိုသူရတို့မှာ နှယ့်အကြောင်းကလွဲလို့ တခြားပြောစရာမရှိကြတော့ ဘူးလား။ ခင်ဦးနှယ်အကြောင်းက အရက်နဲ့ မြည်းကောင်းတဲ့ အမြည်းတစ်ခုဖြစ်နေခဲ့ ပြီလား"

ဒေါက်တာအောင်သူရ တုန်လှုပ်သွားခဲ့သည်။

"နှယ် အထင်မမှားနဲ့။ သူ ကိုယ့်ကို ပြောနိုင်းတာမဟုတ်ဘူး။ ကိုယ် နှယ့်ကို စိတ်မချနိုင်တာပြောရင်း။ သူလည်း နှယ့်အတွက်စိုးရိမ်ခဲ့ရတာတွေ ဖွင့်ပြော ရင်း ကိုယ်မှသိခဲ့ရတာ"

ဖြစ်ခဲ့သမျှတွေကို ခါတုတ်လိုက်သလိုမျိုး နှယ် ခေါင်းယမ်းခါလိုက်မိသည်။



သို့ပေမယ့် ထိုအဖြစ်အပျက်ကို နှယ် ဘယ်တော့မှ ခါထုတ်၍ ရမှာမဟုတ်ခဲ့တော့ ပါ။

"စိတ်မရှုပ်ရှုပ်ပါနဲ့ ကိုသူရရယ်။ လွန်ခဲ့တဲ့ ခုနစ်နှစ်ကတောင် နှယ်တစ် ယောက်တည်းအမှောင်ထဲမှာ ကျန်ခဲ့မယ်ဆိုတာသိရက်နဲ့ ခုံတော်ကိုရိုးမယူခဲ့တာက နှယ်ပါ။ ကိုသူရက စိုးငြိုနိုင်ခဲ့တာမှုလား။ အခုနှယ့်ဘဝက အမှောင်မကျခဲ့တော့ ပါဘူး။ အရင်တုန်းကမာနနဲ့ အမှောင်ထဲမှာနေခဲ့တာ မဟုတ်ပေမယ့် အခုအလင်း ကိုတွေ့လာရတော့ နှယ့်ဘဝမှာ မာနရှိခဲ့ပါပြီ။ ကိုသူရ နားလည်နိုင်မလား"

ဒေါက်တာအောင်သူရ စိတ်ပျက်ဟန်ညည်းတွားလေ၏။

"တကယ်တော့ နှယ်ဟာ မပြောင်းလဲခဲ့ဘူး။ ဟိုအရင်ကလိုပဲ စိတ်သ ဘောထားက တင်းမာပြင်းထန်ဆဲပဲ။ နှယ်ရင်ဆိုင်ခဲ့ရတဲ့ အခက်အခဲ၊ သောက၊ ဒုက္ခတွေကို ကိုယ့်လိုပဲစိုးရိမ်နေတဲ့သူတစ်ယောက်အကြောင်း ပြောပြလိုက်မိတာ ကိုယ့်အမှားပဲ"

ပြောပြောဆိုဆို သူထွက်သွားခဲ့သည်။

"သွားတော့မယ်"

ခတ်ဆတ်ဆတ် နှုတ်ဆက်ခဲ့သည်။ နှယ်တစ်ယောက်တည်း ဧည့်ခန်းမှာ ကျန်ရစ်သည်။ နှယ်တို့၏ ဒုတိယအကြိမ်ခွဲခွာခြင်းတွင် ကိုသူရက ထိုးကိုဆိုနှစ် နေခဲ့ကာ၊ နှယ်က တွေဝေစွာရှိရလေ၏။ ပထမအကြိမ်ခွဲခွာခြင်း၏ ဆန့်ကျင်ဘက်ပေ။ နှယ့်ရင်မှာ တသိမ့်သိမ့်လှိုက်လှဲသောခံစားမှုတွေ မည်မျှကြာအောင်ရောနှော ခံစားမိနေသည်မသိ။ ညီသူ့လက်ကလေးတစ်ဖက် ပခုံးပေါ်သို့ လာတင်ခဲ့မှသာ သတိဝင်မိလေ၏။

"မေမေ သားတို့သွားတော့မယ်။ မကြာပါဘူးဗျာ။ ညီမလေးက ကိုကို လည်းမရှိဘဲနဲ့ ကိုကိုခေါ်တတ်နေတယ်ဆိုလို့ သားကလိုက်သွားပြီးတွေ့ချင်တာပါ"

နှယ့်ကို အားနာနှစ်သိမ့်သလို ပြောနေသော ညီသူ့ရဲ့ နှယ်ပခုံးပေါ်က လက်ကလေးကို ငြိမ်းလည်ဖျစ်ညှစ်ဆုပ်ကိုင်ရင်း

"အန်တီ့စကား နားထောင်နော် သား။ သား စိတ်ထဲမှာ ဘာပဲရှိရှိ မေမေ့ကို ပြောပြပါ။ သူနားလည်မှာပါ" မှာမိလေ၏။

ညည်သူလည်း ရောက်လာခဲ့သည်။ သန့်စင်ကြည်လင်သော မျက်နှာလေး တွင် ဝမ်းနည်းမှုလေးဖွက်ကာ

www.burmeseclassic.com



"သားတို့ပြန်လာရင် မေမေနဲ့လည်း ပုဂံဘုရားဖူးသွားဦးမှာပါ" နှုတ်ဆက်လေ၏။

ညည်သူ့ကိုတော့

"သား မေမေက အလုပ်များတယ်နော်။ သားတို့အတွက် ဒီမှာလိုအချိန်ပြည့်မပေးနိုင်ရင်လည်း အဲဒါ သားနားလည်ရမယ်" မှာကြားလေ၏။

သွားခါနီးတွင် မေမေ့ကိုခါတိုင်းကလို ထိုင်ကန်တော့ကြရင်း ဝမ်းနည်းမျက်ရည်စတွေ ဘာကြောင့်ရစ်လာခဲ့ရသည်လဲ။ နှယ် သည့်မျှ ထိန်းကြာကျင် လွယ်ခဲ့ပြီလား။ ကိုသူရက မေမေ့ကိုကားတံခါးဖွင့်ပေးခဲ့သည်။

"မေမေ ရှေ့ခန်းကိုလာပါ။ ညည်သူနဲ့ညီသူလည်း တက်ကြတော့ကွာ"

နှယ်က သားတို့ထံသွားနှုတ်ဆက်ခဲ့သည်။ ညီသူက နှယ်ကို 'မေမေ' ဟု လှမ်းခေါ်ခဲ့သည်။ ညီသူ့ရဲ့ မျက်လုံးကြည်ကြည်လေးမှာ ပုပင်ရိုင်လေးတစ်ခုနှင့်။

"မေမေ ဦးကပြောတယ်။ နောက်တစ်ပတ်ထဲမှာ သူ့ကိုအထက်ကတမေး ပွဲလာစစ်မယ်တဲ့။ သူစာမေးပွဲဖြေဦးမှာဆို"

နှယ် အံ့ဩသွားမိ၏။ နှယ် စစ်ဆေးမေးမြန်းခံရမည့်ကိစ္စကို သားတွေ သိဖို့တောလို့ မေမေ့ကိုပင် အသိမပေးခဲ့။ တော်တော်နှုတ်မလုံတဲ့လူရွှယ်ပဲ။

"ဦးက ဖြေလို့မရရင် မေမေက ဆာကျင်ပဲ။ နည်းနည်းပါးပါးပြောပေးလို့ မရဘူးလား"

"ဦးက အမြဲစာဖတ်နေတာပဲ။ ဖြေနိုင်မှာပါ ညီရ"

ခွဲစိတ်အထူးကု ဘွဲ့လွန်စာမေးပွဲနှင့် ရောထွေးပြောနေသည်။ စိတ်ပူနေသော ညီအစ်ကိုသို့ နှယ်ပြုံးလျက် ကတိပေးခဲ့သည်။

"ကောင်းပြီလေ။ မေမေသိတာဆိုရင် ပြောပြပေးလိုက်ပါ့မယ်"

ထိုစဉ် ကွက်လပ်ကလေးကိုဖြတ်၍ သက်ဇော်နိုင်လျှောက်လာတာတွေ့ရသည်။ လက်ထဲတွင် ပလတ်စတစ်အိတ်ပါးတစ်အိတ်ဆွဲလာသည်။ နှယ် ကားရှေ့ခန်းသို့ ပြန်လျှောက်လာခဲ့သည်။

"မေမေ ကားမူးတတ်တာ ဆေးသောက်ပြီးရဲ့လား"

"ပြီးပြီကွယ့်"

တစ်ခါက ယောကျ်ားကို မေမေခေါ်ခဲ့ဖြစ်သော စိတ်ခံစားမှုတွေ အတက်အကျမြန်တတ်သော ကိုသူရက နှယ့်ကို ကားထဲမှ ခေါင်းထုတ်လို့ ပြုံးစနှော



လှမ်းပြောခဲ့ပေ၏။

"သူတယ်သူလဲဆိုတာ နှယ် ကိုယ့်ကိုမမေးသေးဘူးနော်"

နှယ်ပြုံးရကာ

"ဆရာယစ်တော့ မဟုတ်ဘူး မဟုတ်လား"

"ကဲ နှယ်ရယ်။ မင်းလည်းသိသားနဲ့"

သက်ဇော်နိုင် အနီးသို့ရောက်လာပြီမို့ နှယ်တို့စကားရပ်ထားလိုက်ကြသည်။ ညည်သူ၊ ညီသူကို နှုတ်ဆက်ရင်း မုန့်ထုပ်တွေ၊ အအေးဘူးတွေ သက်ဇော်နိုင် လှမ်းပေးနေခဲ့သည်။

"မိုက်တယ်ဟော"

ညီသူ့အသံလေးက စည်ညံလို့၊ ကိုသူရက သက်ဇော်နိုင်ကို ကားထဲက လက်ထုတ်လို့ လက်ခွဲနှုတ်ဆက်သည်။

"သွားတော့မယ် ကိုသက်ဇော်နိုင်၊ ဒီနှစ် Primary F.R.C.S ကိုဖြေဖြစ်အောင်ဖြေပါဗျာ။ ကျွန်တော်တို့ ဟိုမှာ ဆုံကြရအောင်"

Primary F.R.C.S ကိုသက်ဇော်နိုင်ဖြေဖို့ ရည်ရွယ်သည်ကို နှယ်မသိခဲ့သေးပေ။ ပြည်တွင်းဘွဲ့လွန်ဖြေမှာကိုသာ နှယ်သိခဲ့သည်။

"မေမေရေ သွားတော့မယ်"

"နှယ် သွားပြီ။ ကိုယ်မှာတာမမေ့နဲ့"

သူတို့ကားထွက်သွားသည်ကို နှယ် ရပ်ကြည့်ကျန်ရစ်သည်။ ကားနောက်ခန်းမှညီသူက အလွန်ဝေးကွာသွားခဲ့သည်အထိ လက်ကလေးလှုပ်ယမ်းပြလျက်။ ကားမမြင်ရတော့သည်အထိ နှယ်ရပ်ငေးကြည့် ကျန်နေမိခဲ့သည်။ သက်ဇော်နိုင်ကို သတိရလှမ်းကြည့်မိတော့ သူ နှယ့်ကိုကြည့်နေတာ ကြာတော့ကြာရည်ရှိခဲ့ဟန်ဆိုးကြိုးပြုံးခဲ့ပေ၏။ နှယ့်အနီးသို့လျှောက်လာခဲ့သည်။ သူ နှယ့်ကိုစကားပြောလိုက်တော့ ကိုသူရပြောခဲ့တာတွေ မယုံကြည်နိုင်ဖွယ်၊ ခါတိုင်းကလိုပင် ရိုးသားစွာ။

"မနှယ်တော့ ညည်သူ၊ ညီသူရော အနှတ်ပါမရှိတော့ အိမ်မှာဟာကျန်ခဲ့မှာပဲ။ ကျွန်တော်တောင် သူတို့သုံးရက်အိမ်မှာလာနေသွားတာ အခုမနေတတ်သလိုဖြစ်နေတော့တယ်" ပြောခဲ့လေ၏။ သူကိုတွေ့လိုက်ရစဉ် နှယ်ဖိုးရက်ခဲ့သလို ပါးပြင်တွေ နွေးလာခဲ့တာ လိုမှ မလိုခဲ့တဲ့နော်။ သူနှင့်နှယ်ရဲ့ကြားမှာ တွယ်ငြိမှုတစ်ခုရှိခဲ့မည်ဆိုလျှင် ထိုတွယ်ငြိမှုမှာ အလုပ်သံယောဇဉ်၊ လုပ်ဖော်ကိုင်ဖက်ချင်း

www.burmeseclassic.com

www.burmeseclassic.com



တွယ်တာမှုကလွဲလို့ တခြားမဖြစ်နိုင်ပါဘူး။ သက်ဇော်နိုင်မှာ ခံစားနေရတာ နို့ခဲရင်တောင် အရိုနိုင်ရိုးအတူလွင့်ပြယ်နိုင်ပျော့သွားမယ့် စိတ်လှုပ်ရှားမှုသက်သက်ပဲ ဖြစ်ရမယ်။ သက်ဇော်နိုင်ကတော့ စိတ်လွတ်လပ် လှုပ်ရှားနိုင်တဲ့အရွယ်နဲ့အခြေ အနေထဲမှာပေမယ့် ကိုယ်က ဒီအခြေအနေတွေထဲမှာ မရှိခဲ့တော့တာကြာပြီ ခင်ဦးနွယ်အတွေးထဲမှာ သတိလက်လွတ်စကားပြောနေမိသေး။

"မမနွယ်"

နွယ် ဆတ်ခနဲကိုယ်လေးတုန်သွားခဲ့ကာ သူ့ကိုမော့ကြည့်မိ၏။ သက်ဇော်နိုင်က သူ့အင်္ကျီအိတ်ထဲမှ တစ်စုံတစ်ရာနှိုက်ယူလှမ်းပေးခဲ့သည်။ ယောကျ်ားကိုင် လက်ကိုင်ပဝါတစ်ထည်။ နွယ့်မျက်နှာကို နွယ့်မေ့နေမိခဲ့သည်။ လက်ကိုင်ပဝါကို လှမ်းယူလျက်

"ဖုန်တွေဝင်သွားလို့ နေမှာပါနော်"

မျက်လုံးများကို တို့သုတ်ရင်း နွယ် ခပ်ရှက်ရှက်ပြောသောအခါ သက်ဇော်နိုင်က အသာအယာရယ်မောလေ၏။

ထိုရက်ကစခဲ့လျှင် စစ်ဆေးမေးမြန်းခံရပြီးသည့် သည်နေ့အထိ ဆယ်ရက် မြောက်ခဲ့ပြီဖြစ်လေ၏။

သည်ညတွင်တော့ နွယ်ရဲ့ ခံနိုင်စွမ်းရည်ကို အားစမ်းမနေတော့တဲ့ နိုင်ယာစီပမ် (၁၀) မီလီဂရမ်သောက်၍ အိပ်ပျော်စေလိုက်တော့မည်။

□

စစ်ဆေးရေးအဖွဲ့ ပြန်သွားသောနေ့ နံနက် ရှစ်နာရီခွဲတွင် နွယ်ရောက် နေကျအတိုင်း နွယ်၏ ခွဲစိတ်ကုသဆောင်သို့ ရောက်လာခဲ့သည်။ ဆရာယဉ်မိုး မရောက်ခဲ့သေးပေ။ ဆရာယဉ်မိုး၏ ဆေးခန်းက ရထားသံလမ်းတစ်ဖက် မြို့ မြောက်ဘက်ပိုင်းမှာဖြစ်၍ ဆေးရုံနှင့်ဝေးသည်။ ဝက်တီးကို သွက်သွက်နှင်ပြီး ဆေးခန်းသွားရပြန်လေ၏။

"ဒါမှ စိတ်ကျမှာ"

ဦးယဉ်မိုး ပြောတတ်လေသည်။ ထိုထဲသို့ အချိန်မှန်မှန် ရောက်တတ်သူမှာ A.S သက်ဇော်နိုင်ပဲဖြစ်လေ၏။ နွယ်မရောက်ခင် ဝဒ်(၃)ထဲက အလုပ်တော်တော် များများကို ရှင်းပေးထားတတ်သည်။ သူ ဦးအောင်မြင့်ဝဒ်(၃) ရောက်တော့သည်။ ဦးအောင်မြင့်က သူ့ကို အားကိုးလေ၏။



"မတတ်နိုင်ဘူးဗျာ။ ရုံးအလုပ်တွေလည်း သက်ဇော်နိုင်ပဲကူနိုင်းနေ ရတယ်။ မြို့နယ်ဆရာဝန်ရဲ့ ခိုင်းဘုတ်အောက်မှာ စီမံချက်မန်နေဂျာဆိုင်းဘုတ်က 'ရှစ်ရ' ရှိသေးတယ်။ ကျွန်တော်တစ်ယောက်တည်း လည်ပင်းခွဲထားရတာ သိပ်မချောင်ဘူး"

ဆရာဦးအောင်မြင့် ညည်းလေ၏။ သက်ဇော်နိုင် ခွင့်နှင့်နေစဉ်မှာတော့ ဦးယဉ်မိုးက Round ပြီးသည့်နံနက် ဆယ်နာရီခွဲခန့်တွင် ဆရာဦးအောင်မြင့်ကို သွားကူပေးရလေ၏။

"လှလှစောရေ ကြေးနို့"

နွယ် လှလှစောနှင့်အတူ လူနာလှည့်လည်ကြည့်နေစဉ် ဦးယဉ်မိုးရောက် လာတာ လှမ်းမြင်ရသည်။ အမျိုးသမီးလူနာဆောင်မှာကြည့်ပြီးတော့ ဦးယဉ်မိုး၏ အမျိုးသားဆောင်ဘက်သို့ ဆက်ခဲ့သည်။ ဆရာယဉ်က Round ဆဲ။ နွေနေပူမှာ ဝက်တီးနှင်းလာခဲ့ရတော့ ဝိတ်ကျမကျတော့မသိ၊ ချွေးတွေတော့ စိုနေခဲ့လေ၏။

"ဒေါ်ခင်ဦးနွယ် အစကပြန်ကြည့်ချင်လား"

"ရပါတယ်။ Problem ရှိတာပဲပြောပါ။ ကျွန်မတို့ ဝိုင်းစဉ်းစား ကြတာပေါ့။ ဆရာရောက်တဲ့နေရာကပဲ ဆက်ကြည့်လိုက်ကြရအောင်"

လူနာတွေ၊ လူနာစောင့်တွေဖြင့် ဖရိုဖရဲနိုင်နေသော အမျိုးသား လူနာ ဆောင်ကို နွယ်ရဲ့ လွှမ်းခြုံသောအကြည့်က မြင်ခဲ့ပြီးပြီ။ မနက်က ပြန်သွားသော အဖွဲ့မှာ ခွဲစိတ်ဆရာဝန်ကို စစ်ဆေးသောအဖွဲ့ဖြစ်၍သာ တော်တော့သည်။ ခွဲစိတ်ကုသဆောင်ကိုပါ စစ်ဆေးခဲ့လျှင်တော့ ခင်ဦးနွယ် ခက်တော့မည်။ ဆရာ ယဉ်မိုးက လူနာကိုစိတ်ဝင်စားလျက် စေတနာထားသော ဆရာဝန်ကောင်း တစ်ယောက်ပါပဲ။ ကျန်တာတော့ သူစိတ်မဝင်စား။ သက်ဇော်နိုင်ကမူ ဆေးရုံနှင့် ပတ်သက်လျှင် အားလုံးကို မြင်တတ်သူဖြစ်၏။ သူနာပြုနှင့် အလုပ်သမားများကို ဆေးထိုးပိုက်နှင့်အပ်ကို အနည်းဆုံး မိနစ်နှစ်ဆယ်ပြုတ်ဖို့၊ အပ်တစ်ချောင်းတည်း လူနာအလဲအလှယ်နှင့် မသုံးမိဖို့ ပေါက်ကွဲစုတ်ပြဲ သွေးထွက်ဒဏ်ရာတွေကို လက်အိတ်မပါဘဲ မကိုင်မိဖို့ အလေ့အထတွေ စွဲမြဲနေအောင် သူ သိမ်းသွင်း စည်းရုံးနိုင်သူပေ။ မစိမ်းညိုနှင့် မောင်တင်လှတို့မှတ်ကာပင် HB'S'တို့ H.I.V တို့ လှိုင်လှိုင်ထွက်ကာ ကိုယ့်အတွက်ရော၊ သူများအတွက်ပါ အန္တရာယ်ကင်းအောင် ဆောင်ရွက်တတ်ဖို့ အကျင့်လုပ်ပေးခဲ့လေ၏။ သူ Round ခဲ့ရင်း လူနာကြည့်ရင်း

www.burmeseclassic.com

www.burmeseclassic.com



လူနာခုတင်နှင့် မီးရှူးလေးတွေ စီစီညီညီရှိကြအခု ညီသွားတတ်သည်။ ခြင်ထောင်တန်းတွေမှာ လုံးထွေးတင်ထားတတ်သော ပုခုံး၊ တဘက်များအဆုံး စည်းကမ်းတကျရှိစေဖို့ သူပြောသွားတတ်လေ၏။ သကာမကောင်းလျှင် ခေါင်းအုံးအောက်မှာ၊ မီးရှူးလေးထဲမှာ လိုက်ရှာဖွေတတ်သည်။ မနေ့ကသောက်ရမယ့်ဆေး၊ သည်နေ့ကျန်နေခဲ့လျှင် လူနာကို မျက်နှာထားတည်တည်ဖြင့် စစ်မေးတတ်လေသည်။ နွယ် Round ဖို့ ရောက်ခဲ့လျှင် သူဝဒ်(၃)မှာ သန့်ရှင်းသပ်ရပ်လျက် ဆေးရုံပီသ နေတတ်သည်။ နွယ် လှလှစောသို့ ခပ်တိုးတိုး

"လှလှစောရေ မောင်တင်လှတို့ မစိမ်းညိုတို့ကို သန့်ရှင်းရေးလေးကြပ်မတ်ပေးပါဦးကွာ။ ဝဒ်(၃)တစ်ခုလုံးလည်းရှုပ်ပွပြီး အနံ့တွေ မွှေးနေပြီ။ ပေးရှုံ့တွေ အစောင့်တွေကလည်း မပြောပေးရင် မဖြစ်ဘူး။ ကိုယ်လည်းကိုယ့်ကိစ္စနဲ့ကိုယ် ဒီကြားထဲမှာ လွတ်နေမိတယ်" မှာမိလေ၏။

"ဟုတ်ကဲ့ မမ"

လူနာကြည့်ပြီးသောအခါ နွယ် အမျိုးသမီးလူနာဆောင်သို့ ပြန်လာခဲ့သည်။

"ကျွန်တော် ဆရာကြီးဆီပြေး လိုက်ဦးမယ် ဒေါ်ခင်ဦးနွယ်"

"ဟုတ်ကဲ့ ဆရာ"

ဆရာယဉ်မိုးက ဝဒ်(၃)ထဲမှာ သူရှိမည်မဟုတ်တာ အသိပေးပြောလိုက်ခဲ့လေ၏။ သူ့လူနာဆောင်ထဲက လူနာများကိုပါ အပ်သွားခဲ့သည့် သဘောပေး

□

မနက်ဖြန့်ခွဲစိတ်ရက်အတွက် ခွဲစိတ်ခန်းတင်မည့် လူနာစာရင်းတင်ပေးဖို့ရှိသည်။

ဆေးရုံတက်ရန်မလိုသော အသေးစားခွဲစိတ်မည့် လူနာများကို သိချိုရှိ မရှိ စစ်ဆေးသော ဆီးအဖြေလွှာများနှင့်အတူ နွယ် ကြည့်ရမည်။ ခြေထောက်ကျိုးရာက စနစ်တကျမကုခဲ့၍ အရိုးဆွေးမှ ရောက်လာသောလူနာနှင့် မီးလောင်ခံရသော အမေနှင့်ဆယ်နှစ်သားလေးတို့ကို နွယ်ကိုယ်တိုင် ဆေးထည့်ပေးရန်ရှိသေးသည်။ အမျိုးသမီးအောက်ပိုင်းအနာတစ်ခု ဖောက်ပေးရဦးတွေတော့ ညနေမှ လုပ်ဖို့ရွှေ့ဆိုင်းလိုက်ရတော့မည်။ အလုပ်တွေ တန်းစီကြည့်ပြီး နွယ် မောသွားမိသလိုပေ။ အတွေးစဖြတ်ကာ လှလှစောသို့ လှမ်းပြောခဲ့သည်။

"လှလှစောရေ အလုပ်စကြစို့ကွာ။ ပေးရှုံ့တစ်ယောက်စီ သွင်းတော့



Burn's dressing အတွက်လည်း ပြင်လိုက်တော့"

နွယ် နေရာမှာထိုင်သည်။ အလုပ်စဖို့အဆင်သင့်ပြင်သည်။ ခန်းဆီးစကိုဖယ်ကာ ပထမဆုံးဝင်လာသူကို မော်ကြည့်မိသည်။ နွယ် စိတ်သက်သာရာ ရသွားမိခဲ့သည်။ သက်ဇော်နိုင်။ သူက ပေါ့ပါးဖျတ်လတ်စွာ ဝင်လာခဲ့သည်။ နွယ့်ကိုကြည်လင်လန်းဆတ်သောအပြုံးဖြင့် နှုတ်ဆက်လေ၏။

"သက်- နိုင် ရောက်လာတာ အတော်ပဲ။ တခြားအလုပ်များရှိသေးလား။ အားရဲ့လား"

နွယ်က အကူအညီလည်းလိုချင်၊ အားလည်းနာစွာမေးမိသည်။

"အားပါတယ် မမနွယ်။ ကျွန်တော်က ခွင့်နဲ့နေနေတာပဲ"

"ကိုယ့်ကို ကူညီပေးစမ်းပါဦးကွာ။ မနက်ဖြန် Operation List တောင်မခွဲရသေးဘူး။ တစ်မနက်ခင်းလုံး လုပ်နေတာကို အလုပ်က မပြီးနိုင်တာ"

"ထင်တယ်လေ အစ်ကိုက ဆရာကြီးဝဒ်(၃)ပြေးရဦးမှာဆိုတော့ မမနွယ်တစ်ယောက်တည်း ရှုပ်နေတော့မယ်လို့၊ အစ်ကိုကလည်း မင်းသွားလိုက်ဦး၊ အလုပ်တွေပုံနေတယ်လို့ ဒီအလာမှာတွေ့လို့ ပြောသွားသေးတယ်"

နွယ် စိတ်လက်ပေါ့ပါးစွာ ပြုံးခဲ့သည်။

"ဆရာယစ်က ဆိုးတော့မဆိုးပါဘူး။ ကိုယ်အလုပ်များတာ သူ အသိအမှတ်ပြုလာပြီပဲ"

သက်ဇော်နိုင်က ခေါင်းမော့၍ရယ်မောကာ သူထိုင်နေကျ ထိုင်ခုံမှာ ဝင်ထိုင်ခဲ့လေ၏။ လများစွာကြာ သူလုပ်ခဲ့ဖူးသော အလုပ်များကို အသားတကျ ကောက်ကိုင်သည်။ ခွဲစိတ်ခန်းတင်မည့် လူနာမှတ်တမ်းများကို သူယူကြည့်သည်။ စမ်းသပ်စစ်ဆေးရမည့် အသေးစားခွဲစိတ်က လူနာမှတ်တမ်းများကို လှန်လှောသည်။ ငါးအုပ်ကိုယူကာ တစ်အုပ်သာဖယ်ထားခဲ့လေ ၏။

"Fibroadenoma Breast (ရင်သားအကျိတ်) တစ်ခုကိုပဲ မမနွယ်ကြည့်လေ။ ကျန်တာတွေ ကျွန်တော်ရှင်းလိုက်မယ်"

"ဒါဆိုရင် ကိုယ် Dressing အရင်လုပ်လို့ရတာပေါ့"

"အဲဒါလည်း ထားလိုက်ပါ။ ကျွန်တော်လုပ်ပါမယ်"

" % များတယ်ကွ။ အချိန်လိုတယ်။ မင်း ဒီအော်ပရေးရှင်းတစ်(၈) ကိစ္စပဲလုပ်ပါကွာ။ အချိန်မီတင်ရမှာ။ မင်းမရှိကတည်းက လစ်(၈)ကလည်း အမြဲနောက်

www.burmeseclassic.com

www.burmeseclassic.com



ကျနေတာ အကျင့်တော့ဖြစ်နေပါပြီ"

သက်ဇော်နိုင် နွယ့်ကို မော့ကြည့်လေ၏။

"ကျွန်တော်ပြန်လာခဲ့ရမလား မမနွယ်"

သူ့အကြည့်တို့က စူးရှပြီးရယ်နေခဲ့သည်။ နွယ် ကတိုက်ကရိုက်လို ပြုံးမိသည်။

"ဘယ်ဖြစ်မလဲ"

"ဘာဖြစ်လို့လဲ"

နွယ် သူ၏ အကြည့်ရဲရဲများကို ရှောင်ဖယ်ရင်း

"သက်ဇော်နိုင်က အခု စာဖတ်နေတာမဟုတ်လား။ ဒီဝပ်(ဒ်)မှာဆို ပင်ပန်းမယ်။ စာဖတ်ချိန်မရှိဘူးလေ"

သူ ပန်းနုစ်ဖက်ကိုတွန့်လေ၏။ တစ်ခါတစ်ရံ နွယ် အဓိပ္ပာယ်ဖော်မရချင်သော အပြုံးသဲ့သဲ့တစ်စဖြင့်

"ဒါပေမယ့် ကျွန်တော် စာထဲက ရောဂါတွေကို ဒီမှာ လက်တွေ့တွေ့ရ တယ်လေ။ စာလည်းမေးလို့ရတယ်။ မမနွယ် ကျွန်တော့်ကို guide လုပ်ပေးနိုင်တာ ပဲ"

နွယ် အကျပ်ရိုက်သွားရကာ ပြောမိပြောရာလို့။

"အဲဒါက ဆရာဦးအောင်မြင့်ကလည်း သက်ဇော်နိုင်ကိုပဲ အားကိုးနေရ တာ ဆိုတော့လေ"

ပြောရင်း နွယ် စကားမဆက်တတ်ရှိနေစဉ်၊ သက်ဇော်နိုင်က သဲ့သဲ့ရယ် မောပြန်လေသည်။ ထိုစဉ်

"မမရေ ဒရက်စင်က ရယ်ဒီပြီ နော်"

လှလှစောက အခန်းဝမှာ ခေါင်းပြူကာ လာပြောခဲ့လေ၏။ နွယ် စိတ်သက်သာရာရစွာ

"သက်ဇော်နိုင် ကြည့်ရှင်းလိုက်ပေတော့နော်။ ကိုယ် ဒရက်စင်သွားလုပ် တော့မယ်" ပြောရင်း သူ့အပါးမှ ထွက်ခဲ့စဉ်။

"အစ်ကိုကလည်း သိရေတာမှာ ပျော်တဲ့သူဆိုတော့ ကျွန်တော်ဒီနေရာကို ချက်ချင်းကြီး ပြန်မတောင်းသေးပါဘူးဗျာ။ သိပ်လည်း မစိုးရိမ်ပါနဲ့" ရယ်ဟဟဖြင့် သက်ဇော်နိုင် စကားတော့လေသည်။



နွယ် သူ့စကားအဆုံ့ကို စိတ်ထိုချင်မိကာ

"ကိုယ်က ဘာကိုစိုးရိမ်နေလို့လဲ" ခပ်ဆတ်ဆတ်ပြန်မေးမိလေ၏။

"ဟောဗျာ၊ ကျွန်တော်ဒီဝပ်(ဒ်)ကို ပြန်လာရင် အလုပ်များမယ်။ စာကျက် ချိန်မရှိဖြစ်လိမ့်မယ်လို့ မမနွယ် စောစောကပဲ ပြောတယ်လေ။ အဲဒါကို စိုးရိမ်နေတာ မဟုတ်လား"

ကြည့်စမ်း။ တော်တော်လည်း တတ်နိုင်ပါလား။ နွယ် သူ့ကို စကားမဆို တော့ဘဲ ထွက်ခဲ့တာတောင်

"Dressing လာကူမယ် မမနွယ်" လှမ်းပြောခဲ့သေးလေ ညည်း။

ဆေးထည့်နေစဉ် သက်ဇော်နိုင် ရောက်လာခဲ့သည်။ ခံလောင်ဒဏ်ရာများ ၌ ဆေးထည့်ရာမှာ နာကျင်စေလှသည်မို့ မေ့ဆေးဖြင့် ထည့်ရလေ၏။

"ညီသူ့ အရွယ်လေးကွာ"

နွယ် ကရုဏာသက်မိရလေ၏။

"မမနွယ် ညီသူ့ကို သတိရနေပြီ"

သက်ဇော်နိုင်က ဆေးပတ်တီးအဟောင်းများကို သွက်လက်ညင်သာစွာ ချနေရင်းကပြောခဲ့သည်။ ဒဏ်ရာများကို ဆေးထည့်ခဲ့လျှင် သက်ဇော်နိုင်မှာ စိတ်ရှည် လှလေ၏။ စိတ်ရှည်ညင်သာစွာ အလုပ်လုပ်နေရင်းက စကားမပြောမိကြ။ နွယ့် အခန်းထဲပြန်ရောက်ကြတော့ နေ့လယ် (၂) နာရီကျော်ခဲ့ပြီ။ လှလှစောက ကော်ဖီ နှစ်ခွက် လာချပေးခဲ့သည်။ အလုပ်တွေမဆက်မီ ကော်ဖီကို နွယ်ကောက်သူမော့ သောက်မိလေ၏။ နွယ့် ဝပ်(ဒ်)ထဲရောက်မှ သက်ဇော်နိုင်က ကော်ဖီအကျင့် ရလာခဲ့ခြင်းပေ။ နွယ်ကတော့ အလုပ်ပင်ပန်းခဲ့လျှင် ကာဖိန်းဖြင့်အမောဖြေချင်မိမြဲ။ Operation List က နွယ် လက်မှတ်ထိုးဖို့ စားပွဲပေါ်မှာ အဆင်သင့်ဖြစ်နေခဲ့ပြီ။ ဆိုင်းမထိုးမီ တစ်ခေါက် မြန်မြန်ဖတ်ကြည့်ခဲ့သည်။ ခွဲစိတ်မည့် ဆရာဝန်နေရာမှာ ဒေါက်တာ သက်ဇော်နိုင် အမည်ရေးထားသော မော်ဂျာအော်ပရေးရှင်းတစ်ခုနှင့် မိုင်နာသုံးခုကို တွေ့လိုက်ရလေ၏။

"သက်ဇော်နိုင်က အခုခွင့်နဲ့ရှိနေသေးတာပဲ။ အလုပ်တွေ နောက်သိ မတောင်းစမ်းပါနဲ့။ ရှိတဲ့သူတွေ လုပ်ရမှာပေါ့။ ကိုယ်တို့ မင်းအပေါ်မှာ မတရားရာ ကျလွန်းနေပြီ"

ဒေါက်တာသက်ဇော်နိုင် အမည်များကို ခြစ်ဖျက်ပစ်ပြီး ထိုနေရာများတွင်

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာခင်ဦးနွယ်ဟု ပြောင်းရေးပြီးမှ နွယ် လက်မှတ်ထိုးခဲ့လေ၏။ သက်ဇော်နိုင်က ခေါင်းခါစွာ

"အဲပေမယ့် မနက်ဖြန် သီရေတာထဲမှာ ကျွန်တော်ရှိနေမှာပဲ။ မမနွယ် မဝင်နိုင်းပေမယ့် အစ်ကိုက ကျွန်တော့်ကို အကူအညီတောင်းမှာပါ။ မမအောင်ကလည်း ဝင်နိုင်းမှာပဲ။ ဒေါ်မူယာကော့(စ်) ယူရင်တော့ မိုးချုပ်သွားလိမ့်မယ်"

သက်ဇော်နိုင်အပြောကို နွယ်သဘောကျစွာ ပြုံးမိရလေ၏။

"မင်း ခွင့်ယူပြီး ရန်ကုန်ပြန်ရင် ကိုယ်တို့ရဲ့ သီရေတာကို ပိတ်ထားလိုက်ရုံ ရှိတော့မယ် ဆိုပါတော့"

သက်ဇော်နိုင်က ကော်ဖီကို အေးအေးဆေးဆေးသောက်လျက်

"ကျွန်တော် ခွင့်မယူတော့ဘူး မမနွယ်"

နွယ် အံ့အားသင့်သွားမိသည်။ အလုပ်ရှုပ်နေခဲ့ကြ၍ မနေ့က စစ်ဆေးမေးမြန်းခြင်းကိစ္စကို သူတို့မှာ မပြောဖြစ်ကြသေး။ စစ်ဆေးခြင်းပြီးသည်နှင့် သက်ဇော်နိုင် ခွင့်သွားလိမ့်မည်ဟူမှု အားလုံးက သိထားကြလေ၏။

"ကော့စ်က ပြီးသွားပြီလေ။ မင်းဒီနေ့ကစပြီး ခွင့်သွားလို့တောင်ရပြီပဲ"

'ကျွန်တော် မသွားတော့ဘူး"

"ဘယ်ဟုတ်မလဲ သက်ဇော်နိုင် အနားယူဖို့ သင့်ပါတယ်။ ဆေးရုံလာနေရင်တော့ မြင်ရင်မနေနိုင်ဘဲဝင်ကူနေမိမှာပဲ။ အနားရမှာ မဟုတ်ဘူး။ ရန်ကုန်ပြန်ပြီးအနားယူမှပဲ ဖြစ်မှာပေါ့"

"ကျွန်တော် ခွင့်လည်းမယူချင်ဘူး။ မြေလတ်ကလည်း ဘယ်မှမသွားတော့ ဘူး မမနွယ်"

သက်ဇော်နိုင် နွယ့်ကို ရင်ဆိုင်မကြည့်ဘဲ ခေါင်းငုံ့ထားလျက် ပြောလေ၏။

"ဘာဖြစ်လို့ ခွင့်"

နွယ် စကားတစ်ပိုင်းတစ်စနှင့် ရပ်သွားခဲ့သည်။ နွယ့်ခေါင်းထဲမှာ အချက်ပေး ခေါင်းလောင်းသံလေးများ မြည်လာခဲ့ကာ၊ အန္တရာယ်ရဲ့ အနံ့အသက်ကို ရလိုက်သလို၊ နွယ် နေရာမှထလေသည်။

"လူလူစောတို့တောင် ပြန်ကြပြီ ထင်တယ်။ ကိုယ်လည်း ပြန်ဦးမှပဲ။ ကလင်းနစ်ကို ပစ်ထားခဲ့တာကြာပြီ"

နွယ် သက်ဇော်နိုင်ကို ဘာမှမဖြစ်သလို ပြုံးနှုတ်ဆက်လျက် ပြန်ဖို့ပြင်



လသည်။ သက်ဇော်နိုင်က လိုက်ရပ်လိုက်ပေမယ့် နေရာမရွေ့။ နွယ့်ကို တောင်းပန်စွာကြည့်လျက်

"မမနွယ် ခဏလေးထိုင်ပါဦးဗျာ။ မမနွယ်ကို ကျွန်တော် အလေးအနက်ပြောစရာစကားတွေ ရှိလို့ပါ"

စိတ်လှုပ်ရှားစွာ ပြောလေ၏။ နွယ် မလိုက်လျောဖို့ ကြိုးစားမိသေးသည်။ သူ့ရဲ့ ပြင်းပြတောင်းဆိုသော အကြည့်တို့ကြောင့် မအောင်မြင်၊ နေရာမှာ ပြန်ထိုင်မိရလေ၏။ သူကလည်းနေရာတွင် ပြန်ထိုင်သည်။ သူ့ရဲ့ နူးညံ့လှမ်းမိုးသောအကြည့်အောက်မှာ နွယ်ဖြည်းဖြည်းချင်း စိတ်များလှုပ်ရှားလာခဲ့တော့သည်။ သက်ဇော်နိုင်စကားပြောသောအခါ သူ့အသံတွေလည်း မှုမှုန်၊ တုန်ယင်နေခဲ့လေ၏။

"မမနွယ် စိတ်အနှောင့်အယှက်ဖြစ်မှာစိုးလို့ ကိစ္စတွေအားလုံးအေးမှပြောဖို့ စိတ်ကူးထားခဲ့တာပါ"

နွယ်သည် ဟန်ဆောင်ကောင်းလှစွာ၊ ပြောလေ ဘာလဲ ဟူသော အဓိပ္ပါယ်ရှိ မျက်နှာထားဖြင့်ကာ မေးမိခဲ့လေ၏။ သူ့ရဲ့ရှုရှိုက်ရည်သော အကြည့်တို့ကို နွယ် ကြာရှည်ရင်မဆိုင်နိုင်။ အကြည့်လွှဲဖယ်မိစဉ်၊ သူကလည်းခေါင်းငုံ့လိုက်ခဲ့လေသည်။ သူပြောခဲ့တော့ အသံက တိုးလျှည်သော၊ သူနှင့် နွယ်ကြားသာရုံ။

"ကျွန်တော် ဘာဖြစ်လို့ ခွင့်မယူတော့တာလဲလို့ မမေးတော့ဘူးလား။ မမနွယ်ကိုခွဲပြီး ကျွန်တော်ဘယ်မှ မသွားနိုင်လို့ပေါ့ဗျာ။ မမနွယ်ရှိတဲ့နေရာမှာ ကျွန်တော်လည်းရှိရမှဖြစ်မယ်။ ကျွန်တော့်ဘဝဟာ မမနွယ်ပါပဲ။ ကျွန်တော် မမနွယ်ကို ချစ်တယ်"

နွယ့် ပါးပြင်၊ နားရွက်များတွေ နွေးရှိန်းလာခဲ့တော့သည်။ နွယ့် နှလုံးအိမ်က လည်တိုင်ဝသို့ ခုန်တက်လာသလိုရှိကာ၊ ထိုအဖြစ်ကို လူမမြင်အောင် လည်တိုင်သို့ လက်ဖြင့်ယောင်ယမ်းအုပ်ကိုင်ထားမိချင်ချင် ရှိလေ၏။ သက်ဇော်နိုင်လည်း တုန်လှုပ်နေခဲ့သည်။ အူထောက်အောက်ကျို့တဲ့အကြည့်ဟု ကိုသူရတင်စားခဲ့သော အကြည့်က ခင်ဦးနွယ်သို့ ကြည့်မနေခဲ့ပါ။ သူ့အရှေ့က စားပွဲပြင်သို့သာ စိုက်နေခဲ့သည်။

"ကျွန်တော် မျိုသိပ်ထားခဲ့ပါတယ်။ ကျွန်တော့်အချစ်ကိုသိဖို့ မလိုဘူး။ မမနွယ်လိုအပ်သမျှ ဖြည့်ဆည်းပေးမယ်။ မမနွယ်ရဲ့ အနီးအနားမှာနေရရင် ပြည့်စုံပြီ ထင်ခဲ့မိတာတွေက လက်တွေ့မကျဘူး။ ကျွန်တော် ဒီလောက်နဲ့ မကျေနပ်နိုင်တော့

www.burmeseclassic.com

www.burmeseclassic.com



ဘူး မနှယ်။ ကျွန်တော့် ရည်မှန်းချက်အတွက် ခွဲခွာသွားရဖို့ကလည်း ရှိသေးတယ်။ ရည်မှန်းချက်ထဲမှာ မနှယ်လည်း ပါနေပြီဆိုတော့ ကျွန်တော် ပိုကြိုးစားရတော့မှာ။ မနှယ်ကို ကျွန်တော်လက်ထပ်သွားပါရစေ။ ကျွန်တော့်အချစ်ကို လက်ခံပြီး ကျွန်တော့်ကို လက်ထပ်ပါနော် မနှယ်"

သူတည်ငြိမ်လာခဲ့သည်။ သူ့မျက်ဝန်းများ စိုလက်လျက်၊ နှယ့်ထံမှ အကြည့်မလွှဲဖယ်ခဲ့တော့၊ နှယ်လည်း တည်ငြိမ်စွာ သူ့အကြည့်တို့ကို တုံ့ပြန်နိုင်လာခဲ့သည်။ နှယ့်မှာ အဖြေစကားတွေ ရှိထားခဲ့တာ ရက်ပင်ချီနေခဲ့ပြီလေ။ နှယ် ဘာကြောင့် စိတ်လှုပ်ခတ်တုန်ယင်နေဖွယ် လိုသလဲ၊ နှယ် စကား အေးအေးကြီး စားလို့ ပြောခဲ့သည်။

"ကိုယ် နားလည်နိုင်ပါတယ် သက်ဇော်နိုင်။ ကိုယ်နဲ့ သက်ဇော်နိုင်က သိပ်နီးစပ်လွန်းနေခဲ့တယ်။ မင်းက ဆာကူရို ဝါသနာပါတယ်။ ကိုယ်က ဆာကူင် တစ်ယောက်။ မင်းတတ်ချင်တာတွေ ကိုယ်က ထရိန်နင်ပေးခဲ့တယ်။ အလုပ်တွေ အများကြီး တွဲလုပ်ဖြစ်ခဲ့ကြတယ်။ ကံဆိုးတာက ဆာကူင်က 'ကိုယ်လိုအမျိုးသမီး' တစ်ယောက်ဖြစ်နေခဲ့တာပါပဲ။ ကိုယ်က သူလို ငါလို အမျိုးသမီးမဟုတ်ခဲ့ဘူးလေ။ ကိုယ့်နေရာမှာ အမျိုးသားတစ်ယောက်ဆိုရင်လည်း ဒီပြဿနာတွေ မင်းကြုံရမှာမှ ဘူးပေါ့။ နီးစပ်မှုပါပဲ၊ ဒါမှမဟုတ်ရင်လည်း အလုပ်သံယောဇဉ် လုပ်ဖော်ကိုင်ဖက်ချင်း သံယောဇဉ်နဲ့ စိတ်လှုပ်ရှားမိတာ သက်သက်ပါပဲ သက်ဇော်နိုင်။ မင်းပြောသလို ကိုယ်တို့ခွဲခွာသွားတဲ့အခါ မင်းရဲ့လှုပ်ရှားနေတဲ့ စိတ်တွေလည်း အနယ်ထိုင်သွားမှာ ပါ။ ကိုယ့်တို့အတွက် ကောင်းသောခွဲခွာခြင်းပဲပေါ့"

သက်ဇော်နိုင်နေရာမှ ဝုန်းခနဲထရပ်ခဲ့သည်။ စားပွဲကိုထောက်ထားသော သူ့လက်တွေတုန်ယင်နေခဲ့သည်။ သူ့နှုတ်ခမ်းသားများ တုန်ယင်နေခဲ့တာ နှယ်မြင်ရ လေ၏။ နှယ့်ကို နာကျင်ခံရခက်လှစွာကြည့်ခဲ့သည်။ သူ စကားပြောသောအခါ သူ့အသံကို လွှင့်ကျူယ်ထွက်မသွားအောင် အထိန်းရခက်စွာ ထိန်းထားရသော အသံနှင့် ဖြစ်လေ၏။

"ကောင်းသောခွဲခွာခြင်းတဲ့လား မနှယ်။ မနှယ် အခုပြောနေတာတွေ ဟာ အမှန်တွေမဟုတ်ဘူးဆိုတာ မနှယ်သိပါတယ်။ ကျွန်တော့်အချစ်ကို နီးစပ်မှုတို့ စိတ်လှုပ်ရှားတာတို့နဲ့ ပြောပြီး မရေမရာလွှင့်ပစ်ချင်လို့မရဘူး။ ကျွန်တော့်အချစ်က ဒီလောက်မပေါ့ဆဘူး။ မဖြစ်နိုင်တာ စိတ်ကူးယဉ်ကြည့်နေတာလည်း မဟုတ်ဘူး မနှယ်။ ဖြစ်နိုင်အောင် အားလုံးစဉ်းစားထားပြီးမှ မနှယ်ကို ကျွန်တော်ဖွင့်ပြော ခဲ့တာပါ"



သက်ဇော်နိုင်၏ နာကျင်သော မျက်နှာတွင် နှုတ်ခိုလေး တစ်ချက်ထင် လာလျက်

"ကျွန်တော် မနှယ်ကို ဘယ်လောက်အထိချစ်ရတယ်၊ မြတ်နိုးရတယ်ဆို တာ တကယ်ပဲမသိတော့တာလားဗျာ"

ညည်းတွားသလိုဆိုခဲ့သည်။ နှယ် သူ့ကိုမော့ကြည့်ခဲ့လျှင် သူ့ရဲ့တောင်းပန် သောအကြည့်ဖြင့် ဆုံမိသည်။ နှယ် သူ့အကြည့်ကို မလွှဲမဖယ် တိုးတိုးပင်ပြောပြ ခဲ့သည်။

"ကိုယ် သိတယ်"

သူ့မျက်လုံးများလက်ခနဲဖြစ်သွားခဲ့သည်။ နှုတ်ခမ်းများက လိုက်လှဲဝမ်း သာပြုံးလိုက်တော့မလို၊ ထိုအရိပ်အယောင်များ နှယ် စကားဆက်ပြောလိုက်သော အခါ ချက်ချင်းလွင့်ပြယ်သွားခဲ့တော့သည်။

"ကိုသူရ ပြောပြသွားခဲ့တယ်"

သူထိုင်ခုံမှာ ဖြည်းညင်းစွာပြန်ထိုင်ခဲ့လေ၏။

☐

သူ နှယ့်ကိုငေးကြည့်နေခဲ့သည်။ သူ့မျက်နှာတွင် စိုးရွံ့ရိပ်ဖြင့် သိမ် ငယ်နေခဲ့သလိုပေ။

"မနှယ် သိပြီးခဲ့တာကြာပြီပေါ့။ ဆရာက ဘာဖြစ်လို့များ မနှယ်ကို သွားပြောပါလိမ့်မလဲ"

သူ ညည်းတွားခဲ့သည်။

"အဲဒါ ကိုယ်ကမေးရမှာလေ သက်ဇော်နိုင်။ ဘာရည်ရွယ်ချက်နဲ့ သူ့ကို ပြောင်းသွားပြောခဲ့တာလဲ။ ကိုယ်တော့နားမလည်ဘူး။ မိန်းမတစ်ယောက်ကိုလက်ထပ် ပြီး ဒီမိန်းမရဲ့ ခင်ပွန်းဟောင်းဆီမှာ ခွင့်ပြုချက်ယူချင်တာ ကိုယ့်အတွက်တော့ သိပ်ထူးဆန်းနေတာပဲ သက်ဇော်နိုင်"

သက်ဇော်နိုင်ကိုယ် မတ်ခနဲ ဖြစ်သွားခဲ့သည်။ သူ ထိပ်ပျာသွားခဲ့လေ၏။ နှယ့်ကို စိုးရွံ့တကြီးကြည့်သည်။

"မဟုတ်ဘူး မနှယ်။ မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



သူ့ခါးခါးသီးသီး ငြင်းကွယ်သည်။

"ဒေါက်တာအောင်သူရက ကိုယ့်ရဲ့ အုပ်ထိန်းသူတစ်ယောက်မဟုတ်ရုံမှ မကလေး။ ဒါမှမဟုတ် ကိုယ်တို့ချင်း ဘာစရိတ်မှ အပေးအယူမရှိဘဲ ရှင်းရှင်းပြတ်ပြတ် ရှိနေတယ်ဆိုတာ မင်း မယုံဘူးလား"

"ဟာဗျာ ဒုက္ခပါပဲ မမနွယ်ရာ"

သက်ဇော်နိုင် ကြံရာမရသလို ညည်းသည်။ နဖူးပေါ်ဝဲ သူ့ဆံပင်များကို လက်နှစ်ဖက်ဖြင့် နောက်ပြန်သပ်ရင်း နွယ့်ကို တောင်းပန်စွာကြည့်သည်။ နွယ် ကိုယ်တိုင်ပြောရင်း စိတ်လှုပ်ရှားတုန်ယင်လာခဲ့သည်။

"တော်ပြီကွာ ကိုယ်ဘာမှ မပြောချင်တော့ဘူး"

နွယ် ဘာမှ ဆက်မပြောလိုတော့ဘဲ စိတ်ကုန်စွာနေရာက ထသည်။ နွယ့် လက်ပွေ့အိတ်အညိုလေးကို အညိုးတကြီး ကောက်ယူသွားတော့မှပြစ်၍

"မမနွယ် ကျွန်တော့်ကို သိပ်စိတ်ဆိုးသွားပြီလား။ ကျွန်တော်ရှင်းပြပါမယ် ခဏလေးပဲနားထောင်ပေးပါ"

သူက ကတိုက်ကရိုက်ထားဆီးခဲ့ကာ နွယ့်အနီးသို့ ရုတ်ချည်းရောက်လာခဲ့လေ၏။ နွယ် သွားမည့်လမ်းကို ပိတ်၍ရပ်ခဲ့သည်။

"ဖော့ ဖယ်ကွာ"

နွယ်က တိုးထွက်မည်ပြုသောအခါ ဖွတ်ဆွဲယူတားဆီးတော့မယောင် သူ့လက်များက နွယ့် ပခုံးဆီရွယ်လာခဲ့စဉ် နွယ် နောက်သို့ခြေလှမ်းဆုတ်သည်။ စိတ်ဆိုးတာတွေပျောက်ကာ အနည်းငယ်ထိတ်ပျာစွာ

"နေရာမှာ ထိုင်ပြောလေ"

လွှတ်ခနဲအော်မိလေ၏။ သူ့လက်များ လေထဲမှာတန့်သွားခဲ့သည်။ ထို လက်များဖြင့် ဆံပင်ကိုထိုးဖွသပ်တင်ရင်း ချက်ချင်းနောက်ပြန်ဆုတ်လေ၏။

"အိုကေ အိုကေ ကျွန်တော်ထိုင်ပြီ မမနွယ်။ မမနွယ်လည်း ထိုင်နော်" ဟု အမောတကောပြောရင်း နေရာမှာ သက်ပြင်းနှင့်ရောကာ သက်ဇော်နိုင် ထိုင်ချလေ၏။

သည်အကြောင်းထိ စကားရောက်ဖို့ မရည်ရွယ်ခဲ့။ ပြောမိမှတော့ မထူး တော့ပေ။ စိတ်ထဲမှာ ခါးသီးခုခံနေသမျှ ခင်ဦးနွယ်ရှင်းရှင်းသိရမှ ဖြစ်တော့မယ်။ နွယ် သူ့ကို ခပ်တည်တည်ဖြင့် ကြည့်နေမိ၏။ သူက စိတ်ရှုပ်ထွေးနေဟန် ရှိသည်။



သူ့ဖတ်ကို သူဘယ်လိုခင်းကျင်းမလဲ။ နွယ် စောင့်ကြည့်နေမိလေ၏။

"ဒီနေ့အဖို့ ပြောဦးမှာလား သက်ဇော်နိုင်။ ကိုယ် တလင်းနစ်သွားရဦးမယ်။ မဟုတ်ရင်လည်းမပြောနဲ့တော့"

နွယ်က ခပ်ဆတ်ဆတ် ပြောတော့ သူနွယ့်ကိုတောင်းပန်စွာ ကြည့်သည်။

"မမနွယ် ထင်တာတွေ တစ်ခုမှ မဟုတ်ဘူး မမနွယ်၊ ဆရာဆီက ခွင့်ပြုချက်ယူတာလည်း မဟုတ်ဘူး။ ပြောရင် မမနွယ်က နားလည်ချင်မှ နားလည် မှာပဲ၊ အဲဒီည၊ မမနွယ် ကျွန်တော့်အိမ်က ညဉ့်နက်မှပြန်သွားတဲ့ညက ကျွန်တော်နဲ့ ဆရာ တစ်ညလုံးနီးပါး စကားတွေ ပြောဖြစ်ကြတယ်"

"သိပါတယ်၊ သောက်လည်းသောက်ဖြစ်ကြတယ် မဟုတ်လား။ ခေးရုံ ဆင်းတာဖြင့် တစ်ပတ်မပြည့်သေးဘူး။ ကိုသူရကလည်း ဆရာဝန်တစ်ယောက် မဟုတ်သလိုပဲ။ ဘာမှ မတားဘူးနော်"

နွယ် မှိုသိပ်ထားရသော မကျေချမ်းသမျှတွေ ပွင့်ထွက်ခဲ့တော့သည် လေ။ သက်ဇော်နိုင်မျက်နှာ လက်ခနဲဖြစ်သွားကာ သူမငုံ့မရဲပြုံးသည်။

"ဆရာက သူ့အကြောင်းတွေ ပြောပြတယ်။ ကျွန်တော် အားလုံးပြန် ပြောပြလို့ ဟုတ် မဖြစ်ဘူးထင်တယ်။ ကျွန်တော်လည်း ကျွန်တော့်အကြောင်းကို ပြောပြ သယ် မမနွယ်။ ကျွန်တော့်အကြောင်းပြောတော့ မမနွယ်အကြောင်းပါ ပါသွားရတာ။ ကျွန်တော် မမနွယ်ကို ချစ်နေတယ်။ စိတ်ဝင်စားတာကတော့ စတွေ့တဲ့နေကတည်းက။ မမနွယ် စိတ်အနှောင့်အယှက် ဖြစ်မှာစိုးရိမ်လို့ ကျွန်တော် မှိုသိပ်ခဲ့တာ။ နောက် မမနွယ်က ရုပ်တင်မဟုတ်ဘူး စိတ်ထားလည်းလှတော့ ကျွန်တော် မမနွယ်ကို ဘယ်လိုမှအဆုံးရှုံးမခံနိုင်"

"သက်ဇော်နိုင် အဲဒါတွေမပြောနဲ့တော့ကွာ။ ကိုယ်သိချင်တာ မင်း ကိုသူရ ကို ဘာဖြစ်လို့သွားပြောလဲ ဆိုတာပဲ"

သက်ဇော်နိုင် သူ့စကားသူ ပြန်သတိရသလို

"ဆောရီး မမနွယ်။ ကျွန်တော်ကလည်း စကားပြောတာ ဘယ်ရောက် ရောက်သွားမှန်း မသိဘူး။ ကျွန်တော် ဆရာကို ဘာဖြစ်လို့ပြောမိလဲဆိုတာ မမနွယ် နားလည်ချင်မှ နားလည်မယ်။ ကျွန်တော်နဲ့ ဆရာက အတူနေကြရင်း ခင်မင်သွား ကြတယ် မမနွယ်။ ဒီအချိန်မှာ ဆရာလည်းခံစားနေရတယ်၊ ကျွန်တော်လည်း ခံစားနေရတယ်ဆိုတော့ ယောကျ်ားချင်း ရင်းနှီးနားလည်မှုတွေနဲ့ ဒီအကြောင်းတွေ

www.burmeseclassic.com

www.burmeseclassic.com



ပြောဖြစ်သွားခဲ့တာပါ"

နွယ် အံ့သြမင်တက်သွားခဲ့သည်။

"ယောကျ်ားချင်း ရင်းနှီးနားလည်မှု"

နွယ် သံယောင်လိုက်လို့ ရေရွတ်မိလေ၏။ သက်ဇော်နိုင်ခေါင်းညိတ်ပြခဲ့သည်။ အလို နွယ်တော့ သူတို့ကို ဘယ်တော့မှနားလည်တော့မှာ မဟုတ်ဘူး ထင်လေသည်။ နွယ် မယုံသက်ာဖြင့်

"မူးလို့ပြောကြတာလို့ ရှင်းရှင်းပဲ ပြောပါကွာ။ ကိုယ်တော့ မူးတဲ့သူဆိုရင် ဘယ်သူ့ကိုမှ မယုံဘူး။ ခေါင်းမူးတဲ့သူတောင်မှ မယုံချင်ဘူး"

သက်ဇော်နိုင်က နွယ့်ကိုကြည့်ကာ ပထမဆုံးအကြိမ် လွတ်လွတ်ကျွတ်ကျွတ် ပြုံးရယ်သည်။

"မမနွယ်ကလည်း ကျွန်တော်နဲ့ ညီသူကျတော့ကော မူးကြလို့လား။ ညီသူက ဘာပြောလဲသိလား မမနွယ်။ မေမေကလည်း ကျွန်တော်တို့နဲ့ဖေဖေ့ကို ဦးအိမ်ပို့ထားမယ့်အစား ဦးတစ်ယောက်က ကျွန်တော်တို့အိမ်လာနေလိုက်ရင်ပြီးတာပဲတဲ့။ မင်းတို့ဖေဖေပြန်သွားရင် ဦးကရောဆိုတော့ ဒါကတော့ မေမေ့သဘောတဲ့။ မေမေထားရင်နေပေါ့တဲ့။ မမနွယ်မယုံရင် ညီသူ့ကို မေးကြည့်လေ။ ဟာ ဒါလည်း မဖြစ်သေးပါဘူး။ ညီသူက ကျွန်တော့်ကို ယုံကြည်နားလည်မှုနဲ့ပြောထားခဲ့တာ"

နွယ့် ပါးပြင်များ နွေးရှိန်းသွားခဲ့သည်။ ဘာပြန်ပြောရမှန်းမသိ။ မယုံနိုင်အောင်အံ့သြရင်းက မင်တက်ကြာမြင့်မိလေ၏။ သက်ဇော်နိုင် နွယ့်ကိုစိုးရိမ်စွာကြည့်သည်။

"မမနွယ် ကျွန်တော့်ကိုရော၊ ဆရာနဲ့ ညီသူကိုပါ စိတ်မဆိုးပါနဲ့နော်"

ပထမဆုံးအကြိမ်အဖြစ် နွယ့်ဘဝတွင် နွယ်တစ်ဦးတည်းလိုခံစားမိရလေသည်။ ကိုသူရ၊ သက်ဇော်နိုင်၊ ညီသူ၊ စည်သူပင် ပါချင်ပါလိမ့်ဦးမည်။ သူတို့မှာ ယောကျ်ားချင်း ရင်းနှီးနားလည်မှုတွေနှင့် ဖြစ်ကာ နွယ့်မှာမူတစ်ယောက်တည်းဖြစ်လေ၏။ နွယ်ခံစားမှုတွေ ရောထွေးနေတော့ကာ နေရာမှ ဖြည်းညင်းစွာထမိသည်။

"မမနွယ် စဉ်းစားမယ် မဟုတ်လား ဟင်"

"ဘာကိုလဲ"

"ကျွန်တော် ပြောခဲ့တာတွေကိုလေ။ ကျွန်တော့်အချစ်ကိုလက်ခံပြီး ကျွန်တော့်ကိုလက်ထပ်ဖို့"



သက်ဇော်နိုင်၏ တွယ်ကပ်နေမှုကို နွယ်စိတ်ပျက်မိစွာ။

"စဉ်းစားပြီးပြီလေ။ ကိုသူရပြောကတည်းက ကိုယ်စဉ်းစားထားခဲ့တာ"

ခပ်ဆတ်ဆတ်ပြောမိလေ၏။ သက်ဇော်နိုင်မျက်နှာ အလန့်တကြားဖြစ်သွားခဲ့တာ နွယ်မြင်ရလေ၏။

"ဟာ မမနွယ်ကလည်း မဖြစ်နိုင်တာ။ ဒီလောက်နဲ့ ဘယ်စဉ်းစားလို့ရဦးမလဲ။ ကြားထဲမှာ မမနွယ်လည်းအလုပ်တွေများ နေခဲ့တာ။ အချိန်ယူစဉ်းစားပေးပါများနော်"

"မဟုတ်ဘူးလေ။ ကိုယ်သေချာစဉ်းစားပြီးပါပြီ။ ကိုယ် သက်ဇော်နိုင်ကို"

သက်ဇော်နိုင်က နွယ့်စကားဆက်မှာကို လက်မခံ။ ဖြတ်တရွှတ်လိုပင် စကားစကိုဖြတ်ကာ

"လက်ထပ်နိုင်ဘူးလို့ မမနွယ် ပြောမလို့မဟုတ်လား။ ဒီလိုပဲ ဖြစ်ရမယ်လေ။ အပေါ်ယံစဉ်းစားလိုက်ရင်တော့ မမနွယ် လက်မထပ်သင့်တော့ဘူးလို့ ကိုယ့်ဘာသာဆုံးဖြတ်နေမိမှာပဲ။ မဟုတ်သေးဘူး မမနွယ်။ ကျွန်တော့်ဘဝအတွက်ရော၊ မမနွယ်ဘဝအတွက်ပါ စဉ်းစားကြရအောင်ပါ။ သေချာပြန်စဉ်းစားပြီးမှ ဖြေနော် မမနွယ်"

သူက စားပွဲပေါ်တွင် လက်တင်အားပြုကာ စိတ်အားထက်သန်သမျှ အနည်းငယ်ကြောင်စွာ ပြောလေ၏။ နွယ် အဖြေပေးဖို့ လက်လျှော့ရတော့သည်။

"ကောင်းပါပြီလေ။ ဘယ်တော့ပဲဖြစ်ဖြစ် ကိုယ်စဉ်းစားထားပြီးတဲ့အဖြေကိုပဲ ပေးမှာဆိုတာတော့ ပြောခဲ့မယ်နော်။ ကိုယ်သွားလို့ရပြီလား"

သက်ဇော်နိုင် ငိုင်သွားခဲ့သည်။ နွယ့်ကို မချင့်မရဲကြည့်ကာ သူ့နေရာမှလည်း မထရဲဘဲ

"ဟုတ်ကဲ့ မမနွယ်" ဟု တိုးတိုး ခွင့်ပြုခဲ့လေ၏။

□

သီရေတာဒေး။ သည်နေ့ခွဲစိတ်ခန်းဝင်ရဖို့ နွယ် စိတ်ပေါ့ပါးလန်းဆန်းလှသည်။ ပျော်ရွှင်မှုလေးပင် စွက်နေခဲ့သေး၏။ စည်သူ၊ ညီသူ့တမေးမွဲ၊ စည်သူနှင့် ပဋိပက္ခ၊ သက်ဇော်နိုင်ကိုခွဲစိတ်ရသည့်ကိစ္စ၊ အခုနောက်ဆုံးတော့ နွယ်စိတ်ဆေး မေးမြန်းခြင်းခံရသည့် ကိစ္စတွေထဲမှာ ဗုဒ္ဓဟူးနေ့ သီရေတာဒေးများက ကျော်ဖြတ်မြဖြစ်ပေမယ့် နွယ့် စိတ်တွေ တက်ကြွလန်းဆန်းမှုမရှိ။ တာဝန်ကျအောင်အမှား

www.burmeseclassic.com

www.burmeseclassic.com



အလွှင်းသမ္မီးအောင် အထူးသတိထား ခွဲစိတ်နေရသလို ရှိခဲ့သည်။ စိတ်တွေလေးလံ မှိုင်း ကိုယ်တချက်လတ်စွာ လှုပ်ရှားနေရတာ တစ်မျိုးပင်ပန်းလေ၏။ ခုတော့ ထိုးအမိုက်တွေကနေ တင်းပပြီးသော ပထမဆုံး ခွဲစိတ်ရက်ပေ၊

ထုံးစံအတိုင်း နွယ် စောစောရောက်လာခဲ့ပေ၏။ ဆရာဦးအောင်မြင်၏ မိတာများစေတနာခွဲစိတ်ခန်းက ကျယ်ဝန်းကာ ခေတ်အသစ်နှင့် အစဉ်ရနေခဲ့သည်။ နံရံပြန်မှုများ ဖြူလင်းကာ အစွန်းအထင်းမရှိ သန့်ရှင်းစင်ကြယ်နေစေခြင်းက မမအေးမိရဲ့ စည်းကမ်းစနစ်ပေ။ ငိုးသတ်ဆေးနံ့သင်းနေသော သီရေတာအနီးသို့ ရောက်ခဲ့လျှင်ပင် နွယ့်စိတ်တွေ ပိုနွေးထွေးထက်သန်လာခဲ့သည်။ နွယ် ဘွဲ့လွန်သင်တန်းတက်ရောက်ခဲ့သော ရန်ကုန်ပြည်သူ့ဆေးရုံကြီးက ခွဲစိတ်ခန်းထက်ပင် သည်မြေလတ် ခွဲစိတ်ခန်းလေးကို နွယ် စွဲလမ်းချစ်ခင်သေး၏။ ခွဲစိတ်ခန်းအဝင်မှာ ဖိနပ်ချွတ်လဲရင်း ခွဲစိတ်ခန်းထဲသို့ လှမ်းအော်နှုတ်ဆက်ခဲ့သည်။

"မမအေးမိရေ နွယ်ရောက်ပြီနော်။ ပြီးတာနောက်ကျရင် နွယ့်ကြောင့် မဟုတ်ဘူး။ နွယ်ကတော့ ထုံးစံအတိုင်း အစောဆုံးလာတာ"

မမအေးမိကို အသံမြူးမြူးဖြင့် နှုတ်ဆက်ခဲ့တော့ လူကိုတော့မမြင်ရ၊ သံမဏိထည်သံတွေနှင့်အတူ အသံပဲပြန်ကြားရလေ၏။

"ဒီတစ်ခါတော့ မမအစောဆုံးမဟုတ်ဘူးတော်။ ကျွန်မထက်တောင် စောတဲ့သူရှိနေလို့ ညကတည်းက သီရေတာရှေ့များ လာအိပ်စောင့်သသားမသိဘူး"

အသံတွေကြားနေရ၍ အစောဆုံးရောက်နေသူက နားနေခန်းအဝမှာ ထွက်လာနှုတ်ဆက်လေ၏။

"ဂွတ်မောနင်း မမနွယ်"

သူ့ပြုံးသုံ့သုံ့မျက်နှာကို မိန်းမပီပီသသ မျက်စောင်းထိုးလိုက်ချင်စိတ်ကို မျိုသိပ်ကာ သူ့ကို ပြန်လည် နှုတ်ဆက်ရလေ၏။

"ဂွတ်မောနင်း"

သက်ဇော်နိုင်က ခွဲစိတ်ခန်းဝင် ဝတ်စုံပင်လဲပြီးခဲ့ပြီ။ သူဝတ်ထားသည်က နွယ်ပြောခဲ့လို့ မမအေးမိအသစ်အပ်ထားပေးသော ခွဲစိတ်ခန်းဝင် ဝတ်စုံအသစ်ပေ။ အသစ်ချုပ်ပြီးတာကြာပေမယ့် မမအေးမိက နမြောတတ်စွာ ထုတ်မပေးသေး။

"လူကြီးတွေ ဘာတွေလာမှ ထုတ်ရအောင်ပါလေ။ မမကလဲ" ဟု မမအေးမိက သိမ်းသည်။



"မမအေးမိပြောပုံဖြင့် လူကြီးလာတဲ့အချိန်မှာ ကျွန်မတို့က ဒါကြီးတွေ ဝတ်ပြီး တစ်ယောက်ယောက်ကိုခွဲနေဖို့ ကြံရတော့မယ့် အတိုင်းပဲ။ အရှိကိုအရှိ အတိုင်းပဲ ကောင်းပါတယ်"

"အင်းပါလေ ရှိုဘာလေး စုတ်သွားအောင် စောင့်ပါဦး" ဟု မမအေးမိက ရေရွတ်ခဲ့သော ခွဲစိတ်ခန်းဝင် ဝတ်စုံအသစ်ကို သည်နေ့တော့ သက်ဇော်နိုင်အတွက် မမအေးမိ ထုတ်ပေးထားခဲ့လေ၏။ မမအေးမိရဲ့ ဝတ်စုံက ပုံမကျဘူး။ လည်ပင်းဖိုပုံက သိပ်နိမ့်နေခဲ့ကာ၊ လက်ပေါက်များကျယ်၍ လက်ပြတ်လွန်းသည်ထင်၏။ သူ့လက်မောင်းအိုးများနှင့် ရင်ကျယ်ကို မြင်နေရကာ နွယ်အကြည့်လွှဲပယ်မိရလေ၏။ နွယ် အဝတ်လဲခန်းထဲသို့ ဝင်ခဲ့သည်။ စားပွဲပေါ်မှာ ခွဲစိတ်ခန်းဝတ်စုံ အသစ်လေးကို မြင်ရသည်။ နွယ် ပြုံးမိသည်။ မမအေးမိရဲ့ နှစ်သိမ့်အားပေးသော မှန်ဟင်းခါးကို သတိရမိ၏။ စိစ်ဆေးမေးမြန်းခံရပြီးတော့ တစ်ဖန်အားပေးသော ခွဲစိတ်ခန်းဝင် ဝတ်စုံသစ်များပေ။ ပိတ်စိမ်းရင့် အင်္ကျီအသစ်ကလေးကို ဂါလုယ်ခဲ့ကာ လုံချည်အစိမ်းနုပြောင်ကို နွယ် တိုတိုဝတ်လေ၏။ တိုတိုဝတ်တာတောင် ခွဲစိတ်ခန်းက ထွက်လျှင် လုံချည်အောက်နားမှာ ပေ့ုးမရှိသောနေဆိုတာ ခပ်ရှားရှားပါပဲ။ နွယ်အဝတ်အစားလဲနေစဉ် မှူယာတင်ပါဝင်လာခဲ့သည်။ မှူယာက တလက်လက်တောက်ပနေသော အစတစ်မျိုးကို ထက်အောက်ဆင်တူချုပ် ဝတ်လာခဲ့သည်။ သည်နေ့တွင် မျက်နှာပေါ်မှာ အရောင်တွေပိုစုံလင်လာခဲ့သည်။ သူမဝတ်စားထားသည့် အဝတ်အဆင်နှင့် လိုက်ဖက်လှစွာ။ မှန်ထဲမှတစ်ဆင့် မှူယာ့ကို နွယ်ပြုံးနှုတ်ဆက်လိုက်သည်။

"လာ မှူယာ၊ ကိုယ်ပြီးပါပြီ"

မှူယာက ပြန်ပြုံးပြကာ မှန်ထဲက သူမအရိပ်ကို သူမကြည့်သည်။

"ဟယ် ကြည့်ပါဦး မမနွယ်။ စတိတ်ရှိုးတက်တော့မယ့်အတိုင်း ပြောင်လက်နေတာပဲ။ မှူယာတော့ ကြောင်နေပြီလား မသိဘူး။ ဒါ သဘော်ကပါလာတဲ့ အစလေ မမနွယ်"

"မကြောင်ပါဘူး မှူယာ၊ မှူယာနဲ့လိုက်ပါတယ်"

မှူယာအင်္ကျီစလဲပြီးမှ နွယ် နားနေခန်းထဲပြန်ထွက်လာခဲ့သည်။ ဦးယဉ်နီ၏ အသံဝါဝါကို ကြားနေရပြီ။ နားနေခန်းနံရံကိုမှီကာ ဦးယဉ်နီမျိုးနှင့် စကားပြောနေသော သက်ဇော်နိုင်က ခင်ဦးနွယ်သို့ ရှန်းရှန်းစားစား လှမ်းကြည့်နေခဲ့လေ၏။ နွယ့်တော့ သီရေတာထဲမှာ တစ်ချိန်လုံး ထိုအကြည့်မှ ရှောင်လွှတ်နိုင်မည် မဟုတ်တော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



သက်ဇော်နိုင်အတွက် သူကိုယ်တိုင်ခွဲစိတ်ခံပြီးတော့၊ ပထမဆုံးခွဲစိတ်ခန်းဖြစ်ရသော ရက်လည်းဖြစ်လေ၏။

"မမအေးမီ သက်ဇော်နိုင်ကို မှားဖိတ်ထားမိလား။ စောစောလေးကြွ"

ဆရာယစ်က အသံဝါဝါကြီးဖြင့် သက်ဇော်နိုင်ကို စလေ၏။

"မဖိတ်မိပေါ်စတော်။ သူရောက်လာရင် ကျေး(၆) ရှုပ်လွန်းလို့ သူမလာသော ကျွပ်တို့က ကြိုက်လေပါ"

မမအေးမီက အလုပ်နှင့်လက်မပြတ်ရင်းက လှမ်းအော်ပြောခဲ့သည်။ သူ့အသံက သူမစကားအဆုံးမှာပင်နှင့် ဆန့်ကျင်စွာ မြူးသွက်လို့။ ဆရာယဉ်ချိုက ခွဲစိတ်မည့်စာရင်းကို သွားဖတ်သည်။

"ဟော့ သက်ဇော်နိုင်၊ ဒီမှာ မင်းနာမည်တွေကို ဖျက်ထားတယ်လေကွာ။ မင်းကိုမှ အလိုမရှိဘဲ။ ဘာဖြစ်လို့လာလဲ"

သက်ဇော်နိုင်ကို လှမ်းစပြန်လေ၏။ နွယ် သူတို့ကို နောက်ခိုင်းထားကာ မကြားချင်ယောင်ပြုနေမိလေ၏။ ကိုသူရတောင်သိမှတော့ ဆရာယစ်က သိတာကြာလှရောမည်။ ဘာတဲ့ သူတို့ရဲ့ ယောက်ျားချင်းရင်းနှီးနားလည်မှုဆိုတာလေ။

"အစ်ကို ပင်ပန်းမှာ မကြည့်ရက်လို့ပေါ့ဗျာ"

ကြည့်စမ်း။ သူ့အသံကိုက ရွှင်ပျကာ တစ်ခုံတစ်ယောက်ကို ရည်ရွယ်နေမှန်း သိသာလှလေ၏။ သူ့ရဲ့ ဘယ်သူသိသိဟူသောအကြည့်တွေ၊ အမူအရာတွေကို မရှက်မကြောက်တတ်တော့ဘူးလားမသိ။

□

ခွဲစိတ်ခန်းဝမှ ဆရာမများ၏ လှမ်းနှုတ်ဆက်လိုက်သံကို ကြားရလေ၏။ ဆရာဦးအောင်မြင့် ရောက်လာခဲ့ပြီ။ ခင်ဦးနွယ်၊ ဦးယဉ်ချိုနှင့် သက်ဇော်နိုင်တို့လည်း ထွက်လာခဲ့ကာ ဦးအောင်မြင့်ကိုကြိုလေ၏။ မူယာလည်း ရောက်လာခဲ့သည်။ ဆရာဦးအောင်မြင့် မျက်နှာရွှင်လန်းပေ့ပါးဟန်တွေ့ရသည်။ ထိုစစ်ဆေးမေးမြန်းခြင်းကိစ္စမှာ တစ်ဆေးရုံလုံးကိုပင် ထိခိုက်စေခဲ့တာမှန်လေ၏။ ထိုကိစ္စပြီးငြိမ်းသွားမှ နော်အေမိရဲ့ ဒေါသတွေလည်း လျော့သည်။ သီရေတာထဲမှာ ပြုံးရယ်သံတွေလည်း ပါးသည်။ ဆေးရုံတွင်းမှာလည်း တီးတိုးတွေပျောက်ကာ ပုံမှန်အနေအထားသို့ ပြန်ရောက်လာခဲ့ပြီဖြစ်လေ၏။ ဦးအောင်မြင့်က သူ့ဆေးရုံကို ယခုကဲ့သို့ ပုံမှန်အနေအထားမှာ ပြန်တွေ့ရသည့်အတွက် ဝမ်းသာမိလေ၏။ တစ်ခါတစ်ရံ စစ်ဆေးခြင်း



အပြီးမှာ အချင်းချင်း အာဃာတကြီးမားစွာ အေးစက်တင်းမာသွားတတ်သည့် အခြေအနေမျိုးကို ဦးအောင်မြင့်တွေးတော စိုးရိမ်ထားမိခဲ့လေသည်။ တိုင်ကြားခံရသူနှင့်ဦးစလုံးကို ခွဲစိတ်ခန်းဝင်ဝတ်စုံတွေ အသင့်ဖြင့် အလုပ်ထဲမှာ တက်ကြွလန်းဆန်းစွာတွေ့ရသည့်အတွက် ဦးအောင်မြင့်မျက်နှာ ပြုံးပြုံးကြီး ဖြစ်ခဲ့လေ၏။

"သက်ဇော်နိုင်က ဝင်တော့မလို့လား"

"ဟုတ်ကဲ့ ဆရာ။ ကြာရင် ကျွန်တော် လက်ပျက်သွားမှာစိုးလို့ပါ"

သက်ဇော်နိုင်က ပြုံးရယ်ပြောရင်း ဒေါ်ခင်ဦးနွယ်သို့ လှမ်းကြည့်ခဲ့သည်။

"ဒေါ်ခင်ဦးနွယ်နဲ့ သက်ဇော်နိုင်တို့ အခြေအနေကတော့ ကောင်းမှာပါ။ အဖွဲ့ဥက္ကဌက ကျွန်တော့်ကို စစ်ဆေးရေးပြီးပြီချင်းပြောခဲ့တယ်။ ဆရာဆေးရုံအောင်မြင်ကျော်ကြားနေခဲ့တာ ဆရာက အတော်ဆုံး A.S တွေရထားတာကိုးတဲ့။ အလုပ်လုပ်တဲ့သူဆိုတော့ အတိုင်ခံရတာ မဆန်းပါဘူးတဲ့"

အားလုံးကိုမြို့လို့ ဆရာဦးအောင်မြင့်က ပြောလေ၏။

"သူတို့တွေ့ခဲ့တဲ့ တချို့ဆေးရုံတွေမှာ အချင်းချင်းမသင့်မမြတ်၊ မခေါ်မပြောနိုင်ကြတာတွေရှိတယ်။ ဒီဆေးရုံမှာတော့ ဒါမျိုးမတွေ့ရဘူး။ အားလုံးခင်ခင်မင်မင် ရှိကြတယ်ပေ့ါဗျာ။ အဲဒါ သူတို့ရဲ့ မှတ်ချက်ပါလေ။ ကျွန်တော့် ဆေးရုံမှာရှိတဲ့ ဝန်ထမ်းတွေ သင့်မြတ်ကြတယ်။ အလုပ်ခွင်မှာ ပျော်ကြတယ်ဆိုရင် ကျွန်တော်လည်း အတိုင်းထက်အလွန် ဝမ်းသာတာပါပဲဗျာ"

အားလုံးရဲ့အကြည့်က သက်ဇော်နိုင်နဲ့ ခင်ဦးနွယ်ဆီသို့သာ ရောက်နေလေ၏။ စစ်ဆေးမေးမြန်းခြင်းကို ကြုံကြိုခံ၊ ကျော်ဖြတ်အောင်မြင်လာသူတွေအဖြစ် အားပေးချီးမွမ်းသောအကြည့်တွေ ဖြစ်လေ၏။ ခင်ဦးနွယ်က ခေါင်းငုံ့ပြုံးနေခဲ့ကာ သက်ဇော်နိုင်ကမူ ခင်ဦးနွယ်သို့သာ အတွေ့ပြုံးကြရအောင်၊ မကြာခဏလှမ်းကြည့်လို့နေလေ၏။ ဆရာဦးအောင်မြင့်၏ စကားအဆုံးတွင် ခင်ဦးနွယ်က ခေါင်းမော့ကာ ဆရာသို့ ကြည်လင်စွာပြုံးလို့

"ကျွန်မလည်း ဝမ်းသာမိပါတယ် ဆရာ။ ဒီအဖြေထွက်လာပြီးရင်တော့ ဆိုင်တဲ့ ဦးစိုးမိုးမောင်နဲ့ ကျွန်မတို့ကြားက အထင်အမြင်လွဲမှားမှုတွေ ပြေပျောက်သွားလိမ့်မယ် ထင်ပါတယ်။ မြို့ခံလူထုနဲ့ ဆေးရုံကြားမှာ အထင်အမြင်လေးတွေရှိမယ် ဆိုရင်လည်း ပြေသွားမယ်လို့ ထင်ပါတယ်နော် ဆရာ"

တွေးတွေးဆဆ မေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီစစ်ဆေးမှုကြီး တစ်ခုလုံးရဲ့ သုံးသပ်ချက်နဲ့ ဆုံးဖြတ်ချက်တွေကို ဦးနိုးနိုးမောင်ကို အသိပေးပြီးရှင်းပြမှာမို့ ပြေလည်သွားမှာပါ။ မြို့လူထုတွေကတော့ ကျွန်တော်တို့ ဆေးရုံအပေါ်မှာ အမြင်မလွဲပါဘူး။ ကျွန်တော် ဒီမြို့သားတစ်ယောက် အနေနဲ့ပြောတာပါ ဒေါ်ခင်ဦးနွယ်"

"ကျေးဇူးပါပဲ ဆရာ"

ဆာကျင်မှာ မြို့နယ်ဆရာဝန်တစ်ယောက်ဖြစ်သောသူ ပူပင်စရာမကျန် အောင်ပင် ဆေးရုံအတွက်ပူပင်တတ်သူပေ။ ဆရာဦးအောင်မြင့် အတွေးထဲမှာ နှစ်သိမ့်နေမိခဲ့လေ၏။

"ကဲ ကဲ စလိုက်ကြရအောင်"

ဦးအောင်မြင့်က ပြောရင်းဖြင့် အဝတ်လဲခန်းထဲ ဝင်သွားခဲ့သည်။

ပထမဆုံးလူနာအဖြစ် ဒေါ်မွှားမယ်ရဲ့ ရောက်သီးလုံးခန့်ရှိသော လည်ပင်း ကအကျိတ်ကို ခွဲစိတ်ထုတ်ရမှာ ဖြစ်သည်။ နွယ်က အဒေါ်ကြီးကို နေရာချပေးပြီး သည်နှင့် ထုံးစံအတိုင်း အားပေးစကားပြောခဲ့သည်။

"ကဲ ဆရာယစ်၊ ကျွန်မ လက်ဆေးပြီနော်" ဟု အချင်းချင်းစလိုက်၊ နောက်ပိုက်ဖြင့် ကြာနေတတ်သော ဆရာယစ်ကို လှောမိစဉ်၊ ဆရာယစ်က

"ဒေါ်ခင်ဦးနွယ်၊ သက်ဇော်နိုင် ဝင်လိမ့်မယ်။ လက်ဆေးနေပြီ၊ ကျွန်တော် ဒီဘက်မှာ လူနာတစ်ယောက်ရဲ့ ရေမှန်ကလေး ရှင်းပေးမလို့" ဟု ဆိုလေ၏။ နွယ်နှင့် သက်ဇော်နိုင် လက်ဆေးကန်မှာ ဆုံမိသည်။

"အစ်ကိုကဲ ဖင်ပေးပါဆိုလို့ပါ။ ကျွန်တော် ဝင်မယ်နော် မမနွယ်"

"လက်တောင်ဆေးပြီးနေမှ မေးမနေပါနဲ့တော့ကွာ။ သိပ်ကောင်းပါတယ်။ ကိုယ်တို့လူအားများတော့ မြန်မြန်ပြီးတာပေါ့" ဟု နွယ် မထူးခြားအောင်ပြောပေ မယ့် နွယ့်အသံမှာ စကားထွေးသံ၊ မျက်နှာချမ်းရိပ်လေးနှင့်နှာခေါင်းစည်းအထက်က သူ့မျက်လုံးများက နွယ့်ကို အနူးအညွတ်ပြုံးသွားခဲ့လေသည်။

ခွဲစိတ်ရလျှင် သက်ဇော်နိုင်၏ နော်အေမီအတွဲကို နွယ် စိတ်တိုင်းအကျဆုံးပဲ ဖြစ်လေ၏။ သက်ဇော်နိုင်က နွယ့်ကို ကူခဲ့လျှင် သူ့အာရုံက ဘယ်တော့မှ တခြား မလွင့်။ ခွဲစိတ်နေသည့် ခွဲစိတ်ကွင်းလေး (Operation field) ထဲမှာပဲရှိလေ၏။ တစ်စုံ တစ်ယောက်သို့ တစ်ခုခုလှမ်းပြောပေမယ့်လည်း အခဆင့်တိုင်းမှာ သူ့အာရုံရှိနေ လေ၏။ နွယ်က ဘာလိုချင်သည်။ ဘယ်လိုကူစေချင်သည်။ ခွဲစိတ်ကွင်းလေးကို



ဘယ်လိုကြည့်မြင်ချင်သည် ပြောစရာမလို။ သူ့ အလိုလိုသိကာ၊ သူ့ဘာသာ မြူပြင်ပေးသွားတတ်လေသည်။

လည်ပင်း၏ သိုင်းရွိုက်အကျိတ်ကို လှီးဖြတ်ယူသည့်အခဝင့်သို့ ရောက်လာ ခဲ့သည်။ အကျိတ်အလုံး ဖြည်းဖြည်းချင်း လွတ်လွတ်ကျွတ်ကျွတ်ဖြစ်ကာ သူ့ကိုညှပ် ထားသည့် ညှပ်များနှင့်အတူလက်ထဲမှာ ပါလာခဲ့လေ၏။ သွေတို့အားလုံးကို သံမဏိ ရေဇလုံထဲသို့ ထည့်လိုက်သည်။ လည်ပင်း၏ ဟောင်းလောင်းပေါက်နေရာမှာ သွေးကြောများကို ဖမ်းထားသော ညှပ်များစွာနှင့် အတူကျန်ခဲ့၏။ တစ်ခုစီ ပြန်ချည်၊ ပြန်ချုပ်ရသောအဆင့်ပေ။ နွယ် စိတ်ရှည်သွက်လက်စွာ လက်များလှုပ်ရှားနေသမျှ သက်ဇော်နိုင်က ကူနိုင်လေ၏။

"ဆရာလေးလက်က ဘယ်တော့မပျက်ပါဘူး။ ဆရာဦးမောင်မောင်အား ထက်တောင် ပိုလက်သာလာတယ်နော် မမ"

နွယ်က သူမကဲ့သို့ပင် ကြိုးစားသော A.S ကို ချစ်ခင်သည်။ သူမကို ကူညီခွဲစိတ်ပေးခဲ့လျှင် လူနာကိုယ်တိုင်ထက်ပင် ကျေးဇူးတင်နေမိသေးသည်။ သက်ဇော်နိုင်သို့လည်း ကျေးဇူးတင်စွာ

"ဟုတ်တယ် မမအေမီ။ ကျွန်မကိုယ် ကျွန်မ တစ်လက်တည်းသုံးမဖြစ် အောင် အမြဲသတိခြိုင်နေရတယ်။ ကျွန်မ ခက်ခဲတာ တစ်ခုခုခွဲရတော့မယ်ဆိုရင် သက်ဇော်နိုင်နဲ့ မမအေမီကိုပဲ တမိနေတာကြောင့် ခက်နေတာ။ ဆရာယစ်လည်း မဆိုးပါဘူး။ ဒါပေမယ့် သူက အစအနောက်သန်လွန်းတယ်"

နွယ် ရယ်ရယ်မောမော ရိုးသားပွင့်လင်းစွာ ပြောမိလေ၏။

"မမနွယ် ကျေးဇူးတွေပဲလေ။ ကျွန်တော်ဝင်ကာစကဆိုရင် တောက တက်လာတဲ့သူဆိုတော့ အရမ်းကြောင်တာပဲ"

"မဟုတ်ပါဘူး။ သက်ဇော်နိုင်က ကိုယ်ပိုင်အရည်အသွေးနဲ့လာတာပါ"

"ဆာကျင်က ချီးကျူးတာဆိုတော့ ကျွန်တော် တကယ်ပျော်သွားပြီဗျာ"

သက်ဇော်နိုင်က မော့ရယ်လိုက်သည်တွင် နွယ်နှင့်အကြည့်ချင်းဆုံမိကြ သည်။ နွယ်တို့တစ်ယောက်မျက်လုံးများကို တစ်ယောက်ကြည့်ကာ ပြုံးမိကြလေ၏။ ထိုတဒင်္ဂတွင် မနေ့က သူ နွယ့်ကို ချစ်ခွင့်တောင်းခဲ့သည့်အဖြစ်ကို နွယ်မေ့မိခဲ့ လေ၏။

□

www.burmeseclassic.com



ဒေါ်ဖွားမယ်ကို ခွဲစိတ်ပြီး နွယ် လက်ဆေးကန်မှာ လက်ဆေးနေစဉ် သက်ဇော်နိုင်ပါ ရောက်လာခဲ့သည်။ နွယ် သူ့ကို အနားမှာမရှိစေချင်၍

"သက်ဇော်နိုင် အရင်ဆေးသွားလိုက်လေ" ဟုနေရာဖယ်ပေးစဉ်

"လုပ်ပါ မမနွယ်အရင်ဆေးပါ" ဟုဆိုကာ နေရာမှ မသွားဘဲနေလေ၏။ နွယ် အနည်းငယ်စိတ်အိုက်စွာ လက်ကိုမြန်မြန်ဆေးလေ၏။ ထင်သည့်အတိုင်းပဲ သက်ဇော်နိုင် နွယ့်အနီးသို့ တိုးကပ်ခဲ့ကာ တိုးတိုးလေး မေးလေ၏။

"မမနွယ် ကျွန်တော် ပြောထားတာ သေချာပြန်စဉ်းစားကြည့်နေပြီလား"

နွယ်က စကားမပြန်။ လက်ပဲ ပွတ်ဆေးနေခဲ့သည်။

"စည်သူ၊ ညီသူကိစ္စလား မမနွယ်၊ ကျွန်တော်အားလုံး စဉ်းစားထားပါတယ်။ ညီသူက ကျွန်တော့်ကိုချစ်တယ်။ စည်သူကတော့ ဆရာ့နေရာမှာ ဘယ်သူ့ကိုမှ အစားမထိုးနိုင်ဘူးဆိုတာ ကျွန်တော်သိပါတယ်။ ဒါပေမယ့် ကျွန်တော် သူတို့ကျေနပ်အောင် ကြိုးစားမှာပါ။ သူတို့ဘဝထဲက ဆရာ့နေရာ ကျွန်တော်လုယူမှာမှ မဟုတ်တဲ့။ ကျွန်တော် သူတို့ရဲ့ ဦးအဖြစ်နဲ့ပဲ ဆက်နေမှာပါ။ မမနွယ်နဲ့ ကျွန်တော် မဝေးချင်ဘူးဗျာ"

အတွေးတွေ ထွေပြားနေဟန်ဖြင့် သူ့စကားတွေ၊ သူ့စိတ်လောကြီးမှုတွေနှင့် သက်ဇော်နိုင် အမောတကောရှိနေခဲ့လေသည်။ နွယ် သူ့ခံစားမှုတွေကို လမ်းလွှဲပြောင်းလိုက်ခဲ့သည်။

"ဝင်ခွဲကူလို့ ပေးရတဲ့အဖိုးအခကလည်း နားပူလှပါလားကွာ"

နွယ်က ခပ်ပြုံးပြုံးပြောသောအခါ သူကလည်း ရှင်ပျူစွာရယ်မောလေ၏။

"ကူလည်းကူပေးဦးမယ်။ နားလည်းပူဦးမှာပဲ မမနွယ်" ဟုကြိတ်ကာ ပြောလေ၏။

□

ဒုတိယလူနာမှာ သားဥအိမ်အလုံးထုတ်ရမည့် လူနာ မတင်ဝေဖြစ်လေ၏။ ဗိုက်ထဲမှာ အလုံးတစ်လုံးရှိနေခဲ့တာ သုံးနှစ်ကျော်ပြီ။ တဖြည်းဖြည်းကြီးလာ၏။ မတင်ဝေမှာ နှလုံးရောဂါခံလည်း ရှိသည်။ ကလေးနှစ်ယောက်မွေးပြီးပြီ။ အသက်က ၃၅နှစ်။ သည်နေ့ခွဲစိတ်ကုသမှုက ဥအိမ်အလုံးကိုထုတ်ကာ သားကြောပါဖြတ်မှာ ဖြစ်လေသည်။ သားကြောဖြတ်လျှောက်လွှာလည်း ကျပြီးခဲ့သည်။ နှလုံးရောဂါသည် တစ်ဦးဖြစ်ရာ မေ့ဆေးအဏ်မခံနိုင်မည်စိုး၍



ထုံဆေးနှင့်ခွဲထုတ်ဖို့ နွယ်ကိုဆုံးဖြတ်ထား ကြလေ၏။ ထိုခွဲစိတ်မှုတွင် ဆရာဦးယဉ်မျိုးက ဆာဂျင်၊ ဒေါ်မူယာက အကူဟု စာရင်းတင်ထားခဲ့ပေမယ့် မူယာက သက်ဇော်နိုင်ကိုပဲ ဝင်ပေးဖို့ အကူအညီတောင်းခဲ့လေ၏။

"မမနွယ်ကိုကူပေးရင် ဆရာဦးယဉ်မျိုးကြီးကိုလည်းကူပေးမှ တရားမှာပေါ့နော် မမအေဗီ"ဟု မူယာတင်က ကျီစယ်သွားလေ၏။ သူမက တစ်ဖက်ခြေသေးစား ခွဲစိတ်ခန်းမှာ အခါကြီတ်လေးတစ်ခုထုတ်နေခဲ့သည်။ ဦးယဉ်မျိုးက မမေ့သော မတင်ဝေကို အာဝဇ္ဇန်းရွှင်ရွှင်ဖြင့် စကားတွေပြောရင်း ဗိုက်ပြင်ပေါ်မှာ ထုံဆေးလှည့်ပတ်ထိုးနေခဲ့၏။

"မတင်ဝေ အခုမတင်ဝေကိုခွဲမှာ ဘယ်သူက ခေါင်းဆောင်ပြီးခွဲမှာလည်း သိလား" ဟု လေသံတာမင်ထန်ထန်နှင့် မေးတော့

"ဆရာပါ ဆရာရယ်"

ဆေးထိုးနေသည်ကို စမ်းသပ်ခံယူရင်းက မတင်ဝေက ဖြေလေ၏။ မတင်ဝေကလည်း မခေ။ မြို့ထဲမှာ ခေတ်စားနေသော ဆေးရုံနှင့် မြို့ခံကိစ္စကို ကြားဖူးနားဝ ရှိပုံရလေ၏။

"ဒါဖြင့် ဒီဘက်က ဆရာလေးကတော့ ခေါင်းဆောင်မဟုတ်ဘူးလို့ မတင်ဝေ ဆိုလိုချင်တာလား"

"မဟုတ်ပါဘူး ဆရာရယ်။ သူလည်း ခေါင်းဆောင်ပါပဲ"

"ဒါဖြင့် ဒီမှာ ရပ်နေတဲ့ ခွဲစိတ်အထူးကုဆရာမကတော့ ခေါင်းဆောင် မဟုတ်ဘူးလား"

"ဆရာဝန်မကြီးလည်း ခေါင်းဆောင်ပါပဲရှင်"

နွယ် ရယ်မောမိလေ၏။

"ဟာ ခေါင်းဆောင်တွေ တယ်လည်းဖောင်းပွပါလား"

ဆရာယဉ်က အသံဝါဝါကြီးဖြင့် ရယ်မောသည်။

"မတင်ဝေ ဆေးထိုးထားတာ အာရုံမရောက်အောင် ဒီကဆရာက စကားတွေ များပေးနေတာပါ။ ကဲအခု ထုံသွားပြီ မဟုတ်လား။ မနာတော့ဘူး နော်။ အိပ်ပျော်အောင်ဆေးတစ်ချောင်းတော့ ထိုးပေးမယ်။ နည်းနည်းတော့ သိနေမှာပေါ့။ သိတဲ့အခါ မတင်ဝေက ဘုရားစာရွတ်နေ ဟုတ်လား"

နွယ် နှစ်သိမ့်ပေးရင်းက အကြောမှနေ၍ ပက်သဒင်းထိုးပေးခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဆရာယဉ့်မျိုးနှင့် သက်ဇော်နိုင်၊ လှလှစောတို့အတွဲမှာလည်း အပေးအယူမှုကြကာ ကြည့်လို့ကောင်းလေ၏။ နွယ်က ကိုယ်တိုင်ခွဲစိတ်ရုံမက သူများအဖွဲ့ခွဲစိတ်တာကိုလည်း ကြည့်ဖို့ပါသနာပါလေ၏။ ဆရာယစ်ကမူ ဘယ်သူကိုမှ အလွတ်မပေးတော့။ ဝ နောက်တတ်သည်။ လှလှစော အပ်ချုပ်ထိုးသည်ကိုစောင့်နေ... သူ့လက်ထဲက ညှပ်ကို သက်ဇော်နိုင်ပါးစပ်အနီးမှာ မိုက်သလော... နှက်ကပ်လျက်

"အခုလို ဆာကျင်မဟုတ်တဲ့သူ တစ်ယောက်ကို ခွဲကုရတာနဲ့ ဆာကျင်ကို ကုရတာ ဘယ်လိုများထူးခြားတယ်လို့ ခံစားရပါသလဲခင်ဗျာ"

သက်ဇော်နိုင် နွယ့်ကိုလှမ်းကြည့်ကာ ရယ်သည်။ နွယ်လည်း ဟန်မဆောင်နိုင်ဘဲ ရယ်မောမိလေ၏။ သက်ဇော်နိုင်၏ အကြည့်များကို ရှောင်လွှဲရင်း.

"ယောကျ်ားချင်း ရင်းနှီးနားလည်မှုတွေနဲ့ အလုပ်လုပ်ရတာ ပိုကောင်းမယ် ထင်တယ်။ မိန်းမတစ်ယောက်ကို ခွဲစိတ်ကုရတာထက် တရင်လေ"

နွယ် ပြောမိလေ၏။ သက်ဇော်နိုင် အံ့အားသင့်သောအပြုံးမျက်လုံးဖြင့် 'ဟာ' ခနဲအော်သည်။ နွယ် ဘာ့ကြောင့် ဒီစကားထည့်ပြောလိုက်မိမှန်းမသိ။ သက်ဇော်နိုင်ရဲ့ အကြည့်တို့ကြောင့် အနည်းငယ် ရှက်အမ်းခဲ့ကာ ခွဲစိတ်ခန်းအပြင် ရှောင်ထွက်ဖို့အလှည့်လိုက်တွင် ခွဲစိတ်ခန်းတံခါးက ဖြုန်းခနဲပွင့်သွားခဲ့လေ၏။ မောင်တင်လှက ဖွင့်ပေးခဲ့ကာ ဆရာဦးအောင်မြင့် ဝင်လာတာ တွေ့လိုက်ရလေသည်။ ဆရာရုံးခန်းဆီ ပြန်သွားခဲ့တာ မကြာသေး။ ဆရာ့မျက်နှာမှာ အလွန်ထူးခြားနေခဲ့သည်။ ထိုအရိပ်အယောင်မှာ ဆေးရုံသို့ စစ်ဆေးရေးလာရောက်သည့်ကိစ္စပေါ်ပေါက်စဉ်ကထက် ပိုထိခိုက်နေသလိုရှိသည်။ သူ့လက်ထဲမှာ ရုံးစာအိတ်လေးတစ်လုံး ပါလေ၏။ သူက ခင်ဦးနွယ်ဆီသို့ တုတ်ကောက်ကို ဆ ထောက်လျက် လျှောက်လာခဲ့ကာ

"အခုပဲစာတိုက်က ရောက်လာတာ ဒေါ်ခင်ဦးနွယ်။ ကျွန်တော့်ရုံးကိုလည်း တစ်စောင်ဝင်တယ်။ ဒေါ်ခင်ဦးနွယ်ဆီပို့တာ။ ထရန်စဖာအော်ဒါပဲ။ မြစ်ကြီးနားပြည်နယ်ဆေးရုံကြီးကိုတဲ့ဗျာ"

နွယ် အံ့ဩမင်တက် တိတ်ဆိတ် သွားမိသည်။ ဆရာဦးအောင်မြင့်ကမ်းပေးသော စာအိတ်လေးကို အမှတ်တမဲ့ လှမ်းယူလိုက်သည်။ စာအိတ်ကို ဖွင့်သော



နွယ့်လက်များ တုန်နေခဲ့လေ၏။ အမိန့်စာ စာရွက်လေးကိုဖတ်နေစဉ် သီရေတာ တစ်ခုလုံး တိတ်ဆိတ်သွားခဲ့တာကို နွယ် သတိမထားမိ။ နွယ် ဖတ်နေသော စလုံးတွေက မာ°မညာ လှုပ်ရှားတုန်ခုန်နေကြသကဲ့သို့ ရှိလေသည်။ စာလုံးတွေများစွာထဲက ဒေ ဦးနွယ် ဟူသော အမည်တစ်ခုနှင့် မြစ်ကြီးနားပြည်နယ်ဆေးရုံကြီးသို့ ပြောင်းရွှေ့ နို့ထားလိုက်သည်ဆိုသော စာပိုဒ်တစ်ပိုဒ်ကိုပဲ မြင်ခဲ့မိလေ၏။ နွယ် စာရွက်လေးကို ဖြည်းညင်းစွာပြန်ခေါက်ကာ ဆရာဦးအောင်မြင့်သို့ မော့်ကြည့်မိခဲ့လေ၏။ နွယ် ပထမဆုံးပြောလိုက်မိသော စကားမှာ

"ကျွန်မ စိတ်မကောင်းပါဘူး ဆရာ"

□

သီရေတာထဲမှာ အလွန်အရေးကြီးသော လူနာတစ်ဦးကို ခွဲစိတ်နေစဉ်ကဲ့သို့ တိတ်ဆိတ်သွားခဲ့သည်။ သီရေတာထဲမှာ ရှိနေသော စတပ်(ဖ်) နပ်(စ်) ဒေါ်မြင့်ကြည်၊ နော်အေမီ၊ အလုပ်သမားမောင်တင်လှ၊ မစိမ်းညို၊ အားလုံးက ဒေါ်ခင်ဦးနွယ်ကို လှမ်းငေးကြည့်လိုက်မိကြသည်။ စတင်သက်ဝင် လှုပ်ရှားကာ အခြေအနေကို ထိန်းသိမ်းလိုက်သူက ဆရာဦးအောင်မြင့်ပဲ ဖြစ်လေ၏။

"အေးဗျာ ဝန်ထမ်းဆိုတာ ဒီလိုပါပဲ။ ရောက်ချိန်တန်ရောက်ပြီး ပြောင်းချိန်တန်တော့ ပြောင်းရမှာပေါ့လေ။ ဒေါ်ခင်ဦးနွယ် ပြောင်းရတော့မယ်ဆိုတော့ ကျွန်တော်တို့ မြို့နယ်အတွက်သာ မကဘူး။ အနီးအနားမြို့နယ်တွေပါ ဆုံးရှုံးရတာပါပဲ"

ဖြည်းလေးစွာ ပြောလေ၏။ နွယ်သည်တော့မှ အသိစိတ်ဝင်ခဲ့သည်။ ဦးအောင်မြင့် ကြာကြာမရပ်နိုင်သည်ကို သတိရကာ

"ကျွန်မတို့ နားခန်းမှာ ထိုင်ကြတာပေါ့ ဆရာ"

ဟု ဆရာဦးအောင်မြင့်ကို နားခန်းဆီသို့ ခေါ်ယူကာ ခွဲစိတ်ခန်းမှ ထွက်ခဲ့သည်။ သည်တော့မှ ငြိမ်သက်သွားသော သီရေတာမှာရုတ်ချည်းအသက်ဝင်ခဲ့တာ အသံတွေ ဆူညံသွားခဲ့လေ၏။

"မြေလတ်ကို မမေ့ထားခဲ့တော့မှာပေါ့လေ။ အင်းလေ နာမယ်ပိုနိုင်လည်း နာလောက်ပါတယ်"

နော်အေမီက သူ့ပါနာကြည်းပုံနှင့် ပြောခဲ့သည်။ ဒေါ်မြင့်ကြည်က

www.burmeseclassic.com

www.burmeseclassic.com



"မမ မရှိမှ မမတန်ဖိုးကို မြေလတ်ကနားလည်လာတော့မှာ"ဟုဆိုကာ သုလုစောကာ ဘာ ဝမ်းနည်းသံလေးနှင့်

"ဘယ်လိုမှ မထင်ထားဘူး မမရယ်" ဆိုလေ၏။

မောင်တင်လှက မစိမ်းညိုကို

"မမသွားမှာ ငါတော့စိတ်မာတတ်ကျပြီ" ဆိုကာ၊ မစိမ်းညိုက 'အေးလေ' ထောက်ခံလေ၏။

စကားအလွန်များသော ဆရာယဉ်မျိုးက

"ဘာသံမကြား၊ ညာသံမကြားပါလား" ဟုသာဆိုလျက်၊ စကားတစ်ခွန်းမှမပြောနိုင်သူက သက်ဇော်နိုင် ဖြစ်လေ၏။

□

မြေလတ်ဆေးရုံလေးတွင် ခင်ဦးနွယ်က ဆရာဦးအောင်မြင်နှင့် နော်အေမီပြီးလျှင် သက်တမ်းအကြာမြင့်ဆုံး လက်ထောက်ဆရာဝန်ပေ။ ငါးနှစ်ခြောက်လကျော်ရှိခဲ့ပြီ၊ ဝန်ထမ်းဆရာဝန်တစ်ယောက်အတွက် တစ်နေရာတည်းမှာ အတန်အသင့်ကြာမြင့်သည် ဆိုရမည့်ကာလပေ။ မြေလတ်သို့ ပြောင်းရွှေ့ရတော့မည်ဆိုတော့ နွယ် မြေလတ်ကို မြန်မာပြည်မြေပုံပေါ်မှာ ရှာဖွေကြည့်ခဲ့ရသည်။ နွယ်ကိုယ်တိုင်ရန်ကုန်နှင့် ဝေးရာသို့ ပြောင်းရွှေ့ခွင့်လျှောက်ခဲ့တာလည်း ဖြစ်သည်။ တကယ်ပြောင်းရွှေ့ရတော့မည်ဆိုတော့ နွယ် မရဲ့မရဲ၊ မြေလတ်က နွယ့်အတွက် စိမ်းလှလေသည်။ နွယ်နှင့် စည်သူ၊ ညီသူတို့ ရထားဖြင့်လာခဲ့ကြသည်။ ရထားလမ်းဘေးမှာ တွေ့နေကျအဖြူရောင်ဆိုင်းဘုတ်လေးရှိ 'မြေလတ်'ဟူသော အမည်လေးကို တွေ့လိုက်ရအပြီးမှာ ဘူတာရုံလေးကို တွေ့လိုက်ရလေသည်။ ဘူတာရုံအနီးမှာ နွယ့်စိတ်ထဲမှာရင်းနှီးလှပေသော ပန်းခြံနှင့် ရေပေါ်တံတားနုံးနုံးလေးကို လှမ်းမြင်ရနိုင်သည်။ မြေလတ်မြို့လေးက တစ်ခါက ရောက်ခဲ့ဖူးသလို Dejavu ခံစားမှုတွေပေးလျက်ရင်းနှီးနွေးထွေးစွာ နွယ့်ကို ကြိုလေ၏။ ခြောက်အိပ်မက်ထဲမှာ စိတ်ကစဉ်ကလျားဖြင့်လျှောက်သွားရင်း သည်မြို့လေးသို့ အမှတ်မထင်ရောက်ခဲ့သည်နှင့်ပင်' တူလှ၏။ ခုချိန်မှာတော့ နွယ် သည် မြေလတ်သူတစ်ယောက်လိုပင် လေယူလေသိမ်းဝဲခဲ့ကာ မြေလတ်သူတစ် ယောက် ကဲ့သို့ပင် တွေးခေါ်ပြုမူနေတတ်ပြီ၊ နွယ့်ကို မြေလတ်က များစွာရင့်ကျက် ပြောင်းလဲစေခဲ့သည်။ ရင်ဆိုင်ခဲ့ရသော ဘဝသင်ခန်းစာများလည်း မွေးဖွားပေးခဲ့ရာ။ ထိုအရာအားလုံးအတွက် ကျေးဇူးပါကွယ်။



တစ်ကြိမ်မှာတော့ အလုပ်ခွင်အတွင်းအဆင်မပြေမှုတွေဖြင့် နွယ်ပြောင်းရွှေ့ခွင့် ကြိုးစားရတော့မလား စဉ်းစားမိခဲ့သည်။ ထိုစဉ်ကသာ နွယ် ပြောင်းရွှေ့ဖြစ်ခဲ့လျှင် စစ်ဆေးမေးမြန်းခံရမှာ မဟုတ်ဟုပင် ထင်မိသည်။ သို့ပေမယ့် နွယ်ကျော်လွန်ဖြတ်သန်းနိုင်ခဲ့သည်ပါပဲ။ ဝန်ထမ်းအချင်းချင်းတွေရဲ့ ရိုင်းပင်းကူညီချစ်ခင်မှုကိုလည်း မြင်တွေ့ခွင့်ရခဲ့သည်။ ထိုအခါ နွယ့်တွင် အားသစ်၊ ခွန်သစ်တွေဝင်လာခဲ့ကာ၊ မြေလတ်ဆေးရုံလေးမှာ ပျော်ရွှင်မိခဲ့ပြန်လေသည်။ မြေလတ်ရှိခွဲစိတ် ခန်းလေးကိုလည်း နွယ်ကိုယ်ပိုင်ဟု စွဲလမ်းထင်မြင်နေမိပြီ၊ ပိုးသတ်ဆေးရနံ့သင်းသင်းနှင့် ခွဲစိတ်ခန်းနံရံဖြူဖြူတို့က နွယ့် ညစ်နွမ်းစိတ်မှန်သမျှ ပြေစေစွမ်းသည်ဟု ယုံကြည်နေခဲ့ပြီ၊ သည်အချိန်မှာ ပြောင်းရွှေ့မိန့်က မမျှော်လင့်ဘဲ ရောက်ရှိလာခဲ့ခြင်း ဖြစ်လေ၏။

"ဒေါ်ခင်ဦးနွယ် ဘယ်တော့ ပြောင်းချင်လဲ"

ဆရာဦးအောင်မြင်က မေးခဲ့သည်။ နွယ့်ပို့(စ်)က လက်ထောက်ဆရာဝန်သာဖြစ်ရာ ပြောင်းရွှေ့ချင်၍ မခက်ခဲလှ။ ဆရာဦးအောင်မြင်ကို အလုပ်တွေခေတ္တလွှဲပြောင်းပေးထားပြီး ပြောင်းရွှေ့သွားလျှင် ရလေ၏။

"ကျွန်မနဲ့ လဲရတဲ့ ဒေါက်တာရဲညွှန့်သွင်လာမှပဲ သွားမလားလို့ဆရာ"

ဦးအောင်မြင် အနည်းငယ် စိတ်ပေါ့ပါးသွားဟန်ဖြင့်

"ကောင်းတာပေါ့ဗျာ၊ ဒီမှာအလုပ်လစ်ဟင်းတာမျိုး မရှိတော့ဘူးပေါ့။ ကျွန်တော်တို့လည်း ဒေါ်ခင်ဦးနွယ်ကို Fare well ကောင်းကောင်းလုပ်ပေးချင်သေးတယ်။ အေးဗျာ ကျွန်တော်လည်း စိတ်မကောင်းပါဘူး"

ခွဲစိတ်ကုသခြင်းကို ဝါသနာထက်သန်သမျှ ဆေးရုံလုပ်ငန်းကိုလည်း သံယောဇဉ်ကြီးစွာဖြင့် ခွဲစိတ်ဆောင်အတွက် ထောက်ကူပံ့ပိုး အလျှုငွေထည့်ခြင်းဖြင့်သာ မြေသိမ့်နေရှာသော မြို့နယ်ဆရာဝန် ဦးအောင်မြင်။ သူတွယ်တာလှသော အလုပ်ခွင်သို့ ဖြည်းဖြည်း ဖြည်းဖြည်း လျှောက်သွားနေခဲ့သည်ကို နွယ် ရပ်ငေးကြည့်ကျန်ရစ်မိလေသည်။

□

ပြောင်းရွှေ့မိန့်ထွက်ပြီး နောက်တစ်နေ့ နွယ် ဆေးရုံရောက်သောအခါ အမျိုးသားလူနာဆောင်ထဲမှာ Round နေသော သက်ဇော်နိုင်ကို တွေ့ရသည်။ သူက နွယ့်ကို နှုတ်ဆက်သလို တစ်ချက်ကြည့်လျက် သူ့ လုပ်လက်စအလုပ်များကို

www.burmeseclassic.com

www.burmeseclassic.com



ဆက်လုပ်နေခဲ့သည်။ နွယ် အမျိုးသမီးဆောင်မှာ ကြည့်ပြီး၍ အမျိုးသားဆောင်သို့ ကူးသွားခဲ့သေးသည်။ အခါ သူက ခါတိုင်းကကဲ့သို့ပင် လူနာတွေအကြောင်းနှင့် ရောဂါအတိုးအလျှော့ကို ပြောပြခဲ့လေ၏။ အမျိုးသား လူနာဆောင်မှာ မနေ့က လှလှစောကို ကြိမ်မတ်နိုင်းခဲ့၍လား။ သက်ဇော်နိုင်ပြန်ရောက်လာ၍မလားမသိ။ သန့်ရှင်းသပ်ရပ်နေခဲ့သည်။ နွယ်က

"ဆရာယစ်ရော မတွေ့ပါလား"

ဟုမေးမိသည်။ သက်ဇော်နိုင်က စာရေးနေရာမှ မော်မကြည့်ဘဲ

"သူ ဆရာကြီးဝပ်(၁)မှာ မမနွယ်"

ဟုဖြေလေ၏။ နွယ် မျက်မှောင်ကြုတ်မိသည်။ ဆရာဦးအောင်မြင့် အခရေပေါ်ခေါ်နိုင်းသလားမှ မသိတာဘဲလေ။ နွယ့် ဝပ်(၁)က လက်ရှိ A.S က နွယ်မသိဘဲ ပျောက်နေကာ တခြားတစ်ယောက်က ခပ်တည်တည်ရောက်လာနေခြင်းကို နွယ် သိပ်တော့ ဘဝင်မကျ။ ကြာသပတေးနေ့ နံနက်(၁၀)နာရီ လူနာသစ်များ ဆေးရုံဝင်းလူနာများကို ပြန်ခေါ်ကြည့်ချိန်တွင် ခါတိုင်းကလိုပင် နွယ့်အခန်းသို့ သက်ဇော်နိုင် ရောက်လာခဲ့သည်။ စီရီထပ်ထားသော စာအုပ်တွေအလိုက် လူနာခေါ်ယူခဲ့ပြီး၊ တစ်ယောက်စီကို နွယ် ကြည့်ရှုစစ်ဆေးသောအခါ မြေလတ်ဆေးရုံမှ ဓာတ်ခွဲမှူးနှစ်ဦး ဝင်လာကြ၏။ ဦးတင်ထွန်းနှင့် ဒုဓာတ်ခွဲမှူး နီလာလွင်ကို နွယ်က ပြုံးနှုတ်ဆက်ခဲ့သည်။

"မပြောင်းရမယ်ဆိုတာ ဒီနေ့မှ ကျွန်တော်တို့ သိတယ်"

"မြစ်ကြီးနားကို ဆို"

"ဟုတ်တယ်"

"စိတ်တောင်မကောင်းဘူး မမရယ်"

"ကျွန်မလည်း စိတ်မကောင်းပါဘူး။ ဒါပေမယ့်လည်း ဝန်ထမ်းဆိုတာ ဒီလိုစေရာသွားရမှာပေါ့လေ"

သက်ဇော်နိုင်က အလုပ်နားက သူတို့စကားဝိုင်းကို ကြည့်နေခဲ့သော်လည်း စကားဝင်မပြောခဲ့ပေ။

"မမ ပြောင်းဖို့ လျှောက်လိုက်တာလားဟင်"

နီလာက မေးသောအခါ၊ သက်ဇော်နိုင် နွယ့်ကိုဖျတ်ခနဲလှမ်းကြည့်ခဲ့လေ၏။



"မလျှောက်ပါဘူး။ အချိန်ကျလို့ ပြောင်းပေးတာ ဖြစ်မှာပါ"

ဓာတ်ခွဲမှူးများလည်း နွယ်နှင့်အတူ ငါးနှစ်ကျော်လက်တွဲခဲ့ကြသည်။ လူနာသွေးလိုလျှင် အခုချက်ချင်း၊ အခုချက်ချင်းဟု နွယ်လာပြောခဲ့သမျှ ဗိုလ်ကျခံခဲ့ရသူများပေ။ ထိုအကြောင်းများကို ပြန်ပြောရင်း နွယ်က ကျေးဇူးတင်ကြောင်း ပြောတော့ သူတို့က "မလိုပါဘူး မမရယ်"ဟု ရယ်မောကာ နောက်ကြောင်းများကို သတိရကြဟန် တူလေ၏။ သူတို့ထွက်သွားမှ အလုပ်ပြန်စနိုင်လေ၏။ သည်တစ်ကြိမ်လူနာက ဦးမြင့်သူ။ အစာအိမ်နာ ခွဲဖြတ်ထုတ်ထားသော လူနာဖြစ်ကာ ခွဲစိတ်ပြီး တစ်လ တစ်ကြိမ်လာပြနေသူဖြစ်လေ၏။ သူ့ကို ကြည့်ပေးခဲ့သည်။ ဦးမြင့်သူက ပြန်ဖို့ထတော့

"နောက်တစ်ခါ လာရင်တော့ ဆရာမနဲ့ မတွေ့ရတော့ဘူးပေါ့နော်။ ဆရာမ ပြောင်းရမယ်ဆိုတော့ ကျွန်တော်မြင့် တအားလျှော့သွားတာ" ဟု သတင်းကြားခဲ့ ပြီးဟန်နှုတ်ဆက်လေ၏။

"ကျွန်မ မရှိလည်း ကျွန်မနေရာကိုသိတဲ့ ဆရာဝန်ကြီးတစ်ယောက်ရှိမှာပါ။ ဒီဆရာတွေလည်း ကျန်ရစ်မှာလေ"

နွယ်က အလိုက်အထိုက်ပြန်ပြောရင်း သက်ဇော်နိုင်ကိုပါ ညွှန်းပြောခဲ့ပေမယ့် သူက မော်မကြည့်ဘဲရှိလေ၏။ လူနာနောက်တစ်ယောက် မခေါ်ရသေးမီ မြင့်နှင့် အလုပ်သမားမရီတို့ ဝင်လာကြသည်။ မြင့်က စိတ်မကောင်းစွာ

"မမ ပြောင်းဖို့ လျှောက်လိုက်တာလား" မေးခဲ့ပြန်သည်။ မဟုတ်ပါဘူး နွယ်က ဖြေရှင်းရပြန်လေ၏။ လူနာတစ်ယောက် ကြည့်ပေးပြီးအထွက်မှာ ရုံးခန်းက ရုံးအုပ်ကြီး ဦးညိုနှင့် စာရေးမလေး အငယ်တွေက ဝင်လာခဲ့ပြန်၏။ နွယ့်ကို လာ သတင်းမေးကြသည်။ သူတို့ ထွက်သွားတော့ နွယ်က

"တကယ်က ကိုယ်ကလိုက်နှုတ်ဆက်မလို့ပါ။ အလုပ်ပြီးမှ ဆေးရုံတစ်ပတ် လိုက်နှုတ်ဆက်မယ် စိတ်ကူးထားတာ။ ဒီပုံနဲ့ဆို အလုပ်ကလည်း ပြီးပါ့တော့မလား"

ရယ်မောပြောမိလေ၏။ သက်ဇော်နိုင်က လိုက်မရယ်မောခဲ့ပေ။ နွယ့်ကို တစ်ချက်ကြည့်ကာ

"နောက်တစ်ယောက်ကို ခေါ်လိုက်တော့မယ် မမ"

ဟုအလုပ်စကားကိုသာ ပြောလေ၏။ နွယ့်စကားကို အဖြတ်ခံလိုက်ရသလို

www.burmeseclassic.com

www.burmeseclassic.com

နှယ့်စိတ်ထဲမှာ အောင့်သက်ရလေသည်။ သက်ဇော်နိုင် နှယ့်ပြောင်းရွှေ့မိန့်နှင့် ထပ်သက်လို့ သတင်းမေးခြင်းပင် မရှိခဲ့သေးတာ သတိရမိလေသည်။

လူနာကုန်သွားသောအခါ သူဆေးရုံဆင်းလက်မှတ်များ ထိုင်ရေးနေခဲ့သည်။ မနေ့က သီရေတာထဲမှာတွေ့ရသော သက်ဇော်နိုင်နှင့် နှယ့်ရှေ့က သက်ဇော်နိုင်မှာ တစ်ယောက်တည်းမဟုတ်တော့သလိုပေ။ မနေ့ကကဲ့သို့ တက်ကြွရွှင်လန်းကာ ပျော်ရွှင်၊ စနောက်ချင်နေသော သက်ဇော်နိုင် မဟုတ်တော့။ စကားအလွန်နည်းပြီး ငြိမ်သက်နေခဲ့သည်။ နှယ့်အလုပ်ကိုသာ ထိုင်ကူလုပ်ပေးနေခဲ့ကာ နှယ့်ကို စကားမပြောခဲ့။ စိတ်အပြောင်းအလဲ အတက်အကျမြန်တတ်တဲ့ယောကျ်ား တွေရဲ့ တောင်တန်းတွေနှင့်တူသော သဘာဝပင်လား။ နှယ် သက်ဇော်နိုင်ကို ငေးကာ တွေးနေမိခဲ့သည်။ သူက နှယ့်ကို ဖျတ်ခနဲ မော်ကြည့်မှ နှယ်အသိဝင်ကာ မျက်တောင်ခတ်မိရသည်။ သူက ပြုံးယောင်ပြုကာ စာအုပ်တွေ၊ လူနာချတ်တွေ ကောက်ယူကာ ထရပ်လိုက်လေ၏။

"ရေးပြီးပြီလား"

"ဟုတ်ကဲ့ D.C စာရွက်တွေသွားပေးတော့မလို့"

သူက နှယ့်ကို မကြည့်တော့ဘဲ ဖြေသည်။ နှယ်ကမူသူ့ကို ကြည့်လျက်

"သက်ဇော်နိုင် အခုအလုပ်ပြန်ဝင်နေတာလား"

မေးမိလေ၏။ နှယ့်ကို တစ်ချက်မော့ကြည့်လေသည်။

"မဝင်သေးပါဘူး"

"ဒါဖြင့် အခုက ဆေးရုံကို ဘယ်လိုပုံစံနဲ့ လာနေတာလဲ"

သူအနည်းငယ်ပြုံးလျက်၊

"လုပ်အားပေးပေါ့၊ အဲဒီလိုဆိုတော့ ကျွန်တော့်နေချင်တဲ့ဝပ်(ဒ်)မှာ နေလို့ရတာပေါ့"

ဖြေလေ၏။ သူနေချင်သော ဆာဂျစ်ကယ် ဝပ်(ဒ်)မှာ မနေနိုင်အောင် သူလုပ်ချင်သော ခွဲစိတ်မှုတွေ ပိုင်ပိုင်နိုင်နိုင်မလုပ်နိုင်အောင် သည့်ဝပ်(ဒ်)မှ မောင်းထုတ်ခဲ့သော အဖြစ်ကို အခုမှ အခဲမကျေနေတာတော့ မဟုတ်ဘူး ထင်ပါရဲ့။ နှယ် တိတ်တဆိတ် တွေးကြည့်နေမိခဲ့သည်။ သက်ဇော်နိုင်အတွက်တွင် အခန်းဝမှာ မူယာတင်နှင့် မကျော်တီတို့ ဝင်လာသည်နှင့်ဆုံလေ၏။

"မမရယ် စိတ်မကောင်းလိုက်တာ။ မနေ့က မူယာအစောကြီးပြန်သွား



လို့မသိလိုက်တာ။ အရမ်းမြန်တာပဲနော်"

"မမြန်ပါဘူး မူယာ၊ ကိုယ်မြေလတ်မှာ ခြောက်နှစ်နီးပါးတောင် ရှိနေပြီပဲ"

"အဲဒါပြောတာလေ မမရဲ့။ မြေလတ်မှာ နေခဲ့တာဖြင့်ကြာပြီ။ အခု D.E စစ်သွားပြီးမှ ချက်ချင်းအော်ဒါထွက်လာလိုက်တာက မြန်တယ်နော် မကျော်တီ"

နှယ် အံ့အားသင့်စွာ မူယာ့ကိုငေးမိသည်။ နှယ် မစဉ်းစားမိခဲ့ပေ။ ဝန်ထမ်း တစ်ဦးကို အရေးယူဖို့ဆိုတာ အပြစ်ရှိခဲ့ဦး လွယ်လွယ်ဆုံးဖြတ်ပြီးစီးနိုင်တာမျိုးမှ မဟုတ်တာ။ နှယ်အပြောင်းအရွှေ့မိန့်နှင့် D.E ကိုဆက်စပ်တွေးလိုက်သူ ဆိုလို့သည် ဆေးရုံမှာ မူယာတစ်ဦးပဲရှိမည် ထင်လေ၏။ ထိုအထင် မှားခဲ့ပြန်သည်။ သက်ဇော်နိုင်က အခန်းဝမှ ပြန်လှည့်လာကာ နှယ်မထင်မှတ်တဲ့ ထပ်ရှင်းခဲ့လေသည်။

"ကျွန်တော် ဆရာကြီးကို မေးကြည့်ပြီးပြီ မူယာ။ D.E နဲ့ မဆိုင်ပါဘူးတဲ့။ ဒီအမှုကို ဘယ်လိုဆုံးဖြတ်တယ်၊ အမှုပိတ်လိုက်ပါဆိုပါတော့ဗျာ။ အဲဒါကို စာနဲ့ပေနဲ့ တရားဝင်ပြန်လာမှာပါလို့ ပြောတယ်။ မလုပ်ပါနဲ့ဗျာ။ တော်တော်ကြာ မမနှယ် ပြောင်းရတာ အပြစ်ရှိလို့ ပြောင်းရတယ်ဆိုတဲ့ စကားမျိုး မြို့ထဲမှာ ထွက်လာနေပါဦးမယ်"

ခင်ဦးနှယ် မစဉ်းစားမိခဲ့သည်ကို သက်ဇော်နိုင်လည်း စဉ်းစားမိခဲ့သည်။ ဆရာဦးအောင်မြင့်ထံ သူ သံသယဖြင့် မေးခဲ့ပြီးတာ၊ ခုမှ နှယ် သိရလေ၏။ မူယာ သက်ဇော်နိုင်သို့ လှပသော မျက်စောင်းလေးဖြင့်

"ကိုသက်ဇော်နိုင်ကလည်း ကိုယ့်ဆေးရုံထဲမှာမို့လို့ ပြောတာပဲ။ မူယာ က အပြင်မှာ ပြောပါ့မလား"

သက်ဇော်နိုင်က ရယ်မောလျက်။

"မပြောရင် ပြီးတာပဲ။ မြို့ထဲမှာ ပြောနေကြပြီဆိုရင်တော့ အဲဒါမူယာ့လက်ချက်ပဲလို့ ကျွန်တော် ယူဆမှာပဲ"

မူယာ့ကို စေ့စေ့စူးစူးကြည့် ပြောခဲ့သည်။ မူယာက

"ကဲ ကြည့် မကျော်တီ၊ ကိုသက်ဇော်နိုင်က မူယာ့များဆိုရင် သိပ်နှိပ်စားတာပဲ" ဟု နွဲ့မူစွာပြောလေ၏။

နှယ့်ကို လာနှုတ်ဆက်ပေမယ့် သက်ဇော်နိုင်ကိုသာ စကားများများပြောသွားခဲ့သော မူယာ့ကို နှယ်က ကြည့်ပြုံးနေမိခဲ့သည်။ သို့ပေမယ့် ဒါတွေက ကျန်ခဲ့မှာပါလေ။ နှယ်ခံစားခဲ့ရသော ဝမ်းမြောက်ချမ်းမြေ့ခြင်းတွေ၊ ခါးသီးနာကျင်

www.burmeseclassic.com

www.burmeseclassic.com



ခြင်းတွေ၊ ဝမ်းနည်းကြေကွဲခြင်းတွေ ဘယ်လိုပင် ရှိခဲ့သော်လည်း လွန်မြောက်ခဲ့ကာ မြေလတ်နှင့် သက်ဆိုင်သမျှ မြေလတ်မှာပဲ ကျန်ရစ်ခဲ့လေမည်ပင်။ မူယာထွက်သွားသောအခါ နွယ် ပြုံးရယ်မိလေ၏။

"ကြည့်စမ်း ကိုယ်လုံးဝမစဉ်းစားမိဘူး။ သက်ဖော်နိုင်ကမှ စဉ်းစားမိသေးတယ်။ D.E ခံထားရတဲ့သူချင်း၊ ကိုယ်ပြောင်းလိုက်ရတော့ မင်းလည်း မင်းအတွက် စိုးရိမ်သွားတယ်ထင်တယ်"

သက်ဖော်နိုင်က နွယ့်ကို စိုက်ခနဲကြည့်ကာ စကားတိုးတိုးသာသာပြောခဲ့သည်။

"စိုးရိမ်မိတာတော့ အမှန်ပဲ။ ဒါပေမယ့် ကျွန်တော့်အတွက် မဟုတ်ဘူး မမနွယ်"

နွယ် သူ့စကားကို အရေးမထားပါ။ နွယ် ပြောချင်တာပဲ ပြောလေ၏။

"ကိုယ်ရဲ့ထရန်စဖာနဲ့ ပတ်သက်ပြီး ဝဲ့ပြန်လာတဲ့ ပုံတင်သံကလည်းတစ်မျိုးပဲနော်။ မူယာက တစ်မျိုး၊ သက်ဖော်နိုင်နဲ့ ဆရာယစ်ကတစ်မျိုး"

"ကျွန်တော်က ဘာဖြစ်လို့လည်း မမနွယ်"

သက်ဖော်နိုင်က နွယ့်ကို နူးညံ့စွာ ကြည့်လေ၏။ နွယ် စိတ်ထိခိုက်မိသည်ကို ဖုံးကွယ်ရင်း

"ဆရာယစ်က ကိုယ့်ကိုရှောင်တယ်။ သက်ဖော်နိုင်ကတော့ ကိုယ့်ကို ကိုယ်မလုပ်ချင်တဲ့ ဝင်(ဒ်)မှာ၊ ကိုယ်မလုပ်ချင်တဲ့အလုပ်ကိုလုပ်နေရတဲ့ သုန်သုန်မှုန်မှုန် ပုံစံမျိုးနဲ့ တစ်နေ့လုံး အလုပ်လာကူပေးနေခဲ့တာလေ"

သက်ဖော်နိုင်က နွယ့်ကို ရွှန်းရွှန်းစားစားကြည့်လျက် သည်နေ့အဖို့ ပထမဆုံးအကြိမ်အဖြစ် ခေါင်းမော့ကာ ရယ်မောခဲ့လေ၏။

"ကိုယ်မရောက်ချင်တဲ့ ဒင်(ဒ်)တို့ ကိုယ်မလုပ်ချင်တဲ့အလုပ်တို့ ဘာလို့ပြောနိုင်သလဲ မမနွယ်။ ကျွန်တော်ပြောခဲ့ပြီးပြီပဲ။ မမနွယ်ရှိတဲ့နေရာမှာပဲ ကျွန်တော်ရှိနေချင်တယ်ဆိုတာလေ"

"သွားတော့လေ၊ D.C ရုံမှာပေးရှင်တွေ ဆင်းရမှာ။ သူတို့စောင့်နေမှာပေါ့"

နွယ်က နှင်လွှတ်မိတော့ သူပြုံးသဲ့သဲ့ဖြင့် ထွက်သွားခဲ့လေ၏။

□



ဆရာယဉ်မျိုးက ထိုနေ့လယ်တွင် နွယ့်အခန်းသို့ သက်ဖော်နိုင်နှင့်အတူ ဝင်လာခဲ့လေ၏။ ပြောင်းရွှေ့ခွဲခွာရတော့မည်ဆိုလျှင် စိတ်ဖြင့် အသိစိတ်ထဲမှာ မှတ်မိနေအောင် ဖေးကြည့်ဖြစ်လာခဲ့သည်။ ခွဲခွာရပြီဆိုလျှင် တစ်ခါတစ်ရံ တစ်ဦးသတင်းတစ်ဦး သဲ့သဲ့ကြားရုံကလွဲလို့ တစ်ခေါ်ရုံတည်း ဒီလို ပြန်ဆုံစည်းဖို့ဆိုတာ မဖြစ်နိုင်တော့။ ဆရာယစ်နှင့် ပတ်သက်လို့ နွယ့်မှာ အမှတ်ရ စရာတွေ များစွာရှိသည်။ သူ့မျက်နှာက မနူးနယ်၊ ယောကျ်ားပီသပေမယ့် ရုပ်ရည် ခပ်ကြမ်းကြမ်းရှိလေသည်။ သူရယ်မောလိုက်သော်အခါမှ ခပ်လှမ်းလှမ်းက ကြားရသူပင် သူရယ်မောစရာ ဘာအကြောင်းပြောနေမှန်းမသိဘဲ တစ်ကိုယ်တည်း လိုက်ပြုံးမိအောင် သဘောကျဖို့ကောင်းသည့် အသံဝါဝါရှိလေ၏။ သူက ဘွဲ့လွန်ကို စိတ်မဝင်စား။ ပြောရရင် အထင်ကြီးပုံလည်းမရ၊ ရောဂါပြဿနာ အားလုံးကို ခြုံငုံကိုယ်တွယ်နိုင်သော အတွေ့အကြုံရောဂါကု ဆရာဝန်အဖြစ်ကိုပဲ ကျေနပ်နှစ်သိမ့်နေသူ ဖြစ်ပေ၏။ သူ့ရဲ့ ထင်ရှားသောအရည်အချင်းအဖြစ် မိန်းမဆန်ကျင်ရေး လှုပ်ရှားမှုများကို နွယ် မြင်မိလေ၏။ သူ့ရဲ့အခ၊ အနောက်သန့်မှုတွေ အသံဝါဝါကြီးဖြင့် ရယ်မောတတ်မှုတွေအောက်မှာ စိတ်ရင်းကောင်းနှင့် ရှိသားလျက်၊ ဆရာဝန်ကောင်း စိတ်ဓာတ်ပြည့်ဝခြင်းကို နွယ် လှစ်ခနဲ၊ လှစ်ခနဲတွေမြင်ခဲ့ရလေသည်။ သူကလည်း ခင်ဦးနွယ်ကို ဆရာဦးအောင်မြင်လို၊ သက်ဖော်နိုင်လို မြင်နိုင်လာခဲ့သည်ထင်၏။ နွယ့်ရှေ့မှာ မိန်းမ ဆန့်ကျင်ရေးတွေ သိပ်မပြောခဲ့တော့။ နွယ့်ကို မိန်းမတစ်ယောက်လို သူမမြင်တော့တာလားမသိ။ တစ်ခါတော့ သီရေတာနားနေခန်းထဲမှာ နားနေစိုက် ဦးယဉ်မျိုးက နွယ်သို့ မေးဖူးသည်။

"ဒေါ်ခင်ဦးနွယ်က မိန်းမသဘာဝကို အတော်တန်ဖိုးထားပုံရတယ်။ ခင်ဗျား နောင်ဘဝလည်း မိန်းမဘဝဆုတောင်းမှာ တောင်းလေရော့သလား"

ခင်ဦးနွယ် သူ့ကို စူးစူးစမ်းစမ်းကြည့်မိသေးသည်။ သူ အတည်သိလို့မှ မေးပုံရသည်။ ခင်ဦးနွယ်ကို ရန်စလိုခြင်းတော့ ဟုတ်ဟန်မတူ။ သူ့ကို နွယ့်ရင်ထဲမှာ ရှိသည့်အတိုင်း ဖြေဖြစ်သည်။

"ဟင့်အင်း ကျွန်မ ယောကျ်ားဘဝပဲ အမြဲဆုတောင်းပါတယ်။ အားလုံးမှာ ရာ ကောင်းတယ်လေ။ ဆရာလည်း သားဦးကိုယ်ဝန်တွေ အများကြီးဖော်ပေးခဲ့တာပဲ၊ ဘယ်လူမျိုးမှာပဲ ဖြစ်ဖြစ်၊ သားဦးယောကျ်ားလေးဖြစ်ဖို့ မျှော်လင့် ကြတာပဲ မဟုတ်လား။ ယောကျ်ားဆိုတာ အဲဒီလို အကြိုဆိုခံရတဲ့ လူတန်းစားလေး

www.burmeseclassic.com

www.burmeseclassic.com



မိန်းမတာဝမှာ ကျွန်မစွမ်းသမျှလုပ်ခဲ့ပြီးပြီ၊ လုပ်နိုင်တာတွေ ရှိသေးတာလည်း မြင်ထားပြီးပြီ။ ကျွန်မသာ ယောကျ်ားတစ်ယောက်ဖြစ်ခဲ့ရင် အခုထက် ဘာတွေများ ပိုလုပ်နိုင်ဦးမလဲ သိချင်းတယ်။ ပြီးတော့ ဘာသာရေးအရ၊ အမျိုးသမီးများ မဝင်ရတို့ ဤနေရာမှ ကျော်လွန်မသွားရဆိုတဲ့ ဆိုင်းဘုတ်လေးတွေ မြင်ရတိုင်း ကျွန်မရဲ့ မိန်းမဘဝကို အမြဲသတိရတယ်။ ထေရ်ကြီး၊ ဝါကြီးရဟန်းသံဃာတော်တွေကို ဆရာဝန်တစ်ယောက်အနေနဲ့ ကုသပေးခွင့်၊ ပြင်းပယ်ခံရတဲ့အခါတွေမှာလည်း ကျွန်မ မိန်းမဘဝအတွက် ဝမ်းနည်းတတ်ပါတယ်။ ဒါပေမယ့် ဆိုသွမ်းယုတ်မာတဲ့ ယောကျ်ားဘဝမျိုးရမှာထက်စာရင်တော့ သာမန်မိန်းမဘဝကိုပဲ လိုချင်ပါသေးတယ်။ ကျွန်မအဖြေ ဆရာဘယ်လိုသဘောရလဲ ဟင်''

ဆရာယာဉ်က နွယ့်ကို ခပ်ငေးငေးကြည့်လျက်၊ မမေ့နိုင်ဖွယ်စကားကို ဆိုခဲ့ပါလေ၏။

''ကျွန်တော်က နောင်ဘဝလည်း အခုဘဝလိုပဲ သားအကြီးဆုံးဖြစ်ချင်တယ်။ ညီအစ်ကိုသုံးယောက်မှာ အကြီးဆုံးသားပေါ့။ အငယ်ဆုံးကတော့ ကိုညီပေါ့လေ။ အလယ်ကတော့ ခင်များပဲ ဒေါ်ခင်ဦးနွယ်''

နွယ် အခုပြန်တွေးခဲ့ရင် အခုပင် ဟိုတုန်းကလို ခေါင်းငုံ့ပီတိမျက်ရည်ဝဲချင်ဆဲ။ ဝင်လာသော ဆရာယာဉ်မျိုးက လေသံမာမာ လှမ်းမေးခဲ့သည်။

''ကျွန်တော့်ကို ရှောင်နေတယ်လို့ ဒေါ်ခင်ဦးနွယ်ကများ ပြောလိုက်မိသလား''

နွယ် သူ့ရဲ့ ခပ်တည်တည် မျက်နှာထားအောက်က အရွှန်းရိပ်ကို မြင်မိ ကာ ရယ်မောပြောမိသည်။

''မပြောမိပါဘူး၊ ဆရာယာဉ် ဝရမ်းပြေးလုပ်နေသလားပဲ မေးမိတာ''

ဆရာဦးယာဉ်မျိုးက သက်ဇော်နိုင်နှင့်အတူ သူမ စားပွဲရှေ့မှာ လာထိုင်ကြလေ၏။

''သူများ မသဒ္ဒါဘဲနေရတဲ့နေရာများ တယ်ပြီးတော့ လှူတယ်ဗျာ။ ဒေါ်ခင် ဦးနွယ် ပြောင်းရတော့မယ်။ သီရေတာထဲက Instruments တွေ၊ ဆေးအသုံးတွေ ပြန်စစ်ပြီး လွှဲပြောင်းရဖို့တွေ ရှိတယ်။ ဒါတွေက သူကဒီဝပ်(၃)မှာ အကြာကြီးလုပ်ခဲ့လို့ သူပဲသိတယ်။ သူလုပ်ပေးမှ ဖြစ်မယ်။ မဟုတ်ရင် ဆာဂျင် ဦးနှောက်ခြောင်းလိမ့်မယ်တဲ့။ အစ်ကိုရေ လုပ်ပေးတတ်လို့လားတဲ့။ ကျွန်တော့်ကို



အမျိုးမျိုး စိတ်ညစ်အောင် ပြောတာနဲ့ မတူးပါဘူးဆိုပြီး ကျွန်တော်လည်း နားအေးအောင် ဆရာကြီးဝပ်(၃)ကို သွားနေလိုက်တာပါ၊ ဒေါ်ခင်ဦးနွယ်ရာ''

နွယ်က သက်ဇော်နိုင်ကို လှမ်းကြည့်တော့ သူက ခေါင်းငုံ့ပြုံးနေခဲ့လေ၏။ နွယ့် ခေါင်းထဲမှာ ထိုအလုပ်လွှဲဖို့ကိစ္စ၊ ဆေးစာရင်း၊ ပစ္စည်းစာရင်း၊ စိစစ်ပြီးအပ်ရမယ့် ကိစ္စတွေလုပ်ရဖို့ တာဝန်လေးနေခဲ့တာရှိသည်။ ဆရာယာဉ်ပြောမှ သက်ဇော်နိုင်ပဲ တာဝန်ယူတော့မှာကို ရိပ်စားမိခဲ့သည်။ နွယ်ရုတ်တရက် စိတ်သက်သာရာ ရသွားမိသော်လည်း ဟန်မပျက်။

''ပစ္စည်းတွေက တချို့က၊ CMSD က ရတာ၊ တချို့က Unicef က ရတာ၊ တချို့က အသုံးလိုလို့ အလှူငွေနဲ့ ဝယ်ထားတာတွေ ဖြစ်နေတယ်။ စာရင်းတွေ ဘောက်ချာတွေတော့ ရှိပါတယ်လေ။ ကျွန်မလည်းအား၊ မမအေမိလည်း အားတဲ့ တစ်နေ့ကျမှလုပ်လို့ ဖြစ်မှာ''

''အဲဒါတွေ ကျွန်တော်လုပ်ပေးမှာပါ မမနွယ်။ မမနွယ်က နောက်ဆုံးပြန်စစ်ဆေးပြီး လက်မှတ်ထိုးတဲ့ အဆင့်ကျမှာပဲ ဝင်ပါတော့''

သူ့ကို မနက်ကတွေ့ရစဉ်က သူကူညီလုပ်ပေးသည်က နည်းနည်း သူ့ရဲ့ အနည်းငယ်သော အကူအညီလေးနှင့်မမျှ၊ သူ့မျက်နှာထားက တည်ထားလေသည်။ နွယ့်တာသာလည်း လုပ်နိုင်တဲ့အလုပ်တွေဟု စိတ်ကွက်ခဲ့မိသည်များကို နွယ် မေ့သွား ခဲ့မိလေ၏။

''သူ လုပ်ပါလိမ့်မယ် ဒေါ်ခင်ဦးနွယ်။ သူဘာတွေရှုပ်ထားတယ်မှ မသိတာ၊ ပိုက်ဆံတော့ စုနေတယ် ကြားတာပဲ။ စာရင်းလိမ်တာ၊ ဖျောက်တာ ဒေါ်ခင်ဦးနွယ် မရှုမလှတွေ့နေရဦးမယ်။ သွားမစစ်လိုက်နဲ့ ။ အကောင်းဆုံးကတော့ သက်သေစုံရာရှေ့မှာ သူက လက်မှတ်ထိုးပါဆိုတဲ့နေရာမှာ ထိုးပေးလိုက်တာအကောင်းဆုံးပဲ''

သက်ဇော်နိုင်မျက်နှာရဲခနဲဖြစ်ခဲ့မှ ဆရာယာဉ်၏ မရိုးသားသောစကားအေ အဓိပ္ပာယ်ကို တွေးဆမိရလေ၏။

''မသိပါဘူး။ ကျွန်မ ဒီနေ့ဆရာယာဉ်ကိုမတွေ့ရတော့ ခွင့်ယူထားသလား ဘယ်များပျောက်သွားသလဲပေါ့။ ကျွန်မက ပြောင်းရတော့မှာဆိုတော့ ကျွန်မကို အရေးထားစရာမလိုတော့ပါဘူးလို့ ပစ်ပယ်လိုက်ကြပြီလားလို့ပါ။ ကျွန်မလက်ရှိ တာဝန်က မလွှဲရသေးပါဘူး။ လုပ်ဖော်ကိုင်ဖက် တစ်ယောက်အနေနဲ့ ဘယ်မှာရှိမယ်ဆိုတာ ပြောခိုအကြောင်းကြားသွားတာမျိုးလေးတော့ ဆက်ပြီး ရှိနေသင့်ပါသေးတယ်''

www.burmeseclassic.com

www.burmeseclassic.com



နွယ်က စကားလွှဲဖို့ပြောလိုက်တာဖြစ်ပေမယ့် မနက်က နွယ် ခံစားရတာတွေပါ ပါဝင်သွားခဲ့လေ၏။ ဆရာယစ်ရော၊ သက်ဇော်နိုင်ပါ စိတ်မကောင်းဖြစ်သွားခဲ့ကြသည်။

"ဆောရီး မမနွယ်၊ ကျွန်တော်တို့ ဒီသဘောနဲ့ မဟုတ်ပါဘူး"

သက်ဇော်နိုင် နွယ့်ကိုတောင်းပန်ခဲ့လေ၏။ ဆရာယစ်က မရယ်မပြုံးတော့ဘဲ

"ဒေါ်ခင်ဦးနွယ်မှာ မြေလတ်က ခွာချင်တဲ့အကြောင်းအချက်တွေက သိပ်ခိုင်လုံနေတယ်။ စည်သူကိစ္စ၊ တိုင်စာကိစ္စပေါ့ဗျာ။ ကျွန်တော်တို့ ဒေါ်ခင်ဦးနွယ်တို့က သူစိမ်းတွေမှ မဟုတ်ကြတော့တာဘဲ တစ်ကြိမ်ပြဿနာတစ်ခု၊ အခက်အခဲတစ်ခုရှိလာတိုင်း တစ်ကြိမ်ပိုရင်းနှီးလာခဲ့ကြတယ်။ ဘာပဲဖြစ်ဖြစ် တစ်ယောက်ဖြစ်ရင် တစ်ယောက်ကကူညီဖို့ အသင့်ဖြစ်လာခဲ့ကြတယ်။ ဒီကြားထဲက ဒေါ်ခင်ဦးနွယ် ရုတ်တရက်ပြောင်းတော့မယ်ဆိုတော့ ကျွန်တော်နဲ့ သက်ဇော်နိုင်က အခုန ဒေါ်ခင်ဦးနွယ် ခံစားမိသလို ခံစားလိုက်မိကြတာ။ ကျွန်တော်တို့ အားလုံးကို ပစ်ပယ်ထားသွားတာလား။ ပြောင်းရွှေ့ဖို့ ကြိုးစားတယ်ဆိုရင်တောင် ကျွန်တော်တို့ သိသင့်တယ်။ ကျွန်တော်တို့က အစွမ်းကုန် ကူညီပေးချင်တဲ့ သဘောပါ"

ခင်ဦးနွယ် သူတို့ခံစားနေရသည်များကို သိနားလည်လာရတော့သည်။

"ကျွန်မ ပြောင်းရွှေ့ဖို့ ကျိတ်ပြီးကြံစည်လိုက်တာလို့ ထင်နေကြတာကိုး။ မဟုတ်ပါရဲ့၊ ဒါကိုပဲ လူတိုင်းကမေးနေတာ။ ကျွန်မက တိုင်စာကိစ္စပေါ်ပြီးပြီးချင်း ပိုတောင်မပြောင်းချင်ပါသေးတယ်။ အခုတောင် မှုယာက ကျွန်မကိုအပြစ်နဲ့ အပြောင်းခံရသလိုမျိုးပြောနေတာ။ ဆရာယစ် ကျွန်မအပေါ် အခုရော အမြင်ကြည်လင်ခဲ့ပြီလား"

ဆရာယစ်က အသံဝါဝါဖြင့် ရယ်မောလေ၏။

"ကြည်လင်ဆို ကျွန်တော် ရုံးစာ လက်ခံဖိုင်ထဲမှာ ဒေါ်ခင်ဦးနွယ် ဘာစာများ တင်ထားသလဲ သွားရှာကြည့်လိုက်တယ်လေ။ ဟား ဟား ခွင့်တင်တဲ့စာတောင် မတွေ့ရဘူး"

သူ့အဖြစ်သူသဘောကျကာ ဆရာယစ် ရယ်မောမဆုံးပေ။

"ပြောင်းခွင့်တင်ထားတဲ့စာ မတွေ့ရမှ ယုံကြည်လာကြတာပေါ့လေ။ ရုံးကတစ်ဆင့်တင်ရင် ဆရာဦးအောင်မြင်လည်း သိထားမှာပဲ။ အော်ဒါရောက်



လာတော့ ဆရာဦးအောင်မြင်တောင် အံ့သြနေတာ၊ ဆရာ့တို့ မတွေ့ဘူးလား။ သက်ဇော်နိုင် ကလည်း ဒီလောက်သံသယဝင်နေရင် မနက်က ရုံးအဖွဲ့လာတုန်း ဘာဖြစ်လို့မမေး လိုက်တာလဲ"

သက်ဇော်နိုင် နွယ့်ကို တောင်းပန်စွာကြည့်လေ၏။ နွယ် သိပ်မကျေချမ်းချင်၊ ဆရာယစ်က နွယ် မေ့နေမှာစိုးသော သူ့အရည်အချင်းကို အသုံးပြုကာ ရွှန်းပြက်ရင်း စိတ်ပြေစေလေ၏။

"တချို့ မိန်းမတွေက မယုံရဘူးလေ။ မှုယာမာယာအမျိုးမျိုးရှိသေးတယ်။ ဒေါ်ခင်ဦးနွယ်ကိုတော့ ဒေါ်ခင်ဦးနွယ်မို့ ယုံကြည်စိတ်ချရင်းနဲ့ တခြားမိန်းမတွေကိုလည်း ယုံမိတဲ့အကျင့် ပါသွားမှာစိုးလို့ တစ်ခါတစ်လေတော့ ပြန်စိစစ်နေရတာ"

နွယ် ပြောင်းရွှေ့သွားသောအခါတွင် ဆရာယစ်ကို သူ့ရဲ့ ထင်ရှားသော မိန်းမဆန့်ကျင်ရေးအရည်အချင်းများနှင့်အတူ အမြဲအမှတ်ရနေမိတော့မှာ ဖြစ်လေ၏။ နွယ် တွေးမိရင်းက ပြုံးရယ်လာမိခဲ့လေသည်။

□

ပြောင်းရွှေ့မိန့် ရပြီးကတည်းက အလုပ်တွေပြတ်ဖို့ နွယ် ကြိုးစားခဲ့သည်။ ဆေးခန်းပိတ်ရန်၊ ဆေးခန်းသိမ်းဆည်းဖို့ သွားသောညနေမှာပင် နွယ့်လူနာတွေက ခါတိုင်း[illegible] နှစ်ဆဖြစ်နေခဲ့တာ တွေ့ရလေ၏။ ခွဲစိတ်ဖို့ တာရင်းပေးချင်သော လူနာတွေက တန်းစီနေခဲ့သည်။

"ဒုက္ခပါပဲ။ ကျွန်မက ပြောင်းရတော့မှာ" နွယ်ကငြင်းသောအခါ၊

"ဆရာမ မပြောင်းခင် အချိန်မီလာခဲ့တာပါ" ဟု တောင်းတောင်းပန်ပန် ပြောကြလေ၏။ တိုင်စာကြောင့် မြေလတ်က နွယ့်ကို အထင်အမြင်လွဲပြီလားဟူသော အတွေးတွေ ပျောက်သွားခဲ့ရသည်။ နွယ့်ကိုအားကိုးကြသောလူနာတွေကို မြင်ရတော့ နွယ် ဝမ်းသာအားတက်မိလေ၏။ သို့ပေမယ့် အလုပ်တွေကလည်း မအားလပ်နိုင်တာမို့ နွယ် စိတ်မကောင်းစွာ အကြံအိုက်မိခဲ့၊ လှလှစောမှ တစ်ဆင့် သက်ဇော်နိုင် ကြားခဲ့ကာ နောက်တစ်ရက်မှာ ဆေးခန်းသို့ရောက်လာခဲ့လေသည်။

"ကျွန်တော် အခုအားနေတာပဲ မမနွယ်။ မမနွယ် ဖြစ်ချင်တာလုပ်ပါ။ ဆေးခန်းမှာပဲ မိုင်နာလုပ်လုပ်၊ ဆေးရုံမှာပဲ မေဂျာလုပ်လုပ် ကျွန်တော်ကူပါမယ်"

"ကျွန်မလည်း ကူပါ့မယ်"

လှလှစောကလည်း စိတ်အားထက်သန်စွာ ဆိုလေ၏။ နွယ်ကမှ ငြင်းစားဆဲ။ အကြောင်းမပြန်ခဲ့၊ သက်ဇော်နိုင်နှင့် နွယ် ဆေးခန်းထဲမှာ နှစ်ယောက်ချင်း

www.burmeseclassic.com

www.burmeseclassic.com



မှိန်းနိုက်

"ကျွန်တော် ကူပေးမယ်ဆိုတာ၊ ကျွန်တော့်ကို မမနွယ် ဟို အခကြေးငွေဘာမှ ခွဲပေးစရာမလိုပါဘူး။ ကျွန်တော် သက်သက်ကူမှာပါ"

နွယ် စိတ်တိုသွားမိခဲ့သည်။ နွယ် စဉ်းစားနေတာ ငွေရေးကြေးရေးမဟုတ်ပေ။ ငွေရေးကြေးရေးကလည်း စဉ်းစားစရာ သိပ်မရှိ။ နွယ် မပြောင်းရွှေ့မီခွဲစိတ်ချင်သော လူနာအများစုက နောက်ခွဲစိတ်ဆရာဝန်တစ်ယောက်ဆီ ငွေကုန်ကြေးကျ များများလာဖော့ တွန်းဆုတ်စွာ၊ နွယ်နှင့်ပဲ အမိခွဲချင်နေမှတော့ သည်ကိစ္စကစဉ်းစားစရာပင်မလို။

"ကိုယ်က ဒေစုကိစ္စ စဉ်းစားနေတယ် အောက်မေ့လို့လား။ သက်ဇော်နိုင်နဲ့ဝပ်(ဒ်)တစ်ခုတည်းလုပ်လာတာပဲ။ ကိုယ့်လောဘကို မင်းမြင်ဖူးခဲ့လို့လား။ ကိုယ်စဉ်းစားနေတာ တခြားပါ။ ကိုယ်နဲ့မင်းရဲ့ကြားမှာ မင်းတို့ရဲ့ ယောက်ျားချင်းရင်းနှီးနှောလည်းမှုဆိုတာမှ မရှိဘဲ၊ ကိုယ့်ကိုကူညီပေးရင်၊ မင်းဆန္ဒကိုပဲ တောင်းဆိုနေမှာ ကိုယ်စဉ်းစားပြီးကြောက်နေတာ။ ကဲ ရှင်းပလား"

သက်ဇော်နိုင် မျက်နှာပျက်လေ၏။ သူ့မျက်နှာမှီမြန်းကာ စိတ်တိုသွားခဲ့ဟန်ယောင် ရှိခဲ့သည်။ ခဏကြာမှ သူ အလျှော့ပေးသောလေသံဖြင့်

"ကျွန်တော် အခွင့်အရေးသမား မဟုတ်ပါဘူး မမနွယ်။ မမျှော်လင့်နိုင်ဘဲ ပြောမိသွားတဲ့အခါတွေအတွက် တောင်းပန်ပါတယ်။ ကျွန်တော်ဆင်ခြင်ပါ့မယ်။ ဒါပေမယ့် ကျွန်တော့်ကို လက်လျှော့ နောက်ဆုတ်ခိုင်းလို့တော့ မရဘူးဗျာ"

သူ ခင်ဦးနွယ်သို့ ရဲဝဲဝေ ကြည့်သည်။

"ဆရာ ကိုသူရကိုပြောပြလိုက်မိတဲ့အဖြစ်ကို ဘယ်တော့မှ ခွင့်မလွှတ်တော့ဘူးလား။ ဒီစကားလုံးနဲ့ ကျွန်တော် ဘယ်လောက်ကြာကြာ ခံနေရတော့မလဲ မသိဘူး" ညည်းညူပြောလေ၏။ နွယ် ပြုံးလျက်

"ကြာသှ နောက်ထပ် တစ်ပတ်၊ ဆယ်ရက်ပေါ့ ဦးသက်ဇော်နိုင်ရယ်" ဟုပြောသောအခါ သက်ဇော်နိုင် မရှိတရှိ ပြုံးလေ၏။

☐

မမအေးမိကလည်း နွယ့်ကို ကူညီခဲ့သည်။ ဆရာယစ်နှင့် သက်ဇော်နိုင်ကဲ့သို့ပင် နွယ်ပြောင်းရွှေ့ခွင့် တင်ခဲ့သည်ထင်နေ၍ မမအေးမိကို ချော့မော့ရသေးသည်။ မမအေးမိစိတ်ပြေကာ



"မမ မယင်ပန်းရင်လုပ်ပါ မမရယ်။ ဆေးရုံအတွက်အလှူငွေလည်းထည့်နိုင်းရအောင်လေ။ ကျွန်မလည်း ကူပါမယ်"

အားတက်သရော ပြောခဲ့သည်။ သို့နှင့် နွယ် ခွဲစိတ်ခန်းကို နေ့တိုင်းလိုဖွင့်ဖြစ်နေခဲ့သည်။ ဆေးရုံ ဆေးခန်းအလုပ်တွေ ပိနေ၍ အိမ်မှာပစ္စည်းသိမ်းဆည်းဖို့က ညဘက်မှ သိမ်းဆည်းရသည်။ နွယ်မှာ တစ်အိမ်လုံးကိုကြည့်ပြီး ရင်မောလှသည်။ သားနှစ်ယောက်ရဲ့ ပစ္စည်းတွေကပင် စိတ်မောစရာ တစ်ပုံတစ်ပင်။ စာအုပ်တွေ၊ ကစားစရာတွေ များပြားလှလေ၏။ အားရိုနှိုအနည်းငယ်လေးထဲမှာပင် ပစ္စည်းတွေ တစ်ခုပြီးတစ်ခု၊ မဆုံးနိုင်အောင် ကောက်သိမ်းနေရတော့ပေ၏။

"ဒေါ်ခင်ဦးနွယ် ကျွန်တော်တို့ ဘာကူပေးရဦးမလဲ"

အသံနှင့်အတူ ဆရာယဉ်မျိုးနှင့် သက်ဇော်နိုင်တို့ အိမ်ပေါ်တက်လာခဲ့ကြသည်။ နွယ်က စည်သူ၏စာအုပ်တွေနှင့် ညီသူရဲ့ ကစားစရာပစ္စည်းများကိုထင်းရှူးသေတ္တာထဲ စီထည့်နေသည်။ တိုးတိုးနှင့် မစိမ်းညိုကို မီးဖိုချောင်ပစ္စည်းများသိမ်းဆည်းထုပ်ပိုး ထည့်ခိုင်းထားသည်။ အိမ်ရှေ့ဧည့်ခန်းမှာ နွယ့် စာအုပ်တွေလည်းပြန့်ကျဲနေသည်။ စည်သူ၊ ညီသူရဲ့ အဝတ်အစားတွေလည်း ပါလေ၏။ ထင်းရှူးသေတ္တာနှင်လုံးနှင့် သံသေတ္တာသုံးလုံးက ပွင့်ဟနေကာ အားလုံးထည့်လက်စတွေဖြစ်နေခဲ့လေ၏။

"လာ ဆရာတို့ရေ ကြည့်ပြီးတော့သာ ထိုင်ကြပေတော့။ တစ်အိမ်လုံးတော့ ရှုပ်ပွနေတာပဲ"

သူတို့က ဧည့်ခန်းဆက်တီမှာ မထိုင်ခဲ့ပေ။ နွယ့်အနီး ကြမ်းပြင်မှာလာထိုင်ကြသည်။

"ဒေါ်ခင်ဦးနွယ်ရဲ့ ပိုင်ဆိုင်မှု အခန်းကဏ္ဍတွေကလည်း မနည်းပါလား"

"ဟုတ်တယ် ဆရာ။ ကလေးနှစ်ယောက်ပစ္စည်းတွေကတင် မနည်းဘူး။ သူတို့မရှိတော့ ဘယ်ပစ္စည်း သူတို့မလိုချင်မှန်းလည်း မသိတော့ အားလုံးတောက်ထည့်နေရတာ။ နှစ်ကြာသွားတော့ လိုတာဖြည့်ရင်း ပစ္စည်းတွေက ပြောင်မယ်ဆိုရင်များလိုက်တာ။ ဘယ်လိုများ သိမ်းလို့ပြီးမလဲ မပြောတတ်တော့ဘူး"

နွယ် စိတ်ရှုပ်ရှုပ်ဖြင့် ရယ်ညည်းညည်းမိလေ၏။

ဆရာယစ်က ဘာမှ မကူညီတတ်ရှိနေဆဲ၊ သက်ဇော်နိုင်ကတော့ စာအုပ်တွေကို ကောက်စုစီထပ်နေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ကတော့ သိပ်မလုပ်တတ်ဘူးဗျာ။ ထမ်းရိုးရမယ့် အချိန်ကျမှပဲ ကျွန်တော့်ကို ခေါ်ပေတော့။ ကိုညိုကတော့ လုပ်တတ်မယ်။ အလွန်ဘစ်ရာမကဘူး တစ်ရာငါးဆယ်လောက် စေ့စပ်သေချာတယ်"

"ကိစ္စမရှိပါဘူး။ ဒီလိုပဲပြီးသွားမှာပါ။ ဆေးရုံကလည်း လာကူကြပါတယ်။ သူတို့လည်း ဂျူတီချိန်တွေနဲ့မို့ ကျွန်မ အားနာတယ်"

သက်ဇော်နိုင်ကမူ မြင်သမျှကို ကောက်သိမ်းနေပြီဖြစ်လေ၏။ သက်ဇော်နိုင် နဲ့ ခင်ဦးနွယ်က အလုပ်လုပ်နေစဉ် ဦးယဉ်မျိုးက စကားတပြောပြော ရှိနေခဲ့သည်။

"ဒေါ်ခင်ဦးနွယ် ရန်ကုန်ကို အရင်သွားမှာပေါ့"

"ဟုတ်တယ်။ ပစ္စည်းတွေကို ရန်ကုန်တိုက်ခန်းမှာ ထားခဲ့ရမှာပဲ။ မြစ်ကြီးနားကိုတော့ ကျွန်မတစ်ကိုယ်စာ ပစ္စည်းနဲ့ပဲ သွားမလားလို့။ ကလေးတွေလည်း ရန်ကုန် မေမေတို့ဆီမှာပဲထားတော့မယ်။ စည်သူလည်း ရန်ကုန်မှာပဲ ကျောင်းတက်ချင် တက်ရတော့မှာလေ။ မေမေတို့က စည်သူ၊ ညီသူကို ရန်ကုန်မှာနေစေချင်တာကြာပါပြီ။ ကျွန်မ မခွဲနိုင်တာနဲ့ မြေလတ်မှာပဲ ဆယ်တန်းအထိနေဖြစ်သွားတာ"

သက်ဇော်နိုင်က နွယ့်ကို ဖျတ်ခနဲလှမ်းကြည့်သည်။

"မနွယ် တစ်ယောက်တည်း မြစ်ကြီးနားကို သွားမှာလား"

"အင်းပေါ့။ တို့တို့က သူ့ရွာကို နှစ်လ၊ သုံးလပြန်ချင်သေးတာ"

"ကျွန်တော် လိုက်ပို့မယ်"

ပြောခဲ့လေ၏။ နွယ့်မျက်နှာ ငေးသွားခဲ့ကာ နွယ် ချက်ချင်းပင် ဟန်ဆောင်ပြုံးရယ်လိုက်နိုင်ခဲ့လေသည်။

"ကောင်းတာပေါ့ ဆရာယစ်လည်း လိုက်ခဲ့လေ။ တစ်ဆေးရုံလုံးက လိုက်ပို့ကြရင် ပိုတောင်ကောင်းသေးတယ်"

ခင်ဦးနွယ် ပြုံးရယ်ပြောလိုက်တော့မှ ဆရာယဉ်မျိုးက ပင့်သက်ချနိုင်ကာ သူ့ပြန်နိုဗ္ ထလေ၏။

"အခုမှသတိရတယ်။ အပင်းဒစ်လို့ထင်ရတဲ့ ကလေးတစ်ယောက်ကို ညတစ်ခေါက်သွားကြည့်ရဦးမှာ။ ဘုရားမလို့ ရိုးရိုးသားသားလေးပဲဖြစ်ပါစေ။ ဒီည သိရတော့ မဖွင့်ရပါစေနဲ့။ ကိုညိုရေ အစ်ကို ဆေးရုံပြေးလိုက်ဦးမယ်။ ဒေါ်ခင်ဦးနွယ် ကျွန်တော့်ကို ခွင့်ပြုဦး"



ဦးယဉ်မျိုးက ပြောပြော နှုတ်ဆက်ဖြင့် အိမ်ပေါ်မှ ဆင်းသွားခဲ့သည်။

နွယ် သက်ဇော်နိုင်ကို လှမ်းကြည့်တော့ သူကလည်း နွယ့်ကို ကြည့်နေခဲ့လေ၏။ နွယ် စိတ်ချဉ်ချဉ်ဖြင့်

"ကဲ သက်ဇော်နိုင်လည်း ပြန်တော့လေ။ ကိုယ့်ဘာသာလုပ်လိုက်ပါမယ်"

ဟု နှင်မိလေ၏။

"မပြန်သေးဘူး မနွယ်။ ဒီသေတ္တာနှစ်လုံးပြီးမှ ပြန်မယ်။ ကျန်တဲ့သေတ္တာတွေလည်း မနက်ဖြန် ကျွန်တော်လာထည့်ပေးမယ်။ မနွယ်က မနွယ်ပစ္စည်းတွေပဲ ထည့်ဖို့ လုပ်ပါ" ဟု သက်ဇော်နိုင်က နွယ့်ကို အေးအေးဆေးဆေး စီစဉ်စေလေ၏။

ဆရာယစ်ရှေ့မှာ မြစ်ကြီးနားလိုက်ပို့မယ်ဟူသော သူ၏ ခပ်တည်တည် အပြောတွေ၊ ပိုင်စိုးပိုင်နင်း အစီအစဉ်တွေကို နွယ် အခံရခက်လှလေ၏။ သူ့အကူအညီတွေ များစွာရတာမှန်ပေမယ့် သူလည်း ကိုသူရကဲ့သို့ပင် ခင်ဦးနွယ် အကူအညီ အစောင့်အရှောက်အစဉ်လိုအပ်နေခဲ့ပြီး သူကူညီမှ ဖြစ်မှာပဲဟုကိုယ့်အခန်းကဏ္ဍ၊ ကိုယ် အထင်ရောက်နေသော ယောကျ်ားပီသလှသူ တစ်ယောက်သာ ဖြစ်နေတာ နွယ် ပြောပြချင်လှလေ၏။ သားနှစ်ယောက်နှင့် ဖခင်တစ်ဦး တစ်ကိုယ်တည်း လျှောက်လှမ်းဖို့ အောင်မြင်လွယ်မှာ မဟုတ်သည့် ခရီးကာလ တစ်ခုကို သားနှစ်ယောက်နှင့် မိခင်ဘဝဖြင့် ခင်ဦးနွယ် လျှောက်ခဲ့နိုင်သည်ကို မြင်တွေ့နေလျက်က ခင်ဦးနွယ် အကူအညီ လိုအပ်နေမှာပဲဟု သူတို့ အစဉ်ထင်တွေးခဲ့ကြသေးသည်နော်။ နွယ် မချိုသိပ်နိုင်တော့တဲ့

"သက်ဇော်နိုင်၊ ကျေးဇူးပြုပြီးတော့ ကိုယ့်ကို မစီစဉ်ချင်ပါနဲ့။ ကိုယ်က ခင်ဦးနွယ်လေ။ ကိုယ်တတ်နိုင်တာတွေပါ။ မြေလတ်ကို ရောက်ခဲ့တုန်းကလည်း ဘယ်သူ့အကူအညီနဲ့မှ မဟုတ်ပါဘူး။ ကိုယ့်ဘာသာပဲလာခဲ့တာ"

သက်ဇော်နိုင်ကလည်း နွယ့်ကို ခပ်တင်းတင်းလှမ်းကြည့်သည်။ နွယ်နှင့် သူ့အကြားတွင် ပွင့်ဟနေသော ထင်ရှူးသေတ္တာတစ်လုံးသာ ခြားလေ၏။

"ဟိုတုန်းကတော့ ဟုတ်တာပေါ့ မနွယ်။ ဒါပေမယ့် မနွယ် ကျွန်တော့်ဆီက အကူအညီကို လက်ခံရမှာပဲ"

"ဘာကို ဆိုလိုတာလဲ"

"မနွယ် အကူအညီ မလိုအပ်ဘူးဆိုတာ ဟုတ်ချင်လည်းဟုတ်မယ်။ ဒါပေမယ့် ကျွန်တော်က ကူညီပေးချင်နေတယ်ဗျာ။ ဘာဖြစ်သေးလဲ။ ကျွန်တော်နှင့်

www.burmeseclassic.com

www.burmeseclassic.com



တင်ခယ်။ ကျွန်တော်ချစ်တဲ့ ဒေါ်ခင်ဦးနွယ်ကို မြစ်ကြီးနားလိုက်ပို့ပေးဖို့ ကျွန်တော့်ကို ခွင့်ပေးပါလို့ ဆရာကြီးကို ပြောမယ်ဗျာ"

သူနှင့်နွယ် သဘောတူထားခဲ့ကြသည်။ သူ့ဆန္ဒတွေ အချိန်တိုင်းဖွင့်ဆို မနေနို့ သည်ကတည်းက သူမျိုသိပ်ထားခဲ့ဟန် ရှိသည်။ သို့ပေမယ့် သိပ်တော့လည်း မထူးပါ။ သူ့ရဲ့အကြည့်တွေ၊ အပြုအမူတွေက အစဉ်ပြဆိုနေခဲ့တာပဲ။ သည်ညမှာ သူ့ဆန္ဒကို ဆရာကြီးအမည်သုံးလို့ ခံတည်တည် သူပြောလေ၏။ သူ့ စကားအတိုင်း ထင်ရှားသေတ္တာနှစ်လုံးကို ပစ္စည်းတွေ ထည့်သိုပေးကာ၊ ထိုသေတ္တာကို သံကြိုးများ ဖြင့် ပတ်ချည်ပေးပြီးမှ နွယ့်ကို နှုတ်ဆက်၍ သက်ဇော်နိုင် ပြန်သွားခဲ့သည်။ သက်ဇော်နိုင်နှင့် မဖြစ်မနေစကားပြောရတော့မို့ ထိုညမှာပင် နွယ် စဉ်းစားဆုံးဖြတ် ခဲ့လေသည်။

□

ဆေးရုံက နွယ့်အခန်းထဲမှာပင် သက်ဇော်နိုင်ကို ပြောပြဖြစ်ခဲ့သည်။ နံနက် (၁၁) နာရီ ပြင်ပလူနာ ရှင်းသွားသည့်အချိန်မှာ နွယ်တို့ အနားရသည်။ မပြောခင်မှာ နွယ် သက်ဇော်နိုင်ကို ကော်ဖီတစ်ခွက် တိုက်လိုက်သေးလေသည်။

"သက်ဇော်နိုင်ကို ကိုယ်ကျေးဇူးတင်စကား မပြောရသေးဘူးကွာ။ သက်ဇော်နိုင်ရဲ့ ကျေးဇူးတွေ ကိုယ့်အပေါ်မှာ အများကြီးရှိပါတယ်"

"မနွယ် ကျေးဇူးတွေလည်း ရှိတာပါပဲ။ ဒါတွေက ပြောနေစရာ မဟုတ် ပါဘူးဗျာ"

ပထမတော့ သက်ဇော်နိုင် ရိုးသားစွာ ပြန်ပြောခဲ့သည်။ နွယ်က ပြုံးလျက် အေးဆေးတည်ငြိမ်စွာ စကားဆက်ခဲ့သည်။

"မဟုတ်ဘူးလေ ပြောရမှာပေါ့။ ကိုယ့်အလုပ်ခွင်ထဲမှာ မင်းရဲ့အကူအညီ သာမပါခဲ့ရင်၊ ကိုယ်ဒီလောက် မအောင်မြင်နိုင်ပါဘူး။ ကိုယ့်အောင်မြင်မှုတွေဟာ မင်းရဲ့ ပံ့ပိုးမှုနဲ့မကင်းခဲ့တာ ကိုယ် ကျေးဇူးသိတတ်ရမှာပဲ။ ပြီးတော့ စည်သူ၊ ညီသူ့ကို မင်း စာသင်ပြပေးခဲ့တာတွေ ရှိသေးတယ်။ စာတင်မကပါဘူး။ သူတို့အရွယ် အလိုက် သိသင့်တာမှန်သမျှ သက်ဇော်နိုင် လမ်းညွှန်ပေးခဲ့တာ"

သက်ဇော်နိုင် ခေါင်းခါယမ်းလေသည်။ နွယ်က နွယ့်စကားကို အဖြတ်မခံ ခဲ့။

"ဘယ်တော့မှ မမေ့သင့်တဲ့ ကျေးဇူးကတော့ ပွဲခင်းထဲမှာ စည်သူတို့ကို



လူသွမ်းတွေရဲ့ အန္တရာယ်ကနေ မင်းကယ်ပေးခဲ့တာပဲလေ။ မင်း ကျေးဇူးတွေကို ကိုယ်မမေ့သလို သူတို့ကိုလည်း မမေ့အောင် မပြတ်ပြောပြနေပါ့မယ်။ သူတို့ ညီအစ်ကို ကို မင်းကိုကန်တော့ဖို့သက်သက် မြေလတ်ကို တစ်ရက်မှာ ကိုယ်လွှတ်လိုက်ဦး မယ်။ အခုတော့ သူတို့မရှိလို့ ကိုယ်တိုင်ကိုယ်ကျ မကန်တော့နိုင်ပေမယ့် သူတို့ရဲ့ ကန်တော့မယ့် ပစ္စည်းလေးကိုတော့ မင်း လက်ခံပေးစေချင်ပါတယ် သက်ဇော်နိုင်"

နွယ် စားပွဲအံဆွဲထဲက အိတ်တစ်အိတ်ကိုထုတ်၍ စားပွဲပေါ်သို့ တင်ပေးခဲ့ သည်။ ထိုအိတ်ထဲတွင် သက်ဇော်နိုင်အတွက် ညီသူ၊ စည်သူရဲ့ ကန်တော့ ပစ္စည်းအ ဖြစ် ပုဆိုး၊ အင်္ကျီနှစ်စုံပါလေ၏။ သက်ဇော်နိုင် ဟန်မဆောင်နိုင်အောင် မျက်နှာ ပျက်သွားခဲ့တာ နွယ် မြင်ရလေ၏။ သူ့မျက်နှာ ထိခိုက်နာကျင်နေခဲ့ကာ၊ နှုတ်ခမ်း သားများပင် တုန်ယင်နေသလား ထင်ရသည်။ နွယ် သူ့ထံမှ အကြည့်လွှဲခဲ့ကာ စကားတဖြည်းဖြည်း ဆက်ခဲ့သည်။

"ကိုယ် ပြောင်းရတော့မယ်ဆိုတော့၊ သက်ဇော်နိုင်ကို ပြောစရာရှိတာတွေ ပြောသွားမှ ဖြစ်မှာပါ။ ပြောဖို့ကြိုးစားဖူးပါတယ်။ သက်ဇော်နိုင်က လက်မခံခဲ့ဘူး။ ကိုယ် အလေးအနက် စဉ်းစားခဲ့တာပါ။ ကိုယ် ဘာအတွက် နောက်တစ်ကြိမ် လက်ထပ်သင့်သလဲ။ အားကိုးအားထား အဖြစ်ဆိုရင်တော့ ကိုယ့်အတွက် မလိုအပ် ဘူး ထင်ပါတယ်။ ကိုယ်ဒီလောက် နှစ်အပိုင်းအခြားရောက်အောင် တစ်ကိုယ်တည်း ရပ်တည်နိုင်ခဲ့တာ ကိုယ့်ရဲ့ ကိုယ်ပိုင်အရည်အချင်း၊ ဆာကျင်ခင်ဦးနွယ် အဖြစ်နဲ့ပါ။ ဒါမှမဟုတ်၊ အချစ်အတွက် လက်ထပ်ရမှာလား။ ပိုပြီး ဝေးလိမ့်မယ်။ ကိုယ်က အချစ်မျက်နှာ တစ်ခုတည်းကြည့်ပြီး လက်ထပ်ခဲ့ဖူးတဲ့ မိန်းမတစ်ယောက်ပါ။ အဲဒီ အချစ်နဲ့ပြီးတဲ့ အိမ်ထောင်ရေး[illegible]လည်း ရှုံးဖူးခဲ့တဲ့ မိန်းမလေ။ နောက်တစ်ကြိမ် အချစ်ဆိုတာအတွက် လက်ထပ်ရလောက်အောင် စိတ်ကူးမယဉ်နိုင်တော့ဘူး သက်ဇော်နိုင်။ အဲဒါ ကိုယ့်ရဲ့ အဖြေပါပဲ။ မင်းရဲ့ ကိုယ့်အပေါ်မှာ အများကြီးရှိတဲ့ ကျေးဇူးတွေကိုမှ မထောက်ထားလို့တော့ မထင်လိုက်နဲ့နော်။ မင်း ကျေးဇူးတွေကို သတိရနေပါမယ်။ မင်းကိုတော့ လက်ထပ်ဖို့ မဖြစ်နိုင်ပါဘူး"

သူ့မျက်နှာမှာ မယုံကြည်နိုင်ခြင်း၊ နာကြည်းခြင်း၊ နာကျင်ခြင်းတို့ဖြင့် ဆိုနှစ် ကြေကွဲလာနေခဲ့သည်။ မျှော်လင့်ချက်ကင်းမဲ့ခြင်း၏အရောင်ဖြင့် သူ့မျက်နှာ ဖွေးဖျော့ သွားခဲ့လေ၏။ သူ နွယ်ထင်နေခဲ့သကဲ့သို့ ခုန်ထပေါက်ကွဲလာခဲ့ပါ။ တုန်ယင်နေသော လက်များဖြင့် စက္ကူအိတ်ကို ဆွဲယူခဲ့သည်။ စိုးကားသောအကြည့်

www.burmeseclassic.com

www.burmeseclassic.com



ပြင်း နွယ့်ကို တစ်ချက်ကြည့်လျက်

"မနွယ်ရဲ့ အဖြေက ကျွန်တော့်အချစ်အတွက် သီးသန့်စဉ်းစားပေးတဲ့ အဖြေ မဟုတ်ဘူး။ ပညာရှင်တစ်ယောက်လို အချစ်နဲ့ အိမ်ထောင်ရေး သုတေသန သဘောနဲ့ ထုတ်လိုက်တဲ့အဖြေတစ်ခုပါ။ ဒါပေမယ် ကျွန်တော် ဒီအဖြေကိုပဲ လက်ခံ လိုက်ပါတယ် မနွယ်။ ကျွန်တော် မနွယ် ပေးခဲ့တဲ့ကုထုံးနဲ့ အလုပ်တွေအများကြီး လုပ်ရင်း ကျွန်တော့်ဒဏ်ရာကို ကုစားလိုက်ပါ့မယ်။ အဲဒီလို လုပ်နိုင်အောင် ခွဲစိတ်မှု တွေမှာ အရမ်းကျွမ်းကျင်အောင် လေ့ကျင့်ပေးခဲ့တဲ့အတွက်၊ တစ်ခါကျွန်တော့်အသက် ကို ကယ်ပေးခဲ့တဲ့အတွက် ကျေးဇူးအထူးတင်ပါတယ် မနွယ်။ ကျွန်တော် သွားတော့မယ်"

သူ ထရပ် နှုတ်ဆက်ကာ၊ လှည့်မကြည့်တော့တဲ့ ထွက်ခွာသွားခဲ့လေ၏။ သူ့ရဲ့ မမျှော်လင့်သော ကျေးဇူးစကားကို နာကျင်ထိခိုက်စွာ ခံစားရရင်း နွယ်တစ်ယောက်တည်း ကျန်ခဲ့ရလေ၏။

☐

"ဒေါ်ခင်ဦးနွယ်အတွက် ထိုက်ထိုက်တန်တန် နှုတ်ဆက်ပွဲလေးတစ်ခု ကျွန်တော် လုပ်ပေးချင်ပါတယ်။ လကုန်ရက် ဝန်ထမ်းတွေ လစာထုတ်လာတဲ့အခါ မှာ လူစုံစုံလင်လင်နဲ့ လုပ်ပေးချင်တယ်"

ဦးအောင်မြင်က ပြောခဲ့စဉ် နွယ်က ငြင်းမိခဲ့သေး၏။

"ကျဉ်းကျဉ်းပဲ ကိုယ့်ဆေးရုံဝန်ထမ်းတွေ ကျေနပ်အောင် လုပ်လိုက်တာ ပေါ့ ဆရာ။ နယ်ဝန်ထမ်းတွေ လစာထဲက ထည့်ရမှာ ကျွန်မအားနာပါတယ်"

"မဟုတ်ဘူး ဒေါ်ခင်ဦးနွယ်။ ကျွန်တော် အကုန်အကျခံမှာပါ။ ဒီလောက် အလုပ်လုပ်ခဲ့တဲ့သူတစ်ယောက်ကို ဒီလောက်မှ ပြန်မချီးမြှင့်ရလို့ကတော့ဗျာ"

"ကျွန်မကို နှုတ်ဆက်စကားတော့ မပြောခိုင်းဘူး ထင်ပါရဲ့နော်"

နွယ် ရယ်မောရင်း ဦးအောင်မြင်၏ စေတနာကို လက်ခံရလေ၏။

မနက်ဖြန် တနင်္လာ၊ လစာထုတ်ရက်ပေ။ တစ်မြို့နယ်လုံးက ဝန်ထမ်း တွေ စုညီရောက်လာကြမည်ပေ။

နွယ့်အခန်းဆီမှ လှမ်းမျှော်လျှင် လူနာစောင့်များတည်းခိုရာ သွပ်မိုး ပဉ္စကား၊ အဆောင်တန်းလျား၏ အနောက်ဘက်မှာ ချက်ပြုတ်နေကြသော မအေမီ ဦးဆောင်သည့်လူစုကို လှမ်းတွေ့နေရလေ၏။ တနင်္ဂနွေရုံးပိတ်ရက်နှင့်တိုက်ဆိုင်



နေ၍ ဝန်ထမ်းအများစုအားလပ်ကာ တပျော်တပါး ဝိုင်းဝန်းကူညီ ချက်ပြုတ်နေကြ လေ၏။ နံနက်စာ ထမင်းကျွေးမည်တဲ့။ ဟင်း အစီအစဉ်တွေကလည်း ကောင်းလှ လေသည်။ နံနက်ခင်းက နွယ် သူတို့ကြားတွင် ရှိနေခဲ့သည်။ ဆေးရုံ၏ ခန်းမဆောင် မှာတော့ အငယ်တွေနှင့် မမမြင့်၊ မစိမ်းညိုတို့က အခမ်းအနားပြင်ဆင်နေခဲ့လေ၏။ နွယ်က ကူဖို့သွားသောအခါ ဘယ်သူကမှ အဝင်မခံခဲ့။

"မမက ဘာမှမလုပ်ရတဲ့ ပွဲလေ" ဟု ပြန်တွန်းလှတ်ကြလေ၏။

ခွဲစိတ်ကုသဆောင်က နွယ့်အခန်းလေးထဲသို့သာ နွယ် လာထိုင်နေမိခဲ့ တော့သည်။ အခန်းလေးထဲတွင် တိတ်ဆိတ်နေခဲ့သည်။ နွယ်ထိုင်နေကျ ကြိမ်နောက် မှီခုံလေးရဲ့ လက်တန်းများမှာ လက်ဆီနှင့် ချောမွတ်နေခဲ့သည်။ ငါးနှစ်ကျော် နွယ် ထိုင်ခဲ့သည့် ထိုင်ခုံလေး။ ဖုန်တစ်စမရှိ၊ ပြောင်လက်နေသော ကျွန်းစားပွဲရဲ့ မျက်နှာပြင်တစ်ဝက်ကို စားပွဲတင် မှန်ချပ်ထူထူဖြင့် ခင်းထားခဲ့သည်။ ထိုမှန်ချပ် အောက်တွင် ပို့စ်ကတ် အဆင်အရောင်အသွေးစုံလေးများ ရှိလေသည်။ တိုင်း တစ်ခုတည်း လက်အောက်ရှိ မြို့နယ်ဆေးရုံ ဝန်ထမ်းချင်း အမှတ်တရ ပေးပို့ သော ပို့စ်ကတ်များလည်းပါကာ၊ ရပ်ဝေးနယ်က လူတွေမှ သတိတရပေးပို့ခဲ့သော ကတ်တွေလည်းပါလေ၏။ မှန်ချပ်အောက် ပြည့်လုနီးပါး ပို့စ်ကတ်လေးတွေက များစွာ။ မှန်ချပ်ပြင်ပေါ် နွယ် လက်ညှိုးလေးဖြင့် လိုက်ရေးဆွဲနေမိခဲ့သည်။ ဝမ်းနည်းစိတ်တွေ တနင့်နင့်ရှိလာခဲ့ရင်း၊ နွယ် ငြိမ်သက်စွာ ထိုင်နေမိခဲ့သည်။ သံယောဇဉ်ကြိုးမျှင်လေးများရဲ့ ရစ်ပတ်တွယ်ဆွဲ နှောင်ဖွဲ့နေမှုကို မရုန်းသာ၊ မလွန်သာ နွယ်ခံနေခဲ့ရပြီကော။ နွယ် ဖြည်းလေးစွာ ထလျက်၊ အခန်းလေးထဲမှ ထွက်လာ ခဲ့သည်။ နွယ်နှင့် နော်အေမီ တစ်ခုစီကိုင်သော ခွဲစိတ်ခန်းသော့တွဲလေးကို ယူလာ ခဲ့သည်။ တနင်္ဂနွေဖြစ်၍ ဆေးရုံမှာ လူနာလည်းနည်းသည်။ သောကြာနေ့တွင် D.C များများပေးကာ ဆေးရုံခါစမြို့ မို့ စနေ၊ တနင်္ဂနွေရက်များတွင် ဆေးရုံမဆင်း နိုင်သေးသည့် လူနာကလွဲလို့ လူနာ နည်းပေ၏။

ခွဲစိတ်ခန်းနှင့် ခွဲစိတ်ကုသလူနာဆောင် စကြံအကွေ့လေးသို့ရောက်ခဲ့ သောအခါ သက်ဇော်နိုင်နှင့် ပထမဆုံးအကြိမ် တွေ့ခဲ့ကြသည့် အဖြစ်အပျက်ကို သတိရမိလေ၏။ [illegible]ဦးက သူတစ်ယောက် နွယ့် ခွဲစိတ်ခန်းကို ချောင်းမြောင်းကြည့်ရ သလားဟု နွယ် စိတ်ရှုပ်စွာ သူ့ကို တင်းတင်းမာမာ ဆက်ဆံမိခဲ့သည်။ အခုတော့ ထိုလူစိမ်းက အလွန်ကျွမ်းကျင်စွာ ခွဲစိတ်ကုသနိုင်သူ ဆရာဝန်တစ်ဦးဖြစ်လာခဲ့ကာ

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ထမိန်နှင့်ပေးခဲ့သော ဆာကျင်ကိုပါ ပြန်ပြီးချစ်ခွင့်ပန်နိုင်လောက်အောင် ထူးဘွဲ့ ရုံလင်သွားခဲ့ပြီ။ အချစ်နဲ့ အိမ်ထောင်ရေးကို သုတေသနသဘောနဲ့ အပြေထုတ်တဲ့ပညာရှင်ဟု နွယ့်ကို သူစွပ်စွဲတတ်ခဲ့လေပြီ။ နွယ့်ဘဝအတွက်သာ နွယ်စဉ်းစားခဲ့သည်ဟု သူ ဘာကြောင့်သေချာနေသလဲ။ သူ့ဘဝတက်လမ်း ရှင်းလင်း သာယာရှိစေချင်သည့် သူမစေတနာကိုရော သူ မစဉ်းစားမိတော့ပြီလား။ နွယ် သတိတရ မချိပြုံး ပြုံးမိရင်း ခွဲစိတ်ခန်းဆီကျွေ့ဝင်ခဲ့သည်။ ခွဲစိတ်ခန်းမှာ သော့ဖွင့် ထားပြီးခဲ့သည်။ တံခါးစေ့ထားခဲ့လေသည်။ မမအေးမီ သူမရဲ့ မပြီးပြတ်သေးတဲ့ စတိုစာရင်းတွေ ဝင်လာလုပ်နေသလား။ နွယ် တံခါးကိုညင်သာစွာတွန်းဖွင့် ဝင်ခဲ့ သည်။ ကြေးရည်တွင် ဘယ်သူမှ မရှိ၊ တိတ်ဆိတ်ငြိမ်သက်နေခဲ့သည်။ အဝတ်လဲ ခန်း၊ နားနေခန်းထဲတွင်လည်း မရှိ၊ ခွဲစိတ်ခန်းအဝင်သော့ပါပွင့်နေတာ တွေ့ရသည်။ ခွဲစိတ်ခန်းတံခါးကို အသာအယာ တွန်းဖွင့်ကြည့်လိုက်လျှင် တံခါးဘက်ကို ကျောပေး ကာ ထိုင်နေသူတစ်ဦးကို မြင်ရလေ၏။ သူ၏ တိရုပ်အဖြူနှင့် ဒူဝါကြီးအဆင် ကချင်ပုဆိုးကို ဝတ်ဆင်ထားခဲ့ကာ ထိုအဝတ်ဆင်မျိုးဝတ်ဆင်လျက် သူ့ကို နွယ် မကြာခဏမြင်ဖူးခဲ့သည်။ ခွဲခန်းဝင် ဝတ်စုံဖြူ လက်ပြတ် အင်္ကျီလည်ပင်းဗွီပုံ ကျယ်ကျယ်ကို အပေါ်မှ ဝတ်ရုံထားခဲ့သည်။ ခွဲစိတ်ခုတင်ခေါင်းရင်းကို စားပွဲလုပ် ၍ မေ့ဆေးကြည့်ပေးသူထိုင်လေ့ရှိသော ထိုင်ခုံလေးမှာ သူ ထိုင်နေခဲ့သည်။ ခုတင် ပေါ်မှာ စာရင်းစာအုပ်များရှိနေသည်။ ကတ်ထူဖုံးစာအုပ်ရှည်တစ်အုပ်က ပွင့်လျက် သား။ ထိုစာအုပ်ပေါ်သို့ လက်နှစ်ဖက်ပိုက်တင်ကာ ထိုလက်ပေါ်မှာ မျက်နှာမှောက် ထားလေသည်။ သက်ဇော်နိုင် စာရင်းတွေကို ကြည့်ရင်း ခေါင်းကိုက်သွားသလားဟု နွယ်ပြုံးမိကာ ခွဲစိတ်ခန်းထဲသို့ ညင်သာစွာ ဝင်လာမိခဲ့လေ၏။

"သက်ဇော်နိုင် ဘာဖြစ်လို့လဲ"

သူ လန့်သွားသလို ဖျတ်ခနဲ ခေါင်းထောင်ကြည့်ခဲ့သည်။ နွယ်သည် ဝမ်းနည်းထိခိုက်နေသော သူ့ရုပ်သွင်ကို တွေ့ရကာ အံ့အားသင့်မိလေ၏။ နွယ့်ကို တွေ့လိုက်ရသည့်အတွက် သူ အထူးတလည် အံ့ဩပုံမရှိ၊ မျှော်လင့်ချက်ကင်းမဲ့ သောအကြည့်ဖြင့်သာ ကြည့်လျက်

"ဪ မမနွယ်"

ဟုသာ ဆိုခဲ့လေ၏။ နွယ် ထိုစာအုပ်ကိုတွေ့ရသောအခါ နွယ်ထင်သလို ခွဲစိတ်ပစ္စည်း စာရင်းစာအုပ်တစ်အုပ် မဟုတ်ပေ။ နှစ်အလိုက် ခွဲစိတ်ကုသခဲ့သော



လူနာမှတ်ပုံတင် စာအုပ်သာဖြစ်လေ၏။ ထိုစာရင်းများကို တခြားစာအုပ်တစ်အုပ် ထဲမှာ ကူးလေ၏။ နွယ် သူ့အပြုအမူတွေကို နားမလည်စွာရှိနေဆဲ သူက နာကျင် ထိခိုက်သောအပြုံးဖြင့် ပြောပြခဲ့လေ၏။

"ကျွန်တော်နဲ့ မမနွယ် တွဲပြီးခွဲစိတ်ခဲ့ကြတဲ့ ကေ့စ်တွေထဲက ထူးခြားတဲ့ ကေ့စ်နဲ့ ပေးရှင့်တွေရဲ့ နာမည်ကို အမှတ်တရ ကျွန်တော် ရှာဖွေသိမ်းထားချင်လို့"

နွယ့် ရင်ထဲမှာ ဆို့နစ်သွားမိခဲ့သည်။

"စာရင်းတွေလည်း တော်တော်ပြီးပါပြီ။ မနက်ဖြန်တော့ အဆင်သင့် ဖြစ်မှာပါ"

"ရပါတယ်။ ဒေါက်တာရဲညွှန့်သွင် လာမှ Over ပေးရမှာပဲ၊ အချိန်ရပါ တယ်"

"မမနွယ် အခု ဒီစာရင်းတွေအတွက် လာတာမဟုတ်ဘူးလား"

"ဟင့်အင်း"

နွယ့်ကို ဒီတော့မှ သက်ဇော်နိုင် အံ့အားသင့်သလိုကြည့်လေ၏။

"ကိုယ် သီရေတာလေးကို လာကြည့်တာပါ"

သက်ဇော်နိုင် ဖြည်းညင်းစွာ နေရာကထလေသည်။ သူ နွယ့်ရင်ထဲ လှုပ်ရှား ခံစားနေရသည်များကို နားလည်လာခဲ့ဟန်ဖြင့်

"ကျွန်တော် အပြင်ထွက်ပေးရမလားမမနွယ်"

"ရပါတယ်"

သက်ဇော်နိုင် ခင်ဦးနွယ်ကို ငေးကြည့်နေခဲ့သည်။ သူမ လှုပ်ရှားနေပုံများ က စိတ်မှတ်မဲ့သလို ရှိနေခဲ့သည်။ သီရေတာနံရံနှင့်ကပ်လျက် စင်ကလေးများကို လက်ဖြင့် တို့ထိခွဲလာခဲ့သည်။ သီရေတာထဲမှာ သူမ မထိတွေ့ဖူးသည့် နေရာများ ကျန်ပါဦး မလား။ သီရေတာ သန့်ရှင်းရေးအတွက် နွယ်ကိုယ်တိုင် ထတီ တိုက် ဝတ်ကာ ဆပ်ပြာမှုန့်တွေ ဖိနှိပ်တွေအမှုန့်ဖွေးဖွေးထအောင် တံမြက်စည်းရှည်တိုင် ကာ လှည်းကျင်းပေးခဲ့တဲ့အကြိမ်တွေလည်း မနည်းတော့ဘူးလေ။ မျက်နှာကြက်သို့ နွယ် မတို့ထိမိတဲ့ ကျန်ကောင်းကျန်မည်။ နွယ် ပြုံးလိုက်မိလျက်

"တစ်ခါတုန်းက တံတားပေါ်က လိမ့်ကျတဲ့ ပေးရှင့်တစ်ယောက်က လက်ပြင် ထဲမှာ စိုက်ထားသလို သစ်သားချွန်တစ်ခု စူးဝင်သွားခဲ့တာ။ အဲဒါကို ထုတ်လည်း ထုတ်ယူရော Artery (သွေးလွှတ်ကြော) တစ်ခုက သွေးတွေထွက်ထားတာ မွှာ

www.burmeseclassic.com



ကြွက်တောက်စဉ်တယ်ကွာ။ ကိုယ်လည်း စမ်းလိုက်ရတာ ချွေးကိုထွက်ရောပဲ။ အဲဒီ တုန်းက သက်ဇော်နိုင်ရောက်ပြီလားဟင်"

"မရောက်သေးဘူး မမနွယ်"

"ဟုတ်တယ်လေ၊ ကြူကြူနဲ့ပေါ့"

နွယ် ငြိမ်သက်စဉ်းစားသွားခဲ့ပြန်သည်။ စင်ကလေးပေါ်မှာ လက်ညှိုးလေး ဖြင့်ပွတ်သပ်ခွဲခဲ့ရင်း instruments တွေထည့်သည့် drum ကြီးများအနီးသို့ ရောက်လာခဲ့သည်။ သိမ်းမိတော့တဲ့ အံချော်နေတဲ့ sponge forcep နှစ်ချောင်းရှိတာ ဘယ် drum ထဲမှာပါလိမ့်မယ်။ ထိုညှပ်နှစ်ချောင်းကို 'မထိ နဲ့ မမိ'ဟု နွယ်အမည်ပေး ထားကာ၊ မမအေမိကို ထုတ်လိုက်ပါ၊ မသုံးပါနဲ့တော့ ပြောလို့မရ။ ရှားပါးပစ္စည်း မမရဲ့ ဟုဆိုကာ သူညှပ်နှစ်ချောင်းကို အစဉ်ပွဲထုတ်တတ်လေ၏။ ကြာတော့ နွယ်က မထိနဲ့ မမိရဲ့ အထာကို သိလာကာ အံချော်နေတဲ့ညှပ်ကိုမိအောင် ဘယ်လိုကိုင်နိုင်တယ်ဆိုတာ သိလာရသည်။ သို့ပေမယ့် ထိုညှပ်နှစ်ချောင်းက အထာ မသိသော သက်ဇော်နိုင်နှင့် ဆရာယစ်တို့ကို ဒုက္ခပေးတတ်သေးဆဲ။

"ဆာကျင်တောင်သုံးသေးတာ။ ရှင်တို့က ဘာကြေးများနေသလဲ"

ဟုလည်း မမအေမိရဲ့ အကြိမ်းကိုခံကြရသေးလေ၏။

"မထိနဲ့ မမိကိုတော့ မမအေမိဆီက ကိုယ်အလှူခံသွားရမလား မသိဘူး။ ဆရာယစ်နဲ့ မင်းကို ဆက်ပြီးဒုက္ခမပေးနိုင်အောင်လေ"

သူမ အတွေးတွေကိုပြောရင်း ပြုံးနေသော မမနွယ်ကို သက်ဇော်နိုင် ငေးနေမိခဲ့လေ၏။ မမနွယ်က အပြာနုတီရှပ်နှင့် အပြာနုခံ အရောင်လေးငါးမျိုးပါ သော ပါတိတ်ဆင်ကို ဝတ်ဆင်ထားခဲ့သည်။ ခွဲခန်းဝင် အပေါ်ဝတ်ရုံဖြူဖြူမပါ အောက်မှာပင် သူမအလှများပျောက်ဆုံးခြင်းမရှိ။ သိမ်မွေ့လျှို့ဝှက်စွာ လှပလျက်။ သူ့မျက်နှာလေး ညှိုးရိပ်သမ်းနေခဲ့သည်ကို သက်ဇော်နိုင် စိတ်မကောင်းစွာ ငေး ကြည့်နေမိခဲ့လေ၏။ သက်ဇော်နိုင်ရပ်နေသော ခွဲစိတ်ခုတင်အနီးသို့ ရောက်လာ သောအခါ ခွဲစိတ်ခုတင်ကို သူမလက်ကလေး ဖြင့် ပွတ်သပ်ကိုင်တွယ်ရင်း

"တစ်ခါတုန်းကတော့ APH (ကလေးမမွေးမီသွေးလွန်ခြင်း)နဲ့ သွေးတွေ ဒလဟောဆင်းနေတဲ့ ရွာကမွေးလူနာ တစ်ယောက် ရောက်လာခဲ့တယ်။ ကိုယ်တို့ သူ့ကို ချက်ချင်းသွေးတွေသွင်းပြီး ခွဲကြတယ်။ သိပ်နှမြောဖို့ကောင်းတာပဲ သက် ဇော်နိုင်။ ဝမ်းနည်းစရာလည်း ကောင်းတယ်။ ခွဲစိတ်လို့မပြီးခင်မှာ ဒီခုတင်ပေါ်



မှာပဲ ဆုံးသွားခဲ့တယ်လေ။ ကိုယ်လည်း တစ်ပတ်လောက် ထမင်းမကြည့်ချင်အောင် ဖြစ်သွားခဲ့တယ်"

သက်ဇော်နိုင် မမနွယ်သို့ ကြင်နာစွာကြည့်နေရင်း

"ကျွန်တော့်တုန်းကတော့ ကံကောင်းခဲ့တယ်။ ဦးမြမောင်ကျော့(စ)မှာ ကျွန် တော်ခံစားနေရတော့။ မမနွယ် ကျွန်တော့်ကို နှစ်သိမ့်အားပေးခဲ့တာ၊ ကျွန်တော်ဘယ် တော့မှ မမေ့နိုင်ပါဘူး"

မမနွယ်က သူ့ကို အဝေးက လှမ်းမြင်နေသလို ခပ်ရေးရေးကြည့်ကာ

"အဲဒီ ဦးမြမောင်ရဲ့ တိုင်စာကိစ္စကြောင့် ကိုယ်ပြောင်းဖို့ ကြိုးစားခဲ့တာ လို့ အားလုံးက ထင်ကြတယ်။ ဦးမြမောင်ကို ဘယ်လောက်ကောင်းစေချင်လို့ ကိုယ်တို့ ကြိုးစားခွဲစိတ်ခဲ့ကြတယ်။ ခွဲစိတ်ပြီးတော့ ဘယ်လို စောင့်ရှောက်ပေးခဲ့ကြ တယ်ဆိုတာ ကိုယ့်တာသာကိုယ် သိနေတာပဲ ကိုယ်တို့ ဘာမှထိခိုက်စရာ မရှိပါဘူး။ ဒီကိစ္စနဲ့ ကိုယ် မြေလတ်က ပြောင်းပြေးတာ မဟုတ်ရပါဘူးကွာ"

သက်ဇော်နိုင်က သူမအတွေးများကို နားလည်တိတ်ဆိတ်စွာနားထောင် ပေးနေခဲ့မိသည်။ မမနွယ် ဝမ်းနည်းထိခိုက်ခံစားသည်ကိုမြင်ရတာ၊ သူ့ကိုလည်း တမြေ့မြေ့ ထိခိုက်ခံစားမိလာစေခဲ့လေသည်။

"ကိုယ် မြေလတ်က ပြောင်းချင်တဲ့အခါတွေ ရှိခဲ့ဖူးပါတယ်။ မောင်မောင် အေးနဲ့ ကြူကြူတို့ ပြောင်းပြီးတော့ ဆရာယဉ်မျိုးနဲ့ မူယာတို့ ရောက်လာခဲ့ကြတယ်။ အဲဒီအပြောင်းအလဲမှာ အလုပ်ခွင်ထဲက အဆင်မပြေတာလေးတွေကြောင့် ကိုယ် ပြောင်းချင်စိတ်ပေါ်ခဲ့မိဖူးပါတယ်။ ဒါပေမယ့် ဒီအချိန်တွေကိုလည်း ကိုယ်ကျော်လွှား နိုင်ခဲ့တာပါပဲ။ ပြန်တွေးကြည့်တော့လည်း အသေးအဖွဲလေးတွေပါပဲနော်။ ဘာမှ မခံမရပ်နိုင်စရာမရှိပါဘူး"

သူမက တစ်ခုခုကိုသတိရသလို ဖြည်းဖြည်းသာသာရယ်မောသည်။

"တွေးကြည့်ရင် ရယ်စရာကောင်းတာက ဆရာယစ်နဲ့ ကိုယ်ပဲ။ သူ့အောက် စမှာ လုံးဝအဆင်မပြေဘူး။ လောကကြီးထဲမှာ မိန်းမတွေရှိတာကို မကျေနပ်နေသလို ပဲ။ အဲဒီအချိန်တုန်းကလည်းလုပ်ရကိုင်ရတာ အဆင်မပြေလို့ ကိုယ်ပြောင်းချင်ခဲ့ပါ သေးတယ်။ အခုဆိုရင် ဆရာယစ်နဲ့ကိုယ် ခင်မင်လာခဲ့ကြတော့ အရင်က [illegible] ခဲ့တာတွေ ရယ်စရာကောင်းနေတော့တယ်။ နောင်တချို့လည်း ကောင်းတယ်နော်"

သက်ဇော်နိုင်က သူထိုင်ခဲ့သော ထိုင်ခုံလေးကို ထိုးပေးခဲ့တော့ မမနွယ်က

www.burmeseclassic.com

www.burmeseclassic.com



စိတ်မှတ်ခဲ့လို့ ဝင်ထိုင်ခဲ့သည်။ မမနွယ်ကို စိတ်ပြောင်းလဲ သက်သာရာရစေချင်စွာ

"ကျွန်တော်ရောက်ပြီးတော့ ကျွန်တော့်ကြောင့် မမနွယ် အလုပ်ခွင်မှာ အနှောင့်အယှက် မဖြစ်ခဲ့ရဘူး မဟုတ်လားဟင်"

ရယ်ရယ်မောမော မေးမိလေ၏။ နွယ်က သက်ဇော်နိုင်သို့ မော်ကြည့်ကာ

"အားလုံးထဲမှာ မင်းအတွက်ကြောင့် ကိုယ်အထိနိုက်ရခုံးပဲပေါ့"

အပြုံးညင်သာဖြင့် ပြောခဲ့လေ၏။ သက်ဇော်နိုင်က မမနွယ်ကို သူ့နှုတ်ချိုးကပ်မိခဲ့သည့်ရက်များအတွက် တောင်းပန်ပြီးခဲ၏။ မမနွယ်က သူ့မအသံတိုးတိုးလေးဖြင့် စကားဆက်ပြောသွားခဲ့လေ၏။

"မင်းအဖေရာကို ခွဲစိတ်ခဲ့ရတဲ့ညမှာ ကိုယ်ဘယ်လောက်တုန်လှုပ်နေခဲ့တယ်ဆိုတာ ကိုယ်တစ်ယောက်သာ အသိဆုံးပါပဲ သက်ဇော်နိုင် မင်းသာ တစ်ခုခုဖြစ်ခဲ့ရင်၊ ကိုယ့်တစ်သက် မေ့ကိုင်ဖြစ်တော့မယ် မထင်ဘူး။ မင်းကို ခွဲစိတ်နေရင်း ကိုယ့်နှလုံးခုန်သံ ကိုယ်ပြန်ကြားနေခဲ့ရတယ်။ လက်တွေနဲ့ အလုပ်လုပ်နေတာ မဟုတ်ဘဲ ကိုယ့်နှလုံးသားနဲ့ အလုပ်လုပ်နေရသလိုပဲ။ သိရေတာကထွက်တော့ ကိုယ်ယိုင်နေခဲ့ပြီ။ ဒါပေမယ့် ကိုယ်နားလို့မဖြစ်သေးဘူး။ မင်း ပြန်မနိုးတော့မှာစိုးလို့ မင်းခုတင်ဘေးမှာ ထိုင်စောင့်နေခဲ့မိတယ်။ ကိုယ်စောင့်နေရင် ဘယ်လောက်ပဲ အခြေအနေဆိုးဆိုး မင်း နိုးကိုနိုးလာတော့မယ့်အတိုင်းပါပဲ"

ခင်ဦးနွယ် ဖြည်းဖြည်းနူးညံ့စွာ ပြုံးခဲ့သည်။

"ကိုယ်မျှော်လင့်ထားတဲ့အတိုင်းပဲ မင်းနိုးလာခဲ့တယ်။ မင်း မျက်လုံးတွေ မဖွင့်နိုင်ခင်၊ ပထမဆုံးညည်းလိုက်တဲ့ နာမည်က ကိုယ့်နာမည်ပဲလေ"

သက်ဇော်နိုင် မျက်လုံးများကို မှိတ်ထားလိုက်မိလေ၏။ သူ့နှုတ်ခမ်းများ ပြုံးနေလျက်က သူ့ ရင်ထဲမှာ ထိနိုက်ကြေကွဲနေခဲ့သည်။ ကျွန်တော် ဘယ်လိုစိတ်နိုင်းနဲ့များ ကျွန်တော့်အသက်ကို ကယ်ခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်လို့ ခါးသက်သက်လေသံနဲ့ ပြောခဲ့မိပါလိမ့် မမနွယ်ရယ်။ နွယ် အိပ်မက်ထဲမှာ မျောပါနေသလို အဖြစ်မှ ပြန်နိုးလာခဲ့သည်။ သတိဝင်စွာ မော်ကြည့်မိတော့ မျက်လုံးများမှိတ်ထားပြီး ခွဲစိတ်ခုတင်သို့ လှဲမှီလိုက်သော သက်ဇော်နိုင်ကို တွေ့ရလေ၏။ သူ့ကို အသာအယာနိုးသလို

"ကိုယ်တို့ နားခန်းထဲသွားထိုင်ရအောင်"

နွယ်ပြောခဲ့ရင်း နားခန်းဆီသို့ ထွက်ခဲ့သည်။ နွယ်က ကုလားထိုင်ဆွဲလိုက်



နိုင်ခဲ့ပြီဖြစ်ပေမယ့် သက်ဇော်နိုင်မှာ ဝမ်းနည်းထိနိုက်စွာ တိတ်ဆိတ်နေမြဲ ဖြစ်လေ၏။

"ဘဝတူ ဆရာဝန်တစ်ယောက်ကို အရေးပေါ်ကိုယ်ခွဲစိတ်ပေးရမယ်ဆိုရင်တောင် တုန်လှုပ်မိမှာပဲ။ သက်ဇော်နိုင်က ကိုယ်တို့ခေးရုံက လုပ်ဖော်ကိုင်ဖက် A.S တစ်ယောက်လေ။ ကိုယ့်ခေးရုံက A.S တစ်ခုခုဖြစ်သွားမှာကို ကိုယ်သိပ်စိုးရိမ်ခဲ့ရတာပေါ့"

သက်ဇော်နိုင်က ဒူးပေါ်တွင် လက်နှစ်ဖက်ထောက်ကာ၊ လက်ဖဝါးများထဲမှာ မျက်နှာကို မြှုပ်နှံထားခဲ့လေ၏။ လက်များကို ဖယ်လိုက်သောအခါ၊ သူ့မျက်နှာမှာ နာကျင်ကြေကွဲနိုပ်များ ရှိခဲ့ပေမယ့်၊ မျက်လုံးများ ကြည်လင်စိုလက်ကာ ဖြည်းဖြည်း ပြုံးခဲ့သည်။ သူ နွယ့်ကိုမကြည့်တဲ့ စကားတိုးတိုးပြောခဲ့လေ၏။

"ကျွန်တော်လည်း အဲဒီအချိန်မှာ ကျွန်တော် တစ်ခုခုဖြစ်သွားမှာ စိုးရိမ်မိခဲ့တယ် မမနွယ်"

"ဟုတ်တာပေါ့။ သက်ဇော်နိုင်ရဲ့ ဦးလေးကြီးလည်းမရှိဘူး။ အမေနဲ့ ညီမလေးကလည်း အဝေးမှာဆိုတော့လေ"

သက်ဇော်နိုင် ခေါင်းယမ်းခါသည်။

"မဟုတ်ဘူး မမနွယ်။ အဲဒါကြောင့် မဟုတ်ဘူး"

သူ့ နှုတ်ခမ်းများ ပြုံးလျက်ဖြင့် သူတိုးတိုးဆက်ပြောခဲ့ပေ၏။

"ကျွန်တော် stab wound ရပြီး လဲကျသွားတော့ စည်သူက ကျွန်တော့်ကို အတင်းဝင်ပွေ့ခဲ့တာ မမနွယ်။ ကြက်ခြေနီလေးတွေ ရောက်လာပေမယ့် နောက်ကျနေတယ်၊ ကျွန်တော်နိုင်းသလို စည်သူက သတ္တိကောင်းကောင်းနဲ့ လုပ်ပေးခဲ့တာ။ အဲဒီအနားမှာရှိတဲ့ဆိုင်က မျက်နှာသုတ်ပဝါ အသစ်တစ်ထည်နဲ့ ကျွန်တော် ဒဏ်ရာကိုအုပ်ပြီး စည်သူကိုကြိုးတစ်ချောင်းနဲ့ ချည်ခိုင်းခဲ့တယ်။ ညီသူလေးကတော့ အရမ်းတုန်လှုပ်နေရှာတယ်။ ကျွန်တော် ကားပေါ်ရောက်တော့ သူတို့ နှစ်ယောက်စလုံး ကျွန်တော်နဲ့ အနီးဆုံးမှာနေကြတယ်။ ညီသူက ကျွန်တော်ငြိမ်မှိန်းနေတာကို ဦးကို မေမေက ကုပေးမှာဆိုပြီး တစ်ချိန်လုံး လှုပ်နှိုးခေါ်လာတယ်။ ကျွန်တော်က ညီသူ၊ ဦးသွေးတွေသိပ်ထွက်ကုန်လိမ့်မယ်၊ ဦးကိုမလှုပ်နဲ့ဆိုတော့၊ ညီသူလေး တအိအိနဲ့ ငိုလိုက်တာ မမနွယ်ရယ်။ ကျွန်တော် အဲဒီအချိန်မှာသာ တန်းပြတ်သွားခဲ့ရင်၊ စည်သူနဲ့ညီသူရဲ့ မျက်စိအောက်မှာလေ။ သူတို့တစ်သက်လုံး ဒီအဖြစ်ကို မြင်ယောင်နေတော့မယ်။ psychological trauma (စိတ်ဒဏ်ရာ) ရသွားတော့မှာပေါ့

www.burmeseclassic.com



မမနွယ်။ သူတို့မျက်စိအောက်မှာ ကျွန်တော် Expired ဖြစ်သွားမှာ သိပ်စိုးရိမ်လို့ ကျွန်တော် ကိုယ်ကိုယ်ကိုယ် ရှေ့ခံနဲ့ သတိလစ်မသွားအောင် သတိထားခဲ့ရတယ်"

နွယ် တိတ်ဆိတ်စွာ ထိုင်နေမိခဲ့လေ၏။ နွယ့်ပါးပြင်တွင် မျက်ရည်များ သွယ်စီးကျလျက်။ ဟန်ဆောင်ပုံးကွယ်ထားဖို့လည်း နွယ် သတိမရခဲ့တော့။ လည်တိုင်သို့ တက်ခုန်လာလေ့ရှိသော နှလုံးအိမ်က အတောင်လေးတစ်စုံရှိကာ ပုံသန့်ရှင့်ရှင့် လွတ်မြောက်သွားခဲ့ပြီ။ နွယ်အချုပ်ထိန်းမဲ့ တစ်ချက်ရှိုက်ငင်သွားမိသည့်တွင် သူနွယ့်ကို သတိထားမိသွားခဲ့ကာ

"ဟာ မမနွယ် ငိုနေတယ်"

သူဘာလုပ်ရမှန်းမသိ ပျာသွားခဲ့သည်။ ဒီတစ်ခါတော့ သူ့မှာ လက်ကိုင်ပဝါ ပါခဲ့ဟန်မတူ။ နွယ် ခေါင်းငုံ့ကာ ပါးပြင်မှာ လက်တင်လို့ ပွတ်သုတ်မိလေ၏။ နွယ်ခေါင်းငုံ့ထားမိဆဲ

"မမနွယ် စည်သူ၊ ညီသူတို့ကို သတိရသွားလို့လား ဟင်"

နွယ် ခေါင်းခါသည့် ဆိုရုံလေး ခါလိုက်မိခဲ့သည်။

"ဒါဖြင့် ဘာဖြစ်လို့လဲ"

သည်ကမ္ဘာမြေပေါ်မှာ ရပ်တည်ရာ တစ်နေရာလေးမျှမရှိအောင် နိုကိုးရာမဲ့နေသူတစ်ယောက်လို ခင်ဦးနွယ် သူ့ကို မော်ကြည့်မိခဲ့သည်။ သူ့ရဲ့ မျက်နှာက ကြင်နာခြင်းဖြင့် နူးညံ့နေခဲ့သည်။ သူ့အကြည့်က ချော့မော့နေခဲ့ကာ၊ သူ့နှုတ်ခမ်းများရဲ့ အပြုံးတွင် နားလည်မှုတွေ ပါဝင်နေခဲ့လေ၏။ တစ်ခါတုန်းကတော့ ခင်ဦးနွယ် ဘဝတွင် ယောက်ျားတစ်ယောက်ကို ချစ်သူအဖြစ် ဘယ်တော့မှ ထပ်ပြီးမလိုအပ်တော့ဘူးဟု ထင်မိခဲ့ဖူးသည်။ ထင်ခဲ့မိတာ မဟုတ်ပါဘူးလေ။ မလိုအပ်စေရတော့ဘူးဟု သန္နိဋ္ဌာန်တစ်ခုလို တိတ်တဆိတ် ဘယ်သူမှမသိအောင် ချမှတ်ခဲ့ဖူးတာ ဖြစ်လေ၏။ ထိုသန္နိဋ္ဌာန်က တစ်ဖက်၊ ဖြစ်ခဲ့သမျှအတွက် ယောက်ျားတွေကို နွယ် နာကြည်းမုန်းတီးချင်လျက် ယောက်ျားသားများပင်ဖြစ်သော သားတွေအပေါ် နားလည်နိုင်ဖို့ ကြိုးစားရသည်က တစ်ဖက် ဖြစ်လေ၏။ ချောက်နက်တောင်ခါးပန်းကြားက ဘောင် ကျဉ်းကျဉ်းလမ်းကလေးမှာ လျှောက်ခဲ့ရင်း နွယ့်ကိုယ်နွယ် အလုပ်တွေဖြင့် ချုပ်နှောင် ထားခဲ့သည်။ သည်လိုနှင့်နွယ် စောင့်စားနေခဲ့သော အသက်လေးဆယ့်ငါး၊ ငါးဆယ် အရွယ်သို့ ရောက်ခဲ့ကာ ဘဝမှာ လွတ်လပ်စွာ၊ အန္တရာယ်ကင်းစွာ၊ အကျိုးရှိစွာ၊ ဆက်လက်နေထိုင်သွားနိုင်ဖို့



မျှော်လင့်ခဲ့မိလေ၏။ ထိုမျှော်လင့်ချက်နှင့်အတူ၊ မိန်းမတစ်ယောက်ရဲ့ မာန၊ အတ္တ၊ သိက္ခာတို့မှာ အေးစက်မာကျောနေသော ရေခဲတောင်များ နွေအရောက်မှာ အရည်ပျော်ဆင်းသလို ပဲ့ကြွေဆင်းခဲ့ရပြီ ဖြစ် လေ၏။ သူသာလေ နွယ့်တာဝရဲ့ နေရောင်ခြည်ပါပဲ။

"ပြောပါဦး မမနွယ်။ ဘာဖြစ်လို့လဲ ဟင်"

သူ့မျက်နှာက မယုံမရဲ အရိပ်တစ်ခုဖြင့် ပြုံးမလို၊ တည်မလို၊ သူ့အသံက အလွန်နူးညံ့တိုးလျ၊ ချော့မော့နေခဲ့လေ၏။ သူ့အကြည့်တို့က ကြင်နာစွာဖေးမလျက်။ နွယ် စကားပြောခဲ့သောအခါ သူ့အမေးကို ဖြေတာမဟုတ်ဘဲ၊ နွယ်ပြောချင်တာကိုသာ စိတ်မချင့်မရဲပြောခဲ့မိတာ ဖြစ်လေ၏။

"နွယ်လေ သိပ်ပျော့ညံ့တာပဲနော်။ နောက်တစ်ပတ်ဆိုရင် နွယ် မြေလတ်က အမြဲအပိုင်ပြောင်းသွားရတော့မှာ။ သက်ဇော်နိုင်နဲ့ တစ်ယောက်တစ်မြို့စီ ဝေးကွာသွားကြတော့မှာပဲ။ မင်းလည်း ဖြည်းဖြည်းချင်းတော့ စိတ်အနည်ထိုင်သွားလိမ့်မယ်။ နွယ်လည်း ကြိုးစားထိန်းချုပ်ရင်း ဒီအချိန်တွေကို နွယ် ကျော်လွှန်သွားနိုင်တော့မယ့်ဆဲဆဲပါ။ ဘာဖြစ်လို့များ သက်ဇော်နိုင်ကို နွယ်အထင်ကြီးမိတဲ့ မင်းရဲ့စိတ်ထားကောင်းလေးနဲ့အတူတူ ချစ်နေခဲ့မိတာကို ဆက်ပြီး မျိုသိပ်မထားနိုင်ရတော့တာလဲ မသိဘူးနော်"

"နွယ်"

သူ့ မျက်စွာ ကြည်စင်ဝင်းပစွာ၊ ဝမ်းပန်းတသာ ခေါင်းမော်လို့ နွယ့်အမည်ကို တခဲ့သည်။ နွယ့်အနီးသို့ ရုတ်ချည်းပင် သူ ရောက်လာခဲ့သည်။ နွယ် သူ့ကို အရှုံးပေးသော နူးနူးညံ့ညံ့အပြုံးလေးဖြင့် မော်ကြည့်မိလေ၏။ မြတ်နိုးချစ်ခိုင်ခြင်း နူးညံ့ရိုလက်သော သူ့မျက်လုံးထဲကအပြုံးကို ဘယ်တော့မှ ဆုံးမှာမဟုတ်တော့သလို မြင်ရသည်။ သူကမ်းပေးလာသော လက်ထဲသို့ နွယ် လက်လှမ်းလင့်မိစဉ်၊ သူမ လက်ကလေးကို မြဲမြံစွာဆုပ်ကိုင် အသာအယာထစေခဲ့သည်။ နွယ်တို့ မျက်လုံးချင်း မခွာမိကြ။ နောက်တစ်ခဏတွင် နွယ့်ကို သူပိုင်ဖိုးစွာ ပွေ့ဖက်ယူခဲ့ရကာ ရင်ခွင်ကျယ်မှာ ခေါင်းတင်မှေးမှိုစေလျက်

"နွယ် ဒီလိုပြောင်းသွားလည်း ကျွန်တော်က လွယ်လွယ်နဲ့ လက်လျှော့မှာ မဟုတ်ဘူးလေ။ နွယ်နဲ့ ကျွန်တော်ကြားမှာ မဲ့ပျောက်မရနိုင်တဲ့အဖြစ်တွေ ရှိခဲ့တာ ကျွန်တော်တို့ ဘယ်လိုလုပ်ပြီး မေ့နိုင်မလဲ။ နွယ်တစ်နေ့မှာ ကျွန်တော့်ကို လက်ခံလာ

www.burmeseclassic.com

www.burmeseclassic.com



နဲ့ ကျွန်တော်ကလည်း ကြိုးစားနေမှာဆိုတော့ နွယ် ထင်ထားသလို စိတ်အနှည်းထိုင်သွားဖို့ဆိုတာ မဖြစ်နိုင်ပါဘူး"

နွယ် မျက်လုံးများကို မှေးမှိတ်ထားမိရင်း

"ဒီအတွက် နွယ့်ကိုတစ်ယောက်ယောက်က ခွင့်လွှတ်ပြီး နားလည်ပေးခဲ့ရင်ကောင်းမှာပါ"

ဟု ကြားရမရသလို ညည်းမိသောအခါ သူက

"မောင် နားလည်မှာပေါ့ နွယ်ရယ်။ နွယ့်ကို အမြဲ ခွင့်လွှတ်ပြီး မောင် နားလည်ပေးနေမှာပါ"

နွယ့်နားထဲသို့ ကပ်၍ တိုးတိုးလေး ပြောခဲ့လေ၏။

□

ဦးအောင်မြင့်က သူ့ ရုံးခန်းလေးထဲသို့ စောစီးစွာရောက်နေခဲ့သည်။ ညက ဒေါက်တာရဲထွန်းသွင်ထံမှ ဖုန်းအဆက်အသွယ် ရခဲ့သည်။ လာမည့်တနင်္ဂနွေမှာ မြေလတ်သို့ ရထားဖြင့်လာခဲ့ပါမည်။ ဆရာကြီးမှ သူနှင့်မိသားစုကို ဘူတာမှ လာကြိုပေးဖို့ စီစဉ်ပေးနိုင်ပါ့မလားဟု ယဉ်ကျေးစွာ သူလိုချင်တာကို ပြောခဲ့လေ၏။ ဦးအောင်မြင့်က စိတ်ချပါ ဆရာ။ ကျွန်တော် စီစဉ်ပေးပါမယ်ဟု ဖုန်းထဲမှာ ပြန်ပြောခဲ့သည်။ ဆေးရုံနေအိမ်ကိစ္စကို မေးမြန်းသည်။ ဆေးရုံနေအိမ် အသင့်ရှိပါတယ်။ လက်ရှိဆေးရုံအုပ်ကြီးက အလုပ်လွှဲပြောင်းပေးဖို့ စောင့်နေပါတယ်။ သူ ပြန်ဖြေခဲ့၏။ သူနှင့် လဲရမည့်ဒေါက်တာခင်ဦးနွယ်ရဲ့ ဆေးခန်းကိုပါ သူဆက်ဖွင့်မှာဖြစ်ကြောင်း ဆရာမှပြောထားပေးပါ။ ဒေါ်ခင်ဦးနွယ်ကို နှုတ်ဆက်ပွဲကော ပြုလုပ်ပြီးပါပြီလား။ မေးသောအခါ ဦးအောင်မြင့်က မနက်မှာပြုလုပ်ဖို့စီစဉ်ထားတာ ပြောပြခဲ့သည်။ အေးဗျာ၊ ကျွန်တော် နောက်ကျသွားတာ ဆောရီးပါ၊ ဆရာတို့ ကျွန်တော့်အတွက် ကြိုဆိုပွဲ သက်သက်လုပ်နေရတော့မှာပေါ့။ ဟု တည်ငြိမ်ပါးနပ်သော အသံရှင်က ဆိုလေ၏။ ဒေါ်ခင်ဦးနွယ် ရောက်ခဲ့စဉ်က ကြိုဆိုပွဲမရှိသည်ကို သတိရရင်း ပင့်သက်ရှိုက်မိကာ

"ဆရာ လာသာလာခဲ့ပါ။ ကျွန်တော်တို့ ဒီမှာ အားလုံးအဆင်ပြေအောင် စီစဉ်ပေးပါ့မယ်"

ဟုပြောခဲ့ရသည်။ ထိုသတင်း ဒေါ်ခင်ဦးနွယ်သို့ ပြောပြရမည်ပေ။ ဒေါက်တာရဲထွန်းသွင်ရောက်ခဲ့လျှင် ဒေါ်ခင်ဦးနွယ်နောက်တစ်ရက်၊ သို့မဟုတ် နှစ်ရက်



မှာ မြေလတ်မှ ထွက်ခွာရပေမည်။ နံနက်(၁၀)နာရီတွင် နှုတ်ဆက်ပွဲရှိသည်။ ထိုပွဲ ကျမှပင် ဒေါ်ခင်ဦးနွယ်နှင့် ဆုံတွေ့ပြောပြရတော့မည်ပေ။ ဦးအောင်မြင့်က တွေးနေ ဆဲ၊ ဆင်နားရွက်တံခါးက ပွင့်လာခဲ့သည်။ ခင်ဦးနွယ်နှင့် သက်ဇော်နိုင်တို့ ဝင်လာခဲ့ ကြသည်။

"ဂွတ်မော့နင်းပါ ဆရာ"

ခင်ဦးနွယ်က သူ့ကို ပြုံးနှုတ်ဆက်ခဲ့လေ၏။ သူမမှာ သူမဝတ်ဆင်နေကျသော ခရမ်းပြာခံ အနက်ရောင်ရိုးရိုးချိတ် စိပ်စိပ်လေးများနှင့် ချည်တာပွင့်ဖြူ အင်္ကျီလက်စကကို ဝတ်ဆင်ထားခဲ့ကာ၊ သည်အဆင်အပြင်က သူမကို သွယ်နွဲ့ ယဉ်ကျေးလှပစေမြဲ ဖြစ်လေ၏။ သက်ဇော်နိုင်ကလည်း သူဝတ်ဆင်လေ့ရှိသော အဆင်အပြင်ဖြစ်သည့် လည်ကတုံးရှပ်လက်တို ဖြူဖွေးနှင့် စိမ်းပြာအနက်ဖောက်ဆင် ပိုးတွဲလုံချည်ကိုပဲ ဝတ်ဆင် ထားခဲ့လေ၏။ သို့ပေမယ့် သူတို့နှစ်ဦးမှာ တစ်ခုခုထူးခြားနေသလို ဦးအောင်မြင့် ထင်မိလေ၏။ ဒေါ်ခင်ဦးနွယ်က သည့်နေ့မှာ ပိုရှည်နေခဲ့ကာ သက်ဇော်နိုင်က ပိုတည်ကြည်နေခဲ့သည်။ သူတို့ရဲ့ မျက်နှာများကတော့ ဆင်တူလှစွာ နူးညံ့နေကြလေ၏။

"လာထိုင်ပါ ဆရာတို့၊ အခုပဲ ကျွန်တော်လည်း ဒေါ်ခင်ဦးနွယ်အလုပ်ကိစ္စကို စဉ်းစားနေတာ။ ညက ဒေါက်တာ ရဲထွန်းသွင်နဲ့ ဖုန်းထဲမှာ စကားပြောလိုက်ရတယ်"

ထို့နောက် သူတို့ ပြောဆိုကြသည့်အကြောင်းများကို ဦးအောင်မြင့်က ပြန်လည်ပြောခဲ့လေသည်။

ဒေါ်ခင်ဦးနွယ်ရဲ့ မြေလတ်ဆေးရုံသက်တမ်းတစ်လျှောက်မှာ ဦးအောင်မြင့် သူမထံမှာ အကြိုအကြားရယူခဲ့ ရသည်များ ရှိလေ၏။ ဥပမာ၊ အရေးပေါ်၊ အသည်းအသန်ခန်းအလျှုရှင်ပေါ်ပေါက်ခဲ့၍ တည်ဆောက်ဖို့ နေရာရွေးသည့်ကိစ္စ၊ သူမက ကျိုးကြောင်းပြလျက်၊ ဆေးရုံကြီးကြပ်ရေးအဖွဲ့နှင့် အလှူရှင်တို့က ရွေးချယ်သော (ဦးအောင်မြင့်ကိုယ်တိုင် သဘောမကျသော်လည်း လက်ခံရတော့မလိုရှိနေသော) နေရာထက် ယခုနေရာကို အကြံပြုခြင်း ဖြစ်လေ၏။ သူမ ရွေးချယ်ပေးခဲ့သော နေရာမှာ ဆောက်လုပ် အသုံးပြုနေခဲ့တာ သုံးနှစ်ကျော်ခဲ့ပြီ၊ သူ့ထက် အဆင်ပြေတဲ့နေရာ ရှာမတွေ့နိုင်တာ သုံးရင်းက သိလာရပြီဖြစ်လေ၏။ အလှူရှင်လည်း ကျေနပ်ခဲ့သည်။ ယခုထက်တိုင် မြေလတ်ဆေးရုံရဲ့ အထွေထွေအလှူရှင်တစ်ဦးအဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ခံယူနေသေးဆဲ။ ထိုကဲ့သို့ အတွေးအခေါ်ကောင်းကာ၊ အလုပ်ကိုအမြဲစိတ်ဝင်တစား ရှိသော ခင်ဦးနွယ် သူ့စကားများတွင်ပင် စိတ်မဝင်စားသလို ရှိနေခဲ့တာ ဦးအောင်မြင့် အတွက် ထူးခြားနေခဲ့သည်။

ပြောင်းရွှေ့ရမှာမို့ သူမ စိတ်တွေပြားနေပုံလည်း မဟုတ်ပြန်။ သူမမှာ အာရုံတစ်ခုခုတွင် စွဲလမ်းကပ်ငြိနေသလို ရှိလေ၏။ ဦးအောင်မြင့်က အကဲခတ်ဆဲ ခင်ဦးနွယ်က ဦးအောင်မြင့်၏အတွေးကို ကြားလိုက်သလိုဖြင့်

"ကျွန်မ ဆရာ့ကို  ကန်တော့မလို့ပါ"

ပြုံးလဲ့ဆိုလေ၏။

"ကြော် ရပါတယ်ကွာ"

သက်ဇော်နိုင်က စက္ကူအိတ်တစ်အိတ်၊ ခင်ဦးနွယ်သို့ ကမ်းပေးခဲ့သည်။ ထိုအိတ်မှာ စာရင်းစာအုပ်အချို့နှင့်အတူ ရောပိုက်ထားသော သက်ဇော်နိုင်လက်ထဲမှာ ထူးထူးခြားခြားရှိနေခဲ့တာ ဖြစ်သည်။ ခင်ဦးနွယ်က ထိုအိတ်လေးကို ဦးအောင်မြင့် ၏ရှေ့ စားပွဲပေါ်သို့ တင်လိုက်ခဲ့သည်။ ပြီးတော့ ဆေးရုံ သမံတလင်းပေါ်မှာ ကျုံ့ ကျုံ့လေး ထိုင်ချမိခဲ့လေ၏။

"စိတ်မှန်းလိုက်ရင် ပြီးတာပါပဲဗျာ။ မကန်တော့ပါနဲ့"

သူက တားမိဆဲ၊ သက်ဇော်နိုင်ကပါ လိုက်ထိုင်ချလိုက်သောအခါ ဦးအောင်မြင့်မျက်နှံများ မှုဝဲ့လိုက်မိခဲ့တော့လေ၏။ သူတို့နှစ်ဦးက ဦးအောင်မြင့်ကို ကန်တော့ကြလေသည်။ ဦးအောင်မြင့်က ဆုတွေ သူတတ်သလောက် ပြန်ပေးရင်း။ သူ့မျက်နှာ တဖြည်းဖြည်းပြုံးလာခဲ့သည်။

"ကဲ ထိုင်ကြပါဗျာ။ ထိုင်ခုံမှာ ပြန်ထိုင်ကြပါဦး။ သက်ဇော်နိုင်ကရော ဘယ်ပြောင်းမှာမို့လဲ။ ကျွန်တော်က ကျွန်တော်ရဲ့ ညီမလေးတစ်ယောက်တည်းကိုပဲ ဆုံးရှုံးရလိမ့်မယ်လို့ ထင်တာ။ ညီလေးတစ်ယောက်ကိုပါ ထပ်ပြီးဆုံးရှုံးရဦးမှာလား ဗျာ"

"ကျွန်တော် ခွင့်ယူပြီး မမနွယ်ကို မြစ်ကြီးနားလိုက်ပို့မလို့ပါ"

နားရွက်များ နီမြန်းလျက်၊ အနည်းငယ်ရှက်အမ်းဟန်ဖြင့် ပြောခဲ့သော ဆရာဝန်လေးသို့ ဆရာဦးအောင်မြင့်က မျက်နှာပြုံးပြုံးကြီးဖြင့်

"ခွင့်ပေးရမယ့် ကိစ္စအတွက် ကွန်ရက်ကျူလေးရှင်းလို့ ဆရာပြောလိုက် ရမလား သက်ဇော်နိုင်"



ပြောရင်း ဦးအောင်မြင့် သက်ဇော်နိုင်ကို လက်ခွဲနှုတ်ဆက်ခဲ့သည်။

"ကျေးဇူးပါပဲ ဆရာကြီး"

သက်ဇော်နိုင်က လှိုက်လှဲပြုံးရယ်လက်ခံလေသည်။ ဆောက်ခွင်အသစ်ရောက် လာမယ့် ကိစ္စ။ ဒေါ်ခင်ဦးနွယ်အတွက် နှုတ်ဆက်ခွဲခွာစကား ပြောပေးရဖို့ကိစ္စတွေ ကိုပင် မေ့ကာ၊ ဦးအောင်မြင့် ဝမ်းသာရွှင်ပျ လာခဲ့သည်။ ခင်ဦးနွယ်က ခေါင်းငုံ့ ပြုံးနေကာ သက်ဇော်နိုင်က သူမကို မြတ်နိုးစွာ မကြာမကြာကြည့်နေခဲ့သည်။

"ဆေးရုံအတွက် မင်္ဂလာရှိတဲ့ သတင်းပါပဲဗျာ"

သူကပြောဆဲ ခင်ဦးနွယ်က ချစ်စဖွယ်ပြုံးကာ

"ကျွန်မမှာ ခွင့်တောင်းရမယ့် အခွင့်တွေရှိပါသေးတယ်"

ဟုပွင့်လင်းစွာပြောကာ သက်ဇော်နိုင်ကမူ

"ရန်ကုန်မှာအားလုံးကို အသိပေးပြီ။ ဖြစ်နိုင်ရင် မမနွယ် မြစ်ကြီးနား မသွားခင် လက်ထပ်သွားကြဖို့ပါ ဆရာကြီး"

အပြုံးတွေ တောက်ပစွာဖြင့် ပြောလေ၏။

"ဝမ်းသာပါတယ်ဗျာ။ ကဲ သက်ဇော်နိုင်တို့ နေခဲ့ကြဦး။ ကျွန်တော် ဒီနေ့ ပုံမှန်အစည်းအဝေးမတက်နိုင်တော့ဘူး။ ကိုယ်စားလွှတ်မယ့်အကြောင်း ဖုန်း သွားဆက်လိုက်ဦးမယ်"

ဆရာဦးအောင်မြင့်က ဝမ်းသာပီတိမျက်နှာ ပြုံးပြုံးဖြင့် တုတ်ကောက်ကို ဆထောက်ကာ ထွက်သွားခဲ့လေ၏။ ရုံးခန်းထဲမှ မထွက်ခွာမီ သူ့ရဲ့ တစ်နေရာမှာ ထိခိုက်အားနည်းသွားမှုကြောင့်၊ အခြားအာရုံတွေမှာ ပိုမိုထက်မြက်လာမှုဖြင့် သူတို့ နှစ်ဦးရဲ့ တီးတိုးစကားသံလေးများကို ဦးအောင်မြင့် ကြားဖြစ်အောင် ကြားခဲ့လိုက်သေး သည်ပင်။

"သက်ဇော်နိုင်က ဘာဖြစ်လို့ ဝင်ကန်တော့ရတာလဲကွာ။ ဆရာသိသွား တာပေါ့။ နွယ်တို့ ရင်ဆိုင်ရမယ့်အခွင့်တွေက ရှိသေးတာ"

သက်ဇော်နိုင်ရဲ့ တိုးတိုးရယ်မောသံ။ (သူရယ်မောနေကျအတိုင်း ခေါင်း မော်၍ ရယ်မောမှာ သေချာသည်။)

"ဆရာ့ကို ဒီနည်းနဲ့ အသိပေးလိုက်တာ အကောင်းဆုံးပဲပေါ့ ညီမ အသိမပေးခဲ့တဲ့ နောက်မှ သိသွားရင် ဆရာစိတ်မကောင်းဖြစ်သွားမှာပေါ့ နှင့်ဆိုင်ရ မယ့် အခွင့်တွေဆိုတာ၊ နွယ့်ဆီက ကတိလောက်မကော်နိုင်ပါဘူး နွယ်ရယ်

www.burmeseclassic.com



အိတ်ထဲ ခုနက နယ် မောင့်ကို ဘယ်လိုခေါ်လိုက်တယ်"

ဦးအောင်မြင် ပန်းတွန့်လိုက်မိသည်ကို သူတို့နှစ်ဦး မြင်များမြင်သွားမလားမသိ။

□

ဒေါ်ခင်ဦးနွယ်သို့ မြေလတ်ကျန်းမာရေး ဝန်ထမ်းများရဲ့ နှုတ်ဆက်သောနှုတ်ဆက်ပွဲလေးက အောင်မြင်စွာ ပြီးခဲ့လေ၏။ မနေ့ကအထိ တွေးထားခဲ့ကြသလို တိတ်ဆိတ်ညှိုးလျှသော နှုတ်ဆက်ပွဲလေး မဖြစ်ခဲ့တော့။ ဆရာဦးအောင်မြင်က သူတို့နှစ်ဦးရောက်မလာမီ ခန်းမသို့ ဦးစွာ သွားခဲ့သည်။ မင်္ဂလာသတင်း ကြေညာပေးခဲ့လေသည်။ သက်ဇော်နိုင်နှင့် ခင်ဦးနွယ်ကို ချစ်ခင်ကြသူတိုင်း ကြည်နူးနှစ်သိမ့်ခြင်းဖြင့် ပြုံးပျော်ရွှင်မှုစွာ သူတို့ကို ကြိုဆိုခဲ့ကြလေသည်။

"ဒီတစ်ခါတော့ ခံလိုက်ရပြီ ဆရာရေ၊ မနေ့ကအထိ ကိုညီက Coma ဝင်တော့မလို ဖြစ်တုန်း"

ဆရာယဉ်က အံ့သြဝမ်းသာဆိုသည်။ သက်ဇော်နိုင်က ရှက်ရယ် ရယ်မောရင်း

"ရထားမထွက်ခင်အမီ ကြံစည်ရတာမို့ ခွင့်လွှတ်ပေးပါဗျာ"

ဦးယဉ်မျိုးက သက်ဇော်နိုင်ပခုံးကို လက်သီးဖွဖွတစ်ချက်ထိုးလေ၏။

"အလကား သစ္စာဖောက်။ ဘယ်မလဲ မင်းရဲ့ယောက်ျားချင်း ရင်းနှီးနားလည်မှုဆိုတာ"

တစ်ဖန် ခင်ဦးနွယ်အနီးသို့ ချဉ်းကပ်လို့

"လက်မှတ် ထိုးတော့မလား။ အသိသက်သေရော၊ အချင်းချင်းတွေရော အားလုံးစုံတယ်လေ"

တိုးတိုးလေး သွားပြီးစလေ၏။ ခင်ဦးနွယ်က ခေါင်းငုံ့ပြီးရယ်နေခဲ့သည်။ သူမ၏ သက်ဇော်နိုင်က အဆင့်တွေ ကျော်နေတာဟူသော မြေရှင်းသံလေးမှာ အံ့သြရွှင်ပျ စကားသံများကြားမှာ လွှင့်ပါးပျောက်ဆုံးနေခဲ့တော့သည်။

မြေလတ်မြို့နယ်ဆေးရုံ၏ ခင်ဦးနွယ်အတွက် အမှတ်တရ လက်ဆောင်က သာယာသော သံစုံမြည် တိုင်ကပ်နာရီလေး ဖြစ်သည်။ ထိုနာရီလေးကို အားလုံးရဲ့ ကိုယ်စား သက်ဇော်နိုင်ကို ပေးစေခဲ့လေသည်။ ခင်ဦးနွယ် လက်ခံရယူတော့ လက်ခုပ်သံတွေက မစဲတော့နိုင်။ ခင်ဦးနွယ် နေရာပြန်တော့မှ အလှည့်မှာ



ဒေါ်ခင်ဦးနွယ်ကို ကျွန်တော်တို့ပေးတဲ့ လက်ဆောင်က နာရီတစ်ခုတည်း မဟုတ်ဘူးလေ။ နာရီပေးတဲ့လူပါ ပါတယ်။ မေ့မကျန်ပါစေနဲ့လေ။

ခင်ဦးနွယ် ပြုံးရက်သွားခဲ့တော့သည်။ သက်ဇော်နိုင်က ပြောလိုက်သူကို ကျေးဇူးတင်စွာ ခေါင်းတစ်ချက် ညွှတ်ခဲ့လေသည်။ ပျော်ရွှင်ရယ်မောလိုက်သံတွေ ဆူညံထွက်ပေါ်ခဲ့သည်။ ထိုစကားဖြင့် စ နောက်လိုက်သူမှာ အရွှန်းအပြတ်စကားများ ပြောလေ့မရှိသော သူတို့၏ ဆေးရုံအုပ်ကြီး ဦးအောင်မြင် ကိုယ်တိုင်ဖြစ်နေခဲ့၍ပေ။

□

"နွယ့်ကို နှုတ်ဆက်တဲ့နေ့မှာ မောင်ပျော်ရွှင်ရဖို့ မမျှော်လင့်ခဲ့တော့ဘူး။ နွယ့်ကို အပြီးတိုင် ဆုံးရှုံးလိုက်ရပြီလားဆိုတဲ့ သောကနဲ့ ဆောက်တည်ရာမရနိုင်ခဲ့ဘူး။ မောင် သီရေဘာထဲမှာ အမြဲရှိတယ်။ စာရင်းတွေ လုပ်ဖြစ်တာတော့ မဟုတ်ဘူး။ သီရေဘာထဲမှာ နွယ့်ကို မောင်ခံစားလို့ရနေတယ်။ နွယ် မရှိရင် စိတ်ကို အနားမပေးတမ်း အလုပ်တွေ လုပ်နေရတော့မယ့်နေရာပဲလို့ သိမိလာခဲ့တယ်။ နောက်တော့ မယုံနိုင်စရာပါဘဲ၊ နွယ်ကိုယ်တိုင်သီရေဘာထဲကို ရောက်လာခဲ့တော့တယ်"

"နွယ်လည်းထိခိုက်ခံစားရဖို့ပဲ တွေးထားမိခဲ့တာပါ။ မြေလတ်ရဲ့ သီရေဘာထဲမှာ မောင့်ကို ထားခဲ့ရရင် နွယ့်တဝကို ဘယ်လောက်အထိ အလုပ်တွေ လုပ်ရင်း ပြန်ပြီးတည်ဆောက်ယူရဦးမလဲ မသိတော့ဘူးနော်"

နွယ့် လက်ဖျားလေးများကို ယုယစွာဆုပ်ကိုင်ရင်း

"မောင့်ကိုထားခဲ့ဖို့ ဘယ်တော့မှ မတွေးပါနဲ့ နွယ်ရယ်"

သက်ဇော်နိုင် ကတိတောင်းမိလေ၏။ ခင်ဦးနွယ် သူ့ရဲ့ ရှုရှုနူးညံ့သော မျက်လုံးထဲမှာ တစ်စုံတစ်ရာရှာဖွေရင်း

"နွယ်က ပြောရမယ့်စကားပါမောင်။ မောင့်အချစ်ရဲ့ နောက်ဆက်တွဲစာမျက်နှာတွေမှာလည်း အချစ်ပဲ ဖြစ်ပါစေလို့ နွယ် ဆုတောင်းပါတယ်"

တိုးတိုးလေး ပြောမိခဲ့လေ၏။ နွယ့်လက်ဖျားကို သူ့နှုတ်ခမ်းနှင့်ထိတွေ့ရင်း ခင်ဦးနွယ်နှလုံးသားကို ဖြတ်သန်းစီးဆင်းသွားမည့်စကားများကို ဆိုခဲ့ပါလေ၏။

www.burmeseclassic.com

www.burmeseclassic.com

မ်ဉ်းနွယ် ဘယ်တော့မှ မမေ့နိုင် မမေ့ရက်မယ့် စကားများလည်းဖြစ်လေသည်။

"အချစ်ရဲ့ နောက်ဆက်တွဲအဖြစ် အချစ်ပဲတော့ ဘယ်ဖြစ်နိုင်မလဲ နွယ်။ မေတ္တာရယ်၊ သစ္စာရယ် ပြီးတော့ သံယောဇဉ်လေးတွေရယ်နဲ့ အချစ်ရဲ့ စာမျက်နှာတွေကို နိုင်မြဲအောင် မောင်ချုပ်ထားပေးမှာပေါ့ကွယ်"

□

(ဆေးရုံလုပ်သက်နှင့် လုပ်ဖော်ကိုင်ဖက် ဝန်ထမ်းများသို့ အမှတ်တရ)

ဝင်းဝင်းလတ်

www.burmeseclassic.com